


# ဖတ်မှာလား မဖတ်ဘူးလား

စာအုပ်ကတော့ခင်ဗျားရဲ့ လက်ထဲကို ရောက်နေပြီ။ ခဏနေပါဦး။

ဒီစာအုပ်က ဖတ်နေကျ စာအုပ်မျိုး မဟုတ်ဘူး။

မြေကမ္ဘာရဲ့ အကြီးမားဆုံးလှျို့ဝှက်ချက်ကို ့ပ်လုံးပေါ်အောင် ရေးသားထားတဲ့ စာအုပ် ဖြစ်နေတယ်။

ခင်ဗျား သိထားတာတွေလည်း ပါတယ်။ ဥပမာ ပြည်သူ့မင်းသမီး ဒိုင်ယာနာ ယာဉ်တိုက်မှုနဲ့ သေတဲ့အကြောင်းပါတယ်။

ခင်ဗျား သိထားသလို မဟုတ်တာတွေလည်း ပါတယ်။ ဥပမာ ပြည်သူ့ အချစ်တော်မင်းသမီးရဲ့ ယာဉ်တိုက်မှုဟာ သွေး ို းသား ို းမဟုတ်ဘူး။ ကမ္ဘာ့လုပ်ငန်းစဉ် (World Agenda) ဆိုတဲ့ ကမ္ဘာလုံးဆိုင်ရာ စီမံဆောင်ရွက်မှုကြောင့် သေရတာလို့ ရေးသားထားတာကို ခင်ဗျား ဖတ်ရလိမ့်မယ်။

ကမ္ဘာပေါ်မှာ တကယ်ဖြစ်နေတာတွေက မယုံနိုင်စရာတွေချည်း ဖြစ်နေနိုင်တယ်။ ခင်ဗျား လိုက်လို့ မမီအောင် အခက်တွေ့နေနိုင်တယ်။

ဒီတော့ ဖတ်မှာလား၊ မဖတ်ဘူးလားဆိုတာကို ခင်ဗျား အရင် ဆုံးဖြတ်ဖို့ လိုပါလိမ့်မယ်။

ဖတ်ပါပြီတဲ့။ ဘာဖြစ်မှာလဲလို့ မေးချင်စရာ ကောင်းနေတယ်။

အဲဒါကတော့ ဖတ်ကြည့်လိုက်ပြီး ဖတ်လို့ ပြီးတဲ့အချိန်မှာ ခင်ဗျား လက်တွေ့သိ သွားမှာ ဖြစ်ပါတယ်။

တကယ်ပါ။ ကျွန်တော်ကိုယ်တိုင်လည်း ရေးမှာလား မရေးဘူးလား ချီတုံချတုံ ဖြစ်နေခဲ့ဖူးပါတယ်။ နောက်တော့ အရဲစွန့်ပြီး ရေးဖို့ ဆုံးဖြတ်လိုက်တယ်။

ဒီတော့ ဖတ်မှာလား၊ မဖတ်ဘူးလားဆိုတာကို ခင်ဗျား အရင် ဆုံးဖြတ်ဖို့ လိုပါလိမ့်မယ်။

## ပြီးဟာသားတွေ့ သက်ဆင်းခဲ့ဖူးသလား

ဒီစာအုပ်ကို ရေးမယ်ဆိုတော့ နည်းလမ်း နှစ်သွယ်ရှိနေတာကို ကျွန်တော် သတိပြုမိလိုက်တယ်။

ပထမတစ်နည်းက လွယ်တဲ့နည်း။ ကျွန်တော် ရေးနေကျနည်းလည်း ဖြစ်ပါတယ်။

သဘာဝယုတ္တိနဲ့မညီတဲ့အပြင် အထိတ်တလန့် တအံ့တသြဖြစ်စရာတွေကို (တကယ် ဖြစ်ခဲ့တာ မှန်နေပေမယ့်) ချန်ထားလိုက်တယ်။ တမင် ထိမ်ချန်ထားလိုက်တယ်။ အဲဒါက ရန်အေးတယ်။ ပွဲငြိမ်းတယ်။ ဖြစ်နိုင်ရဲ့လားလို့ လှောင်ပြောင်သံနဲ့ မေးမယ့်သူ မရှိနိုင်တော့ဘူး။

ဒုတိယနည်းကတော့ ပထမနည်းလို စာရေးသူက ကြိုပြီး ဖယ်ပေးထားတဲ့ အလုပ်ကို မလုပ်ဘူး။ အချက်အလက်တွေကို သိသမျှ ရေးပြသွားတယ်။ စာဖတ်သူက ကြိုက်သော်ယူ။ မကြိုက်သော် ပယ်ရမှာ ဖြစ်ပါတယ်။ တစ်နည်းပြောရရင် ယုံသောယူ၊ မယုံသော် ပယ်ဖို့ ဖြစ်ပါတယ်။ အခု ဒီစာအုပ်ကို ဒုတိယနည်းဖြင့် အရဲစွန့်ပြီး ရေးသားထားပါတယ်။

ဒီလို ရေးလိုက်တော့ စာဖတ်သူတွေက လက်ခံပါ့မလားလို့ မေးချင်စရာ ကောင်းနေတယ်။ စာဖတ်သူတွေထဲမှာ စာမရေးတတ်လို့သာ စာဖတ်သူ ဖြစ်နေရတဲ့သူတွေ ပါနေပါတယ်။ သူတို့သာ ရေးတတ်ရင် စာရေးဆရာတွေ ရေးနေကြတာထက် အပုံကြီးသာတဲ့ စာအုပ်မျိုးတွေကို ရေးဖြစ်သွားကြမှာ ဖြစ်ပါတယ်။ ဒီတော့ စာဖတ်သူတွေ လက်ခံပါ့ မလားဆိုတာ စာဖတ်သူတွေကို သွယ်ဝိုက်သောအားဖြင့်လည်းကောင်း တိုက်ိုက်အားဖြင့် လည်းကောင်း နှိမ်ရာရောက်ပါတယ်။ ဒီမေးခွန်းက မမေးသင့်တဲ့ မေးခွန်း ဖြစ်နေတယ်။

ဘာအကြောင်းတွေ ရေးမှာမို့ အခုလို ကြီးကြီးကျယ်ကျယ်တွေကို ခြေဆင်းအဖြစ် အရင်ခင်းနေရတာလဲ။

ကျွန်တော် ရေးမှာကို အတိုချုံးပြီး ယေဘုယျအားဖြင့် အကြမ်းဖျဉ်း ပြောပြပါမယ်။

ဒီလိုပါ။ ဆွေတော်မျိုးတော်အချင်းချင်း ထိမ်းမြားလက်ထပ်ပေးတဲ့ လူမျိုးနွယ် တစ်ခု ကမ္ဘာပေါ်မှာ ပေါ်ထွန်းခဲ့တယ်။ ကြာတာတော့ ကြာပြီ။ လွန်ခဲ့တဲ့ နှစ်ပေါင်း ထောင်ကျော်ကတည်းက ဖြစ်ပါတယ်။ သူတို့ရဲ့ ဗဟိုချက်က အရှေ့အလယ်ပိုင်းဒေသမှာ ဖြစ်ပါတယ်။ သူတို့က ဩဇာအာဏာ စက်ကို ချဲ့ထွင်လာခဲ့ကြတာ တစ်ကမ္ဘာလုံးကို ခြယ်လှယ်နေနိုင်တဲ့အထိ ရောက်နေကြတယ်။ သူတို့မှာ ကမ္ဘာ့လုပ်ငန်းစဉ်ဆိုတာကို ရေးဆွဲထားပြီး လုပ်ကိုင်ဆောင်ရွက်နေကြတယ်။ သူတို့မှာ လူထုကို အယူဝါဒမှိုင်းသွင်းပြီး လူအစုလိုက်အပြုံလိုက် ကျုံးသွင်းဖို့အတွက် အဖွဲ့အစည်းတွေလည်း ထူထောင်ထားတယ်။

ပြီးတဲ့အခါ တစ်ဖွဲ့နဲ့ တစ်ဖွဲ့ စစ်မက်တွေ ဖြစ်ပွားခိုင်းထားလိုက်သေးတယ်။

သူတို့ရဲ့ အကြီးအကဲတွေ၊ အရေးပါပြီး အခရာကျတဲ့နေရာတွေမှာ အမျိုးသားတွေသာမက အမျိုးသမီးတွေကိုပါ နေရာပေးထားတယ်။ အရေအတွက်အရ ကြည့်ရင်တော့ အခရာကျတဲ့ သူတွေထဲမှာ အမျိုးသားဦးရေက များတယ်။ ဒီတော့ သူတို့ကို ညီအစ်ကိုတော်များလို့ သုံးနှုန်းခေါ်ဝေါ်ကြတယ်။ သူတို့ရဲ့ မြစ်ဖျားက ရှေးဘေဘီလုံခေတ်မှာ ဆိုတော့ သူတို့ကို ဘေဘီလုံညီအစ်ကိုတော်များလို့ ကင်ပွန်းတပ်ထားကြပါတယ်။

သူတို့ လုပ်ကိုင်နေကြတာတွေကို တစ်ချိန်တုန်းက 'ခေတ်များစွာအတွက် အလုပ်မဟာ' လို့ ခေါ်ခဲ့ကြပါတယ်။ အဲဒီတုန်းက ကမ္ဘာက အခုလို မကျုံ့သေးဘူး။ ဂလိုဘယ်လိုက်ဇေးရှင်းဆို တာ လူထုနဲ့ မသက်ဆိုင်သေးဘူး။ ဘေဘီလုံညီအစ်ကိုတော်လို လျှို့ဝှက်ဂိုဏ်းကြီးတွေနဲ့သာ သက်ဆိုင်ပါတယ်။ အခုခေတ်ကျတော့ 'ညီအစ်ကိုတော် လုပ်ငန်းစဉ်'လို့ ခေါ်ဝေါ်ကြပါတယ်။

အခုလက်ရှိ သူတို့ လက်ထဲရောက်နေတဲ့ ရောမပမာဏကို နှစ်အနည်းငယ်ဖြင့် ရခဲ့တာ မဟုတ်ဘူး။ လအနည်းငယ်၊ နှစ်အနည်းငယ်ဖြင့် ရခဲ့တာလည်း မဟုတ်ဘူး။ ဆယ်စုနှစ် အနည်းငယ်၊ ရာစုနှစ် အနည်းငယ်ဖြင့် ရခဲ့တာလည်း မဟုတ်ဘူး။ နှစ်ပေါင်းထောင်နဲ့ချီပြီး ကြာခဲ့တယ်။

အုပ်ချုပ်ရေး၊ ဘဏ်၊ စီးပွားရေး၊ စစ်ရေးနဲ့ မီဒီယာအပါအဝင် နယ်ပယ်အများအပြားမှာ သူတို့ ကြိုးကိုင်ခြယ်လှယ်နေနိုင်တာဟာ သူတို့ ထူထောင်ထားတဲ့အရာတွေ ဖြစ်နေလို့ပါ။ အစကတည်းက သူတို့ ထူထောင်ပေးခဲ့တာတွေပါ။

ညီအစ်ကိုတော်လုပ်ငန်းစဉ်ဟာ ထောင်စုနှစ်များစွာအတွက် လုပ်ငန်းစဉ်ဖြစ်နေပါတယ်။တစ်ဆင့်ပြီး တစ်ဆင့် လုပ်ကိုင်သွားကြတာ နှစ်ပေါင်း ထောင်ချီနေပြီ။ မြေကမ္ဘာကို ဗဟိုကနေ ချုပ်ကိုင်ထားနိုင်ဖို့ ဆွေစဉ်မျိုးဆက်တစ်လျှောက် လုပ်ငန်းစဉ်ရဲ့ အစီအစဉ်တွေအတိုင်း လုပ်လာခဲ့ကြတာ ဖြစ်ပါတယ်။ လက်ဆင့်ကမ်းပြေးပွဲမှာ တုတ်တိုကို လက်ဆင့်ကမ်းပြီး ပြေးတဲ့အတိုင်း မျိုးဆက်သစ်ကို မျိုးဆက်ဟောင်းက လက်ဆင့်ကမ်းပြီး ပြေးနေခဲ့ကြတာ ဖြစ်ပါတယ်။ ကြာတာမှ အတော်ကို ကြာနေပြီ။ အထက် ဆွေစဉ်ခုနစ်ဆက်၊ အောက် ဆွေစဉ်ခုနစ်ဆက်လောက်နဲ့ကတော့ ရယ်စရာ ဖြစ်နေမယ်။ အဘ၊ အဘိုး၊ အဘေး၊ အဘီ၊ အဘင်၊ အဘောင်၊ အဘောနဲ့ သား၊ မြေး၊ တီ၊ ကျွတ်၊ ကျွတ်ဆက် ဆိုတာကို ကြိမ်ဖန်များစွာ ကျော့ပြီး ရေတွက်မှ ရမယ်။

ဖွဲ့စည်းထားပုံက ပိရမစ်ပုံစံနဲ့ ဖွဲ့ထားတယ်။ အပေါ်ဘက်ရောက်လေ လူနည်းလေ ဆိုတဲ့ ပုံစံနဲ့ ဖွဲ့ထားတယ်။ တာဝန်ကို ပခုံးပြောင်းပေးမယ့်သူအဖြစ် ရွေးချယ်ခံရတဲ့သူကို ငယ်စဉ်က စလို့ လုပ်ငန်းစဉ်အတွက် ပြင်ဆင်ပေးခဲ့ကြတယ်။ ခေတ်များစွာအတွက် အလုပ်မဟာကို ထမ်းဆောင်နိုင်ဖို့ လေ့ကျင့်ပျိုးထောင်ပေးခဲ့ကြတယ်။ သူတို့ရဲ့ အယူဝါဒကို ငယ်တုန်းရွယ်တုန်းမှာ ကတည်းက သွတ်သွင်းပေးခဲ့ကြတယ်။

ညီအစ်ကိုတော်ရဲ့ တာဝန်ကို ပခုံးပြောင်းယူလိုက်ချိန်မှာ သူတို့ဟာ ဟန်ချက်

မညီတဲ့သူတွေ ဖြစ်နေကြပြီ၊ သူထမ်းဆောင်ရမယ့် တာဝန်နဲ့ ပတ်သက်တဲ့ ပညာနယ်ပယ်မှာတော့ သူက လက်ကုန်နိုက်ထားတယ်။ ဒါပေမယ့် သူ့မှာ စိတ်ကြီး ဝင်နေတယ်။ သူတို့က ကမ္ဘာကို အုပ်စိုးရမယ့်သူတွေ၊ ကျန်တဲ့သူတွေက သူပြုသမျှ နုရမယ့်သူတွေ။ အဆင့်အရမ်းကွာနေတယ်လို့ ခံယူ မြင်ကြတယ်။ ဒီတော့ သူ့မှာ တာဝန်ဆိုတာပဲ ရှိတယ်။ က ဏာဆိုတာ မရှိနိုင်တော့ဘူး။

ညီအစ်ကိုတော်တို့ရဲ့ မျိုးဆက်သစ်မှာ ိုးရာကို ဖီဆန်တဲ့သူ၊ ကလန်ကဆန်လုပ်တဲ့သူတွေလည်း ပါတယ်။ သူတို့က တာဝန်ပိုင်းမှာ အမြင့်အထိ မရောက်တော့ဘူး။ ဘေးဖယ်ခံရတယ်။စိတ်ချရတဲ့သူတွေလောက်ပဲ ပိရမစ်ရဲ့ ထိပ်ဖျားပိုင်းကို ရောက်တယ်။ အဲဒီမှာ ထိပ်တန်းလျှို့ဝှက်တွေချည်းပဲ။ ပြီးတော့ ပညာပိုင်းမှာလည်း အထွတ်အထိတ်တွေချည်းပဲ။ မထိုက်တန်တဲ့သူတစ်ယောက် ရဲ့ လက်ထဲကို အရောက်ခံလို့ မဖြစ်တဲ့ပညာတွေရှိနေတယ်။

ညီအစ်ကိုတော် ပိရမစ်မှာသာ ထိပ်ပိုင်းကို ရောက်တာမဟုတ်ဘူး။ တိုင်းနိုင်ငံတွေရဲ့ ထိပ်ပိုင်းကိုလည်း ရောက်သွားတယ်။ ဗြိတိသျှ ရွှေထီးရွှေနန်းရှိရာ ဝင်ဆာရဲတိုက်၊ ကမ္ဘာ့အကြွယ်ဝဆုံး ဆွေစဉ်မျိုးဆက်ဖြစ်တဲ့ ိုသ့်ချိုင်း၊ ဥရောပတိုင်းနိုင်ငံအချို့ရဲ့ တော်ဝင်မိသားစုတွေ၊ ရော့ခ်ဖဲလား၊ ပြီးတော့ အမေရိကန်မှာ သမ္မတတွေ၊ စီးပွားရေးခေါင်းဆောင်တွေ၊ ဘဏ်လုပ်ငန်းရှင်တွေ အပါအဝင် အသပြာလုပ်ငန်းရှင်ကြီးတွေ မွေးထုတ်ပေးတဲ့ 'အရှေ့ပိုင်းထူထောင်မှု' စတာတွေဟာ ညီအစ်ကိုတော်တွေပါပဲ။ အခုပြောပြလိုက်တဲ့အထဲမှာ ခင်ဗျား မသိတဲ့သူတွေ ပါကောင်းပါနေနိုင်တယ်။ ဘာမှ စိတ်မပူနဲ့။ နောက်တော့ သူတို့အကြောင်းကို တင်ပြဖို့ ရှိနေတယ်။ လောလောဆယ်တော့ မသိသေးတဲ့သူကို တစိမ်းတရံစာလို သဘောထားပြီး လျစ်လျူပြုထားလိုက်ပါ။

လူသားမျိုးနွယ်တစ်ရပ်လုံးကို ထိန်းချုပ်ဖို့ လျှို့ဝှက်စွာ ကြံစည်လုပ်ကိုင်ပေးနေရသူတွေကတော့ လူမြင်သူမြင်နေရာမျိုးကို ဘယ်တော့မှ မယူကြဘူး။ သူတို့က ခုနကပြောတဲ့ ထိပ်ပိုင်းထက် ပိုမြင့်တဲ့ ထိပ်ချွန်ပိုင်းမှာ နေကြရသူတွေ ဖြစ်ပါတယ်။

ဒီလို စနစ်ကျနနေပေမယ့် စည်းလုံးညီ ွတ်မှုကို ကြည့်ရင်တော့ ပြ နာတွေရှိနေတယ်။ အတွင်းမှာ ကြိတ်ပြီး ချနေတာတွေ ရှိနေတယ်။ မုန်းတီးနေတာတွေလည်းရှိတယ်။ အငြိုးတကြီး ဖြစ်နေတာတွေလည်း ရှိတယ်။ အပြိုင်အဆိုင်တွေလည်း ရှိတယ်။

တစ်ခါတစ်ခါမှာ သူတို့က ဘာနဲ့တူနေသလဲဆိုတော့ ဘဏ်ဓားပြတိုက်တဲ့ ဂိုဏ်းနဲ့တူနေတယ်။ လုဖို့အတွက် စည်းလုံးကြတယ်။ တိုက်တုန်းမှာလည်း စည်းလုံးကြတယ်။ တိုက်ရာပါ ပစည်းတွေကို ဝေခြမ်းချိန်ကျမှ ထချကုန်ကြတယ်။ အဝေမတည့် ဖြစ်ကုန်ကြတယ်။

ဒီအခါမှာ အုပ်စုတွေကွဲကုန်တယ်။ အုပ်စုတစ်ခုနဲ့ တစ်ခု စစ်ပွဲတွေ ဆင်နွှဲကြတယ်။ အုပ်စုတစ်စုစုက အုပ်စိုးနိုင်ဖို့ အပြိုင်ကြဲကြတယ်။ ဘာပဲဖြစ်ဖြစ် နောက်ဆုံးမှာတော့ သူတို့က လုပ်ငန်းစဉ်ကို မေ့မထားကြဘူး။ အရေးကြီးက သွေးနီးတယ်ဆိုတဲ့အတိုင်း

လုပ်ငန်းစဉ်အတွက် အရေးကြီးလာရင်တော့ စည်းလုံးသွားကြပြန်ပါတယ်။

လုပ်ငန်းစဉ်ရဲ့ ရှေ့ဆက်လုပ်ရမယ့် အဆင့်ဆင့်တွေကို ပူးပေါင်းပြီး တက်ညီလက်ညီဖြင့် လုပ်လိုက်ကြတယ်။ ဘာနဲ့တူသလဲဆိုတော့ နောက်ထပ် ဘဏ်တစ်ခုကို ထပ်တိုက်ကြဖို့ ပြန်ပေါင်းမိသွားကြတဲ့ ဘဏ်ဓားပြဂိုဏ်းဝင်တွေလိုပါပဲ။

ကာလရှည်ကြာနေပြီဖြစ်တဲ့ ဇာတ်လမ်းရဲ့ အစကို ပြန်သွားကြည့်ဖို့အတွက် ရှေးပဝေသဏီကနေ အစကို ကောက်ယူရလိမ့်မယ်။ အလုပ်မဟာကို ကွပ်ကဲနေတဲ့ ဆွေစဉ်မျိုးဆက်က ဆိုခဲ့ပြီးတဲ့အတိုင်း နှစ်ပေါင်းထောင်ချီအောင် ကြာမြင့်ခဲ့ပြီ။ နောက်ကြောင်းပြန်ပြီး ခြေရာခံ လိုက်ကြည့်တဲ့အခါ ဂြိုဟ်သားကို အစနေရာမှာ သွားတွေ့ တယ်။

ဂြိုဟ်သားအကြောင်းကို ရေးရတော့မယ်ဆိုတော့ သူတို့ရဲ့ လမ်းခရီးကနေ စရလိမ့်မယ်။ တစ်နည်းပြောရရင် (ဆရာပေါင်းတည်ဘုန်းကြည်ရဲ့ ကျမ်းစာအုပ်အမည်နဲ့ ပြောရရင်) နက်နဲလှစွာ စကြဝဠာကနေ စပြီး ပြောရပါလိမ့်မယ်။

ကျွန်တော်တို့ရဲ့ နေက ကြယ်မင်းတစ်ပါး ဖြစ်ပါတယ်။ စကြဝဠာထဲမှာ ကြယ်ပေါင်း ၁၀၀ဘီလျံလောက်ရှိမယ်လို့ ခန့်မှန်းထားပါတယ်။ နေက ကြယ်ပေါင်း ၁၀၀ဘီလျံထဲက ကြယ်တစ်ပွင့် ဖြစ်ပါတယ်။ ကြယ်ပေါင်း ၁၀၀ဘီလျံလောက် ရှိမယ်လို့ ခန့်မှန်းတာ ကျွန်တော် မဟုတ်ပါဘူး။ နိုဗယ်ကဗိ ဆာဘွဲ့ရ ဖရန်စစ်ခရစ် ဖြစ်ပါတယ်။ သူက ကျွန်တော်တို့ရဲ့ စကြဝဠာ(ဝါ) ဂဲလက်စီမှာ သက်ရှိဇီဝ နေထိုင်နိုင်တဲ့ ဂြိုဟ်ပေါင်း အနည်းဆုံး သန်း ၁၀၀ ရှိမယ်လို့ ခန့်မှန်းပါတယ်။

ကျွန်တော်တို့ရဲ့ စကြဝဠာလို စကြဝဠာတွေ များစွာပါဝင်တဲ့ မဟာစကြဝဠာ (ဝါ) ယူနီဗတ်စ် တစ်ခုလုံးမှာဆိုရင် ဘယ်လောက်တောင်များနေမလဲဆိုတာ မခန့်မှန်းတတ်အောင်ပါပဲ။

စိတ်ကူးယဉ် ခရီးထွက်ကြည့်ကြရအောင်။

ခပ်သွက်သွက် သွားချင်တယ်။ ဒီတော့ အလင်းရဲ့အလျင်နီးပါးနဲ့ သွားကြမယ်။ စိတ်ကူးယဉ်တယ်ဆိုပေမယ့် ယုတ္တိယုတာရှိရှိ ယဉ်ချင်တဲ့သဘောရှိပါတယ်။ အိုင်းစတိုင်းက အလင်းရဲ့ အလျင်နဲ့ ခရီးသွားခွင့်ပါမစ် မပေးခဲ့ဘူး။ သူက 'နီးပါး'နဲ့ပဲ သွားကြဖို့ မသေခင်မှာ သေသေချာချာ တွက်ချက်ပြပြီး မှာကြားခဲ့ပါတယ်။

စိတ်ကူးယဉ်တာပဲ။ ပါမစ်ဆိုတာ မလိုပါဘူးဆိုတော့လည်း အလင်းရဲ့ အလျင်နဲ့ပဲ သွားလိုက်ကြမယ်။ ဒီတော့ တစ်စက္ကန့်ကို မိုင်ပေါင်း ၁၈၆ ၀၀၀။

ဒီအလျင်နဲ့ သွားရင် အနီးဆုံးကြယ်ကိုရောက်ဖို့ ၄ ဒ္ဒနှစ် ကြာမယ်။ ဒီတော့ တခြားစကြဝဠာကနေ မြေကမ္ဘာကို ဂြိုဟ်သားရောက်လာဖို့ဆိုတာ မဖြစ်နိုင်ဘူး။ မြေကမ္ဘာပေါ်မှာ လာမွေးမှပဲ ဖြစ်မယ်။ ဂြိုဟ်သားအဖြစ်က သေဆုံးပြီး ဒီမှာ သန္ဓေလာတည်၊ ကလေးအဖြစ် မွေးဖွားတာကမှ ဖြစ်နိုင်မယ်။

ဒီနေရာမှာ သမိုင်းစာမျက်နှာတွေ ကမောက်ကမဖြစ်နေတာနဲ့ တွဲပြီး ပြောပြဖို့ လိုနေတယ်။ ရှေးခေတ်က တည်ဆောက်ခဲ့တဲ့ အဆောက်အဦတွေက သက်သေအထောက်




အထားအဖြစ် ရှိနေကြတယ်။ တကယ်ကို ခေတ်ရှေ့ရောက်နေတဲ့ လူမျိုးနွယ်တွေ ဖြစ်နေတယ်။ သူတို့လို ဗိသုကာ၊ နက္ခတ်စတဲ့ ပညာနယ်ပယ်အဆင့်အတန်းကို အခုခေတ် သမိုင်းစာမျက်နှာပေါ်က သုတေသီတွေ ဘယ်လိုမှ ရှင်းမပြတတ်အောင် ဖြစ်နေရတယ်။

သမိုင်းသုတေသီတွေက ဒီသက်သေအထောက်အထားတွေကို သာမန်ကာ လျှံကာမျှသာ ရေးသားချင်ကြတယ်။ ဘာလို့လဲဆိုတော့ သမိုင်းစာမျက်နှာမှာ တစ်ခေတ် ကနေတစ်ခေတ် တိုးတက်လာပုံကိုပဲ ရေးသားထားကြတယ်။ ကျောက်ခေတ်ကနေ သံခေတ်၊ သံခေတ်ကနေ ကြေးခေတ် စသဖြင့် တိုးတက်တာကိုပဲ ရေးထားကြတယ်၊ ခေတ်ရှေ့ပြေးတဲ့ ခေတ်ဆိုတာ မပါဘူး။

သမိုင်းဆရာတွေ ရှေးဟောင်းသုတေသီတွေက တရားဝင် သမိုင်းစာမျက်နှာ တွေနဲ့ပဲ နေလိုက်ကြတယ်။ ဒါမှလည်း သူတို့ကို အလုပ်ခန့်မယ့်သူ ရှိမယ်။ သူတို့ လုပ်ချင်တဲ့ တူးဖော်ရှာဖွေမှုတွေအတွက် ရန်ပုံငွေ ထောက်ပံ့မယ့်သူ ရှိမယ်။ ဂုဏ်လည်း ရှိမယ်။ ကျီးကို ဘုတ် ိုသေ၊ ဘုတ်ကို ကျီး ိုသေလုပ်ရင်း အနေချောင်မယ်။ နှာခေါင်းရှေ့နား တစ်ဝိုက်လောက်အထိပဲ သူတို့ ကြည့်ကြတယ်။ ဒီတော့ ကျောင်းသင်ခန်းစာရဲ့ သမိုင်း စာအုပ်တွေမှာပါ ထိမ်ချန်ထားလိုက်ကြတယ်။

ကမ္ဘာတစ်လွှားမှာ လွန်ခဲ့တဲ့ နှစ်ပေါင်းထောင်ချီတုန်းက တည်ဆောက်ခဲ့ပြီး ယနေ့တိုင် ကျန်ရှိနေသေးတဲ့ အဆောက်အဦတွေမှာ သုံးထားတဲ့ နည်းပညာရပ်တွေမှာ အခုခေတ်က လိုက်မမီတာတွေတောင် ပါတယ်။ အခုခေတ်မှာ နောင်လာမယ့် နှစ်ပေါင်း တစ်ထောင်အထိ ခံနေမယ့် အဆောက်အဦ ဘယ်နှခုလောက် ရှိပါသလဲ။

တိုက်ပွဲတွေ စည်စည်ကားကား ဖြစ်ပွားနေလေ့ရှိတဲ့ လက်ဘနွန်နိုင်ငံရဲ့ မြို့တော် ဘေရွတ်ရဲ့ အရှေ့မြောက်ဘက်မှာ ဘအယ်လ်ဘက်ဆိုတဲ့ နေရာမှာ ကျောက်တုံးကြီး

၃တုံး ရှိတယ်။ တစ်တုံးကို တန် ၈၀၀ လေးတယ်။ ကျောက်တုံးကို နံရံမှာ ထားရှိဖို့အတွက် သယ်လာရတဲ့ ခရီးက ၃ဖာလုံကျော်တယ်။ အဲဒါ ခရစ်တော်မပေါ်ခင် နှစ်ပေါင်းထောင်ကျော်က လုပ်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီနားမှာပဲ နောက်ထပ် ကျောက်တုံးတစ်တုံး ရှိနေသေးတယ်။ တန်ချိန် ၁၀၀၀ ရှိတယ်။ ဂျမ်ဘိုဂျက်လေယာဉ် ၃စင်းစာလောက် လေးလံတယ်။ ဘယ်လို ရွှေ့သလဲ။ ဘယ်လို ထောင်သလဲ။ ဒါမျိုးတွေက တရားဝင်သမိုင်းစာမျက်နှာမှာ မဖော်ပြဘူး။ ခေတ်ရှေ့ပြေးတဲ့ခေတ် ဖြစ်နေရင် မသိကျိုးကျွန်လုပ်ထားလိုက်ကြတယ်။

အခုခေတ် ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုခုကို အဲဒီလို ကျောက်တုံးတွေနဲ့ နံရံတစ်ခုလောက် ဆောက်ခိုင်းရင် ူးနေသလားလို့ အမေးခံရလိမ့်မယ်။

ဆွစ်စာရေးဆရာသုတေသီ အီရစ်ဗွန်ဒင်နီကင်ရဲ့ 'နတ်ဘုရားတို့ရဲ့ စစ်ရထား' စာအုပ်ထဲမှာ ဒီလို အထောက်အထားတွေကို စုစည်းပြီး တင်ပြထားတယ်။ အဲဒီစာအုပ်က အခုအထိ အထင်အရှား ရှိနေတဲ့ သမိုင်းအထောက်အထားတွေကို ဓာတ်ပုံတွေနဲ့တကွ ရေးသား ဖော်ပြထားပါတယ်။ ဒါပေမယ့် ကျောင်းသုံးသမိုင်းစာအုပ်အဖြစ်ကို ရောက်လာစရာ အကြောင်းမရှိဘူး။

သူနဲ့ အင်တာဗျူးတဲ့အခွေကို တေးရေးဆရာ မြင့်မိုးအောင်က လက်ဆောင်လာပေးလို့ ကြည့်ဖြစ်ခဲ့ရာက အခုစာအုပ်ကို ရေးဖို့ သတိတွေ ရသွားတာကို ဝန်ခံပါတယ်။

အခွေကို ကြည့်ရင်း သတိပြုမိတာ တစ်ခုရှိတယ်။ အီရစ်ဗွန်ဒင်နီကင်ရဲ့ မျက်နှာပုံပန်းက တစ်မျိုးတစ်မည် ဖြစ်နေတယ်။ တချို့ အင်တာဗျူးအခန်းတွေမှာ အရမ်းသိသာနေတယ်။ ဘယ်လို တစ်မျိုးတစ်မည် ဖြစ်နေတာလဲဆိုတော့ သူမျက်နှာကျက ပုတ်သင် ိုရဲ့ မျက်နှာကျနဲ့ ဆင်ဆင်တူနေတယ်။ ဒီတော့ သူက ပုတ်သင် ိုဂြိုဟ်သားတွေအကြောင်းကို အသားထဲက လောက်ထွက်ပြီး ဖော်ကောင်လုပ်လိုက်တာလား။ ဒါမှမဟုတ် 'အလုပ်မဟာ' တစ်ခုအဖြစ် ရေးသားခဲ့တာလားလို့ တွေးမိခဲ့ပါတယ်။ ကျွန်တော်ပြောတဲ့ ဂြိုလ်သားနဲ့ ပုတ်သင် ိုအကြောင်းကို လာမယ့် စာမျက်နှာတွေမှာ ဖတ်ူရမှာမို့ ယခု ပြောမပြတော့ဘဲ တမင်ချန်လုပ်ထားခဲ့ပါတယ်။

ပီ ူးကို သွားကြည့်လိုက်ဦး။ နက်ဇ်ကာမျဉ်းများဆိုတာ နာမည်ကြီးတယ်။ ဧရာမအရွယ်အစားရှိတဲ့ပုံတွေကို မြေအပြန့်ပေါ်မှာ ရေးထားပစ်ခဲ့တာ နှစ်ပေါင်း ထောင်ချီကြာသည့်အထိ တည်တံ့နေတယ်။ ငါးပုံ၊ မျောက်ပုံ၊ ငှက်ပုံ စတာတွေကို ဆွဲထားပစ်ခဲ့တယ်။ မြေပြင်ကနေ မတ်တတ်ရပ်ပြီး ကြည့်ရင် ဘာပုံမှန်း မသိနိုင်လောက်အောင် ကြီးမားတဲ့ အရွယ်အစားနဲ့ ရေးဆွဲထားတယ်။ ဝေဟင်ကနေ လေယာဉ်ပေါ်က ကြည့်မှ တစ်ပုံလုံးကို အပေါ်စီးကနေ မြင်ရတယ်။ ဒီလို တစ်ပုံလုံးကို မြင်ဖို့အတွက် အမြင့် ပေ ၁၀၀၀ အထိ အနည်းဆုံးတက်ရတယ်။

အီဂျစ်က ပိရမစ်ကြီးတွေအကြောင်းကလည်း 'ပြောမဆုံးပေါင်' ဖြစ်နေဆဲ ဖြစ်ပါတယ်။ အရွယ်အစားက ကြီးမားတယ်။ တိတိကျကျ နေရာချတာ၊ လှီးဖြတ်ထားတာတွေက သြချကြရတယ်။

ဒီတော့ ရှေးခေတ်တုန်းက မတိုးတက်သေးတဲ့ လူမျိုးနွယ်တွေက အများစုအဖြစ် ရှိခဲ့ပြီး အခုလို တိုးတက်တဲ့ လူမျိုးစုတွေလည်း လူနည်းစုအဖြစ် အပြိုင်တည်ရှိခဲ့တဲ့ အထောက်အထားတွေ ဖြစ်ပါတယ်။ အခုခေတ်မှာလည်း အပြိုင်တည်ရှိနေပါတယ်။ ကျွန်တော်တို့က ခေတ်မမီတဲ့ လူမျိုးနွယ်တွေ ဖြစ်နေပြီး ဘေဘီလုံညီအစ်ကိုတော်များ လူမျိုးနွယ်က ခေတ်ရှေ့ပြေးတဲ့ လူမျိုးနွယ်အဖြစ် အပြိုင်တည်ရှိနေပါတယ်။

နောက်ထပ် ပြောစရာတစ်ခုက နတ်ဘုရားကိစ္စဖြစ်ပါတယ်။ ိုးရာယုံကြည်မှုတွေမှာ နတ်ဘုရားဆိုတာ လူမျိုးနွယ်တိုင်းမှာ ရှိနေတယ်။ ဒီလို ရှိနေရာမှာ ဓေဝစ်နဲ့ မဟုတ်ဘူး။ ဗဟုဝစ်နဲ့ ရှိနေတယ်။ ဆိုချင်တာက အဖော်တသင်းနဲ့ ရှိနေကြတာ ဖြစ်ပါတယ်။

ဒီနေရာမှာ 'ရှေးဂြိုဟ်သားများ'(Ancient Aliens)ဆိုတဲ့ မှတ်တမ်းမှတ်ရာ ဒီဗီဒီခွေထဲမှာ ဖော်ပြထားတဲ့ ဖြစ်ရပ်တစ်ခုကို တင်ပြချင်ပါတယ်။

၁၉၃၀ခုနှစ်ဝန်းကျင်မှာ အမေရိကန်နဲ့ ဩစတြေးလျစစ်သည်တွေက နယူးဂီးနီးယား မှာ ရှိနေတဲ့ သူတို့ရဲ့ တပ်သားတွေအတွက် ရိက္ခာတွေကို လေကြောင်းကနေ သွားပို့ပေးခဲ့ကြတယ်။အဲဒီမှာ နေထိုင်ကြတဲ့သူတွေက လေယာဉ်ပျံဆိုတာကို တစ်ခါမှ မမြင်ဖူးကြဘူး။ ကောင်းကင်မှာ ပေါ်လာပြီး စားစရာ အထူးအဆန်းတွေ လာချပေးသွားတယ်။ အဲဒါ နတ်ဘုရားဖြစ်မယ်လို့ ယုံကြည်ကိုးကွယ်လိုက်ကြတယ်။ တကယ်တော့ လေတပ်က လေယာဉ်တွေ ဖြစ်ပါတယ်။

ရှေးခေတ်တုန်းကလည်း ဂြိုဟ်သားတွေက ယာဉ်ပျံတွေနဲ့ လာရောက်ခဲ့ရင် မြေကမ္ဘာပေါ်က လူတွေ ဘယ်လို ယူဆကြမလဲ။ နတ်ဘုရားတွေ ကြွချီလာတော်မူတယ်လို့ပဲ ယူဆလိုက်ကြမှာ ဖြစ်ပါတယ်။

ရှေးအီဂျစ်ခေတ်မှာ ခေတ်ရှေ့ပြေးတဲ့ခေတ် ပေါ်ထွန်းနိုင်ခဲ့တာ ဂြိုဟ်သားတွေထံမှ နည်းပညာတွေ ရလိုက်လို့လားလို့ ယူဆကြတယ်။ ခေတ်ရှေ့ပြေးတာ ခေတ်ရှေ့ကို ရောက်လွန်းအားကြီးတော့ မတိုးတက်သေးတဲ့ လူမျိုးနွယ်တွေအဖို့ လိုက်လို့ မမီနိုင်ဘူး။ ဒီတော့ ရထားတဲ့ပညာတွေကို အမွေဆက်ခံထိန်းသိမ်းနိုင်ခဲ့ခြင်း မရှိတာကြောင့် ပျောက်ကွယ်သွားခဲ့ရတယ်လို့ ယူဆကြတယ်။ ရှေးဒဏ္ဍာရီတွေ အဖြစ်ဖြင့်သာ လက်ဆင့်ကမ်းနိုင်ခဲ့ကြတယ်။ 'ရွှေခေတ်'လို့ တင်စားပြီး ပြောဆိုကြရတယ်။

ရှေးဂရိကဗျာကဝိ ဟီစလော့(Heslod)က ကဗျာတစ်ပုဒ် သီကုံးပစ်ခဲ့တယ်။

နတ်တွေလို နေတဲ့သူတွေ၊ ဒုစရိုက်နဲ့ ရမ္မက်ကင်းမဲ့၊
ဒေါသမရှိ ဇိမ်ကျနေသည်။
နတ်(ဂြိုဟ်သား)တွေနဲ့အတူ နေထိုင်ကြရင်း ပျော်ရွှင်ချမ်းမြေ့နေကြသည်။
စိတ်အေးချမ်းသာ ပျော်ရွှင်စွာဖြင့် တစ်နေ့တာကို ကုန်စေသည်။
သာတူညီမျှ အတူတကွ နေထိုင်ကြရင်း
တစ်ဦးအပေါ်မှာ တစ်ဦးက ချစ်ခြင်းမေတ္တာ ယုံကြည်စိတ်ချ။

**ဆူမားရီးယန်း**

၁၈၅၀ခုနှစ်မှာ အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့နဲ့ မိုင် ၂၅၀ ဝေးကွာတဲ့နေရာမှာ ရှေးရွှံ့ပြားတွေကို အင်္ဂလိပ်လူမျိုး ဆာဘွဲ့ရ ဩစတင် ဟင်နရီ လေယဒ်က တွေ့ရှိခဲ့တယ်။ သူက ရှေး အက်စာရီယားခေတ်ရဲ့ မြို့တော်ဖြစ်တဲ့ နင်နီဗီမြို့ဟောင်းကို တူးဖော်စဉ် တွေ့ရှိခဲ့တာ ဖြစ်ပါတယ်။ အခုခေတ်မှာ မူဆိုမြို့လို့ ခေါ်တွင်တဲ့ မြို့အနီးမှာ တည်ရှိပါတယ်။ တစ်ချိန်တုန်းက မက်ဆိုပိုတာမီယားလို့ အမည်တွင်ခဲ့တဲ့ ဒေသမှာဖြစ်ပါတယ်။

မူရင်းမူလက အက်စာရီးယား မဟုတ်ဘူး။ ခရစ်တော် မပေါ်မီ နှစ်ပေါင်း ၄၀၀၀ ကနေ ၂၀၀၀ အတွင်း ပေါ်ပေါက်ခဲ့တဲ့ ဆူမားရီးယန်းတွေရဲ့ အသိပညာဖြစ်ပါတယ်။ သူတို့ကလည်း အဲဒီနေရာမှာ နေထိုင်ကျင်လည်ခဲ့ဖူးကြပါတယ်။

တွေ့ရှိရတဲ့ ရွှံ့ပြားပေါ်မှာ ဆူမားရီးယန်းစာတွေ ဖော်ပြထားတယ်။ အခုလို တွေ့ရှိတာဟာ သမိုင်းပညာလောကမှာ အင်မတန်ထူးခြားတဲ့ တွေ့ရှိမှုဖြစ်ပေမယ့် နှစ်ပေါင်း ၁၅၀ ကျော်သည့်အထိ လျစ်လျူပြုထားခဲ့ကြတယ်။ ဘာလို့လဲဆိုတော့ တွေ့ရှိချက်တွေက သမားိုးကျ သမိုင်းဖြစ်စဉ်နဲ့ ကြည့်လိုက်တဲ့အခါမှာ ခေတ်ရှေ့ပြေးတဲ့ခေတ်ကို အတိအလင်း ဖော်ပြနေလို့ ဖြစ်ပါတယ်။

ဒီရွှံ့ပြားတွေပေါ်မှာ ရေးထားတဲ့စာတွေကို ဘာသာပြန်ပေးနိုင်တဲ့သူ ရှိပါတယ်။ သူက ဇီချားရီးယား စစ်ချင်း ဖြစ်ပါတယ်။ သူတတ်တဲ့ ဘာသာစကားတွေက တော်တော်များ တယ်။ ဆူမာရီယန်းအပြင် ဟေဘ ူးအပါအဝင် အရှေ့အလယ်ပိုင်းဒေသက ဘာသာစကား အတော်များများကို ဖတ်တတ်သူ ဖြစ်ပါတယ်။

သူက ရွှံ့ပြားပေါ်က စာတွေကို ဘာသာပြန်ကြည့်ပြီးတဲ့အခါ ဂြိုဟ်သားတွေ အကြောင်း ရေးထားတာ သေချာတယ်လို့ အတိအလင်း ကြေညာခဲ့ပါတယ်။ ဒီအခါမှာ သူဖတ်တာ မမှန်ဘူး။ သူက နောက်ပိုင်းမှာ သုံးစွဲတဲ့ ဆူမာရီးယန်း ဝေါဟာရတွေနဲ့ ရှေးခေတ်ဦးက စာတွေကို ဖတ်ပြီး ဘာသာပြန်တာ ဖြစ်နေတယ်။ ရာနှုန်းပြည့် မမှန်ဘူးလို့ ပြောဆိုကြတယ်။

သူ ဘာသာပြန်ပေးတာအရ ပြောရရင် ဆူမားရီးယန်း လူ့ယဉ်ကျေးမှု ခေတ်ရှေ့ပြေးတဲ့ခေတ်အဖြစ်ကို ရောက်အောင် လုပ်ပေးတဲ့ နည်းပညာတွေကို နတ်ဘုရားတွေဆီ ကနေ ရရှိကြောင်း ဖော်ပြထားတယ်။ နတ်ဘုရားများရဲ့ လက်ဆောင်များလို့ ဆိုထားတယ်။ ဒဏ္ဍာရီထဲက နတ်မင်းတွေ မဟုတ်ဘူး။ သူတို့နဲ့ အတူတကွ နေထိုင်နေကြတဲ့သူတွေ ဖြစ်ပါတယ်။

ရွှံ့ပြားပေါ်မှာ ရေးထားတာမှာ နတ်တွေကို 'အန်–အူနပ်–ကီ'လို့ ခေါ်ဝေါ်ကြ တယ်။ အဲဒီအခေါ်အဝေါ်ရဲ့ အဓိပ္ပာယ်က 'ကောင်းကင်မှ မြေပြင်သို့ သက်ဆင်းလာသူ'တဲ့။

နောက်တစ်မျိုး ခေါ်ဝေါ်ပုံက ဒင်–ဂျာ။ အဓိပ္ပာယ်က 'တောက်ပလောင်ကျွမ်းတဲ့ ဒုံးကျည်ရဲ့ သမာဓိသခင်'။

နတ်တွေကို 'ကင်းစောင့်ပေးသူများ'လို့ တင်စားပြီး ခေါ်ဝေါ်ခဲ့ကြတာမှာ

ဆူမားရီးယန်းတွေလည်း ပါတယ်။ ရှေးအီဂျစ်တွေလည်း ပါတယ်။ လူတွေကို စောင့်ရှောက်ပေးဖို့ ကင်းစောင့်ပေးနေသူတွေလို့ ဆိုလိုပါတယ်။

ရှေးအီဂျစ်တွေက ကောင်းကင်လေ့တွေနဲ့ နတ်တွေ သက်ဆင်းလာကြပြီး သူတို့နဲ့ အတူ နေထိုင်ကြတာကို ရေးသားမှတ်တမ်းတင်ခဲ့ကြပါတယ်။

ဇီချားရီးယား စစ်ချင်းက ရှုံ့ပြားတွေကို ဘာသာပြန်ပေးခဲ့တာကြောင့် အနန်–အူနပ်–ကီတွေ ဘယ်လို ရောက်လာသလဲဆိုတာကို သိကြရတယ်။ သူတို့က ဆူမားရီးယန်း ဘာသာစကားအရ နီဘီရူလို့ အမည်ရှိတဲ့ ဂြိုဟ်ကနေ လာကြတာ ဖြစ်ပါတယ်။ နီဘီရူရဲ့ အဓိပ္ပာယ်က ဖြတ်သန်းသော ဂြိုဟ်လို့ အဓိပ္ပာယ် ရတယ်။ အဲဒီဂြိုဟ်ရဲ့ ဘဲဥပုံပတ်လမ်းက နေစကြာဝဠာကို ဖြတ်သန်းနေတယ်။ ဒါကြောင့် ဖြတ်သန်းသော ဂြိုဟ်လို့ ခေါ်ခဲ့ကြတာ ဖြစ်ပါတယ်။ အဲဒီဂြိုလ်က မိမိပတ်လမ်းကို တစ်ပတ်တိတိ ပတ်မိဖို့က ကမ္ဘာပေါ်က ပြက္ခဒိန်နဲ့ ရေတွက်ရင် နှစ်ပေါင်း ၃၆၀၀ ကျော် ကြာမြင့်တယ်။ ပတ်လမ်းက မားစ် (အင်္ဂါဂြိုဟ်)နဲ့ ဂျူပီတာ( ကြာသပတေးဂြိုဟ်)တို့ကြားမှာ ဖြတ်သွားတယ်။ ဂြိုဟ်က ပတ်လမ်း အတိုင်းသွားနေရင်း မြေကမ္ဘာနဲ့ အနီးဆုံးဖြစ်ချိန်မှာ သူတို့က မြေကမ္ဘာဆီ ခရီးဆန့်ပြီး ရောက်လာကြတယ်။ ပတ်လမ်းက ပလူတိုရဲ့ ဟိုမှာဘက်ကနေ ပြန်ထွက်သွားတယ်။

ခေတ်သိပံမှာတော့ အမည်မသိဂြိုဟ်တစ်လုံးကို ပလူတိုရဲ့ ဟိုမှာဘက်မှာ လှမ်းတွေ့ထားတယ်။ ဒါပေမယ့် နေစကြဝဠာထဲ ပတ်နေတာမဟုတ်ဘူး။ ဒါကြောင့် Planet-X လို့ ယာယီအမည်ပေးထားကြတယ်။ တစ်ခု ထည့်စဉ်းစားရမှာက ဂြိုဟ်ပတ်လမ်းက ဘဲဥပုံ သိပ်ဆန်လွန်းရင် လမ်းကြောင်း မတည်ငြိမ်ဘူး။ အပြောင်းအလဲတွေ ရှိတတ်တယ်။ ဒြပ်ဆွဲအားတွေက ဂြိုဟ်ကို လမ်းကြောင်းပေါ်ကနေ ဆွဲချပစ်တတ်တယ်။ ဒီတော့ ဂြိုဟ်က ရှိရင်းစွဲ လမ်းကြောင်း ပေါ်မှာ ဆက်ထိန်းမထားနိုင်တော့ဘူး။ ဒီတော့ အဲဒီဂြိုလ်က ရှေးယခင်က ပတ်လမ်းအတိုင်း ဆက်ရှိချင်မှ ရှိတော့မယ်။

နေစကြဝဠာကို နီဘီရူ အဖြတ်မှာ ဂျူပီတာနဲ့ မားစ်တို့ကြားမှာ ရှိနေတဲ့ ဂြိုဟ်တစ်ခုကို စိစိညက်ညက်ကြေအောင် ဝင်တိုက်မိဖူးတယ်လို့ ရှုံ့ပြားပေါ်မှာ ရေးထားတယ်။ အဲဒီလို အတိုက်ခံရတဲ့ ဂြိုဟ်ကို ဆူမားရီးယန်းတွေက 'တီယာမတ်'လို့ ခေါ်ကြတယ်။ 'ရေဘီလူး'လို့ အဓိပ္ပာယ်ရတယ်။

နီဘီရူမှာ ကမ္ဘာလိုပဲ အရံဂြိုဟ် (ဝ်) လရှိတယ်။ အဲဒီလက ရေဘီလူးကို ဝင်တိုက်ပစ်လိုက်တာ ဖြစ်ပါတယ်။ ရေဘီလူး မွမွကြေသွားပြီး အပိုင်းအစတွေ အာကာသထဲမှာ မျောနေတယ်။ ဂျူပီတာနဲ့ မားစ်တို့ကြားမှာ ကွင်းတစ်ခု ပတ်ထားသလို ဖြစ်နေတာကြောင့် အခုခေတ် နက္ခတ်ပညာမှာ မဟာစည်းကြိုးလက်ကောက် (Great Band Bracelet) လို့ အမည်ပေးထားကြတယ်။ ဥက္ကာပျံတွေ စုစုဝေးဝေး ရှိနေတဲ့ နေရာဖြစ်ပါတယ်။

ရေဘီလူး ဇိဝိန်ချုပ်တော့ အပိုင်းအစ ခပ်ကြီးကြီးတစ်ခု ကျန်ရစ်ခဲ့တယ်။ အဲဒီအပိုင်းအစကို နေနဲ့တကွ ဂြိုဟ်တွေက ဒြပ်ဆွဲအားတွေသုံးပြီး သိမ်းသွင်းလိုက်ကြလို့

နေစကြဝဠာမိသားစုဝင် အဖြစ်ကို ရောက်သွားတယ်။ နေကို ပုံမှန်နှုန်းထားနဲ့ လှည့်ပတ်နေရတယ်။ တစ်နည်းပြောရရင် ဂြိုဟ်အသစ် တစ်ခု ဖြစ်သွားတယ်။ အဲဒီဂြိုဟ်အသစ်က ကျွန်တော်တို့ မှီတင်းနေထိုင်နေကြတဲ့ မြေကမ္ဘာ ဖြစ်ပါတယ်။

ထိမိခိုက်မိရာက ဖြစ်လာရတဲ့ ဂြိုဟ်ဖြစ်နေတာကြောင့် ဆူမာရီးယန်းတွေက မြေကမ္ဘာက ပိန်ချိုင့်နေတဲ့ဂြိုဟ်တစ်ခုအဖြစ် ပုံဖော်ထားကြတယ်။ ပိန်ချိုင့်တာမှ ရောမပိန်ချိုင့်နေတာလို့ သူတို့က ခိုင်ခိုင်မာမာ ယူဆထားကြတယ်။

မရယ်လိုက်ပါနဲ့။ ရှေးသူဟောင်းတွေ ပြောခဲ့တာတွေမှာ ဒုတ်ထိမှန်တာတွေ အများကြီးပဲ။

ခင်ဗျားရဲ့ စိတ်ကူးနဲ့ တစ်ခုလောက် တွေးကြည့်လိုက်ပါ။ ပစိဖိတ်သမုဒ္ဒရာထဲက ရေ တွေကို အကုန်လုံး မဖယ်ရှားရင်တောင် တစ်ဝက်လောက်ပဲ ဖယ်ရှားလိုက်ပါ။ ရောမပိန်ချိုင့်နေတာကြီး 'ဘွားကနဲ' ပေါ်လာပါလိမ့်မယ်။

ကျွန်တော် ထပ်ပြောလိုက်ပါဦးမယ်။

*ဒီစာအုပ်မှာ ခင်ဗျား သိထားတွေလည်း ပါတယ်။*

*ခင်ဗျား သိထားသလို မဟုတ်တာတွေလည်း ပါတယ်။*

*ကမ္ဘာပေါ်မှာ တကယ်ဖြစ်နေတာတွေက*

*မယုံနိုင်စရာတွေချည်း ဖြစ်နေနိုင်တယ်။*

ဒီတော့ ဆက်မဖတ်တော့ဘဲ ရပ်မယ်ဆိုရင် အခုနေရာမှာ ရပ်လိုက်လို့ ရပါသေးတယ်။

**ဟိုမိုစာပီယန်**

ရှုံ့ပြားပေါ်မှာ ရေးခဲ့တာက ဟိုးရှေးရှေးတုန်းကနေ နူတ်ဖြင့် မျိုးဆက်တစ်ခုကနေ တစ်ခုကို ပြောပြခဲ့တာတွေကို စာတင်ပေးထားတာ ဖြစ်ပါတယ်။ ဒီတော့ ရေးဖို့ရတဲ့ နေရာက နည်းနေတယ်။ ပြောပြခဲ့သမျှ အကုန်လုံးရေးချဖို့ နေရာလည်း မလုံလောက်ဘူး။ အချိန်လည်း လောက်ချင်မှ လောက်မယ်။ ဒီတော့ အကျဉ်းချုံးပြီး ရေးထားခဲ့မို့ ကြွင်းကျန်နေတာတွေ မလွဲမသွေ ရှိနိုင်သလို တိမ်းစောင်းလွဲချော်တာတွေလည်း ပါနေနိုင်ပါတယ်။ ဘာပဲဖြစ်ဖြစ် စိတ်ဝင်စားစရာ ကောင်းတာတော့ အမှန်ပဲ။

ဒီလို အမှားအယွင်းပါတာ မှန်ပေမယ့် အခုခေတ် နက္ခတ်ပညာရဲ့ အဆိုတွေနဲ့ တစ်ထပ်တည်း ကျနေတာတွေလည်း ပါတယ်။ သူတို့ ရေးပြထားတဲ့ နေစကြဝဠာမှာ ဂြိုဟ်တွေ တည်ရှိပုံ၊ လှည့်ပတ်သွားလာပုံတွေက လုံးဝ ကိုက်ညီနေတယ်။ တည်နေရာ၊ ပတ်လမ်း၊ အရွယ်အစား အချိုးအစား စတာတွေက အံကိုက်ပဲ။ တချို့ ဂြိုဟ်ဆိုရင် ကျွန်တော်တို့ခေတ်မှာ ပြန်ရှာတွေ့ခဲ့တာ နှစ် ၁၅၀ လောက်ပဲ ရှိသေးတယ်။ ဂြိုဟ်သစ်တစ်ခု တွေ့တယ်ဆိုပြီး ပြောနေကြတယ်။ တကယ်တော့ သိပြီးသားဂြိုဟ်ကို ပြန်ရှာလို့ တွေ့သွားတာ ဖြစ်ပါတယ်။

နက်ပကျွန်းနဲ့ ယူရေးနပ်စ်တို့ရဲ့ အရောင်တွေကို ဖော်ပြပေးထားတာ မှန်ကန်ကြောင်း သိခဲ့ကြတာ သိပ်မကြာသေးဘူး။

နောက်ထပ် အံ့စရာက ဟိုမိုစာပီယန် (homo sapiens) (ဝါ) ခေတ်လူကို ရေးထားတာ ဖြစ်ပါတယ်။ အဲဒါက လူမျိုးနွယ်ထဲမှာ ရှေးအကျဆုံးလူ ဖြစ်ပါတယ်။

စစ်ချင်းရဲ့ အဆိုအရ အန်–အူနပ်–ကီတွေ မြေကမ္ဘာပေါ်ကို ရောက်ခဲ့ကြတာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၅၀ ၀၀၀ က ဖြစ်ပါတယ်။ အာဖရိကမှာ ရှိတဲ့ ရွှေတွင်းတွေကို လာတာလို့ သူက ပြောပါတယ်။ အခုခေတ်မြေပုံမှာ ဇင်ဘာဘွေနိုင်ငံ တည်ရှိနေတဲ့နေရာ ဖြစ်ပါတယ်။ ဆူမားရီးယန်းတွေ က 'အက်–ဘဇူ'လို့ ခေါ်ပါတယ်။ အဓိပ္ပာယ်က 'နက်သော သတ္တုသိုက်' ဖြစ်ပါတယ်။

အင်္ဂလို–အမေရိကန်ကော်ပိုရေးရှင်းက သမိုင်းအထောက်အထားတွေ တွေ့ရှိခဲ့တာမှာ အာဖရိကမှာ ရွှေတူးခဲ့ကြတာ လွန်ခဲ့တဲ့ အနည်းဆုံး နှစ်ပေါင်း ၆၀ ၀၀၀ ကနေ နှစ်ပေါင်း ၁၀၀ ၀၀၀ ဝန်းကျင်လောက်ကအထိ ဖြစ်နိုင်တယ်လို့ ဆိုပါတယ်။

အန်–အူနပ်–ကီတွေက ရွှေတွေကို သူတို့ ဂြိုဟ်ဆီကို သယ်ယူသွားကြတယ်လို့ ယူဆကြပါတယ်။ သူတို့ရဲ့ မြေပြင်စခန်းက အရှေ့အလယ်ပိုင်းတစ်နေရာမှာ ဖြစ်တယ်လို့ ရှုံ့ပြားတွေပေါ်မှာ ဖော်ပြထားတယ်လို့ စစ်ချင်းက ဆိုပါတယ်။

ကျွန်တော်ကတော့ ရွှေကိုလိုချင်လို့ မြေကမ္ဘာကို လာတာကို အဓိပ္ပာယ် မရှိဘူးလို့ ထင်ပါတယ်။ ရွှေတူးတယ်ဆိုတာတောင် လက်ခံဖို့ ခပ်ခက်ခက်ပဲ။

ဒါပေမယ့် စစ်ချင်းကတော့ ရှုံ့ပြားပေါ်မှာ ရွှေတူးတဲ့အကြောင်းကို ရေးထားတယ်လို့ ဆိုပါတယ်။ ရွှေတူးဖို့ ကျွန်တွေ သူတို့မှာ ရှိတယ်။ ကျွန်တွေက ပုန်ကန်ကြလို့

နောက်ထပ် ကျွန်ပြုဖို့ လူမျိုးနွယ်ကို ရှာဖွေခဲ့ကြရတယ်။ နောက်တော့ လူနဲ့စပ်ပြီး သတ္တဝါ အသစ်တစ်မျိုး ထုတ်လုပ် ဖို့ စမ်းသပ်ခဲ့ကြတယ်။ ဖန်ပြွန်သန္ဓေသားလိုဟာမျိုးကို စမ်းသပ် ခဲ့ကြတယ်လို့ ဆိုပါတယ်။

အဲဒီအချက်ကလည်း လက်ခံဖို့ ခက်ပါတယ်။ ဖန်ပြွန်ထဲမှာ သုတ်ပိုးနဲ့ မမျိုးဥပဲ စပ်လို့ ရပါတယ်။ ပြီးရင် မိခင်အဖြစ် တာဝန်ယူပေးမယ့်သူရဲ့ သားအိမ်ထဲကို ထည့်ပေးရမှာ ဖြစ်ပါတယ်။ အဲဒီမှာ သန္ဓေသားက လူမပီသတဲ့ သတ္တဝါအသစ် ဖြစ်နေရင် ကလေးပျက် ကျဖို့ပဲ ရှိပါတယ်။ သမင်မကနေ လူမွေးတယ်ဆိုတဲ့ ပုံပြင်လို ဖြစ်နေတယ်။ ဒီတော့ တခြားနည်းလမ်းဖြင့် လုပ်ကိုင်တာပဲ ဖြစ်ရမယ်။ အဲဒီနည်းလမ်းက ဘယ်လိုလဲဆိုတာတော့ ဘယ်သူမှ မသိကြရသေးဘူး။ အကြီးမား ဆုံး လျှို့ဝှက်ချက်အဖြစ် ဆက်ရှိနေဦးမှာ ဖြစ် ပါတယ်။ သူတို့က တိရစ္ဆာန်သာသာအဆင့်ရှိတဲ့ လူတွေမှာ မျိုးစပ်ပေးပြီး လူ–ဂြိုဟ်သား ကပြားတွေ မွေးဖွားစေခဲ့တယ်။ တစ်နည်းပြောရရင် ဂြိုဟ်သားရဲ့ မျိုးိုးဗီဇ နည်းနည်းပါးပါး ပါတဲ့ ဟိုမိုစာပီယန် (homo sapiens)တွေကို ပေါက်ဖွား စေခဲ့တယ်ဆိုတာလောက်ပဲ သိခွင့်ရထားပါတယ်။

ဒီနေရာမှာ ဆင့်ကဲဆင့်ကဲ ဖြစ်စဉ်ဖြင့် မျိုးဆက်တစ်ခုကနေ တစ်ခုကို ဖြည်းဖြည်း ချင်း ပြောင်းလဲတာမှာ နှစ်ကာလ မကိုက်တဲ့ ပြ နာရှိနေတယ်။

ဟိုမိုစာပီယန်ဆိုတာက 'လူဖြစ်ခါစ လူ'လို့ အကြမ်းအားဖြင့် ပြောလို့ရတယ်။ အခုခေတ် လူတွေရဲ့ ကိုယ်ခန္ဓာဖွဲ့စည်းပုံအတိုင်း ရှိနေတဲ့ ရှေးအကျဆုံးလူ ဖြစ်ပါတယ်။ ဟိုမိုစာပီယန်က စကားပြောတတ်တဲ့ သတ္တဝါဖြစ်တယ်။ ဦးနှောက်က အခုခေတ်လူတွေရဲ့ ဦးနှောက်အတိုင်းပဲ။

သူ့ရှေ့မှာ လူ မဖြစ် တစ်ဖြစ်လူ ရှိသေးတယ်။ ဟိုမိုအီရက်တပ်စ် homo erectus ဖြစ်ပါတယ်။ ဆင့်ကဲဆင့်ကဲ တဖြည်းဖြည်းချင်း ပြောင်းလဲတာမှာ ပြောင်းလဲနှုန်း က အရမ်းနှေးတယ်။ မျိုးဆက်တစ်ခုကနေ တစ်ခုကို ပြောင်းလဲတိုးတက်တာမှာ ပါးပါးလေးမှ တကယ့်ပါးပါးလေးပဲ ပြောင်းတယ်။ ဒီတော့ ဟိုမိုအီရက်တပ်စ်ကနေ ဟိုမိုစာပီယန်ဖြစ်လာဖို့ အချိန် ဘယ်လောက်ယူရမလဲဆိုတော့ နှစ်ပေါင်း သန်းတစ်ရာမက ကြာတယ်။

ဒါက သီအိုရီအရ တွက်ချက်ခန့်မှန်းပြီး ပြောလိုက်တာ ဖြစ်ပါတယ်။ လူ့သမိုင်းမှာ တော့ ပြောင်းတာ သွက်တယ်။

အာဖရိကမှာ တွေ့ရှိတဲ့ အထောက်အထားတွေအရ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃ ၅သန်းမှာ ဟိုမိုအီရက်တပ်စ်တွေ နေထိုင်ခဲ့တယ်။ အစောဆုံးဟိုမိုစာပီယန်က လွန်ခဲ့တဲ့ နှစ်ပေါင်း ၂ သိန်း ဖြစ်ပါတယ်။ ဒီတော့ ဗြုန်းစားကြီး အခုခေတ်လူအဖြစ်ကို ရောက်လာခဲ့ တာ ဖြစ်နေတယ်။ ဘယ်မှာ သန်းတစ်ရာကြာလို့လဲ။

ဒီတော့ သီအိုရီအရ တွက်ချက်ခန့်မှန်းမှုတွေက လက်တွေ့နဲ့ တက်တက်စင် အောင် လွဲချော်နေတယ်။

ဆူမားရီးယန်းတွေက ကျွန်သတ္တဝါသစ် ထုတ်လုပ်ရေးမှာ တာဝန်ရှိသူ

နှစ်ဦးရှိတယ်လို့ ဆိုထားပါတယ်။ သိပ္ပံပညာရှင်လို့ ပြောရမလား၊ မျိုးရိုးဗီဇပညာရှင်လို့ ပြောရမလား။ အဲဒီပညာရှင်ရဲ့ အမည်က အန်ကီတဲ့။ ကီဆိုတာက မြေကမ္ဘာ၊ အန်ဆိုတာက သခင်ကြီး။ ဒီတော့ အန်ကီ ဆိုတာက 'မြေကမ္ဘာရဲ့ သခင်ကြီး'။

နောက်တစ်ယောက်က နင်ခါဆတ်။ သူ့ကို နင်တီလို့လည်း ခေါ်တယ်။ အဓိပ္ပာယ်က 'က္ကတိယသက်ရှိ'။ သူက အမျိုးသမီးတစ်ဦးဖြစ်ပြီး ဆေးပညာမှာ တစ်ဘက်ကမ်းခတ်အောင် ကျွမ်းကျင်နိုင်နင်းတယ်။ နင်တီက ကာလရွေ့လျားလာတဲ့အခါ မန်မီ ဖြစ်လာတယ်။ နောက် မာမီ ဖြစ်သွားတယ်။ တချို့ လူမျိုးနွယ်တွေမှာတော့ မားမား ဖြစ်သွားတယ်။ ကျွန်တော်တို့ကတော့ မေမေ။

နင်ခါဆတ်ကို မက်ဆိုပိုတာနီးယမ်းတွေက သင်္ကေတအဖြစ် ပုံဆွဲဖော်ပြကြရာမှာ မွေးကင်းစကလေးရဲ့ ချက်ကြိုးဖြတ်တဲ့ ကိရိယာဖြင့် ဖော်ပြကြပါတယ်။ ပုံသဏ္ဍာန်က မြင်းခွာပုံ ဖြစ်ပါတယ်။ ရှေးခေတ်က သုံးစွဲခဲ့ကြတဲ့ ကိရိယာ ဖြစ်ပါတယ်။

နင်ခါဆတ်က အမည်အမျိုးမျိုးဖြင့် အယူဝါဒကိုးကွယ်မှုတွေမှာ ပါဝင်ခဲ့ပါတယ်။ စီမီရာမစ်၊ အိုင်စစ်၊ ဘရာတီ၊ ဒိုင်ယာနာ၊ မာရီ စသဖြင့် အမည်အမျိုးမျိုး ရှိပါတယ်။ ဒဏ္ဍာရီတွေ မှာလည်း ပါပါတယ်။ ပါပြီဟေ့ဆိုရင် ကိုယ်ဝန်ဆောင်ဖြစ်ရတဲ့ ဇာတ်ဝင်ခန်း ပါလေ့ရှိပါတယ်။ 'မိခင်'ကို ကိုယ်စားပြုတာ ဖြစ်ပါတယ်။

အန်–အူနပ်–ကီတွေအကြောင်းရေးသားထားတာမှာတော့

နတ်သမီးကို ဆင့်ခေါ်လိုက်တယ်။ သူက ဝမ်းဆွဲသည်။ မွေးဖွားခြင်းကို ပေးတဲ့သူ။

အသက်ဇီဝကို ဖန်တီးပေးဖို့အတွက် သူ လုပ်ကိုင်တယ်။ လုပ်သားတွေ မွေးထုတ်ပေးတယ်။ ရှေးကျတဲ့ အလုပ်သမားတွေ ဖြစ်ပါတယ်။ နတ်တွေပေးတဲ့ တာဝန်ကို ထမ်းပိုး ထမ်းပြီး ထမ်းဆောင်ကြရမယ့်သူတွေ ဖြစ်ပါတယ်။

စသဖြင့် ရေးသားထားပါတယ်။ လုပ်ခဲ့ကြရာမှာ မအောင်မြင်ခဲ့ဘူး။ သူတို့ မွေးထုတ်လိုက်တဲ့ သတ္တဝါတွေက ချို့ယွင်းချက်တွေ ပါနေကြတယ်။ လူကိုယ်မှာ တောင်ပံ ပေါက်နေတာမျိုးလည်း ပါတယ်။

အခုခေတ်မှာတော့ လူထူးဆန်းတွေ ထုတ်ဖို့လုပ်တဲ့ ဖရန်ကင်စတိုင်းလို သူတို့ ကြုံခဲ့ကြတာ ဖြစ်ပါလိမ့်မယ်။

ရွှံ့ပြားမှာ ရေးထားတာကို ဆက်ပြောရရင် အမှားအယွင်းတွေ အမျိုးမျိုး ကြုံခဲ့ရပြီး နောက်ဆုံးမှာတော့ သူတို့ မျိုးစပ်တာ အောင်မြင်သွားတယ်။ သူတို့ မွေးထုတ်လိုက်တဲ့ သတ္တဝါက ခုနက ပြောပြခဲ့တဲ့ ဟိုမိုစာပီယန် ဖြစ်ပါသတဲ့။

ဆူမားရီးယန်းတွေက လူ–လူ လို့ ခေါ်ခဲ့ကြပါတယ်။ အဓိပ္ပာယ်က 'ကပြား' ဖြစ်ပါတယ်။အခုခေတ်စကားနဲ့ ပြောရရင် မျိုးစပ် (hybrid) ဖြစ်ပါတယ်။ ပုရိသနဲ့ က္ကတိယ နှစ်မျိုးစလုံး မွေးထုတ်ပေးခဲ့ပါတယ်။

ပျားအုံမှာ ပျားလုပ်သားတွေရှိသလိုမျိုး သူတို့က လူလုပ်သားတွေ ဖြစ်ကြပါ

တယ်။ အသက်ရှင်ဖို့ အလုပ်လုပ်နေကြသူတွေ မဟုတ်ပါဘူး။ အလုပ်လုပ်ဖို့ အသက်ရှင်နေကြရသူတွေ ဖြစ်ပါတယ်။

အန်–အူနပ်–ကီတွေက လူလုပ်သားတွေကို နှစ်ပေါင်းထောင်ချီကြာမြင့်တဲ့အထိ အုပ်ချုပ်ခဲ့ကြပါတယ်။

**လျှောင်ကြီးတွေ လှုပ်တော့ . . .**

အန်–အူနပ်–ကီတွေရဲ့ ဇာတ်လမ်းကို နောက်ပိုင်းမှာ ပြန်ပြန်တွေ့ကြရတယ်။ အထူးသဖြင့် အရှေ့အလယ်ပိုင်းရဲ့ ရှေးဇာတ်လမ်းတွေမှာ ပြန်တွေ့ကြရတယ်။ သူတို့ရဲ့ ဇာတ်လမ်းတွေက ဆူမားရီးယန်းရဲ့ ပါးစပ်ရာဇဝင်အဖြစ် တွင်ကျန်ခဲ့ရာက နှောင်းလူတွေက ပြန်ယူသုံးခဲ့ကြတယ်လို့ ယူဆကြတယ်။

ဆူမာရီးယန်းတွေမှာ အီဒင်ဆိုတာ ရှိတယ်။ ဒင်က သမာဓိသခင်လို့ ပြောပြခဲ့ပြီး ပါပြီ။ အီဒင်က ဂိုဏ်းတော်ချုပ်သမာဓိသခင်လို့ အဓိပ္ပာယ် ရပါတယ်။ နှောင်းလူတွေက ဒေင်ဉယာဉ် လို့ ပြောကြပါတယ်။ ဒေင်ဉယာဉ်က နတ်တွေရဲ့ ဌာနချုပ် ဖြစ်ပါတယ်။ ဆူမားရီးယန်းတွေအဖို့ နတ်တွေဆိုတာက အန်–အူနပ်–ကီတွေကို ရည် ွန်းပါတယ်။ ဒီတော့ အီဒင်နဲ့ ဒေင်ဉယာဉ်တို့က ဂိုဏ်းတော်ချုပ်သမာဓိသခင်နေတဲ့ဉယာဉ်လို့ အဓိပ ာယ် ညီ ွတ်နေပါတယ်။

ဆူမာရီးယန်းရုံပြားတွေပေါ်မှာ ဘုရင်တစ်ပါးရဲ့ ရာဇဝင်ကို ရေးသားထားရမှာ ကလေးဘဝက မြစ်ထဲ မျောလာတဲ့ ခြင်းတောင်းထဲမှာ တွေ့ရှိခဲ့တယ်လို့ ပါပါတယ်။

နှောင်းလူတွေက မိုးဇက်ကို မြစ်ထဲမျောလာတဲ့ ခြင်းတောင်းထဲမှာ တွေ့ရှိခဲ့တယ်။ တွေ့တဲ့သူတွေက မင်းသမီးလို့ ဆိုကြပါတယ်။ အီဂျစ်နန်းတွင်းမိသားစုက ပြုစုစောင့်ရှောက် ပေး ခဲ့တယ်။

အဲဒီလို အသွင်တူတဲ့ မှုကွဲတွေ တော်တော်များများ ရှိနေပါသေးတယ်။ ခင်ဗျား ဖတ်ရတာ ပျင်းနေမှာစိုးတာကြောင့် ကျွန်တော် ပြောမပြတော့ဘူး။ အာဒမ်နဲ့ ဧဝတို့ အကြောင်းကို ကျော်ပြီး ပြောပြလိုက်မယ်။

ဆူမားရီးယန်း ဝေါဟာရအသုံးအနှုန်းမှာ တီ–အစ် ဆိုတာ ရှိတယ်။ အဓိပ္ပာယ်က 'အဲဒါသက်ရှိအရာ'လို့ ဆိုလိုတယ်။ ဟေဘ ူးမှာက တစ် လို့ ပြောတယ်။ အဓိပ္ပာယ်က 'သဲသဲကွဲကွဲ မရှိတဲ့မိခင်' လို့ ဆိုလိုတယ်။ ကမ္ဘာဦးကျမ်းအဖြစ် ဟေဘ ူးကနေ ဘာသာပြန် တော့ တစ်ကို 'မြေပြင်ကဖုန်မှုန်'လို့ ပြန်ဆိုခဲ့ကြတယ်။ အဲဒါက ဗဟုသုတ နိမ့်ကျသွားတဲ့ အခါမှာ ၁ဏ်မမီမှာ မို့ လူပြိန်းနားလည်အောင် ဘာသာပြန်ချလိုက်ပုံရတယ်။

ဒီလိုနဲ့ အာဒမ်ကို မြေပြင်ဖုန်မှုန်ကနေ ဖန်ဆင်းလိုက်တယ်လို့ ဖြစ်လာခဲ့တယ်။ တကယ်တော့ အဲဒါသက်ရှိအရာလို့ ပြောတဲ့ဟာကနေ ဖြစ်ပေါ်လာတာ ဖြစ်ပါတယ်။

တစ်နည်းပြောရရင် ဆဲလ်ကို ဆိုလိုတယ်။ သေးသေးမွှားမွှား ဖြစ်နေပေမယ့် ဆဲလ်မှာ အသက်ရှိတယ်။ ပြီးတော့ ၁ဏ်လည်း ရှိတယ်။ သူလုပ်ရမယ့် အလုပ်ကို သူသိတယ်။

ဆူမားရီးယန်း ဘာသာစကားမှာ တီဆိုတာက အဓိပ္ပာယ် နှစ်မျိုးရှိတယ်။ တစ်မျိုးက သက်ရှိလို့ ဆိုလိုတယ်။ နောက်တစ်မျိုးက နံ ိုး။ သံတူကြောင်းကွဲ ဝေါဟာရကို ဘာသာပြန်တော့ အမှန်ကို မကောက်ဘဲ အမှားကို ကောက်မိခဲ့တယ်။

ဒီတော့ ဘာသာပြန်တာမှာ ဧဝက နံ ိုးကနေ ဖြစ်လာတယ်လို့ ပြန်ခဲ့ကြတယ်။

တကယ်တော့ ဇေဆိုတာကလည်း ဆဲလ်ကနေ ဖြစ်လာတာပါပဲ။

ဆူမားရီးယန်း ရွံ့ပြားတွေပေါ်မှာ အန်–အူနပ်–ကီတွေရဲ့ ရာထူးဂုဏ်သိမ်အဆင့်ဆင့်ကို ဖော်ပြပေးထားတယ်။ နတ်တို့ရဲ့ ဖခမည်းတော်ကို 'အန်'လို့ ခေါ်ကြတယ်။ အန်ဆိုတာက နတ်ပြည်ကို ဆိုလိုတယ်။ သူက မိဖုရားနဲ့အတူ နတ်ပြည်မှာပဲ နေတယ်။ လူ့ပြည်ကို အင်မတန်လာခဲပါတယ်။ သူ့မိဖုရားအမည်က အန်တူ လို့ ခေါ်တယ်။ မြေကမ္ဘာကို အီ–ရီ–ဒူ လို့ခေါ်တယ်။ 'အဝေးတစ်နေရာမှာ ဆောက်တဲ့အိမ်'လို့ အဓိပ္ပာယ်ရတယ်။ ဆူမားရီးယန်းတွေရဲ့ အချက်အချာဖြစ်တဲ့ မြို့တော်ရဲ့ အမည် ဖြစ်ပါတယ်။

အန်က မြေကမ္ဘာကို သူ့ရဲ့ သားတော်နှစ်ပါးကို စေလွှတ်လိုက်တယ်။ သားကြီးအမည်က အန်ကီ။ သူက အရင်မွေးတဲ့ သားကြီး ဖြစ်ပေမယ့် နောက်မှမွေးတဲ့ အန်လီရဲ့ စကားကို နာခံရတယ်။ ဘာလို့လဲဆိုတော့ အန်လီက အန်နဲ့ ဖအေတူမအေကွဲကနေ မွေးထားတာဖြစ်လို့ သွေးပိုစစ်တယ်။ ဒါကြောင့် အန်လီကို မျက်နှာသာပေးထားတယ်။ အန်ကီက သွေးသားမတော်စပ်တဲ့ သူက မွေးထားတာ ဖြစ်နေတယ်။

အန်–အူနပ်–ကီတွေက သာကီဝင်မင်းမျိုးတွေလိုပဲ သွေးသားတော်စပ်သူချင်း လက်ထပ် ပြီး မွေးလာတဲ့သူက မျိုးပိုစစ်တယ်လို့ သတ်မှတ်ပြီး အရေးပေးတယ်။

သူတို့က မြေကမ္ဘာမှာ လာအုပ်ချုပ်ကြတယ်။ သူတို့က လူနည်းစု ဖြစ်နေတယ်။ မြေကမ္ဘာပေါ်က လူတွေက လူများစု ဖြစ်နေတယ်။ ဒီတော့ မီးများမီးနိုင် ရေများရေနိုင် ဆိုတဲ့အတိုင်း လူတွေက အနိုင်ယူဖို့ ဖြစ်လာတယ်။

အဲဒီကာလမှာ အန်ကီရဲ့ အုပ်စုနဲ့ အန်လီရဲ့ အုပ်စုဆိုပြီး အန်–အူနပ်–ကီတွေ နှစ်ခြမ်းကွဲနေကြပြီး တစ်ဘက်နဲ့ တစ်ဘက် တိုက်ခိုက်နေကြတယ်။ နတ်မင်းတို့ရဲ့ စစ်ပွဲတွေ အကြောင်းကို ဒဏ္ဍာရီတွေမှာ ဖတ်ရှုနိုင်ပါတယ်။

ဘယ်ဘက်ကမှ ပြတ်ပြတ်သားသား အနိုင်မရဘူး။ ဒီတော့ စစ်ပွဲက ရှည်ကြာနေတယ်။ အဲဒီအချိန်မှာ ကမ္ဘာကြီး ဝင်ိုးစောင်းတဲ့ ဒီဂရီ ပြောင်းသွားတယ်။ ဒီတော့ ဆူနာမီ ဖြစ်ပွားတယ်။ ပင်လယ်ထဲကရေတွေ ကုန်းပေါ် ပြေးတက်ကုန်ကြတယ်။ ရေလွှမ်းမိုးမှုတွေ ကြုံတယ်။ မြေကြော တွေလည်း ရွေ့တယ်။ ပင်လယ်ရေမျက်နှာပြင် အောက်မှာ ရောက်နေတဲ့ မြေတချို့က ထိုးထိုး ထောင်ထောင် ဖြစ်သွားတယ်။ တောင်တန်းတွေ ဖြစ်ကုန်တယ်။ ပင်လယ်ရေမျက်နှာပြင်ပေါ်မှာ ရှိနေတဲ့ မြေကြီးတွေထဲမှာ တချို့က မြေကြောပြတ်ရွေ့ချိန်မှာ ပင်လယ်အောက် မြုပ်သွားတာလည်း ရှိတယ်။

ဒီလို ငလျင်ကြီးတွေ ဖြစ်ပွားရတာဟာ နေစကြဝဠာက သူတည်ရှိနေတဲ့ ဂဲလက်စီ စကြဝဠာကို ပတ်ချာလှည့်နေတာကြောင့် ဖြစ်ရတယ်လို့ ယူဆကြတယ်။ တစ်ပတ်ပြည့်ဖို့က နှစ်ပေါင်း ၂၆ ၀၀၀ ကြာမြင့်တယ်။ ခရီးတာရဲ့ တစ်ဝက်ဖြစ်တဲ့ နှစ်ပေါင်း ၁၃ ၀၀၀မှာ စောင်းနေတဲ့ အစောင်းနဲ့ ကျန်တဲ့တစ်ဝက်မှာစောင်းနေတဲ့ အစောင်းချင်း မတူဘူး။ ဒီတော့ စွမ်းအင်တွေ ရတာလည်း မတူဘူး။ တစ်ဝက်ကို အလင်းခြမ်းလို့ ခေါ်ပြီး ကျန်တဲ့တစ်ဝက်ကို အမှောင်ခြမ်းလို့ ခေါ်တယ်။ အလင်းခြမ်းမှာ နှစ်ပေါင်း ၁၃ ၀၀၀

နေပြီးရင် အမှောင်ခြမ်းမှာ နှစ်ပေါင်း ၁၃ ၀၀၀ တစ်လှည့် နေရတယ်။ အခု အမှောင်ခြမ်း အဆုံးသတ်ကာလကို ရောက်နေပြီ။ အလင်းခြမ်းကို ကူးပြောင်း ရောက်ရှိတော့မယ်။ အလင်းခြမ်းကို ရောက်တဲ့အခါ ဉာဏ်တွေပွင့်မယ်။ ထွန်းကားတိုးတက်မှုတွေ တဟုန်ထိုး ပေါ်ပေါက်မယ်။

အဲဒီလို ကမ္ဘာမှာ ကပ်ဆေးတော့ အန်–အူနပ်–ကီတွေက ဌာနေကို ပြန်သွားကြတယ်။ ကျန်ခဲ့တဲ့သူတွေလည်း ကျန်ခဲ့တယ်။

**နဂါး**

အန်–အူနပ်–ကီတွေက အာကာသက ရောက်လာကြပြီး မြေကမ္ဘာမှာ အခြေချနေထိုင်ကြတယ်။ ပြန်သွားတဲ့သူတွေ ပြန်သွားကြချိန်မှာ ကျန်နေခဲ့တဲ့သူတွေလည်း ရှိတယ်။ သူတို့ရဲ့ ပုံပန်းသဏ္ဌာန်က ဘယ်လိုပုံမျိုးလဲ။ သူတို့က လူတွေနဲ့ တူသလား။ ဘာသတ္တဝါမျိုးလဲ။

သူတို့က နဂါးတွေ ဖြစ်ပါတယ်။ နဂါးဆိုတဲ့ စကားလုံးက အိန္ဒိယမှာ သုံးနှုန်းတဲ့ ဝေါဟာရ ဖြစ်ပါတယ်။ အင်္ဂလိပ်လိုတော့ Naga လို့ စားလုံးပေါင်းပါတယ်။ ဒါပေမယ့် အင်္ဂလိပ်စာမှာတော့ နဂါးလို့ မခေါ်ဝေါ်ပါဘူး။ ဒရာဂွန် Dragon လို့ ခေါ်ဝေါ်တယ်။

သူတို့က နဂါးတွေလို့ ပြောလိုက်တော့ သူတို့ရဲ့ ပုံပန်းသဏ္ဌာန်ကို မျက်စိထဲ ပြေးမြင်မိသေးလား။ ကျွန်တော်တို့ မြင်ဖူးတဲ့ နဂါးနဲ့ မတူဘူး။ ဘယ်နိုင်ငံက နဂါးနဲ့မှ မတူဘူး။

နိုင်ငံအတော်များများမှာ နဂါးကိုယ်စီ ရှိကြတယ်။ တစ်ကမ္ဘာလုံးမှာ နဂါးရှိတယ်လို့တောင် ပြောလို့ရတဲ့အထိ လူမျိုးနွယ်တိုင်းမှာ နဂါး ဆိုတာ ရှိနေကြတယ်။ မြန်မာမှာလည်း ရှိတယ်၊ အိန္ဒိယမှာလည်း ရှိလို့ နဂါး ဆိုတဲ့ ဝေါဟာရ အသုံးအနှုန်း ရှိနေရတာ ဖြစ်ပါတယ်။ တရုတ်မှာလည်း ရှိတယ်။ နှစ်သစ်ကူးဆိုရင် လမ်းပေါ် ထွက်ထွက်ကတယ်။ ဂျပန်၊ ကိုရီးယားတို့မှာလည်း ရှိတယ်၊ အရှေ့တိုင်းမှာသာမက အရှေ့အလယ်ပိုင်းမှာလည်း ရှိတယ်။ အနောက်တိုင်းမှာ လည်း ဒရာဂွန်တွေ ရှိနေကြတယ်။ ရှေးအီဂျစ်တွေကတော့ နဂါးကို မြွေအဖြစ်ဖြင့် ကိုးကွယ်ကြ ပါတယ်။ ဒီလို နေရာတကာမှာ ရှိကြပေမယ့် ပုံချင်း မတူကြဘူး။

နဂါးမျိုးနွယ်ဖြစ်တဲ့ အန်–အူနပ်–ကီတွေက ဘယ်လို ပုံပန်းသဏ္ဌာန် ရှိသလဲ ဆိုတော့ အရပ်က လူထက် ပိုမြင့်တယ်။ သူတို့ရဲ့ ဦးခေါင်းက ကင်းလိပ်မျှော့တို့ ပုတ်သင် ိုတို့လို ပုံမျိုး ဖြစ်ပါတယ်။ ပုတ်သင် ိုလို ခေါင်းမှာ အမောက်ပါတယ်။ တကယ်ကို နဂါးမှန်းသိအောင် အမောက်ထောင်ပြထားပါတယ်။



အန်–အူနပ်–ကီရဲ့ ပုံတူ ပ်တု ထုလုပ်ခဲ့ကြတာကို ရှေးဟောင်း သုတေသီတွေက တွေ့ရှိခဲ့တယ်။ အီရတ်က ရှေးဟောင်းသင်္ချိုင်းမှာ တွေ့ရှိခဲ့ကြတာ ဖြစ်ပါတယ်။

အန်–အူနပ်–ကီတွေက လူလုပ်သားတွေ ပေါက်ဖွားစေခဲ့တယ်ဆိုတာ ရှေ့မှာ တင်ပြ ခဲ့ပြီးပါပြီ။ သူတို့ ထုတ်လုပ်လိုက်တဲ့ မျိုးိုးဗီဇက ဟိုမိုစာပီယန်တွေ ပေါက်ဖွား စေခဲ့တယ်။ ဟိုမိုစာပီယန် ဦးရေက အန်–အူနပ်–ကီဦးရေထက် အပုံကြီး များသွား တာကို လည်း ဖော်ပြခဲ့ပြီးပါပြီ။

ဇီဝသိပ္ပံပညာရှင်ကနေ နက္ခတသိပ္ပံပညာရှင်အဖြစ်ကို ရောက်ရှိပြီး ရောင်းအစွံဆုံး စာအုပ်တွေ ရေးခဲ့တဲ့ ကွယ်လွန်သူ ကားလ်ဆာဂင် (Carl Sagan)က ဘာရေးခဲ့ဖူးသလဲ ဆိုတော့

“. . . လူ့သဘာဝမှာ တွားသွားသတ္တဝါတွေရဲ့ အစိတ်အပိုင်းတွေ ပါနေတာကို ဥပေက္ခာ ပြုမထားသင့်ဘူး။ . . .”

လို့ ရေးခဲ့ပါတယ်။ သတ္တဝါတွေကို နို့တိုက်သတ္တဝါ၊ ကျောိုးရှိသတ္တဝါ၊ တွားသွားသတ္တဝါ စသဖြင့် အုပ်စုတွေခွဲခြားရာမှာ နဂါးမျိုးနွယ်တွေက တွားသွားသတ္တဝါ (ဝါ) ရက်ပ်တိုင်းလ်Reptile အုပ်စုဝင်ဖြစ်ပါတယ်။ ကားလ်ဆာဂင်က တွားသွားသတ္တဝါလို့ ပြောလိုက်တာမှာ တွားသွားသတ္တဝါ အုပ်စုဝင် မြွေ၊ ဖွတ်၊ မိချောင်း၊ ကင်းလိပ်လျှော၊ ပုတ်သင် ို၊ လိပ် စတာတွေကို ဆိုလိုတာ မဟုတ်ပါဘူး။ နဂါးကို ပြောချင်တာပါ။ သူက နဂါးမျိုးနွယ်အကြောင်းကို ကောင်းကောင်းသိထားသူ ဖြစ်ပေမယ့် သိပ္ပံသမား တစ်ယောက် ဖြစ်တာကြောင့် သိပ္ပံစကားပဲ ပြောမှ ဖြစ်မှာမို့ ထိန်းထိန်း သိမ်းသိမ်း ပြောဆိုသွားတာ ဖြစ်ပုံရပါတယ်။

သူ့နာမည်ရဲ့ ဒုတိယစာလုံး Saganကို ပြောင်းပြန် ရေးလိုက်ရင် nagas ရပါတယ်။ နဂါးများလို့ အဓိပ္ပာယ် ရပါတယ်။ ပြီးတော့ သူက ရေးခဲ့တဲ့ အရောင်းအစွံဆုံး စာအုပ်တွေထဲမှာ တစ်အုပ်က ဒေင်မှ နဂါးများ Dragons of Eden ဖြစ်ပါတယ်။

ဒီတော့ မြေကမ္ဘာပေါ်ရောက်လာပြီး ကြီးစိုးခဲ့တဲ့ နဂါးတွေ၊ လူဆိုတဲ့ ကိုယ်ခန္ဓာရှင် ဖြစ်လာမယ့် ဟိုမိုစာပီယန်တွေ ဖန်တီးပေးခဲ့တဲ့ နဂါးတွေ အခုတော့ ဘယ်များရောက်သွား သလဲ။

၁။ နေရပ်ဌာနေကို ပြန်သွားတဲ့နဂါးတွေက ပြန်သွားကြပြီ။ အလည်သဘော လာရောက်တာ တွေ့ရှိပါတယ်။

၂။မြေလျှိုးပြီး နေကြတယ်။

၃။လူကိုယ်ခန္ဓာနဲ့ နေကြတယ်ဆိုပြီး သုံးမျိုးသုံးစားတွေ့ရပါတယ်။

ဒဏ္ဍာရီတွေ အလိုအရ ပြောရရင် နဂါးတွေကို တန်ခိုးကြီးတဲ့ သတ္တဝါလို့ ယူဆထားကြတယ်။ သူတို့က လူယောင်ဖန်ဆင်းလို့ရတယ်။ ကိုယ်ဖျောက်လို့ရတယ် စသဖြင့် ရေးသားထားတာတွေကို ဒဏ္ဍာရီတွေမှာ ဖတ်ရတယ်၊ သိပ္ပံအမြင်နဲ့ ပြောရရင်တော့ အလျား၊အနံ၊ အမြင့် ဆိုတဲ့ အတိုင်းအတာ၃ခုထက် ပိုတဲ့ အတိုင်းအတာတွေ သူတို့မှာ

ရှိနေကြတယ်။ ဒီတော့ ကျွန်တော်တို့ မြင်နိုင်စွမ်းရှိတဲ့ အတိုင်းအတာ ၃ခုထက် ပိုများတဲ့ အတိုင်းအတာတွေနဲ့ နေထိုင်တဲ့အခါမှာ ကျွန်တော်တို့က သူတို့ကို မမြင်ရတော့ဘူး။ သူက ခင်ဗျား နောက်မှာ လာနေပြီး ခင်ဗျားဖတ်နေတဲ့ ဒီစာအုပ်ကို ခင်ဗျားရဲ့ နောက်ကနေ လှမ်းကြည့်ပြီး အတူဖတ်နေရင်တောင် ခင်ဗျားက သူ့ရှိမှန်း မသိနိုင်ဘူး။ သူက ခင်ဗျား နေထိုင်တဲ့ အတိုင်းအတာ ၃ခုထဲကို ဆင်းလာမှ ခင်ဗျား မြင်ရမယ်။ အဲဒါတောင် ခင်ဗျားက သိနိုင်စွမ်းရှိတဲ့ လှိုင်းအလျား ဖြစ်နေမှ ခင်ဗျားက သိနိုင်မယ်။

ရုပ်မြင်သံကြား အသံလွှင့်ရုံကနေ ရုပ်သံလွှင့်နေတာကို ခင်ဗျားက တီဗီမှာ ကြည့်တယ်။ ဒီတော့ သူလွှင့်နေတဲ့ ရုပ်သံကို ခင်ဗျား မြင်ရကြားရတယ်။ တစ်နည်းပြောရရင် ခင်ဗျား သိရတယ်။ တီဗီကို ခင်ဗျား ပိတ်ချလိုက်တယ်။ သူ ဘာလွှင့်နေသလဲ ခင်ဗျား မသိရတော့ဘူး။ သူကတော့ လွှင့်မြဲရှိတဲ့အတိုင်း လွှင့်နေတာပဲ။ ခင်ဗျားရဲ့ ကိုယ်ခန္ဓာကိုယ်ကို တောင် သူလွှင့်တဲ့ ရေဒီယိုလှိုင်းတွေက အချိန်ပြည့်ဖြတ်သန်းနေကြတယ်။ ဒါပေမယ့် ခင်ဗျား မသိရဘူး။ အဲဒီလိုပဲ ခင်ဗျား မသိနိုင်တဲ့ လှိုင်းအလျားဖြင့် တည်ရှိနေတာတွေ တစ်ပုံတစ်ပင် ရှိနေတယ်။ အဲဒီလို တည်ရှိနေတာကို ခင်ဗျား မသိရဘူး။ ရှိနေတာကို လုံးဝမသိရဘူး။

အဲဒီလို ဖြစ်နေအောင် အန်–အူနပ်–ကီတွေက ထည့်စဉ်းစားပြီး တွားသွား သတ္တဝါလူကပြား ဟိုမိုစာပီယန်တွေကို ဖန်တီးပေးခဲ့ပုံရတယ်။

နဂါးက လူယောင်ဆောင်ထားတာကို သိခဲ့ရတဲ့ ဖြစ်ရပ်တွေလည်း ရှိပါတယ်။ လူကို ကြည့်နေရင်းက သူ့ရုပ်က ပုတ်သင် ိုလို တစ်ခဏတာ ပြောင်းသွားတယ်။ ပြီးမှ လူမျက်နှာပုံ ပြန်ဖြစ်သွားတာတွေ ရှိခဲ့ဖူးပါတယ်။

တစ်ခါက တီဗီမှ တင်ဆက်သူ နှစ်ဦးက လူတစ်ယောက်ကို အင်တာဗျူး လုပ်တယ်။ မေးတဲ့သူ နှစ်ယောက်မှာ တစ်ယောက်က အမျိုးသမီးဖြစ်ပြီး ကျန်တစ်ယောက် က အမျိုးသားး ဖြစ်ပါတယ်။ အဗျူးခံရတဲ့သူက ကမ္ဘာကို ဗဟိုဦးစီးစနစ်နဲ့ အုပ်ချုပ်မယ့် ကမ္ဘာ့အစီအမံသစ်ကို ပြောပြတယ်။ အဲဒီလို အမေးအဖြေလုပ်နေတုန်းမှာ အမေးခံရတဲ့သူရဲ့ မျက်နှာက ရက်ပ်တိုင်းလ် မျက်နှာအဖြစ် ရိပ်ကနဲ ပြောင်းသွားတာကို မေးမြန်းသူအမျိုးသား က သတိပြုမိလိုက်တယ်။ ကင်းလိပ်ပ်လျှောရဲ့ မျက်နှာမျိုး ဖြစ်သွားတယ်။ ပြီးမှ လူမျက်နှာ ပြန်ဖြစ်သွားတယ်။ အဲဒီနောက်ပိုင်းမှာ မေးမြန်းသူ အမျိုးသားက တစ်ခု သတိပြုနေတာကို သဘောပေါက်သွားတယ်။ အဲဒါက ဘာလဲဆိုတော့ အဗျူးခံသူရဲ့ မျက်နှာက နဂိုကတည်း ကိုက လူမျက်နှာဆိုပေမယ့် တစ်မျိုးတစ်မည် ဖြစ်နေတယ်လို့ စိတ်ထဲ ထင်နေမိတာ သူ မမှားဘူးလို့ သူသိသွားတယ်။

ဖတ်ဖူးပြီး မှတ်မိနေတာကို ပြန်ရေးပြတာမို့ နာမည်တွေ၊ နေရာတွေကတော့ ကျွန်တော့် ခေါင်းထဲ မကျန်တော့ဘူး။ တိတိကျကျ ပြောမှ ယုံမယ်ဆိုရင်တော့ မယုံဘဲ နေလိုက်တာ ကောင်းပါတယ်။

နာမည်နဲ့တကွ ပြောလို့ရတာကတော့ ကသေးအို'ဘရိယင်Cathy O'Brien

ဆိုတဲ့ အမျိုးသမီးက မတ် ဖိလစ် Mark Phillips ဆိုတဲ့သူနဲ့အတူ ပူးတွဲပြီး ရေးသားတဲ့ *Trance Formation Of America* စာအုပ် ဖြစ်ပါတယ်။ ကသေး အို’ဘရိယင်က သူ့ကို လိင်ကိစ စော်ကားခံရတာတွေကို ရေးထားတယ်။ သူသမီး ကဲလီ အို’ဘရိယင် Kelly O’Brienက အမေရိကန်ရဲ့ လျှို့ဝှက် စီမံကိန်းတစ်ဖြစ်တဲ့ ‘စိတ်ထိန်းချုပ်ရေး’ စီမံကိန်းဖြစ်တဲ့ Project Monarch မှာ လုပ်ကိုင်နေသူ ဖြစ်ပါတယ်။ လူထုရဲ့ စိတ်ကို တစ်နည်းနည်းနဲ့ ထိန်းချုပ်ပြီး စေခိုင်းဖို့အတွက် စမ်းသပ်မှုတွေလုပ်ပြီး နည်းလမ်းတွေ ရှာရတဲ့ စီမံကိန်းလို့ သိရပါတယ်။ သူကိုယ်တိုင်ကတော့ စိတ်ထိန်းချုပ်ခံရပြီး ကျွန်မ အဖြစ် နေထိုင်ခဲ့ရတယ်လို့ ရေးသားဖော်ပြထားပါတယ်။ အထူးသဖြင့် လိင်ကျွန်အဖြစ် အသုံးချခံခဲ့ရတယ်။ ပုတ်သင် ို အပျိုလိုချင် ခေါင်းညိတ်ဆိုတဲ့စကားအတိုင်း ခေါင်းတညိတ် ညိတ် လုပ်ကြတဲ့ ပုတ်သင် ိုတွေအတွက် အသုံးတော်ခံဘဝဖြင့် နေထိုင်ခဲ့ရသူ ဖြစ်ပါတယ်။

ကသေး အို’ဘရိယင်က သူ့စာအုပ်မှာ သူ့ကို လိင်စော်ကားတဲ့ သူတွေထဲမှာ နာမည်ကြီးတဲ့သူတွေကို ဖော်ထုတ်ရေးသားထားပါတယ်။ အမေရိကန်သမ္မတ လုပ်ဖူးကြတဲ့ ဂျင်နရယ်ဖို့ဒ်၊ ဘီလ်ကလင်တန်နဲ့ ဂျော့ဘွတ်ရှ်တို့ ပါပါတယ်။ ဒီလူတွေက ဘေဘီလုံညီ အစ်ကိုတော်ဂိုဏ်းဝင်တွေ ဖြစ်ကြတာကို နောက်တော့ တင်ပြဖို့ ရှိပါတယ်။

စာအုပ်ထဲမှာ ရေးသားထားတာ တစ်ခုကို တင်ပြရရင် တစ်ရက်မှာ ကသေး အို’ဘရိယင်က ဂျော့ဘွတ်ရှ်ကို သွားတွေ့ရတယ်။ ဘွတ်ရှ်က ရက်ပ်တိုင်းလ်နဲ့ ဂြိုဟ်သား အကြောင်း ရေးထားတဲ့ စာကို ဖတ်နေချိန်မှာ သူ ရောက်သွားတယ်။ သူတို့နှစ်ယောက် စကားစမြီ ပြောဆိုကြရာမှာ ဘွတ်ရှ်က သူ ဖတ်နေတဲ့စာအကြောင်းကို ပြောပြရင်း ဂြိုဟ်သား ရှိမရှိဆိုတဲ့ ခေါင်းစဉ်အောက် မှာ ပြောဆိုမိကြတယ်။ အဲဒီလို ပြောနေရင်းမှာ ဘွတ်ရှ်က သူက ဂြိုဟ်သားတစ်ဦး ဖြစ်ကြောင်း ပြောပြတယ်။ ပြီးတော့ သူ့မျက်နှာကို မူရင်းပုံ ပြန်ဖော်ပြတယ်။ အဲဒီအခါမှာ ပုတ်သင် ိုနဲ့ ဆင်ဆင်တူတဲ့ပုံကို တွေ့ရတယ်လို့ ကသေးက ရေးထားပါတယ်။ ခေါင်းပေါ်မှာ အမောက်ကလေးတောင် ပါလိုက်ပါသေးသတဲ့။

လိင်စော်ကားတဲ့အကြောင်း ထုတ်ဖော်ရေးသားခဲ့တာကြောင့် သမီးဖြစ်သူ ကဲလီ အို’ဘရိယင်ကို လုံခြုံရေးအရ စိတ်မချရဘူး။ ပေါက်ကြားနိုင်ဖွယ်ရာ ရှိတယ်ဆိုပြီး အလုပ်ဖြုတ်တာ ခံရတယ်။

ကသေးကို ပုတ်သင် ိုဦးခေါင်းအဖြစ် ပြောင်းပြတဲ့ နောက်တစ်ယောက်ကတော့ မကဆီကိုသမ္မတ မီဂေါ ဒီလာ မက်ဒရစ် Miguel De La Madrid ဖြစ်ပါတယ်။ သူက ကသေးနဲ့ စကားစမြည်ပြောဆိုရာမှာ မကဆီကိုမှာ မာယာဆိုတဲ့ လူအဖွဲ့အစည်းတစ်ခု ပေါ်ပေါက်ခဲ့ဖူးတယ်။ အဲဒီ လူ့ဘောင်ကို တည်ထောင်သူတွေက ပုတ်သင် ိုဦးခေါင်းပုံရှိတဲ့ ဂြိုဟ်သားတွေလို့ သူက ပြောပြခဲ့တယ်။ မြေကမ္ဘာကို ရောက်လာပြီးတဲ့အခါ ဒီမှာ ရှိနေတဲ့ ပတ်ဝန်းကျင် အခြေအနေနဲ့ သူတို့ရဲ့ ကိုယ်ခန္ဓာက အံဝင်ခွင်ကျ မဖြစ်တာကြောင့် ရေရှည် နေထိုင်ဖို့အတွက် ဒီမှာ ရှိတဲ့လူတွေနဲ့ မျိုးစပ်ယူပြီး လူ–ရက်ပ်တိုင်းလ် ကပြားတွေ မွေးထုတ်ခဲ့ရတယ်။ လူ့ဘောင် ဖွံ့ဖြိုးတိုးတက်စေတဲ့ အလုပ်တွေလည်း လုပ်ပေးခဲ့ကြတယ်။


ပိရမစ်တွေ တည်ဆောက်ခဲ့ကြတယ်။

ဒီနေရာမှာ ကြားဖြတ်ပြီး ရေးချင်တာက ၂၀၁၂ခုနှစ်မှာ ကမ္ဘာပျက်မယ်လို့ ဟောကိန်း ရှိတယ်လို့ ပြောနေကြတာ အခုပြောပြနေတဲ့ မာယာတွေရဲ့ ဟောကိန်း ဖြစ်ပါတယ်။

လူ–ရက်ပ်တိုင်းလ် ကပြားသွေးရဲ့ မျိုးဆက်တွေ အခုထိရှိနေသေးတယ်။ သူတို့က လူအသွင်ဖြင့် နေထိုင်ကြပေမယ့် ဖွတ်အဖြစ်လည်း ပြောင်းလို့ရတယ်လို့ မီဂေါ ဒီလာ မက်ဒရစ်က ရှင်းပြတယ်။ ပုတ်သင် ိုက အရောင်ပြောင်းသလိုမျိုးလည်း ပြောင်းနိုင်စွမ်း ရှိတယ်။ သူကိုယ်တိုင်က မာယာလူ့ဘောင်မှာ ပေါက်ဖွားတဲ့ မျိုး ိုးမှ ဆင်းသက်လာသူ ဖြစ်တယ်။ ဒီတော့ သူက ဖွတ်အသွင်ကို အချိန်မရွေး ပြောင်းလို့ ရတယ်လို့ ပြောပြပြီးတဲ့ အခါ ကသေးကို သူက ပုံပြောင်းပြလိုက်တယ်။ မျက်လုံးတွေ နေရာယူထားပုံက တကယ်ကို ပုတ်သင် ိုတွေရဲ့ မျက်နှာကျအတိုင်း ဖြစ်နေတော့တယ်လို့ ကသေးက ရေးသားထား ပါတယ်။

အဲဒီလို လုပ်တာကို ုပ်ပြောင်း ုပ်လွဲပညာလို့ လောကီပညာမှာ ပြောကြပါတယ်။ သူရဲ့ ဦးခေါင်းမှာ တကယ် အပြောင်းအလဲတွေ ဖြစ်ပေါ်တာ မဟုတ်ဘဲ ကိုယ့်ကို မြင်စေချင်တဲ့ မျက်နှာကျကို စိတ်ထဲကနေ ထုတ်ယူပြီး မြင်သာအောင် ပြသပေးထားတာ ဖြစ်ပါတယ်။ လူရဲ့ စိတ်က မျက်နှာနဲ့ ချိတ်ဆက်ထားပါတယ်။ စိတ်ထဲ ဖြစ်နေတာကို မျက်နှာမှာ ဖော်ပြပါတယ်။ စိတ်မှာ တွေးတာကြောင့် မျက်နှာကွက်ကနဲ ပျက်ပါတယ်။ မျက်နှာမှာ ပြုံးပါတယ်။ ဒေါသထွက်တဲ့ မျက်နှာကလည်း စိတ်ကပဲ ဖန်တီးပေးထားတာ ဖြစ်ပါတယ်။ လူတွေက နဂါးနဲ့ မျိုးစပ်ပြီး ပေါက်ဖွားလာတဲ့ နဂါးကပြား ဟိုမိုစာပီယန်တွေ ကနေ သက်ဆင်းလာသူတွေ ဖြစ်တော့ မျိုး ိုးဗီဇမှာ ရက်ပ်တိုင်းလ်ဗီဇတွေ ကျန်နေပါသေး တယ်။ အဲဒါကြောင့် အခုလို စိတ်ကြောင့် ုပ်ပြောင်းနေကြရတာလို့ ဆိုပါတယ်။

အရာရာဟာ စွမ်းအင် အစုအဝေးတွေ ဖြစ်ပါတယ်။ တုန်ခါနေကြတယ်။ အဲဒီတုန်ခါမှုတွေကို လှိုင်းအဖြစ် ူမြင်ကြတဲ့အခါ တုန်ခါမှုကို လှိုင်းအလျား၊ လှိုင်းအမြင့်တွေနဲ့ ကိုယ်စားပြု ပြီး ပြောဆိုကြတယ်။ တုန်ခါမှုတစ်ကြိမ်ဖြစ်ပေါ်ရင် လှိုင်းတစ်ခုလို့ သတ်မှတ်ထားပါတယ်။ တုန်ခါမှုက နှေးရင် တစ်ကန့်အတွင်းမှာ ဖြစ်ပေါ်တဲ့ လှိုင်းအရေ အတွက်ကလည်း နည်းသွားပါတယ်။ ဒီတော့ စကန့်ဆိုတဲ့ ပေတံနဲ့ တိုင်းတာပြီး ပုံဆွဲကြည့် တဲ့အခါ လှိုင်းတွေက အလျား ရှည်နေပါတယ်။ တကယ်လို့ တုန်ခါမှုက များနေရင်တော့ တစ်ကန့်ဆိုတဲ့ ပေတံမှာ လှိုင်းတွေအများကြီး ဝင်ဆန့်အောင် ဆွဲပြရတာမို့ လှိုင်းတွေက လှိုင်းအလျားတိုတိုလေး ဆွဲရတယ်။ ဒီတော့ တုန်ခါမှုနည်းရင် လှိုင်းအလျားရှည်ပြီး တုန်ခါမှု များရင်တော့ လှိုင်းအလျားတိုပါတယ်။ အထက်မှာ ဆိုခဲ့တဲ့ ရေဒီယိုလှိုင်း ဥပမာအတိုင်း လူက ပုံကို မြင်တာမှာ လှိုင်းအလျားက ပုံဖော်ပေးနေတာ ဖြစ်ပါတယ်။ လှိုင်းအမျိုးမျိုး ပေါင်းစပ်ပြီး ပုံတစ်ခုအဖြစ် ထွက်လာရတာ ဖြစ်ပါတယ်။ ဒီတော့ လှိုင်းတွေကို လိုသလို ကစားပေးရင် လိုချင်တဲ့ပုံ ထွက်ပေါ်ပါတယ်။ အဲဒီလို လှိုင်းပြောင်းတာကို စိတ်နဲ့ စေစား



လူ ၊ပ် ပျောက်ချိန်၌ နဂါးကို မြင်ရပုံ

လုပ်ကိုင်တာ ဖြစ်တယ်လို့ ယူဆကြပါတယ်။

အခုလိုလုပ်ဖို့အတွက် လူ–ရက်ပ်တိုင်းလ် ကပြားမှာ ရက်ပ်တိုင်းအပြင်းစားတွေ အနေဖြင့် အထူးတလည် လေ့ကျင့်ဖို့ မလိုဘူး။ သူတို့ရဲ့ မျိုးရိုးဗီဇဖြစ်တဲ့ ဒီအင်အေ DNAမှာ တစ်ခါတည်း ထည့်ပေးထားပြီးသား ဖြစ်ပါတယ်။ တကယ်လို့ မျိုးရိုးဗီဇက ရက်ပ်တိုင်းလ်ဗီဇ ပါလေကာမှုသာ ပါတဲ့သူတွေနဲ့ မျိုးစပ်ပြီး ပေါက်ဖွားလာတာဆိုရင်တော့ အဲဒီအစွမ်းက အတော်နည်းပါးသွားပါတယ်။ ခုနက တင်ပြခဲ့တဲ့အတိုင်း ဒေါ်သထွက်လို့ မျက်နှာပြောင်းတာလောက်ပဲ ရပါတော့တယ်။

လူ–ရက်ပ်တိုင်းလ် ကပြားတွေမှာ ရက်ပ်တိုင်းလ်အပြင်းစား အချင်းချင်း လက်ထပ်ပြီး မွေးလာတဲ့သူမှသာလျှင် အခုလို ပုံပြောင်း စွမ်းရည်ကို မွေးရာပါစွမ်းရည် အဖြစ် ပါလာမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ရက်ပ်တိုင်းလ်တွေက သာကီဝင်မင်းမျိုး တွေလို အမျိုးအချင်းချင်း ပေးစားပြီး ဗီဇအရည်အသွေးကို ထိန်းကြတာ ဖြစ်ပါတယ်။

ဒီနေရာမှာ ရှင်းအောင် တစ်ခု ပြောချင်တာက လူ–ရက်ပ်တိုင်းလ်တွေမှာ ရက်ပ်တိုင်းလ် အပြင်းစားတွေရဲ့ မူလ ပုံရည်က ပုတ်သင် ရိုပုံ ဖြစ်ပြီး လူတောသူတောထဲ နေထိုင်တဲ့အခါ သူတို့က လူပုံကို လွှင့်တင်ပေးထားတာ ဖြစ်ပါတယ်။ အဲဒီလို လွှင့်တင်ပေးထားတာကို ရပ်ဆိုင်း ပုံသိမ်း လိုက်ရင် နဂိုမူလ ပုတ်သင် ရိုပုံ ဖြစ်ပေါ်သွားပါ တယ်။ ခုနက ကသေး ရေးသွားတာက လူကနေ ရက်ပ်တိုင်းလ်အဖြစ် ပြောင်းပြတယ်လို့ ဆိုထားတယ်။ တကယ်တော့ လူပုံကို ပုတ်သိမ်းလိုက်လို့ ရက်ပ်တိုင်းလ် ပုတ်သင် ရိုပုံကို မြင်ရတာ ဖြစ်ပါတယ်။

သူတို့က လူပုံဖော်ထားတာကို စိတ်ပြောင်းလဲစေတဲ့ ဆေးဝါးသုံးစွဲထားတဲ့သူက ကြည့်ရင် စိတ်က ပုံမှန် မဖြစ်တော့တာကြောင့် လူပုံကို မမြင်ရတော့ဘူး။ ပုတ်သင် ရိုပုံကိုပဲ မြင်ရတယ်။ အဲဒီအကြောင်းကို Hunter S. Thompson က *Fear And Loathing In Las Vegas* စာအုပ်မှာ ရေးသားဖော်ပြထားပါတယ်။ သူ ဆေးမူးပြီး လျှောက် သွားရင်း ပုတ်သင် ရိုခေါင်းပုံ ရှိတဲ့လူတွေ တွေ့တဲ့အကြောင်း ရေးသားထားပါတယ်။ စိတ်ကို ပြောင်းလဲစေတဲ့ ဆေးဝါးသုံးစွဲ ထားလို့ ဆေးမူးပြီး မြင်ချင်ရာ လျှောက်မြင်တာပါလို့ ပြောရင် ရပါတယ်။ ဒါပေမယ့် နှစ်ဖက်မျှမျှတတ စဉ်းစားမယ်ဆိုရင်တော့ ဆေးမူးပြီး အမှန်တွေကို မြင်နေတာပါလို့ ပြောရမှာ ဖြစ်ပါတယ်။

အပြင်းစားရက်ပ်တိုင်းလ်တွေအဖြစ် မျိုးရိုးထိန်းထားကြတဲ့ အန်–အူနပ်–ကီ တဖြစ်လဲတွေက လူတွေကြားမှာ နေထိုင်ကြတဲ့အခါ ဦးဆောင်ဦးရွက်ပြုရတဲ့ နေရာ ကောင်းတွေကို ယူထားကြတယ်။ ဗြိတိသျှနန်းစဉ်မှာလည်း သူတို့ ရှိနေကြတယ်။ ဒါကြောင့် ဝင်ဆာနန်းတော်ကို ပြည်သူ့ အချစ်တော်မင်းသမီး ဒိုင်ယာနာက 'ရက်ပ်တိုင်းလ်တွေ'၊ 'ပုတ်သင် ရို'တွေလို့ ရည်ညွှန်းပြောဆို လေ့ရှိတာလို့ ဆိုပါတယ်။

အပြင်းစားရက်ပ်တိုင်းလ်ပုတ်သင် ရိုလူသားတွေက နိုင်ငံရေးနယ်ပယ်၊ တိုင်းပြည် ရဲ့ အုပ်ချုပ်ရေးယန္တရား၊ ငွေကြေးလုပ်ငန်းနှင့်ဘဏ်လုပ်ငန်း၊ စစ်ရေးနယ်ပယ်တွေမှာ

အထက်လွှာနေရာကို ရယူထားကြတယ်။

သူကြွယ်ကြီး ရော့ခ်ဖဲလား၊ ဝင်ဆာမိသားစု စတာတွေဟာ ရက်ပ်တိုင်းသွေး အပြည့်ပါတယ်လို့တောင် ပြောလို့ရတယ်လို့ ဆိုပါတယ်။ လူကိုယ်ခန္ဓာကို ကုတ်အင်္ကျီဝတ် သလိုမျိုး ဝတ်ထားကြတာလို့ ဆိုပါတယ်။ ဒီလို သွေးအပြည့်ပါသူတွေက 'ကမ္ဘာ့လုပ်ငန်းစဉ်' ကို လုပ်ကိုင်ဆောင်ရွက်ပေးနေကြပါတယ်။ ဒီလို လုပ်ကိုင်ရာမှာ ကိုယ်တိုင် ရှေ့ထွက်ပြီး လုပ်ကိုင်တာရှိသလို နောက်ကနေ ကြိုးကိုင်တာမျိုးလည်း ရှိပါတယ်။

မြာပွေလို့ နာမည်ပျက်ခဲ့တဲ့ အမေရိကန်သမ္မတ ကလင်တန်ဆိုရင် ကြိုးကိုင် ခံထားရတာလို့ ဆိုပါတယ်။ သမ္မတကတော် ဟီလာရီကလင်တန်က ရက်ပ်တိုင်းလ်ဖြစ်ပြီး ခင်ပွန်းသည်ကို ကြိုးကိုင်ထားတယ်။ စိတ်ကို အရိပ်ချုပြီး ပိုင်စိုးထားတယ်လို့ ဆိုပါတယ်။ ဟီလာရီက သမ္မတကတော် ဖြစ်ဖို့အတွက် ကလင်တန်က သမ္မတဖြစ်လာရတယ်လို့တောင် ပြောလို့ရပါတယ်။ အဲဒီလို ရေးထားတာတွေ ဖတ်ရှုစဉ်က ဟီလာရီက သမ္မတကတော် အဖြစ်မှာပဲ ရှိနေပါသေးတယ်။ မထင်မရှား ရှိနေတာ ဖြစ်ပါတယ်။ ဒီတော့ ရေးချင်ရာတွေ လျှောက်ရေးထားတယ်လို့ ကျွန်တော့် စိတ်ထဲ မှတ်ချက် ချမိခဲ့တာကို ဝန်ခံပါတယ်။

အခုဆိုရင် ကလင်တန်က နောက်ကို ရောက်သွားပြီး ဟီလာရီက ကိုယ်တိုင် ရှေ့ကို ထွက်ပြီး လုပ်ကိုင်နေတာ တွေ့နိုင်ပါတယ်။ ဒီတော့ ဟုတ်တော့ဟုတ်သားဟ လို့ မှတ်ချက်ချရ ပြန်ပါတယ်။ ကလင်တန်က ပါဝါစစ်တုရင်ကစားပွဲမှာ နယ်ရုပ်ကလေး တစ်ရုပ်မျှသာ ဖြစ်ပါတယ်။ ဟီလာရီရဲ့ 'ခုတုံး'တစ်ခုသာ ဖြစ်ပါတယ်။ ကလင်တန်က ရက်ပ်တိုင်းလ်ဆိုရင်တောင် သူက အပျော့စားရက်ပ်တိုင်းပဲ ဖြစ်လိမ့်မယ်။ သူက ပုတ်သင်ညို ဆိုရင်လည်း အပျိုလိုချင်ခေါင်းညိတ်ဆိုတဲ့ အစားထဲက ဖြစ်မယ်။ လိင်ကိစ္စရှုပ်ပွေလို့ ဟိုးလေးတကျော်ဖြစ်ပြီး နာမည်ပျက်ခဲ့တယ်။ ဒါပေမယ့် သမ္မတရာထူးက မနှုတ်ထွက်ခဲ့ ရဘူး။

စုံထောက်ဦးစံရှား တော်တာ ထင်ရှားစေဖို့ ကိုသိန်းမောင်က ညံ့ပေးရတယ်။ ဗိုလ်အောင်ဒင်တော်တာ ပေါ်လွင်စေဖို့ ကိုဘရှိန်က ချာပေးရတယ်။ ဆားပုလင်းနှင်းမောင် ထင်ရှားစေဖို့ လက်ဝါးကိုကိုကြီးက ဒုံးဝေးပေးရတယ်။ အခုလည်း နောင်တစ်ချိန်မှာ ဟီလာရီကို ထင်ရှားစေဖို့အတွက် ကလင်တန်က နာမည်ပျက်ပေးခဲ့ရတယ်။

**စင်မက်တစ်**

သိပံနယ်ပယ်မှာ စင်မက်တစ် *Cymatics* ဆိုဆဲ့ ဘာသာရပ်တစ်ခုရှိတယ်။ အောင်ကျော် ရေးသားတဲ့ *ဂီတပုံပန်းသဏ္ဍာန်များ* ဆိုတဲ့ ဘာသာပြန်စာအုပ်မှာ ရေးသားထားတာကို ကိုးကားပြီး ဖော်ပြပါမယ်။

ဆွစ်လူမျိုး ဆရာဝန် ဒေါက်တာဟန်စ် ဂျန်နီက အသံတုန်ခါမှုတွေကို လေ့လာစူးစမ်းခဲ့ပါတယ်။ သူက သံမှုန်အပါအဝင် အမှုန်တွေ၊ အမှုန့်တွေ၊ အရည်တွေကို တုန်ခါနေတဲ့ အပြားပေါ်တင်ပြီး စမ်းသပ်ကြကြည့်ပါတယ်။ ဒီအခါမှာ အသံကြောင့် အမှုန်တွေ၊ အမှုန့်တွေ၊ အရည်တွေမှာ ပုံပန်းသဏ္ဍာန်တွေ ဖွဲ့တည်တာကို တွေ့ရတယ်။ စကြဝဠာပုံအတိုင်း တသွေမတိမ်း တူနေတာမျိုးအထိ သူတွေ့ရတယ်။ သူက သူလေ့လာနေတဲ့ နယ်ပယ်ကို စင်မက်တစ်ဘာသာရပ်လို့ အမည်တပ်ပေးခဲ့ပါတယ်။ ဂရိစကားလုံး Kema ကနေ ဆင်းသက်လာတဲ့ စကားလုံး ဖြစ်ပါတယ်။ ဂရိစကားလုံး Kematics ဆိုတာကတော့ 'လှိုင်းဖြင့် ပြုလုပ်ခြင်း'လို့ အဓိပ္ပာယ် ရပါတယ်။

အသံလှိုင်းတွေက ဖွဲ့တည်မှုတွေ ဖြစ်ပေါ်စေတယ်။ အမှုန်တွေကို ပုံပန်းသဏ္ဍာန်တစ်ခု ဖွဲ့တည်စေတယ်။ စင်မက်တစ် စမ်းသပ်မှုတွေမှာ အမှုန်တွေကို တုန်ခါမှုပေးရမှာ အသံလှိုင်းကို အသုံးပြုပါတယ်။ အသံလှိုင်းအမျိုးမျိုးကို တစ်ပြိုင်နက်တည်း ပေးထားလိုက်တဲ့အခါ အမှုန်တွေ တုန်ခါရွေ့လျားပြီး သက်ဝင်လှုပ်ရှားလာကြတယ်။ သူတို့က ပုရွက်ဆိတ်တွေ ချီတက်သလိုမျိုး စနစ်တကျ သူ့နေရာနဲ့သူ စုစုဝေးဝေး ချီတက်လိုက်ကြတယ်။ ပြီးတဲ့အခါမှာ ပုံပန်းသဏ္ဍာန်တစ်ခုကို ဖွဲ့တည်ပြီး အဲဒီပုံပန်းသဏ္ဍာန်ကို မပြောင်းမလဲဘဲ ထိန်းထားလိုက်ကြတယ်။ တကယ်အသိ ဉာဏ် ရှိတဲ့သက်ရှိအတိုင်း လုပ်ဆောင်နေကြတာ ဖြစ်ပါတယ်။ အသံကို ရပ်လိုက်တဲ့အခါ တုန်ခါတာ ရပ်သွားပြီး ပုံပြန်ပျက်သွားတယ်။ အသံပြန်ပေးလိုက်ရင် မူလက ဖြစ်ပေါ်ခဲ့တဲ့ ပုံအတိုင်း ပြန်နေရ ယူလိုက်ကြပါတယ်။ နဂိုမူလက ပုံအတိုင်း တသွေမတိမ်းတူတဲ့ပုံ ပြန်လည်ထွက်ပေါ်လာပါတယ်။ တစ်ကြိမ် နှစ်ကြိမ်လောက်သာ တူနေတာ မဟုတ်ဘူး။ အကြိမ်တိုင်းမှာ အတူတူပဲ။

အသံတွေ ပြုပေးနေရာက အသံတွေကို ပြောင်းပေးလိုက်တဲ့အခါ သူတို့က ပုံ အသစ်တစ်ခု ပြောင်းလဲပစ်လိုက်ကြတယ်။

အင်မတန် အံ့သြစရာကောင်းတဲ့ ဘာသာရပ် ဖြစ်ပါတယ်။ ဒီဘာသာရပ်ကြောင့် အချက် နှစ်ချက်ကို အခိုင်အမာ ပြောလို့ရသွားတယ်။

၁။ အသံလှိုင်းတွေကြောင့် ပုံပန်းသဏ္ဍာန်တစ်ခု ဖြစ်ပေါ်စေတယ်။

၂။ အသံက အမှုန်တွေကို အသံတွေမြည်ပေးနေစဉ် တစ်လျှောက်မှာ အသက်သွင်းပေးတဲ့ အပြင် အသိ ဉာဏ်ပါ ရှိနေစေတယ်။

ဒီနေရာမှာ ပိုရှင်းလင်းအောင် ပြောပြချင်တာက အသံလို့ ဆိုလိုက်တာမှာ လူ့နားက ကြားရတဲ့ အသံတွေကိုသာ ဆိုလိုတာ မဟုတ်ပါဘူး။ မကြားရတဲ့ အသံတွေလည်း ပါပါတယ်။

စင်မက်တစ်ဘာသာရပ်မှာ လေ့လာစရာတွေ အများကြီး ကျန်နေပါသေးတယ်။ ဘယ်လိုအသံလှိုင်းတွေကို အတူတကွ စေလွှတ်ပေးရင် ဘယ်လိုပုံမျိုး ပေါ်မယ်ဆိုတာကို လိုက်ရှာကြည့်ဖို့ လိုနေပါသေးတယ်။

ရက်ပ်တိုင်းလ် အပြင်းစားတွေက စင်မက်တစ်ပညာကို နောကြေသူတွေလို့ ဆိုပါတယ်။ ဒီတော့ သူတို့က အသံလှိုင်းတွေနဲ့ လူပုံပန်းသဏ္ဌာန်ကို ဖန်တီးနိုင်ကြတယ်။ ဒီတော့ ကိုယ်ထင်ပြချင်ရင် လူပုံပန်းသဏ္ဌာန်ဖြစ်ပေါ်စေမယ့် အသံလှိုင်းကို သုံးပြီး လူပုံ ဖွဲ့တည်မှုကို ဖန်တီးပြီး လူလုံး ထွက်ပြပါတယ်။ ပြန်ပျောက်စေချင်ရင် အသံလှိုင်းကို ရပ်ပစ်လိုက်ရုံပါပဲ။

အသံလှိုင်းတွေ တစ်ခုနဲ့တစ်ခု ထိတွေ့ကြတာမှာ အံကိုက်ပေါင်းစပ်မိသွားရင် အသံပို ကျယ်သွားတယ်။ 'ဟိန်း'တယ်လို့ ပြောကြပါတယ်။ ဒီတော့ လူပုံလိုချင်ရင် သင့်တော်တဲ့ အသံလှိုင်းတွေနဲ့ ဟိန်းအောင် လုပ်လိုက်ရင် လူအဖြစ် ဟိတ်ထွက်လာမှာ ဖြစ်ပါတယ်။ စင်မက်တစ် စမ်းသပ်မှုတွေမှာ လူကိုယ်ခန္ဓာနဲ့ ဆင်ဆင်တူတဲ့ ပုံပန်းသဏ္ဌာန်ကို အသံလှိုင်းတွေနဲ့ ဖော်လို့ ရနေပါပြီ။ ခက်နေတာက ပေးထားတဲ့အသံကို ရပ်လိုက်တာနဲ့ ပုံပန်းသဏ္ဌာန်ဖွဲ့တည်နေမှု ပျက်ပြယ်သွားတာ ဖြစ်ပါတယ်။

အဲဒီပုံပန်းသဏ္ဌာန်မှာ ဝိညာဉ် ကိန်းအောင်းပေးဖို့ လိုနေတယ်။ ဝိညာဉ် ကိန်းအောင်းနိုင်ပြီဆိုရင် လူပုံပန်းသဏ္ဌာန်ကို ဆက်ထိန်းထားလို့ ရသွားမယ်။ ဘာလို့လဲဆို တော့ ဝိညာဉ်ကိန်းနေပြီ ဆိုရင် စိတ်ဆိုတာ ရှိနေပြီ။ စိတ်ရှိနေရင် အတွေးနဲ့ ခံစားမှု ရှိနေပြီ။ အဲဒီအတွေးတွေ၊ ခံစားမှုတွေက အစဉ် အသံပြုပေးနေကြတယ်။ အဲဒီအသံတွေက ပုံပန်းသဏ္ဌာန်ဖွဲ့တည်နေမှုကို ဆက်တည်တံ့အောင် ထိန်းပေးထားနိုင်တယ်။ ဒီတော့ စိတ်ကနေ အသံပြုပေးနေလိုက်ရင် ပုံပန်းသဏ္ဌာန်က ဆက်လက် ဖွဲ့တည်နေမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ စိတ်က အသံပြုပေးနေတယ်။ စိတ်ခံစားမှုတွေ၊ အတွေးတွေက အသံလှိုင်းတွေ ထုတ်လွှတ်တယ်။ စိတ်ဒဏ်ပိရင် မကျန်းမမာဖြစ်ရတာ၊ စိတ်ထောင်းလို့ ကိုယ်ကြေရတာတွေဟာ စိတ်က ဒဏ်ပိတဲ့အခါ ထုတ်ပေးနေကျ အသံလှိုင်းတွေ မထုတ်ပေးနိုင်တော့လို့ ကိုယ်ခန္ဓာဖွဲ့တည်မှုမှာ အပြောင်းအလဲတွေ ဖြစ်ပေါ်တယ်။ အဲဒါကို နေမကောင်းဖြစ်တယ်လို့ မြင်လိုက်ကြတာ ဖြစ်ပါတယ်။

စကြဝဠာကြီးတစ်ခုလုံးကလည်း အသံလှိုင်းနဲ့ ဖွဲ့တည်နေတာ ဖြစ်ပါတယ်။ ဒီအကြောင်းကို ရှေးဂရိပေါက်ပုဂ္ဂိုလ် သင်္ချာကျော် ပိုက်သဂိုရပ်က တင်ပြခဲ့ဖူးပါတယ်။ လောကရဲ့ သံစဉ်များဆိုတဲ့ အယူအဆတစ်ရပ်ကို သူက ထုတ်ဖော်ပြီး ပြောပြပေးခဲ့ပါတယ်။

ရက်ပ်တိုင်းလ် နဂါးတွေက ႐ုပ်ခန္ဓာ မရှိတော့ရင်တောင် လူပုံကို ယာယီအားဖြင့် အသံလှိုင်းဖြင့် ဖန်တီးပြီး သူ့ဝိညာဉ်အတွက် အခွံအဖြစ် ခဏသုံးလို့ ရပါတယ်။

အခုတင်ပြပြီးသလောက်အထိ သတ္တုချကြည့်ရင် ရက်ပ်တိုင်းလ် နဂါးတွေမှာ အာကာသထဲမှ ခရီးနှင်ရောက်ရှိလာတာမျိုး ရှိတယ်။ အမျိုးအမည်မသိပျံသန်းယာဉ် (ဝ) ယူအက်ဖ်အို နဲ့ မြေကမ္ဘာကို ရောက်လာတယ်။ မြေကမ္ဘာပေါ်မှာ နေကြတဲ့ နဂါးတွေထဲမှာ

တစ်ချို့ လူသားမျိုးနွယ် အဖြစ်ခံယူပြီး လူနဂါးကပြားအဖြစ် နေထိုင်ကြတယ်။ တချို့က အသံလှိုင်းနဲ့ လူ့ခန္ဓာကို ဖန်တီးပြီး လူ့ဘောင်ထဲ ခဏဝင်လာတာမျိုးကို ပြုကြတယ်။ တချို့က ရက်ပ်တိုင်းလ်စစ်စစ် သွေးမရောဘဲ နေကြတယ်။ မြေပေါ်မှာ နေကြတဲ့သူရှိသလို မြေအောက်မှာ နေကြတဲ့သူတွေလည်း ရှိတယ်။

သူတို့ရဲ့ မြေအောက်စခန်းတစ်ခုက အမေရိကန်နိုင်ငံရှိ ဒင်ဗာလေဆိပ် Denver Airport ဖြစ်ပါတယ်။ အဲဒီ ဒင်ဗာလေဆိပ်အကြောင်းကို အဲလက်စ် ခရစ်တိုဖာ Alex Christopherဆိုတဲ့ အမျိုးသမီးက *Pandora's Box* စာအုပ်မှာ ဖော်ပြခဲ့ပါတယ်။ ပထမတွဲနဲ့ ဒုတိယတွဲဆိုပြီး ၂တွဲခွဲပြီး ထုတ်ဝေခဲ့ပါတယ်။

သူက နဂါးနဲ့ တွေ့ဆုံခဲ့ဖူးပုံကို ရေးသားထားတယ်။ သူက နဂါးကို 'မျက်ပြူးမီးခိုးရောင်' big-eyed Grey လို့ ခေါ်ဝေါ်ပါတယ်။ ဖလော်ရီဒါပြည်နယ်၊ ပနားမားစီးတီးမှာ သူ နေထိုင်ခဲ့စဉ် ကြုံခဲ့ရတာ ဖြစ်ပါတယ်။

တစ်ခုသောည ၂နာရီလောက်မှာ ဘေးအိမ်က မိန်းမက ကြောက်လန့်တကြား ဖြင့် ဖုန်းဆက်ခေါ်လို့ သူ သွားကြည့်ရတယ်။ ဘေးအိမ်ကို ရောက်တော့ အိမ်ရှင်မိန်းမက နံရံကို ကျောမှီထားရင်း သတိလစ်နေတာကို တွေ့ရတယ်။ အခန်းထဲမှာ စွမ်းအင်တွေ ဖိစီးနေတာကို အဲလက်စ် ခံစားမိတယ်။ ခေါင်းတောင် ထိုးကိုက်လာတဲ့အထိ ဖြစ်ပါတယ်။ အခန်းထဲမှာ ခတ်ရောင်ခြည်တွေ ပြည့်လျှံနေပုံရတယ်လို့ သူက ရေးသားခဲ့ပါတယ်။ နောက်တစ်နေ့မှာတော့ အခန်းထဲမှာ အလှစိုက်ထားတဲ့ အပင်တွေ အကုန်သေနေကြတာကို တွေ့ရတယ်။

သူက မိတ်ဆွေ အမျိုးသမီးကို လှုပ်ပြီး နှိုးတော့ ကံကောင်းထောက်မပြီး သတိပြန်လည်လာတယ်။ သူ့အမျိုးသား လေယာဉ်ပိုင်းလော့လည်း ကတုန်ကရီဖြင့် တုန်တုန်ရီရီဖြစ်ရင်း အပေါ်ထပ်က ဆင်းလာတယ်။

သူတို့ကို ခတ်ရောင်ခြည်သင့်မှာ စိုးလို့ အိမ်ပြင် အထွက်ခိုင်းရတယ်။ အပြင် ရောက်တော့မှ စကားပြောဖြစ်ကြတယ်။ သူတို့ လင်မယားက ကိုယ်လက်နှီးနှော နေကြ တုန်းမှာ အိပ်ခန်းထဲ လင်းထိန်သွားတယ်။ ပြီးတဲ့အခါ ကုတင်ပေါ်က ဆွဲချတာ ခံလိုက် ရတယ်။ ကုပ်ဆွဲပြီး ခေါ်တာဖြစ်လို့ ပိုင်းလော့ရဲ့ ရင်ဘတ်ဘေးဘက်မှာ လက်ရာထင် ကျန်ရစ်တယ်။ လက်ချောင်းရာတွေကျန်ခဲ့တာမှာ အလျား ၁၀ လက်မလောက် ရှိတယ်။ လက်သည်းကုတ်ခြစ်ခံရတဲ့ ဒဏ်ရာလည်း ကျန်ခဲ့တယ်။ အဲလက်စ်က ဗီဒီယိုနဲ့ မှတ်တမ်း တင်ထားလိုက်တယ်။ စိတ်အေးလက်အေး ဖြစ်ကြချိန်မှာ အဲလက်စ်က အိမ်ကို ပြန်လာ ခဲ့တယ်။

လို့ အဲလက်စ်က သူ့အတွေ့အကြုံကို ရေးသားခဲ့ပါတယ်။ အဲဒီလို ကြုံတွေ့ခဲ့ရ တာကြောင့် သူက စိတ်ဝင်တစားဖြင့် လေ့လာစုံစမ်းမှုတွေ လုပ်ဖြစ်ခဲ့ပြီး နဂါးတွေ အကြောင်း သိသွားခဲ့တယ်။

သူက ဒင်ဗာလေဆိပ်ဟာ နဂါးတွေရဲ့ မြေအောက်ဌာနေကို ဖုံးကာပေးထား



ဒင်ဗာလေဆိပ် နံရံဆေးရေးပန်းချီ

တယ်။ မြေအောက်စခန်းရဲ့ ဝင်ထွက်ပေါက် ဖြစ်တယ်လို့ ရေးသားခဲ့ပါတယ်။ အရပ်စကားနဲ့ ပြောရရင် နဂါးသိုက် ရှိတဲ့နေရာ ဖြစ်ပါတယ်။

အဲဒီဒင်ဗာလေဆိပ်မှာ ထူးထူးခြားခြား ဖြစ်နေတာတွေ အများကြီး ရှိနေတာကို တွေ့ကြရပါတယ်။ ဒီလေဆိပ်ကို ကွင်းခေါင်ခေါင်မှာ တည်ဆောက်ခဲ့တာ ဖြစ်ပြီး အကုန်အကျ အရမ်းများခဲ့ပါတယ်။ ဒင်ဗာမြို့ရဲ့ လေဆိပ်အဖြစ် တည်ဆောက်ခဲ့တာ ဖြစ်ပေမယ့် ဒင်ဗာမြို့နဲ့ အတော်ကလေး ဝေးပါတယ်။ လေဆိပ်တစ်ခုလုံးမှာ မေဆင်ဂရန္ဒာရီဂိုဏ်းရဲ့ အမှတ်အသားတွေ၊ သင်္ကေတတွေ ပြည့်နှက်နေပါတယ်။

မေဆင်ဂရန္ဒာရီဂိုဏ်းကို ဖရီးမေဆင်လို့လည်း ခေါ်ပါတယ်။ ရှေးကျတဲ့ မြန်မာဝတ္ထုတွေထဲမှာတော့ လျှို့ဝှက်ဂရန္ဒာရီဂိုဏ်းအကြောင်းကို ဘုမသိဘမသိနဲ့ ရေးခဲ့တာတွေ ရှိပါတယ်။ ဖရီးမေဆင်က 'ပသျှူးခေါင်းပြတ်ဂိုဏ်း'လို့ ကင်ပွန်းတပ်ခံရပါတယ်။ အမည်ကြားတာနဲ့တင် ကျောချမ်းစရာ ဖြစ်အောင် ရေးခဲ့ကြဟန်တူပါတယ်။ ဒါကလည်း အကြောင်းရှိပါတယ်။ မေဆင်တွေက ႁပိတု တံဆိပ်လုပ်ရင် ကြောက်အောင် ဖြခြောက်နေတဲ့ပုံနဲ့ ႁပိတု လုပ်လေ့ရှိပါတယ်။ မသိမ်မွေ့တဲ့ သတဝါ ဦးခေါင်းပုံကို သုံးလေ့ရှိပါတယ်။ ကိုယ်မှာ တောင်ပံတစ်စုံ တပ်ပေးထားလိုက်ပါသေးတယ်။ ကြောက်စရာမကောင်းပါဘူးဆိုရင်တောင် ပုံပန်းသဏ္ဍာန်က အချိုးမကျတာ အမှန်ပဲ။

ဖရီးမေဆင်တွေရဲ့ ကျောင်းဆောင်အဆောက်အဦတွေမှာ ဂရိတ်ဟော Great Hall ဆိုတဲ့ ခန်းမတစ်ခု အမြဲထားတယ်။ ဒင်ဗာလေဆိပ်ရဲ့ ခန်းမတစ်ခုကို ဂရိတ်ဟောလို့ အမည်ပေးထား တယ်။ အဲဒီ ဂရိတ်ဟောထဲမှာ အထိမ်းအမှတ်အဖြစ် ထားတဲ့ ကျောက်ႁပိတုက နဂါးပျံပုံ ဖြစ်ပါတယ်။ ခန်းမနံရံမှာ နံရံဆေးရေးပန်းချီ ရှိပါတယ်။ နိမိတ်မရှိနမာမရှိတဲ့ ပုံတွေ သင်္ကေတတွေ ရေးဆွဲ ပေးထားတယ်။ ခေါင်းတလားသုံးခုထဲမှာ သေနေတဲ့မိန်းကလေး သုံးယောက်ပုံလည်း ပါတယ်။ တစ်ယောက်က ဂျူးမကလေး၊ နောက်တစ်ယောက်က အမေရိကန်ရဲ့ မူလတိုင်းရင်းသားဖြစ်တဲ့ ရက်ဒ် အင်ဒီးယန်းလို့ ခေါ်တဲ့ လူနီလူ ိုင်းမကလေး။ ကျန်တဲ့တစ်ယောက်က လူမည်းမကလေး ဖြစ်ပါတယ်။ နောက်ထပ် ကောင်မကလေးတစ်ယောက်က မာယာလူမျိုးနွယ်တွေရဲ့ ကျောက်ပြားကလေးကို ကိုင်ထားတယ်။ ကျောက်ပြားမှာက ၂၀၁၂ခုနှစ်မှာ ကမ္ဘာပျက်မယ်လို့ မာယာသင်္ကေတစာတွေနဲ့ ဖော်ပြထားတယ်။ ကမ္ဘာမပျက်ရင်တောင် လူမျိုးနွယ်တွေ ပျက်သုန်းမယ်။

ယောကျ်ားတစ်ယောက်ပုံကို ကြီးကြီးမားမား ဖော်ပြပေးထားတယ်။ သူ့လက်ထဲမှာ ဓားတစ်ချောင်းကိုင်ထားတယ်။ တိုက်မယ့်ခိုက်မယ့်ပုံနဲ့ ရေးဆွဲထားတယ်။ နောက်ခံအဖြစ် ပျက်စီး နေတဲ့ မြို့ကို ဖော်ပြထားတယ်။ မိန်းမတွေက ကလေးအသေတွေကို ရင်မှာပိုက်ရင်း မြို့ပျက်ရဲ့ လမ်းပေါ်မှာ လျှောက်လာနေကြပုံကို ရေးဆွဲထားတယ်။ တကယ်ကို လေဆိပ်နဲ့ မအပ်စပ်တဲ့ ပုံတွေ ဖြစ်နေပါတယ်။

နဂါးတွေက အမေရိကန်ကို အရှေ့ခြမ်းနဲ့ အနောက်ခြမ်းဆိုပြီး ပိုင်နက်ဒေသနှစ်ခု ခွဲထားတယ်။ ဒင်ဗာလေဆိပ်က အနောက်ခြမ်းရဲ့ ဌာနချုပ်လို့ ဆိုကြပါတယ်။

ညီအစ်ကိုတော်လုပ်ငန်းစဉ်ရဲ့ တာဝန်ကြီးဖြစ်တဲ့ ကမ္ဘာ့အစီအမံသစ် New World Order ကို လုပ်ဆောင်နေတဲ့ ဌာနချုပ်တွေထဲက တစ်ခု ဖြစ်ပါတယ်။

အရှေ့ခြမ်းအတွက်က အတလန်တာလေဆိပ်ကို အသုံးပြုပါတယ်။ ဒင်ဗာလေဆိပ်နဲ့ အတလန်တာလေဆိပ်တို့က တည်ဆောက်ပုံချင်း ဆင်ဆင်တူကြပါတယ်။

မြေအောက်စီမံကိန်းတွေကို အမေရိကန်မှာ အကောင်အထည်ဖော်ခဲ့ကြတယ်။ အမေရိကန်မှာသာမက အခြားနိုင်ငံတွေမှာလည်း ရှိနေပါတယ်။ ဒါပေမယ့် ကျွန်တော် လက်လှမ်းမီသမျှကိုသာ တင်ပြနိုင်မှာမို့ အမေရိကန်က မြေအောက်စီမံကိန်းကို ပြောပြပါမယ်။

အမေရိကန်ရဲ့ မြေအောက်စီမံကိန်းတွေအကြောင်းကို ဖော်ကောင်လုပ်သူကတော့ ဖေးလ် ရှန်နီဒါ Phil Schneider ဖြစ်ပါတယ်။

သူက ဒုတိယကမ္ဘာစစ်တုန်းက ဂျာမန်တွေရဲ့ သတင်းကြီးတဲ့ ရေငုပ်တိုက်သင်္ဘော တွဲဖြစ်တဲ့ ယူ–ဘုတ်ရဲ့ ရေယာဉ်မှူးတစ်ဦးရဲ့သား ဖြစ်ပါတယ်။ သူက အမေရိကန်မှာ မြေအောက်စခန်းတွေ ဆောက်ဖို့ ကန်ထရိုက်ရခဲ့တယ်။ မြေအောက်စစ်စခန်းတွေ၊ မြေအောက်မြို့တွေ၊ ဆက်သွယ်ရေးလမ်းကြောင်းတွေ၊ သွားလာဖို့ လိုဏ်ဂူတွေ ပါဝင်တဲ့ စီမံကိန်းတွေ ဖြစ်ပါတယ်။ သူက လုပ်ကိုင်ဖို့ သဘောတူလက်ခံပြီး လုပ်ကိုင်နေရင်း သူ စိတ်ပြောင်းသွားတယ်။ သူရဲ့ ဖြောင့်ချက်ကို ဗီဒီယိုရိုက်ပြီး လူထုကို အသိပေးဖြန့်ဝေခဲ့တယ်။ ဒါပေမယ့် သူကံဆိုးပါတယ်၊ သူတင်ပြအသိပေးတာကို မယုံကြည်ကြတဲ့သူက များနေတယ်။ နောက်ထပ် ကံထပ်ဆိုးပါတယ်။ သူ့ကိုယ်သူ သတ်သေတဲ့ ပုံဖြင့် သေဆုံးနေတာကို တွေ့ကြရတယ်။

သူက ဒင်ဗာမြေအောက်စီမံကိန်းအကြောင်းကိုလည်း ဗီဒီယိုထဲမှာ ဖွင့်ဟပြောကြားခဲ့ပါတယ်။ ဒင်ဗာမြေအောက်စခန်းက အနည်းဆုံး အထပ် ရှစ်ထပ်ရှိတယ်။ ၄ ၅ စတုရန်းမိုင် ကျယ်ဝန်းတဲ့ မြို့တော်တစ်ခု ရှိတယ်လို့ ခန့်မှန်း ပြောကြားခဲ့ပါတယ်။

သူ လုပ်ကိုင်ခဲ့ရတဲ့ မြေအောက်စခန်း နှစ်ခုကတော့ နယူးမက္ကဆီကိုမှာ ရှိတဲ့ ဒူစ် Dulce နဲ့ နီဗာဒါ သဲကန္တာရမှာ ရှိတဲ့ ဧရိယာ–၅၁ Area 51 တို့ ဖြစ်ပါတယ်။ Area 51က အခု ဆိုရင် နာမည်ရတဲ့ ဗီဒီယိုဂိမ်း ဖြစ်နေပြီ။ ပလေးစတေးရှင်အတွက်လည်း ဂိမ်းခွေရှိတယ်။ ကွန်ပျူတာအတွက်လည်း ဂိမ်းခွေရှိတယ်။

ဒီလို မြေအောက်မှာ နေထိုင်ကြတာကို မြေလျှိုးတယ်လို့ ဆိုရမယ် ထင်တယ်။ အရှေ့တိုင်းမှာတော့ နဂါးတွေကို အုပ်စုခွဲပြီး စာရင်းပြုစုပေးထားတာ တွေ့ရတယ်။

၁) ကမ္ဗလ တရ – မြင့်မိုရ်တောင်ခြေ၌ နေကြကုန်သော စစ်သူကြီး နဂါးမျိုး

၂) တေရဋ္ဌ – နဂါးအပေါင်းတို့၏ မင်းဖြစ်သော နဂါးမျိုး

၃) သတသီဒန္တရဝါသီ – သမုဒ္ဒရာအတွင်း နေသော နဂါးမျိုး

၄) ပဗ္ဗတဋ္ဌက – တောင်တွင်းအောင်းသော နဂါးမျိုး

၅) ပထဝီဋ္ဌက – မြေတွင်းအောင်းသော နဂါမျိုး

၆) ဝိမာနဥက – နတ်ကဲ့သို့ ဗိမာန်၌ နေသော နဂါးမျိုး

စသဖြင့် အုပ်စုတွေ ခွဲထားတယ်။ အခု မြေအောက်မှာနေတဲ့ နဂါးမျိုးနွယ်က ပထဝီဥက တွေ ဖြစ်မယ်ထင်ပါတယ်။

ဒူစ်မှာ တာဝန်ထမ်းရတဲ့ စစ်သည်တစ်ဦးက ရေဒီယိုိုးတစ်ခုမှာ သူ့အတွေ့ အကြုံကို ပြောပြဖူးပါတယ်။ အဲဒီ ရေဒီယိုိုးက အမေရိကန်မှာ နဂါးမြင်တွေ့ဖူးတဲ့သူတွေကို မေးမြန်းတဲ့ အစီအစဉ်ဖြစ်ပါတယ်။ မျက်မြင် Sighting လို့ အမည်ရှိတဲ့ အစီအစဉ် ဖြစ်ပါတယ်။ သူက မှတ်မိသမျှကို ပြန်ပြောပြခဲ့တယ်။

''ကျွန်တော်က လုပ်ိုးလုပ်စဉ်အတိုင်း တာဝန်ချိန်မှာ လုပ်ကိုင်နေပါတယ်။ လူငယ် စစ်သည်တစ်ယောက် ကျွန်တော့်ဆီကို ရောက်လာပြီး အရေးတကြီး ဂဟေဆော် စရာ ရှိနေတယ်လို့ ပြောပါတယ်။ သူ့ကို ဂဟေဆော်တဲ့ အလုပ်ုကို ခေါ်သွားပေး လိုက်ပါတယ်။ သူက ပုံဆွဲပြထားတဲ့ စာရွက်ကို ထုတ်ပြပြီး သူလုပ်စေချင်တာကို ရှင်းပြပါ တယ်။ ဂဟေဆရာက ဂဟေဆော်တော့ ကျွန်တော်တို့နှစ်ယောက်က ဘေးကနေ ရပ်ကြည့် နေကြပါတယ်။ ဂဟေမီးက စူးတာကြောင့် ကျွန်တော်က အကြည့်ကို လွှဲလိုက်ပါတယ်။ လူငယ်စစ်သည်ဘက်ကို အကြည့် ရောက်သွားတယ်။ ဒီအခါမှာ အံ့စရာကို ကြုံလိုက်ရ ပါတယ်။ သူမျက်နှာက တစ်ဝက်တစ်ပျက် ထွင်းဖောက် မြင်နေရတယ်။ အထဲဘက်မှာ နောက်ထပ် မျက်နှာတစ်ခု ရှိနေတယ်။ မျက်လုံးတွေ ပြူထွက်နေတယ်။ ခေါင်းမှာ ဆံပင်မရှိဘူး။ အကြေးခွံတွေ ရှိနေတယ်။''

ရက်ပိုင်းအကြာမှာ စကားစပ်မိကြရာက သူ့လို အဖြစ်မျိုး ကြုံဖူးတဲ့သူတွေ ရှိနေကြတာကို သိခွင့် ရခဲ့ပါတယ်။

တတိယ ဂျာစန် ဘိရှော့ Jason Bishop III ဆိုတဲ့သူက စုံစမ်းမေးမြန်းမှု တွေ ပြုလုပ်ပြီး *.. .And The Truth Shall Set You Free* ဆိုတဲ့ စာအုပ်ကို ရေးသားထုတ်ဝေခဲ့ပါတယ်။ သူရဲ့ အဆိုအရ ဒူစ် မြေအောက်စခန်းက အနည်းဆုံး အထပ် ၇ ထပ် ရှိတယ်။

''နံပါတ် ၆ အထပ်ကို အိပ်မက်ဆိုးခန်းဆောင် လို့ ခေါ်ကြတယ်။ အဲဒီမှာ မျိုးိုးဗီဇ ခွာတ်ခွဲခန်း ရှိတယ်။ စပ်ပေါင်းသတ္တဝါတွေကို လှောင်အိမ်တွေနဲ့ ထားထားတယ်။ ဖျံ၊ ငှက်၊ ကြွက်စတာတွေ ရှိနေပြီး သူတို့ရဲ့ ကိုယ်ခန္ဓာမှာ တခြားတိရစ္ဆာန်နဲ့ စပ်ထားတဲ့ ကိုယ်အင်္ဂါတွေ ပါနေတယ်။ လူလောက်နီးနီးကြီးတဲ့ လင်းနို့တွေလည်း ရှိတယ်။

မြေအောက်စခန်းမှာ လုပ်ကိုင်ကြရသူတွေက ကြောက်စရာအိပ်မက်ဆိုး တစ်ခု မက်နေသလို ခံစားရတာကြောင့် ဆဌမထပ်ကို အိပ်မက်ဆိုးခန်းဆောင်လို့ အမည်ပေး ထားကြတာ ဖြစ်ပါတယ်။ နံပါတ် ၇ အထပ်မှာတော့ အအေးခန်း (ရေခဲတိုက်) ရှိတယ်။ လူသေအလောင်းတွေ ရှိတယ်။ ပြီးတော့ လူအရှင်တွေလည်း ရှိတယ်။ သူတို့ကို အကျဉ်းချ ထားပြီး ဆေးဝါးတွေ မှန်မှန်ပေးထားတယ်။ သူတို့က ကုသလို့မရအောင် ူးသွပ်နေကြပြီး အန္တရာယ်ပြုတတ်ကြလို့ အခုလို လုပ်ထားရတယ်လို့ အလုပ်သမားတွေကို ရှင်းပြထားတယ်။

အစမှာတော့ အဟုတ်မှတ် ခဲ့ကြတယ်။ နောက်တော့ အဖြစ်မှန်ကို သိသွားကြတယ်။ ၁၉၇၈ခုနှစ်မှာ အလုပ်သမားတစ်စုက သိသွားကြတာ ဖြစ်ပါတယ် . . . . "

အဲဒီလို သိသွားကြတဲ့အခါ နဂါးတွေနဲ့ လူတွေ တိုက်ခိုက်ကုန်ကြတယ်။ နဂါးတွေက လေဆာသေနတ်တွေနဲ့ ပစ်တယ်။ ပစ်ခံရလို့ ဒဏ်ရာရကြသူတွေထဲမှာ ဖေးလ် ရှန်နီဒါလည်း ပါတယ်။ သူ့ ရင်ဘတ်မှာ ထိမှန်ခဲ့တယ်။ ဆေးကုသမှု ခံယူခဲ့ရပြီး အနာကျက်ချိန်မှာ အမာရွတ် ကျန်ခဲ့တယ်။ အဲဒီ ရင်ဘတ်အမာရွတ်ကို သူဖော်ကောင်လုပ်တဲ့ ဗီဒီယိုမှာ ပြသခဲ့ပါတယ်။

ဒီလို တိုက်ပွဲဖြစ်ပွားခဲ့တာကြောင့် စခန်းကို ယာယီအားဖြင့် ပိတ်ခဲ့ရပါတယ်။ အေးဆေး ငြိမ်သက်ပြီး သိတဲ့သူတွေကို ဇိဝိန်ချေပြီးချိန်ကျမှ ပြန်ဖွင့်ခဲ့တယ်။

အခုလို မြေအောက်စခန်းတွေရှိတဲ့ နယူးမကဆီကိုနဲ့ နီဗားဒါးမှာ မြေအောက် ချုံးကလီးယားပုံးဖောက်ခွဲမှုတွေ စမ်းသပ်ပြုလုပ်ခဲ့တာဟာ သာမန်တိုက်ဆိုင်မှု မဟုတ်ဘူး။ မြေအောက်မှာ ဘယ်လောက်အထိ တွင်တွင်ကျယ်ကျယ် လုပ်ထားနိုင်ကြတယ်ဆိုတာကို ခန့်မှန်း ကြည့်နိုင်ပါတယ်။

**လူထူးလူဆန်း**

ကလေးအထူအဆန်း မွေးတာတွေ ရှိပါတယ်။ အရောင်ချို့ယွင်းပြီး မွေးလာတဲ့ ကလေးကို အယ်လ်ဘီနိုး albinoလို့ ခေါ်ပါတယ်။ အရောင်ချို့ယွင်းနေတာကြောင့် အသား အရောင်က ဆွတ်ဆွတ်ဖြူနေတယ်။ နို့ရောင်ပေါက်နေတယ်။ ဆံပင်တွေကလည်း ဖွေးဖွေးဖြူနေ တယ်။ မျက်လုံးမှာ မျက်ဝန်းက ပန်းနု သို့မဟုတ် အပြာရောင် ဖြစ်နေတယ်။ သူငယ်အိမ်က အနီရင့်ရင့် ဖြစ်နေတယ်။ အယ်လ်ဘီနိုးလူဖြူအကြောင်းကို ပါရှန်း (ယခု အီရန်) ဒဏ္ဍာရီတစ်ခုမှာ ဖော်ပြထားတယ်။ ဒဏ္ဍာရီကို ပြန်လည်တင်ဆက်ပေးသူက အာရပ်ကဗျာကဝိ ဖာဒိုစီ ဖြစ်ပါတယ်။ သူက ရှာနီမီလို့ အမည်ရှိတဲ့ စာအုပ်ကို ရေးသား ခဲ့ပါတယ်။ ရှာနီမီရဲ့ အဓိပ္ပာယ်က ရာဇဝင်ကျမ်း ဖြစ်ပါတယ်။

အယ်လ်ဘီနိုးလူဖြူကလေးလေးရဲ့အမည်က ဇယ်လ် ဖြစ်ပါတယ်။ ဆမ်လို့ အမည်ရတဲ့ ဘုရင်ကနေ မွေးဖွားတာ ဖြစ်ပါတယ်။ ဖခမည်းတော်က သားတော်ကို ကြည့်ပြီး ထိတ်လန့် တုန်လှုပ်တယ်။ ကိုယ်ခန္ဓာက ထွားကြိုင်းတယ်။ အသားရောင်က ငွေစင်၊ ဆံကေသာက သူအိုလို ဖွေးဖွေးဖြူနေတဲ့ နှင်းဖြူ၊ မျက်နှာက နေ။ နတ်ဆိုးကနေ လူလာဖြစ်တာလား။ ဒါမှမဟုတ် ကင်းစောင့်ကြသူများလို့ ခေါ်ကြတဲ့ နတ်တွေကနေ လူလာဖြစ်တာလား။

မြေကမ္ဘာမှာ လူကမွေးရင် အခုလို ပုံဆိုးပန်းဆိုး မဖြစ်နိုင်။ ကိုယ်ခန္ဓာနဲ့ မျက်နှာတွေက လူနဲ့တူတာ မှန်ပေမယ့် နတ်ဆိုးမျိုးနွယ် ဖြစ်မယ်။ နတ်ဆိုး မဟုတ်ရင်တောင် သားရဲကောင် ဖြစ်မယ်လို့ မှတ်ချက်ချတော်မူတယ်။

ဇယ်လ် အရွယ်ရောက်တော့ တိုင်းတစ်ပါးက မင်းသမီးနဲ့ လက်ထပ်တယ်။ ကာဘူးလ်မှ စော်ဘွားမီရက်ရဲ့ သမီးတော်နဲ့ ဖြစ်ပါတယ်။ မင်းသမီးရဲ့ အမည်က „ဒါဘက် ဖြစ်ပါတယ်

ဘုရင်မီရက်က နဂါးမင်း ဇာဟက်ရဲ့ ဆွေစဉ်မျိုးဆက်မှ ဖောက်ဖွားလာသူ ဖြစ်ပါတယ်။ တစ်နည်းပြောရရင် နဂါးသွေး ပါသူ ဖြစ်ပါတယ်။ ဇာဟက်က ပါရှန်းကို နှစ်ပေါင်းတစ်ထောင် အုပ်စိုးခဲ့သူ ဖြစ်ပါတယ်။


သမီးတော် „ဒါဘက်ကလည်း ဒီပုပ်ထဲက ဒီပဲ ဖြစ်တာကြောင့် သူသည်လည်း နဂါး သွေးပါသူ ဖြစ်ပါတယ်။ အရပ်က ကျွန်းပင်လို ရှည်တယ်။ အသားက ဆင်စွယ်လို ဖြူတယ်။ နတ်–လူ ကပြားတွေရဲ့ ကြန်အင်လက္ခဏာတွေ ရှိနေတဲ့သူ ဖြစ်ပါတယ်။

ဘုရင်ဖြစ်တဲ့သူက ဘုန်းတန်ခိုးကြီးတဲ့သူလို့ အယူရှိခဲ့ကြတာ ရှေးခေတ် ကတည်းက ဖြစ်ပြီး ဘုရင်ဖြစ်ဖို့ ပြည့်စုံရမယ့် အရည်အချင်းမှာ သွေးက လူသာမန်သွေး မဟုတ်ဘဲ နတ်တို့၊ နဂါးတို့ စတာတွေရဲ့ သွေး ဖြစ်ဖို့ လိုပါတယ်။

ဒီအယူအဆက အရှေ့တိုင်း၊ အရှေ့အလယ်ပိုင်းတို့မှာသာမက ဥရောပအထိ ရှိနေပါတယ်။ အင်္ဂလန်မှာ ချီးမြှောက်ထိုက်သူတွေကို ဘုရင်မကနေ ဆာဘွဲ့ အပ်နှင်း ပါတယ်။ မြန်မာပြည်မှာလည်း ကိုလိုနီခေတ်က ဆာဘွဲ့ ချီးမြှောက်ခံရသူတွေ ရှိပါတယ်။

အဲဒီ ဆာ Sir ဆိုတာက ဘယ်ကနေ လာတာလဲလို့ ကြည့်လိုက်ရင် ရှေးနဂါးနတ်သမီး ဆာSir ဆိုတာကို ယူသုံးထားတာ ဖြစ်ပါတယ်။ အဲဒီ နဂါးနတ်သမီးဆာဆိုတာ တခြားသူ မဟုတ် ဘူး။ အန်–အူနပ်–ကီတွေရဲ့ မြေကမ္ဘာရောက် ရာဇဝင်မှာ ဆေးပညာ တစ်ဘက်ကမ်းခတ်အောင် ကျွမ်းကျင်နိုင်နင်းတဲ့ နင်ခါဆတ် (ခေါ်) နင်တီ (ကွတိယသက်ရှိ) ဖြစ်ပါတယ်။ အန်–အူနပ်–ကီ တွေက မောင်နှမ အချင်းချင်း လက်ထပ်ကြတာကြောင့် နင်ခါဆတ်က မောင်နှမတော်စပ်သူ အန်လီနဲ့ လက်ထပ်ခဲ့တယ်။ အန်လီကို သားနားတဲ့






နဂါးလို့ ဒဏ္ဍာရီဆရာတွေက စာတင်ခဲ့ကြတယ်။ တောက်ပတဲ့မျက်လုံးရှင် လို့လည်း ရေးကြပါတယ်။ ညီအစ်ကို တော်စပ်သူက မျိုး ိုးဗီဇပညာရှင် အန်ကီ (မြေကမ္ဘာရဲ့ သခင်ကြီး)။ သူ့ရဲ့ တံဆိပ်တော်က မြွေနှစ်ကောင်က ကြိုးကျစ်သလို လိန်နေတဲ့ သင်္ကေတ ဖြစ်ပြီး ရှေးအခါက အီရီဒူလို့ ခေါ်ပါတယ်။ အဲဒီသင်္ကေတက ဂရိနတ်မင်းများရဲ့ ဒဏ္ဍာရီမှာ ပြန်ပေါ်လာပြီး 'ကဒူးစီးယပ်စ်'caduceus လို့ အမည်တွင်တယ်။ အခုခေတ်မှာတော့ ဆေးပညာ လောကရဲ့ သင်္ကေတအဖြစ် သုံးနေကြပါတယ်။ မြွေနှစ်ကောင် လိန်နေတာကို နောက်တစ်မျိုး ကြည့်မယ်ဆိုရင် အခုခေတ် ဆေးပညာရဲ့ မျိုး ိုးဗီဇ ဒီအင်အေကလည်း အခုလိုပုံမျိုး ဖြစ်နေတာ တွေ့ရပါတယ်။

ဒီတော့ တံဆိပ်တော်ဟာ မြွေဒီအင်အေလို့ ပြောချင်ပုံရပါတယ်။ တစ်နည်းပြောရရင် နဂါးဒီအင်အေလို့ ပြောချင်ပုံရပါတယ်။ အရပ်စကားနဲ့ ပြောရရင် နဂါးသွေးပါတဲ့သူလို့ ပြောရပါမယ်။ နဂါးသွေးများများစားစားပါတဲ့သူတွေကို သွေးပြာသူ (ဝါ) ဘလူးဘလဒ် Blue Blood လို့ ခေါ်ကြပါတယ်။

နဂါးသွေးများများစားစားပါတဲ့လူတွေဟာ မိမိရဲ့ နဂါးပုံကို ဖျောက်ဖို့ လူပုံကို လွှင့်ထုတ် ပေးနိုင်တာဟာ မွေးရာပါ အရည်အချင်း ဖြစ်ပါတယ်။ နောက်ထပ်အရည်အချင်း တစ်ခုကတော့ ဂူ့ယူဖမ်းစားနိုင်တဲ့အကြည့် ဖြစ်ပါတယ်။ စပါးကြီးမြွေက သူရစ်ပတ်ပြီး သတ်ဖြတ်မယ့်သားကောင်ကို အကြည့်ဖြင့် အရင် ဂူ့ပြီး ကြက်သေသေနေအောင် လုပ်ပါတယ်။ ဘလူးဘလဒ်နဂါးကပြားတွေကလည်း လူတစ်ယောက်ကို စိုက်ကြည့်ပြီး ဂူ့နိုင်စွမ်း ရှိကြတယ်။

ဒီတော့ အခုလို မွေးရာပါအရည်အချင်းတွေ ရှိနေစေဖို့အတွက် သွေးနှောတာကို ဂရုစိုက်ကြရတယ်။ တစ်နည်းပြောရရင် သွေးပြာအချင်းချင်း လက်ထပ်ထိမ်းမြားပြီး နဂါးသွေးကို များများစားစား ပါနေအောင် ထိန်းသိမ်းကြရတယ်။ အဲဒီလို မောင်နှမချင်း ဒါမှမဟုတ် တစ်ဝမ်းကွဲတွေ အချင်းချင်း လက်ထပ်ပြီး မွေးလာတဲ့ ကလေးတွေထဲမှာ အယ်လ်ဘီနိုးကို မွေးတတ်တယ်။ တစ်နည်းပြောရရင် လူဖြူမွေးတတ်တယ်။

သွေးပြာတွေ အုပ်စိုးတဲ့နန်းတော်ကို ဘီစီ၂၂၀၀လောက်က တွေ့ရတယ်။ တွေ့ရတဲ့ တိုင်းပြည်ကတော့ အီဂျစ်ဖြစ်ပါတယ်။ အခုအခါမှာတော့ ဗြိတိန်မှာ တွေ့ရတယ်လို့ နဂါးသုတေသီတွေက ဆိုကြပါတယ်။

ကမ္ဘာကြီးမှာ ဆူနာမီကပ်ဘေးကြီး ဆိုက်ရောက်ပြီးသွားချိန်တုန်းကတော့ နဂါးတွေရဲ့ တစ်ကမ္ဘာလုံးဆိုင်ရာ ဌာနချုပ်က ဘေဘီလုံမှာ ရှိခဲ့ပါတယ်တဲ့။

**ဘေဘီလုံ**

ဘေဘီလုံက လက်ဘနွန်နိုင်ငံမှာ တည်ရှိခဲ့ပါတယ်။ ဘေဘီလုံကို ထူထောင်သူက ရှေးဒဏ္ဍာရီတွေ ရှေးစာတွေအရ ဘုရင် နင်ရော့ဒ် Nimrod ဖြစ်ပါတယ်။ နင်ရော့ဒ်ကို ဒဏ္ဍာရီတွေထဲမှာ ပြန်တွေ့ရပါတယ်။ ခေါ်မခေတ် ဂရိဒဏ္ဍာရီထဲမှာ ခွန်အားဗလ လွန်စွာကောင်းတဲ့ ဟာကြူလီဟာ နင်ရော့ဒ် ဖြစ်ပါတယ်။

နင်ရော့ဒ်ရဲ့ သရဖူမှာ သုံးစွဲတဲ့သင်္ကေတကတော့ ပွင့်ဖတ် သုံးခုပါတဲ့ နှင်းပန်းဖြစ်ပါတယ်။ အဲဒီနှင်းပန်းကို ရှေးပြင်သစ်ခေတ်မှာ တော်ဝင်တံဆိပ်အဖြစ် ပြန်လည်သုံးစွဲခဲ့ကြတာကို တွေ့ရပါတယ်။ *Fleur-de-lis* လို့ ခေါ်ပါတယ်။

သူ့ရဲ့ မိဖုရားက ဆီမီရာမစ် Semiramis ဖြစ်ပါတယ်။ နင်ရော့ဒ်ရဲ့ သင်္ကေတ ုပ်ပုံက ငါး ဖြစ်ပါတယ်။ ဆီမီရာမစ်ရဲ့ သင်္ကေတ ုပ်ပုံကတော့ ငါးနဲ့ ချိုးငှက်ဖြစ်ပါတယ်။ သံလွင်ခက်ကလေးကို နှုတ်သီးမှာ ချီထားတဲ့ ချိုးငှက်ဟာ ဆီမီရာမစ်ကို ရည်ညွှန်းပါတယ်။ ဆီမီရာမစ်ဆိုတဲ့ ဝေါဟာရက 'အကိုင်းအခက် သယ်ထားသူ' Se (the) emir (branch) amis (bearer) လို့ အဓိပ္ပာယ်ရပါတယ်။


သံလွင်ခက်ချီထားတဲ့ ချိုးငှက်ကို ငြိမ်းချမ်းရေးသင်္ကေတအဖြစ် သုံးစွဲကြပါတယ်။ ဘေဘီလုံညီအစ်ကိုတော်ဂိုဏ်းအနေဖြင့်တော့ မိဖုရားဆီမီရာမစ်ကို ရည်ညွှန်းတဲ့ သင်္ကေတတွေထဲက သင်္ကေတတစ်ခု ဖြစ်ပါတယ်။ အဲဒီချိုးငှက်ကို ဗြိတိသျှနန်းစဉ်ရဲ့ ရှင်ဘုရင်ကိုင်စွဲတဲ့ ကျိုင်းထိပ်မှာ တပ်ဆင်ပေးထားတာကိုလည်း တွေ့နိုင်ပါတယ်။ ဒါဟာ အကြောင်းမဲ့တိုက်ဆိုင်မှုတော့ မဟုတ်တန်ရာလို့ ကောက်ချက်ချကြရပါတယ်။ ဆီမီရာမစ်ကို ရည်ညွှန်းတဲ့ နောက်ထပ်သတ္တဝါကတော့ ငါး ဖြစ်ပါတယ်။

နင်ရော့ဒ်နဲ့ ဆီမီရာမစ်တို့မှာ သားတစ်ယောက်ထွန်းကားတယ်။ အမည်ရင်းက နီနုပ်စ်Ninus။ ဒါပေမယ့် တာမွတ်ဇ် Tammuzလို့ အများက ခေါ်ဝေါ်ခဲ့ကြတယ်။

နှင်းပန်းတံဆိပ်တော်ရဲ့ ပွင့်ဖတ်သုံးခုက သူတို့ သုံးယောက်ကို ရည်ညွှန်းထားတာဖြစ်ပါတယ်။

အခု ဘေဘီလုံခေတ်မှာ မိဖုရားဖြစ်နေတဲ့ ဆီမီရာမစ်က အန်–အူနပ်–ကီ






ခေတ်ဦး ကာလက ဆေးပညာမှာ တစ်ဘက်ကမ်းခတ်အောင် ကျွမ်းကျင်နိုင်နင်းတဲ့ နင်ခါဆတ် (ခေါ်) နင်တီ (ကူတိယသက်ရှိ) ဖြစ်ပါတယ်။

ဆီမီရာမစ်မှာလည်း ခေါင်းဆောင်းသရဖူ ရှိပါတယ်။ ကရွတ်ခွေပုံကို အခြေခံထားတဲ့ ပုံပန်းသဏ္ဍာန်ရှိပါတယ်။ ကရွတ်ခွေကနေ ကောင်းကင်ဆီကို ရောင်ခြည်တန်းတွေ ထွက်နေပါတယ်။စုစုပေါင်း ရောင်ခြည် ခုနစ်တန်း ထွက်နေပါတယ်။ အဲဒီခေါင်းဆောင်ပုံကို အမေရိကန်နိုင်ငံ နယူးယောက် ဆိပ်ကမ်းမှာ ထားရှိတဲ့ လေဘာတီ ႐ုပ်တုမှာ တွေ့နိုင်ပါတယ်။ ဆီမီရာမစ်ရဲ့ သရဖူကို ဆောင်းထားသူက ဘယ်သူလဲလို့ မေးဖို့ လိုမယ် မထင်ပါဘူး။ လေဘာတီ ႐ုပ်တုဟာ ဆီမီရာမစ်ရဲ့ ႐ုပ်တု ဖြစ်ပါတယ်။ အဲဒီ ႐ုပ်တုကြီးက ပြင်သစ်ကနေ အမေရိကန်တွေကို ဂုဏ်ပြုထောပနာပေးတဲ့ အနေဖြင့် ပေးပို့ပေးခဲ့တာဖြစ်ပြီး အဲဒီကိစရဲ့ နောက်ကွယ်မှာ ရှိနေသူတွေက ပြင်သစ်အခြေစိုက် ဖရီးမေဆင်ဂိုဏ်းဝင်တွေ ဖြစ်ပါတယ်။

နင်ရော့ဒ်ရဲ့ ကိုယ်ခန္ဓာကို ပုံဖော်တဲ့အခါ တောင်ပံပါတဲ့ နဂါးသတဝါအဖြစ် ရေးဆွဲကြတာကို တွေ့ရပါတယ်။ နှောင်းလူတချို့က နဂါးပုံကို ငှက်အဖြစ် ပြောင်းလဲရေးဆွဲကြတဲ့အခါ လင်းယုန်ငှက်ကို သုံးစွဲကြတယ်။ ရောမခေတ်မှာ ခေါင်းနှစ်လုံးပါတဲ့ နတ်ငှက်အဖြစ် ပုံဖော်ခဲ့ကြ တာကို တွေ့ရပါတယ်။ အဲဒီလင်းယုန်ငှက်ကို ဖရီးမေဆင်တွေရဲ့ အစီအရင်တစ်ခုလို့ ယူဆကြပါတယ်။ ဖရီးမေဆင်ရဲ့ လင်းယုန်ရဲ့ ခေါင်းနှစ်ခုက ဘယ်နဲ့ညာကို ကြည့်နေကြတယ်။ အရပ်ဒေသ အားဖြင့် ပြောရရင် အရှေ့နဲ့ အနောက်အရပ်တွေ ဖြစ်ပါတယ်။

ရှေးဂန္ထာရီဆိုင်ရာ ဒဏ္ဍာရီတွေထဲမှာ နင်ရော့ဒ်ကို အန်နတ်စ်လို့ ခေါ်ဝေါ်ပါတယ်။ ရောမခေတ်မှာတော့ ဂျန်နတ်စ်လို့ ခေါ်ဝေါ်ပါတယ်။

ငါးမည်ရ ပြည်ရွှေဘိုလို ခေတ်အဆက်ဆက် နာမည်တွေ ပြောင်းလဲခေါ်ဝေါ်ခဲ့ကြတာဖြစ်ပါတယ်။

ကောင်းကင်ဘုံရဲ့ တံခါးတွေအတွက် သော့တွေက နင်ရော့ဒ်မှာ ရှိတယ်လို့ ယုံကြည် ကိုးကွယ်ခဲ့ကြတယ်။ သူက နတ်ဘုရားနဲ့ လူတွေအကြား ပေါင်းကူတံတားသဖွယ် ရှိပေးနေတဲ့သူဖြစ်တယ်။ ဒီတော့ သေတဲ့အခါ ကောင်းရာသုဂတိလားချင်ရင် သူကိုးကွယ်

စေချင်တာကို ကိုးကွယ်ရမယ်။ သူ မကိုးကွယ်စေချင်တာကို မကိုးကွယ်ရဘူးဆိုပြီး အဲဒီခေတ်က ဘုန်းတော်ကြီးတွေက ဟောပြောခဲ့ကြတယ်။ တစ်နည်းပြောရရင် ဘုန်းတော်ကြီးတွေ ကိုးကွယ်တာကသာလျှင် အမှန်။ သမ္မာဒိဋ္ဌိ။ ကျန်တဲ့အယူဝါဒမှန်သမျှ အမှား။ မိစ္ဆာဒိဋ္ဌိဆိုပြီး ဘေဘီလုံလူထုကို စည်းရုံးသိမ်းသွင်းထားတယ်။

ဘေဘီလုံခေတ်ရဲ့ အယူဝါဒတွေကို ကြည့်ရင် အတန်းအစား ၂မျိုးခွဲခြားထားတယ်။ လူထုလူများစုအတွက်က အယူသည်းတာတွေ၊ ပုံပြင်တွေကိုးကွယ်တာတွေ စီမံပေးထားတယ်။ အတွင်းစည်းကို ဝင်ခွင့်ရလို့ ဝင်လာသူတွေကိုတော့ တကယ့်ပညာရပ်တွေ သင်ပေးတယ်။ ဒါပေမယ့် မပေါက်ကြားဖို့ နှုတ်လုံရတယ်။ ပေါက်ကြားရင် အစစ်အမေးမရှိ သေဒဏ်ချက်ချင်း ပေးတယ်။

အဲဒီလို လူများစုကို အယူဝါဒမှိုင်းတိုက်ထားပြီး လက်ရွေးစင်လူနည်းစုကိုသာ လျှို့ဝှက်အပ်တဲ့ပညာလက်ဆုပ်လက်ရင်း သင်ပေးတဲ့စနစ်ကို ဘေဘီလုံညီအစ်ကိုတော်တွေက အခုထိ ကျင့်သုံးနေကြဆဲဖြစ်ပါတယ်။

ဆီမီရာမစ်ကို 'ကောင်းကင်ဘုံဘုရင်မ'လို့လည်း ခေါ်ဝေါ်ကြတယ်။ နတ်ဘုရား(ဂြိုဟ်သား)အပျိုစင်မိခင် လို့လည်း ခေါ်ကြတယ်။ တချို့နေရာတွေမှာတော့ မြေကမ္ဘာရဲ့ မဟာမိခင် (ဝါ) နမ်ခါဆတ်လို့ ခေါ်ဝေါ်ကြတယ်။ 'တာဝါများကို တည်ဆောက်သူ' ဆိုပြီးတော့လည်း တန်ခိုးရှင်အဖြစ် ကိုးကွယ်ကြတယ်။

ဘေဘီလုံခေတ်မှာ ထင်ရှားတဲ့ တာဝါတစ်ခုက ဘဘယ် Babelဖြစ်ပါတယ်။ ဘဘယ်ဆိုတာ ဘေဘီလုံကို ဆိုလိုပါတယ်။ တာဝါရဲ့ နာမည်ရင်းက အီတီမန်နာကီ ဖြစ်ပါတယ်။ အဓိပ္ပာယ်က မြေပြင်ပေါ်က ကောင်းကင်ရဲ့ အခြေခံအုတ်မြစ်လို့ ဆိုလိုပါတယ်။ အထပ် ၇ ထပ် ပါရှိပါတယ်။ပေ ၃၀၀ ကျော် မြင့်ပါတယ်။ ရှေးဟောင်းသုတေသီတွေ ခန့်မှန်းတွက်ချက်မှုအရ အောက်ဆုံးထပ်က အမြင့်ပေ ၁၀၈ ပေ ရှိပြီး ကြမ်းခင်းဧရိယာက ၃၀၀ စတုရန်းပေ ရှိပါတယ်။ ဒုတိယထပ်က ပေ ၆၀ခန့် မြင့်ပါတယ်။ ကြမ်းခင်းဧရိယာက ၂၅၆ စတုရန်းပေ ရှိပါတယ်။ တတိယထပ်က ပေ၂၀ မြင့်ပါတယ်။ ကြမ်းခင်းဧရိယာ ၁၉၇ စတုရန်းပေ ရှိပါတယ်။ အထပ်မြင့်လာတာနဲ့အမျှ အရွယ် သေးသွားပါတယ်။ ထိပ်ကို ချူးသွားပါတယ်။ အခြေခံအုတ်မြစ် တစ်ခုတည်းပေါ်မှာ အထပ် ၇ထပ် တည်ဆောက်ထားတာလား။ တစ်ထပ်စီအတွက် အုတ်မြစ် တစ်ခုစီလားဆိုတာတော့ မသဲမကွဲ ဖြစ်နေကြရတယ်။ ဆိုချင်တာက ၇ထပ်အတွက် အဆောက်အဦကို အလယ်မှာထားပြီး ဆောက်တယ်။ သူ့ဘေးပတ်ပတ်လည်မှာ ၆ထပ် အဆောက်အဦကို သီးခြားအုတ်မြစ်ချပြီး ဆောက်တယ်။ ပြီးရင် ၅ထပ်ကို ၆ထပ်အဆောက်အဦရဲ့ ပတ်ပတ်လည်မှာ သီးခြားအုတ်မြစ်ချပြီး ဆောက်တယ်။ အဲဒီလိုမျိုး ပတ်ပတ်လည်မှာ ငုံပြီး ဆောက်ထားတာလားဆိုတာ မသဲမကွဲ ဖြစ်နေဆဲ ရှိပါတယ်။

အခုအခါမှာ ဥရောပအဖွဲ့က ဆောက်တဲ့ ဥရောပပါလီမန် အဆောက်အဦက

ဘာဘယ် တာဝါပုံစံအတိုင်း ဖြစ်နေတာကို တွေ့ရတယ်။ အပေါ်ထိပ်ပိုင်းကအစ တူနေရတာဟာ အကြောင်းမဲ့တိုက်ဆိုင်တာ ဟုတ်ပုံမရဘူးလို့ ကောက်ချက်ချကြရပါတယ်။



Babel တာဝါ



ဥရောပပါလီမန်

**ဘေဘီလုံညီအစ်ကိုတော်များ**

ဘေဘီလုံညီအစ်ကိုတော်တွေဟာ 'တစ်ကမ္ဘာလုံးအစိုးရ' One World Government ဆိုတာကို နောင်တစ်ချိန်မှာ အကောင်အထည်ဖော်နိုင်ဖို့အတွက် ဘေဘီလုံခေတ်ကတည်းက စနစ်တကျ ကြံစည်လုပ်ကိုင်ခဲ့ကြတယ်။ ဥရောပ၊ အာရှ နေရာအနှံ့ကို သူ့လူတွေ ဖြန့်ကျက်ထား ခဲ့တယ်။ ဒီလို ဖြန့်ကျက်တဲ့ နဂါးတွေကို ယေဘုယျ အားဖြင့် သုံးမျိုး ခွဲခြားနိုင်တယ်။ အညံ့ဆုံးအမျိုးက လူနဂါးကပြားဖြစ်ပြီး နဂါးသွေး နည်းနည်းပါးပါးပဲ ပါတော့တဲ့ ကပြား ဖြစ်ပါတယ်။ သူတို့ကို သွေးမစစ်နဂါးလို့ ခေါ်ကြပြီး အပြင်စည်းမှာပဲ ထားပါတယ်။

ဒုတိယ တစ်မျိုးက နဂါးသွေးများများစားစား ပါပြီး သူတို့ရဲ့ ကိုယ်ခန္ဓာ၊ အထူးသဖြင့် ဦးခေါင်းက ပုတ်သင် ိ ဦးခေါင်းပုံ ဖြစ်နေတယ်။ အဲဒီ ဦးခေါင်းကို လူပုံလွှင့် ထုတ်ပြီး ဖုံးကာနိုင်စွမ်း ရှိကြပြီး အဲဒီအစွမ်းက မွေးရာပါအစွမ်း ဖြစ်ပါတယ်။ တစ်နည်း ပြောရရင် မျိုး ိုးဗီဇအက်ဆစ် ဒီအင်အေမှာ ပါလာပြီးသား ဖြစ်ပါတယ်။ သူတို့ကို သွေးနှော နဂါးလို့ ခေါ်ကြပါတယ်။

နောက်တစ်မျိုးကတော့ နဂါးသွေးအပြည့်ပါတဲ့သူတွေ ဖြစ်ပါတယ်။ တစ်နည်း ပြောရရင် အန်–အူနပ်–ကီသွေး ရာနှုန်းပြည့် ပါရှိသူ ဖြစ်ပါတယ်။ သူတို့ကို သွေးစစ်နဂါးလို့ ခေါ်ကြပါတယ်။သူတို့မှာ ကျွန်တော်တို့လို အလျား၊အနံနဲ့ အမြင့်ဆိုတဲ့ ဘက်၃ဘက် ကိုယ်ခန္ဓာမရှိဘူး။ သူတို့မှာ အနည်းဆုံး တာ၄တာ ရှိတယ်။ တစ်နည်းပြောရရင် အလျား၊အနံနဲ့အမြင့်အပြင် နောက်ထပ် တာတစ်ခု ထပ်ရှိနေတယ်။ အဲဒီတာက ထပ်ထည့်တဲ့တာဖြစ်လို့ အဆစ်ထပ်ထည့်ထားသလို ဖြစ်နေတာကြောင့် 'အဆစ်'လို့ ခေါ်ကြ ပါစို့။ ဒါဆိုရင် သူတို့မှာ အလျား၊အနံ၊အမြင့်နဲ့ အဆစ် ဆိုပြီး တာ၄တာ ရှိတယ်။ အဲဒီ အဆစ်က ၄ခုမြောက်တာ ဖြစ်နေလို့ စတုတတာလို့လည်း သိပ္ပံပညာမှာ ခေါ်ဝေါ်ကြတယ်။

သူတို့က တာ၃တာမှာ လူအဖြစ်ဖြင့် ဝင်ရောက်လှုပ်ရှားဖို့အတွက် တာ၃တာ ကိုယ်ခန္ဓာကို ယူသုံးကြတယ်။ လူကိုယ်ခန္ဓာထဲ ဝင်ပြီး နေလိုက်ကြတယ်။ လူတွေမှာက နဂိုကတည်းက နဂါးသွေး အနည်းနှင့်အများဆိုသလို ပါထားပြီးသား (ဟိုမိုစာပီယန်ကနေ သက်ဆင်း လာတဲ့သူတွေ) ဆိုတော့ ဒီလို ဝင်နေပြီး လုပ်ကိုင်ဖို့ လွယ်ကူနေစေတယ်။ အရပ်စကားနဲ့ ပြောရရင်တော့ လူကိုယ်ခန္ဓာထဲ ဝိညာဉ်ကိန်းသလိုမျိုး ဝင်ပူးပြီး လုပ်ကိုင်ကြ တာ ဖြစ်ပါတယ်။

ကျွန်တော်တို့ လူတွေ အာကာသထဲကို သွားတဲ့အခါ အာကာသဝတ်စုံကို ဝတ်ဆင် ကြရတယ်။ နဂါးသွေးစစ်သူတွေအဖို့ လူကိုယ်ခန္ဓာကို အာကာသဝတ်စုံအဖြစ် ဆင်မြန်းထားတာ ဖြစ်ပါတယ်။ ဒါမှ ဒီက လေထုထဲနေလို့ရမယ်။ ဒီက သဘာဝပတ်ဝန်းကျင် အခြေအနေနဲ့ လိုက်လျောညီထွေစွာ နေထိုင်နိုင်မှာ ဖြစ်ပါတယ်။ ဒီတော့ ဝတ်ထားတဲ့ အာကာသဝတ်စုံဖြစ်တဲ့ လူကိုယ်ခန္ဓာတစ်ခု အိုမင်းဟောင်းနွမ်းသွားတဲ့အခါ နောက်တစ်ထည် ပြောင်းဝတ်ပြီး ဆက်လက် နေထိုင်လုပ်ကိုင်ကြပါတယ်။ တစ်ထည်မကောင်း တစ်ထည်

ပြောင်းပြီး သုံးစွဲကြပါတယ်။

ကျွန်တော်တို့က ပြတင်းပေါက်ကနေ အပြင်ကို ကြည့်သလိုမျိုး သူတို့က လူမျက်လုံး နှစ်လုံးကနေ အပြင်ကို ကြည့်ကြရပါတယ်။ ဒီလို ကြည့်တဲ့အခါ စတုတတာ ကနေ တာ၃တာကို လှမ်းကြည့်တဲ့အကြည့်ဖြင့် ကြည့်ရတာဖြစ်လို့ သူတို့ရဲ့ အကြည့်က အေးစက်မာကြောနေတတ်တယ်လို့ ဆိုပါတယ်။


သူတို့က လောကကို တာ၄တာ အမြင့်ဖြင့် ႕မြင်ကြသူတွေ ဖြစ်ပါတယ်။ အဲဒါကြောင့် သူတို့ရဲ့ အယူဝါဒကလည်း တာ၃တာအနေဖြင့် မမြင်နိုင်တာတွေကို ထည့်သွင်းထားတာ သဘာဝကျပါတယ်။ သူတို့ရဲ့ အယူဝါဒမှာ အဓိကကျတဲ့ အခြေခံ ၃ရပ် ရှိပါတယ်။ မီး၊မြွေနဲ့ နေ ဖြစ်ပါတယ်။ အဲဒီ၃ခုမှာ နေက အရေးကြီးပါတယ်။

လူသားမျိုးနွယ်တွေမှာ နေကို ကိုးကွယ်မှု ရှိပါတယ်။ ရှင်ဘုရင်တွေဟာ နေကနေ သက်ဆင်းလာတယ်လို့ ပြောဆိုကြတာတွေရှိပါတယ်။ နေမျိုးနွယ်တွေအဖြစ် ပြောဆိုကြတယ်။ နေက မေတာလက်ဆောင်အဖြစ် အလင်းရောင်နဲ့ အပူဓာတ်ကို ပက်ဖြန်း ပေးနေတယ်။ အပင်တွေရှင်သန်ဖို့အတွက်သာမက သတ္တဝါတွေ ရှင်သန်ဖို့အတွက်ကိုပါ အထောက်အကူ ပြုပေးနေတယ်။ ဘေဘီလုံညီအစ်ကိုတော်တွေလို ဂိုဏ်းကြီးတွေမှာလည်း နေကို အထူးဂ ုပြုကြတာ တွေ့ရတယ်။

နေက ပေးကမ်းဝေမျှတွေတာထဲမှာ ကျွန်တော်တို့ရဲ့ အာ ုံခံအင်္ဂါနဲ့ သိနိုင်တာ တွေ ရှိသလို မသိနိုင်တာတွေလည်း ပါနေတယ်။ သံလိုက်လှိုင်းတွေကို စကန့်မလပ် လွှင့်ထုတ်ပေးနေ တယ်။ အဲဒါကို ကျွန်တော်တို့ရဲ့ အာ ုံခံအင်္ဂါတွေက မသိနိုင်ဘူး။ အဲဒီသံလိုက်လှိုင်းတွေကနေ သက်ရောက်မှုတွေ ပေးနေတာ သေချာပေမယ့် ကျွန်တော်တို့ရဲ့ အာ ုံခံအင်္ဂါတွေက မသိနိုင်ဘူး။

နေရဲ့ အရွယ်အစားကို ခန့်မှန်းရာမှာ နေကို လုံးဝန်းတဲ့ ပုံပန်းသဏ္ဍာန်မျိုး ရှိလိမ့်မယ်လို့ ယူဆပြီး တွက်ချက်ထားကြတယ်။ အချင်းက မိုင်ပေါင်း ၉၆၄ ၀၀၀ ရှိတယ်။ နေရဲ့ ဒြပ်ထုကလည်း ကြီးမားတယ်။ နေစကြဝဠာထဲမှာ ရှိရှိသမျှ ဒြပ်ထုတွေထဲမှာ မြင်ရတဲ့ ဒြပ်ထုစုစုပေါင်းရဲ့ ၉၉ရာခိုင်နှုန်း နီးပါးကို နေက ပိုင်ဆိုင်ထားတယ်။ မြင်ရတဲ့ ဒြပ်ထုလို့ ဆိုရတာက ခေတ်သိပ္ပံမှာ မမြင်ရတဲ့ သာမန်အားဖြင့် ရှိမှန်မသိရတဲ့ အမှောင်ဒြပ်ထု Dark Matters တွေ ရှိနေလို့ ဖြစ်ပါတယ်။

နေက ပူလောင်နေတဲ့ ဓာတ်ငွေ့ဓာတ်အလုံးကြီးဖြစ်နေတယ်။ လွှတ်ပူနေတယ်။ အတွင်း အပူချိန်က စင်တီဂရိတ် ၁၄သန်း ရှိနေတယ်။ ဒီလို ပူလောင်နေရာက မီးတောက် မီးလျှံကြီးတွေ ထွက်ပေါ်တာကို နေအစက်အပြောက် Sun Spot အဖြစ် မြင်တွေ့ကြရ တယ်။ ဓာတ်ပုံတွေ ိုက်ယူပြီး တိုင်းတာကြည့်ကြတယ်။ မီးလျှံမီးတောက်ရဲ့ အမြင့်က မိုင်ပေါင်း ၁၀၀ ၀၀၀အထိ မြင့်တာတွေ ရှိတယ်။ အဲဒီလို ဧရာမ မီးလောင်မှုကြီး တွေကနေ စွမ်းအင်တွေ ထုတ်လွှတ်ပေးတယ်။ အဲဒီစွမ်းအင်တွေက ဆိုလာစီးကြောင်း Solar wind အဖြစ် စီးဆင်းပြီး ခရီးနှင်ကြတာမှာ မြေကမ္ဘာကို ရောက်လာတာတွေလည်း ရှိတယ်။




တကယ်လို့သာ မြေကမ္ဘာမှာ အကွယ်အကာ မရှိခဲ့ရင် မတွေးဝံ့စရာဘဲ။ ရောက်ရှိလာတဲ့ သံလိုက်စက်ကွင်းတွေက ကျွန်တော်တို့ကို လျော်ပစ် ဖုတ်ပစ် ကြလိမ့်မယ်။ မိုက်ခရိုဝေ့ဗ် မီးဖိုထဲကို အရှင်လတ်လတ်ဝင်ပြီးနေရတာထက်တောင် ဆိုးဝါးလိမ့်မယ်။

မိတ်ဆွေ၊ မပူပါနဲ့။ မြေကမ္ဘာမှာ အကွယ်အကာ ရှိနေပါတယ်။ ကမ္ဘာ့သံလိုက်စက်ကွင်း နဲ့ ချိတ်ဆက်ထားတဲ့ Van Allen Belts ဆိုတဲ့ ခါးပတ်တွေက မြေကမ္ဘာကို ဒိုင်းကာသဖွယ် ကာရံပေးထားကြတယ်။

၁၉၅၈ခုနှစ်မှာ အမေရိကန်လူမျိုး အာကာသ ပဗေဒပညာရှင် ဒေါက်တာဂျိန်းစ် အေ ဗင်အဲလင်က ကမ္ဘာ့သံလိုက်စက်ကွင်းထဲမှ မိနေတဲ့ ဓာတ်ဆောင် အနုမြူမှုန်တွေ ရှိနေကြပြီး အာကာသထဲမှာ ကမ္ဘာကို ပတ်နေတယ်ဆိုတာ သူက သိရှိခဲ့လို့ သူ့ကို အစွဲပြုပြီး ဗင်အဲလင်ခါး ပတ်များလို့ အမည်တွင်ခဲ့တာ ဖြစ်ပါတယ်။

အဲဒီရောမခါးပတ်ကြီးတွေက ဒိုင်းကာအဖြစ် ကာရံပေးထားကြလို့ မြေကမ္ဘာက နေအစက်အပြောက် သက်ရောက်မှုဒဏ်က ခံသာနေရတာ ဖြစ်ပါတယ်။

နေအစက်အပြောက်တွေကို အထူးပြုလေ့လာပြီး နေအစက်အပြောက် ဖြစ်ပေါ်မှု တစ်ခုနဲ့ တစ်ခုအကြား ကြားကာလတွေကို ဆန်းစစ်ပြီး တင်ပြခဲ့သူ တစ်ဦးကတော့ မောရစ်ကော်တာရယ် Maurice Cotterell ဖြစ်ပါတယ်။ သူက Adrian G. Gilbert နဲ့အတူ မာယန်းဟောကိန်းများ *The Mayan Prophecies* ဆိုတဲ့ စာအုပ်ကို ရေးသားထုတ်ဝေခဲ့ပါတယ်။ ဟိုးရှေးရှေးတုန်းက မကဆီကိုနိုင်ငံမှာ ထွန်းကားခဲ့တဲ့ မာယာခေတ်ကို သူ လေ့လာပြီး ရေးသားခဲ့တာ ဖြစ်ပါတယ်။ ၂၀၁၂ခုနှစ်မှာ ကမ္ဘာပျက်မယ်

လို့ လူပြောများတဲ့ ဟောကိန်းတွေ ဖြစ်ပါတယ်။

ကော်တာရယ်က သုတေသနလုပ်တာ အတော်ကလေး ခရီးပေါက်ချိန်မှာ မာယာတွေရဲ့ နက္ခတ်တွက်ချက်မှုဆိုင်ရာ သင်္ချာမှာ အံ့သြစရာကောင်းတာတွေကို သွားတွေ့တယ်။ မာယာတွေရဲ့ တွက်ချက်မှုတွေက တိကျသေချာတာကို သူတွေ့ရတယ်။ ပြီးတော့ မာယာတွေရဲ့ ကာလစက်ဝန်း တွေက နေအစက်အပြောက်ဖြစ်ပေါ်တဲ့ စက်ဝန်းနဲ့ ကိုက်ညီနေတယ်။ မာယာတွေရဲ့ ကာလစက်ဝန်း က လူ့ဘောင်ရဲ့ တိုးတက်မှုနဲ့ ဆုပ်ကပ်တွေကို တွက်ချက်ပြီး ဟောကိန်းတွေ ထုတ်ပေးထားတယ်။

ဟောကိန်းတွေကို တွက်ချက်ရာမှာ နေအစက်အပြောက် ဖြစ်ပေါ်မှုကို အခြေပြုထားတာကို ကော်တာရယ် တွေ့ရတယ်။

ကျွန်တော်တို့က ကမ္ဘာ့သံလိုက်စက်ကွင်းထဲမှာ နေထိုင်နေကြတယ်။ ပြီးတော့ စကြဝဠာရဲ့ သံလိုက်စက်ကွင်းမှ ပေးနေတဲ့ သက်ရောက်မှုကိုလည်း ခံကြရတယ်။ အထူးသဖြင့် အနီးဆုံးဖြစ်တဲ့ နေရဲ့ သံလိုက်စက်ကွင်းသက်ရောက်မှုကို ခံယူကြရတယ်။

အရာရာဟာ သံလိုက်စက်ကွင်းက ဖြစ်ပေါ်တဲ့ စွမ်းအင်တွေနဲ့ မကင်းကြပါဘူး။ သေးနုတ်တဲ့ အက်တမ်တွေကလည်း လျှပ်စစ်သံလိုက်စက်ကွင်းကိုယ်စီ ရှိနေကြတယ်။ ဒီတော့ အက်တမ်တွေနဲ့ ဖွဲ့တည်နေတဲ့ မော်လီကျူးတွေမှာလည်း လျှပ်စစ်သံလိုက်စက်ကွင်း ရှိနေတယ်။ မော်လီကျူးတွေနဲ့ အတိပြီးတဲ့ ဆဲလ်တွေမှာလည်း လျှပ်စစ်သံလိုက်စက်ကွင်း ရှိနေတယ်။ လျှပ်စစ်သံလိုက်စက်ကွင်းက လျှပ်စစ်ဓာတ်ကြောင့် ဖြစ်ပေါ်နေတဲ့ သံလိုက်စက်ကွင်း ဖြစ်တာကြောင့် သံလိုက်ကနေထုတ်တဲ့ သံလိုက်စက်ကွင်းနဲ့ သဘောသဘာဝ အတူတူပဲ ဖြစ်ပါတယ်။ ဒီတော့ သံလိုက်စက်ကွင်းလို့ပဲ အခြေခံကျကျ စဉ်းစားကြည့်နိုင်ပါတယ်။

သံလိုက်စက်ကွင်းတွေကို ထုတ်ပေးနေတဲ့ သံလိုက်ဓာတ်ကို အပြောင်းအလဲလုပ်လိုက်ရင် သံလိုက်စက်ကွင်းမှာလည်း အပြောင်းအလဲတွေ ဖြစ်ပေါ်တယ်။ သံလိုက်စက်ကွင်းတွေ ပြောင်းရင် သူတို့က ပေးတဲ့ စွမ်းအင်အခြေအနေတွေလည်း ပြောင်းတယ်။ ဒီအခါမှာ ကျွန်တော်တို့ အပေါ် သက်ရောက်မှုတွေ ပြောင်းလဲကုန်တာကြောင့် ကျွန်တော်တို့ရဲ့ အခြေအနေတွေလည်း ပြောင်းလဲသွားရပါတော့တယ်။ စိတ်ပိုင်း ၊ ပ်ပိုင်း နှစ်ခုစလုံးမှာ အပြောင်းအလဲတွေ ဖြစ်ကုန်တယ်။

ဒီလို သက်ရောက်မှုမျိုးတွေက နေကနေသာ ပေးနေတာ မဟုတ်ဘူး။ တခြားဂြိုဟ်တွေကလည်း ပေးတယ်။ သူတို့ကလည်း ကမ္ဘာလိုပဲ နေကို လှည့်ပတ်သွားလာနေကြတယ်။ အဲဒီလို ကိုယ့်ပတ်လမ်းနဲ့ကိုယ်၊ ကိုယ့်အရွေ့နှုန်းနဲ့ကိုယ် သွားလာရင်း ကမ္ဘာကို သက်ရောက်မှုတွေ ပေးနေကြတယ်။ ဒြပ်ဆွဲအား၊ သံလိုက်အား စတာတွေနဲ့ သက်ရောက်မှုတွေ ပေးနေကြတယ်။

အဲဒီလို သက်ရောက်မှုတွေပေးတာကြောင့် လူတွေ အေးချမ်းသွားတာ ရှိသလို ဒေါသကြီးတာ၊ ဆူပူအုံကြွတာတွေလည်း ရှိတယ်။ ကော်တာရယ်က သဋ္ဌေသားဘဝမှာ


သက်ရောက်မှုက ပိုထိရောက်တယ်လို့ ဆိုပါတယ်။ တစ်ဦးချင်းစီအလိုက် သက်ရောက်မှုကို ဆိုလိုပါတယ်။ လူအများ၊ လူထုအပေါ်သက်ရောက်မှုတွေကို သူ လေ့လာကြည့်တဲ့အခါ နေမှာ အစက်အပြောက် ဖြစ်ပေါ်နေတဲ့ကာလတွေနဲ့ လူ့ယဉ်ကျေးမှုထွန်းကားတာ ပျက်သုန်းတာတွေ၊ အင်ပါယာထူထောင်တာ ပျက်သုန်းတာတွေဟာ တိုက်ဆိုင်မှု ရှိနေတာ သူတွေ့ရတယ်။

လူရဲ့ ကိုယ်တွင်းမှာ ရှိနေတဲ့ ဇီဝနာရီကတော့ နေနဲ့ အချိန်ကိုက်အောင် နာရီတိုက်ထားတာကို ဇီဝသိပ္ပံပညာရှင်တွေ ခိုင်ခိုင်မာမာ သိထားတာတော့ ကြာပါပြီ။ အခုလို လူထုတစ်ရပ်၊ တိုင်းနိုင်ငံတစ်ခုနဲ့ ချိတ်ဆက်မှု ရှိနေတာကတော့ အသစ်အဆန်း တစ်ခုလို ဖြစ်နေပါတယ်။

မာယာတွေကလည်း အန်–အူနုပ်–ကီတွေပဲ ဖြစ်တာကြောင့် ဒီလို နေစကြဝဠာနဲ့ ပတ်သက်တဲ့အသိပညာတွေကို အန်–အူနုပ်–ကီတွေဖြစ်တဲ့ ဘေဘီလုံညီအစ်ကိုတွေ ကလည်း သိရှိထားကြမှာ သေချာပါတယ်။ အထက်မှာ ဆိုခဲ့ပြီးတဲ့အတိုင်း သူတို့က



ကြီးမားလေးလံလှတဲ့
ကျောက်တုံးကြီးတွေကို ကရိန်းဆိုတာ
မရှိတဲ့ခေတ်ကာလမှာ ဘယ်လို
သယ်ရွှေ့ခဲ့ကြသလဲ။ လိုချင်တဲ့နေရာ
အတိအကျ ရအောင် ဘယ်လို
နေရာချခဲ့ကြသလဲ။ ဘယ်လို
မတ်မတ်ထောင်ခဲ့ကြသလဲဆိုတာ အခုထိ
အဖြေရေရေရာရာ မရသေးပါဘူး။






အယူဝါဒကို စည်းခြားပြီး ကျင့်သုံးကြတဲ့သူတွေဆိုတော့ လူထုကို နေကိုးကွယ်ဖို့ အယူဝါဒကို မှိုင်းတိုက်ထားပြီး သူတို့ကတော့ နက်နဲတဲ့ပညာရပ်တွေနဲ့ နေမှရတဲ့ စွမ်းအင်တွေ၊ သဘော သဘာဝတွေကို အသုံးချနေကြမယ် ထင်ပါတယ်။ ဒါကြောင့်လည်း အခုလို ဟောကိန်းတွေကို တိတိကျကျ ထုတ်နိုင်ခဲ့ကြတာဖြစ်မယ်။


ဘေဘီလုံညီအစ်ကိုဟာ ဘေဘီလုံကို ဌာနချုပ်သဖွယ် အသုံးပြုပြီး ကမ္ဘာအနှံ့ကို ဩဇာပျံ့နှံ့ဖို့အတွက် ကမ္ဘာ့နေရာအနှံ့မှာ နေရာယူကြပါတယ်။ အာရှဆိုရင်လည်း အရှေ့ဖျားအထိ ရောက်တယ်။ ဥရောပ၊ အမေရိက စသဖြင့် ဖြစ်လာမယ့် မြေနေရာတွေဆီကိုလည်း သူတို့ ရောက်ရှိနေကြတယ်။ အရှေ့အလယ်ပိုင်းဆိုရင် အီဂျစ်မှာ တွင်တွင်ကျယ်ကျယ် နေရာယူထားခဲ့ကြတယ်။

ဘုန်းတော်ကြီးအဖြစ်ခံယူထားကြတဲ့ အန်–အူနပ်–ကီ (ခေါ်) နဂါးတွေက ခရစ်တော် မပေါ်မီ နှစ်ပေါင်း ၂၀၀၀ ဝန်းကျင်မှာ နဂါးတော်ဝင်ထီးနန်း The Royal Court of the Dragon ကို ထူထောင်ခဲ့ပါတယ်။ အခုအခါမှာတော့ အင်ပါယာနှင့် နဂါးတော်ဝင်ထီးနန်းဥသျှောင်the Imperial and Royal Court of the Dragon Sovereignty လို့ အမည်တွင်ပါတယ်။

နဂါးတွေက တာဝန်ကျတဲ့နေရာမှာ အခြေချနေထိုင်ပြီးတဲ့အခါ ဂူဠာရီဂိုဏ်းတွေကို သိုသိုသိပ်သိပ်နဲ့ ထူထောင်တယ်။ အပေါ်စီးတန်ခိုးလောက်အထိ ရနိုင်တဲ့နည်းလမ်းတွေ

လူသိများသည့် စွမ်းအင်စီးကြောင်း ley line တစ်ခုဖြစ်သည့် စိန့်ဗျူရီဒေသရှိ စီးကြောင်း





သင်ပြပေးတယ်။ မိစ္ဆာဒိဋ္ဌိတွေ ဖြစ်အောင် လုပ်တယ်။ အယူသည်းခြင်းနဲ့ အကြောက်တရားတွေ စွဲနေအောင် မှိုင်းတိုက်တယ်။ ယုံကြည်ကိုးကွယ်မှုတွေကို ချပေးတယ်။ အဲဒီလို ဂမ္ဘီရကျောင်းတော်တွေ ရှိနေခဲ့တာ နှစ်ပေါင်း ထောင်ချီကြာမြင့်ခဲ့ပါပြီ။ ဒီလို နည်းပေါင်း ထောင်ချီကြာမြင့်ခဲ့ပေမယ့် အတွင်းစည်းထဲမှာ သင်ပြပေးတဲ့ပညာတွေကို သင်ပြပေးခြင်း မပြုခဲ့ဘူး။

နဂါးတွေက ရောက်ရှိတဲ့အရပ်မှာ နက္ခတ်ပညာကို အသုံးပြုပြီး စွမ်းအင်ဝဲကတော့ ထိုးတဲ့နေရာတွေကို ရှာဖွေထားကြတယ်။ ဒီအတွက် ထင်ရှားတဲ့ တည်ဆောက်မှုတွေထဲမှာ တစ်ခုကတော့ လူသိအများဆုံးလို့ ဆိုနိုင်တဲ့ အင်္ဂလန်မှ စတုံးဟင့်ချ် Stonehenge ဖြစ်ပါတယ်။

ကြီးမားတဲ့ ကျောက်တုံးကြီးတွေကို ထိုးထိုးထောင်ထောင်ဖြင့် နေရာချထားတာမှာ ကောင်းကင်က နေနဲ့တကွ ကြယ်တွေ၊ ဂြိုဟ်တွေနဲ့ အရံဂြိုဟ်ဖြစ်တဲ့လတို့ကို ကြည့်ဖို့ ဖြစ်နေတာကို တွေ့ကြရတယ်။ တည်ဆောက်ခဲ့တာဟာ ပေါက်ပုဂ္ဂိုလ်ပိုက်သဂိုရ ပေါ်ထွန်းခဲ့တာထက် နှစ်ပေါင်း ၁၀၀၀လောက် စောပေမယ့် တည်ဆောက်ခဲ့သူတွေဟာ ပိုက်သဂိုရသင်ပြပေးခဲ့တဲ့ ဂဲသြမေတြီပညာရပ်ကို တတ်မြောက်ထားသူတွေ ဖြစ်နေတာကို တည်ဆောက်ထားပုံအရ သိကြရတယ်။ ကာဘွန်သက်တမ်းဖော်နည်းဖြင့် ထောက်ချင့်ကြည့်ရာမှာ ဘီစီ၂၃၀၀ ဝန်းကျင်ဖြစ်နေတာကို သိကြရတယ်။

အခုခေတ်လူတွေ ဒဏ်မီသရွှေ့ စဉ်းစားဖော်ထုတ်ကြည့်ကြတာမှာ နေက ဥတရယဉ် စွန်းတန်းနဲ့ မဇ္ဈေဝိထိရောက်ချိန်တွေ သိနိုင်ဖို့ လုပ်ထားတာကို တွေ့ကြရတယ်။ တစ်နှစ်တာမှာ ဘယ်ရက်ဘယ်ကာလရောက်နေတယ်ဆိုတာကို တိုင်းထွာကြည့်ပြီး သိနိုင်ဖို့ လုပ်ထားတယ်ဆိုတာကို ဖော်ထုတ်နိုင်ခဲ့ကြတယ်။

စွမ်းအင်တွေ လက်ခံရယူဖို့နဲ့ ထုတ်လွှင့်ဖို့အတွက် လုပ်ထားမှန်း ရိပ်စားမိကြပေမယ့် အဲဒီကိစတွေနဲ့ ပတ်သက်တဲ့ပညာကို တတ်ကျွမ်းခြင်း မရှိသေးတာကြောင့် ဖော်ထုတ်နိုင်ခြင်း မရှိသေးပါဘူး။

ကမ္ဘာပေါ်မှာ သံလိုက်အပါအဝင် စွမ်းအင်စီးကြောင်း ley line တွေ ရှိနေတယ်။ အဲဒီစီးကြောင်းတွေကို တ ု တ်ရှေး ိုးစဉ်လာလောကီပညာမှာတော့ 'နဂါးမျဉ်း'လို့ ခေါ်ဝေါ်ပါတယ်။ စွမ်းအင်စီးကြောင်းရဲ့ သက်ရောက်မှုအားကောင်းတဲ့နေရာမှာ မျိုး ို း ဗီဇပြုပြင်မှုတွေ လုပ်ကိုင်လို့ ရတယ်လို့ ယူဆထားကြပါတယ်။ စီးကြောင်းတွေ လာဆုံရာက ရေစီးကြောင်းဆုံတဲ့အခါ ဝဲသြဃ ဖြစ်ပေါ်သလိုမျိုး စွမ်းအင်ဝဲသြဃ ဖြစ်ပေါ်တယ်။ ဝဲသြဃထဲမှာ နေရာယူပြီး သတ်မှတ်ထားတဲ့ ကိုယ်ကာယလေ့ကျင့်ခန်း၊ စိတ်လေ့ကျင့်ခန်းတွေ လုပ်ကိုင်ပေးရင် ထူးခြားတဲ့ ပါဝါတွေ ရရှိစေတယ်လို့ ယူဆထားကြပါတယ်။

ဘေဘီလုံညီအစ်ကိုတော်တွေက စွမ်းအင်ကိစအတွက် လိင်ကိစကိုလည်း အသုံးပြုကြတယ်။ လိင်စွမ်းအင်ရဲ့ ပါဝါကို အသုံးပြုကြတာဖြစ်ပြီး ဒီလို အသုံးပြုကြတာ လွန်ခဲ့တဲ့ နှစ်ပေါင်းထောင်ကျော်ကတည်းက အာရှမှာ ရှိနေခဲ့ပါတယ်။ အနောက်တိုင်းမှာလည်း



လျှို့ဝှက်စွာ ဖွဲ့ထားတဲ့ ဂန္ဓာရီအသင်းအဖွဲ့တွေမှာ သုံးစွဲခဲ့ကြပါတယ်။ လိင်စွမ်းအင်ဟာ အပြုသဘောအတွက် သုံးစွဲလို့ ရသလို အပျက်သဘောအတွက်လည်း သုံးစွဲလို့ရပါတယ်။ ကိုယ်ခန္ဓာထဲမှာ စွမ်းအင်တွေ စီးကြောင်း အဖြစ် စီးဆင်းနေတာကို လိုသလို ပဲ့ကိုင်တဲ့ နည်းလမ်းတွေ ရှိနေခဲ့ပါတယ်။ ကုဏ္ဍလီနီလို့ ခေါ်ကြပါတယ်။ ကျောရိုးရဲ့ အောက်ဘက်အဆုံးသတ်မှာ ရှိနေတဲ့ လိင်စွမ်းအင်တွေကို ကျောရိုး အတိုင်း အထက်သို့ တက်လာအောင် ပြုပေးခြင်းဖြင့် ပါဝါတိုးအောင် လုပ်တယ်လို့ ယေဘုယျအားဖြင့် ပြောလို့ရပါတယ်။ ကုဏ္ဍလီနီဆိုတာ ပတ်ခွေနေတဲ့ မြွေလို့ ဆိုလိုပါတယ်။ ကဒူးစီးယပ်စ် တံဆိပ်မှာပါတဲ့ မြွေနှစ်ကောင်လို ပတ်ခွေနေတာ ဖြစ်ပါတယ်။

သာမန်အခြေအနေမှာ ရှိနေတဲ့ လိင်စွမ်းအင် အဖိုဆန်သော သဘာဝဖြစ်တဲ့ ယန် နဲ့ အမဆန်သောသဘာဝဖြစ်တဲ့ ယင်တို့ ပါဝင်နေတယ်။ အဲဒီအခြေအနေကို 'ချင်း'လို့ ခေါ်တယ်။အဲဒါကို ပိုအစွမ်းထက်တဲ့ စွမ်းအင် 'ချီ'အဖြစ်သို့ ပြောင်းလဲပစ်လိုက်တယ်။ သိုင်းဝတ္တုတွေထဲမှာ အတွင်းအားလို့ ခေါ်တဲ့ အားတစ်မျိုးကို ထုတ်ပေးနိုင်တဲ့ အဆင့်ကို ရောက်သွားတယ်။ သာမန်အား ဖြင့် အားထုတ်လုပ်ကိုင်တာထက် အဆများစွာသာတဲ့ အားတစ်မျိုးကို ရရှိသွားတာ ဖြစ်ပါတယ်။ အဲဒီကနေ တစ်ဆင့်ထပ်တက်ရင် ပိုစွမ်းတဲ့ အား 'ရှန်'ကို ရရှိစေပါတယ်။ စကြဝဠာရဲ့ စွမ်းအင်တွေနဲ့ ချိတ်ဆက်မိသွားပြီး ယူသုံးလို့ရတဲ့ အဆင့် ဖြစ်ပါတယ်။

အဲဒီလို အဆင့်တက်တာကို 'ပွင့်'သွားတယ်လို့ ပြောဆိုကြပါတယ်။ ကုဏ္ဍလီနီ နိုးသွားတယ်လို့လည်း ပြောဆိုကြပါတယ်။ ကားအင်ဂျင်ကို စက်နှိုးလိုက်လို့ နိုးသွားတဲ့ အခါ စေခိုင်းလို့ ရတဲ့သဘောမျိုး ဖြစ်သွားတာကို ဆိုလိုပါတယ်။

စွမ်းအင်စီးကြောင်းတွေက မမြင်ရတဲ့ ပိုက်ကွန်တစ်ခုသဖွယ် ကမ္ဘာပေါ်မှာ ရှိနေကြတယ်။ ပိုက်ကွန်ကွက်တွေကို ဂရစ် Grid တွေအဖြစ် စဉ်းစားကြည့်ပြီး မြေပုံပေါ်မှာ ဆွဲကြည့်ကြတယ်။ အဲဒီ ဂရစ်တွေထဲမှာ တွေ့ရှိခဲ့သူကို အစွဲပြုပြီး Hartmann Grid လို့ ခေါ်တွင်တဲ့ ဂရစ်ဟာ နာမည်ကြီး ဂရစ်တစ်ခု ဖြစ်ပါတယ်။ စွမ်းအင်စီးကြောင်း ၁၂ ခု ဆုံဆည်းပြီး မြေကြီးထဲကို ဝင်သွားတဲ့ နေရာ ဖြစ်ပါတယ်။ တည်နေရာက အင်္ဂလန်နိုင်ငံ အဲဗျူရီ Avebury မှာ တည်ရှိပါတယ်။ တည်ရှိနေတဲ့နေရာကို ရှေးသူဟောင်းနဂါးတွေက ကျောက်တုံးတွေနဲ့ အဝိုင်းပုံသဏ္ဍာန်ဖြင့် အမှတ်အသား ပြုခဲ့ကြတယ်။ စတုံးဟင့်ချ်လိုပဲ



ထူးခြားတဲ့နေရာတစ်ခု ဖြစ်ပါတယ်။

လန်ဒန်မြို့တည်ထားတဲ့နေရာကလည်း ဂရစ်တွေအရ အချက်အချာကျတဲ့နေရာ တစ်ခု ဖြစ်ပါတယ်။ ဘေဘီလုံညီအစ်ကိုတော်အနေဖြင့် လန်ဒန်မြို့ကို ဌာနချုပ်အဖြစ် အသုံးပြုဖို့ တည်ခဲ့တာလို့ ဆိုပါတယ်။ ဘေဘီလုံကနေ ထရိုင်မြို့ကို ပြောင်းရွှေ့ပြီး ဌာနချုပ်တည်ရာအဖြစ် အခြေချခဲ့ကြတယ်။ ပြီးမှ လန်ဒန်မြို့ကို ပြောင်းရွှေ့ပြီး အခြေချခဲ့ကြတယ်။

ထရိုင်မြို့ဟာ ဂရိဒဏ္ဍာရီမှာ နာမည်ကြီးမြို့တစ်မြို့ ဖြစ်ပါတယ်။ ထရိုဂျန်လို့ အမည်ရှိတဲ့ မြင်းရုပ်ကြီးထဲမှာ လူတွေ ပုန်းအောင်းလိုက်ပါပြီး မြို့သိမ်းတိုက်ပွဲ ဆင်နွှဲခဲ့တဲ့ မြို့ဖြစ်ပါတယ်။ ထရိုင်မြို့နဲ့တကွ ဒဏ္ဍာရီလာမြို့တွေကို ဂျာမန်သူဌေး ဟင်းရစ်ချ် Heinrich Schliemann က ရှေးဟောင်းအထောက်အထားတွေအရ လိုက်လံရှာဖွေပြီး တူးဖော်တွေ့ရှိခဲ့ပါတယ်။ ဒီတော့ ဒဏ္ဍာရီဆိုပေမယ့် သမိုင်းအရ မှန်ကန်မှု ရှိနေပါတယ်။ သူ ငယ်စဉ်ကလေးဘဝမှာ ဂရိစာဆို ဟုမ်းမားရဲ့ စာတွေကို ဖတ်ခဲ့စဉ်မှာ ဒီဒဏ္ဍာရီဟာ ပုံပြင်ဆိုပေမယ့် တကယ့်ဖြစ်ရပ်မှန်လို့ သူ့သွေးထဲသားထဲမှာ အသေအချာ သိခဲ့ပြီး သူကြီးပြင်းတဲ့အခါမှာ လိုက်လံရှာဖွေမယ်လို့ ဆုံးဖြတ်ချက် ချခဲ့ပါတယ်။ အရွယ်ရောက်ချိန်က စလို့ တစ်ဘက်မှာ စီးပွားရှာရင်း တစ်ဖက်မှာ သမိုင်း အထောက်အထားတွေကို လေ့လာ နေခဲ့ပါတယ်။ ချမ်းသာလာတဲ့အခါမှာ သူ့စိတ်ကူးကို လက်တွေ့ အကောင်အထည် ဖော်ခဲ့ပါတယ်။ အဲဒီအချိန်မှာ သမိုင်းသုတေသီတွေက သမိုင်းပြဋ္ဌာန်းစာအုပ်တွေထဲမှာ မပါတဲ့ကိစဖြစ်နေတာကြောင့် သူ့ကို ပြက်ရယ်ပြုခဲ့ကြပါတယ်။ သူက တူးဖော်တွေ့ရှိ ချိန်မှာတောင် လိမ်တာလား ညာတာလားဆိုပြီး ဝေဖန်ခဲ့ကြပါသေးတယ်။ နောက်တော့မှ ငြင်းမရအောင် ခိုင်မာနေတာကြောင့် အတည်ပြုပေးခဲ့ကြရပါတယ်။ ဒါပေမယ့် ဒဏ္ဍာရီလာသမိုင်းအဖြစ် သတ်မှတ်ထားနေကြဆဲ ဖြစ်ပါတယ်။ ရှေ့မှာဆိုခဲ့တဲ့အတိုင်း သမိုင်းဆရာတွေ ရှေးဟောင်း သုတေသီတွေက တရားဝင် သမိုင်းစာမျက်နှာတွေနဲ့ပဲ

နေကြပါတယ်။

ဘီစီ ၁၂၀၀မှာ ထရိုင်မြို့ပျက်သုန်းတဲ့အခါ နဂါးသွေးပါသူတွေက အီတလီကို ပြောင်းရွှေ့ ပြီး အခြေချခဲ့ပါတယ်။ နဂါးတော်ဝင်ထီးနန်းမှ နဂါးနန်းသွေးပါသူ နေီယပ်က ဘုရင့်သမီးတော်နဲ့ လက်ဆက်ခဲ့ပါတယ်။ အဲဒီဆွေစဉ်မျိုးဆက်ကနေ ရောမအင်ပါယာပေါ် ပေါက်ခဲ့ပါတယ်။

နေီယပ်ရဲ့ သားစဉ်မြေးဆက်တစ်ဦးဖြစ်သူ ဘရုတပ်စ် Brutusက တာဝန်ပေးချက်အရ နောင်တစ်ချိန်မှာ ဗြိတိန်ဖြစ်လာမယ့်မြေဆီကို ခရီးထွက်ခဲ့ပြီး အခြေချနေထိုင်ခဲ့ပါတယ်။ အဲဒီအချိန်က ဗြိတိန်ကျွန်းကို မဟာကျွန်းဖြူလို့ အမည်ပေးခဲ့ပါတယ်။ တောင်ဘက်ကမ်းခြေမှာ ကျောက်ဆောင် ဖြူဖြူတွေ ရှိနေတာကို အစွဲပြုပြီး ပေးခဲ့တာဖြစ်ပါတယ်။ အဲဒီကမ်းခြေမှာ တောဘေးဆိုတဲ့ ပင်လယ်ဆိပ်ကမ်းရှိပြီး ဗြိတိန်ရဲ့ ရှေးအကျဆုံး ဆိပ်ကမ်းတစ်ခု ဖြစ်ပါတယ်။ အဲဒီမှာ ဘရုတပ်စ် ကျောက်တုံးရှိပါတယ်။

ဗြိတိန်မြေကို ခြေချစဉ်က သူ့ခြေထောက် ပထမဆုံး ခြေချလိုက်တဲ့နေရာကို အမှတ်အသားပြုထားတဲ့ ကျောက်တုံး ဖြစ်ပါတယ်။ ဒေသခံလူမျိုးနွယ် ၃ခုနဲ့ တွေ့ဆုံခဲ့ပြီး သူက ဘုရင် အဖြစ် ခံယူလိုက်ပါတယ်။ Caer Troia အမည်ဖြင့် မြို့တည်ပါတယ်။ အဓိပ္ပာယ်က ထရိုင်မြို့သစ် ဖြစ်ပါတယ်။ သူနဲ့အတူ ထရိုဂျန်မြင်းရုပ်မှာ ပါဝင်တိုက်ခိုက်ခဲ့ဖူးသူတွေ ပါတာကြောင့် သူက အခုလို နယ်မြေကို သိမ်းပိုက်ပြီး အုပ်ချုပ်မင်းလုပ်နိုင်ခဲ့တာဖြစ်ပုံရပါတယ်။

ရောမတွေက ထရိုင်မြို့သစ်ကို လန်ဒင်နီယမ် Londinium လို့ ခေါ်ဝေါ်ခဲ့ကြတယ်။ နောက်တော့ လန်ဒန်ဆိုပြီး အမည်တွင်သွားတယ်။ ဘေဘီလုံညီအစ်ကိုတော်တွေ အခြေစိုက်တဲ့မြို့ အဖြစ်ကို ရောက်လာခဲ့တယ်။ ပါရီ၊ ဗာတီကင်တို့နှင့်အတူ ချိတ်ဆက်လုပ်ကိုင်နေတဲ့မြို့ ဖြစ်ပါတယ်။




ဘရုတပ်စ် ကျောက်တုံးကို ပြသထားပုံ

ဘောဘီလုံညီအစ်ကိုတော်တွေဟာ ထင်္ုင်မြို့သစ်အဖြစ် ပြိုတိန်မှာ မြို့ထူထောင်ကာ အခြေချပြီး ဥရောပမှ ရှိနေနှင့်တဲ့ နဂါးတွေနဲ့ အချိတ်အဆက်ပြုပြီး ကွန်ရက်ဖြန့်ကျက်ထားလိုက်ပါတယ်။ အီတလီ၊ ဆွစ်ဇလန်၊ ဂျာမနီနဲ့ နယ်သာလန်တို့မှာ ထီးနန်းစိုးစံသူတွေ ဖြစ်တဲ့အထိ နေရာရအောင် ယူနိုင်ခဲ့ကြတယ်။ နိုင်ငံရေးနဲ့ သြဇာအာဏာနယ်ပယ်တွေမှာ ဟန်ကျပန်ကျဖြစ်ချိန်မှာ ခေတ်များစွာအတွက် အလုပ်မဟာရဲ့ ညီအစ်ကိုတော်လုပ်ငန်းစဉ်တွေကို ဆက်လက်ဆောင်ရွက်ခဲ့ကြတယ်။ စီးပွားရေးနယ်ပယ်မှာ 'ဘဏ်' ဆိုတာ ပေါ်ပေါက်လာအောင် လုပ်ကိုင်ခဲ့ကြတယ်။

အေဒီ၄၄၆ခုနှစ်မှာ အီတလီနိုင်ငံ မြောက်ပိုင်းမှာ ခြေကုပ်ရယူခဲ့ကြတယ်။ နောင်တစ်ချိန်မှာ ဗင်းနစ်မြို့ ဖြစ်လာမယ့်နေရာမှာ ဖြစ်ပါတယ်။ ရေကြောင်းလုပ်ငန်း ထူထောင်တယ်။ တစ်ဆက်တည်းမှာပဲ ငွေကြေးလုပ်ငန်းကိုလည်း ထူထောင်ခဲ့ကြတယ်။ လူတွေကို ငွေထုတ်ချေးပြီး အတိုးယူတဲ့လုပ်ငန်းကို လုပ်ကိုင်ခဲ့ရာမှာ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါး၊ ကြေးဒင်္ဂါး စတာတွေ မပါဘဲ လုပ်ကိုင်တဲ့စနစ်ကို စတင်ကျင့်သုံးခဲ့တယ်။ အဲဒီစနစ်ကို တွင်ကျယ်အောင် လုပ်ကိုင်လာခဲ့တာ အခုဆိုရင် ကမ္ဘာသုံးစနစ် အဖြစ်ကို ရောက်ရှိနေပြီ ဖြစ်ပါတယ်။

ငွေပေးငွေယူလုပ်တဲ့အခါ ငွေသားစက္ကူတစ်ပြားတစ်ချပ်မှ မလိုဘဲ ပေးနိုင်ယူနိုင်တဲ့ စနစ်ဖြစ်ပါတယ်။ ငွေကြေးလုပ်ငန်းဖြစ်တဲ့ ဘဏ်မှာ စာရင်း ဖွင့်ပေးထားပြီး ငွေဝင်ရင်လည်း ကိန်းဂဏန်းကို ိုက်ထည့်ပေးတယ်။ ငွေထုတ်မယ်ဆိုရင်လည်း ကိန်းဂဏန်းတွေပဲ ိုက်ထည့်လိုက်တယ်။ စာရင်းထဲမှာ ကိန်းဂဏန်းတွေ ကစားနေကြတယ်။ တိုးတဲ့အခါ တိုး၊ လျော့တဲ့အခါလျော့။ အသပြာလုပ်ငန်းရှင်အနေဖြင့် ငွေဒင်္ဂါး၊ ရွှေဒင်္ဂါးတွေ မလိုဘူး။ ငွေစက္ကူဆိုတာလည်း ဟန်ပြသက်သက်ပဲ။

ဒီလို ဝန်ဆောင်မှုပေးတာအတွက် အသပြာလုပ်ငန်းရှင်က ဝင်ငွေတွေ ရနေတယ်။ ဝန်ဆောင်ခတွေကို မပေးမနေရ ပေးကြရတယ်။

တခြားသူ တစ်ယောက်ယောက်က အလားတူလိုက်လုပ်ခဲ့ရင် တရားစွဲခံရမှာ သေချာတယ်။ ဘဏ်ကတော့ တရားဝင်လုပ်ကိုင်ခွင့် ရထားတယ်။ ဒီစနစ်တည်တံ့အောင် ဘောဘီလုံညီအစ်ကိုတော်တွေက အုပ်ချုပ်မင်းလုပ်တဲ့ ဘုရင်တွေ၊ ဘုရင်မတွေကို သူ့သြဇာအောက် ရောက်အောင် အရင်လုပ်ထားခဲ့လို့ ဖြစ်ပါတယ်။ အဲဒီလို စာရင်းအရ ငွေတွေ လက်ပြောင်းလက်လွှဲလုပ်တာကြောင့် ငွေပေးအမိန့်စာက ငွေကြေးလည်ပတ်မှုမှာ အခရာကျနေတယ်။ ငွေသားစက္ကူက ဟန်ပြသက်သက် ဖြစ်နေတယ်။ ဒါကြောင့် ငွေကြေးလည်ပတ်မှုထဲမှာ ငွေသားစက္ကူမဲ့ ငွေတွေ စီးဆင်းလည်ပတ်နေကြတယ်။ အဲဒီငွေတွေကို 'အမိန့်ငွေ' လို့ ခေါ်တွင်ကြတယ်။

ဒီစနစ်ကို ကျင့်သုံးတာကြောင့် ဘောဘီလုံညီအစ်ကိုတော်တွေမှာ ငွေကို လိုသလို ထုတ်ပေးလို့ ရနေစေတယ်။ ငွေရေးကြေးရေး မဖူလုံမှာကို ပူပန်စရာ မလိုတော့ဘူး။

စီးပွားရေးနယ်ပယ်ဆိုတာက ငွေရှာတဲ့ လုပ်ငန်းတွေ ကျင်လည်ရာ နယ်ပယ်ဖြစ်ပြီး သူတို့က ငွေမရှိဘဲ ငွေကို လိုသလို ထုတ်သုံးတဲ့သူတွေအဖြစ် နေရာယူထားလိုက်ကြတာကြောင့် စိတ်ကြိုက်ခြယ်လှယ်ခွင့် ရသွားတယ်။

သူတို့နဲ့ မသင့်မြတ်တဲ့သူတွေကို ဘဏ်လုပ်ငန်းတွေက ကျောခိုင်းထားလိုက်ခြင်းဖြင့် ငွေပြတ်ပြီး မွဲတေအောင် လုပ်လို့ ရနေစေတယ်။ လူတစ်ဦးတစ်ယောက်ကိုမှ မဟုတ်ဘူး။ လုပ်ငန်းတစ်ခုကိုလည်း မွဲတေအောင် လုပ်လို့ရတယ်။ နိုင်ငံတစ်ခုကိုလည်း မွဲတေအောင် လုပ်လို့ရနေတယ်။

ဒီလို သူတို့လုပ်နေတာကို တရားဝင်ဖြစ်အောင် ဥပဒေတွေ ပြဋ္ဌာန်းပေးခိုင်းထားတယ်။ သူတို့လို တခြားလူတွေ လိုက်လုပ်ခွင့်မရှိအောင်လည်း ဥပဒေတွေ ပြဋ္ဌာန်းပြီး တားမြစ်ခိုင်းထားတယ်။ သူတို့က စာရွက်နဲ့ ဘယ်ရွေ့ဘယ်မျှဆိုပြီး ရေးပေးလိုက်တာကို လက်မခံရင် ပြ နာရှာဖို့လည်း ဥပဒေတွေ ရှိနေပြန်သေးတယ်။

ချက်လက်မှတ်ဆိုတဲ့ စနစ်ကို တဖြည်းဖြည်းချင်း လုပ်ယူတယ်။ ငွေစက္ကူထုတ်ပေးရတာ နည်းပါးသွားစေခဲ့တယ်။ နောက်တော့ ပလတ်စတစ်မန်းနီးဆိုတာကို သုံးတတ်အောင် လုပ်ပေးလိုက်တယ်။ ခရစ်ဒစ်ကတ်ဆိုတဲ့ ကြွေးဝယ်ကတ်က ပလတ်စတစ်သားနဲ့ လုပ်ထားတဲ့ကတ်ဖြစ်ပြီး ကုန်ကျစရိတ်က နည်းနည်းလေး။ ဒါပေမယ့် အဲဒီကတ်က ဒေါ်လာတစ်သိန်းဆိုလည်း ငွေရှင်းပေးလို့ရတယ်။ တစ်သန်းဆိုလည်း ရှင်းပေးလို့ရတယ်။ ဒီကြွေးဝယ်ကတ်ကနေ ဘဏ်လုပ်ငန်းက ဝင်ငွေသောက်သောက်လဲ ရတယ်။ ဝန်ဆောင်ခရတယ်။ အတိုးတွေလည်းရတယ်။ ပြီးတော့ ငွေသားစက္ကူ မလိုဘဲ ငွေပေးချေတဲ့စနစ်ဖြစ်နေတယ်။

ဒီလို တွင်ကျယ်နိုင်ဖို့အတွက် နဂါးတွေ နဂါးကပြားတွေက ကာလရှည်ကြာ စနစ်တကျလုပ်ခဲ့ကြတယ်လို့ ဆိုပါတယ်။ ဥရောပမှာ သူတို့က မျိုးကြီးမတ်ရာ နေရာတွေကို ရယူကြတယ်။ တော်ဝင်မိသားစုနဲ့ လက်ထပ်ထိမ်းမြားပြီး ဆွေတော်မျိုးတော်စာရင်းဝင်အောင် လုပ်ကြတယ်။ ဒါကြောင့် ၁၁ရ၀ခုနှစ် ဝန်းကျင်မှာ ဥရောပတိုင်းနိုင်ငံတွေမှာ 'အမည်းမျိုးမတ်မျိုးနွယ်' Black Nobility ဆိုပြီး ပြောဆိုကြရတဲ့အထိ ဖြစ်သွားခဲ့တယ်။ ဥရောပ အသပြာလုပ်ငန်းကို ိုသ်ချိုင်းမိသားစုက အပိုင်စီးထားလိုက်ကြတယ်။ သူတို့က ဂျူးနွယ်ဖွားတွေအဖြစ် ခံယူပြီး နေထိုင်လုပ်ကိုင်ကြတယ်။

# အသပြာ

အသပြာလုပ်ငန်းကို လုပ်ကိုင်ကြတဲ့ သူတွေကို မန်းနီးချိန်ဂျာ Money Changer လို့ ခေါ်ကြတယ်။ တခြားတိုင်းပြည်က ကုန်လာရောင်းတဲ့သူက ဒီတိုင်းပြည်ကငွေတွေကို သူ့နိုင်ငံ ယူသွားရင် သုံးလို့မရတာကြောင့် ဒီနိုင်ငံက ငွေကြေးလုပ်ကိုင်သူတွေထံ အပ်နှံပြီး သူ့နိုင်ငံသုံးငွေနဲ့ လဲလှယ်ကြရတယ်။ ဒီအတွက် ဒီနိုင်ငံက ငွေကြေးလုပ်ငန်းရှင်က သူ့နိုင်ငံမှာ ရှိတဲ့ ငွေကြေးလုပ်ငန်းရှင်ထံ ချိတ်ဆက်ပြီး လုပ်ကိုင်ပေးတယ်။ အခုခေတ်စကားနဲ့ ပြောရရင်တော့ ဟွန်ဒီ ကိုက်ပေးတယ်။ အဲဒီလို ငွေလဲလှယ်ပေးရင် ငွေပို့ငွေလွှဲလုပ်ငန်းကို လုပ်ကိုင်ကြရတာကြောင့် သူတို့ကို ငွေလဲသူများ (ဝါ)မန်းနီးချိန်ဂျာလို့ ခေါ်ကြတာ ဖြစ်ပါတယ်။

သမိုင်းကြောင်းကို ပြန်ကြည့်ရင် သူတို့ကြောင့် စီးပွားရေး အတက်အကျတွေဖြစ်ပေါ်ခဲ့တာကို တွေ့နိုင်တယ်။ မသိရင်တော့ အရင်းရှင်စနစ်ကြောင့် ဖြစ်ရတယ်။ ကွန်မြူနစ်စနစ်ကြောင့် ဖြစ်ရတယ် စသဖြင့် အထင်မှားကြတယ်။

ခရစ်တော်မပေါ်ခင် ၄၈နှစ်အလိုမှာ ရောမမှာ ဂျူးလိယပ်ဆီဇာက မန်းနီးချိန်ဂျာတွေဆီကနေ ဒင်္ဂါးသွန်းလောင်းခွင့်ကို ရယူသိမ်းပိုက်လိုက်တယ်။ သူက လူထုအတွက်ငွေဒင်္ဂါးတွေ သွန်းလောင်းပေးတာလို့ အကြောင်းပြပေမယ့် စည်းမရှိကမ်းမရှိ သွန်းလောင်ခဲ့တယ်။ ရလာတဲ့ ဒင်္ဂါးတွေကို လုပ်ခအဖြစ်ပေးပြီး လူထုကို အလုပ်တွေ ခိုင်းစေတယ်။ ကြီးမားခန့်ညားတဲ့ အဆောက်အဦတွေ တည်ဆောက်တယ်။ လူထုက သူတို့လက်ထဲဒင်္ဂါးတွေ ဖောဖောသီသီ ရောက်လာတော့ ပျော်ကြတယ်။ ဆီဇာကို ကြိုက်နှစ်သက်ကြတယ်။ ဒါပေမယ့် မန်းနီးချိန်ဂျာတွေကတော့ ရန်သူလို့ သတ်မှတ်ထားလိုက်ပြီးပြီ။

ဂျူးလီယက်ဆီဇာ လုပ်ကြံခံရပြီး ကွယ်လွန်သွားခဲ့ရတယ်။ သူသေဆုံးပြီးချိန်မှာရောမရဲ့ ငွေအင်အားက ၉၀လောက် ပျောက်သွားတယ်။ လူအများစုက မြေတွေအိမ်တွေဆုံးရှုံးကုန်တဲ့အထိ ဖြစ်သွားတယ်။

အေဒီ၃၀ခုနှစ်မှာ ယေရှုသခင်က ဘုရားကျောင်းထဲကနေ မန်နီးချိန်ချာတွေကိုကိုယ်ထိလက်ရောက်ပြုမူပြီး နှင်ထုတ်ပစ်ခဲ့တယ်။ သူ့တစ်သက်တာမှာ ကိုယ်ထိလက်ရောက်ပြုမူပစ်တာဆိုလို ဒီတစ်ကြိမ်ပဲ ရှိခဲ့ဖူးပါတယ်။

ဂျူးတွေက ဂျေရုဆလင်ကို လာပြီး ဘုရားကျောင်းခွန် ပေးဆောင်ကြတယ်။ ငွေသားစစ်စစ်နဲ့ လုပ်ထားတဲ့ ငွေဒင်္ဂါးဖြင့် ပေးချေကြတယ်။ ရှေးဟောင်းရဟူဒီငွေဒင်္ဂါးဖြစ်ပြီး အဲဒီဒင်္ဂါးတွေက ငွေသားစစ်စစ်ဖြစ်ကြောင်းနဲ့ အလေးချိန်ခိုးမထားကြောင်းအာမခံချက်ရှိတဲ့ ငွေဒင်္ဂါး ဖြစ်ပါတယ်။ ပြီးတော့ ပြည့်ရှင်ရဲ့ ဖောင်းကြွပုံလည်း ဖော်ပြမထားဘူး။ ငွေကြေးအမည်က ရှီကယ်ဖြစ်ပြီး ငွေဒင်္ဂါးက ငါးမူးစေ့ (ရှီကယ်ဝက်) ဖြစ်ပါတယ်။ ဘုရားကို ပေးလှူဖို့က အဲဒီငွေဒင်္ဂါးကလွဲရင် တခြားဘာဒင်္ဂါးမှ သုံးခွင့်မရှိဘူးလို့ အယူသည်းကြပါတယ်။

ဒီလို အယူသည်းတာဟာ မန်နီချိန်ဂျာတွေအတွက် အကွက်ကောင်းဖြစ်နေတယ်။ သူတို့က ငွေဒင်္ဂါးတွေကို ဝယ်သိမ်းပစ်လိုက်တယ်။ ပြီးတဲ့အခါမှာ ဈေးတင်ပြီး ရောင်းချကြတယ်။ ဒီတော့ ဂျူးတွေက မတန်တဆဈေးပေးပြီး ဝယ်ကြရတယ်။ မန်နီချိန်ချာတွေအဖို့ အမြတ်ကြီးစားခွင့် ရနေစေတယ်။ ဒါကြောင့် ဘုရားကျောင်းရိပ်ကို ဝင်လာတဲ့ မန်နီချိန်ဂျာတွေကို ယေ႞က ကိုယ်ထိလက်ရောက်ပြုမူပြီး နှင်ထုတ်ပစ်တာ ဖြစ်ပါတယ်။

၁၀၂၄ခုနှစ်မှာ ဆိုခဲ့ပြီးတဲ့အတိုင်း ဥရောပမှာ အသပြာလုပ်ငန်း ထူထောင်ထားပြီးကြပြီ။ အင်္ဂလန်မှာ မန်နီချိန်ဂျာတွေ ကြီးစိုးကြတယ်။ သူတို့ကို ရွှေဆိုင်ပိုင်ရှင်အဖြစ်သိကြတယ်။ ငွေစက္ကူတွေ ထုတ်ဝေတယ်။ ငွေစက္ကူရဖို့အတွက် ရွှေဆိုင်တွေမှာ ရွှေပေးပြီး ဝယ်ကြရတယ်။ ငွေစက္ကူဆိုတာက ရွှေဘယ်ရွေ့ဘယ်မျှကို လက်ခံရရှိကြောင်း ဖော်ပြထားတဲ့ ပြေစာသာ ဖြစ်ပါတယ်။

အဲဒါကို ပိုက်ဆံဆိုပြီး ခပ်တည်တည်နဲ့ ရောင်းတယ်။ ရွှေနဲ့ ရောင်းတယ်။ လေးလံတဲ့ ရွှေဒင်္ဂါးတွေ ငွေဒင်္ဂါးတွေ မသယ်ချင်တာကြောင့် ရွှေဆိုင်က စက္ကူကို ရွှေနဲ့ ရောင်းတာ ရောင်းကောင်းခဲ့ပါတယ်။ ရောင်းလို့ဝတဲ့အချိန်မှာ လူထုလက်ထဲ ပိုက်ဆံဆိုတဲ့ စက္ကူတွေ အများကြီး ရောက်နေကြပြီ။ ဒီတော့ ရွှေဆိုင်အမည်ခံ မန်နီချိန်ဂျာတွေက ဘာလုပ်သလဲဆိုတော့ ပိုက်ဆံဆိုတဲ့ စက္ကူတွေကို ရွှေကျောထောက်နောက်ခံမရှိဘဲ ငွေချေးတာတွေ လုပ်ပစ်တယ်။ နောက်တော့ ရွှေရှိရှိမရှိရှိ ပိုက်ဆံဆိုတဲ့ စက္ကူတွေကို စက္ကူပေါ်မှာ ဖော်ပြထားတဲ့ တန်ဖိုးအတိုင်း တန်ဖိုးရှိတယ်လို့ လူထုက လက်ခံလိုက်ကြရတယ်။ သတ္တုချကြည့်ရင် ရွှေဆိုင်ကရွှေတွေကို စက္ကူနဲ့ လဲပြီးရလိုက်တဲ့ သဘောဖြစ်သွားတယ်။ အလကားနီးပါးနဲ့ လူထုလက်ထဲက ရွှေတွေကို ရလိုက်တာ ဖြစ်ပါတယ်။ ဒီထက် လူလည်ကျတာ ဘာများ ရှိနိုင်ဦးမှာလဲ။

ဒါနဲ့တင် ရပ်မထားဘူး။ သူက ငွေစုငွေချေးလုပ်ငန်းကို လုပ်လိုက်သေးတယ်။ ခင်ဗျားမှာ ရွှေရှိရင် သူ့ဆီမှာ လာအပ်ထားတဲ့အခါ သူက အတိုး ၆ရာခိုင်နှုန်းပေးတယ်။ ပြီးရင်သူက ငွေလိုတဲ့သူကို ငွေထုတ်ချေးတယ်။ ဒီအခါမှာလည်း သူက အတိုးကို ၆ ရာခိုင်နှုန်းပဲ ယူတယ်။ စေတနာ ဝန်ထမ်းလုပ်နေတာလားလို့ ထင်ရတယ်။ မဟုတ်ဘူး။ သူက လာအပ်တဲ့ ရွှေရဲ့ ၁၀ဆ တန်ဖိုးရှိတဲ့ ငွေစက္ကူ( ရွှေဆိုင်ပိုင်ရှင် လက်မှတ်ပါသည့် ပြေစာ)တွေကို ထုတ်ချေးပစ်လိုက်တာ ဖြစ်ပါတယ်။ ဒီတော့ သူရမယ့် အတိုးစုစုပေါင်းက ၆ ရာခိုင်နှုန်း မဟုတ်ဘူး။ ၁၀ ဆ ဆိုတော့ ၆၀ ရာခိုင်နှုန်း ဖြစ်နေပါတယ်။ ဒီထက် တွက်သားကိုက်တာ ဘာများ ရှိသေးသလဲ။ အရင်းမစိုက် လေ့ထိုးလိုက်တာကမှ လော်ရသေးတယ်။ ဝါးကူထိုးရသေးတယ်။ အခု သူက ခင်ဗျားအပ်တဲ့ရွှေကို ရွှေတိုက်ထဲ ကောက်သိမ်းပြီး လုပ်စားသွားတယ်။ ဒီတော့ သူ့ဆီ နေ့ပြန်တိုး ယူနေကြရတဲ့ လမ်းပေါ်က လက်လုပ်လက်စားတွေသာမက စီးပွားရေး တစ်ရပ်လုံးအတွက်ပါ သူက ငွေတွေ သွန်ထည့်ပေးနေတဲ့သူအဖြစ်ကို ရောက်မှန်းမသိ ရောက်သွားတယ်။

သူတို့မှာ မဟာလုပ်ငန်းစဉ် ရှိတယ်။ ဘာပြီးရင် ဘာဆက်လုပ်ရမယ်ဆိုတာ

အတိအကျ ရှိတယ်။ ပိုက်ဆံလို့ ခေါ်ကြတဲ့ ငွေတွေ သွန်ထုတ်ပြီးရင် ငွေစီးဆင်းမှုကို မြင်းတစ်ကောင်လို ခွစီးထားလိုက်ကြတယ်။

ဇက်ကြိုးကို လွှတ်တဲ့အခါ လွှတ်တယ်။ ဆောင့်ဆွဲပစ်ပြီး ပတတ်ရပ်အောင် လုပ်တာမျိုးလည်း ရှိတယ်။ ဒီတော့ ငွေရှားတဲ့အခါ ရှားတယ်။ ပေါတဲ့အခါ ပေါတယ်။

ထုတ်ချေးပေးနေတဲ့ ငွေပမာဏကို လျှော့ချပစ်လိုက်တယ်။ ဒီအခါမှာ ငွေရှား သွားတယ်။ ငွေရဲ့ တန်ဖိုးက တက်သွားတယ်။ အဲဒီအချိန်မှာ အပေါင်ထားပြီး ငွေချေးထားတဲ့သူတွေထဲမှာ အများစုက ငွေချေးယူတုန်းက ငွေတန်ဖိုးထက် အခု ပြန်ဆပ် ရချိန်မှာရှိတဲ့ ငွေတန်ဖိုးက မြင့်နေတော့ အကြပ်ရိုက်ကုန်ကြတယ်။ ဒေဝါလီခံကြရတယ်။ ပေါင်ထားတဲ့ အိုးအိမ်ခြံမြေ အဆောက်အဦတွေကို ရွှေဆိုင်က အကြွေးသိမ်းပစ်လိုက် တယ်။ ရွှေဆိုင်က ဈေးနှိမ်ပြီး ရာဖြတ်တဲ့ဈေးနဲ့ ထိုးဆပ်ရတာ ဖြစ်ပါတယ်။

အဲဒီဖြစ်စဉ်ကို စီးပွားရေး စက်ဝန်းလို့ ပြောကြတယ်။ စီပွားပျက်ကပ်ဆိုက်တယ် လို့ ပြောကြတယ်။ စီးပွား အကျဘက်ကို ရောက်နေတယ်လို့ သုံးသပ်ကြတယ်။

recession တို့၊ depression တို့ ဆိုတာ စကားလုံး အသုံးအနှုန်းမှာသာ အခုခေတ်မှ ပေါ်လာတာလို့ ပြောလို့ရပေမယ့် ဖြစ်ရပ်နဲ့ ဖြစ်စဉ်က ရွှေဆိုင်လုပ်ငန်း ဗန်းပြဖွင့်ထားတဲ့ မန်နီချိန်ဂျာတွေ လက်ထက်ကတည်းက ကစားခဲ့တဲ့ ကစားပွဲတွေသာ ဖြစ်ပါတယ်။

ဒီလို မန်နီချိန်ဂျာတွေက လက်ခုပ်ထဲကရေလို သွန်လိုသွန်၊ မှောက်လိုမှောက် လုပ်နေကြတာကို တားဆီးမယ့် အစိုးရ မပေါ်ပေါက်ခဲ့ဘူးလားလို့ မခံချင်စိတ်နဲ့ မေးမိ သလား။ ရှိပါတယ်။

၁၁၀၀ခုနှစ်မှာ ဒုတိယမြောက် ဝီလျံဘုရင်ရဲ့ အရိုက်အရာကို ပထမမြောက် ဟင်နရီက ဆက်ခံပါတယ်။ သူ့လက်ထက်မှာ မန်နီချိန်ဂျာတွေက လူထုကို လွှမ်းမိုးထားတာ တိုက်ဖျက်ပစ်ဖို့ လုပ်ပါတယ်။ သူက ပိုက်ဆံအသစ်တစ်မျိုး ထုတ်လိုက်တယ်။ သူ့ပိုက်ဆံက တုတ်ချောင်းပိုက်ဆံ။ အဲဒီတုတ်ချောင်းပိုက်ဆံက နှစ်ပေါင်း ၂၇၆နှစ်တိုင်တိုင် တည်တံ့ခဲ့ပါ တယ်။ ၁၉၂၆ခုနှစ်အထိ ဖြစ်ပါတယ်။

ကုန်တင်ကုန်ချလုပ်တဲ့အခါမှာ သုံးတဲ့ တာလီတုတ်ချောင်းမျိုးကို အသုံးပြုထား တယ်။ ချောမွတ်အောင် လုပ်ထားတဲ့ သစ်သားတုတ်ချောင်း ဖြစ်ပါတယ်။ talley stick လို့ အမည်တွင်ပါတယ်။ ဒီတုတ်ချောင်းပိုက်ဆံအပြင် ရွှေဆိုင်ပိုက်ဆံတွေကိုလည်း သုံးစွဲ ခွင့်ပေးထားတယ်။ ဒါပေမယ့် ဘုရင်ထံ အခွန်ဆက်သတဲ့အခါ သူထုတ်ထားတဲ့ တုတ် ချောင်းပိုက်ဆံနဲ့ပဲ ပေးခွင့်ရှိတယ်လို့ ပြဌာန်းထားပါတယ်။ ထီးနန်းအနေဖြင့် တုတ်ချောင်း ပိုက်ဆံကိုသာ တရားဝင်ငွေကြေးအဖြစ် သတ်မှတ်ကြောင်း အမိန့်ပြန်တမ်းထုတ်ပြန်ပေး ထားပါတယ်။ အတိုးကြီးနဲ့ ငွေချေးစားတာကိုလည်း တားမြစ်ခဲ့တယ်။

တုတ်ချောင်းပိုက်ဆံလို့ ရေးလိုက်တော့ မယုံချင်စရာကောင်းနေနိုင်တယ်။

ကျွန်တော် ထပ်ပြောလိုက်ပါဦးမယ်။
*ဒီစာအုပ်မှာ ခင်ဗျား သိထားတွေလည်း ပါတယ်။*
*ခင်ဗျား သိထားသလို မဟုတ်တာတွေလည်း ပါတယ်။*
*ကမ္ဘာပေါ်မှာ တကယ်ဖြစ်နေတာတွေက*
*မယုံနိုင်စရာတွေချည်း ဖြစ်နေနိုင်တယ်။*

၁၅၀၉ခုနှစ်မှာ အဌမမြောက်ဟင်နရီဘုရင်ကတော့ မန်နီချိန်ဂျာတွေကို လိုက်လျောမှုပေးခဲ့တယ်။ အတိုးကြီးစားပြီး ငွေချေးခွင့် ပေးလိုက်တယ်။ ဒီတော့ ငွေတွေ ပေါကုန်ပြန်ပါတယ်။ အသပြာလုပ်ငန်းတွေ စည်ပင်ဝပြောခဲ့ပါတယ်။

၁၅၅၃ခုနှစ်မှာ ပထမမြောက် မာရီဘုရင်မ နန်းစံတယ်။ သူက ငွေတိုးချေးစားတာတွေကို ပိတ်ပင်လိုက်တယ်။ ဒီတော့ မန်နီချိန်ဂျာတွေက ရွှေဒင်္ဂါးငွေဒင်္ဂါးတွေကို အကုန် ပြန်သိမ်းပစ်ပြီး လက်စားချေကြတယ်။ တိုင်းပြည်ရဲ့ စီးပွားရေးက ထိုးစိုက်ကျသွားတယ်။

၁၅၅၈ခုနှစ်မှာ ပထမမြောက် အဲလစ်ဇဘက်ဘုရင်မ နန်းတက်တယ်။ သူက နန်းတွင်းဘဏ္ဍာတိုက်ကနေ ရွှေဒင်္ဂါးငွေဒင်္ဂါးတွေ သွန်းလောင်းပြီး ထုတ်ဝေတယ်။ မန်းနီးဆပ်ပလိုင်းဆိုတဲ့ ငွေအင်အားဖန်တီးပေးမှုကို ရွှေဆိုင်တွေ လက်ထဲမထားဘဲ သူ့လက်ထဲကို ရယူထားလိုက်ပါတယ်။

၁၆၀၉ခုနှစ်မှာတော့ မန်နီချိန်ဂျာတွေက နယ်သာလန်မှာ ဗဟိုဘဏ်ဆိုတာကို

---



တုတ်ချောင်းမှာ တန်ဖိုးကို အထစ်ကလေးတွေထစ်ပြီး ဖော်ပြပေးထားတယ်။
တုတ်ချောင်းလုပ်ပြီးချိန်မှာ အလယ်ကနေ ထောင်လိုက် ခွဲချင်သလို ခွဲချလိုက်တယ်။
တစ်ခြမ်းကို ဘဏ္ဍာတိုက်က သိမ်းတယ်။ ကျန်တဲ့တစ်ခြမ်းကို လူထုသုံးဖို့
ပေးထားတယ်။ အတုလုပ်ဖို့ မလွယ်တာက ဘဏ္ဍာတိုက်မှာ ထားရှိတဲ့ တစ်ခြမ်းနဲ့
ပြန်ကပ်ကြည့်ရင် အံကိုက်ဖြစ်နေဖို့ လိုတယ်။ သစ်သားချောင်းကို ခွဲချင်သလို
ထက်ခြမ်းခွဲထားတာကို အံကိုက်ဖြစ်အောင် အတုလုပ်ဖို့ဆိုတာ ပြောတော့သာ
လွယ်ပါတယ်။ လက်တွေ့မှာ မဖြစ်နိုင်သလောက် ခက်ခဲတာကြောင့် ပိုက်ဆံသမိုင်းမှာ
အတုလုပ်ရအခက်ဆုံးပိုက်ဆံအဖြစ် မှတ်တမ်းဝင်သွားခဲ့ပါတယ်။

ကမ္ဘာပေါ်မှာ ပထမဆုံးဗဟိုဘဏ်အဖြစ် ထူထောင်လိုက်ပါတယ်။

၁၆၄၂ခုနှစ်မှာ မန်နီချိန်ဂျာတွေက သူတို့ရဲ့ မဟာလုပ်ငန်းစဉ်မှာ ထော်လော်ကန့်လန့် ဖြစ်နေတဲ့ ဗြိတိသျှနန်းစဉ်ကို ချေမှုန်းပစ်လိုက်တယ်။ Oliver Cromwell ကို တော်လှန်ထကြွမှုအတွက် ငွေအားလူအား ကျောထောက်နောက်ခံပေးပြီး တိုက်ခိုင်းတယ်။ အင်္ဂလန်မှာ သွေးထွက်သံယိုတွေ ဖြစ်ပွားစေတဲ့ တော်လှန်ထကြွမှု ပေါ်ပေါက်ခဲ့တယ်။ ပါလီမန်ကို သုတ်သင်ပစ်တယ်။ ၁၆၄၉ခုနှစ်မှာ ပထမမြောက်ချားဘုရင်ကို သတ်ဖြတ်ခဲ့တယ်။ မန်နီချိန်ဂျာတွေက အင်အားစုစည်းပြီး ပွဲလန့်တုန်းဖျာခင်းကြတယ်။ လန်ဒန်မြို့ အလယ်ပိုင်းကို အပိုင်သိမ်းလိုက်ကြတယ်။ အဲဒီနေရာက ကမ္ဘာ့ငွေကြေးအချက်အချာ ဖြစ်လာခဲ့ပြီး စီတီးအော့ဖ် လန်ဒန် City of Londonလို့ အမည်တွင်ပါတယ်။

မန်နီချိန်ဂျာတွေက ဒုတိယမြောက်ချားဘုရင် (၁၁၆၀–၁၆၈၅)နဲ့လည်း အလွမ်းမသင့်ကြဘူး။ ဒုတိယမြောက် ဂျိန်းဘုရင်(၁၆၈၅–၁၆၈၈)နဲ့လည်း အထစ်အငေါ့တွေ ဖြစ်နေတယ်။

မန်နီချိန်ဂျာတွေက နယ်သာလန်မှာ ဗဟိုဘဏ်ဖွင့်သလိုမျိုး လန်ဒန်မှာလည်း ဖွင့်ဖို့ အစီအစဉ် သတ်မှတ်ချက် ရှိနေတယ်။ ဒါပေမယ့် ဘုရင်တွေက ညိနှိုင်းလို့ မရဘူး။ ဒီတော့ ပွဲကြမ်းလိုက်ကြတယ်။

၁၆၈၈ခုနှစ်မှာ နဂါးတစ်ကောင် နယ်သာလန်ကနေ ဗြိတိသျှမြေကို ကူးလာတယ်။ သူက ဝီလျံအော့ဖ် အော်ရင့်ချ် William of Orange ဖြစ်ပါတယ်။ သူက ဘ ုတပ်စ် ဗြိတိသျှကို ခြေချစဉ်က အောင်မြေနင်းခဲ့တဲ့ ဆိပ်ကမ်းကနေပဲ ကုန်းပေါ်ကို တက်ခဲ့ပါတယ်။ ၁၆၈၉ခုနှစ်မှာ အင်္ဂလန်ရဲ့ ထီးနန်းကို သိမ်းပိုက်ခဲ့တဲ့ တတိယမြောက် ဝီလျံဘုရင်ဆိုတာ သူပါပဲ။



# ဘဏ်ထူထောင်ခြင်း

ရာစုနှစ်တစ်ဝက် နှစ်ပေါင်း၅၀ကြာအောင် စစ်ပွဲတွေ ဖန်တီးပြီး စစ်စရိတ် ထောင်းအောင် လုပ်လိုက်ကြတာကြောင့် ဗြိတိသျှအစိုးရ မွဲတေသွားတယ်။ မန်နီချိန်ဂျာ တွေဆီက ငွေချေးရတဲ့ဘဝကို ရောက်သွားတယ်။ အစိုးရက လက်ဝေခံဘဝကို ရောက်သွား ပြီမို့ နိုင်ငံရေးပိုင်းမှာပါ မန်နီချိန်ဂျာတွေ ဩဇာရှိနေတော့တယ်။ ဒီတော့မှ သူတို့က ဘာမှမရှိဘဲ ပိုက်ဆံတွေ ထုတ်လို့ရတဲ့စနစ်အတွက် ဘဏ်ဆိုတာကို ထူထောင်ဖို့ အစိုးရရဲ့ လိုက်လျောမှုကို ရယူလိုက်တယ်။ ဒီလိုနဲ့ ၁၆၉၄ခုနှစ်မှာ အင်္ဂလန်ဘဏ် Bank of England ပေါ်ပေါက်လာတယ်။ ဘဏ်ဖွင့်ဖို့ ခွင့်ပြုမိန့်ကို လက်မှတ်ထိုးတဲ့သူက ဝီလျံအော့ဖ် အော်ရင့်ချ် တဖြစ်လဲ တတိယမြောက် ဝီလျံဘုရင် ဖြစ်ပါတယ်။ နှစ်ဦးနှစ်ဖက် စလုံးက ဘောဘီလုံညီအစ်ကိုတွေချည်း ဖြစ်နေကြတယ်။

အင်္ဂလန်ဘဏ်က ပုဂ္ဂလိကဘဏ်ဖြစ်ပြီး ရှယ်ယာတွေ ထုတ်ရောင်းပါတယ်။ ရှယ်ယာထည့်သူတွေကို အထူးလျှို့ဝှက်ထားပါတယ်။ ရှယ်ပမာဏလည်း လျှို့ဝှက်ထား ပါတယ်။ ရွှေဒင်္ဂါး ပေါင်၁ ၂၅၀ ဝဝဖိုး ရှယ်ယာထည့်ဖို့ သတ်မှတ်ထားပေမယ့် တကယ် ထည့်ဖြစ်တာ ပေါင်ရ၅၀ ဝဝ မကျော်ဘူးလို့ ခန့်မှန်းကြပါတယ်။ အဲဒီမ တည်ငွေနဲ့ လုပ်ငန်း လည်ပတ်ခဲ့ပါတယ်။ နိုင်ငံသုံးငွေ ထုတ်ဝေမှုအပါအဝင် တိုင်းပြည်ရဲ့ ငွေရေးကြေးရေးကိစ တွေကို ဘဏ်က စီမံခန့်ခွဲတဲ့အထိ ဩဇာတိကမ ကြီးမားခဲ့တာကို တွေ့ရပါတယ်။ ပထမ မြောက် ဟင်နရီဘုရင်က မန်နီချိန်ဂျာတွေကို ကန့်သတ်ချင်လို့ လုပ်ထားတဲ့ တာလီ တုတ်ချောင်းပိုက်ဆံကိုပါ တိုက်ခိုက်ပါတယ်။

လန်ဒန်မြို့လယ်က စီတီးအော့ဖ်လန်ဒန်ဟာ ငွေကြေးအချက်အချာရပ်ကွက် ဖြစ်လာတယ်။ တစ်ရပ်ကွက်လုံးမှာ တောင်ပံပါတဲ့ နဂါး ုပ်တုတွေ ဘယ်နားသွားသွား တွေ့နိုင်ပါတယ်။ ဂမ္ဘီရ ုပ်တုတွေ အများအပြား ရှိနေပါတယ်။

အင်္ဂလန်ဘဏ်က ငွေထုတ်ချေးတာအတွက် အစိုးရက တာဝန်ယူရတယ်။ ငွေချေးတဲ့သူဆီကနေ အခွန်ကောက်ပြီး ဘဏ်ကို ပေးရတယ်။ ငွေများများချေးရင် အတိုး များများပေးရမယ်။ ဒီတော့ အခွန်များများ ပေးသွင်းကြရတယ်။ အဲဒီအခွန်ငွေက ဘဏ် ဆီကို ရောက်သွားတယ်။ ဒီထက်ကောင်းတဲ့ အသပြာလုပ်ငန်း ရှိမှ ရှိပါလေစ။

အင်္ဂလန်ဘဏ်ကို ရတနာအဖြစ်ထားပြီး ဘေးကနေ အရန်ပွင့်တွေ စီခြယ် လိုက်ကြတယ်။ ဒတ်ချ်နယ်သာလန်မှ အမ်စတာဒမ်ဘဏ်(၁၆၀၉)၊ ဂျာမနီမှ ဟမ်းဘတ်ဘဏ် (၁၆၀၉)၊ ဆွီဒင်ဘဏ်(၁၆၆၁)တို့က ဘေးကနေ ခြံရံပေးထားကြရတယ်။ ကာတယ် Cartel လို့ခေါ်ကြတဲ့ လုပ်ငန်းတူချင်းပေါင်ပြီး အမြတ်ကြီးစားတဲ့အဖွဲ့အဖြစ် လုပ်ကိုင်ကြတာကို တွေ့ကြရတယ်။

အများအမြင်မှာ အင်္ဂလန်ဘဏ်က ရှေ့ထွက်ကနေတဲ့ မင်းသား ဖြစ်ပေမယ့် တကယ့်ဌာနချုပ်က ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့မှာ ထားရှိထားပါတယ်။ ကာတယ်ရဲ့

ဗဟိုဘဏ်အဖြစ် Bank of International Settlements ကို ဖွင့်လှစ်ထားရှိထားပါတယ်။

ဒီနေရာမှာ အပိုင်းအစကလေးတွေကို ကြားဖြတ်ပြီး တင်ပြချင်ပါတယ်။ အပိုင်းအစတစ်ခုက ဘင်ဂျာမင် ဖရန့်ကလင် Benjamin Franklin ဖြစ်ပါတယ်။ သူက အမေရိကန်နိုင်ငံကို ထူထောင်သူတွေထဲမှာ ထင်ရှားသူ တစ်ဦးဖြစ်ပါတယ်။ သူက အင်္ဂလန်ကို ရောက်လာပြီး ၁၈နှစ်တိုင်တိုင် နေခဲ့ပါတယ်။ ပြီးမှ အမေရိကန်ကို ရောက်သွားတယ်။ သိပ်မကြာခင်မှာပဲ အမေရိကန်မှာ လွတ်လပ်ရေးအတွက် တော်လှန်ရေးပေါ်ပေါက်ခဲ့ပါတယ်။

သူ့ပုံကို အမေရိကန်ဒေါ်လာ ၁၀၀ တန်မှာ ဖော်ပြပေးထားပါတယ်။ အမေရိကန်ဒေါ်လာတွေမှာ အမေရိကန်သမ္မတပုံတွေ ဖော်ပြပေးဖို့ ပြဌာန်းချက် ရှိပါတယ်။ ဖရန့်ကလင်ကို ၁၀၀တန်မှာ ဖော်ပြပေးရမယ်လို့လည်း ပြဌာန်းချက် ရှိပါတယ်။ တကယ်တော့ သူက သမ္မတ မဖြစ်ဖူးပါဘူး။ စတင်ထူထောင်ရာမှာ ဦးဆောင်ခဲ့သူတွေထဲမှာ ပါဝင်ခဲ့သူသာ ဖြစ်ပါတယ်။ သမ္မတမဟုတ်ဘဲ ဒေါ်လာမှာ ဖော်ပြပေးတာက ထူးခြားချက် တစ်ခု ဖြစ်ပါတယ်။ နောက်ထပ် ထူးခြားချက်ကတော့ ၁၀၀ တန်ဒေါ်လာဟာ အမေရိကန်ဒေါ်လာတန်တွေထဲမှာ ရွက်ရေအများဆုံး ပုံနှိပ်တဲ့ အတန် ဖြစ်နေပါတယ်။ ၂၀၁၁ခုနှစ်မှာ ပုံသစ်နဲ့ ထုတ်ဝေမယ့် ၁၀၀တန်မှာလည်း သူ့ပုံကို ဖော်ပြပေးဦးမှာ ဖြစ်ပါတယ်။

နောက်ထပ်အပိုင်းအစတစ်ခုကတော့ ိုသ်ချိုင်းဖြစ်ပါတယ်။ အသပြာလောကမှာ ကဏ္ဍ၂ ရပ်ရှိပါတယ်။ တစ်ခုက ဘဏ်လုပ်ငန်းဖြင့် အသပြာလုပ်ငန်းကို လုပ်ကိုင်တာ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဘဏ်လုံးဝမရှိဘဲ လုပ်ကိုင်တဲ့ အသပြာလုပ်ငန်း ဖြစ်ပါတယ်။ ဘယ်ကဏ္ဍက ပိုချမ်းသာသလဲ၊ အရင်းအမြစ်ပိုများသလဲဆိုရင် ဘဏ်မဲ့ အသပြာလုပ်ငန်းက ပိုချမ်းသာပါတယ်။ ိုသ်ချိုင်းတို့က ဘဏ်မဲ့အသပြာလုပ်ငန်း ဖြစ်ပါတယ်။

၁၇၆၀ခုနှစ်မှာ Mayer Amschel Bauer ဆိုတဲ့သူက Mayer Amschel **Rothschild** ဆိုပြီး နာမည်ပြောင်းလိုက်တယ်။ သူ့မှာ ရှိတဲ့ သား ၅ယောက်ကို ဥရောပနိုင်ငံတွေမှာ သွားရောက်အခြေချနေထိုင်ဖို့ စေလွှတ်ပြီး အသပြာလုပ်ငန်းတွေ လုပ်ကိုင်စေခဲ့တယ်။ နိုင်ငံတစ်ခုရဲ့ မြို့တော်တစ်ခုမှာ တစ်ယောက်ကျ အခြေချနေထိုင်ပြီး လုပ်ကိုင်ခဲ့ကြတယ်။ ဒီမိသားစုက ုတ်တရက်ကြီး သူကြွယ်တွေ ဖြစ်ကုန်ကြတယ်။ အခုထိ သူတို့လောက် ချမ်းသာတဲ့မိသားစု ကမ္ဘာမှာ မရှိဘူး။ သူတို့က ဂျူးလူမျိုးအဖြစ် ခံယူထားကြတယ်။ ထင်ပေါ်ကျော်ကြားမှုကို ကျပ်ကျပ်ရှောင်တယ်။ အမျိုးအချင်းချင်း ထိမ်းမြားလက်ထပ်တယ်။ ဝမ်းကွဲမောင်နှမအချင်းချင်း ယူကြတာ ဖြစ်ပါတယ်။ သူတို့လုပ်ကိုင်တာတွေကို မိသားစုဝင်မဟုတ်တဲ့ ဆွေမျိုးရင်းချာတွေကိုတောင် အသိမပေးတဲ့အထိ ကြောင်လက်သည်းဝှက်ထားကြတယ်။

နောက်ထပ် အပိုင်းအစတစ်ခုကတော့ ဘီစီ ၁၁၀၃ခုနှစ်မှာ ဘ ု တပ်စ် တည်ထားခဲ့တဲ့ ထ့ိုင်မြို့သစ် (ဝါ) လန်ဒန်မြို့က အေဒီ ၁၆၆၀ခုနှစ် (မြို့စတည်ခဲ့သည်မှ နှစ်ပေါင်း ၂၇၀၀ကျော်ပြီးချိန်)မှာ မြို့ကို စနစ်တကျ ပြန်တည်ဖို့ လိုအပ်လာတယ်။ ခေတ်နဲ့ အညီ ပြန်တည်ဖို့ လိုနေတာ သဘာဝကျပါတယ်။

၁၆၆၅ခုနှစ်မှာ လန်ဒန်မြို့မှာ ပလိပ်ရောဂါကပ်ကြီးဆိုက်တယ်။ လူတွေသေကြ တာ သောက်သောက်လဲ။ မြို့မှာ မနေဝံ့လို့ တခြားမြို့ကို ထွက်ပြေးကြသူတွေလည်း အများကြီးပဲ။

၁၆၆၆ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့မှာ မုန့်ဖုတ်တဲ့ဆိုကနေ မီးစလောင်တာ တစ်မြို့လုံး ပြာကျသွားတယ်။ မီးလောင်ပြင်ဖြစ်ကျန်ရစ်တယ်။ မြို့ကို အစကနေ ပြန် တည်ဆောက်ကြရတယ်။ စွမ်းအင်စီးကြောင်း Ley line အချက်အချာကျတဲ့နေရာမှာ ငွေကြေးလုပ်ငန်းဗဟိုချက်အဖြစ် နေရာယူလိုက်ကြတယ်။

ဘောဘီလုံညီအစ်ကိုတွေက လန်ဒန်မြို့မှာ စိတ်ကြိုက်နေရာတွေ ရယူလိုက်ကြ တယ်လို့ ပြောရင် မှားမယ်မထင်ဘူး။ အဲဒီလို အခြေတကျ လုပ်ကိုင်ပြီးချိန်မှာ ဝီလျံ အော့ဖ် အောရင့်ချ် ရောက်ရှိလာပြီး နန်းသိမ်းလိုက်ပါတယ်။

နောက်တော့ ဗြိတိန်ဆိုတဲ့ ကျွန်းငယ်ကလေးက ကမ္ဘာပေါ်မှာ နေမဝင်အင်ပါယာ ကြီးကို ထူထောင်လိုက်ပါတော့တယ်။

ကျွန်တော် ငယ်ငယ်က တကယ်ကို နားမလည်နိုင်ခဲ့ဘူး။ နေမဝင်အင်ပါယာကြီး တစ်ခုလုံးမှာ ရှိနေတဲ့ ကိုလိုနီနိုင်ငံတွေရဲ့ လူဦးရေနဲ့ ယှဉ်လိုက်ရင် သူ့မှာ ရှိတဲ့ စစ်သား အရေအတွက်က တကယ်ကို မပြောပလောက်ဘူး။ ဆင်ပါးစပ် နှမ်းပက်သလောက်တောင် မရှိဘူး။ နိုင်ငံအရွယ်အစားရကြည့်ပြန်တော့လည်း ဗြိတိန်ကျွန်းစုဆိုတာက သေးသေး ကလေး။ ဒါနဲ့များ ဘာကြောင့် ဒီလောက်တောင် စွာကျယ်နေနိုင်ရတာလဲလို့ တွေးမိခဲ့ တယ်။ မေးမိခဲ့တယ်။ တကယ်တော့ ဗြိတိသျှ နေမဝင်အင်ပါယာ မဟုတ်ဘူး။ ဘောဘီလုံ နေမဝင်အင်ပါယာ ဖြစ်နေတယ်။

လန်ဒန်ကို အခြေစိုက်ပြီး အင်ပါယာကြီးကို အစီအစဉ်တကျ ထူထောင်သွား တယ်။ အမေရိက၊ အာဖရိက၊ အာရှ၊ ဩစတေးလျအပြင် နယူးဇီလန်တောင် ပါတယ်။

အမည်းမျိုးမတ်မျိုးနွယ်တွေကို ကျောထောက်နောက်ခံပြုပြီး အမ်စတာဒမ်မှာ အခြေစိုက်ထားစဉ်က ဒတ်ချ်အရှေ့အိန္ဒိယကုမဏီDutch East India Company အမည်နဲ့ လှုပ်ရှားခဲ့ကြတယ်။ နယ်ပယ်တွေ လိုက်သိမ်းခဲ့ကြတယ်။ လန်ဒန်မြို့ကို လှုပ်ရှားမှု ဗဟိုချက်အဖြစ် ထူထောင်ပြီးမှာတော့ ဗြိတိသျှအရှေ့အိန္ဒိယကုမဏီ British East India Companyအမည်နဲ့ ဆက်လက် လှုပ်ရှားခဲ့တယ်။ ရှေ့ဆုံးတစ်လုံးပဲ ကွာတယ်။ ဒါကလည်း အခြေစိုက်တဲ့နေရာပြောင်းရွှေ့လိုက်လို့ ပြောင်းလဲလိုက်ရတာ ဖြစ်ပါတယ်။ ဒတ်ချ်အရှေ့အိန္ဒိယကုမဏီဖြင့် အင်ပါယာအတွက် အစပျိုးပေးထားပြီးသားဖြစ်တာကြောင့် လန်ဒန်အခြေစိုက် နေမဝင်အင်ပါယာထူထောင်တော့ အလွယ်ဖြင့် ရခဲ့တာလို့ ဆိုရပါမယ်။

အခု နေမဝင်အင်ပါယာကြီး မရှိတော့ဘူး။ ဗြိတိသျှ နေမဝင်အင်ပါယာကြီး မရှိတော့ပေမယ့် ဘေဘီလုံရဲ့ နေမဝင်အင်ပါယာက ဆက်ရှိနေပါသေးတယ်။ ဗြိတိသျှ နေမဝင်အင်ပါယာက ပေါ်တင်ကြီး လုပ်ကိုင်တဲ့ အင်ပါယာ ဖြစ်ပါတယ်။ ဘေဘီလုံ အင်ပါယာက တိတ်တခိုး လုပ်ကိုင်တဲ့ အင်ပါယာ ဖြစ်ပါတယ်။

ပေါ်တင်ကြီးဖြစ်နေတဲ့အခါမှာ တော်လှန်ပုန်ကန်ဖို့ လွယ်တယ်။ ပစ်မှတ်က ထင်းထင်းကြီး ဖြစ်နေတယ်။ ပြီးတော့ ပစ်မလွဲ ဖြစ်နေတယ်။ ဒီတော့ သက်တမ်းတစ်ခု အထိပဲ ထိန်းထားလို့ရတယ်။ တိတ်တခိုးကျတော့ မမြင်ရဘူး။ ပစ်မှတ်က ပျောက်နေတယ်။ ထချချင်တယ်ဆိုရင်တောင် မမြင်ရတဲ့ တစ္ဆေနဲ့ လက်ဝှေ့ထိုးနေရသလို ဖြစ်နေတယ်။ ဒီတော့ တိတ်တခိုး အင်ပါယာက အစဉ်သဖြင့် တည်တံ့နေနိုင်ပါတယ်။

လွတ်လပ်တဲ့နိုင်ငံရယ်လို့ ဖြစ်သွားတဲ့အခါ လွတ်လပ်တယ်ပဲထင်နေရတော့ တော်လှန်တာ တိုက်ခိုက်တာတွေ မရှိနိုင်တော့ဘူး။

ပေါ်ပေါ်ထင်ထင် ကိုလိုနီအဖြစ်မှ တိတ်တခိုးထိန်းချုပ်ခံရတဲ့ကိုလိုနီ အဖြစ်ကို ရောက်သွားတာပဲ ရှိပါတယ်။ စီးတီးအော့ဖ်လန်ဒန်ကနေ ဆက်လက်ချုပ်ကိုင်ထားဆဲဖြစ် နေခဲ့တာကို မမြင်သာတော့ဘူး။

နိုင်ငံအတော်များများမှာ သူတို့ ချပေးထားခဲ့တဲ့ ဥပဒေတွေကို ကနေ့အထိ ဆက်လက်ကျင့်သုံးနေကြရတယ်။ တည်ဆဲ ဥပဒေတွေမှာ ဥပဒေထုတ်ပြန်တဲ့ ခုနှစ်တွေကို ကြည့်လိုက်ရင် ဒီအချက်က အရမ်းသိသာပါတယ်။ နည်းနည်းပါးပါး ပြင်ဆင်ချက်လောက် ပဲ လုပ်နိုင်ကြပါတယ်။ ဒါကလည်း ခေတ်နဲ့ မဆီလျော်တာကြောင့် ပြင်ဆင်ချက် လုပ်လိုက်ကြရတာဖြစ်ပေမယ့် မူရင်းကို ပြန်သထားတဲ့သဘောလောက်ပဲ ရှိပါတယ်။

ကမ္ဘာ့ဖလားဘောလုံးပွဲ ကျင်းပမယ့် တောင်အာဖရိကမှာ ဆိုရင် အောပင်ဟိုင်းမား Oppenheimersရဲ့ လက်ထဲမှာပဲ ရှိနေပါသေးတယ်။

အမည်းမျိုးမတ်မျိုးနွယ်တွေနဲ့အတူ အမ်စတာဒမ်မြို့မှာ အခြေစိုက်ထားစဉ်က တောင်အာဖရိကကို ဒတ်ချ်က သိမ်းတယ်။ သူတို့ လန်ဒန်ကို ပြောင်းရွှေ့အခြေချပြီးချိန်မှာ ဒတ်ချ်အရှေ့အိန္ဒိယကုမ္ပဏီကို ဘေးဖယ်လိုက်ပြီး ဗြိတိသျှအရှေ့အိန္ဒိယကုမ္ပဏီက နေရာ ဝင်ယူလိုက်တယ်။ ထိပ်စီးတစ်လုံးပဲ လွဲတယ်။ ဘေဘီလုံက ဘေဘီလုံပါပဲ။

ရှေ့တန်းတိုက်စစ်မှူးအဖြစ် စီစယ်ိုဒ် Cecil Rhodesကို တာဝန်ပေး လိုက်တယ်။ သူက တောင်အာဖရိကကုမ္ပဏီထူထောင်ပြီး လုပ်ကိုင်တယ်။ ကုမ္ပဏီဌာနချုပ် က စီတီးအော့ဖ်လန်ဒန်မှာ ဖြစ်ပါတယ်။ ိုဒ်ရဲ့ တောင်အာဖရိကကုမ္ပဏီက ရွှေတွင်း၊ စိန်တွင်းတွေ တူးတယ်။ ဒီဘီယာDe Beers ဆိုတဲ့အမည်နဲ့ လုပ်ကိုင်တယ်။ ကနေ့အထိ ကမ္ဘာ့စိန်ဈေး ထိုးမကျအောင် ကိုင်ပေးထားတာ ဒီဘီယာ ဖြစ်ပါတယ်။ သူ့လက်ထဲ ရှိတဲ့ စိန်တွေကို တစ်ပတ်နဲ့ ကုန်အောင် ရရာဈေးနဲ့သာ ရောင်းပစ်လိုက်မယ်ဆိုရင် စိန်ဈေးက ကျောက်စရစ်ခဲထက်တောင် ပေါသွားမယ်လို့ ဆိုကြရတဲ့အထိ သူ့လက်ထဲမှာ စိန်တွေ တစ်ပုံတစ်အောကြီး ရှိနေပါတယ်။

ိုဒ်ကို နောက်ကနေ ကြိုးကိုင်ထိန်းကျောင်းနေတာက အော်ပင်ဟိုင်းမား ဖြစ်ပါတယ်။ တောင်အာဖရိကကို လူဖြူလူနည်းစုက အုပ်ချုပ်နေရာက လူမည်းတွေ ခေါင်းထောင်ထလာတယ်။ နယ်လ်ဆင်မင်ဒဲလားက ပထမဆုံးလူမည်းသမ္မတဖြစ်လာတယ်။ တောင်အာဖရိကရဲ့ စတော့ဈေးကွက်ရဲ့ ၈၀ ရာခိုင်နှုန်းကျော်ကို အော်ပင်ဟိုင်းမားက ဖွင့်လှစ်ထားတဲ့ ကုမဏီတွေက ပိုင်ဆိုင်ထားဆဲ ဖြစ်ပါတယ်။ စိန်တွင်းတွေ ရွှေတွင်းတွေကို လဲ သူတို့ပဲ ဆက်လက်ပိုင်ဆိုင်နေဆဲ ဖြစ်ပါတယ်။ မင်ဒဲလားက အရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေ ချတော့မယ်ဆိုရင် အော်ပင်ဟိုင်းမားနဲ့ အရင်တိုင်ပင်တာ ထုံးစံလိုလို ဖြစ်နေပါတယ်။ လက်တွေ့မှာ သူဘာမှ လုပ်လို့မရဘူးဆိုတာ လက်တွေ့လုပ်ကြည့်ပြီး သူ သဘောပေါက်ထားပါတယ်။



နာသန်ို သ်ချိုင်း



Waddesdon Manor

## ရိုသ်ချိုင်းရဲ့ ရဲတိုက်များ

ိုသ်ချိုင်းမိသားစု ပိုင်ဆိုင်သမျှ အဆောက်အဦတွေ အားလုံးကို ပုံနဲ့တကွ ဖော်ပြမယ်ဆိုရင် စွယ်စုံကျမ်းတစ်အုပ်စာမက ထူထူထဲထဲ ဖြစ်သွားနိုင်တာမို့ အချို့ကိုသာ သဘောမျှ ကောက်နုတ်တင်ပြထားပါတယ်။



Halton House



Mentmore Towers



Château de Ferrières

# ရှိုးသ်ချိုင်း

ိုသ်ချိုင်းက သား ၅ယောက်နဲ့ ဥရောပမှာ အသပြာလုပ်ငန်းကို လုပ်ကိုင်ရာမှာ သူတို့က သတင်းအချက်အလက် မြန်မြန်ဆန်ဆန် ရောက်စေဖို့အတွက် ကွန်ရက်ကို ထူထောင်ထားတယ်။ ခြေမြန်တော်ဆက်သားတွေ မွေးထားတယ်။ စာပို့ခိုတွေကိုလည်း သုံးတယ်။ တိုင်းပြည်တစ်ခု တိုင်းရေးပြည်ရေး ဖြစ်ပေါ်မှုတွေကို အချိန်နဲ့ တစ်ပြေးညီ သိနေနိုင်အောင် စီမံထားတယ်။

သူတို့က လူတစ်ဦးတစ်ယောက်ချင်းကို ငွေထုတ်ချေးတာထက် အစိုးရတွေ၊ ထီးနန်းတွေကို ငွေထုတ်ချေးတာက ပိုများတယ်။ ဒီလို ချေးတဲ့အတွက် များများစားစား လည်း ချေးလို့ရတယ်။ ကောက်ခံလို့ရလာတဲ့ အခွန်နဲ့ ပြန်ပေးဆပ်နိုင်မှာလည်း သေချာ တယ်။ ပြီးတော့ မကင်းရာမကင်းကြောင်း ဖြစ်နေတဲ့အတွက် ဩဇာလည်း ညောင်းနိုင်တယ်။ တိုင်းရေးပြည်ရေးကို အတွင်းကျကျသိခွင့်ရစေတဲ့အပြင် ကြိုကြိုတင်တင်လည်း သိခွင့် ရတယ်။

၁၇၈၅ခုနှစ်မှာ ဖခင်ိုသ်ချိုင်းက ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့မှာရှိတဲ့ ငါးထပ်တိုက် ကြီးမှာ ပြောင်းရွှေ့နေထိုင်တယ်။ အဲဒီမှာ ရှစ်ဖ် Schiff မိသားစုနဲ့အတူ နေထိုင်ခဲ့တယ်။ အဲဒီမိသားစုဝင် မျိုးဆက်သစ်တွေ လက်ထပ်ထိမ်းမြားပြီး ဆွေမျိုးစပ်ခဲ့ကြတယ်။ နောင်တစ်ချိန်မှာ အဲဒီ ဆွေမျိုးစပ်ကနေ သက်ဆင်းလာခဲ့တဲ့ ဂျက်ကော့ဗ်ရှစ်ဖ်က အမေရိကန်ရဲ့ ဗဟိုဘဏ်ဖြစ်တဲ့ ပြည်ထောင်စုအရန်ငွေဘဏ် Federal Reserveကို ထူထောင်သူ ဖြစ်ပါတယ်။ မိသားစုနှစ်စုစလုံးက ကြွယ်ဝကြသူတွေဖြစ်ပြီး သီးခြားစီ အိမ်တစ်လုံးစီဖြင့် နေထိုင်လို့ ရပါလျက် တိုက်တစ်လုံးတည်းမှာ အတူလာနေကြတာဟာ ထူးဆန်းနေပြီး အကြောင်းမဲ့ မဟုတ်ဘူးဆိုတာ ထင်ရှားပါတယ်။ ဥရောပနယ်ပယ်အပြင် အမေရိကကိုပါ ဩဇာလွှမ်းဖို့ အစီအမံတွေ လုပ်စရာရှိတာကြောင့် ယခုလို တစ်အိမ်တည်း အတူနေကြပြီး ဆွေမျိုးစပ်ကြတာလို့ ကောက်ချက်ချကြရပါတယ်။

အမေရိကန်က ကိုလိုနီနယ်ပယ်အဖြစ် ဗြိတိသျှလက်အောက်မှာ ရှိနေတယ်။ အဲဒီမှာ ပြ နာတစ်ခု ရှိနေတာက ရွှေဒင်္ဂါးငွေဒင်္ဂါးတွေက ဗြိတိသျှကို အခွန်ဆောင် ရတဲ့အတွက် လူလုလက်ထဲ လုံလုံလောက်လောက် မရှိဘူး။ ဒီတော့ ကုန်ရောင်းကုန်ဝယ် လုပ်ကြဖို့အတွက် ကြားခံအဖြစ် တာဝန်ယူရတဲ့ ပိုက်ဆံ မလုံလောက်တဲ့ ပြ နာ ရှိနေတယ်။ ဒီတော့ ၁၇၆၄ခုနှစ်မှာ ကိုလိုနီနယ်ပယ်အတွင်းမှာ သုံးရန်အတွက် ငွေစက္ကူ ထုတ်တယ်။ ဘင်ဂျာမင် ဖရန့်ကလင်က ပိုက်ဆံရဲ့ ဝယ်နိုင်အားကို ချိန်ဆထိန်းညှိပြီး ထုတ်ဝေပါတယ်လို့ အခိုင်အမာပြောပေမယ့် ဗြိတိသျှအစိုးရက တစ်စင်ထောင်တာလို့ ယူဆတာကြောင့် ဥပဒေပြဌာန်းပြီး ပိတ်ပင်တယ်။

၁၇၇၅ခုနှစ်မှာ တော်လှန်ရေးစစ်ပွဲစတင်တဲ့အခါ စစ်စရိတ်အတွက် ငွေရှိဖို့ လိုတာကြောင့် ကိုလိုနီပိုက်ဆံတွေ ိုက်နှိပ်ခဲ့ရတယ်။ အရင်က ကုန်ရောင်းကုန်ဝယ် လုပ်ဖို့

ကာမိုး ချိန်ပြီး ိုက်နှိပ်ခဲ့တာ ဖြစ်ပေမယ့် အခုကိစ္စကျတော့ စစ်စရိတ်ကာမိအောင် ိုက်နှိပ်ရတာ ဖြစ်နေတယ်။ ဒီတော့ ဖုံးပေါလအော ိုက်နှိပ်ရပါတော့တယ်။

တော်လှန်ရေးစစ်ပွဲ မစတင်ခင်က လည်ပတ်နေတဲ့ ငွေအင်အားက ၁၂ သန်းပဲ ရှိတယ်။ စစ်ပြီးချိန်မှာ သန်း၅၀၀ ဖြစ်နေပြီ။ ငွေစက္ကူက မူရင်းဇာတိုပ်ဖြစ်တဲ့ စက္ကူအဖြစ် ပြန်ရောက်လုနီးပါး ဖြစ်နေပြီ။ ၂ူးဖိနပ်တစ်ရံကို ဒေါ်လာ ၅ ၀၀၀ ဖြစ်နေပြီ။

၁၇၈၁ခုနှစ်မှာ ငွေဖောင်းပွတဲ့ပြ နာကို ရှင်းဖို့ရည်ရွယ်ချက်ဖြင့် သူကြွယ် တစ်ဦးဖြစ်သူ ရောဘတ်မောရစ်ကို ဘဏ်ထူထောင်ခွင့်ကို ၄နှစ်သက်တမ်းဖြင့် ခွင့်ပြုလိုက်တယ်။ သူက မြောက်အမေရိကဘဏ်ဆိုပြီး ဘဏ်လုပ်ငန်း စတင်လိုက်တယ်။ သူက မ တည်ဖို့ အတွက် ဘဏ်မှာ ရွှေတွေထားဖို့လိုတာကို အများပိုင် ရွှေတွေယူသုံး လိုက်တယ်။ ပြင်သစ်ကနေ အမေရိကန်ကို တော်လှန်ရေးအတွက် ပေးထားတဲ့ရွှေတွေကို ဘဏ်မှာ ယူထားလိုက်တယ်။ ပြီးတော့ သူက ဒီဘဏ်ကို အစိုးရက ပိုင်သလိုလို ထင်ယောင် ထင်မှား ဖြစ်ကြရအောင် လုပ်ထားလိုက်တယ်။

သူက ငွေဖောင်းပွတာတွေကို ဖြေရှင်းပေးမယ်လို့ အာမခံတယ်။ အင်္ဂလန် ဘဏ်ရဲ့ ပုံစံအတိုင်း လိုက်လုပ်တယ်။ ဒါပေမယ့် မအောင်မြင်ဘူး။ အမျိုးသား စီးပွားရေးက ထိုးစိုက်ကျနေတယ်။ ဒီတော့ ၁၇၈၅ခုနှစ်မှာ ကွန်ဂရက်က သက်တမ်းတိုး မပေးဖို့ ဆုံးဖြတ်ချက်လိုက်တယ်။ အဲဒီလို ဆုံးဖြတ်ချက်ချပြီးချိန်မှာ အထက်မှာ ဆိုခဲ့တဲ့ အတိုင်း ဖခင်ိုသ်ချိုင်းက ရှစ်ဖ်မိသားစုနဲ့ စတင်နေထိုင်ခဲ့တာ ဖြစ်ပါတယ်။

၁၇၉၁ခုနှစ်မှာ First Bank of the United States ပေါ်ပေါက်လာတယ်။ ဒီဘဏ်ကို ကွန်ဂရက်က အနှစ် ၂၀ လုပ်ကိုင်ခွင့်ပေးထားတယ်။ တကယ်တော့ မြောက်အမေရိကဘဏ်ကို နာမည်ပြောင်းထားတာ ဖြစ်ပါတယ်။ ချုပ်ကိုင်သူက ရောဘတ် မောရစ် ဖြစ်ပါတယ်။ ဘဏ်ဥက္ကဋ္ဌကလည်း မြောက်အမေရိကဘဏ်ရဲ့ ဥက္ကဋ္ဌ ဖြစ်ပါတယ်။ ကုလားကြီးကနေ အရာကြီး ဖြစ်သွားတာပဲ ရှိပါတယ်။ နိုင်ငံသုံးငွေစက္ကူိုက်နှိပ်ခွင့်ကို ပေးထားတာလည်း အတူတူပါပဲ။ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူတွေက ၈၀ ရာခိုင်နှုန်း ပိုင်ဆိုင်ပြီး အစိုးရက ၂၀ ရာခိုင်နှုန်း ပိုင်ဆိုင်ပါတယ်။ အင်္ဂလန်ဘဏ်ရဲ့ လုပ်ပုံကိုင်ပုံကို နမူနာယူပြီး လုပ်ကိုင်ပါတယ်။

အင်္ဂလန်ဘဏ်မှာ ရှယ်ယာထည့်ဝင်သူတိုင်းဟာ ကတိကဝတိပြုထားတဲ့ အကျိုးအမြတ်ကို ရရှိဖို့ အာမခံချက် ထားပေးထားတယ်။ ဒီတော့ အစိုးရက ၂၀ ရာခိုင်နှုန်းအတွက် ပေါင် ၈ သန်းရတယ်။ စာရင်းအရ ရရှိလိုက်တာ ဖြစ်ပါတယ်။ အဲဒီငွေကို ဘဏ်မှာ ရင်းနှီးမြှုပ်နှံမယ့်သူတွေကို ချေးငွေအဖြစ် ထုတ်ချေးလိုက်တယ်။ စာရင်းအရ ထုတ်ချေးလိုက်တာ ဖြစ်ပါတယ်။ အစုရှယ်ယာထည့်ဝင်မယ့်သူတွေက ချေးငွေ ပေါင် ၈သန်းဖြင့် ရှယ်ယာတွေ ဝယ်ပြီး ရင်းနှီးမြှုပ်နှံလိုက်ကြတယ်။ စာရင်းထဲမှာ ဂဏန်းလေး တွေ အပြောင်းအလဲ လုပ်ရပြန်ပါတယ်။ ရှယ်ယာရှင်တွေက ကတိကဝတ်ပြုထားတဲ့ အမြတ်ဝေစုကို တစ်နှစ်တစ်ခါ ရယူကြတယ်။ အိတ်ထဲက တစ်ပြားတစ်ချပ်မှ မစိုက်ရတဲ့

အပြင် အမြတ်ကလည်း သေချာနေတဲ့ ရင်းနှီးမြုပ်နှံမှုကို လုပ်ခဲ့ကြသူတွေဆိုတော့ ရသင့်ရထိုက်တာတွေကို ရယူကြတာ တရားမျှတပါတယ်။

ဒီပုံစံကို အခုဘဏ်မှာ အတုယူ မိတ္တူကူးပြီး သုံးစွဲထားပါတယ်။

အင်္ဂလန်ဘဏ်မှာ အဲဒီလို အရဲစွန့်ပြီး ဘယ်သူတွေ ရှယ်ယာထည့်သလဲဆိုတာကို ဘယ်သူ့ကိုမှ သိခွင့် မပေးပါဘူး။

အခု ပထမအမေရိကန်ပြည်ထောင်စုဘဏ်မှာလည်း ဘဏ်နာမည်ကိုလည်း အစိုးရဘဏ်လို့ ထင်မှတ်မှားရမယ့် အမည်ပေးထားပါတယ်။ အစုရှယ်ယာဝင်တွေက ဘယ်သူဘယ်ဝါဆိုတာကို လူသိမခံပါဘူး။ ဒါပေမယ့် မြောက်အမေရိကဘဏ်တုန်းက မအောင်မမြင်ဖြစ်ခဲ့ရသူ ရောဘတ်မောရစ်က အခုဘဏ်ကို ပြန်လုပ်ခွင့်ရအောင် နောက်ကွယ်မှာ ခြေပုန်းခုတ်ပေးသူတွေဟာ ရိုသ်ချိုင်းတို့ဖြစ်မှန်း သိကြပါတယ်။

၁၇၆၀ခုနှစ်တုန်းက ဒီဘဏ်ဖွင့်ခွင့်အတွက် ကွန်ဂရက်မှာ အဲလင်ဇန်ဒါး ဟမ်မင်တန်က အဆိုပြုပါတယ်။ ဒီအခါမှာ ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့မှ ရိုသ်ချိုင်းက အချိန်ကိုက်ပြီး ကြေညာချက် ထုတ်ပြန်ပေးတယ်။

''နိုင်ငံသုံးငွေကို ထုတ်ဝေတာနဲ့ ထိန်းချုပ်တာတွေကို ကျွန်တော်လုပ်မယ်။ ဥပဒေတွေကို ဘယ်သူက ရေးသလဲဆိုတာ ကျွန်တော် ဂရုမစိုက်ပါဘူး။''

*"Let me issue and control a nation's money and I care not who writes the laws."*

ပထမအမေရိကန်ပြည်ထောင်စုဘဏ်က ၅နှစ်တိုင်တိုင် နိုင်ငံသုံးငွေကို ထုတ်ဝေတာ၊ ထိန်းချုပ်တာတွေ လုပ်ကိုင်ဆောင်ရွက်ခဲ့ပါတယ်။ အခုခေတ်မှာ ဗဟိုဘဏ်က လုပ်တဲ့ အလုပ်တွေကို လုပ်ကိုင်ခဲ့တာ ဖြစ်ပါတယ်။ အမေရိကန်အစိုးရကိုလည်း ငွေထုတ်ချေးပေးတယ်။ ချေးငွေက ဒေါ်လာ ၈၂ သိန်းအထိ ရောက်သွားတယ်။ ကုန်ဈေးနှုန်းတွေက ၇၂ ရာခိုင်နှုန်း တက်သွားတယ်။

၁၇၉၈ခုနှစ်မှာ အသက် ၂၁နှစ်ရှိပြီဖြစ်တဲ့ သားဖြစ်သူ နာသန်ရိုသ်ချိုင်းကို ဂျာမနီကနေ အင်္ဂလန်ကို ပြောင်းရွှေ့ပြီး အခြေချခိုင်းလိုက်တယ်။ ပေါင် နှစ်သောင်းနဲ့ မန်နီချိန်ဂျာလောကထဲကို သူ ဝင်ရောက်လုပ်ကိုင်တယ်။

၁၈၀၀ခုနှစ်မှာ ပြင်သစ်ဘဏ်ကို ထူထောင်လိုက်တယ်။ နပိုလီယံက သဘောမတွေ့ဘူး။ ဘဏ်နဲ့ တတ်နိုင်သမျှ ကင်းကင်းနေဖို့ ဆုံးဖြတ်တယ်။

''အစိုးရက ဘဏ်သမားတွေကို မှီခိုနေရရင် တိုင်းပြည်ကို ဦးဆောင်တဲ့သူက အစိုးရ မဖြစ်နိုင်တော့ဘူး။ ဘဏ်သမားတွေပဲ ဖြစ်နေလိမ့်မယ်။''

လို့ သူက ပြောခဲ့ပါတယ်။ တစ်ဆက်တည်းမှာပဲ သူက

''ပေးခဲ့လက်က ယူတဲ့လက်ရဲ့ အပေါ်မှာ အမြဲရှိတယ်။ စီးပွားရှာလုပ်ငန်းရှင်မှာ အမိမြေဆိုတာ မရှိဘူး။ တိုင်းချစ်ပြည်ချစ်စိတ်ဆိုတာလည်း မရှိဘူး။ သင့်မြတ်စွာ လုပ်ကိုင်မှုလည်း မရှိဘူး။ သူတို့သိတာ အကျိုးအမြတ်။''

လို့ ပြောကြားခဲ့ပါတယ်။ ဒီအဆိုအမိန့်ဟာ ကိုယ်သေတွင်းကို ကိုယ်တူးလိုက်တာလို့ နပိုလီယံ သဘောမပေါက်ခဲ့ဘူး။

အဲဒီအချိန် ၁၈၀၃ခုနှစ်မှာ အမေရိကန်မှာ သမ္မတဖြစ်နေတဲ့ သောမတ်ဂျက်ဖာဆင်က နပိုလီယံကို ကမ်းလှမ်းတယ်။ မစစပီမြစ်ရဲ့ အနောက်ဘက်မှာ ရှိတဲ့ ပြင်သစ်ကိုလိုနီနယ်ပယ်ကို ဝယ်ဖို့ ကမ်းလှမ်းတယ်။ ရွှေ ၃သန်းဖိုးပေးမယ်လို့ ကမ်းလှမ်းတယ်။ အရောင်းအဝယ် ဖြစ်သွားတယ်။ နပိုလီယံက ရလာတဲ့ ရွှေတွေနဲ့ စစ်တပ်ကို အင်အားဖြည့်တင်းတယ်။ ပြီးတဲ့အခါ စစ်တိုက်ပြီး တိုင်းနိုင်ငံတွေကို သိမ်းတော့တာပဲ။

ဒီအခါမှာ အင်္ဂလန်ဘဏ်က နပိုလီယံနဲ့ တိုက်ရတဲ့ နိုင်ငံတွေကို စစ်စရိတ်အတွက် ငွေထုတ်ချေးတယ်။ ဩစတြီးယား၊ ပါရှားနဲ့ ုရှားနိုင်ငံတွေဟာ နပုလီယံ ကောင်းမှုကြောင့် အင်္ဂလန်ဘဏ်မှာ ကြွေးတွေ အကြီးအကျယ်တင်ကုန်ကြတယ်။

အင်္ဂလန်မှာ ရှိနေတဲ့ အသက် ၃၀ နှစ် ရှိသူ နာသန်ိုသ်ချိုင်းက ပြင်သစ်မှရွှေတွေကို စပိန်ကနေတစ်ဆင့် ခိုးထုတ်တယ်။ နပိုလီယံကို စစ်ထိုးမယ့် မြို့စားဝဲလင်တန်ကို ထောက်ပံ့တယ်။ အဲဒီကျေးဇူးကို ဝဲလင်တန်က နောင်တစ်ချိန်မှာ တစ်နည်းတစ်ဖုံပြန်ဆပ်ခဲ့ပါတယ်။ အခု တင်ပြနေတာက ကမ္ဘာ့မြင်ကွင်းကျယ်ကို အပြိုင်မြင်နေရအောင် ခုနှစ်အစဉ်အရ တင်ပြနေတာဖြစ်လို့ ကျေးဇူးဆပ်ပုံကို သူ့ခုနှစ်ရောက် တဲ့အခါမှာ ဖတ်ုကြရမှာ ဖြစ်ပါတယ်။

၁၈၁၁ခုနှစ်မှာ ပထမအမေရိကန်ပြည်ထောင်စုဘဏ်ကို သက်တမ်းမတိုးဖို့ ကွန်ဂရက်မှာ ပြောဆိုကြတယ်။ ပုတ်ခတ်ဝေဖန်ကြတယ်။ ဒီအခါမှာ နာသန်ိုသ်ချိုင်းက အင်္ဂလန်ကနေ ကြေညာချက် ထုတ်ပြန်ပေးတယ်။

''ဘဏ်ကို သက်တမ်းတိုးခွင့် ပေးရင်ပေး၊ မပေးခဲ့ရင် ကြမ္မာဆိုးငင်မယ့် စစ်ပွဲကို ကြုံကြရလိမ့်မယ်။''

ပစ်ချက်က ပြင်းထန်တယ်။ ကွန်ဂရက်မှာ ယမ်းငွေ့တွေ ဝေသွားသလားအောက်မေ့ရတယ်။ ကန့်ကွက်မဲဆိုလို့ တစ်မဲပဲရှိပြီး အတည်ပြုပေးလိုက်တယ်။ ဆီးနိတ်ကို ဆက်တက်သွားတယ်။ အဲဒီမှာ သဘောမတူတဲ့အသံတွေ ထွက်ပေါ်လာပြန်တယ်။

အဲဒီအချိန်မှာ အိမ်ဖြူတော်မှာ သမ္မတလုပ်နေသူက ဂျိန်းမက်ဒီစန်ဖြစ်ပြီး သူက ဒုသမ္မတဖြစ်သူ ဂျော့ကလင်တန်ကို ဆီးနိတ်ကို စေလွှတ်တယ်။ တားထားတဲ့ကြိုးကို သွားဖြတ်ခိုင်းလိုက်တယ်။ မအောင်မြင်ဘူး။ လိပ်ခဲတင်းလင်း ဆက်ဖြစ်နေတယ်။

နာသန်ိုသ်ချိုင်း ကြိမ်းတဲ့အတိုင်း ဖြစ်လာခဲ့ရင် ထောင်ချီတဲ့ ဗြိတိသျှစစ်သည်တွေ အမေရိကန်ကို သွားတိုက်ခိုက်ကြရလိမ့်မယ်။ သွားမတိုင်ဖြစ်တာက နပိုလီယံရဲ့ ရန်ကြောင့် ဗြိတိန်က စစ်မျက်နှာတစ်ခု ဖွင့်ထားရချိန် ဖြစ်နေတယ်။

၁၈၁၄ခုနှစ်မှာ ဝဲလင်တန်က တောင်ဘက်ကနေ စစ်ထိုးပြီး တိုက်ခိုက် သိမ်းပိုက်လိုက်တယ်။ နပိုလီယံ ဘေးဖယ်ပေးလိုက်ရတယ်။ ၁၈ယောက်မြောက်လူဝီဘုရင် နန်းတက်တယ်။ အီတလီကမ်းခြေက အယ်လ်ဘာဆိုတဲ့ ကျွန်းကလေးဆီ နပိုလီယံကို ပြည်နှင်ဒဏ်

ပေးထားလိုက်ကြတယ်။

နပိုလီယံဆိုတဲ့ ဆီမီးက ငြိမ်းမသွားဘူး။ တစ်ကျွန်းကျနေရာက ထွက်ပြေးလွတ်မြောက်ခဲ့တယ်။ သူ့ကို ဖမ်းဖို့ ပြင်သစ်တပ်တွေ စေလွှတ်တယ်။ ဒါပေမယ့် နပိုလီယံက မာတယ်။ စည်းရုံးရေးကောင်းတယ်။ စစ်သည်တွေကို ဘယ်လိုကိုင်တွယ်ရမယ်ဆိုတာ စစ်ကျမ်းကြေသူ ဖြစ်နေတော့ သူ့စကားကို သူ့လာဖမ်းတဲ့ စစ်သည်တွေက နာခံကြတယ်။ သူတို့ရဲ့ အင်ပါယာပြည့်ရှင်အဖြစ် ကိုးကွယ်လိုက်ကြတယ်။

နပိုလီယံက တပ်ပြန်ဖွဲ့ပြီး မတ်လမှာ စစ်ချီတယ်။ ဝဲလင်တန်နဲ့ ဝါတာလူးမှာ ထိတွေ့တိုက်ခိုက်တယ်။

လန်ဒန်စီးပွားရေးနယ်ပယ်က စစ်သတင်းကို နားစွင့်နေကြတယ်။ နပိုလီယံ တစ်ကျော့ပြန်ကို လန့်နေကြတယ်။ နာသန်ရော့သ်ချိုင်းက လူယုံခြေမြန်တော် ရော့သ်ဝိုသ်ကို ဝါလင်တန်ဆီ ပို့ထားလိုက်တယ်။ စစ်ပွဲအနိုင်အရှုံးသိရတာနဲ့ အမြန်ပြန်လာပြီး သူ့ဆီ သတင်းပေးပို့ဖို့ တာဝန်ပေးထားလိုက်တယ်။

ဝါတာလူးစစ်ပွဲမှာ ဝဲလင်တန် အနိုင်ရသွားတယ်။ အနိုင်သတင်းကို ရော့သ်ဝိုသ်က နာသန်ရော့သ်ချိုင်းဆီ အမြန်ပြန်လာပြီး သတင်းပေးပို့တယ်။ ဒီအခါမှာ နာသန်ရော့သ်ချိုင်းက လန်ဒန်စတော့ဈေးကွက်မှာ သူ့ရှယ်ယာတစ်ချို့ကို အများမြင်သာတဲ့နည်းလမ်းနဲ့ ထုတ်ရောင်းလိုက်တယ်။ အဲဒီလို ရောင်းလိုက်တာ သတင်းဖြစ်သွားတယ်။ စစ်ပွဲအခြေအနေ မလှလို့ နာသန်ရော့သ်ချိုင်းက ရှယ်တွေ စရောင်းနေပြီလို့ သတင်းပျံ့သွားတယ်။ ဒီတော့ ကိုယ့်ရှိတဲ့ ရှယ်ယာတွေကို ထုတ်ရောင်းကြတယ်။ ထိတ်ထိတ်ပျာပျာနဲ့ ကသုတ်ကရက် ရောင်းကြတော့ ရောင်းလိုအားက ဝယ်လိုအားထက် အဆမတန်များနေတော့ ဈေးတွေ နာရီပိုင်းအတွင်းမှာ ထိုးကျကုန်တယ်။ မွန်းလွဲပိုင်းမှာ နာသန်ရော့သ်ချိုင်းက သူ့လူတွေ လွှတ်ပြီး ရှယ်ယာတွေကို ကျဈေးနဲ့ အကုန်လုံးကို လိုက်ဝယ်ပစ်တယ်။ ရှယ်ယာတွေအပြင် အစိုးရဘွန်း(ငွေချေးစာချုပ်)တွေလည်း ပါတယ်။ အဲဒီဘွန်းတွေက အင်္ဂလန်ဘဏ်မှာ ရှယ်ယာအဖြစ် ပြောင်းလို့ရတဲ့ ဘွန်းတွေ ဖြစ်ပါတယ်။ ဒီတော့ အင်္ဂလန်ဘဏ်က အလိုလို သူ့လက်ထဲ ကျရောက်သွားခဲ့ပါတယ်။

ဝဲလင်တန်က သူ စစ်နိုင်တာကို ခြေမြန်တော်စေလွှတ်ပြီး အစိုးရထံ သတင်းပေးပို့ပါတယ်။ ဒါပေမယ့် သူလွှတ်တဲ့ ခြေမြန်တော်တွေက ရော့သ်ဝိုသ်ထက် တစ်ရက် နောက်ကျပြီးမှ ရောက်လာတယ်။

ဒီလို အရောက်နောက်ကျတဲ့အတွက် နာသန်ရော့သ်ချိုင်းက ပေါင်သန်း၅၀ ကျော် အမြတ်ရသွားခဲ့တဲ့အပြင် အင်္ဂလန်ဘဏ်ကိုပါ သူရလိုက်ပါတယ်။

နောင်တစ်ချိန်မှာ ဒီအကြောင်းကို နာသန်ရော့သ်ချိုင်းကို မေးမြန်းတဲ့အခါ သူက မဟုတ်ပါဘူးလို့ ဘူးကွယ်ခဲ့ပါတယ်။

၁၈၁၆ခုနှစ်မှာ ပထမအမေရိကန်ပြည်ထောင်စုဘဏ်အစား ဒုတိယ အမေရိကန်ပြည်ထောင်စုဘဏ် ပေါ်ပေါက်လာခဲ့ပါတယ်။ ဒီတစ်ခါလည်း နာမည်ထိပ်စီးပဲ ပြောင်း

ပါတယ်။ ကျန်တာအားလုံးက မိတ္တူဆွဲထားတာချည်းပဲ။ ဒီတော့ အစိုးရက ၂၀ ရာခိုင်နှုန်း ပိုင်ဆိုင်ပြန်ပါတယ်။ အဲဒီငွေက ဘဏ်ကိုပဲ ပြန်အပ်တယ်။ အဲဒီအပ်တဲ့ငွေကို ဘဏ်ရဲ့ ရှယ်ယာဝယ်မယ့်သူတွေကို ထုတ်ချေးပေးပြီး ရှယ်ယာတွေ ဝယ်ခိုင်းလိုက်ပါတယ်။ လေထိုး ငွေလျော်စနစ်ကို ပြန်ကျင့်သုံးတော့ ဘဏ်က ရှယ်ယာရှင်တွေကို ထားရှိတဲ့ ကတိကဝတ် အတိုင်း အကျိုးအမြတ်ခံစားခွင့်တွေ ဝေမျှပေးပါတယ်။

အရင့်အရင်အကြိမ်တွေတုန်းကလိုပဲ ရှယ်ယာရှင်တွေက မည်သူမည်ဝါဆိုတာကို ထုတ်ဖော်ပြောကြားခြင်း မပြုပါဘူး။ လျှို့ဝှက်ထားပါတယ်။

၁၈၂၆ခုနှစ်မှာ ပထမမြောက်ဟင်နရီဘုရင်ရဲ့ တုတ်ချောင်းပိုက်ဆံကို တရားဝင် သုံးစွဲခြင်းမှ လုံးဝ ရပ်ဆိုင်းလိုက်ပါတယ်။

၁၈၂၈ခုနှစ်မှာ ဒုတိယအမေရိကန်ဘဏ်ရဲ့ မသမာမှုတွေ အစိုးရပိုင်းမှာ အမြစ် တွယ်နေတာတွေကို သုတ်သင်ပစ်မယ်လို့ ကြိမ်းဝါးပြီး ရွေးကောက်ပွဲဝင်တဲ့ အင်ဒရူးဂျက်ဆင် အနိုင်ရပြီး သမ္မတ ဖြစ်လာတယ်။ ဘဏ်နဲ့ ဆက်နွယ်နေသူတွေကို အစိုးရဝန်ထမ်းအဖြစ် မှ ထုတ်ပယ်ပစ်တယ်။ လူ ၂၀၀၀ လောက် စပြီး အလုပ်ဖြုတ်ခံရတယ်။ ဆက်လက် အရေးယူခဲ့ရာမှာ လူ ၁၁၀၀၀ကျော်သည်အထိ အလုပ်ဖြုတ်ပြီးချိန်မှာ စီမံချက်ကို ရပ်တန်းက ရပ်လိုက်တာကို တွေ့ကြရတယ်။

ဒီလို အခြေအနေဆိုးဝါးနေတာကြောင့် ဒုတိယအမေရိကန်ဘဏ်က သက်တမ်း တိုးခွင့်ကို သက်တမ်းမကုန်ခင် ၄နှစ်ကြိုပြီး ကွန်ဂရက်ကိုတင်တယ်။ ကွန်ဂရက်က သမ္မတဆီ တင်တယ်။ သမ္မတ အင်ဒရူးဂျက်ဆင်က ဗီတိုအာဏာနဲ့ ပယ်ချပစ်လိုက်တယ်။

သမ္မတသက်တမ်း ၄နှစ် ပြည့်ချိန်မှာ ဒုတိယအကြိမ် ပြန်အရွေးခံရဖို့ ရွေးကောက် ပွဲကို ဂျက်ဆင် ဝင်ပြိုင်တယ်။ "ဂျက်ဆင်–ဘဏ်မရှိစေရ" ဆိုတဲ့ ကြွေးကြော်သံနဲ့ ဝင်လိုက်တာ နိုင်သွားပြန်ပါတယ်။

၁၈၃၃ခုနှစ်မှာ သမ္မတဂျက်ဆင်က ရောဂျာတန်နီကို ဘဏ္ဍာရေးဝန်ကြီးခန့် အပ်ပြီး ဒုတိယအမေရိကန်ဘဏ်မှ အစိုးရငွေတွေကို ထုတ်ယူခိုင်းလိုက်တယ်။ သူ့အရင်က ဘဏ္ဍာရေးဝန်ကြီး နှစ်ဆက် ပြောင်းခဲ့ရတယ်။ အကြောင်းက ဂျက်ဆင်ခိုင်းတာကို လုပ်ဖို့ ငြင်းဆန်ခဲ့ကြလို့ ဖြစ်ပါတယ်။ ဒီလို တင်းမာနေချိန်မှာ ဘဏ်ဥက္ကဋ္ဌက သူ့ဘဏ်ကို သက်တမ်းဆက်မတိုးပေးရင် စီးပွားပျက်ကပ် ဆိုက်သွားမယ်လို့ အတိအလင်း ခြိမ်းခြောက် လိုက်ပါတယ်။ ဘဏ်ကနေ ငွေတွေ စီးထွက်နေတာကို ရပ်ပစ်ပြီး ချေးထားတဲ့ အကြွေးတွေ ပြန်သိမ်းပစ်လိုက်ရင် လည်ပတ်နေတဲ့ ငွေအင်အား ထိုးကျသွားပြီး ငွေရှားသွားမယ်။ ရောင်းရေးဝယ်တာတွေအတွက် ကာမိတဲ့ ငွေအင်အားမရှိနိုင်တော့တာကြောင့် စီးပွား ပျက်ကပ် ဆိုက်ရောက်သွားမှာ ဖြစ်ပါတယ်။

ဂျက်ဆင်က အစိုးရငွေတွေ ပြန်သိမ်းလိုက်လို့ ဘဏ်က ငွေထုတ်ချေးလို့ မရတော့ဘူး။ ထုတ်ချေးထားတာတွေကို ပြန်သိမ်းရမယ်လို့ ကြေညာပြီး ငွေတွေ ပြန်သိမ်း ပစ်တယ်။ သူက ခြိမ်းခြောက်ထားတဲ့အတိုင်း တကယ်လုပ်ပစ်လိုက်တယ်။ စီးပွားရေး

ထိုးကျသွားတယ်။ သူက ဂျက်ဆင်ရဲ့ လုပ်ရပ်ကြောင့် အခုလိုဖြစ်ကုန်ရတယ်လို့ အပြစ်ဖို့တယ်။

သူ ဝါဒဖြန့်တာ အောင်မြင်တယ်။ သတင်းစာရဲ့ အယ်ဒီတာအာဘော်တွေကအစ သမ္မတကို အပြစ်တင်ကုန်ကြတဲ့အထိ ဖြစ်သွားတယ်။

ဘဏ်က လုပ်လို့ ဖြစ်ရတယ်ဆိုတာ သက်သေထူပြဖို့အတွက် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့ပြီး ဘဏ်စာရင်းတွေကို စစ်ဆေးခိုင်းတယ်။ ဘဏ်ဥက္ကဌက အစစ်ခံဖို့ ငြင်းဆန်တယ်။ စစ်ဆေးရေးအဖွဲ့ ရှေ့မှောက်မှာ လာရောက် အစစ်ဆေးခံဖို့လည်း ငြင်းဆန်တယ်။

၁၈၃၆ခုနှစ်မှာ သက်တမ်းကုန်သွားပြီး လုပ်ငန်းရပ်ဆိုင်းလိုက်ရတယ်။ ဘဏ်ဥက္ကဌကို တရားစွဲဆိုတယ်။ ုံးတင်စစ်ဆေးပြီး တရားသေ လွှတ်လိုက်တယ်။ ၁၈၄၄မှာ အမှုတွေ ရင်ဆိုင်နေတုန်းမှာပဲ ကွယ်လွန်သွားခဲ့ပါတယ်။

၁၈၃၈ခုနှစ်မှာ ရစ်ချတ်လောရင့်ဆိုသူက သမ္မတဂျက်ဆင်ကို သေနတ်နဲ့ ပစ်ခတ်ပြီး လုပ်ကြံတယ်။ ပစတိုသေနတ် ၂လက်နဲ့ တစ်လက်ပြီး တစ်လက် ထုတ်ပစ်တယ်။ သမ္မတက ဘုန်းကံကြီးမားနေတယ်။ သေနတ်တွေက မီးမကူးဘူး။

လုပ်ကြံသူ ရစ်ချတ်လောရင့်ကို စစ်ဆေးတော့ စိတ်မနှံ့သူ ဖြစ်နေလို့ အမှုက လွှတ်ပေးလိုက်ရတယ်။ သူက ဖြောင့်ချက်ပေးတာမှာ ဥရောပမှ ဩဇာကြီးမားတဲ့သူတွေက အစစအရာရာ တာဝန်ယူပါတယ်လို့ ပြောပြီး စေခိုင်းလို့ အခုလို လုပ်ရတာပါလို့ ပြောပြပါတယ်။ ဒါကြောင့်လည်း သူက လုပ်ကြံမှုကနေ အ ူးလက်မှတ်နဲ့ လွတ်သွားခဲ့ပုံရပါတယ်။



လုပ်ကြံသူ ရစ်ချတ်လောရင့်

## ကျောခိုင်း

မန်နီချိန်ဂျာတွေအဖို့ ဗဟိုဘဏ်ထားရှိရေး အစီအစဉ်ပျက်သွားရပြီး နောက်ထပ် ၇၅နှစ်ကြာချိန်ကျမှ ဗဟိုဘဏ်ကို ပြန်ထူထောင်နိုင်ခဲ့ပါတယ်။ အဲဒီအခါမှာ ပွဲကို ဦးစီးလုပ်ကိုင်သူက ဂိုသ်ချိုင်းသွေးဆက် ဂျက်ကော့ရှစ်ဖ် ဖြစ်ပါတယ်။

ပြင်သစ်မှာ ရှိနေတဲ့ ဂိုသ်ချိုင်းသားတော်တစ်ဦးဖြစ်သူ ဂျက်ကော့ဂိုသ်ချိုင်းဟာ ၁၈၅၀ခုနှစ်မှာ ပြင်သစ်နိုင်ငံသုံးဖရန့်ငွေ သန်း၆၀၀ တန်တဲ့သူ ဖြစ်နေတယ်။ အဲဒီအချိန်မှာ ပြင်သစ်မှာ ရှိရှိသမျှ ဘဏ်တွေအားလုံးရဲ့ ပိုင်ဆိုင်မှုစုစုပေါင်းကို တွက်ချက်ကြည့်ရင် ဖရန့် သန်း ၄၅၀ ပဲရှိတယ်။ ဒီတော့ ဂျက်ကော့က သန်း၁၅၀ ပိုတယ်။

၁၈၃၁ခုနှစ်မှာ လင်ကွန်း အမေရိကန်သမ္မတ ဖြစ်လာတယ်။ ကျမ်းသစာကျိန် ဆိုပြီး တစ်လအကြာမှာ ပြည်တွင်းစစ် စဖြစ်တယ်။ သမိုင်းဆရာတွေက ကျွန်စနစ်တိုက်ဖျက်ရေးအတွက် ဖြစ်ပွားရတဲ့ ပြည်တွင်းစစ်လို့ မှတ်တမ်းတင်ကြတယ်။



ပြည်တွင်းစစ် ဖြစ်ပွားရခြင်း အကြောင်းရင်းတွေမှာ တစ်ချက်က မန်နီချိန်ချာတွေ နေရာမရ ဖြစ်နေရတာ ဖြစ်ပါတယ်။ အထူးသဖြင့် အာဏာပိုင်တွေက နှိမ်ချထားတာကို ခံနေရတယ်။ ဒီတော့ ဝါတာလူးစစ်ပွဲမှာ စစ်ရှုံးခဲ့ရတဲ့ နပိုလီယံရဲ့ တူ ဖြစ်သူ တတိယမြောက် နပိုလီယံကို ပြင်သစ် ဗဟိုဘဏ်က ဖရန့်ငွေ သန်း ၂၁၀ ထုတ်ပေးပြီး မကဆီကိုကို သိမ်းပိုက်ခိုင်းတယ်။ ပြီးတဲ့အခါမှာ အမေရိကန်တောင်ပိုင်းနယ်ခြား တစ်လျှောက်မှာ တပ်တွေကို ချခိုင်းထားခဲ့တယ်။

အဲဒီအချိန်မှာ အမေရိကန်ရဲ့ အခြေအနေက တောင်ပိုင်းနဲ့ မြောက်ပိုင်းဆိုပြီး စိတ်ဝမ်းကွဲပြားနေတယ်။ မြောက်ပိုင်းက စက်မှုထွန်းကားနေတယ်။ တောင်ပိုင်းက လယ်ယာစိုက်ပျိုးရေးကို အဓိကထားပြီး လုပ်ကိုင်နေတယ်။

ပြည်ပမှ သွင်းကုန်တွေက မြောက်ပိုင်းမှာရှိတဲ့ ပင်လယ်ဆိပ်ကမ်းတွေကနေ

ဝင်ကြရတယ်။ ဒီအခါမှာ မြောက်ပိုင်းက စက်မှုလုပ်ငန်းရှင်တွေအနေဖြင့် သူတို့ရဲ့ ထုတ်ကုန်တွေကို ဈေးကောင်းကောင်းဖြင့် ရောင်းချင်တာကြောင့် ပြည်ပသွင်းကုန်တွေအပေါ်မှာ ကောက်ခံတဲ့ အခွန်နှုန်းထားကို မြင့်တင်ပစ်လိုက်တယ်။ ဒီတော့ ပြည်တွင်းဈေးကွက်မှာ ယှဉ်ပြိုင်ရောင်းချဖို့ မဖြစ်နိုင်တာကြောင့် သွင်းကုန်တွေ လျော့ကျကုန်တယ်။ ဥရောပက စက်မှုလုပ်ငန်းရှင်တွေ နစ်နာကြရတယ်။

ဒီအခါမှာ တောင်ပိုင်းက လယ်သမားတွေ တင်ပို့တဲ့ ဝါတွေကို ဥရောပက မဝယ်တော့ဘူးဆိုပြီး လက်စားချေ တုန့်ပြန်တယ်။ ဒီတော့ တောင်ပိုင်းမှာ နေကြသူတွေ ဝင်ငွေလျော့ကုန်တယ်၊ ပြည်တွင်းစက်မှုထုတ်ကုန်တွေက ဈေးကြီးကြီးနဲ့ ရောင်းတာကိုလည်း ဝယ်သုံးကြရပြန်တော့ နစ်ခါနာကုန်တယ်။ ဒီတော့ တောင်ကယ်ိုလိုင်းနားက ပြည်ထောင်စုကနေ ခွဲထွက်လိုက်တယ်။

အဲဒီအချိန်မှာ အမေရိကန်မြောက်ပိုင်းနယ်စပ်မှာ ရှိတဲ့ ကနေဒါ မြေပိုင်နက်မှာ ဗြိတိသျှတွေက စစ်သည်အင်အား ၁၁ ဝဝဝကို နေရာချွေပြီး ချထားလိုက်တယ်။

တောင်နဲ့မြောက်မှာ နစ်ဖက်ညှပ်နေပြီဆိုတာ လင်ကွန်းက သဘောပေါက်တယ်။ စစ်ရေးအရ ကာကွယ်ဖို့ဆိုတာ စစ်စရိတ်ရှိမှ ရမယ်။ ဒီတော့ ကာနယ်ဒစ်တေလာကို ငွေရှာဖို့ တာဝန်ပေးတယ်။ သူက မန်နီချိန်ဂျာတွေနဲ့ ဆက်သွယ်တော့ အတိုးက ၂၄ ကနေ ၃၆ ရာခိုင်နှုန်းအထိပေးမှ ရနိုင်မယ်လို့ အကြောင်းပြန်ကြတယ်။

အဲဒီလို အတိုးကြီးကြီးနဲ့ မချေးနိုင်တာကြောင့် နည်းလမ်းရှာကြံရတယ်။ ဒီအခါမှာ တေလာက အကြံပေးတယ်။

''သိပ်ခက်ခက်ကြီး စဉ်းစားမနေနဲ့။ ငွေစက္ကူ ိုက်နှိပ်ခွင့်ပေးဖို့အတွက် ကွန်ဂရက်က ပြဌာန်းပေးဖို့ လုပ်ပါ။ ိုက်ခွင့်ရပြီးတဲ့အခါ ငွေစက္ကူတွေ ိုက်ပြီး စစ်သားတွေကို လခပေးလိုက် ုပဲ။ ဒါဆို ခင်ဗျားတိုက်ချင်တဲ့စစ်ပွဲအတွက် စစ်သည်အလုံအလောက် ရနေမှာ သေချာတယ်။ ဒီတော့ နိုင်ဖို့ပဲ ရှိတယ်။''

''လူတွေက ငါတို့ ိုက်တဲ့ ငွေစက္ကူတွေကို လက်ခံပြီး သုံးစွဲကြမှာလား။''

''မသုံးစရာအကြောင်း ဘာမှ မရှိဘူး။ သူတို့မှာ ဘာမှ ရွေးခွင့်မရှိဘူး။ တကယ့်တရားဝင်ငွေစက္ကူဆိုတာ ဖြစ်သွားအောင်သာ ခင်ဗျားလုပ်လိုက်ပါ။ အစိုးရက လုံးဝတာဝန်ယူပါတယ်ဆိုရင် ပြီးနေပြီ။ တခြားနိုင်ငံက ငွေလိုပဲ ဖြစ်သွားလိမ့်မယ်။''

၁၈၆၂ခုနှစ်မှာ လင်ကွန်းက ဒေါ်လာ၄၅ဝ ဝဝဝ ဝဝဝ ဝဝဝ ဖိုးရှိတဲ့ ငွေစက္ကူတွေ ိုက်နှိပ်ထုတ်ဝေလိုက်တယ်။ သူရဲ့ စစ်တပ်လခနဲ့ ရိက္ခာစတာတွေ ဝယ်ယူဖို့အတွက် သုံးစွဲတယ်။ စစ်စရိတ်ပြေလည်သွားတဲ့အခါ ပြည်ထောင်စုက ခွဲထွက်တဲ့ နယ်ပယ်တွေကို တိုက်ခိုက်တယ်။ ဒီအခါမှာ ကျွန်စနစ်တိုက်ဖျက်ရေးအတွက် စစ်ပွဲဆင်နွှဲတယ်လို့ ဝါဒဖြန့်လိုက်ပြီး တိုက်တယ်။ ခွဲထွက်တဲ့ တောင်ပိုင်းက ပြည်နယ်တွေ အကုန်လုံး စစ် ုံးလို့ မြောက်ပိုင်းရဲ့ ဩဇာအောက်ကို ပြန်ရောက်တယ်။

လင်ကွန်းက မန်နီချိန်ဂျာတွေ လုပ်နေကျအလုပ်ကို လုပ်ပြီး စစ်စရိတ်ရှာကာ

စစ်ပွဲကို အနိုင်ယူသွားတာ ဖြစ်ပါတယ်။ သူထုတ်တဲ့ ငွေစက္ကူရဲ့ ကျောဘက်မှာ အစိမ်းတစ်ရောင်တည်းကို သုံးပြီး ရိုက်ထားတယ်။ အဲဒါကြောင့် ကျောစိမ်း Green Back လို့ အမည်တွင်တယ်။

လင်ကွန်းက ဒုတိယအကြိမ်အဖြစ် ရွေးကောက်ပွဲကို နိုင်ခဲ့တယ်။ သမ္မတအဖြစ်ကို ခံယူပြီး ၄၁ရက်အကြာမှာ လုပ်ကြံခံရတယ်။ ဒဏ်ရာကြောင့် ကွယ်လွန်အနိစ္စ ရောက်ခဲ့တယ်။

မန်နီချိန်ဂျာတွေက အခုအခါမှာ ဘဏ်လုပ်ငန်းရှင်အဖြစ်ကို ခံယူထားလိုက်ကြပြီ ဖြစ်ပါတယ်။ ဥရောပမှ ဘဏ်လုပ်ငန်းရှင်တွေက အမေရိကန်ကို ကြီးစိုးချင်ကြတယ်။ ဗဟိုဘဏ် ရှိစေချင်ကြတယ်။ ပြီးတော့ ဒေါ်လာကို ရွှေနဲ့ ကျောထောက်နောက်ခံပြုစေချင်ကြတယ်။ အဲဒါတွေ လုပ်လိုက်ရင် ငွေရေးကြေးရေးကိစ္စတွေက ဘဏ်သမားတွေရဲ့ လက်ထဲကို အလိုလို ပြန်ရောက်လာမှာ ဖြစ်ပါတယ်။ အခုလို လင်ကွန်းက ငွေစက္ကူ ရိုက်စားနေရင် သူတို့အဖို့ ကိုယ့်အတတ်နဲ့ ကိုယ်စူးနေဦးမယ်။ ဒီတော့ လင်ကွန်းကို ရှင်းထုတ်လိုက်ကြတယ်။

ဥရောပဘဏ်သမားတွေရဲ့ ပယောဂကြောင့် ကွန်ဂရက်က ၁၈၆၆ခုနှစ်မှာ ငွေ ့တ်သိမ်းတဲ့ ဥပဒေကို ပြဋ္ဌာန်းပေးလိုက်တယ်။ ဘဏ္ဍာရေးဝန်ကြီးဌာနက ကျောစိမ်းတွေကို ပြန်သိမ်းဖို့ ပြဋ္ဌာန်းတဲ့ ဥပဒေဖြစ်ပါတယ်။ ဒီလိုလုပ်ခိုင်းရတာက ရွှေနဲ့ ကျောထောက်နောက်ခံ ပြုပေးချင်လို့ နိုင်နိုင်နင်းနင်းရှိတဲ့ ပမာဏ ဖြစ်အောင် လျှော့ချခိုင်းလိုက်တာ ဖြစ်ပါတယ်။ ဒီတော့ တိုင်းပြည်မှာ လည်ပတ်နေတဲ့ငွေအင်အားက လျော့ကျသွားတယ်။

| ခုနှစ် | လည်ပတ်ငွေပမာဏ | တစ်ဦးချင်းပျမ်းမျှ (ဒေါ်လာ) |
|---|---|---|
| ၁၈၆၆ | ၁,၈၀၀,၀၀၀,၀၀၀ | ၅၀.၄၆ |
| ၁၈၆၇ | ၁,၃၀၀,၀၀၀,၀၀၀ | ၄၄.၀၀ |
| ၁၈၇၆ | ၆၀၀,၀၀၀,၀၀၀ | ၁၄.၆၀ |
| ၁၈၈၆ | ၄၀၀,၀၀၀,၀၀၀ | ၆.၆၇ |

ငွေလည်ပတ်မှုအင်အားက တစ်စထက်တစ်စ ကျလာတယ်။ ရောင်းရေးဝယ်တာတွေ တုန့်ဆိုင်းကုန်တယ်။ အဲဒီအချိန်မှာ အင်္ဂလန်မှ နာသန်ရိုင်ချိုင်းက ငွေဒင်္ဂါးသုံးစွဲမှု ရပ်ဆိုင်းဖို့အတွက် ဥပဒေပေါ်ထွက်အောင်လုပ်ဖို့အတွက် အန်နက်ဆေးကို အမေရိကကို လွှတ်လိုက်တယ်။ ကွန်ဂရက်အမတ်တွေထဲမှာ အမတ်ဦးရေ များနိုင်သမျှများများကို လာဘ်ထိုးပြီး စည်း ့းဖို့လည်း ငွေတွေ စီစဉ်ပေးတယ်။ အန်နက်ဆေးက လိုက်စည်း ့းတယ်။ ပြဋ္ဌာန်းမယ့် ဥပဒေကိုလည်း သူကိုယ်တိုင်ရေးပြီး ကွန်ဂရက်မှာ တင်ပြခိုင်းတယ်။ ကွန်ဂရက်က ၁၈၇၃ခုနှစ်မှာ အကြွေစေ့ ဥပဒေကို ပြဋ္ဌာန်းပေးလိုက်တယ်။ ငွေဒင်္ဂါးအကြွေစေ့တွေကို ပိုက်ဆံအဖြစ် သုံးစွဲနေတာကို ရပ်သွားစေခဲ့တယ်။

ငွေတွေက ရှားနေတယ်။ ဘဏ်သမားတွေလက်ထဲမှာပဲ ရှိနေတယ်။ စီးပွားတွေ ပျက်ကုန်ကြတယ်။ အိမ်ဈေးမြေဈေးတွေ ထိုးကျတယ်။ လက်ထဲငွေကိုင်ထားတဲ့ ဘဏ်သမားတွေက ပေါချောင်ချောင်ဈေးတွေနဲ့ လိုက်ဝယ်ကြတယ်။

၁၈၈၁ခုနှစ်မှာ ၂၀ယောက်မြောက် သမ္မတအဖြစ် ဂျိန်းဂါဖီလ် တက်လာတယ်။ သူက ကွန်ဂရက်အမတ်အဖြစ် နေထိုင်ခဲ့စဉ်က ငွေကြေးနှင့်ဘဏ်လုပ်ငန်းဆိုင်ရာ ကော်မတီမှာ အဖွဲ့ဝင်အဖြစ်လုပ်လာသူဆိုတော့ တိုင်းပြည်ကို ငွေကျပ်တည်းအောင်လုပ်ထားတာကို သိနေတဲ့သူ ဖြစ်နေတယ်။ သမ္မတဖြစ်လာချိန်မှာ သူက

"ဘယ်နိုင်ငံမှာမဆို ငွေလုံးငွေရင်းကြီးကို ကိုင်တွယ်ထားတဲ့သူက စက်မှုလုပ်ငန်းတွေအားလုံးနဲ့ စီးပွားရေးလုပ်ငန်းတွေအားလုံးကို အညာက ကိုင်ထားနိုင်တယ်။ ငွေကြေးစနစ်ကို သဘောပေါက်ထားရင် စနစ်တစ်ခုလုံးကို လိုသလို ထိန်းကျောင်းဖို့ ဘာမှ မခက်တော့ဘူး။ ငွေကြေးဖောင်းပွတာတွေ၊ စီးပွားကျတာတွေကို ဘယ်အချိန်ဘယ်ကာလမှာ ဖြစ်မယ်ဆိုတာ ပြောလို့ရတယ်။"

လို့ မိန့်ခွန်းခြွေခဲ့ပါတယ်။ အဲဒီလို မိန့်ခွန်းခြွေပြီး ရက်သတ္တပတ်အနည်းငယ်အကြာ ဇူလိုင်လ ၂ရက်နေ့မှာ လုပ်ကြံခံရပြီး ကွယ်လွန်သွားခဲ့ပါတယ်။

ဘဏ်သမားတွေက အမေရိကန်ဘဏ်လုပ်ငန်းရှင်အသင်းရဲ့ အလံတော်အောက်မှာ ညီညီ ညွတ်ညွတ်နဲ့ လုပ်ကိုင်နေကြတယ်။ သူတို့က ငွေစက္ကူရိုက်နှိပ်တဲ့ ဗဟိုဘဏ်ကို ထူထောင်နိုင်ဖို့အတွက် ဦးတည်ပြီး လုပ်ကိုင်နေကြတယ်။ ရိုသ်ချိုင်းသွေးပါတဲ့ ဂျက်ကော့ရှစ်ဖ်က နာသန်ရိုသ်ချိုင်းရဲ့ အမေရိကန်အတွက် ထားရှိတဲ့ ကိုယ်စားလှယ် ဂျေပီမော်ဂင်ကို ရှေ့ထွက်ပြီး ကပြခိုင်းလိုက်တယ်။

သူ့ဖခင် ဂျူးလီယပ်မော်ဂင်က နာသန်ရိုသ်ချိုင်းရဲ့ သူဌေးလူယုံဖြစ်ခဲ့ပြီး ဖခင်ကွယ်လွန်တော့ သူက ဖခင်အရိုက်အရာကို ခံယူခဲ့ပါတယ်။

၁၉၀၇ခုနှစ်မှာ နာသန်ရိုသ်ချိုင်းက မော်ဂင်ကို စစ်ရှိန်မြင့်တင်ခိုင်းလိုက်တယ်။ မော်ဂင်နဲ့ အပေါင်းပါတစ်သိုက်က စတော့ဈေးကွက် ပြိုလဲအောင် လုပ်ကြံလိုက်ကြတယ်။ ဘဏ်ပေါက်စကလေးတွေ မှိုလိုပေါက်နေတာကိုလည်း ဖြိုချပစ်လိုက်တယ်။ လူတွေကို ဘဏ်အပေါ် မယုံကြည်အောင် လုပ်တယ်။ ဂျူးဆင်းရဲသားတွေကို ငွေထုတ်ချေးပေးနေတဲ့ ဘဏ်ကလေးတစ်ခုကို မယုံကြည်အောင် ကောလာဟလလွှင့်ပြီး ဘဏ်မှာ ငွေအပ်နှံထားသူတွေကို စိုးရိမ်တကြီးဖြစ်အောင် လုပ်လိုက်တယ်။ ဒီတော့ ထိတ်ထိတ်ပျာပျာ ဖြစ်ကုန်ကြပြီး အပ်ထားတဲ့ငွေတွေ သွားထုတ်ကြတယ်။

ဘဏ်မှာက အပ်နှံငွေစုစုပေါင်းရဲ့ ၁ ရာခိုင်နှုန်းလောက်ပဲထားပြီး အကုန်ထုတ်ချေးထားတယ်။ အဲဒီအချိန်က ဘဏ်တွေမှာ ငွေလက်ကျန်ကို အပ်နှံငွေရဲ့ ရာခိုင်နှုန်း ဘယ်ရွေ့ဘယ်မျှ အနည်းဆုံး ဆောင်ထားရမယ်ဆိုတဲ့ ပြဋ္ဌာန်းချက် မရှိတာကြောင့် ခြေစောင့်လက်စောင့်အဖြစ် ၁ရာခိုင်နှုန်းလောက်ပဲထားကြတယ်။ လာအပ်ထားတဲ့ငွေက အတိုးပေးနေရတယ်။ ဒီတော့ လက်ထဲထားရင် အလကားနေရင်း အတိုးပေးနေရတော့

မြန်မြန်ထုတ်ချေးပစ်ပြီး အမြတ်ရှာကြရတာ ဘဏ်လုပ်ငန်းရဲ့ သဘောသဘာဝ ဖြစ်ပါတယ်။ အပ်နှံငွေတွေကို လူအားလုံးက တစ်ပြိုင်တည်း လာမထုတ်ဘူးဆိုတဲ့ ယူဆချက်နဲ့ အရဲစွန့်ထားကြတယ်။ တကယ်တမ်းစဉ်းစားကြည့်ရင် အဲဒီငွေက ကိုယ့်ငွေတစ်ပြားမှ မပါတော့သိပ်စိတ်မပူကြဘူး။ ထုတ်ချေးပြီး အမြတ်ရှာကြတယ်။ လာအပ်တဲ့သူကို ၅ရာခိုင်နှုန်း အတိုးပေးရင် လာချေးတဲ့သူဆီက ၈ ရာခိုင်နှုန်းယူပြီး ကွာခြားတဲ့ ၃ ရာခိုင်နှုန်းကို စားရတာမျိုး ဖြစ်တာကြောင့် များများထုတ်ချေးနိုင်မှ များများစားရတဲ့ သဘောရှိပါတယ်။

အခု အပ်နှံသူတွေက မယုံကြည်တော့လို့ စုပြုံပြီး လာထုတ်ကြတော့ ပေးစရာ မရှိဘူး။ ဒီတော့ တခြားဘဏ်တွေဆီက ငွေကို ယူပြီး ပေးဖို့ လုပ်တယ်။ ပုံမှန်ဆိုရင်တော့ ဘဏ်အချင်းချင်း အတိုးယူပြီး ငွေချေးပေးနေကျ ဖြစ်ပါတယ်။ အခုဟာက အကွက်ချပြီး လုပ်နေတာဆိုတော့ ငွေချေးမယ့်ဘဏ်ကို နေ့လည်အထိ ရှာလို့ မရဘူး ဖြစ်နေတယ်။ လူတွေက တ ုံး ုံးနဲ့ ဖြစ်နေကြပြီ။ နောက်ဆုံးမှာ ဘဏ်ကို ပိတ်ချလိုက်ရတယ်။

ဒီလို ဘဏ်ပြိုတဲ့သတင်းက ဂယက် ိုက်သွားတယ်။ တခြားဘဏ်တွေကို ကူးစက်သွားတယ်။ နောက်တစ်နေ့မှာ အပ်နှံငွေတွေ သွားထုတ်ကြတယ်။ ဘဏ်ကလေးတွေ တောင်မင်းမကယ်နိုင် မြောက်မင်းမကယ်နိုင်ဖြစ်ကုန်ကြတယ်။ တစ်ခုပြီးတစ်ခု ပြိုလိုက်ကြတာ တစ်နိုင်ငံလုံးကို ကူးစက်သွားတယ်။ ဂယက်ကကြီးမားတယ်။ စတော့ဈေးကွက်ပါ ပျက်တဲ့အထိ ဖြစ်ကုန်တယ်။

တစ်ပတ်တောင် မကြာလိုက်ဘူး။ အရေအတွက် ထောင်ချီတဲ့ဘဏ်ပေါက်စတွေ တစ်နိုင်ငံလုံးမှာ မျက်ဖြုဆိုက်ကုန်ကြတယ်။

အဲဒီအခါကျမှ မော်ဂင်က ဘဏ်ကလေးတွေကို သူ ဝင်ကူပြီး ထိန်းပေးမယ်လို့ ကြေညာလိုက်တယ်။ သူက ငွေစက္ကူတွေ လိမ့်ထုတ်ပြီး အဲဒီငွေတွေနဲ့ ဝင်ကိုင်ပေးတယ်။ ဒီလိုလုပ်ဖို့အတွက် ကွန်ဂရက်က သူ့ကို ခွင့်ပြုချက်ပေးခဲ့ရတယ်။ ဒေါ်လာသန်း ၂၀၀ဖိုး ငွေစက္ကူတွေ ိုက်နှိပ်ထုတ်ဝေခွင့် ပေးလိုက်တယ်။

လူထုက မသိလိုက်ကြဘူး။ မော်ဂင်က တစ်တိုင်းပြည်လုံးကို ထောက်ပံ့နိုင်လောက်အောင် ချမ်းသာကြွယ်ဝတယ်လို့ပဲ နားလည်လိုက်ကြတယ်။ သူက အသပြာသူရဲကောင်း ဖြစ်သွားတယ်။ သန်း၂၀၀ကို စက္ကူနဲ့ ပုံနှိပ်ဖိုးကလွဲပြီး ဘာမှ မကုန်ဘဲ အလကားရလိုက်တာက တိုးတိုးတိတ်တိတ်နဲ့ ပြီးသွားတယ်။

သမ္မတ ု စဘဲ့က အမျိုးသားငွေကြေးကော်မရှင်ကို ဖွဲ့ပေးပြီး ဘဏ်ပြ နာကို စုံစမ်းလေ့လာခိုင်းတယ်။ ကော်မရှင်မှာ ပါတဲ့သူတွေက မော်ဂင်ရဲ့ လူတွေချည်းပဲ။ ဥက္ကဋ္ဌက ဆီးနိတ်အမတ် အော်ဒရစ်ချ် ဖြစ်ပါတယ်။ သူက ဘဏ်လောကကို လေ့လာဖို့အတွက် ဥရောပကို ခရီးထွက်တယ်။ အင်္ဂလန်၊ ပြင်သစ်နဲ့ ဂျာမနီနိုင်ငံတွေမှာ ပုဂ္ဂလိကဗဟိုဘဏ်တွေ ဘယ်လို လုပ်ကိုင်ကြတယ်ဆိုတာကို လေ့လာရေးခရီးထွက်တာ ၂နှစ်ကြာတယ်။ အင်္ဂလန်၊ ပြင်သစ်နဲ့ ဂျာမနီနိုင်ငံတွေမှာ သူတွေ့ဆုံတဲ့သူတွေက ိုသ်ချိုင်းတွေချည်း ဖြစ်နေတယ်။ အင်္ဂလန်မှာ အင်္ဂလန် ိုသ်ချိုင်းလို့ ဘဏ်သမားတွေကခေါ်တဲ့ နာသန်

ိုသ်ချိုင်းနဲ့ တွေ့တယ်။ ပြီးတော့ သူ့လူတွေနဲ့ တွေ့တယ်။ ပြင်သစ်မှာလည်း ပြင်သစ် ိုသ်ချိုင်းလို့ ခေါ်ကြတဲ့ ဂျက်ကော့ ဂျိန်း ိုသ်ချိုင်းနဲ့ တွေ့တယ်။ သူ့လူတွေနဲ့ တွေ့တယ်။ ဂျာမနီမှာလည်း ိုသ်ချိုင်းနဲ့ ပြေးမလွတ်ခဲ့ပါဘူး။

၂နှစ်တာ လေ့လာရေးခရီးအတွက် ခရီးစရိတ် ဒေါ်လာ ၂သိန်းကို အစိုးရက ထောက်ပံ့ပေးခဲ့ရတယ်။ ဒီလို အကုန်ခံရတာအတွက် အော်ဒရစ်ချ် တွေ့ခဲ့ရတဲ့သူတွေက ိုသ်ချိုင်း၊ ိုသ်ချိုင်းနဲ့ ိုသ်ချိုင်းတို့ ဖြစ်ပါတယ်။

# အမေရိကန်ရဲ့ ဗဟိုဘဏ်

ဆီးနိတ်အမတ် အော်ဒရစ်ချ်က အမေရိကန် ပြန်ရောက်တော့ အထူးလျှို့ဝှက် အစည်းအဝေးတစ်ခုကို ကျင်းပတယ်။ သူက ဒိတ်ဒိတ်ကြဲ သူကြွယ်တွေကို ခေါ်ပြီး ဂျက်ကယ်ကျွန်းကို သွားပြီး စည်းဝေးတိုင်ပင်တယ်။

လိုက်ပါသွားရသူတွေထဲမှာ တစ်ယောက် ပေါလ်ဝေါဘတ်ဖြစ်ပါတယ်။ သူက ိုသ်ချိုင်းပိုင် ကုမဏီတစ်ခုမှာ လုပ်ကိုင်နေသူဖြစ်ပြီး တစ်နှစ်ကို ဒေါ်လာ ၅သိန်း ရရှိပါတယ်။ သူ့ရဲ့ အဓိကတာဝန်က ဗဟိုဘဏ်ပေါ်ပေါက်ရေးအတွက် စည်း ုံးရေးဆင်းဖို့ ဖြစ်ပါတယ်။ အစည်းအဝေးမှာ ပါဝင်သူ နောက်တစ်ယောက်ကတော့ ိုသ်ချိုင်းသွေးပါတဲ့ ဂျက်ကော့ ရှိဖ်ဖြစ်ပါတယ်။ သူတို့ နှစ်ယောက်စလုံးက ိုသ်ချိုင်းမိသားစုနဲ့ ဆွေမျိုးအရင်းအချာ တော်စပ်သူတွေ ဖြစ်ကြပါတယ်။

အစည်းအဝေးကို အထူးလျှို့ဝှက်စွာ ကျင်းပခဲ့တာဖြစ်ပြီး အစည်းအဝေးမှာ တစ်ယောက်အမည်ကို တစ်ယောက်က တတ်နိုင်သမျှ မခေါ်ဘဲနေရတယ်။ မတတ်သာလို့ ခေါ်ရင်လည်း နာမည်အပြည့်အစုံကို မခေါ်ကြရဘူး။ အမည်ကို အဖျားဆွတ်ပြီး ခေါ်ကြရ တယ်။ အစေခံတွေ ကြားသွားပြီး ပေါက်ကြားမှာ စိုးလို့ ဖြစ်ပါတယ်။

အစည်းအဝေးမှာ ပါဝင်သူ နောက်တစ်ယောက်က ဖရန့် ဗင်ဒါလစ် ဖြစ်ပါတယ်။ သူက နဂါးသွေးစစ်စစ် သူကြွယ်ကြီးရော့ခ်ဖဲလာပိုင်ဆိုင်တဲ့ နေရှင်နယ်စီးတီးဘဏ်ရဲ့ ဥက္ကဋ္ဌ ဖြစ်ပါတယ်။

၁၉၃၅ခုနှစ် ဖေဖော်ဝါရီလ ၉ရက်နေ့မှာ ကျင်းပခဲ့တာဖြစ်ပြီး ဆွေးနွေးတဲ့ အစီအစဉ်မှာ ဗဟိုဘဏ်ကိစ မပါဘူး။ သူတို့ အဓိကထားပြီး ဆွေးနွေးကြရမှာက စက်မှုလုပ်ငန်းတွေက ဘဏ်တွေဆီက ချေးငွေမယူဘဲ လုပ်ကိုင်နေကြတဲ့ကိစ ဖြစ်ပါတယ်။ အဲဒီလို ချေးငွေမယူတဲ့အတွက် ဘဏ်တွေရဲ့ ငွေကြေးချေးကွက်က ကျုံ့သထက် ကျုံ့လာ နေတယ်။

စက်မှုလုပ်ငန်းကြီးတွေက အမြတ်အစွန်း ကောင်းကောင်းရနေတာကြောင့် သူတို့မှာ ငွေတွေပိုလျှံနေကြတယ်။ ဘဏ်ကို အားကိုးနေဖို့ မလိုတဲ့အခြေအနေမှာ ရှိနေ တယ်။ ပိုနေတဲ့ငွေတွေက ရန်ပုံငွေအဖြစ် အဆင်သင့် ရှိနေကြတယ်။ လုပ်ငန်းတိုးချဲ့ချင်တယ် ဆိုရင်လည်း အဲဒီပိုလျှံငွေနဲ့ လုပ်ကိုင်လို့ ရနေတယ်။ ဘဏ်ကို အပူကပ်စရာမလိုဘူး ဖြစ်နေတယ်။ စက်မှုလုပ်ငန်းတွေရဲ့ ရင်းနှီးမြှုပ်နှံမှုအသစ်တွေရဲ့ ၇၀ ရာခိုင်နှုန်းက အမြတ်က ရတဲ့ငွေနဲ့ လုပ်ကိုင်နေတာ ဖြစ်နေတယ်။ ဘဏ်ရဲ့ ကဏ္ဍက မှေးမှိန်နေတယ်။

ဒီတော့ ဘဏ်တွေကြံ့ခိုင်ရေးအတွက် ဘဏ်ကို မှီခိုအားထားမှု ဖြစ်ပေါ်အောင် ဘယ်လိုလုပ်ကြမလဲဆိုတာကို ဆွေးနွေးဖို့ အစည်းအဝေး ခေါ်လိုက်တာ ဖြစ်ပါတယ်။

ဒါပေမယ့် တက်ရောက်ကြသူတွေက နဂါးတွေရဲ့ ခေတ်များစွာအတွက် အလုပ် မဟာအရ လုပ်ငန်းစဉ်တွေကို အဆင့်ဆင့်လုပ်ဖို့ တာဝန်ရှိနေတဲ့သူတွေ ဖြစ်နေကြတော့

အစည်းအဝေးက ဗဟိုဘဏ်ထူထောင်ရေးဆီကို စကားရောက်သွားတယ်။ ပုဂ္ဂလိက ဗဟိုဘဏ်တစ်ခု ပေါ်ပေါက်လာစေရေးအတွက် ဥပဒေမူကြမ်းတင်ဖို့ ဆွေးနွေးကြတယ်။ ဥပဒေမူကြမ်းရဲ့အမည်ကို စဉ်းစားကြတော့ အစည်းအဝေးတက်ရောက်သူတွေက အမည်နှစ်ခုကို ဝိုင်းစဉ်းစားပေးကြတယ်။ တစ်ခုက National Reserve Bill ဖြစ်ပြီး နောက်တစ်ခုက Federal Reserve Bill ဖြစ်ပါတယ်။ Bill ဆိုတာက ဥပဒေမူကြမ်းလို့ အဓိပ္ပာယ်ရပါတယ်။ သူတို့က လူကြားလို့ကောင်းပြီး အမြင်လှမယ့်အမည်ကို ရွေးပေးကြတယ်။

ဒါပေမယ့် ဘသားချော အော်ဒရစ်ချ်က ဆန္ဒတစ်မျိုး ရှိနေတယ်။ ကွန်ဂရက်မှာ ဥပဒေမူကြမ်းတင်တဲ့အခါ ကိုယ့်အမည်သမိုင်းဝင်အောင် ဥပဒေမူကြမ်းအမည်ကို ကိုယ့်အမည်ဖြင့် အမတ်တွေက တင်လေ့ရှိကြပါတယ်။ အတကြီးကြတာ ဖြစ်ပါတယ်။ ဒီတော့ ဆီးနိတ်အမတ် အော်ဒရစ်ချ်ကလည်း သူ့အမည်ကို စာတင်တာ ခံယူလိုတာကြောင့် ဥပဒေမူကြမ်းကို အော်ဒရစ်ချ်ဥပဒေမူကြမ်း Aldrich Bill လို့ အမည်တပ်လိုက်ပါတယ်။ ဥပဒေမူကြမ်းကို ရေးပေးသူက ပေါလ်ဝေါဘတ်ဖြစ်ပြီး အော်ဒရစ်ချ်က သူ့နာမည် ကောက်တတ်လိုက်တာ ဖြစ်ပါတယ်။

ဗဟိုဘဏ်အသစ်က နိုင်ငံသုံးငွေကို ရိုက်နှိပ်ထုတ်ဝေခွင့် ရထားဖို့ကို ဥပဒေကြမ်းမှာ ပြဋ္ဌာန်းပေးထားတယ်။ လူထုအမြင် ကြည်လင်အောင် ဘဏ်ရဲ့ ဒါရိုက်တာအဖွဲ့မှာ အုပ်ထိန်းသူတွေအဖြစ် သမ္မတနဲ့ ဆီးနိတ်မှ ခန့်အပ်သူတွေ ထားရှိရမယ်လို့ ပြဋ္ဌာန်းပေးထားလိုက်တယ်။

၁၉၁၂မှာ အော်ဒရစ်ချ်ဥပဒေမူကြမ်းကို ကွန်ဂရက်မှာ တင်တယ်။ ဘဏ်သမားတွေ အကျိုးအတွက်ရည်ရွယ်ထားမှန်း သိသွားပြီး ငြင်းခုံဆွေးနွေးကြတယ်။

အော်ဒရစ်ချ်ရဲ့ ရီပတ်ပလစ်ကန်ပါတီက ကွန်ဂရက်မှာ အားမတောင့်တော့ ဥပဒေမူကြမ်းက အတည်ပြုမခံရဘူး။

ဒီလိုဖြစ်ပြီးချိန်မှာ သမ္မတရွေးကောက်ပွဲ ရာသီကို ရောက်တဲ့အခါ ဘဏ်သမားတွေက ရီပတ်ပလစ်ကန်ကနေ ဒီမိုကရက်ပါတီဘက်ကို ပြောင်းလဲထောက်ခံလိုက်တယ်။ ရွေးကောက်ပွဲ ဝင်ပြိုင်တဲ့ ဝုဒ်ရို ဝဲလ်ဆင်ကို အထောက်အပံ့တွေ ပေးလိုက်ကြတယ်။ သူ့ကို ဘယ်လို ပရိယာယ်တွေ သုံးပြီး ယှဉ်ပြိုင်ရမယ်ဆိုတာကိုပါ လက်ထပ်သင်ပေးလိုက်ကြတယ်။

သင်ပေးတဲ့ထဲမှာ အရေးကြီးတဲ့ ရာဇပရိယာယ်က ရွေးကောက်ပွဲမှာ လူထုကြိုက်မယ့် ကတိကဝတ်တွေ လှိုင်လှိုင်ပေးရမယ်။ ဒီကတိတွေဟာ ကိုယ်အနိုင်ရချိန်မှာ လုပ်ချင်မှ လုပ်မယ်လို့ ခံယူထားရမယ်။ သမ္မတအဆက်ဆက် ဒီလိုပဲ လုပ်နေကျဆိုတာကို ရှင်းပြတယ်။ ရွေးကောက်ပွဲမှာ အခွန်တိုးမကောက်ပါဘူးလို့ ကတိကဝတ်ပြုတယ်။ အိမ်ဖြူတော်မှာ သမ္မတဖြစ်သွားပြီးချိန်မှာ အခွန်တိုးကောက်တယ်။ ဒါမျိုးတွေက ဖြစ်နေကျ။

ဒီမိုကရက်တစ်တွေက အော်ဒရစ်ချ်ဥပဒေမူကြမ်းကို ဆန့်ကျင်ခဲ့ကြတဲ့အတိုင်း

ဆက်လက်ဆန့်ကျင်တယ်ဆိုတာ လူထုကို အသိပေး ပြောကြားခိုင်းတယ်။ ရွေးကောက်ပွဲမှာ ဝုဒ်ဝ ဝဲလ်ဆင်နိုင်သွားတယ်။ ဒီအခါမှာ မော်ဂင်တို့က ပြည်ထောင်စုအရန်ငွေစနစ်ကို အကောင်အထည်ဖော်ဖို့ ဆက်လုပ်ကြတယ်။ ဂလပ်စ်–အိုဝင်ဥပဒေမူကြမ်းဆိုတဲ့အမည်နဲ့ တင်တယ်။ ဒီမိုကရက်တစ်အမတ်တွေက ထောက်ခံမဲပေးလိုက်ကြတယ်။ ဂလပ်စ်– အိုဝင်ဥပဒေကို အတည်ပြုလိုက်ကြတယ်။ တကယ်တော့ နာမည်ပဲ ပြောင်းထားတာ ဖြစ်ပါတယ်။ နာမည်ကလွဲရင် ကျန်တာအားလုံးနီးပါးက အော်ဒရစ်ချ်ဥပဒေမူကြမ်းကို မိတ္တူကူးထားတာ ဖြစ်ပါတယ်။

အဲဒီမှာ ရယ်စရာတစ်ခု ဖြစ်ပွားခဲ့ပါသေးတယ်။ ဘဏ်သမားတွေက ဒီမိုကရက်တစ်အမတ်တွေကို စိုစိုပိုပို ပေးကမ်းထားတော့ သူတို့က ဘဏ်သမားတွေ အလိုကျလုပ်ဖို့ အသင့်ဖြစ်နေကြတယ်။ ဒီတော့ ဂလပ်စ်–အိုဝင်ဥပဒေမူကြမ်းတင်မယ်ဆိုတော့ ကန့်ကွက်သံတွေ ထွက်လာတယ်။ ဘာလို့လဲဆိုတော့ သူတို့က အရင်တင်ခဲ့တဲ့ အော်ဒရစ်ချ် ဥပဒေမူကြမ်းက ဘဏ်သမားတွေ ဂဏ်ကစားထားမှန်း သိနေကြတော့ အဲဒီဥပဒေမူကြမ်း ကို ပြန်တင်ခိုင်းပြီး အတည်ပြုပေးဖို့ တိုင်ပင်ထားကြတယ်။ အဲဒီအချိန်မှာ ဖြုန်းကနဲ ဂလပ်စ်–အိုဝင်ဥပဒေမူကြမ်းက တက်လာတော့ အော်ဒရစ်ချ် ဥပဒေမူကြမ်းကို ကာကွယ်ပေး ဖို့အတွက် ဘုမသိဘမသိနဲ့ ဂလပ်စ်–အိုဝင်ဥပဒေမူကြမ်းကို ကန့်ကွက်သံတွေ ပေးလိုက် ကြတယ်။ အဲဒီဥပဒေကြမ်း ၂ခုစလုံးကို ရေးပေးတဲ့ ပေါလ်ဝေါဘတ်က အမတ်တွေဆီ ဝင်ထွက်သွားလာပြီး အကျိုးအကြောင်း လိုက်ရှင်းပြပေးခဲ့ရတယ်။ ဒီဥပဒေကြမ်း ၂ခုက ဆင်ဆင်တူတာဖြစ်လို့ ထောက်ခံပေးကြဖို့ လိုက်ပြောခဲ့ရတယ်။

''အပြင်ခွံပဲ ကွာတယ်။ အထဲက အနှစ်သားက အတူတူပဲ။''

လို့ သူက တိုးတိုးတိတ်တိတ် လက်တို့ပြီး လိုက်ရှင်းပြပေးခဲ့ရပါတယ်။

အဲဒီအချိန်မှာ အော်ဒရစ်ချ်နဲ့ နေရှင်နယ်စီးတီးဘဏ်ရဲ့ ဥက္ကဋ္ဌဖရန့် ဗင်ဒါလစ် တို့က လူထုကို လူသိရှင်ကြား ပြောဆိုရာမှာ ဂလပ်စ်–အိုဝင်ဥပဒေမူကြမ်းကို ဝေဖန် ပုတ်ခတ်ခဲ့ကြတယ်။ ဒီလို ပြောပြောဆိုဆို လုပ်လိုက်တော့ လူအများစုက ဒီဥပဒေမူကြမ်း ၂ခုက မတူဘူးလို့ ထင်သွားကြတယ်။ ပြီးတော့ အခု ဥပဒေမူကြမ်းအသစ်က ဘဏ် သမားတွေ မနှစ်မြို့ကြဘူးလို့ ထင်သွားကြတယ်။

ဒီလိုနဲ့ ဂလပ်စ်–အိုဝင်ဥပဒေမူကြမ်းကို ကွန်ဂရက်မှာ မဲခွဲဆုံးဖြတ်ဖို့ အချိန် နီးကပ်လာပါတယ်။ အမတ်တွေထဲမှာ ဆန့်ကျင်တဲ့သူတွေလည်း ရှိနေပါတယ်။ အထူးသဖြင့် ဥပဒေပညာရှင်ဖြစ်တဲ့ ရှေ့နေက အမတ်ဖြစ်လာတဲ့သူတွေက ဒီဥပဒေနှစ်ခု အတူတူပဲ ဆိုတာ သဘောပေါက်သွားကြပြီး ကွန်ဂရက်မှာ ကန့်ကွက်ပြောဆိုကြတယ်။ ဒါပေမယ့် ဒီဇင်ဘာလ ၂၂ရက်နေ့မှ မဲခွဲဆုံးဖြတ်ပြီး မဲနိုင်တာကြောင့် အတည်ပြုပေးလိုက်ကြတယ်။

ကန့်ကွက်တဲ့သူတွေ ရှိပါလျက် ဘာလို့ မဲနိုင်သွားရတာလဲဆိုတော့ ခရစ်စမတ် ချိန်ခါဖြစ်လို့ သူတို့က ကိုယ့်ရပ်ကိုယ့်ရွာက ကိုယ်မိသားစုရှိရာကို ပြန်သွားကြတယ်။ ခရစ်စမတ်ရက်ရှည် အားလပ်ရက်တွေ ပြီးမှ ဒီဥပဒေကြမ်းကို မဲခွဲလိမ့်မယ်လို့လည်း

မတင်မကျ ပြောထားတယ်။ ဒီတော့ သူတို့ ပျက်ကွက်ချိန်မှာ မဲခွဲပြီး အတည်ပြုပေးလိုက်တာ ဖြစ်ပါတယ်။

ဒီလိုအောင်မြင်သွားတာကြောင့် အမေရိကန်မှာ ဗဟိုဘဏ်အဖြစ် နေရာယူတဲ့ ပြည်ထောင်စု အရန်ငွေ Federal Reserve ဆိုတာ ပေါ်ပေါက်လာခဲ့ပါတော့တယ်။ အများအမြင်မှာ အစိုးရက ချုပ်ကိုင်ထားတယ်လို့ ထင်ကြရပါတယ်။ အစိုးရ အုပ်ချုပ်ရေး ယန္တရားရဲ့ အင်္ဂါအစိတ်အပိုင်းတစ်ခုအဖြစ် ယူဆကြတယ်။ အဲဒီလို ယူဆချက်နဲ့ စဉ်းစား တွေးတောပြီး ရေးသားထားတဲ့ စီးပွားရေးဆောင်းပါးတွေကို မကြာခဏဆိုသလို ကျွန်တော် ဖတ်ရတယ်။ ဘဏ်သမားတွေ ဘဏ်များပြီး လှည့်စားထားတာတွေကို မျက်စိလည်နေကြ တာ ဖြစ်ပါတယ်။

ဘယ်သူတွေ ပိုင်ဆိုင်သလဲဆိုတော့
Rothschild - Bank of London
Rothschild - Bank of Berlin
Warburg - Bank of Hamburg
Lehman Brothers of New York
Lazard Brothers of Paris
Kuhn Loeb - Bank of New York
Israel Moses Seif - Banks of Italy
Goldman Sachs of New York
Warburg - Bank of Amsterdam
Chase Manhattan Bank of New York

တို့ ဖြစ်ပါတယ်။ ပြည်ထောင်စုအရန်ငွေက အစိုးရ တစ်စိတ်တစ်ပိုင်း ဖြစ်တယ်လို့ ပြောမယ်ဆိုရင် ရယ်စရာကောင်းနေတယ်။ ပြည်ထောင်စုအရန်ငွေမှာ ဘဏ္ဍာထိန်းအဖွဲ့ ရှိတယ်။ အဖွဲ့ဝင် ၇ ဦးပါတယ်။ သမ္မတက ၂ယောက်ပဲ ရွေးချယ်ခန့်ထားခွင့်ရှိတယ်။ တစ်ခါခန့်ထားရင် သက်တမ်းက ၁၄ နှစ်ဖြစ်ပါတယ်။ သမ္မတတစ်ဦးအဖို့ သာမန်အားဖြင့် ၄နှစ်သက်တမ်းပဲ ရှိတယ်။ နောက်တစ်ကြိမ်ထပ်ရွေးခံရတယ်ထားဦး။ လွန်ရောကျွံရောမှ ၈ နှစ်ပဲ ခံတယ်။ နှစ်ကြိမ်ရွေးခံရပြီးရင် တတိယအကြိမ် ထပ်မံရွေးခံခွင့် မရှိဘူး။ ဒီတော့ ၈ နှစ်ထက်မပိုဘူး။ သူခန့်ထားတဲ့ အဖွဲ့ဝင်က ၁၄ နှစ်ဖြစ်နေတယ်။ ဒီတော့ သူက ရွေးချယ်ခန့်အပ်လိုက်တယ်လို့ နာမည်ခံ ့ သက်သက်ပါပဲ။ သူရွေးတဲ့သူကို ဆီးနိတ်က အတည်ပြုပေးဖို့ လိုတယ်။ ဖြစ်လေ့ဖြစ်ထရှိတာက ဘဏ်သမားတွေက ရွေးပေးတဲ့ နှစ်ယောက်ကို သမ္မတနဲ့ ဆီးနိတ်တို့က အတည်ပြုပေးလိုက်တာ ဖြစ်ပါတယ်။ ဒီတော့ ဘဏ်သမားတွေက သူတို့လူကိုပဲ တင်ပါတယ်။ လူထုအကျိုး ကြည့်မယ့်သူကို ဘာလို့ တင်ရမှာလဲ။ ကိုယ်မွေးတဲ့မျောက် ကိုယ့်ပြန်ခြောက်နေဦးမယ် မဟုတ်ပါလား။

# ကမ္ဘာ့အစိုးရ

၁၉၁၄ခုနှစ်မှာ ပထမကမ္ဘာစစ် စဖြစ်တယ်။ ဂျာမန်ဘဏ်သိုင်းချင်းက ဂျာမနီအစိုးရကို ငွေထုတ်ချေးတယ်။ ပြင်သစ်ဘဏ်သိုင်းချင်းက ပြင်သစ်အစိုးရကို ငွေထုတ်ချေးတယ်။ အင်္ဂလန်ဘဏ်သိုင်းချင်းက ဗြိတိသျှအစိုးရကို ငွေထုတ်ချေးတယ်။

ဘဏ်သိုင်းချင်းက စစ်တိုက်တဲ့ နှစ်ဘက်စလုံးကို ငွေထုတ်ချေးနေတယ်။ ဘာသဘောလဲလို့ မေးစရာရှိတယ်။ စစ်ဖြစ်ရင် အစိုးရမင်းတွေ စစ်စရိတ်ထောင်းတယ်။ ဒီအတွက် ငွေထုတ်ချေးပြီး အတိုးစားတယ်။ ပြီးတော့ အစိုးရအပေါ် ဩဇာညောင်းတယ်။

ဒီလို နှစ်ဖက်စလုံးကို ချေးတဲ့အခါမှာ ဘဏ်သမားက ဘယ်ဘက်ကနိုင်မယ်ဆိုတာကို ကြိုတွက်ထားပြီးပြီ။ ဘယ်ဘက်ကို အနိုင်ပေးလိုက်ရင် ညီအစ်ကိုတော် လုပ်ငန်းစဉ်ရဲ့ အဆင့်ဆင့်တွေအတွက် အဆင်ပြေသွားမယ်ဆိုတာကို ချင့်ချိန်ပြီး အနိုင်ပေးရမယ့်ဘက်ကို အဆုံးအဖြတ်ပြုပေးထားလိုက်တယ်။

ပြီးမှ ဘယ်သူ့ကို ဘယ်လောက်ချေးကြမယ်ဆိုတာကို ဆုံးဖြတ်တယ်။ ရှင်းပါတယ်။ ရှုံးရမယ့်ဘက်ကို သူ စစ်တိုက်ချင်တဲ့ဆန္ဒပြည့်ဝဖို့ အာသာပြေ ရသေ့စိတ်ဖြေတိုက်လို့ ရုံလောက် ထုတ်ချေးတယ်။ အနိုင်ပေးမယ့်ဘက်က တိုင်းနိုင်ငံတွေကိုတော့ ပုံအောပြီး ပေးလိုက်တယ်။ စစ်ကြီးပြီးမှ လူထုဆီက အခွန်ကောက်ပြီး ကြွေးသိမ်းတာမျိုးကို လုပ်တယ်။

စစ်ဖြစ်တော့ အမေရိကန်မှာ မော်ဂင်က စစ်ပစ္စည်းဘုတ်အဖွဲ့ရဲ့ ကိုယ်စားလှယ်အလုပ်ကို ရတယ်။ စစ်မီးထဲ ဝင်ပါကြတဲ့ ဗြိတိသျှနဲ့ ပြင်သစ်တို့ကို စစ်ပစ္စည်းအမျိုးမျိုး ရောင်းချပေးရတာ နေ့စဉ် ဒေါ်လာ ၁၀သန်းဖိုး အထက်မှာ ရှိတယ်။ မော်ဂင်နဲ့ အပေါင်းပါတစ်သိုက်က စစ်ကြီးပြီးချိန်မှာ ရလိုက်တဲ့ အသားတင်အမြတ်က ဒေါ်လာ သန်း ၂၀၀ ကျော်တယ်။

၁၉၁၇ခုနှစ်မှာ ဇာဘုရင်ကို ဖယ်ရှားဖို့ လုပ်ကြတယ်။ ဇာဘုရင်က ရုရှားမှာ ဗဟိုဘဏ် ဖွင့်ဖို့ကိစ္စကို ဆန့်ကျင်တားဆီးခဲ့တဲ့အပြင် အမေရိကန်ပြည်တွင်းစစ်ဖြစ်ချိန်မှာ ရုရှားရေတပ်စေလွှတ် ပြီး လင်ကွန်းဘက်က ဝင်ပါခဲ့တယ်။ ဂျက်ကော့ရှစ်ဖ်က ရန်ပုံငွေအဖြစ် သန်း ၂၀ ထုတ်ပေးတယ်။ သူတို့ မွေးထားတဲ့ ကားလ်မတ်နဲ့ ကွန်မြူနစ်တွေကို ထုတ်ပေးလိုက်တာ ဖြစ်ပါတယ်။ အရင်းရှင်စနစ်ကို မြေလှန်ကြမယ့် ကွန်မြူနစ်တွေက အရင်းရှင်ထက်ဆိုးဝါးတဲ့သူတွေဆီမှ ငွေကိုယူပြီး ရုရှားမှာ တော်လှန်ရေး ဆင်နွှဲလိုက်ကြတယ်။

ကွန်မြူနစ်စနစ်ရဲ့ အခွံက မရှိအတူ ရှိအတူ သာတူညီမျှ လုပ်ကိုင်မယ့် သဘာဝရှိတယ်။ အနှစ်သာရက တစ်တိုင်းပြည်လုံးမှာ ရှိတဲ့ အရင်းအမြစ်တွေ၊ သယံဇာတတွေ၊ လုပ်အားတွေ စသဖြင့် ရှိရှိသမျှ အကုန်လုံးကို လက်တစ်ဆုပ်စာအရေအတွက်ရှိတဲ့ လူတစ်စုက ဗဟိုဦးစီးစနစ်နဲ့ ကိုင်တွယ်ထားတာ ဖြစ်ပါတယ်။ အဲဒီလူတစ်စုက အမြင့်လွှာတစ်ခုအဖြစ်

သီးခြားနေထိုင်ကြပါတယ်။ ဒီလို ကွန်မြူနစ်ဆိုတာ မြေကမ္ဘာမှာ ပေါ်ပေါက်စေရေးကလည်း ဘောဘီလုံညီအစ်ကိုတော်တို့ရဲ့ ခေတ်များစွာအတွက် အလုပ်မဟာမှာ လုပ်ငန်းစဉ်တစ်ခု အဖြစ် အပါအဝင်ဖြစ်ပါတယ်။

ပထမကမ္ဘာစစ်ကြီးအပြီး ၁၉၁၉ခုနှစ်မှာ ပါရီငြိမ်းချမ်းရေးကွန်ဖရင့် ကျင်းပတယ်။ ဒီအခါမှာ အဓိကထားပြီး တင်ပြတာက 'ကမ္ဘာ့အစိုးရ' ဆိုတာ ပေါ်ပေါက်စေရေး ဖြစ်ပါတယ်။ ဒါကလည်း ခေတ်များစွာအတွက် အလုပ်မဟာရဲ့ ရည်မှန်းချက်ပန်းတိုင်ဖြစ်ပါတယ်။ ဒီပန်းတိုင်အတွက် ိုသ်ချိုင်းတို့က သူတို့ကိုယ်သူတို့ ဂျူးတွေအဖြစ် ခံယူပြီး နေထိုင်ခဲ့ကြတယ်။



သူတို့က ဇီယွန်ဝါဒီဆိုတာကို ဂျူးတွေကြားမှာ ဝါဒဖြန့်ပြီး စည်းုံးထားတယ်။ နောက်ကြောင်းပြန်ပြီး ပြောရရင် ၁၈၉၇ခုနှစ် ကတည်းက ဇီယွန် ကွန်ဂရက်ဆိုတာကို ထူထောင် ထားတယ်။ အမိမြေမရှိတဲ့ ဂျူးတွေအတွက် တိုင်းနိုင်ငံထူထောင်ဖို့ မြေနေရာရရှိစေရမယ်ဆိုတဲ့ မက်လုံးနဲ့ ဂျူးတွေကို စည်းုံးသိမ်းသွင်းတယ်။ နောင်တစ်ချိန်မှာ ကမ္ဘာ့အစိုးရကို ထူထောင်မယ်။ အစိုးရတစ်ဖွဲ့လုံး ဂျူးတွေနဲ့ချည်း ဖွဲ့မယ်လို့ ိုသ်ချိုင်းက မက်လုံးတွေ မိုးမွှန်အောင် ပေးထားတယ်။

ပထမဆုံး အစည်းအဝေးကို မြူးနစ်မှာ ကျင်းပခဲ့ပေမယ့် ဂျာမနီမှာရှိတဲ့ ဂျူးတွေက ဆန့်ကျင်ကြတာကြောင့် ဆွစ်ဇာလန်နိုင်ငံ ဘာဆဲလ်မြို့မှာ ကျင်းပခဲ့ရတယ်။ ၁၈၉၇ခုနှစ် ဩဂုတ်လ ၂၉ရက်နေ့မှာ ကျင်းပခဲ့တာဖြစ်ပြီး ဇီယွန်ဝါဒီအဖွဲ့ကို ဖွဲ့ခဲ့ကြပါတယ်။ ဒီအဖွဲ့ရဲ့ တံဆိပ်ကို ိုသ်ချိုင်းတို့က ဆွဲပေးခဲ့ပါတယ်။ ဒီတံဆိပ်မှာ နဂါးပုံ ပါမယ်ဆိုတာ တင်ပြဖို့ လိုမယ်မထင်ပါဘူး။ တောင်ပံပါတဲ့ နဂါးပျံတစ်ကောင်က အမြီးကို ပါးစပ်ထဲငုံထားတဲ့ စက်ဝိုင်းပုံ ကို သုံးစွဲထားပြီး အလယ်မှာ ခြောက်ထောင့်ကြယ် တစ်ပွင့် ပါရှိပါတယ်။ အဲဒီကြယ်ကို ဇီယွန်ဝါဒီဂိုဏ်းက အလံမှာ ယူသုံးခဲ့ပါတယ်။ အစရေးနိုင်ငံထူထောင်တဲ့အခါ နိုင်ငံတော် အလံရဲ့ တံဆိပ်အဖြစ် ဆက်လက်သုံးစွဲခဲ့ကြပါတယ်။

ပါရီငြိမ်းချမ်းရေးညီလာခံမှာ ကမ္ဘာ့အစိုးရ ပုံစံတစ်ခု ထူထောင်ဖို့ လုပ်ကြပေမယ့် မအောင်မြင်ခဲ့ဘူး။ နိုင်ငံတွေက သူတို့ရဲ့ ပိုင်နက်နယ်နမိတ် စည်းမထားဘဲ နေထိုင်ကြဖို့ကို ဘယ်လိုမှ သဘောမတူနိုင်ကြဘူး။ အဲဒါကြောင့် မအောင်မြင်ခဲ့ကြဘူး။

# မညီးမှောင်တဲ့ ကြာသပတေး

ရော့ခ်ဖဲလား၊ ဂျိုးဇက်ကနေဒီနဲ့ မော်ဂင်တို့ရဲ့ အတ္ထုပတ္တိကို လေ့လာလိုက်ရင် သူတို့က စတော့ဈေးကွက်ရှိတဲ့ ဝေါလ်စထရိဈေးကွက်မပျက်ခင်မှာ သူတို့ရဲ့ ရှယ်ယာတွေကို ရောင်းထုတ်ပြီး ရွှေနဲ့ ငွေစက္ကူအဖြစ် သိမ်းဆည်းထားကြတာကို တွေ့ရမယ်။ သူတို့က ဈေးကွက်အနာဂတ်ကို ခန့်မှန်းတတ်ကြလို့ ဒီလို အဖြစ်ဆိုးတွေကနေ လွတ်လွတ်နေရတာလား။ မဟုတ်ပါဘူး။ ဈေးကွက်ကို ဖျက်တော့မယ်ဆိုတာကို ကြိုအသိပေးချက် ရရှိကြလို့ ဖြစ်ပါတယ်။ ၁၉၂၉ခုနှစ် မှာ ိုသ်ချိုင်းပိုင် ကုမဏီတစ်ခုမှာ လုပ်ကိုင်နေသူ ပေါလ် ဝေါဘတ်က အပေါင်းပါတွေကို ပြေလမှာ သံချောင်းခေါက်လိုက်တယ်။ စတော့ဈေးကွက်ကို ဖြိုတော့မယ်။ တစ်နိုင်ငံလုံး စီးပွားရေး ထိုးကျမယ်ဆိုတာ အသိပေးတယ်။

သြဂုတ်လမှာ ပြည်ထောင်စုရန်ပုံငွေက ငွေစီးထွက်တာကို စကျပ်လိုက်တယ်။ အောက်တိုဘာလ ၂၄ရက်နေ့မှာ ဘဏ်သမားတွေက ၂၄နာရီအတွင်းမှာ ကြွေးဆပ်ဖို့ နို့တစ်ထုတ်ပြီး ငွေတွေကို ပြန်သိမ်းလိုက်ကြတယ်။ ဒီအခါမှာ ချေးယူထားသူက လက်ထဲရှိတဲ့ စတော့ရှယ်ယာတွေကို စတော့ဈေးကွက်မှာ ပုံချပြီး ရရာဈေးနဲ့ ရောင်းချရတယ်။ ရလာတဲ့ ငွေနဲ့ ယူထားတဲ့ ကြွေးကို ဆပ်ကြရတယ်။ ဒီတော့ စတော့ဈေးကွက်မှာ ဈေးတွေ ထိုးကျကုန်တယ်။ အဲဒီနေ့က ကြာသပတေးနေ့ ဖြစ်နေတာကြောင့် 'မညီးမှောင်တဲ့ ကြာသပတေး'လို့ စတော့သမိုင်းမှာ စာတင်ခံရပြီး ပြိုလဲတာကိုတော့ 'မဟာပြိုလဲမှု ၁၉၂၉' လို့ စာတင်ကြပါတယ်။

ပြိုလဲမှုစတင်ဖြစ်ပွားခဲ့ပြီး ရက်သတပတ် အနည်းငယ်အကြာမှာ စီးပွားရေး လောကမှာ ကြွယ်ဝမှု ဒေါ်လာ ၃ ဘီလျံ ဆုံးရှုံးပျောက်ကွယ်သွားတယ်။ တစ်နှစ်အကြာမှာ ကြွယ်ဝမှု ဒေါ်လာ ၄၀ ဘီလျံ ပျောက်ကွယ်သွားတယ်။ ဘယ်ကို ရောက်ကုန်တာလဲ။ လူနည်းစုဆီမှာ ကျစ်ကျစ်လစ်လစ်နဲ့ သွားစုပါတယ်။ လူနည်းစုက နည်းနည်းမှ နည်းနည်းကလေး။ သူတို့က ဈေးကို ဖျက်မချခင်မှာ ကြိုသိခဲ့တာကြောင့် စတော့ရှယ်ယာတွေကို ငွေဖော်ပြီး ရလာတဲ့ငွေနဲ့ ရွှေတွေဝယ်ထားလိုက်တယ်။ ပြီးတဲ့အခါ ရွှေတွေကို အင်္ဂလန် ပို့ထားလိုက်ကြတယ်။ အဲဒီလို ပို့ထားတာက အကြံရှိတယ်။

၁၉၂၉ခုနှစ်မှာ ဂျွန်အက်ဖ်ကနေဒီ(လုပ်ကြံခံရတဲ့သမ္မတ)ရဲ့ ဖခင် ဂျိုးဇက် ကနေဒီရဲ့ ကြွယ်ဝမှုက ဒေါ်လာ ၄သန်းပဲ ရှိခဲ့ပေမယ့် ၁၉၃၅ခုနှစ်မှာတော့ သန်း၁၀၀ ကျော်နေပြီ ဖြစ်ပါတယ်။ တိုင်းပြည်က စီးပွားရေးကျဆင်းမှုကာလကို ဖြတ်သန်းနေစဉ် သူက ဘာလုပ်ငန်းမှ ဟုတ်တိပတ်တိလုပ်တာမရှိဘဲ အခုလို ကြွယ်ဝမှု တိုးသွားတာ ဖြစ်ပါတယ်။

ပထမကမ္ဘာစစ်မှာ ဂျာမနီက စစ်ရှုံးသွားတယ်။ ပြန်လည်ထူထောင်တော့ ဘဏ်သမားတွေက ထူထောင်ပေးရတာကြောင့် ဂျာမနီဟာ ဘဏ်သမားတွေရဲ့ လက်ထဲကို လုံးလုံးလျားလျား ရောက်သွားတယ်။ ဘဏ်သမားတွေက 'မမြင်သာတဲ့ အစိုးရ'အဖြစ်

စီမံကြပါတယ်။ သူတို့က ဂျာမနီကို ဒုတိယကမ္ဘာစစ်အတွက် စတင်ပြင်ဆင်ကြပါတယ်။

၁၉၃၀ခုနှစ်မှာ ဗဟိုဘဏ်တွေရဲ့ ဗဟိုဘဏ်အဖြစ် Bank for International Settlements (BIS)ကို ုသ်ချိုင်းက ထူထောင်ပေးလိုက်တယ်။ ဘဏ်ုံးချုပ်ကို ဆွစ်ဇာလန်နိုင်ငံ ဘာဆယ်မြို့မှာ ထားရှိပါတယ်။ ဆွစ်ဇာလန်ဟာ နဂါးတွေရဲ့ ဘဏ္ဍာရေး အချက်အချာမြို့ဖြစ်ကြောင်း ရှေ့မှာ တင်ပြခဲ့ပြီးပါပြီ။

၁၉၃၃ခုနှစ်မှာ သမ္မတ ိုစဘဲ့က ကြိမ်းဝါးတယ်။

"…. မန်နီချိန်ဂျာတွေကို လူ့ယဉ်ကျေးမှု ဘုရားကျောင်းတော်ရဲ့ စင်မြင့်ထက်က ခုံပေါ်ထိုင်နေရာကနေ ထွက်ပြေးရစေမယ်. . "

သူက ရွှေတုံးနဲ့ ရွှေဒင်္ဂါးကို ပုဂ္ဂလိကပိုင်မရှိစေရလို့ ပြဋ္ဌာန်းလိုက်တယ်။ ရှားပါး ရွှေဒင်္ဂါးတွေကိုတော့ စုဆောင်းမှုအဖြစ် ခွင့်ပြုတယ်။

သူက လက်ဝယ်မှာ ရွှေရှိနေတဲ့သူတွေကို ရွှေးစရာလမ်း ၂ခု ပေးတယ်။ ၁ခုက အစိုးရဆီမှာ လာအပ်ပါ။ အစိုးရသတ်မှတ်ဈေးနှုန်းဖြင့် ဝယ်ပေးတယ်။ နောက် ၁ခုက လာမအပ်ရင် ဒဏ်ငွေ ဒေါ်လာ တစ်သောင်းနဲ့ ထောင်ဒဏ် တစ်ဆယ်နှစ် ဖြစ်ပါတယ်။

ဒီလိုလုပ်တာကို ဘယ်သူကြိုက်မှာလဲ။ ဒီတော့ ဒီပြဋ္ဌာန်းချက်ကို ဘယ်သူက ရေးပေးမှန်း မသိကြရဘူး။ ဆီနိတ်အမတ်တွေထဲမှာလည်း ကျွန်တော်ရေးတာပါလို့ လက် ှူး ထောင်ပြတဲ့သူ မရှိဘူး။ ုစဘဲ့က သူမရေးဘူးလို့ ငြင်းတယ်။ ဖတ်တောင် ဖတ်မကြည့်ဘူးလို့ ဆိုပါတယ်။ ဘဏ္ဍာရေးဝန်ကြီးကလည်း သူ ရေးလည်း မရေးဘူး။ ဖတ်လည်း မဖတ်ကြည့်ဘူး။ နားလည်တတ်ကျွမ်းတဲ့သူတွေ လိုလားတာကို လုပ်တာလို့တော့ သိထားတယ်လို့ ပြောပါတယ်။ သူပြောတဲ့ နားလည်တတ်ကျွမ်းတဲ့သူတွေဆိုတာ ဘယ်သူတွေလဲ။

လက်သည်မပေါ်ဘူး။ ဒါပေမယ့် အမေရိကန်တိုင်းသူပြည်သားတွေရဲ့ ရွှေတွေကို သိမ်းဆည်းခဲ့ပါတယ်။ အစိုးရက တစ်အောင်စကို ဒေါ်လာ ၂၀နဲ့ ၆၆ဆင့် ပေးပါတယ်။ သိမ်းဆည်းမှု ပြီးစီးသွားတဲ့အခါ အကြောင်းပြချက် တစ်စုံတစ်ရာ ထုတ်ပြန်ကြေညာခြင်း မပြုဘဲ အစိုးရသတ်မှတ်တဲ့ ရွှေဈေးနှုန်းကို တစ်အောင်စ ၃၅ဒေါ်လာလို့ ဈေးတက်ပြီး ပြောင်းလဲသတ်မှတ်လိုက်တယ်။

ဈေးသတ်မှတ်လိုက်တာက ဟုတ်ပါပြီ။ ဘယ်သူက အစိုးရဆီကို လာရောင်းမှာလဲ။ ပြည်သူလူထုလက်ထဲ ရှိသမျှရွှေတွေက အစိုးရဆီ အပ်နှံလိုက်ကြရပြီ။ အခုနေမှ တက်ဈေးရချင်လို့ ဝှက်ထားသိထားတာကို လာရောင်းရင် ရွှေလည်း သိမ်းခံရမယ်။ ဒဏ်ငွေ ဒေါ်လာ တစ်သောင်းနဲ့ ထောင်ဒဏ် တစ်ဆယ်နှစ်လည်း ပြစ်ဒဏ်ကျခံရမယ်။

ပြည်တွင်းကနေ ရောင်းသူ ထွက်ပေါ်စရာ အကြောင်း မရှိဘူး။ ပြည်ပမှသာ တင်သွင်းရောင်းချဖို့ ဖြစ်နိုင်မယ်။

အမေရိကန်အစိုးရက ပုံသေဈေးနှုန်းအဖြစ် တစ်အောင်စ ၃၅ဒေါ်လာ သတ်မှတ်လိုက်တာဟာ ကမ္ဘာ့ရွှေဈေးထက် မြင့်နေတယ်။ ဒီကိစမှာ စဉ်းစားစရာတစ်ခုက

ကမ္ဘာ့ရွှေဈေးကို နေ့စဉ်နေ့တိုင်း ဘယ်သူတွေက သတ်မှတ်ပေးနေသလဲ။ ယခုနေ့ ရွှေဈေးက ဘယ်ရွှေ့ဘယ်မျှဆိုပြီး ဘယ်သူတွေက သတ်မှတ်ပေးနေသလဲ။

ကမ္ဘာ့ရွှေဈေးကို သတ်မှတ်ပေးနေတာက ဇိုင်ယွန် ဖြစ်ပါတယ်။ လန်ဒန်မှာ ရှိတဲ့ N. M. Rothschild & Sons ဆိုတဲ့ ဘဏ်ကနေ နေ့စဉ် နံနက် ၁၁နာရီ (လန်ဒန်စံတော်ချိန်)မှာ သတ်မှတ်ပေးနေတာ ဖြစ်ပါတယ်။ ၁၉၁၉ခုနှစ်ကတည်းက စခဲ့တဲ့ အစဉ်အလာဖြစ်ပြီး ဆက်လက်တည်တံ့နေဆဲ ဖြစ်ပါတယ်။

ဇိုင်ယွန်တို့က ဘာလုပ်လုပ် တင့်တယ်ကြတဲ့သူတွေ ဖြစ်နေလို့ အခုလို ကမ္ဘာ့ ရွှေဈေးကို သတ်မှတ်ပေးနိုင်တာ ဖြစ်ပါတယ်။ သူတို့ ဘယ်လောက်ချမ်းသာကြွယ်ဝသလဲ ဆိုတာ တွက်လို့မရလောက်အောင်ကို ချမ်းသာကြွယ်ဝကြပါတယ်။

မိုက်ခရိုဆော့ဖ်ပိုင်ရှင် ဘီလ်ဂိတ်က အကြွယ်ဝဆုံးလို့ ဆိုပေမယ့် သူ ဘယ် လောက် ချမ်းသာတယ်ဆိုတာကို ကိန်းဂဏန်းဖော်ထုတ်ပြီး အနီးစပ်ဆုံးတန်ဖိုးကို တွက်ချက် အဖြေ ထုတ်လို့ရတယ်။ ဇိုင်ယွန်တို့က တွက်လို့ကို မရလောက်အောင်ကို ကြွယ်ကြွယ်ဝဝ ရှိကြသူတွေ ဖြစ်ပါတယ်။

ဇိုင်ယွန်ရဲ့ တပည့်လက်ရင်း ဖြစ်ကြသူတွေက အမေရိကန်မှာ မည်းမှောင်တဲ့ ကြာသပတေးမတိုင်ခင် ရွှေတွေဝယ်ပြီး အင်္ဂလန် ပို့ထားတာကြောင့် သူတို့တတွေက အမေရိကန်အစိုးရဆီ ရွှေတွေ ရောင်းကြပါတယ်။ အင်္ဂလန်မှ တင်သွင်းပြီး ရောင်းချတာ ဖြစ်လို့ ရွှေသိမ်းဆည်းရေး ပြဋ္ဌာန်းချက်နဲ့ ငြိစွန်းခြင်း မရှိပါဘူး။ ဒီတော့ ဘဏ္ဍာရေးဝန်ကြီး ပြောတဲ့ နာလည်းတတ်ကျွမ်းတဲ့သူတွေဆိုတာ ဘယ်သူလဲလို့ ခန့်မှန်းလို့ ရနေပါပြီ။ သူတို့ တတွေကလွဲလို့ ဘယ်သူတွေများ ဖြစ်နိုင်ဦးမှာလဲ။

ပေါလ်ဝေါဘတ်နဲ့ အပေါင်းပါတို့က မန်နီချိန်ဂျာတို့ရဲ့ လက်သုံးစကားအတိုင်း အကွက်ချပြီး လုပ်သွားကြတာ ဖြစ်ပါတယ်။

*He who has the gold, makes the rules.*

လို့ ဆိုထားပါတယ်။ ရွှေရှိတဲ့သူက ဥပဒေစည်းကမ်းကို ပြဋ္ဌာန်းပါတယ်။ သမ္မတ ရုစဗဲ့က ပြဋ္ဌာန်းတာ မဟုတ်ပါဘူး။

ရုစဗဲ့က ရွှေတုံးတွေထားဖို့အတွက် ရွှေတိုက်အဖြစ် အဆောက်အဦတစ်ခု တည်ဆောက်ခိုင်းခဲ့ပါတယ်။ တစ်တိုင်းပြည်လုံးမှာ သိမ်းဆည်းထားတဲ့ရွှေတွေထားဖို့ ရွှေတိုက်ကြီးကို ဟီးနေအောင် ဆောက်လိုက်ကြပါတယ်။ ဖော့နော့စ် Fort Knox လို့ အမည်တွင် ပါတယ်။

၁၉၅၃ခုနှစ်မှာ သမ္မတ အိုင်ဆင်ဟောင်ဝါက ဖော့နော့စ်ကို စာရင်းစစ် ဝင်စစ်ခိုင်း တယ်။ ရွှေတိုက်ကြီးထဲမှာ ရွှေအောင်စ သန်းပေါင်း ၇၀၀ ကျော် ရှိနေတာ သိရတယ်။ ကမ္ဘာ့ရွှေပမာဏ စုစုပေါင်းရဲ့ ၇၀ ရာခိုင်နှုန်း ဖြစ်ပါတယ်။

ပြည်ထောင်စုဥပဒေအရ နှစ်စဉ်နှစ်တိုင်း စာရင်းစစ်ရမှာ ဖြစ်ပေမယ့် အိုင်ဆင် ဟောင်ဝါကျမှ တစ်ကြိမ်သာ စာရင်းစစ်ခဲ့တာ ဖြစ်ပါတယ်။ သူ့အရင်ကလည်း တစ်ခါမှ

မစစ်ဖူးဘူး။ သူ့နောက်မှာလည်း မစစ်ဖြစ်ခဲ့ကြဘူး။ ဒီလောက် တန်ဖိုးရှိတာကြီးကို စာရင်းစစ် မဝင်ဘဲ ပစ်ထားတာဟာ စဉ်းစားစရာ ဖြစ်နေပါတော့တယ်။

အဲဒါကြောင့် အင်တာနက်မှာတက်ပြီး ရှာဖွေလေ တွေ့ရှိလေ လုပ်ကြည့်တယ်။ ဖော့နော့စ်နဲ့ ပတ်သက်လို့ ဖော်ပြထားတာတွေထဲမှာ စိတ်ဝင်တစား ဖြစ်စရာ တချို့ကို ကောက်နုတ် တင်ပြအပ်ပါတယ်။

၁၉၇၁ခုနှစ်မှာ ဖော့နော့စ်က ရွှေတချို့တစ်ဝကကို လူမသိအောင် သိုသိုသိပ်သိပ်ဖြင့် သယ်ယူပြီး အင်္ဂလန်မှာရှိတဲ့ ဈေးကွက်ကနေတစ်ဆင့် ရောင်းချပစ်လိုက်တယ်။ တစ်အောင်စကို ၃၅ဒေါ်လာ ရတယ်။ သမ္မတနစ်ဆင်က ့စဘဲ့ရဲ့ ရွှေပြဌာန်းချက်ကို ့ပ်သိမ်းလိုက် တယ်။ ၁၉၃၄ခုနှစ်ကတည်းက ပိတ်ပင်ထားခဲ့ရာက ၃၇ နှစ်ကြာပြီးချိန်ကျမှ အမေရိကန် ပြည်သူလူထု ရွှေကို လက်ဝယ်ထားခွင့် ပြန်ရခဲ့တယ်။ ဒီတော့ ရွှေကို ဝိုင်းဝယ်လိုက်ကြ တာ ရွှေဈေးတွေ ထိုးတက်ကုန်တယ်။ တက်ပြီးရင်း တက်နေလိုက်တာ နောက်ထပ် ၉နှစ်အကြာမှာ ရွှေဈေးက တစ်အောင်စကို ဒေါ်လာ ၈၀၀ ဖြစ်နေတယ်။ အင်္ဂလန်ကို သယ်ထုတ်သွားပြီး ဘဏ်သမားတွေကို ကြိတ်ရောင်းတာထက် ၂၅ဆ ပိုတဲ့ ဈေးနှုန်း ဖြစ်ပါတယ်။ အပြင်မှာ ရွှေဈေးက လွတ်ကောင်းနေမှတော့ ရွှေတိုက်ထဲက ရွှေတွေ ခြေထောက်ပေါက်ပြီး အပြင်ကို ထွက်ကြဖို့ပဲ ရှိပါတယ်။

Fort Knox ရွှေတိုက်ကြီး



၁၉၇၄ခုနှစ်မှာ ဖော့စ်နော့စ်စီမံကိန်းကို အကွက်ချပြီး လုပ်ဆောင်သွားတာရဲ့ နောက်ကွယ်မှာ ကြိုးကိုင်ခဲ့သူတွေက ရော့ခ်ဖဲလား မိသားစု ဖြစ်ကြောင်း နယူးယောက် ထုတ် အပတ်စဉ်ဂျာနယ်တွေမှာ ဆောင်းပါး ပါလာတယ်။ အမည်မဖော်လိုသူတစ်ဦးထံမှ သိရှိရခြင်း ဖြစ်တယ်လို့ ဆောင်းပါးရှင်က ရေးသားထားတယ်။ အဲဒီလို ပါလာခဲ့ပြီး ၃ရက် အကြာမှာ နယ်လ်ဆင်ရော့ခ်ဖဲလားရဲ့ ကိုယ်ရေးအတွင်းရေးမှူးအဖြစ် လုပ်ကိုင်ခဲ့ဖူးသူ အမျိုးသမီးက သူနေထိုင်တဲ့ ၁၀ထပ်မှာ ရှိတဲ့ တိုက်ခန်းရဲ့ ပြတင်းပေါက်ကနေ အောက်ကို ပြုတ်ကျပြီး သေဆုံးခဲ့တယ်။

၁၉၇၅ခုနှစ်မှာ ့စဘဲ့ရဲ့ မြေးမဖြစ်သူ အီဒစ်သ် ့စဘဲက ရွှေတိုက်ကိစ္စကို လူသိရှင်ကြား ဝေဖန်ပြောကြားခဲ့တယ်။

သူက ဘာပြောသလဲဆိုတော့

" ဖော့နော့စ်ရွှေတိုက်ထဲက ရွှေတွေ လျော့ကုန်တာနဲ့ ပတ်သက်လို့ ဥရောပမှာ စွပ်စွဲပြောဆိုကြတာတွေ အတော် ပြောဆိုကြတယ်။ အထူးသဖြင့် ဥရောပမှ ဘဏ္ဍာရေး အသိုင်းအဝိုင်းမှာ ပြောဆိုကြတယ်။ ဒါပေမယ့် ပဟေဠိဖြစ်နေရတာက ကျွန်မတို့ရဲ့ အုပ်ချုပ်ရေးက ဒီကိစ္စကို အလေးတကြီး ဘာမှ မလုပ်ဘူး။ ကျွန်မတို့ရဲ့ ရတနာတိုက်ကို စိုးစဉ်းမျှ မပူပန်ကြဘူး။"

လို့ ပြောကြားခဲ့ပါတယ်။

အမေရိကန် အစိုးရက အေးအေးဆေးဆေးပဲ ဆက်ရှိနေခဲ့တယ်။

၁၉၈၁ခုနှစ်မှာ ရောနယ် ရီဂင် သမ္မတ ဖြစ်လာတယ်။ ဒီအခါမှာ သူ့မိတ်ဆွေတွေက တစ်ချိန်တုန်းက ဒေါ်လာကို ရွှေနဲ့ ကျောထောက်နောက်ခံပြုသလို အခုလည်း ပြန်လုပ်သင့်တယ်။ ဒါမှ ဒေါ်လာက ခိုင်နေမယ်လို့ တိုက်တွန်းပြောဆိုကြတယ်။ ဒီတော့ သမ္မတက ဖော့နော့စ်အပါအဝင် တိုင်းပြည်ရဲ့ ရွှေအခြေအနေကို လေ့လာဖို့ 'ရွှေကော်မရှင်'ကို ဖွဲ့ပေးပြီး လေ့လာခိုင်းတယ်။

နောက်နှစ်မှာ ရွှေကော်မရှင်က အစီရင်ခံစာတင်သွင်းရာမှာ နော့ဖော့စ်ရွှေတိုက် ကိစ္စလည်းပါတယ်။

"အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနပိုင် ရွှေ လုံးဝမရှိပါ။ ဖော့နော့စ်တွင် ကျန်ရှိနေသေးသည့် ရွှေအားလုံးသည် ပြည်ထောင်စုအရန်ငွေ Federal Reserve ပိုင် ဖြစ်သည်။ ပြည်ထောင်စုအရန်ငွေသည် ပုဂ္ဂလိကဘဏ်သမားအုပ်စုပိုင် ဖြစ်ပြီး နိုင်ငံမှ ၎င်းတို့ အပေါ် တင်ရှိနေသည့် အကြွေးအတွက် အပေါင်ဆုံးသည့် ရွှေများအနက် ရွှေတိုက်ထဲတွင် ကျန်ရှိနေသေးသည့် ရွှေများသာ ဖြစ်သည်။"

# နဂါးဆိုတာ . .

နဂါးတွေက လူအသွင်ဖြင့် လူတွေကြားထဲမှာ နေထိုင်လုပ်ကိုင်နေကြတာကို ဟုတ်မှဟုတ်ပါလေစလို့ သံသယဖြစ်စရာမလိုပါဘူး။ ရှင်တော်ဂေါတမရဲ့ ဘဝဇာတ်ကြောင်းတွေကို ဖော်ပြထားတဲ့ ဇာတ်တော်ကြီး ၁၀ ခုထဲမှာ ဝိဓူရဇာတ်တော်ကြီးကို ဖတ်ကြည့်ရင် ရွှေနန်းတော်မှာ နဂါးတွေ လူနဲ့အတူ နေထိုင်တာကို တွေ့နိုင်ပါတယ်။ ဝိဓူရဇာတ်တော်ကြီးဟာ ဘုရားဟောဇာတ် ဖြစ်တာမို့ သံသယဖြစ်စရာ မလိုပါဘူး။

မြန်မာ့စွယ်စုံကျမ်း အတွဲ၅ တ–နမှာ နဂါးဆိုတဲ့ ခေါင်းစဉ်နဲ့ နဂါးအကြောင်းကို အောက်ပါအတိုင်း ဖော်ပြထားပါတယ်။

နဂါးသည် ယခုခေတ်လူတို့ ဒိဋ္ဌမမြင်ဖူးသော်လည်း ဘုရားဟောဇာတ်၊ ဒဏ္ဍာရီပုံပြင်တို့အရ ကောက်ယူသော် မြွေမျိုးဖြစ် အမောက်အတက်များဖြင့် ခန့်ညားသောသတ္တဝါတစ်မျိုး ဖြစ်သည်။ အမောက်တွင်ရှိသော ပတမြားကြောင့် တန်ခိုးအလွန်ကြီးသည်ဟုလည်း ဆိုကြသည်။ 'ပါဒေန နဂစ္ဆတီတိ နာဂေါ'ဟူသော ဝိဂြိုဟ်အရ ခြေဖြင့် မသွားသောကြောင့် နဂါးဟု ခေါ်ဆိုကြသည်။

ထုံးဟောင်းပုံပြင်များတွင် ပါဝင်သော ထူးဆန်းသည့် သတ္တဝါများအနက် နဂါးထက်ပို ရှေးကျသောသတ္တဝါ အလွန်နည်း နဂါးလောက်ထင်ရှားသော သတ္တဝါ မရှိချေ။

နဂါး၏ ပုံပုံသဏ္ဌာန်ကို တရုတ်နိုင်ငံ ဟန်မင်းများခေတ်က ထင်ရှားသော စာရေးဆရာကြီး ဝန်ဖူးက အောက်ပါအတိုင်း ရေးသားထားလေသည်။

'နဂါး၏ ခေါင်းသည် ဒရယ်၏ ဦးချိုကဲ့သို့ ချိုရှိသည်။ ဦးခေါင်းသည် ကုလားအုတ်ခေါင်းနှင့်တူ မျက်လုံးသည် နတ်မိစ္ဆာမျက်လုံးနှင့်တူသည်။ လည်ပင်းမှာမူ မြွေနှင့်တူ ဝမ်းဗိုက်သည် ခုံးခွံနှင့်တူသည်။ အကြေးခွံသည် ငါးကြင်းအကြေးကဲ့သို့ ရှိနေ လက်သည်းမှာမူ လင်းယုန်ငှက်၏ လက်သည်းမျိုး ဖြစ်သည်။ ဖဝါးသည် ကျားဖဝါးကဲ့သို့ ဖြစ် နားရွက်မှာမူ နွားနားရွက်နှင့်ဆင်သည်။'

မြန်မာစာပေကျမ်းဂန်များအရ ယေဘုယျအားဖြင့် ရေနေ၊ မြေနေနှင့် တောင်နေ နဂါးဟူ၍ ၃ပါး ရှိသော်လည်း အကျယ်အားဖြင့် နဂါးအမျိုး ၁၀၂၄ ပါး ရှိလေသည်။

လို့ မြန်မာစွယ်စုံကျမ်းမှာ ဖော်ပြထားပါတယ်။ မြန်မာရာဇဝင်မှာ နဂါးနဲ့လူ အတူတူ နေခဲ့ကြပုံကိုလည်း ဖော်ပြထားပါတယ်။

. . . . ပုဂံရာဇဝင်တွင် ပျူမင်းထီး နန်းတက်သောကာလ မယ်တော်နဂါးမက ရန်သူတို့ကို နှိမ်နင်းနိုင်သော နဂါးလုလင် ၁၈၀ ပေးနှင်းကြောင်း၊ နဂါးလုလင် ၁၈၀တို့သည် မင်းကြီးထွက်တော်မူသည့်အခါ လှေကားတို့၌ အမြဲစောင့်ရှောက်ရကြောင်း. .

လို့ ဖော်ပြထားပါတယ်။

ပျူစောထီးကို ငယ်စဉ်ကတည်းက နဂါးတွေက စောင့်ရှောက်ပေးခဲ့ကြပါတယ်။

ပျူစောထီးရဲ့ မိဖုရားနှစ်ပါးမှာ တစ်ပါးက နဂါးမ ဖြစ်ပါတယ်။ အမည်က ဣရန္ဓဒေဝီ ဖြစ်ပါတယ်။ သူ့ကို ကာကွယ်စောင့်ရှောက်ဖို့ သူရဲကောင်းနဂါးလုလင် ၁၈၀ လာရောက်ခဲ့ပြီး အလုပ်အကျွေးပြုဖို့ နဂါးပျိုကညာ ၃ယောက်ကိုလည်း နဂါးတွေက နန်းတွင်းထဲကို ပို့ပေးထားခဲ့ပါတယ်။ နဂါးမဣရန္ဓဒေဝီနဲ့ရတဲ့ သားတော်သမီးတော် မရှိခဲ့ဘူး။ ရှိခဲ့ရင် နဂါးသွေးနှော မျိုးဆက်တွေ ဆက်လက်တည်တံ့နေမှာ ဖြစ်ပါတယ်။ ရာဇဝင်ထဲမှာ နဂါးတွေ ရွှေထီးရွှေနန်းရိပ်အောက်ကို ပေါ်ပေါ်ထင်ထင်ရောက်လာမှ ရာဇဝင်ဆရာတွေက စာတင်ခဲ့ကြတာဖြစ်လို့ မထင်မရှားဖြင့် လူတွေကြား လာရောက်နေထိုင်ခဲ့ရင် ဒီလိုနေထိုင်ခဲ့တာကို မှတ်တမ်းမှတ်ရာ မရှိနိုင်ပါဘူး။

မြန်မာ ရာဇဝင်ထဲမှာ ရှိခဲ့တာတော့ ဟုတ်ပါပြီ။ အခုခေတ်မှာရော လူတွေကြားမှာ နဂါးတွေရှိနေနိုင်သလားလို့ မေးရင် ပုဂံခေတ်ကတောင် ရှိနေခဲ့တာ အခုခေတ်မှာလည်း ရှိနေနိုင်တာပေါ့လို့ ဖြေရပါလိမ့်မယ်။ ဒါပေမယ့် နဂါးမျက်စောင်း အကြောင်းမရွေးဘူးတဲ့။ ပြီးတော့ နီးရာဓားကို ကြောက်ပါဆိုတဲ့ တ ုတ် ဆို ိုးစကား ရှိတာကြောင့် ပြည်မြန်မာက နဂါးအကြောင်းကို ဤမျှလောက်သာ ဖော်ပြပြီး ဥရောပမှ သူရဲကောင်းနဂါးတွေ ဖြစ်တဲ့ တမ်ပလာတွေ အကြောင်းကို ဆက်လက် တင်ပြပါမယ်။

# နေမင်းရဲ့ သူရဲကောင်းများ

ဘောဘီလုံ့ညီအစ်ကိုတော်တွေက လျှို့ဝှက်စွာ တည်ရှိရတဲ့ ဂန္ထာရီ ဂိုဏ်းတွေကို ထူထောင်ကြတဲ့အကြောင်း ရှေ့မှာ တစ်စွန်းတစ်စ ရေးသားခဲ့ပြီးပါပြီ။ တည်ရှိမှုကို လျှို့ဝှက်ထားတဲ့အတွက် ဒီဂိုဏ်းဝင်တွေ လုပ်ကိုင်သမျှဟာ ဘယ်သူဘယ်ဝါ လုပ်တယ်လို့ လက်သည်မပေါ်ပါဘူး။ အဲဒီလို ဖြစ်စေချင်လို့ လျှို့ဝှက်စွာ တည်ရှိနိုင်းထားတာ ဖြစ်ပါတယ်။

ဘယ်လိုပဲ လျှို့ဝှက်ပေမယ့် အပေါ်မှာ ထိပ်တန်းလျှို့ဝှက်၊ အောက်မှာတော့ တိုးလျှို ပေါက်ဆိုတဲ့အတိုင်း ဂိုဏ်းတော်ကြီးတွေ ရှိနေတာကို လူတွေ သိကုန်ကြတယ်။ ဒါပေမယ့် ဘာတွေလုပ်ကြတယ်။ ဘယ်မှာ လုပ်ကြတယ် စတာတွေကိုတော့ တိတိကျကျ မသိကြရဘူး။ လေဖမ်းဒန်းစီး ပြောဆိုကြတာတွေ များပါတယ်။

နဂါးသွေးပြည့်နဲ့ သွေးနှောတွေမှာ လက်ႏုးများသဖွယ် ရှိတဲ့ ဂိုဏ်း ၃ ခု ရှိပါတယ်။ သူတို့က ဓာတ်ႆက်ဓာတ်ဆင်တာမျိုးတွေကို ကျွမ်းကျင်တယ်။ ယတြာလည်း ချေတတ်တယ်။ ဒါပေမယ့် လူတစ်ဦးတစ်ယောက်အတွက် လုပ်တာမျိုး မဟုတ်ဘဲ တိုင်းရေး ပြည်ရေးလို ကမ္ဘာ့အရေးလို ကြီးကြီးမားမားတွေအတွက် လုပ်တာဖြစ်လို့ 'ယတြာယာကြီး' လို့ ဂမ္ဘီရနယ်ပယ်မှာ သတ်မှတ်တဲ့ ယတြာမျိုးတွေ ဖြစ်ပါတယ်။

အဲဒီ ဂိုဏ်းတော်ကြီးတွေက လူထုကြားမှာ နေရာဝင်ယူပြီး လှုပ်ရှားခဲ့တာ ၁၂ ရာစုနှစ်ကတည်းက ဖြစ်ပါတယ်။ ဒီကနေ့အထိ ရှိနေပါသေးတယ်။ ဂိုဏ်းဝင်တွေမှာ နိုင်ငံ့ဇာတ်ခုံပေါ်မှာ ထင်ရှားသူတွေ၊ခေါင်းဆောင်တွေ၊ စီးပွားရေးခေါင်းဆောင်တွေ၊ ဘဏ္ဍာရေးမှာ ဦးဆောင်နေသူတွေ၊ စစ်ရေးမှာ ဦးဆောင်သူတွေ ပါဝင်ပါတယ်။

အရေးပါတဲ့ ဂိုဏ်း ၃ခုက နိုက်လို့ ခေါ်တဲ့ ဂိုဏ်းတွေ ဖြစ်ပါတယ်။ နိုက် Knight ဆိုတာ သူရဲကောင်းဘွဲ့ခံယူထားသူကို ဆိုလိုပါတယ်။

သူတို့ကိုယ်သူတို့ သူရဲကောင်းတွေအဖြစ် ခံယူပြီး ဂိုဏ်းထူထောင်ခဲ့ကြတာမှာ နိုက်တမ်ပလာ Knights Templar ဆိုတဲ့ ဂိုဏ်းက ၁၁၁၈ခုနှစ်မှာ ထူထောင်ခဲ့ပါတယ်။ သူတို့ကို လောကီပညာမှာ မသိတာဟူ မရှိသည့် 'မ'တစ်လုံးကြေတဲ့ ခင်ကြီးပျော်လို တော်လှတဲ့ ဘုရင် ဆော်လမွန်ရဲ့ ကျောင်းတော်ကို ကာကွယ်စောင့်ရှောက် ပေးရသည့် စစ်သည်တော်တွေလို့လည်း လူသိများပါတယ်။ သူတို့က ဘုရားမိခင်ဓာတ်ကို ကိုးကွယ်ကြ သူတွေ ဖြစ်ပါတယ်။ သူတို့ရဲ့ ပင်ကိုယ်အယူဝါဒက ခရစ်ယာန် မဟုတ်ကြပေမယ့် ခရစ်ယာန် အရေခြုံထားကြတယ်။ ဒီတော့ ဘုရားမိခင်ဓာတ်ကို မယ်တော်မာရီ အဖြစ် ပြောဆိုကြတယ်။ ယေ႐ှုရဲ့ မိခင် အပျိုစင်မာရီကို ဆိုလိုပါတယ်။ တကယ့် အရင်းအမြစ်က 'နင်ခါဆတ်' ဖြစ်ပါတယ်။ နင်ခါဆတ်က လူ့ယဉ်ကျေးမှု ခေတ်အဆက်ဆက်မှာ အမည်အမျိုးမျိုးဖြင့် ကိုးကွယ်ဆည်းကပ်ခဲ့ကြတယ်။ စီမီရာမစ်၊ အိုင်စစ်၊ ဘရာတီ၊ ဒိုင်ယာနာ၊ မာရီဆိုပြီး အမည်နာမတွေ ရှိနေပါတယ်။

သူ့ကို လဓာတ်ဆောင်တဲ့ မိခင်ဓာတ်လို့ သတ်မှတ်ထားကြပါတယ်။ ဒီတော့

နင်ခါဆတ်က လ ဖြစ်ပြီး နေနဲ့လ ခေတ်နှစ်ပါးယှဉ်တွဲ စဉ်းစားတဲ့အခါ နေက ဘေဘီလုံကို ထူထောင်ခဲ့သူ နင်ရော့ဒ် ဖြစ်ပါတယ်။

တစ်ချိန်တုန်းက အခုအခါ အစရေး၊ ဆီးရီးယားနဲ့ လက်ဘနွန်နိုင်ငံတို့ တည်ရှိခဲ့တဲ့နေရာမှာ ဖီနီစီယန်းတွေ နေထိုင်ခဲ့ဖူးတယ်။ ဖီနီစီယန်းတွေက ရေကြောင်း သွားလာမှုမှာ အထူးကျွမ်းကျင်ကြတယ်။ သူတို့က နဂါးတွေအတွက် လိုအပ်တာတွေကို လုပ်ပေးခဲ့ကြသူတွေလည်း ဖြစ်ပါတယ်။

အခုပြောနေတဲ့ နိုက်တမ်ပလာတွေက ဖီနစ်စီယန်းကနေ သက်ဆင်းလာကြသူ တွေ ဖြစ်ပါတယ်။ ဖီနီစီယန်းတွေက နေမျိုးနွယ်တွေလို့ ခံယူထားကြတယ်။ ဒီတော့ သူတို့ရဲ့ တံဆိပ်၊ သူတို့ရဲ့ အလံတွေမှာ မီးလျှံဖြာတဲ့ နေပုံကို သုံးကြတယ်။ အဖြူရောင် အောက်ခံမှာ မီးလျှံဖြာတဲ့နေပုံကို အနီရောင်ကြက်ခြေခတ်ပုံဖြင့် ကိုယ်စားပြု ဖော်ပြထားတဲ့ အလံကို သုံးကြတယ်။ အဲဒီအလံဟာ နောက်တစ်ချိန်မှာ ဗြိတိသျှတို့ရဲ့ အလံ ဖြစ်လာပါ တယ်။

နိုက်တမ်ပလာတွေက ဘာသာရေးနယ်မြေမှာ ဘုရားဖူးလာကြသူတွေကို ကာကွယ်စောင့်ရှောက်ပေးဖို့ ထူထောင်ထားတဲ့ဂိုဏ်းလို့ တရားဝင်သမိုင်းစာမျက်နှာတွေမှာ ရေးသားဖော်ပြထားကြတယ်။ ဒါပေမယ့် စစချင်း ၉နှစ်အတွင်းမှာ ဂိုဏ်းဝင် ၉ ဦးသာ ရှိခဲ့ပါတယ်။ ဒီတော့ တစ်ခုခုကို ဖုံးကွယ်ချင်လို့ အခုလို ဘာသာရေးအကြောင်းပြထား ခြင်းသာဖြစ်ကြောင်း ထင်ရှားနေပါတယ်။

သူတို့က လျှို့ဝှက်ဂိုဏ်းတစ်ခုရဲ့ စစ်ဖက်ဆိုင်ရာ တောင်ပံတစ်ခုအဖြစ် ဖွဲ့စည်း ထားတာ ဖြစ်ပြီး မိခင်ဂိုဏ်းက Order of Sion ဖြစ်ပါတယ်။ အဲဒီဂိုဏ်းကို နောက်ပိုင်းမှာ Priory of Sion လို့ လူသိများပါတယ်။ ဂိုဏ်းတော်ချုပ်တွေ ရှိကြရာမှာ တစ်ယောက်က လီယိုနာဒို ဒါဗင်စီ ဖြစ်ပါတယ်။ နောက်တစ်ယောက်ကတော့ မြေဆွဲအားကို တွက်ချက်ပြ ခဲ့တဲ့ အိုင်ဇက်နယူတန် ဖြစ်ပါတယ်။

စစ်တောင်ပံဖြစ်တဲ့ နိုက်တမ်ပလာတွေက နောက်ထပ် စစ်တောင်ပံဖြစ်တဲ့ Knights Hospitaller တွေနဲ့ အချိတ်အဆက် ရှိကြပါတယ်။ ဒီနှစ်ဖွဲ့က မတည့်အတူ နေလို့ ပြောရပါလိမ့်မယ်။ ခေတ်အဆက်ဆက်မှာ အချင်းချင်း တိုက်ခိုက်တဲ့အထိ ဖြစ်ခဲ့ကြပါ တယ်။ ဒါပေမယ့် အရေးကြီးရင်တော့ သွေးနီးလိုက်ကြပါတယ်။ ဘေဘီလုံညီအစ်ကိုတော် လုပ်ငန်းစဉ်အတွက်ဆိုရင် စည်းလုံးသွားကြပြန်ပါတယ်။ Knights Hospitaller တွေကို တချို့စာအုပ်တွေမှာ Knights of Maltaလို့ ရေးသားကြပါတယ်။

၁၀၉၉ခုနှစ် ဇွန်လမှာ ခရစ်ယာန် ခ႟ူးဆိတ်စစ်သည်တော်တွေက ဂျေ႟ုဆလင် မှာ ရှိနေတဲ့ မူဆလင်တူရကီတွေကို ဝင်ရောက်တိုက်ခိုက်ပြီး ချေမှုန်းပစ်လိုက်တယ်။ ခရစ်ယာန်ဘုရားဖူးတွေအတွက် ပြန်ဖွင့်ပေးလိုက်တယ်။ ဒီအခါမှာ ဘုရားဖူးတွေ အနယ်နယ် အရပ်ရပ်က တသောသော ရောက်လာကြတယ်။

Knights Hospitaller ဂိုဏ်းကို ထူထောင်လိုက်ပြီး ဘုရားဖူးတွေကို

နေစရာ၊ စားစရာ ပေးတာတွေ လုပ်ကိုင်ကြတယ်။ Hospice ဆိုတဲ့ ဝေါဟာရက တည်းခိုရာ ဂေဟာလို့ အဓိပ္ပာယ်ရတယ်။ ဒီတော့ Hospitaller က တည်းခိုစရာနေရာ စီစဉ်ပေးသူလို့ ဆိုလိုပါတယ်။ ဘုရားဖူးတွေက ပေးကမ်းလှူဒါန်းတာတွေနဲ့ သူတို့ ကြွယ်ဝလာကြတယ်။ ဒီအခါမှာ သူတို့က စစ်တောင်ပံအဖြစ် အဖွဲ့တစ်ဖွဲ့ကို ၁၁၁၈ခုနှစ်မှာ ထူထောင်လိုက်ကြတယ်။

အဲဒီနှစ်မှာပဲ ဘုရားဖူးခရီးသည်တွေကို ကာကွယ်ပေးဖို့အတွက် နိုက်တမ်ပလာ မူရင်းမူလ ကိုးယောက်က ဂျေရုဆလင်ကို ရောက်လာကြတယ်။ သူတို့ကို အနီးအနားမှာ ရှိနေတဲ့ ကျောင်းတော်တောင် Temple Mount မှာ နေရာချပေးထားလိုက်ကြတယ်။ အဲဒီတောင်က ကျောင်းတော်တောင်လို့ အမည်တွင်ရတာက ဆော်လမွန်ဘုရင်ကြီးရဲ့ ဆော်လမွန်ကျောင်းတော် တည်ရှိခဲ့ဖူးလို့ ဖြစ်ပါတယ်။ နိုက်တမ်ပလာရဲ့ ဂိုဏ်းတော်ချုပ်က ပြင်သစ်အမျိုးသားတစ်ဦး ဖြစ်ပါတယ်။

သူတို့အလံက အမည်းလေးထောင့်ကွက်အောက်မှာ အရွယ်တူ အဖြူလေးထောင့်ကွက် တစ်ကွက်ပါရှိပြီး အကွက်နှစ်ကွက်ထိနေတဲ့နေရာ အလယ်မှာ ကင်းမျှော်စင် တစ်ခုပါရှိပြီး လူဦးခေါင်းခွံနဲ့ ကြက်ခြေခတ်အရိုးနှစ်ချောင်းပုံ ပါရှိပါတယ်။ ပင်လယ်ဓားပြအလံအဖြစ် ခေတ်စားခဲ့ဖူးပါတယ်။ အခုခေတ်မှာတော့ လျှပ်စစ်ဌာနမှာ သတိထား ဗို့အား ၆ ၀၀၀ဆိုတဲ့ စာသားနဲ့ တွဲသုံးတဲ့ အရိုးခေါင်းအောက်မှာ လက်ဖျံရိုးနှစ်ချောင်း ကြက်ခြေခတ် အနေအထားဖြင့် တည်ရှိနေပါတယ်။ သေသေချာချာ စဉ်းစားကြည့်ပါ။ ဓာတ်လိုက်တာနဲ့ ဒီပုံနဲ့ ဘာများဆိုင်ပါသလဲ။ ဒီပုံက သေမင်းကို ခေါ်ဆောင်လာမယ့် အန္တရာယ်လို့ ခြိမ်းခြောက်တဲ့ သဘောသဘာဝရှိတဲ့ သင်္ကေတအဖြစ် တစ်ကမ္ဘာလုံးက လူတွေ နားလည်ထားကြပါတယ်။ ဘာလို့ ကြောက်စရာလို့ သဘောပေါက်လိုက်ကြရတာလဲ။ ဒီလို ဖြစ်သွားအောင် တမ်ပလာတွေက လုပ်ပေးခဲ့ကြလို့ ဖြစ်ပါတယ်။ လူမှာ အကြောက်ဟပ်နေအောင် တမင်လုပ်ပေးခဲ့ကြပါတယ်။

သူတို့ရဲ့ လက်ခွဲဂိုဏ်းတစ်ခုက ဖရီးမေဆင်ဂိုဏ်းဖြစ်ပါတယ်။ ဒါကြောင့် ဖရီးမေဆင်ကျောင်းတော်တွေရဲ့ ကြမ်းပြင်မှာ အဖြူနဲ့ အမည်းကွက် ခင်းထားတာ ဖြစ်ပါတယ်။ ဘေဘီလုံညီအစ်ကိုတော်တွေရဲ့ ဘာသာရေးမှိုင်းတိုက်ဖို့ တည်ဆောက်ထားတဲ့ ဘုရားကျောင်းတွေရဲ့ ကြမ်းပြင်ကိုလည်း အဖြူအမည်းကွက်နဲ့ ခင်းကြပါတယ်။

ဥရောပမှာ တမ်ပလာကို ထူထောင်ပြီးတဲ့အခါ မျိုးကြီးမတ်ရာမိသားစုဝင်တွေကို လိုက်လံစည်းရုံးပြီး တမ်ပလာကို ချဲ့ထွင်ခဲ့ပါတယ်။ လူ ၃၀၀ ရရှိခဲ့ပြီး အဲဒီလူတွေက သူတို့ရဲ့ စည်းစိမ်ဥစ္စာတွေကို တမ်ပလာလက်ထဲထည့်ခဲ့ကြတယ်။ ဒီတော့ ရဲတိုက်တွေ အပါအဝင် အဆောက်အဦတွေ၊ မြေတွေ၊ အခြားကြွယ်ဝမှုတွေကိုပါ တမ်ပလာဂိုဏ်းက ရရှိခဲ့တယ်။ ပြင်သစ်၊ စကော့တလန်၊ စပိန်၊ ပေါ်တူဂီနဲ့ အင်္ဂလန်တို့မှာ မြေတွေအများကြီး ရရှိခဲ့တယ်။ တစ်ဆယ်နှစ်အတွင်းမှာ ကျယ်ပြန့်သွားလိုက်တာ အီတလီ၊ ဩစတြီးယား၊ ဂျာမနီနဲ့ ဟန်ဂေရီတို့အပြင် ကွန်စတန်တင်နိုပယ်(တူရကီအနောက်မြောက်ပိုင်းရှိ ဆိပ်ကမ်း

မြို့)အထိ ရောက်သွားတယ်။

ဌာနချုပ်ကို လန်ဒန်မှာ ထားရှိတယ်။ တမ်ပယ်ဘား Temple Bar လို့ အမည်ရှိတဲ့ ဘုရားကျောင်းမှာ ဖြစ်ပါတယ်။ ဘုရားကျောင်းတွေမှာ ထားရှိနေကျဖြစ်တဲ့ အလယ်စကြရဲ့ အလယ်နေရာမှာ တောင်ပံပါတဲ့ နဂါး ႑ပ်တု ရှိပါတယ်။

သူတို့ပိုင်တဲ့မြေက သိမ်းမြစ်အထိ ရောက်တယ်။ သူတို့မှာ ကိုယ်ပိုင်ဆိပ်ကမ်း ရှိတယ်။ ဝိတိုရိယဘုရင်မလက်ထက်မှာ ညီအစ်ကိုတော်တွေက သိမ်မြစ်ကမ်းမှာ ရှိတဲ့ ဝိတိုရိယတာ ိုးမှာ ကျောက်တိုင်ထူခဲ့တယ်။ ကျောက်တိုင်ရဲ့ တစ်ဖက်တစ်ချက်ဆီမှာ စဖင့် ႑ပ်တုကို ထားရှိခဲ့ပါတယ်။

ကလီယိုပါထရာ ဇာထိုးအပ်လို့ အမည်တွင်တဲ့ ကျောက်တိုင် ဖြစ်ပါတယ်။ ကျောက်တိုင်တွေအကြောင်းကို မြန်မာ့စွယ်စုံကျမ်း အတွဲ ၁က–ကုံမှာ 'ကလီယိုပါးထရား ကျောက်တိုင်'ဆိုတဲ့ ခေါင်းစဉ်ဖြင့် ဖော်ပြပေးထားတာကို ကိုးကားပြီး ဖော်ပြအပ်ပါတယ်။

ကလီယိုပါထရာဇာထိုးအပ်လို့ အမည်တွင်နေပေမယ့် တကယ်တော့ ကလီယို ပါထရာနဲ့ ဘာမှ မပတ်သက်ပါဘူး။ နေကို ပူဇော်ဖို့အတွက် ထူခဲ့တဲ့ ကျောက်တိုင်တွေ ဖြစ်ပါတယ်။

ရှေးအီဂျစ်နိုင်ငံမှာ စိုးစံခဲ့တဲ့ သောမီးဘုရင်က တန်ချိန် ၂၀၀လောက်ရှိတဲ့ လုံးချင်းကျောက်တိုင်တစ်စုံကို ကျောက်ကျင်းမှ ထုတ်ယူပြီး ထူခဲ့တာ ဖြစ်ပါတယ်။ ကျောက်တိုင် ပုံသဏ္ဍာန်က လေးမြောင့်ဖြစ်ပြီး အဖျားဖက်ကို ရှူးသွားပါတယ်။ ထိပ်က ချွန်နေတယ်။ ဒီတော့ ဇာထိုးအပ်နဲ့ တူနေလို့ အီဂျစ်ရာဇဝင်မှာ ထင်ရှားတဲ့ အလှထိပ်တင် မာယာရှင် အီဂျစ်ဘုရင်မ ကလီယိုပါထရာရဲ့ ဇာထိုးအပ်လို့ တင်စားပြီး ပြောကြရာက အခုလို အမည်တွင်သွားရတာ ဖြစ်ပါတယ်။

ကျောက်တိုင်တွေက နှစ်ပေါင်း ၂၀၀၀ နီးပါး မတ်မတ်ထောင်နေခဲ့ရာမှ လဲကျသွားခဲ့ပြီး မြေကြီးဖုံးလွှမ်းသွားခဲ့ပါတယ်။ ၁၈၀၁ခုနှစ်မှာ ပြန်လည်တွေ့ရှိခဲ့ပါတယ်။ ၁၈၇၇ခုနှစ်မှာ အင်္ဂလန်သို့ သယ်ယူခဲ့ကြတယ်။ အလျား ၆၈ပေခွဲရှည်ပြီး အလေးချိန် ၁၈၆တန် စီးပေရာ သယ်ယူရာမှာအခက်အခဲအမျိုးမျိုး ကြုံခဲ့ကြပြီးမှ အင်္ဂလန်ကို ရောက် ရှိသွားတာ ဖြစ်ပါတယ်။ ၁၈၇၈ခုနှစ် စက်တင်ဘာလ ၁၂ ရက်မှာ စိုက်ထူခဲ့ပါတယ်။

ကျန်ရှိတဲ့ ကျောက်တိုင်တစ်တိုင်ကိုတော့ အမေရိကန်ကို ၁၈၈၉ခုနှစ်မှာ သယ်ယူ ခဲ့ပါတယ်။ ၁၈၈၁ ခုနှစ်မှာ နယူးယောက်မြို့ရှိ ဗဟိုဥယာဉ်ထဲမှာ စိုက်ထူခဲ့ပါတယ်။ အမြင့် ၆၇ပေ ရှိပါတယ်။

ဂမ္ဘီရအမြင်ဖြင့် ပြောရရင် လေးမြောင့်ထိပ်ချွန်ကျောက်တိုင်ဟာ ဖိုအင်္ဂါကို ဖော် ျန်းပါတယ်။ နေနဲ့လ ဓာတ်နှစ်ပါး ရှိရာမှာ နေဓာတ်ကို ဖော် ျန်းပါတယ်။ အယူဝါဒအချို့မှာ ကိုးကွယ်ကြတဲ့ ပုရိလိင်္ဂပုံစံ ဖြစ်ပြီး အထူးသဖြင့် နိုက်တမ်ပလာတွေရဲ့ လက်အောက်ခံဖြစ်တဲ့ ဖရီးမေဆင်တွေက လိုအပ်မယ်လို့ ယူဆတဲ့နေရာတွေမှာ ပုရိလိင်္ဂပုံစံ ဖြစ်တဲ့ လေးမြောင့်ထိပ်ချွန်ကျောက်တိုင်ကို မော်ကွန်းကျောက်တိုင်အဖြစ် စိုက်ထူကြလေ့

ရှိပါတယ်။

သူတို့က အင်္ဂလန်၊ ပြင်သစ်နဲ့ အမေရိကတို့ကို သုံးပွင့်ဆိုင်နေရာယူထားတာကြောင့် အမေရိကန်မှာ ဌာနချုပ်ပြုရာအရပ်ဖြစ်တဲ့ ဝါရှင်တန်ဒီစီမှာ မော်ကွန်းကျောက်တိုင်တစ်ခု မားမားမတ်မတ် ထူထားပါတယ်။ ပြင်သစ်မှာလည်း အီဂျစ်မှ သက်တမ်း ၃၂၀၀ ရှိပြီဖြစ်တဲ့ မော်ကွန်းကျောက်တိုင်ထူထားပါတယ်။ နိုင်းမြစ်ကမ်းရှိ မြို့ဖြစ်တဲ့ လုဇ်စာမြို့မှ သယ်ယူပြီး စိုက်ထူထားခဲ့တာ ဖြစ်ပါတယ်။ ပါရီမြို့ကို အကွက်ချစဉ်ကတည်းက ကျောက်တိုင်နေရာကိုပါ ထည့်သွင်းရေးဆွဲခဲ့ပါတယ်။ Place de la Concordeဆိုတဲ့ နေရာမှာ ဖြစ်ပါတယ်။ ၁၉၉၇ခုနှစ်မှာ မင်းသမီးဒိုင်ယာနာ ယာဉ်တိုက်မှုဖြင့် သေဆုံးမယ့်ညက သူစီးလာတဲ့ မာစီးဒီးက ယာဉ်တိုက်မှုမဖြစ်ခင် တစ်မိနစ် နှစ်မိနစ် အလိုမှာ ဒီကျောက်တိုင်ဘေးက ဖြတ်မောင်းခဲ့ပါတယ်။ ပြီးမှ ပွန့်ဒီအယ်လမာ Pont de L’Alma လိုဏ်ခေါင်းထဲ မောင်းဝင်ပြီး နံပါတ် ၁၃ခုမြောက် တိုင်ကို တိုက်မိပြီး သေဆုံးခဲ့တာ ဖြစ်ပါတယ်။ ဒီအကြောင်းကို နောက်တော့မှ ထပ်မံတင်ပြပါဦးမယ်။


တမ်ပလာတွေက ၁၂ရာစုမှာ ကြွယ်ဝမှုနဲ့ သြဇာတိကမကြီးမားမှုတို့မှာ ခရစ်ယာန်ဂိုဏ်းတော်ပြီးရင် ဒုတိယနေရာမှာ ရောက်ရှိနေခဲ့ပါတယ်။ ကိုယ်ပိုင်ရေတပ် ရှိတဲ့အထိ ဖြစ်ပါတယ်။

ဘေဘီလုံညီအစ်ကိုတော်ရဲ့ ခေတ်များစွာအတွက်အလုပ်မဟာမှာ လုပ်ငန်းစဉ် ချမှတ်ပေးထားတာမှာ တစ်ခုက ဥရောပတိုက်ကို တစ်ခုတည်းသောတိုင်းပြည်ဖြစ်အောင် လုပ်ဖို့ ဖြစ်ပါတယ်။ ဒီဦးတည်ချက်ကို တမ်ပလာတွေ လုပ်ဆောင်ခဲ့ကြရပါတယ်။ သူတို့က သူတို့ရဲ့ လူဦးခေါင်းခွံအောက်မှာ အ ိုးနှစ်ချောင်းကြက်ခြေခတ်ထားတဲ့ပုံပါရှိတဲ့ အလံတော် အောက်မှာ ဥရောပရဲ့ မျိုးမျိုးမတ်နွယ်တွေကို စည်း ုံးထားနိုင်ခဲ့ပါတယ်။ အခုခေတ်မှာတော့ ဥရောပယူနီယံ ဖြစ်ပါတယ်။ တစ်ခုတည်းသော ငွေကြေး၊ တစ်ခုတည်းသော ပါလီမန် အဖြစ် ရပ်တည်နေပါပြီ။ အဲဒီပါလီမန်ရဲ့ အဆောက်အဦပုံက ဘေဘီလုံမှာ ရှိခဲ့ဖူးတဲ့ ဘာဘယ်တာဝါနဲ့ ဆင်ဆင်တူနေတာကို တင်ပြခဲ့ပြီးပါပြီ။

လန်ဒန်



ဝါရှင်တန် ဒီစီ





ပါရီ



ကျောင်းတော်တောင်ပေါ်မှ
နိုက်တမ်ပလာတို့၏ အဆောက်အဦ

ကွန်ဂရက် အဆောက်အဦ
(ဝါရှင်တန်)



စိန့်ပေါ ဘုရားကျောင်း
(လန်ဒန်)





နတ်ကျောင်း (ပါရီ)

# တမ်ပလာ

တမ်ပလာတွေကို ဘေဘီလုံညီအစ်ကိုတော်က လောကီပညာတချို့ကို ကွန်ချက်ပြပေးထားခဲ့ပါတယ်။ သူတို့က မြေကမ္ဘာရဲ့ စွမ်းအင်စီးကြောင်း Ley line တွေကို နိုင်နင်းကြတယ်။ ဒီစွမ်းအင်စီးကြောင်း နဂါးစီးကြောင်းတွေအရ အချက်အချာကျတဲ့နေရာတွေမှာ ယုတ်ညံ့တဲ့ မှော်ပညာရပ်ဆိုင်ရာ စီရင်မှုတွေကို ပြုကြတယ်။

လူကို ယဇ်ပူဇော်တာမျိုးတွေကို လုပ်ကြတယ်။ အဲဒီကိစ္စတွေက လူအများဖတ်ဖို့အတွက် မဖော်ပြအပ်ဘူးလို့ ယူဆတာကြောင့် ရေးသားခြင်း မပြုဘဲ တမင်ချန်လုပ်ခဲ့တာကို နားလည်ပေးစေလိုပါတယ်။

သူတို့က နဂါးစီးကြောင်းရဲ့ သဘောသဘာဝအရ အကြောက်ကို ဖြစ်စေတဲ့နေရာတွေမှာ အယူဝါဒကိုးကွယ်မှုဆိုင်ရာ အဆောက်အဦတွေကို ဆောက်ပေးကြတယ်။ လူတွေကို အကြောက်တရား အလိုလို ဟပ်မိပြီး ငြိမ်ကုပ်နေအောင် လုပ်တာဖြစ်ပါတယ်။ ပြင်သစ်မှာ ထူးထူးခြားခြားရှိတဲ့ အဆောက်အဦနှစ်ခုကို နေရာချပေးခဲ့တယ်။ တစ်ခုက ပါရီမြို့နဲ့ မလှမ်းကမ်းမှာ ရှိတဲ့ ရှာတရီ Chartres ဖြစ်ပါတယ်။ နောက်တစ်ခုက ပါရီမြို့မှာ တည်ရှိတဲ့ နော်ထရာဒိန်း Notre Dame ဖြစ်ပါတယ်။ ရှာထရီက ရှေးကတည်းက အလေးအမြတ်ထားတဲ့မြေနေရာ ဖြစ်ခဲ့ပါတယ်။ နော်ထရာဒိန်းက နတ်သမီး ဒိုင်ယာနာကို ရည်စူးပြီး တည်ဆောက်ပေးခဲ့တာ ဖြစ်ပါတယ်။

၁၂ရာစုနဲ့ ၁၃ရာစုမှာ ပြင်သစ်နိုင်ငံတောင်ပိုင်းမှာ တပသီဂိုဏ်းတစ်ခု ပေါ်ထွန်းခဲ့တယ်။ တပသီဆိုတာ ရသေ့ကို ဆိုလိုပါတယ်။ ဝိဇ္ဇာ၊ ဇော်ဂျီ၊တပသီ ဆိုတာ ကြားဖူးကြမယ် ထင်ပါတယ်။ တပသီဂိုဏ်းရဲ့ ရသေ့တွေက ရသေ့ဆိုပေမယ့် ရသေ့ယူနီဖောင်း



ဝတ်ထား ိသက်သက် ရသေ့မျိုး မဟုတ်ဘူး။ ကိလေသာ ခန်းခြောက်နေကြပြီး ငြိုးခြံစွာဖြင့် နေထိုင်စားသောက်ကြသူတွေ ဖြစ်ပါတယ်။

ဒီတပသီဂိုဏ်းက ကြီးထွားလာတော့ ဘောဘီလုံတွေက သံချောင်းခေါက်ပြီး တမ်ပလာတွေ စေလွှတ်ကာ တိုက်ခိုက်ချေမှုန်းခိုင်းတယ်။ ၂ ငါးပန်း သတ်ဖြတ်တယ်။ မီးရှို့ပြီး သတ်ဖြတ်တယ်။ တပသီတွေရဲ့ ရဲတိုက် Montsegur ကိုလည်း ၁၂၄၄ခုနှစ်မှာ တိုက်ခိုက်သိမ်းပိုက်ဖြစ်လိုက်တယ်။

ဘောဘီလုံညီအစ်ကိုတော်က လူထုကို အခွံပဲပေးချင်တယ်။ အနှစ်ကို ရယူပြီး အယူဝါဒထူထောင်ရင် အမြစ်ကပါ လှန်ပစ်တတ်တဲ့ သာဓကတစ်ခု ဖြစ်ပါတယ်။

ရှာထရီနဲ့ နောထရာဒိန်းမှာ နင်ခါဆတ်ကို ကိုးကွယ်ကြတယ်။ ဒီအခါမှာ နင်ခါဆတ်က ဘလက်မက်ဒိုးနား Black Madonna လို့ အမည်တွင်တယ်။ ဓာတ်သဘောအရကြည့်ရင် လဓာတ်ကို ရယူတာ ဖြစ်ပါတယ်။

နင်ခါဆတ်က သားဖြစ်သူ နီနပ်စ် (ခေါ်) တာမွတ်ဇ်ကို တယုတယဖြင့် ပွေ့ချီထားတဲ့ မုဒြာပုံလွှာက မယ်တော်မာရီက ယေ ှုကို ပွေ့ချီထားတဲ့ပုံ ဖြစ်သွားတယ်။

ဘလက်မက်ဒိုးနားကို ကိုးကွယ်တာကြောင့် အမဓာတ်ကိန်းအောင်းစေဖို့အတွက် အဆောက်အဦတွေကို အဝိုင်းပုံသဏ္ဌာန်ဖြင့် တည်ဆောက်ကြတယ်။ အုန်းမှုတ်ခွက်ပုံ အမိုးခုံးတွေ ထည့်သွင်းတည်ဆောက်တယ်။ မိခင်ရဲ့ ရင်သားကို သင်္ကေတပြုကြတာ ဖြစ်ပါတယ်။

အမဓာတ် အဖိုဓာတ် စသဖြင့် အလွယ်အားဖြင့် ပြောဆိုကြပေမယ့် တကယ်တမ်းမှာတော့ စွမ်းအင်တွေမှာ အမဓာတ်ဆိုတာလည်း မရှိသလို အဖိုဓာတ်ဆိုတာလည်း မရှိဘူး။ အမဆန်သောဓာတ်နဲ့ အဖိုဆန်သောဓာတ်တွေသာ ရှိပါတယ်။ ဆံခြည်တစ်မျှင်ကို နှစ်ခြမ်းခွဲနေတာ မဟုတ်ပါဘူး။ အမဓာတ်လို့ ဆိုလိုက်တဲ့အခါ အဲဒီဓာတ်မှာ အဖိုဆိုတာ မရှိတော့ဘူးလို့ သဘောပေါက်စေပါတယ်။ အမချည်းသက်သက် ရှိနေတဲ့ စွမ်းအင် မရှိနိုင်ပါဘူး။ အဖိုရောအမရော တစ်ပြိုင်နက်တည်း တည်ရှိနေပြီး ခြုံကြည့်လိုက်တဲ့အခါ အမဆန်နေတဲ့ဓာတ်ကို အမဓာတ်၊ အဖိုဆန်နေတဲ့ဓာတ်ကို အဖိုဓာတ်လို့ ခေါ်နေကြတာ ဖြစ်ပါတယ်။

အဲဒီ သဘောသဘာဝတွေကို ဘောဘီလုံညီအစ်ကိုတော်တွေက တမ်ပလာတွေကို သင်ပြပေးထားပါတယ်။ ဒါကြောင့် သူတို့က နေဓာတ်လဓာတ် နှစ်ပါးမျှတအောင် ဂ ုပြုကြတယ်။ ဒီအချက်ကို ဖိုမ လိင်ဆက်ဆံနေတဲ့ပုံတွေ ုပ်တုတွေနဲ့ တင်ပြထားတာမျိုးလည်း ရှိပါတယ်။ ဒီတော့ ဏှာတွေးမတွေးဘဲ စာတွေးကို တွေးကြည့်ပြီး ဓာတ်နှစ်ပါး မျှတအောင် နှောတာလို့ သဘောပေါက်ရမှာ ဖြစ်ပါတယ်။

နေရဲ့ အရိပ်လက္ခဏာတွေချည်း ဖြစ်မနေအောင် လရဲ့ အရိပ်လက္ခဏာတွေ ဖြည့်တင်းပေးထားကြတယ်။ ပင့်ကူအိမ်နဲ့ ဝက်ပါတို့ဟာ အမစွမ်းအင်အတွက် ဖြစ်ပါတယ်။

အထူးသဖြင့် ဂျာမန်မျိုးနွယ်တစ်ခုဖြစ်တဲ့ ဂိုသစ်တွေရဲ့ ဗိသုကာလက်ရာပုံစံတွေ

မှာ နေလနှစ်ပါး မျှမျှတတ ရှိနေစေတယ်။

Fred Gettingsရေးသားတဲ့ *The Secret Zodiac* စာအုပ်မှာ အီတလီနိုင်ငံ ဖလောရင့်ဒေသမှာ တည်ရှိတဲ့ ဂိုသစ်ဘုရားကျောင်းတစ်ခုအကြောင်းကို ရေးသားဖော်ပြထားတယ်။ စန်မီနီယာတို ဘုရားကျောင်းရဲ့ ကြမ်းပြင်မှာ ၁၂ ရာသီခွင်ကို မာဘယ်ကျောက်နဲ့ အကွက်ဖော် အလှစီထားတယ်။ ၁၂၀ရခုနှစ်မှာ တည်ဆောက်ခဲ့တာ ဖြစ်ပြီး အဲဒီနှစ်ရဲ့ မေလမှာ ဂြိုဟ်သွားဂြိုဟ်လာကို ကြည့်လိုက်တဲ့အခါ မာကျူရီ(ဗုဒ္ဓဟူး)၊ ဗီးနပ်စ်(သောကြာ)၊ဆက်တန်(စနေ) ဂြိုဟ် ၃ခု ထူးထူးခြားခြား ယှဉ်နေတာကို တွေ့ရတယ်။ ဆယ့်နှစ်ရာသီခွင်မှာ ဒုတိယမြောက် ရာသီအိမ်ဖြစ်တဲ့ နွားလားပုံ ပြိ ရာသီမှာ ဂြိုဟ်သုံးစင်း ယှဉ်နေကြတာ ဖြစ်ပါတယ်။ အဲဒီလို ဆုံတဲ့နေရာဆီကို ဘုရားကျောင်းက မျက်နှာပြုထားပါတယ်။

တမ်ပလာတွေဟာ ဗေဒင်နက္ခတ်ပညာရပ်ကိုလည်း နက်နက်ရှိုင်းရှိုင်း တတ်မြောက်ထားကြပါတယ်။

တမ်ပလာတွေက ဘုရင်တွေကို ပခုံးပေါ်ထမ်းပေးထားကြတယ်။ ဆိုချင်တာက သူတို့နဲ့ သင့်မြတ်အောင်နေရင် ပခုံးပေါ်မှာ ဆက်ထမ်းထားမယ်။ မနေရင် ပစ်ချပြီး ခွေးကျဝက်ကျ ကျမှာ ဖြစ်ပါတယ်။ အခုခေတ်မှာ ညီအစ်ကိုတော်တွေက အစိုးရမင်းတွေကို ထမ်းထားသလိုမျိုး ထမ်းပေးထားတာ ဖြစ်ပါတယ်။

အင်္ဂလန်မှာ ဒုတိယမြောက် ဟင်နရီဘုရင် စိုးစံစဉ် သူက ခရစ်ယာန် ဂိုဏ်းချုပ်ဘုန်းတော်ကြီး သောမတ်စ်နဲ့ မသင့်မြတ်ကြဘူး။ ကမ္ဘာ့ရန် ဖြစ်နေကြတယ်။ သာသနာအာဏာနဲ့ ရာဇအာဏာ အားပြိုင်သလို ဖြစ်လာတယ်။ ဒီအခါမှာ ပြင်သစ်မှ တမ်ပလာနှစ်ယောက် ရောက်ရှိလာပြီး ဂိုဏ်းချုပ် ဘုန်းတော်ကြီး သောမတ်စ်နေထိုင်ရာ ကင်တာဘူရီဘုရားကျောင်းထဲ တန်းဝင်သွားပြီး သောမတ်စ်ကို သတ်ဖြတ်ခဲ့ပါတယ်။ ၁၁၇၀ခုနှစ်မှာ ဖြစ်ပွားခဲ့တာ ဖြစ်ပါတယ်။

ဟင်နရီဘုရင်ရဲ့ သားတော်က တမ်ပလာအဖြစ်ကို ခံယူခဲ့ပါတယ်။ သူ့အမည်က ရစ်ချတ် သီဟနှလုံး Richard the Lionheart ဖြစ်ပါတယ်။ သူက ဂျေ ရုဆလင်ကို သွားရောက်နေထိုင်ခဲ့ရတယ်။ သူ့အစ်ကို ဂျွန်က နန်းစည်းစိမ်ကို ရချင်လို့ သူ့အသက်ကို ရန်ရှာနိုင်လာတာကြောင့် ရွှေနန်းရိပ်ကနေ ရှောင်ထွက်ခဲ့တာ ဖြစ်ပါတယ်။

ဂျေ ရုဆင်ကို ရောက်တော့ မူဆလင်လျှို့ဝှက်ဂိုဏ်းဖြစ်တဲ့ အဆက်ဆင် Assassinဂိုဏ်းနဲ့ ညှိနှိုင်းဆွေးနွေးမှုတွေ လုပ်ခဲ့ရတယ်။

အဆက်ဆင် Assassinရဲ့ အဓိပ္ပာယ်က hass ဖျက်ဆီးခြင်း၊ asana ကျော့ကွင်းထောင်ခြင်းလို့ ဆိုလိုပါတယ်။ အကွက်ချစီမံ တိုက်ခိုက်ဖျက်ဆီးတာကို ဆိုလိုပါတယ်။ သူတို့က ပါရှားမှာရှိတဲ့ လင်းယုန်သိုက်လို့ အဓိပ္ပာယ်ရတဲ့ အလာမွတ်တောင်ပေါ်မှာ ဌာနချုပ်ထားရှိပြီး သူ့စစ်သည်တွေကို ကိုင်တွယ်ပါတယ်။

သူတို့ရဲ့ ဝတ်စုံက အာရပ်တွေဝတ်တဲ့ အဖြူရောင်အဝတ်အထည်ဖြစ်ပြီး

ခါးပန်းကြိုးကိုတော့ အနီရောင်သုံးစွဲပါတယ်။

ဘာသာအယူဝါဒအရ ရန်ဘက်ဖြစ်နေလို့ တမ်ပလာနဲ့ အက်ဆက်ဆင်တို့ သင့်မြတ်စရာအကြောင်း မရှိဘူးလို့ ထင်ရပါတယ်။ ဒါပေမယ့် သူတို့က ဘေဘီလုံညီအစ်ကို တော်ရဲ့ အစေအပါးတွေ ဖြစ်နေကြပါတယ်။ ဘာနဲ့တူသလဲဆိုတော့ ဘောလုံးအသင်း နှစ်သင်းကို ကွင်းထဲ ဆင်းကန်ခိုင်းထားပြီး လောင်းကစားဒိုင်က အလောင်းအစားတွေကို လက်ခံတယ်။ ထိုးသားတွေ ထိုးလို့ ပြီးတဲ့အခါ သူ အမြတ်ရမယ့်အသင်းကို အနိုင်ယူဖို့ လှမ်းပြောလိုက်တယ်။ နှစ်သင်းစလုံးက သူ့ဩဇာအောက်မှာ ရှိနေကြတယ်။ ဒီတော့ အရှုံးပေးရမယ့် အသင်းက ဟ ပေးလိုက်တယ်။ အနိုင်ယူရမယ့် အသင်းက ဂိုးသွင်းလိုက် တယ်။ ကြည့်ရှုနေတဲ့ ပရိသတ်အဖို့တော့ အသင်းနှစ်သင်းက အကြိတ်အနယ် ပြိုင်နေကြ တယ်ဆိုပြီး ကြည့်ရှုအားပေးနေကြတယ်။ ဟိုလိုကန်လိုက်ပါလား။ ဒီလူဆီကို ပေးလိုက်ပါ တော့လားလို့ အားမလိုအားမရဖြစ်ရင်း အော်ဟစ်ပြောဆိုနေကြတယ်။

တကယ်တမ်းကျတော့ တစ်ကိုင်းတည်းမှာ နားနေကြတဲ့ ငှက်နှစ်ကောင်သာ ဖြစ်ပါတယ်။

တမ်ပလာတွေက လျှို့ဝှက်ဂိုဏ်းတွေရဲ့ ထုံးတမ်းစဉ်လာအတိုင်း အပြင်စည်း အတွင်းစည်း ဆိုပြီး စည်းခြားထားပါတယ်။ သူတို့မှာ အပြင်စည်း ခုနှစ်စည်း ရှိပြီး အတွင်းစည်းက သုံးစည်း ရှိပါတယ်။ အပြင်စည်းမှာ ရှိနေကြတဲ့ လူများစုက ဘာကို ရည်ရွယ်ပြီး လုပ်နေတယ်ဆိုတာ မသိနိုင်ပါဘူး။ လုပ်ငန်းမဟာကိုလည်း မသိနိုင်ကြဘူး။ အတွင်းစည်းမှာ ရှိနေသူတွေကလည်း ဘေဘီလုံညီအစ်ကိုတော်တို့က ချပေးတဲ့ လုပ်ငန်း စဉ်တွေလောက်ပဲ သိနိုင်ကြပါတယ်။ ပညာရပ်အနေနဲ့တော့ အပြင်စည်းမှာ အပရိကပညာ ရပ်ကလေးတွေ သင်ပေးထားပါတယ်။ အတွင်းစည်းမှာမှ အရေးပါတဲ့ ပညာရပ်ကြီးတွေကို သင်ပေးပါတယ်။ တမ်ပလာကနေ သက်ဆင်းတဲ့ ဖရီးမေဆင်တွေမှာလည်း ဒီအတိုင်း စည်းတွေ ထားထားပါတယ်။

တမ်ပလာတွေက ကြွယ်ဝကြတဲ့အပြင် အခွန်ကင်းလွတ်ခွင့်လည်း ရရှိထားကြ ပါတယ်။ ပြီးတော့ ကိုယ့်ခုံရုံးဖြင့် တရားစီရင်ပါတယ်။

သူတို့က ဘုရင်တွေကို ထမ်းပေးထားတာမှာ ဘုရင်ကို ကြွေးတင်အောင် အမြဲလုပ်တယ်။ စစ်မက်ဖြစ်ပွားအောင်လုပ်ပြီး စစ်စရိတ်ထောင်းအောင် လုပ်တယ်။ ဘုရင်က စစ်စရိတ်ရှာတဲ့အခါ တမ်ပလာတွေက သူတို့ရဲ့ ကြွယ်ဝမှုမှ ထုတ်ချေးတယ်။ ဘုရင် ကြွေးလည်ပင်းခိုက်နေအောင် လုပ်ထားပြီး သူတို့ ဩဇာလောင်းရိပ်အောက်ကနေ မလွတ်နိုင်အောင် လုပ်ထားကြတယ်။ ဒီနည်းဟာ ရိုးစင်းပြီး လက်တွေ့လုပ်ရတာ အရမ်း လွယ်တယ်။ ဒီတော့ ကနေ့အထိ ဒီနည်းအတိုင်း ဘေဘီလုံညီအစ်ကိုတော်တွေ သုံးစွဲ နေကြဆဲ ဖြစ်ပါတယ်။

သာဓကအားဖြင့် တင်ပြရရင် တတိယမြောက်ဟင်နရီဘုရင်က စစ်စရိတ် ထောင်းပြီး ကြွေးနွံထဲ လည်ပင်းအထိ ရောက်နေလို့ သရဖူမှ ရတနာတွေကို တမ်ပလာ

တွေဆီမှာ ပေါင်နှံပြီး ငွေချေးခဲ့ရပါတယ်။

ပြင်သစ်ရှေ့နန်းမှာလည်း တမ်ပလာတွေ ကြီးစိုးကြတယ်။ ပြင်သစ်ထီးနန်းက တမ်ပလာတွေအပေါ်မှာ ကြွေးတွေတင်နေတာ လည်ပင်းခိုက်နေတယ်။ ဘုရင့် ဘဏ္ဍာ တိုက်က တမ်ပလာတွေရဲ့ ဘဏ္ဍာသိုက်ဖြစ်နေတယ်။

ပြင်သစ်ဘုရင် စတုတမြောက် ဖီလစ်လက်ထက်မှာ သူက ဆက်သည်းမခံနိုင် တော့တာကြောင့် တမ်ပလာတွေကို သုတ်သင်ပစ်တယ်။ ၁၃၀၇ခုနှစ် အောက်တိုဘာလမှာ စီမံချက် စတင်ခဲ့တယ်။ တမ်ပလာတွေကို ဖမ်းဆီးပြီး ဖြောင့်ချက်တွေ ပေးခိုင်းတယ်။ ပြီးတဲ့အခါ တံကျင်လျှိုပြီး မီးရှို့သတ်ဖြတ်ပစ်တယ်။ တမ်ပလာတွေ မြေအောက်အဖွဲ့အစည်း အဖြစ်ကို ရောက်ရှိစေခဲ့ပါတယ်။

# မီရိုဗင်ဂျီယန်

မီိုဗင်ဂျီယန် Merovingian ဆိုတာ မျိုးနွယ်တစ်ခုရဲ့အမည် ဖြစ်ပါတယ်။ သူတို့က ယေရှုကနေ သက်ဆင်းလာတဲ့ မျိုးနွယ်လို့ ခံယူထားကြပါတယ်။ သူတို့ရဲ့ ဂိုဏ်းက Order of Sion ဖြစ်ပါတယ်။ အဲဒီအမည်က နောက်တော့ Priory of Sion ဖြစ်သွားပါတယ်။ စီယွန်Sionဆိုတာ နိဗ္ဗာန်ဘုံလို့ အဓိပ္ပာယ် ရပါတယ်။ Priory က ဘုန်းတော်ကြီးကျောင်းလို့ ဆိုလိုပါတယ်။

ယေရှု ကားတိုင်တင်ကာ သတ်ဖြတ်ခံရပြီးချိန်မှာ ယေရှုရဲ့ ကြင်ဖက်ဖြစ်သူ မာရီ မဂ်ဒလင် Mary Magdaleneက ကလေး ဒါမှမဟုတ် ကလေးတွေနဲ့အတူ ထွက်ပြေးခဲ့ရာမှာ ဖီနီစီယန်းတွေက ခေါ်လာပေးလို့ ပြင်သစ်တောင်ပိုင်းကို ရောက်ရှိခဲ့ပါသတဲ့။ အဲဒီကနေ ပေါက်ဖွားလာတဲ့ မျိုးဆက်မျိုးနွယ်က မီိုဗင်ဂျီယန်လို့ အမည်တွင်ပါတယ်။

ဒီကိစ္စကို အခုထိ အငြင်းပွားနေကြပါတယ်။ ယေရှုမှာ ကြင်ဖက် ရှိမရှိဆိုတာ လက်ခံတဲ့သူ ရှိသလို လက်မခံတဲ့သူတွေလည်း ရှိနေပါတယ်။ တုတ်ထမ်းပြီး ငြင်းကြရမယ့် ပါးစပ်ရာဇဝင် ဖြစ်ပါတယ်။

နောက်ကြောင်းပြန်လိုက်ကြည့်ကြတဲ့အခါ ယေရှု ပါဝင်ပတ်သက်တာ မတွေ့ကြရဘူး။ ဖရန့်မျိုးနွယ်မှာ အဆုံးသတ်နေတယ်။ ဖရန့် Frank မျိုးနွယ်က ကာလရွေ့လျောပြီး Frankနေ ဖရန့်စ် France (ဝါ) ပြင်သစ်လူမျိုးရယ်လို့ ဖြစ်လာတာ ဖြစ်ပါတယ်။

၄၄၈ခုနှစ်မှာ ဖရန့်မျိုးနွယ်တွေရဲ့ ဘုရင်အဖြစ် မီိုဗီယပ်စ် Meroveus စိုးစံတယ်။ အဲဒီ မီိုဗီယပ်စ်မျိုးနွယ်ကနေ မီိုဗင်ဂျီယန်တွေ ပေါက်ဖွားပေါ်ပေါက်လာတယ်လို့ တွေ့ကြရတယ်။

ဖရန့်မျိုးနွယ် ဘယ်ကစလို့ ပေါ်ပေါက်ခဲ့သလဲဆိုတာကို နောက်ကြောင်းပြန်လိုက်ကြည့်တော့ ဂရိသမိုင်းမှာ ကျော်ကြားတဲ့ ထရွိုင်မြို့က အစပြုတာကို တွေ့ရတယ်။ ထရွိုင်မြို့ကို လူတစ်စုက စွန့်ခွာပြီး ရွေ့ပြောင်းမြေပြောင်းမှာ အခြေချနေထိုင်ခဲ့ကြတယ်။ သူတို့ရဲ့ ခေါင်းဆောင်က ဖရန့်စီယို Francio ဖြစ်ပြီး သူ့လူတွေကို ဖရန့်လို့ ခေါ်ဝေါ်ကြရာက အမည်တွင်သွားတာ ဖြစ်ပါတယ်။ ဖရန့်စီယိုက ခရစ်တော်မပေါ်မီ ၁၁ နှစ်(ဘီစီ ၁၁နှစ်) မှာ ကွယ်လွန်ခဲ့ပါတယ်။

ဖရန့်စီယိုရဲ့ မျိုးနွယ်က ဘယ်ကလာသလဲလို့ နောက်ကြောင်းပြန်လိုက်ကြည့်တော့ ကော့ကေးဆပ်စ်တောင်တန်းက ဆင်းလာတဲ့ မျိုးနွယ်ဖြစ်နေတယ်။ ကော့ကေးဆပ်စ်တောင်တန်းမှာ နဂါးတွေ နေထိုင်ခဲ့ဖူးတယ်။ တစ်နည်းပြောရရင် အန်–အူနပ်–ကီတွေ အခြေချနေထိုင်ခဲ့ဖူးတဲ့နေရာ ဖြစ်ပါတယ်။

မီိုဗင်ဂျီယန်တွေက ဗြာစုမှာ ပါရီမြို့ကို တည်ခဲ့ပါတယ်။ မြို့ရဲ့ တည်နေရာကို ရွေးချယ်ခဲ့ရာမှာ မြေကမ္ဘာရဲ့ စွမ်းအင်စီးကြောင်းတွေ ဆုံမိပြီး ဝဲဩဂဖြစ်တဲ့နေရာ တစ်ခုကို

ရွေးချယ်ခဲ့ပါတယ်။ ဝဲဩဂတွေမှာ အကြီးအသေးစသဖြင့် ရှိရာမှာ ဝဲဩဂအကြီးစား ရှိတဲ့ နေရာကို ရွေးချယ်ခဲ့ပါတယ်။ သူတို့က အယူဝါဒပွဲလမ်းသဘင်တွေကို မြေအောက်လိုဏ်ခေါင်းထဲမှာ ကျင်းပကြတယ်။ အဲဒီ လိုဏ်ခေါင်းတွေရဲ့ အပေါ်မှာ ပါရီမြို့ကို တည်ခဲ့တာ ဖြစ်ပါတယ်။ ယဇ်ပူဇော်ပွဲတွေကိုလည်း ကျင်းပကြရာမှာ နတ်သမီး ဒိုင်ယာနာကို ယဇ်ပူဇော်ကြတာမှာ လူကို စတေးပြီး ပူဇော်တာလည်း အပါအဝင် ဖြစ်ပါတယ်။ အဲဒီ ဒိုင်ယာနာဆိုတာက နင်ခါဆတ် ဖြစ်ပါတယ်။

မီရိုဗင်ဂျီယန်တွေ ဒိုင်ယာနာကို သူတို့ရဲ့ အယူဝါဒအရ ပူဇော်တဲ့ မြေအောက်လိုဏ်ခေါင်းတည်ရှိရာနေရာက ယခုအခါမှာ Place de la Concordeဆိုတဲ့ နေရာဖြစ်ပြီး ပွန့်ဒီအယ်လမာ Pont de L'Alma ဥမင်လိုဏ်ခေါင်း ဖြစ်ပါတယ်။ ဒီနာမည်တွေ ကြားဖူးသလိုလို ဖြစ်နေမိပါလား။ မင်းသမီး ဒိုင်ယာနာ ယာဉ်တိုက်မှု ဖြစ်ခဲ့တဲ့နေရာဖြစ်ကြောင်း ရှေ့မှာ တင်ပြခဲ့ပါတယ်။ ၁၉၉၇ခုနှစ် ဩဂုတ်လ ၃၁ရက်၊ နံနက်ဖက်မှောင်နေဆဲမှာ ယာဉ်တိုက်မှု ဖြစ်ပွားခဲ့ပါတယ်။ မင်းသမီးဒိုင်ယာနာက အင်္ဂလန်ဖက်ကို ကူးပြောင်းအခြေချတဲ့ မီရိုဗင်ဂျီယန် မျိုးဆက်ကနေ ပေါက်ဖွားလာသူ ဖြစ်ပါတယ်။

မီရိုဗင်ဂျီယန်မင်းတစ်ပါးဖြစ်သူ ကလိုဗစ်က ပွင့်ဖတ်သုံးခုပါ နှင်းပန်းကို တော်ဝင်နန်းသုံးတံဆိပ်အဖြစ် အသုံးပြုစေခဲ့ရာက ပြင်သစ်ထီးနန်းအဆက်ဆက်ရဲ့ တံဆိပ်တော်ဖြစ်သွားခဲ့ပါတယ်။ အဲဒီတံဆိပ်က ဘေဘီလုံဘုရင်နင်ရော့ဒ်ဆောင်းတဲ့ သရဖူမှာ သုံးတဲ့ သင်္ကေတဖြစ်ကြောင်း တင်ပြခဲ့ပြီးပါပြီ။

ဂမ္ဘီရအမြင်မှာတော့ အသွား ၃ခုပါ ကြာပန်းပွင့်အဖြစ် ႁမြင်ကြပါတယ်။ လက်နက်အနေဖြင့် သုံးမြောင့် ဓားမြောင်ဖြစ်ပါတယ်။ ပွင့်ဖတ်သုံးပွင့်ပါ နှင်းပန်းကို ဗြိတိသျှနန်းတွင်းမှာလည်း နေရာတကာမှာ တွေ့ရပါတယ်။ ခြံစည်းရိုးမှာ၊ ဘုရားကျောင်းမှာ တွေ့ရပါတယ်။ အမေရိကန်မှာလည်း အိမ်ဖြူတော်မှာ နှင်းပန်းပုံတွေ ရှိပါတယ်။

မီရိုဗင်ဂျီယန်တွေထဲမှာ ရေလက်ကြားကို ကူးဖြတ်ပြီး အင်္ဂလန်ဘက်ကို ရွှေ့ပြောင်း အခြေချသူတွေလည်း ရှိပါတယ်။ အဲဒီအထဲမှာ နဂါးသွေးပြည့်သူတွေလည်း ရောပါသွားခဲ့ပါတယ်။ သူတို့က လူအသွင်ဖြင့် နေထိုင်ခဲ့ကြပါတယ်။ ထရိုင်မြို့သစ် အဖြစ် မြို့လန်ဒန်ကို တည်ရာမှာလည်း ပါဝင်ခဲ့ကြတယ်။ ဝီလျံအော့ဖ် အော်ရင့်ချ်က တတိယ မြောက်ဝီလျံအဖြစ် နန်းတက်ပြီး စိုးစံစဉ်မှာလည်း နန်းတွင်းမှာ နဂါးတွေ လူအသွင် ဖြင့် ရှိနေခဲ့ကြမှာ သေချာပါတယ်။ ပုတ်သင် ိုနဲ့ ဆင်ဆင်တူတဲ့ မူရင်းပုံကို ကွယ်ဝှက်ထားကြမှာပါ။

နဂါးရဲ့ ဦးခေါင်းက ပုတ်သင် ိုနဲ့ ဆင်တင်တူနေလို့ သူတို့ကို ပုတ်သင် ိုတွေလို့ ပြောဆိုခဲ့ကြတာကို တင်ပြခဲ့ပြီးပါပြီ။ အိမ်မြောင်၊ ပုတ်သင်၊ ကင်းလိပ်ချော၊ ပုတတ်စတာတွေရဲ့ ဦးခေါင်းပုံပန်းသဏ္ဌာန်က ဆင်ဆင်တူနေကြတယ်။ သူတို့ကို လစ်ဇတ် Lizard လို့ ခေါ်ကြတယ်။ ဘုရင်မ အဲလစ်ဇဘက်ရဲ့ မျိုးိုးဟာ နဂါးသွေးပြည့်မျိုးိုးလို့ ဆိုပါတယ်။ သူ့နာမည်က အဲလစ်ဇဘက် Elizabeth ဖြစ်ပါတယ်။ အဲဒီအမည်ကို တစ်လုံးချင်း

အသံဖြတ်တောက်ပြီး ခေါ်ကြည့်ရင် အဲ–လစ်ဇတ်–ဘာသ် El-lizard-birth ဖြစ်ပါတယ်။ ဒီတော့ သူက မွေးတဲ့ ချားလ်ရဲ့ မျိုးိုးဗီဇကလည်း နဂါးဒီအင်အေပဲ ဖြစ်ဖို့များပါတယ်။

မီိုဗင်ဂျီယန်ရဲ့ နောင်လာနောင်သားတွေက ခရစ်ယာန်အရေခြုံလိုက်ကြတဲ့ အခါ နင်ခါဆတ်က ဘလက်မက်ဒိုးနား၊ မယ်တော်မာရီ၊ ဒိုင်ယာနာ စသဖြင့် အမည်ပြောင်း သွားတယ်။ နင်ရော့ဒ်ကျတော့ ယေ႒ူဖြစ်သွားတယ်။ ဒါကြောင့် သူတို့က ယေ႒ူက ဆင်းသက်လာတာလို့ ပြောဆိုကြတာ ဖြစ်ပါတယ်။ ဆိုလိုရင်းက နင်ရော့ဒ်က ဆင်းသက် လာကြသူတွေလို့ ပြောချင်တာ ဖြစ်ပါတယ်။

နဂါးသွေးနှောတွေဖြစ်ဖြစ် နဂါးသွေးပြည့်တွေဖြစ်ဖြစ်ကို သင်္ကေတပြုတဲ့အခါ ဖလားနဲ့ သင်္ကေတပြုခဲ့ကြရာက ယေ႒ူရဲ့ နောက်ဆုံးညစာစားပွဲမှာ သောက်တဲ့ဖလားလို့ နှောင်းလူတွေက ပြောဆိုလာခဲ့ကြပါတယ်။ အဲဒီဖလားကို Holy Grail လို့ ခေါ်တွင် ကြပါတယ်။ ဖလားက မိခင်ရဲ့ သားအိမ်ကို ရည်႗န်းပါတယ်။ အထဲမှာ သွေးတွေထည့်ပြီး သောက်တဲ့ပုံမျိုးကို ရေးဆွဲကြတယ်။ အဲဒီသွေးက နဂါးသွေးကို ဆိုလိုပါတယ်။

သွေးမထည့်ပဲ အေးမြတဲ့ နှင်းပွင့်နှင်းပေါက်တွေ ထည့်ထားတဲ့ ဖလားလည်း ရှိပါတယ်။ အဲဒီနှင်းဖလားကို ိုစီ–ခ႐ူစစ် Rosi-Crucis လို့ ခေါ်ပါတယ်။ အဲဒီနှင်းဖလား က ိုစီခ႐ူစီယန် Rosicrucian ဆိုတဲ့ လျှို့ဝှက်ဂိုဏ်းကို ရည်႗န်းပါတယ်။ အဲဒီဂိုဏ်း ကလည်း တမ်ပလာ၊ ဖရီးမေဆင် စတဲ့ လျှို့ဝှက်ဂိုဏ်းတွေလိုပဲ နဂါးတွေ အာဏာရှိနေ စေဖို့ လုပ်ကိုင်ပေးနေရတဲ့ လျှို့ဝှက်အသင်းတော် တစ်ခု ဖြစ်ပါတယ်။

ိုစီခ႐ူစီယန်တွေထဲကနေ ထင်ရှားတဲ့ ဘုရင်တစ်ပါး ပေါ်ထွန်းခဲ့ပါတယ်။ သူ့အမည်က ချာလီမန် Charlemagne ဖြစ်ပါတယ်။ သူက ဖရန့်မျိုးနွယ်တို့ကို ဦးဆောင်ခဲ့သူဖြစ်ပြီး အင်ပါယာတစ်ခုကို ထူထောင်ပေးနိုင်ခဲ့ပါတယ်။ သူ့ကို ချားစ် Charles လို့လည်း ခေါ်ကြပါတယ်။ အင်ပါယာထူထောင်နိုင်တဲ့ ရှင်ဘုရင်ဖြစ်တာကြောင့် ဘုန်းတော်ကြီးမားတဲ့ချားစ် Charles the great လို့လည်း ခေါ်ကြပါတယ်။ အမေရိကန် သမ္မတတွေထဲမှာ စုစုပေါင်း ၃၃ ယောက်ဟာ သူ့မျိုးဆက်မျိုးနွယ်ဝင်တွေ ဖြစ်ကြပါတယ်။ သူ့မျိုးဆက်မျိုးနွယ်ထဲမှာ အမျိုးသမီးဘုန်းတော်ကြီး (သီလရှင် မဟုတ်ပါ) တွေလည်း ပေါ်ထွက်ခဲ့ပါတယ်။

မီိုဗင်ဂျီယန်တွေထဲမှာ ကမ္ဘာ့စွမ်းအင်စီးကြောင်းတွေကို သိရှိတဲ့ လောကီပညာ ကို တတ်ကျွမ်းသူတွေ ပါတယ်။ ဒီတော့ သူတို့က နောင်တစ်ချိန်မှာ ပြင်သစ်နိုင်ငံဖြစ်လာမယ့် တိုင်းနိုင်ငံကို ထူထောင်ပြီးတဲ့အခါမှာ ကမ္ဘာ့စွမ်းအင်စီးကြောင်းတွေအရ အချက်အချာ ကျတဲ့နေရာတစ်ခုကို တိုက်ခိုက်သိမ်းပိုက်ခဲ့ပါတယ်။ အဲဒီနေရာက ပြင်သစ်တောင်ပိုင်းမှာ တည်ရှိပါတယ်။ ၁၂ရာခုနှစ်ကစလို့ ပြင်သစ်မြေပိုင်နက်ထဲကို ရောက်ရှိခဲ့ပါတယ်။ အဲဒီနေရာကတော့ လန်းဒေါ့ Languedoc ဖြစ်ပါတယ်။ တောင်ကလေးတစ်ခုပေါ်မှာ တည်ရှိတဲ့ ရွာတစ်ရွာဖြစ်ပြီး ရမ်–လီ–ရှာတို Rennes-le-Chateau လို့ ပြင်သစ်တွေက ခေါ်ဝေါ်ကြပါတယ်။

ရမ်–လီ–ရှာတိုနဲ့ ပတ်သက်ဆက်နွယ်နေတဲ့ စာရွက်စာတမ်းတစ်ခုကို ပြင်သစ်နိုင်ငံ ပါရီမြို့မှာရှိတဲ့ အမျိုးသားစာကြည့်တိုက်မှာ တွေ့ရှိခဲ့ကြတယ်။ ၁၉၆၇ခုနှစ်မှာ စာကြည့်တိုက်ကို လာရောက်အပ်နှံခဲ့တာ ဖြစ်ပါတယ်။ အဲဒီစာရွက်စာတမ်းမှာ မီရိုဗင်ဂျီယန်ဆွေစဉ်မျိုးဆက်ပြဇယား၊ မီရိုဗင်ဂျီယန်လက်ထက်က ပြင်သစ်မြေပုံ နှစ်ခုနဲ့ စိန့်စူလ်ပိုက်ဘုရားကျောင်းရဲ့ ကြမ်းခင်းပုံစံတို့ကို ဖော်ပြထားတယ်။ စာရွက်စာတမ်းကို နဂါးနီ Le Serpent Rouge လို့ အမည်ပေးထားတယ်။

ထူးဆန်းတာတစ်ခုက အဲဒီစာရွက်စာတမ်းကို ရေးသားပြုစုတဲ့သူ သုံးယောက်က ရှေ့ဆင့်နောက်ဆင့် သေသွားကြတယ်။ တစ်ယောက်က မတ်လ ၆ရက်၊ နောက်တစ်ယောက်က မတ်လ ၇ ရက်၊ နောက်တစ်ယောက် မတ်လ ၈ ရက်မှာ သေဆုံးခဲ့တယ်။ နောက်ထပ် ထူးဆန်းတာတစ်ခုက အဲဒီလူ ၃ယောက်စလုံးက အဲဒီ စာရွက်စာတမ်းကို တကယ်ရေးခဲ့ကြသူတွေ မဟုတ်ဘူး။ သူတို့ကို သိတဲ့သူ ဒါမှမဟုတ်ရင် သိတဲ့သူတွေက သူတို့ ၃ယောက်နာမည်ကို ဖော်ပြခဲ့တာ ဖြစ်နေတယ်။ အဲဒီစာရွက်စာတမ်းက အမျိုးသားစာကြည့်တိုက်ကို မတ်လ ၂၀ရက်မှာ လာရောက်အပ်နှံခဲ့တယ်။

ဒီတော့ သေဆုံးတဲ့ ရက် ၃ရက်မှာ အလယ်ရက်ကိုယူရင် မတ်လ ၇ ရက်ဖြစ်ပါတယ်။ လာအပ်နှံတာက မတ်လ ၂၀ ရက်ဆိုတော့ ၁၃ရက်ခြားတယ်။ စာရွက်စာတမ်းက စာရွက်စုစုပေါင်း ၁၃ ရွက်ပါတယ်။ စာရွက်စာတမ်းမှာ ကဗျာတို တစ်ပုဒ်ပါတယ်။ ရာသီခွင် ၁၃ခုကို စပ်ဆိုထားတယ်။ ရာသီခွင်က ပုံမှန်အားဖြင့် ၁၂ခုပဲ ရှိပါတယ်။ ဒါပေမယ့် တချို့ ဂမ္ဘီရပညာရပ်တွေမှာ ၁၃ခု ထားရှိတယ်။ ၁၂ခုအပြင် Ophiuchus မြွေကိုင်သူဆိုတဲ့ ရာသီခွင်ကို ထပ်ထည့်ထားတယ်။ ဆယ့်နှစ်ရာသီခွင် အရကြည့်ရင် အဌမမြောက်ရာသီခွင်ဖြစ်တဲ့ ကင်းမြီးကောက်ပုံ ဗြိစ္ဆာရာသီနဲ့ နဝမမြောက် ရာသီခွင်ဖြစ်တဲ့ လေးစွဲယောက်ျားပုံ ဓနုရာသီတို့ရဲ့ ကြားမှာ မြွေကိုင်သူကို နေရာချထားပါတယ်။ နက္ခတ်အနေဖြင့်ကြည့်လျှင် အီကွေတာဒေသမှာ ရှိတဲ့ ဟာကြူလီနဲ့ စကောပီယပ်စ်တို့အနားမှာ တည်ရှိပါတယ်။

နဂါးနီစာတမ်းက ၁၃ဂဏန်းတွေ ကြီးစိုးနေလို့ တမ်ပလာတွေနဲ့ ပတ်သက်မယ်လို့ ယူဆကြပါတယ်။ တမ်ပလာတွေအတွက် ၁၃ ဂဏန်းက အရေးကြီးတဲ့ ဂဏန်းဖြစ်ပါတယ်။ အခုခေတ်မှာ ၁၃ ဂဏန်းကို နိုက်တဲ့ဂဏန်းလို့ သတ်မှတ်ထားကြပေမယ့် ရှေးအီဂျစ်လောကီပညာမှာတော့ ကောင်းတဲ့ဂဏန်းအဖြစ် သတ်မှတ်ယူဆထားကြပါတယ်။ ဒါကြောင့်လည်း အမေရိကန် ၁ဒေါ်လာတန်ကို ၁၃ဂဏန်း ကြီးစိုးအောင် စီရင်ထားကြတယ်။ ၁ဒေါ်လာတန်အကြောင်းကို နောက်တော့ ပြောပြဦးမှာမို့ ယခု ချန်လှပ်ထားခဲ့ပါတယ်။

နဂါးနီစာတမ်းမှာ ရေးသားဖော်ပြထားတာက ရမ်–လီ–ရှာတိုတစ်ဝိုက်မှာ အမဆန်တဲ့ စွမ်းအင်တွေ အိပ်ပျော်နေကြတယ်။ အဖိုဆန်တဲ့စွမ်းအင်ရောက်လာတဲ့အခါ ကျမှ အိပ်နေရာက နိုးသွားလိမ့်မယ်လို့ ရေးသားထားပါတယ်။

မာရီ မဂ်ဒလင်ဟာ အိုင်စစ်ကို ရည်ညွှန်းကြောင်းလည်း ဖော်ပြထားတယ်။

အိုင်စစ်ဆိုတာ နင်ခါဆတ်ရဲ့ အမည်တစ်ခု ဖြစ်ပါတယ်။

ရမ်–လီ–ရှာတိုဟာ အင်္ဂရတ်သမားတွေအတွက်လည်း အရေးပါတဲ့နေရာတစ်ခု ဖြစ်ပါတယ်။ အင်္ဂရတ်လို့ဆိုရာမှာ နှစ်မျိုး ရှိတယ်။ တစ်မျိုးက အမျိုးသားဖြစ်ဖြစ် အမျိုးသမီးဖြစ်ဖြစ်ကို ဝိညာဉ်လိပ်ပြာအဖြစ်ရောက်အောင် ပြောင်းလဲပစ်တာ ဖြစ်ပါတယ်။ ထွက်ရပ်ပေါက်တယ်လို့ ပြောကြပါတယ်။ နောက်တစ်မျိုးက အပေါစားသတ္တုကို ရွှေဖြစ်အောင် ပြောင်းလဲတာ ဖြစ်ပါတယ်။ ဒီလို သတ္တုကို ပြောင်းဖို့ လုပ်ခဲ့ကြတာ ခေတ်အဆက်ဆက်မှာ တွေ့ရပါတယ်။

ဂရိခေတ်မှာ အရစတိုတယ်က ႁပ်လောကရဲ့ အခြေခံက မူလ ႁပ် ဖြစ်တယ်။ အဲဒီမူလ ႁပ်က အရမ်းနုတယ်။ မမြင်ရဘူး။ ထိတွေ့ကိုင်တွယ်လို့လည်း မရဘူး။ အဲဒီ မူလ ႁပ်ကို ရေ၊ မီး၊ မြေ၊ လေဆိုတဲ့ ဓာတ်ကြီးလေးပါးနဲ့ သမလိုက်ရင် ထိတွေ့ကိုင်တွယ်နိုင်ပြီး မြင်နိုင်တဲ့ ႁပ်အဖြစ်ကို ရောက်ရှိသွားမယ်လို့ ဆိုခဲ့ပါတယ်။ ဓာတ်ကြီးလေးပါးက တသီးတခြားစီ ဖြစ်နေကြပေမယ့် ချည်နှောင်ထားသလို တွဲငြိနေကြတယ်။ ခြောက်သွေ့ခြင်း၊ စိုစွတ်ခြင်း၊ အေးခြင်း၊ ပူခြင်းဆိုတဲ့ တရားလေးပါးမှာ တွဲငြိနေကြတယ်။ တရားနှစ်ပါးက ဓာတ်တိုင်းမှာ ရှိနေကြတယ်။ တရားနှစ်ပါးမှာ တစ်ခုက လွှမ်းမိုးကြီးစိုးတယ်။

မြေဓာတ်ကို ကြည့်လိုက်မယ်ဆိုရင် အေးခြင်းနဲ့ ခြောက်သွေ့ခြင်းတွေ ရှိနေပြီး ခြောက်သွေ့မှုကို ကြီးစိုးတယ်။

မီးဓာတ်ကို ကြည့်လိုက်ရင် ပူခြင်းနဲ့ ခြောက်သွေ့ခြင်း ရှိနေပြီး အပူက ကြီးစိုးတယ်။

ရေဓာတ်ကို ကြည့်လိုက်ရင် အေးခြင်းနဲ့ စိုစွတ်ခြင်း ရှိနေပြီး အေးခြင်းက ကြီးစိုးတယ်။

လေဓာတ်ကို ကြည့်လိုက်ရင် ပူခြင်းနဲ့ စိုစွတ်ခြင်း ရှိနေပြီး စိုစွတ်ခြင်းက ကြီးစိုးတယ်။

ဓာတ်တစ်ခုကနေ တစ်ခုကို ပြောင်းချင်ရင် တူနေတဲ့သဘာဝကနေ ပြောင်းလို့ ရတယ်လို့ အရစတိုတယ်က သင်ပြခဲ့တယ်။

ဥပမာပြောရရင် မီးနဲ့လေတို့မှာ ပူခြင်းပါနေတာကြောင့် မီးဓာတ်ကနေ လေဓာတ်ကို ပြောင်းချင်ရင် အပူသဘာဝပေးပြီး ပြောင်းလို့ရတယ်။

အရာဝတ္ထုတွေက ဓာတ်လေးပါးနဲ့ ဖွဲ့တည်နေကြတာဖြစ်လို့ ပါဝင်ဖွဲ့စည်းထားတဲ့ ဓာတ်တွေကို ပြောင်းလဲပေးလိုက်ရင် အရာဝတ္ထုတစ်ခုကနေ နောက်တစ်ခုကို ပြောင်းလဲသွားမယ်။ ဥပမာအားဖြင့် ဒန်ကနေ ရွှေဖြစ်အောင် ပြောင်းလို့ရတယ်။

ဒီလိုလုပ်ဖို့အတွက် နားလည်တတ်ကျွမ်းတဲ့သူက လုပ်ပေးထားတဲ့ အမှုန့်ကို ထည့်သုံးဖို့လိုတယ်လို့ အင်္ဂရတ်ဆရာတွေက ဆိုကြတယ်။ အခုအထိတော့ အဲဒီအမှုန့်ကို ရှာလို့ ကောင်းနေကြဆဲ ဖြစ်ပါတယ်။

ရမ်–လီ–ရှာတိုမှာ စိန့် မာရီ မဂ်ဒလင်ဘုရားကျောင်းရှိတယ်။ အဲဒီဘုရားကျောင်း

ပြုပြင်ရေးမှာ လုပ်ကိုင်ခဲ့ဖူးတဲ့ ဘာရင်ဂျာဆောနီက ဘီဘီစီရဲ့ တီဗီမှတ်တမ်းတင်ကား တစ်ခုမှာ သူတွေ့ကြုံခဲ့ရတာတွေကို ပြောပြခဲ့တယ်။

၁၈၈၇ခုနှစ်မှာ သူနဲ့ အလုပ်သမားနှစ်ယောက်က ဘုရားကျောင်းထဲမှာ ရှင်းလင်းရေး လုပ်ကြတယ်။ ဘုရားကျောင်းအတွင်းမှာ အပျက်အစီးတွေ ရှိနေတာကို ရှင်းလင်းကြရတယ်။ ကပ်လျှုပူဇော်မှုပြုတဲ့စားပွဲနားမှာရှိတဲ့ ကြမ်းခင်းကျောက်ပြားတစ်ချပ်ကို မပြီး ရွှေ့ကြရတယ်။ ဒီအခါမှာ ကျောက်ပြားရဲ့ အောက်ဖက်မှာ ဖောင်းကြွ ုပ် ရှိနေတာ သတိပြုမိကြလို့ ကျောက်ပြားကို လှန်ချပြီး ကြည့်လိုက်ကြတယ်။ ဖောင်းကြွ ုပ်က လူနှစ်ယောက်က မြင်းတစ်ကောင်ကို စီးနေကြတဲ့ပုံ ဖြစ်ပါတယ်။ တမ်ပလာတွေရဲ့ တံဆိပ် ဖြစ်နေတာကြောင့် သူတို့က ကျောက်ပြားကို ဆေးကြောသုတ်သင်ပြီး ပြတိုက်ကို ပေးပို့လိုက်ကြတယ်။ နိုက်ကျောက်ပြားလို့ အမည်တွင်သွားတယ်။

ဆောနီက နောက်ထပ်ဘာများ ထူးထူးခြားခြား တွေ့ဦးမလဲလို့ လျှောက်ရှာကြည့်တယ်။ ကပ်လှူပူဇော်ဖို့ထားတဲ့ စင်မြင့်စားပွဲက ပျက်စီးနေလို့ ဖယ်ရှားရှင်းလင်းတဲ့အခါ ထောက်အဖြစ် သုံးထားတဲ့ ထောက်တိုင်တစ်ခုက အခေါင်းပွဖြစ်နေတာကို သူ သတိပြုမိတယ် ဒါနဲ့ ခွဲကြည့်လိုက်တော့ အထဲမှာ သစ်သားကျည်ထောက်တွေကို တွေ့တယ်။ ချိတ်ပိတ်ထားတယ်။ ကျည်ထောက်တွေကို စူးစမ်းလိုစိတ်အပြည့်ဖြင့် ဆာနီက ဖွင့်ကြည့်လိုက်တယ်။ ဒီအခါမှာ သားရေပုရပိုက်ထည့်ထားတဲ့ ကျည်ထောက်တွေဆိုတာ သူသိလိုက်ရတယ်။ သားရေပုရပိုက်မှာ ရေးသားထားတာတွေက ဝှက်စာတွေ ဖြစ်နေတယ်။ သူ နားမလည်ဘူး။ ဘုရားကျောင်းက တာဝန်ရှိသူတွေထံ တင်ပြပြီး နားလည်တဲ့သူတွေဆီကို သွားပြတယ်။

ပြင်သစ်မှာ ဂ္ဂန္ဓာရီဆိုင်ရာကိစတွေကို ကိုင်တွယ်ပေးတဲ့ ဘုရားကျောင်းတစ်ခု ရှိတယ်။ အဲဒီဘုရားကျောင်းက စိန့်စဲပစ် ဖြစ်ပါတယ်။ ပါရီစံတော်ချိန်မျဉ်းပေါ်မှာ တည်ဆောက်ထားပါတယ်။

စိန့်စဲပစ်မှာ ကျမ်းစာအုပ်တွေ၊ ဘာသာစကားစာမျိုးစုံ၊ ဝှက်စာမျိုးစုံ စတာတွေကို ထိန်းသိမ်းထားရှိပါတယ်။ သားရေပုရပိုက်တွေရဲ့ ဝှက်စာကို ဖော်လိုက်တော့ မီ ိုဗင်ဂျီယန်တွေရဲ့ ဆွေစဉ်မျိုးဆက်စာရင်း ဖြစ်နေတာ သိကြရတယ်။



စိန့်စဲပစ်ဘုရားကျောင်း



စိန့်စဲပစ်ဘုရားကျောင်း၌
တွေ့ရသော ကျောက်တိုင်

# မြေမထူးရတဲ့မြို့

ရမ်–လီ–ရှာတိုရွာကလေးက တောင်ကုန်းကလေးပေါ်မှာ တည်ရှိတယ်။ သာယာလှပတဲ့ ရှုမျှော်ခင်း ရှိတယ်။ အဲဒီရွာကလေးမှာ လူပြောများတဲ့ သမိုင်းဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့တယ်။

အဲဒီအကြောင်းကို တင်ပြထားတဲ့ ဒီဗီဒီ မှတ်တမ်းခွေကို ဂီတလောကသား တစ်ဦးဖြစ်သူ ကိုဇော်သစ်က လာပေးလို့ စိတ်ဝင်တစားဖြင့် ကြည့်ဖြစ်ခဲ့တယ်။ မြန်မာလို ဘာသာပြန် စာတန်းထိုးပြီး သူ့ကို လက်ဆောင် ပြန်ပေးဖြစ်ခဲ့တယ်။ အခွေရဲ့ အမည်က ဒါဗင်စီ ပ႑ိုဂျက် ဖြစ်ပါတယ်။ ဒါဗင်စီကုတ် ဆိုတဲ့စာအုပ်က အရောင်းရအတွင်ကျယ်ဆုံး စာအုပ်စာရင်းမှာ ပါဝင်ခဲ့ပြီး ဒါဗင်စီပ႑ိုဂျက်က စာအုပ်ရဲ့ အရှိန်အဝါနောက်ကို လိုက်ပြီး ထွက်လာခဲ့ဟန်တူပါတယ်။ ဘာပဲဖြစ်ဖြစ် စိတ်ဝင်စားစရာကောင်းတဲ့ မှတ်တမ်းမှတ်ရာ တစ်ခု ဖြစ်ပါတယ်။

ရမ်–လီ–ရှာတိုရွာမှာ ဆိုနီယာဆိုတဲ့ ဘုန်တော်ကြီးတစ်ပါး သီတင်းသုံးခဲ့ဖူးတယ်။ သူ့ကြောင့် ရမ်–လီ–ရှာတိုရွာကလေးဟာ ကျော်ကြားပြီး လူသိများတဲ့ မြို့ပေါက်စအဖြစ်ကို ၁၉ရာစုအကုန်ပိုင်းမှာရောက်ရှိခဲ့တယ်။

ဆိုနီယာက ၁၈၈၅ခုနှစ်မှာ ရမ်–လီ–ရှာတိုရွာကလေးကို ရောက်လာခဲ့တယ်။ သူ့မှာ တာဝန်တစ်ခု ပါလာတယ်။ ရွာမှာ တည်ရှိတဲ့ မာရီ မဂ်ဒလင်ကို ရည်စူးပြီး တည်ဆောက်ထားတဲ့ ဘုရားကျောင်းအိုကျောင်းပျက်ကို အသစ်ပြန်တည်ဆောက်ဖို့ ဖြစ်ပါတယ်။ မွမ်းမံပြင်ဆင်ဖို့အတွက် အပြိုအပျက်တွေကို ရှင်းလင်းခဲ့ပြီး ဆိုနီယာက တန်ဖိုးကြီးတဲ့ အရာကို ရရှိခဲ့တယ်။ သူ ဘာကို ရခဲ့သလဲဆိုတာတော့ ထုတ်ဖော်ပြောကြားခြင်း မပြုခဲ့ဘူး။ ဒီတော့ သူ ဘာကို ရလိုက်မှန်း သေသေချာချာ မသိကြရဘူး။ သေချာတာကတော့ အဲဒါကို သူရသွားပြီးချိန်ကစလို့ ကြွယ်ဝချမ်းသာသူတစ်ဦး အဖြစ်ကို ရောက်သွားတာ ဖြစ်ပါတယ်။

နောက်ကြောင်းကို ပြန်လိုက်ကြသူတွေက ဘာကို ဆိုနီယာရသွားသလဲ ဆိုတာကို သဲလွန်စရှာကြတယ်။ တချို့က ဒီလိုကိစတွေကို စိတ်ဝင်စားကြလို့ ဖြစ်ပါတယ်။ တချို့ကတော့ ဆိုနီယာလို ချမ်းသာတဲ့သူအဖြစ်ကို ရချင်လို့ ဘယ်နားကနေ အချောင် ရမလဲလို့ လိုက်တာ ဖြစ်ပါတယ်။

သဲလွန်စ ရှာဖို့အတွက် အားကိုးစရာအဖြစ် ဆိုနီယာရဲ့ ကိုယ်ရေးနေ့စဉ်မှတ်တမ်း စာအုပ်ကို တွေ့ကြတယ်။ ဆိုနီယာရဲ့ လက်ရေးနဲ့ ရေးသွင်းထားပါတယ်။ အဲဒီမှတ်တမ်း စာအုပ်ကို ရမ်–လီ–ရှာတိုမှာ ရှိတဲ့ ပြတိုက်မှာ ပြသထားခဲ့ရာက ၁၉၉၉ခုနှစ်မှာ အခိုးခံခဲ့ရပါတယ်။ ကံကောင်းတာက တစ်အုပ်လုံးကို တစ်မျက်နှာချင်း ဗီဒီယိုမှတ်တမ်းတင်ထား ဖြစ်ခဲ့တာ ဖြစ်ပါတယ်။

ဒီနေ့စဉ်မှတ်တမ်းက လေ့လာစူးစမ်းသူတွေကို ဘာတွေများ ပြောပြနိုင်ခဲ့သလဲ။



*ဘုန်းတော်ကြီး ဆိုနီယာ*

ရက်စွဲတစ်ခုမှာ သူက အရေးပါတဲ့အရာကို တွေ့ရှိကြောင်း ရေးသွင်းထားပါတယ်။ အဲဒီ အရေးပါတဲ့အရာဆိုတာက အဖိုးတန်ရတနာသိုက်ဖြစ်မယ်လို့ မှန်းဆကြပါတယ်။ ဘာလို့လဲ ဆိုတော့ ဘုန်းတော်ကြီးဆိုနီယာက ုတ်တရက်ကြီး ချမ်းသာသွားလို့ ဖြစ်ပါတယ်။

သူက ပါရီမြို့ကို သွားပြီး အတက်တန်းလွှာမှာ ဝင်ဆန့်ပါတယ်။ မှူးမတ်တွေ သူရှိရာ ရမ်–လီ–ရှာတိုကို ဥဒဟို ဝင်ထွက်သွားလာကြတယ်။

သူက ဗိသုကာနဲ့ ပန်းချီပန်းပု အစရှိတဲ့သူတွေဆီ ဝင်ထွက်သွားလာတယ်။ သူနေထိုင်ဖို့ အိမ်ဆောက်တယ်။ ဥယာဉ်ဆောက်တယ်။ စာကြည့်တိုက်တာဝါ ဆောက်တယ်။ ပြီးတော့ တာဝါတစ်ခုရဲ့ ထိပ်မှာ ရှားပါးတိရစ္ဆာန်တွေ မွေးမြူဖို့ဆိုပြီး မှန်အိမ်တစ်လုံးကို တည်ဆောက်ခဲ့ပါတယ်။ အဲဒီခေတ်အခါက ငွေတန်ဖိုးအရ ကုန်ကျခဲ့တာတွေကို ခုခေတ် ယူ ိုဒေါ်လာငွေတန်ဖိုးနဲ့ တွက်ချက်ရင် သန်းချီနေတယ်။

ဒီတော့ ရှင်းလင်းရေးလုပ်စဉ်မှာ အဖိုးတန်တဲ့အရာကို သူရရှိခဲ့တယ်လို့ ယူဆကြပါတယ်။

ရမ်–လီ–ရှာတိုက ခရစ်တော်မပေါ်ခင် နှစ်ပေါင်း ၁၂၀၀ကတည်းက အယူဝါဒဂိုဏ်းတွေအတွက် အရေးပါတဲ့ ဂမ္ဘီရဒေသတစ်ခု ဖြစ်ခဲ့ပါတယ်။ မြေအောက်လိုဏ်ဂူတွေ တည်ရှိခဲ့ပါတယ်။ တခြားနေရာဒေသတွေကို ဆက်သွယ်ထားတဲ့ မြေအောက်လိုဏ်ဂူတွေ လည်း ရှိခဲ့ပါတယ်။ အယူဝါဒရဲ့ ဓလေ့ထုံးတမ်းအရ ပွဲလမ်းသဘင်တွေ၊ ယဇ်ပူဇော်ပွဲတွေ ကို မြေအောက်မှာ ကျင်းပခဲ့ပါတယ်။ ရမ်–လီ–ရှာတိုက ကမ္ဘာ့စွမ်းအင်စီးကြောင်းတွေအရ အချက်အချာကျတဲ့နေရာတစ်ခုဖြစ်တာကြောင့် ခေတ်အဆက်ဆက်မှာ အယူဝါဒဂိုဏ်းတွေ အလေးအမြတ်ထားတဲ့နေရာ ဖြစ်ခဲ့ပါတယ်။

အဲဒီလို မြေအောက်စခန်းတွေ ရှိနေတာကြောင့် ရမ်–လီ–ရှာတိုမှာ မြေမတူးရ

ဆိုတဲ့ ပြဋ္ဌာန်းချက်ဖြင့် မြေတူးဆွတာကို ပိတ်ပင်တားဆီးထားပါတယ်။ ယုတ်စွအဆုံး ပန်းပင်စိုက်ဖို့ကိုတောင် မြေကို နက်နက်မတူးကြရဘူးလို့ ဆိုပါတယ်။

ဆိုနီယာ ပြန်လည်တည်ဆောက်ခဲ့တဲ့ ဘုရားကျောင်းမှာလည်း နားမလည်နိုင်စရာ ပဟေဠိဖြစ်နေရတာတွေ ရှိပါတယ်။ သူက ကျောင်းအဆောက်အဦ အဝင်ဝအပေါ်နားမှာ ရှိတဲ့ ကျောက်သားပေါ်မှာ စာတန်း တစ်ခုရေးထွင်းထားတယ်။

'ဒီနေရာက ကြောက်မက်စရာ'လို့ အဓိပ္ပာယ်ရတဲ့ TERRIBILIS EST LOCUS ISTE ပြင်သစ်စာသားကို ရေးသားထားတယ်။ ဘုရားကျောင်း အဝင်ဝမှာ ဘာလို့ အခုလို ရေးသားရတာလဲ။




ဆိုနီယာက ပါရီမြို့မှာ ရှိတဲ့ အကြီးမားဆုံး အနုပညာပြတိုက်ဖြစ်တဲ့ လူဗာကို နေ့စဉ်လိုလို သွားရောက်ပြီး ၁၆၄၀ခုနှစ်က ပူဆန်းရဲ့ လက်ရာပန်းချီကားဖြစ်တဲ့ 'အကာဒီယန် သိုးကျောင်းသားများ'ကို တစ်နေကုန် တစ်နေခန်း ကြည့်ပြီး ကသိုဏ်းရှုခဲ့ရတာလဲ။



ပူဆန်း(၁၅၉၄–၁၆၆၅)က ပြင်သစ်မှာ နာမည်ကြီးတဲ့ ပန်းချီဆရာတစ်ဦးဖြစ်ပြီး ရှုမျှော်ခင်းတွေ၊ ဘာသာရေးဆိုင်ရာ ပန်းချီကားတွေ ရေးဆွဲခဲ့ပါတယ်။

အကာဒီယာက ရှေးဂရိခေတ်က ဒေသနာမည်တစ်ခု ဖြစ်ပါတယ်။ အဲဒီဒေသမှာ နေထိုင်တဲ့ သိုးကျောင်းသားတစ်သိုက်ကို ရေးဆွဲထားတဲ့ ပန်းချီကားကို ဆိုနီယာက ကသိုဏ်းရှုခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် ထူးဆန်းနေတာက သိုးကျောင်းသားတစ်သိုက် အနီးကပ် ကြည့်ရှုနေကြတာက အုတ်ဂူတစ်ခု ဖြစ်နေပြီး ရမ်–လီ–ရှာတိုအနီးတစ်ဝိုက်မှာ ရှိတဲ့ အုတ်ဂူ ဖြစ်နေတယ်။




ပန်းပင်စိုက်ဖို့ကိုတောင် မြေတူးခွင့် မရှိပေ။ မြေမတူးရန် တားမြစ်သည့် ဥပဒေကို ကြေညာသတိပေးထားသည့် ဆိုင်းဘုတ်။

ဆိုနီယာရဲ့ အိမ်မှုကိစ္စတာဝန်ခံ အမျိုးသမီးဖြစ်သူ မာရီဒင်နဒ် အမြဲပြောလေ့ရှိတဲ့ စကားကလည်း ဆန်းတယ်။ သူက

''ဒီမှာ နေကြသူတွေက ရွှေပေါ် လမ်းလျှောက်နေကြတယ်။ ဒါပေမယ့် သူတို့ မသိကြဘူးရှင့်။''

ဘုရားရေခံယူတဲ့ ုပ်တုမှာ ရေဇလုံကို ကိုင်ပေးထားသူမှာ နတ်ဆိုး အက်စ်မာဒေး ဖြစ်နေတာမှာလည်း ဆန်းပြားနေတယ်။ သူက ဘီလူးတစ်ကောင် ဖြစ်ပြီး ဟေဘ ူးရာဇဝင်မှာ ဆော်လမွန်ဘုရင်ကြီးရဲ့ ဆော်လမွန်ကျောင်းတော်ကြီးမှာရှိတဲ့ ရတနာများကို စောင့်ရှောက်ပေးရတဲ့ဘီလူး ဖြစ်ပါတယ်။



မှန်ကူကွက် အလှပန်းချီကားမှာ ယေ ူရဲ့ နောက်ဆုံးညစာစားပွဲမြင်ကွင်းကို သ ုပ်ဖော်ထားတယ်။ ယေ ူရဲ့ ခြေတော်ရင်းမှာ အမျိုးသမီး ရောက်ရှိနေပုံကို ရေးဆွဲထားတယ်။ လက်ထဲမှာ ခွက်တစ်ခုကို ကိုင်ထားတယ်။ အဲဒီအမျိုးသမီးက ဘယ်သူလဲဆိုတာ မသိကြရဘူး။ မာရီမဂ်ဒလင်ကို ဆိုလိုတာလား။

ကားတိုင်ကို ဝိုင်းသယ်မ နေကြတဲ့ နံရံကပ် ုပ်တုမှာ ကားတိုင်က ဖောက်ထိုးကြီး ဖြစ်နေတာကလည်း ထူးခြားချက် ဖြစ်နေပါတယ်။ ယေ ူရှင်ပြန်ထမြောက်ပုံကို သ ုပ်ဖော်ထားတဲ့ နံရံကပ် ုပ်တုပြကွက်တိုင်းမှာ နောက်ခံနေရာမှာ လပုံကို ပုံတိုင်းမှာ တွေ့ရတာကလဲ ဘာသဘောလဲလို့ မေးစရာ ဖြစ်နေတယ်။

ပြီးတော့ ဆိုနီယာက မဂ်ဒလင်တာဝါကို ဘာလို့ ဆောက်ထားရတာလဲ။ ပန်းရံဆရာရဲ့ နေ့စဉ်မှတ်တမ်းမှာ ရေးသွင်းထားချက်အရ သိကြရတာက အုတ်မြစ်ချတဲ့အခါ သေတာတစ်လုံးကို မြုပ်နှံခဲ့တယ်။ သေတာထဲ ဘာတွေပါသလဲဆိုတာတော့ ဘယ်သူကိုမှ အသိမပေးခဲ့ဘူး။

ဘုရားကျောင်းအဆောက်အဦရဲ့ နဘေးမှာ သု နိတစ်ခု ရှိတယ်။ အဲဒီ သု နိရဲ့ အုတ်ဂူတွေက ခဏခဏ အဖောက်ခံခဲ့ရတယ်။ တစ်ခုခုတွေ့နိုးနိုးဖြင့် သိုက်တူးသူတွေ လာဖောက်ကြတာလို့ ယူဆရပါတယ်။ နောက်ဆုံးမှာ ဘုန်းတော်ကြီး ဆိုနီယာရဲ့ အုတ်ဂူကို သု နိဝင်းထဲကနေ ဘုရားကျောင်းဝင်းထဲကို ရွှေ့ခဲ့ကြရတယ်။

သု နိမှာ ထူးခြားချက်က ၃မီတာအမြင့်ရှိတဲ့ အုတ်တံတိုင်း ကာရံထားတာ ဖြစ်ပါတယ်။ အဲဒီလို သု နိကို အမြင့်ကာတာမျိုးကို ဘုရင့်အလောင်း မြုပ်နှံတဲ့ သု နိမှသာ ကာရံရပါတယ်။

မေးချင်စရာ မေးခွန်းတွေ များပြားလှပေမယ့် အဖြေမရှိဘူး။

ရမ်–လီ–ရှာတိုနားကို ရောက်တာနဲ့ မြေမတူးရ တားမြစ်ချက်ဆိုင်းဘုတ်ကို တွေ့ကြရတယ်။ ဥပဒေအရ တားမြစ်ထားတယ်လို့ ရေးထားပေမယ့် ဘယ်သူက ဘယ်တုန်းက ထုတ်ပြန်ခဲ့တာလဲဆိုတာ သိသူ မရှိဘူး။

ဆိုနီယာထိုင်ကြည့်ခဲ့တဲ့ အကာဒီယန် သိုးကျောင်းသားများ ပန်းချီကားထဲမှာ ပါတဲ့ သိုးကျောင်းသားတစ်ယောက်က ပေါက်ပုဂ္ဂိုလ်လို့ သတ်မှတ်ခံရတဲ့ စိန့်ဂျာမိန်း ဖြစ်မယ်

လို့ ဆိုကြတယ်။ စိန့်ဂျာမိန်းက သိုးထိန်းအဖြစ် သွားလာတတ်တယ်။ ရမ်–လီ–ရှာတိုရဲ့ ဘုရားကျောင်းထဲမှာ သူ့ ပုံတုကို သိုးတစ်ကောင်နဲ့အတူ ဖော်ပြပေးထားတယ်။

နောက်တစ်ခု စိတ်ဝင်တစားဖြစ်ကြရတာက သိုက်စာအ ဝှန်းတစ်ခု ရှိတယ်။ သိုက်စာဆိုတာမျိုးက ဒီနေရာမှာတူးဟေ့လို တိုက်ရိုက် မ ဝှန်းဘူး။ သိသူဖော်စား မသိသူ ကျော်သွားဆိုတဲ့ သဘောမျိုးဖြင့် ဂဏန်းကစားပြီး ဖော်ထုတ်ဖို့ ရေးထားတယ်။ ဝေ့လည်ကြောင်ပတ် ရေးကြတယ်။ တိုက်ရိုက်ဘာသာပြန်ကြည့်တဲ့အခါ

'သိုးထိန်းမကို မလန့်နဲ့။ ဘာလို့လဲဆိုတော့ သူက ခင်ဗျားရဲ့ ပြ နာတွေ ရှင်းပေးမယ့် အချိန်က နေ့မွန်းတည့် ပန်းသီးပြာများ။'

အဲဒီ စကားက နားတော့လည်ပါတယ်။ သဘောမပေါက်ဘူး ဆိုတာလို ဖြစ်နေစေတယ်။ အသိရခက်လှပါတယ်။

ရမ်–လီ–ရှာတိုကို သုတေသန အသည်းအသန်လုပ်ကြသူတွေထဲမှာ အဖြေတစ်ခု ထုတ်ပြနိုင်ခဲ့တဲ့သူတွေ ရှိပါတယ်။

ဘုရားကျောင်းမှာ အလှမှန်ကူကွက်တစ်ခု ရှိတယ်။ အဲဒီအလှပုံထဲမှာ ပန်းသီးတွေကို ဖော်ပြထားတာလည်း ပါတယ်။ သုံးထားတဲ့ မှန်အရောင်က အပြာရောင်ဖြစ်နေလို့ ပန်းသီးပြာတွေ ဖြစ်နေတယ်။ တစ်နှစ်တာကာလမှာ နေထိုးပုံတွေက ပြောင်းလဲနေတယ်။ နေကို ပတ်နေတဲ့ ကမ္ဘာရဲ့ ပတ်လမ်းမှာ ရောက်ရှိနေတဲ့နေရာအရ ပြောင်းလဲနေတယ်။ တစ်နှစ်တာရဲ့ တစ်ခုသော ရက်အပိုင်းအခြားမှာ နေရောင်ခြည်က မွန်းတည့်ချိန်ရောက်တဲ့အခါ ဘုရားကျောင်းထဲကို ထိုးဝင်တယ်။ ခုနက ပြောတဲ့ မှန်ကူကွက်ကနေ ထိုးဝင်တယ်။ ဒီအခါမှာ အနားမှာ ရှိနေတဲ့ နံရံပေါ်ကို နေရိပ်ကျတာမှာ မှန်ပြာကို ဖြတ်သန်းလာရတာကြောင့် အရိပ်က အပြာရောင်ဖြစ်နေပြီး အပြာရောင် အကွက်အပြောက်ကလေးတွေ ပန်းသီးပုံသဏ္ဍာန် ိုးတိုးရိပ်တိတ် ပေါ်နေတယ်။ အဲဒီနေရာက သိုးထိန်းအဖြစ် နယ်လှည့်တတ်တဲ့ စိန့်ဂျာမိန်း ုပ်တုရဲ့ အောက်ဘက်နားမှာ ဖြစ်ပါတယ်။

အဲဒီနေရာမှာ ဆိုနီယာက တူးဆွပြီး ရတနာတွေ ရယူခဲ့တယ်လို့ ယူဆကြပါတယ်။

ဘုရားကျောင်းရဲ့ ကြမ်းခင်းက အဖြူနဲ့ အမည်းကွက်တွေ ခင်းထားတယ်။ တမ်ပလာရဲ့ ဂိုဏ်းတော်တစ်ခုဖြစ်တဲ့ ဖရီးမေဆင်တွေရဲ့ ကြမ်းခင်းဓလေ့ ဖြစ်ပါတယ်။

နှင်းဆီနဲ့ ကားတိုင်ပုံကိုလည်း တွေ့ကြရတယ်။ အဲဒါက ိုစီကရူစီယန်ဂိုဏ်းတော်ကို ရည် ဝှန်းတဲ့ သင်္ကေတ ဖြစ်ပါတယ်။

နောက်ထပ်ထူးခြားတဲ့တစ်ချက်က Priory of Sion ရဲ့ ဂိုဏ်းတော်ချုပ်တစ်ဦးဖြစ်သူ ပိုင်ရီ ပလင်တတ်က ဆိုနီယာရဲ့ အုတ်ဂူကိုလာပြီး အသုဘအခမ်းအနားတစ်ခု ကျင်းပပေးခဲ့တယ်။

ဆိုနီယာက ရမ်–လီ–ရှာတိုကို ဂိုဏ်းတော်တို့ရဲ့ တာဝန်ပေးချက်အရ ရောက်လာရတာလို့ ယူဆကြတယ်။ ရမ်–လီ–ရှာတိုကိုရောက်တော့ အနီးအနားမှာ ရှိတဲ့

ရွာက ဘုန်းတော်ကြီး နှစ်ပါးနဲ့ အချိတ်အဆက် ရယူခဲ့တယ်။ တစ်ပါးက ဘူဒက် ဖြစ်ပြီး ကျန်တစ်ပါးက ဂျီလစ် ဖြစ်ပါတယ်။ ဆိုနီယာ ကွယ်လွန်ချိန်မှာ သူတို့ ၃ယောက်စလုံး ကြွယ်ဝသွားကြတာကို ထောက်ရှုပြီး သူတို့ ၃ယောက်ဟာ တစ်ကြိတ်တည်းတစ် ဂဏ်တည်း ဖြစ်မယ်လို့ ယူဆကြတယ်။

သင့်သင့်မြတ်မြတ်ရှိကြရာက စိတ်ဝမ်းကွဲသွားကြတယ်။ ဆိုနီယာနဲ့ ဘူဒက်က တစ်ဖက်၊ ဂျီလစ်တစ်ယောက်တည်းက တစ်ဖက် ဖြစ်သွားကြတယ်။

ဂျီလစ် အသတ်ခံရတယ်။ လာသတ်တဲ့သူတွေက သူနဲ့ သိတဲ့သူ ဖြစ်မယ်လို့ ကောက်ချက်ချကြတယ်။ သူက အသိဖြစ်လို့သာ တံခါးဖွင့်ပေးခဲ့တာ ဖြစ်ပြီး သူ့အိမ်မှာ တပ်ဆင်ထားတဲ့ အရေးပေါ် အချက်ပေးခေါင်းလောင်းခလုတ်ကို မနှိပ်ခဲ့ဘူး။

အသတ်ခံရစဉ်မှာ အသက်လုပြီး ုန်းကန်ခဲ့တဲ့ အထောက်အထားတွေ တွေ့ရတယ်။ ဒါပေမယ့် ဂျီလစ်ရဲ့ အလောင်းကို ကြမ်းပြင်မှာ သေသေသပ်သပ်ဖြင့် ပြန်ထားပေးခဲ့တယ်။

ဆူနီယာက ၁၉၁၇ခုနှစ်မှာ ကွယ်လွန်ခဲ့တယ်။ နှလုံးအမောဖောက်ပြီး သေဆုံး တယ်လို့ ဆိုတယ်။ သေဆုံးတဲ့နေ့က ဇန်နဝါရီလ ၁၇ ရက်ဖြစ်ပါတယ်။ အဲဒီရက်က ဘောဘီလုံညီအစ်ကိုတော်တွေအတွက် အရေးပါတဲ့ နေ့တစ်နေ့ ဖြစ်ပါတယ်။

အဲဒီရက်မှာ ပါရီမြို့ရှိ စိန့်စဲပစ်ဘုရားကျောင်းမှာ ပွဲလမ်းတစ်ခု ကျင်းပနေကျနေ့ ဖြစ်ပါတယ်။

ပါရီမြို့ရှိ စိန့်စဲပစ်ဘုရားကျောင်းဟာ ဘောဘီလုံ ညီအစ်ကိုတော်ရဲ့ လျှို့ဝှက် ဂိုဏ်းတွေရဲ့ အချက်အချာ နေရာတစ်ခု ဖြစ်ပါတယ်။ နင်ခါဆတ် တစ်ဖြစ်လဲ အိုင်ဆက် ကို ရည်စူးတည်ဆောက်ထားတဲ့ ကျောင်းတော်ပျက်နေရာမှာ စိန့်စဲပစ်ဘုရားကျောင်းကို ၁၆၄၅ခုနှစ်မှာ တည်ဆောက်ခဲ့ကြပါတယ်။ အ ိုင်ရီအော့ဖ် စီယွန် Priory of Sion ရဲ့ ထင်ရှားတဲ့ ပုဂ္ဂိုလ်ဖြစ်တဲ့ ဗစ်တာဟူးဂိုး (နောထရာဒိန်းမှ ကျောဘုခါးကုန်းကြီးဝတ္ထုကို ရေးသားခဲ့သူ)က မင်္ဂလာထိမ်းမြားလက်ထပ်ပွဲကို စိန့်စဲပစ်မှာ ကျင်းပခဲ့ပါတယ်။

# တိုက်ပွဲပြင်းထန်

၁၁၈၇ခုနှစ်မှာ ဂျေ႑ဆလင်ကို တမ်ပလာတွေ လက်လွှတ်ဆုံး႑းခဲ့ရတယ်။ တူရကီတွေက တိုက်ခိုက်သိမ်းပိုက်လိုက်ကြတယ်။ မရှေးမနှောင်းမှာပဲ Order of Sion နဲ့ သူ့ရဲ့ စစ်တောင်ပံဖြစ်တဲ တမ်ပလာတို့ စိတ်ဝမ်းကွဲသွားကြတယ်။

Order of Sion က Priory of Sionလို့ အမည်ပြောင်းလဲလိုက်တယ်။ သူတို့ရဲ့ တံဆိပ်မှာ တမ်ပလာတွေရဲ့ အနီရောင် အပေါင်းလက္ခဏာကို ယူသုံးလိုက်ကြတယ်။ အပေါင်းလက္ခဏာက ကားတိုင်ကို ဖော်႑န်းတဲ့ ဂမ္ဘီရသင်္ကေတ ဖြစ်ပါတယ်။ ပ႑င်ရီ အော့ဖ် စီယွန်က သူတို့သာလျှင် ကားတိုင်နီရဲ့ ပိုင်ရှင်လို့ ကြေညာပါတယ်။

ဒီလို အသာစီးရယူလိုက်ပေမယ့် ခက်နေတာက ကြွယ်ဝမှုအစုစုက တမ်ပလာ တွေရဲ့ လက်ထဲမှာ ရောက်နေတယ်။ ထိပ်ကနေ ထိန်းချုပ်ထားသူက ပြင်သစ်ကို စိုးစံနေတဲ့ မိ႑ဗင်ဂျီယန်မင်းတစ်ပါးဖြစ်သူ ဘုရင်ဖီလစ် ဖြစ်နေတယ်။

နောက်ကြောင်းပြန်ကြည့်ရင် ပထမမြောက်ဖီလစ်က ခရစ်ယာန် ပုပ်ရဟန်း မင်းကြီးနဲ့ ဩဇာပြိုင်နေရပြီး သူက အသာရအောင် လုပ်ကိုင်ခဲ့တယ်။ သူ့ဩဇာကို မနာခံတဲ့အတွက် ပုပ်ရဟန်းမင်းကြီးတွေကို အကြမ်းကိုင်ပြီး သုံးဆက်တိုင်တိုင် ပြောင်းပစ်ခဲ့ တယ်။ တတိယမြောက်ကျမှ သူ့ဩဇာနဲ့ ကိုက်တဲ့သူကို တင်နိုင်ခဲ့တယ်။

ပုပ်ရဟန်းမင်းကြီး အဋ္ဌမမြောက် ဘွန်နီဖေစ်ထံကို လုပ်ကြံသတ်ဖြတ်မယ့် သူတွေ စေလွှတ်ပြီး သတ်ဖြတ်ကာ သုတ်သင်ပစ်လိုက်တယ်။ သူ့ကို နဝမမြောက် ဘင်နီဒစ် က ဆက်ခံတယ်။ အစာအဆိပ်ခတ်ခံရပြီး သေဆုံးခဲ့တယ်။ သူ့ဩဇာညောင်းတဲ့ ပဥ္စမ မြောက် ကလစ်မင့်ကို အ႑က်အရာ ဆက်ခံစေတယ်။ ပြီးတဲ့အခါ ရောမမြို့ကနေ ပြင်သစ်ကို ခေါ်ထားလိုက်တယ်။

ပုပ်ရဟန်းမင်းကြီးကိစ္စကို ကိုင်တွယ်ပြီးတဲ့အခါမှာ ဘုရင်ဖီလစ်က တမ်ပလာ တွေကို ကိုင်တွယ်တယ်။ သူက တမ်ပလာတွေရဲ့ ကြွယ်ဝမှုနဲ့ ဩဇာတိကမကြီးမားတာကို လိုချင်တာ ငမ်းငမ်းတက် ဖြစ်နေတယ်။ ပုပ်ရဟန်းမင်းကြီးက သူကြိုးဆွဲရာ လိုက်ကနေ ရတဲ့သူ ဖြစ်နေပြီဆိုတော့ ခရစ်ယာန်ကို ကာကွယ်ပေးနေပါတယ်လို့ ဆိုနေကြတဲ့ တမ် ပလာတွေကို ရာဇဩဇာဖြင့် နှိပ်ကွပ်တယ်။ တမ်ပလာတွေကလည်း ၁၂၉၁ခုနှစ်မှာ စစ်႑းထားပြီးကတည်းက ခရစ်ယာန်ဂိုဏ်းမှာ နေရာသိပ်မရကြတော့ဘူး။

ဘုရင်ဖီလစ်က ၁၃၀၆ခုနှစ်မှာ အစမ်းလေ့ကျင့်မှု တစ်ခုကို လုပ်တယ်။ ပြင်သစ်မှာ ရှိရှိသမျှ ဂျူးတွေကို ဖမ်းဆီးပြီး သူတို့ ပိုင်သမျှကို ဘုရင့်ဘဏ္ဍာအဖြစ် သိမ်းပစ်တယ်။ ပြီးတဲ့အခါမှာ ဂျူးတွေကို ပြည်နှင်ဒဏ် ပေးလိုက်တယ်။

အခု တမ်ပလာတွေကိုလည်း ဂျူးတွေလုပ်တုန်းက ရရှိထားတဲ့ အတွေ့အကြုံ အရ အစီအစဉ်ချပြီး လုပ်တယ်။ လုပ်မယ့်ရက်အဖြစ် ၁၃၀၇ခုနှစ် အောက်တိုဘာလ ၁၃ ရက် သောကြာနေ့ကို ရွေးချယ်တယ်။

၁၃ရက်ဟာ သောကြာနေ့ ကျရောက်ရင် ကံမကောင်းတဲ့နေ့လို့ အယူရှိကြတာကို သူက အသုံးချလိုက်တာ ဖြစ်ပါတယ်။ အနုတ်ကို အနုတ်နဲ့ မြှောက်ရင် အပေါင်းဖြစ်တယ်ဆိုတဲ့ လောကီပညာ ပုံသေနည်းကို သုံးလိုက်တာ ဖြစ်ပါတယ်။ ၁၃ရက် သောကြာနေ့ ဖြစ်နေလို့ အနုတ်လက္ခဏာ ပြနေတယ်။ သူက တမ်ပလာတွေကို သတ်ဖြတ်တာကလည်း မကောင်းမှုဖြစ်လို့ အနုတ်လက္ခဏာ ဖြစ်နေတယ်။ ဒီတော့ အနုတ်နှစ်ခါဖြစ်တော့ ရလဒ်က အပေါင်းဖြစ်သွားတယ်။

ဖမ်းခံရတဲ့ တမ်ပလာတွေ အများကြီးပဲ။ ဂိုဏ်းတော်ချုပ်တစ်ဦးလည်း ပါတယ်။ ညင်းပန်းနှိပ်စက်ပြီး ဖြောင့်ချက်တွေ ရယူတယ်။ ႆးတင်စစ်ဆေး စီရင်ချက်ပြီး ကွပ်မျက်ပစ်တယ်။ အရှင်လတ်လတ် တံကျင်လျှိုပြီး မီးတင်ႈတဲ့အထိ ရက်ရက်စက်စက် လုပ်တယ်။ ဘုရင်ဖီလစ် ကိုင်တော့မယ်ဆိုတာ သတင်းအနံ့ရလို့ အချိန်မီ ရှောင်နိုင်ကြတဲ့ တမ်ပလာတွေလည်း ရှိပါတယ်။

ပါရီမြို့က ဌာနချုပ်ကို ဝင်သိမ်းလိုက်တယ်။ ရွှေတိုက်ကို ဖွင့်ကြည့်တော့ ဘာမှ မရှိတော့တာကို တွေ့ကြရတယ်။ ဘုရင်ဖီလစ် ငမ်းငမ်းတက် လိုချင်တာတွေ တစ်ခုမှ မရလိုက်ဘူး။ ဒီအခါမှာ ပုပ်ရဟန်းမင်းကြီးနဲ့ ဘုရင်ဖီလစ်တို့က အခြားတိုင်းနိုင်ငံတွေမှာလည်း တမ်ပလာတွေကို အရေးယူကြဖို့ တိုက်တွန်းနှိုးဆော်ကြတယ်။ နယ်စားမြို့စား အများစုက နားမထောင်ကြဘူး။ တမ်ပလာတွေကလည်း ကိုယ်ရောင်ဖျောက်ပြီး နေလိုက်ကြတယ်။ မြေအောက်အဖွဲ့အစည်းအဖြစ် အသွင်ပြောင်းလိုက်ကြတယ်။

တမ်ပလာတွေမှာ အဖွဲ့အစည်း ၃ရပ် ရှိတယ်။

Knights Templar

Knights Hospitaller of St John of Jerusalem (Malta)

Teutonic Knights

အခု သုတ်သင်ခံရတာက Knights Templar ဖြစ်ပါတယ်။ ဒီတော့ တချို့က တခြားနိုက်အဖွဲ့နှစ်ခုထဲက တစ်ခုဆီကို ကူးပြောင်းလိုက်ကြပြီး ရန်ရှောင်လိုက်ကြတယ်။

အင်္ဂလန်ဘုရင် ဒုတိယမြောက် အက်ဒွပ်က ပုပ်ရဟန်းမင်းကြီး စေခိုင်းတာကို မသိကျိုးကျွန် လုပ်နေတယ်။ မတတ်သာလို့ အရေးယူရရင်လည်း စတိလောက်ပဲ လုပ်တယ်။ သက်သက်ညှာညှာ လုပ်တယ်။

စကော့တလန်နဲ့ အိုင်ယာလန်တို့ကလည် အင်္ဂလန် နည်းတူပါပဲ။ ဘာတစ်ခုမှ ထိထိရောက်ရောက် မလုပ်ကြဘူး။

တမ်ပလာတွေ ပုန်းရှောင်ကြတာမှာ စကော့တလန်၊ ပေါ်တူဂီနဲ့ အမေရိကန် အထိရောက်ကုန်ကြတယ်။

# မျက်နှာမပြောင်း၊ မျက်နှာဖုံးပြောင်း

တမ်ပလာတွေက စစ်တောင်ပံဖြစ်ကြတာကြောင့် သူတို့ရဲ့ မူရင်းမျက်နှာကို မပြောင်းဘဲ မျက်နှာဖုံးကို ပြောင်းလိုက်ကြတဲ့အခါ စစ်ဖက်မှာ ထောက်လှမ်းရေးတွေ ဖြစ်လာကြတယ်။ မြင်းစီးဓားကိုင်ပြီး တိုက်ခိုက်ကြရတဲ့ ခေတ်ကနေ သေနတ်နဲ့ ပစ်တဲ့ ခေတ်ကို ရောက်လာပေမယ့် လုပ်ကိုင်ရတဲ့ အခြေခံသဘောတရား အတူတူပဲ။ ဒီတော့ တစ်ချိန်တုန်းက တမ်ပလာတွေ လုပ်ကိုင်ခဲ့ရတာတွေက ထောက်လှမ်းရေးအလုပ်နဲ့ လွန်စွာ ဆီလျော်နေတယ်။

တမ်ပလာတွေရဲ့ ပယောဂကြောင့် ဗြိတိသျှ ထောက်လှမ်းရေးဆိုတာ ပေါ်ပေါက်လာတယ်။ အမေရိကန်က စီအိုင်အေဆိုတာကို ပုံသွင်းပေးခဲ့တာက ဗြိတိသျှ ထောက်လှမ်းရေးအဖွဲ့ ဖြစ်ပါတယ်။

တမ်ပလာတွေက တမ်ပလာဆိုတဲ့ စကားလုံးကို စွန့်ပယ်လိုက်ကြပြီ။ သူတို့က အထက်လွှာမှာ ရောက်ရှိနေကြပြီး ဖရီမေဆင်ဂိုဏ်းရဲ့ အရိပ်အောက်မှာ လှုပ်ရှားကြတယ်။ သူတို့က အထူးလုံခြုံရေးကိစ္စတွေကို လုပ်ကိုင်ကြတာမှာ ၃၃ ဂဏန်းကို ကြိုက်တယ်။ ၃၃ခုမြောက် ဒီဂရီလို့ ပြောဆိုကြတယ်။ အဲဒါ ဖရီးမေဆင်ဂိုဏ်းရဲ့ မူလို့ သိရပါတယ်။

သူတို့က စကော့အစောင့်Scots Guardဆိုပြီး တပ်ဖွဲ့ဖွဲ့ပြီး ဘုရင်ကိုယ်ရံတော် အထူးလုံခြုံရေးတပ်ဖွဲ့အဖြစ် ထမ်းဆောင်ကြတဲ့အခါ တပ်ဖွဲ့မှာ လူ ၃၃ ယောက်တိတိ ထားတယ်။ နေ့ညမပြတ် အလှည့်ကျ တာဝန်ယူပြီး ဘုရင်ကို စောင့်ရှောက်ပေးကြတယ်။ ဘုရင့်အိပ်စက်တဲ့ ကုတင်ဘေးမှာ အိပ်ဖန်စောင့်ပေးတဲ့အထိ တာဝန်ကြေကြတယ်။

နောက်ပိုင်းမှာ တပ်ဖွဲ့ကို တိုးချဲ့ဖို့ ဖြစ်လာတဲ့အခါ ၁၃နဲ့ မြောက်လို့ရတဲ့ မြောက်လဒ် အရေအတွက်နဲ့ တိုးချဲ့တယ်။ အဲဒါ ဖရီးမေဆင်ဂိုဏ်းရဲ့ မူလို့ သိရပါတယ်။ သူတို့က ပြင်သစ်ရွှေနန်းတော်ကို ပြန်ဝင်ခဲ့ကြတယ်။ အတိုင်ပင်ခံ၊ သံတမန်စတဲ့ မျက်နှာဖုံးတွေ စွပ်ပြီး နန်းတွင်းကို ထိုးဖောက်ဝင်ရောက်ကာ နေရာ အခိုင်အမာ ယူနိုင်ခဲ့ကြတယ်။ စကော့တလန်ကလာတဲ့ သူတွေအဖြစ် မျက်နှာဖုံးစွပ်ထားကြလို့ စကော့အစောင့်တပ်က ဘုရင့် ကိုယ်ရံတော်တပ်အဖြစ်ကို ရောက်ရှိခဲ့ကြတယ်။

အဲဒီကာလမှာ ဘေဘီလုံညီအစ်ကိုတွေက စွမ်းဆောင်ရည်မြင့်မားသူ တစ်ဦးကို မွေးထုတ်ပေးလိုက်ကြတယ်။ ပြင်သစ်ဂျာမန်နယ်စပ်မှာ ရှိတဲ့ လိုရမ်မြို့စား ရမ်အန်ဂျိုကို ရွှေဘက်ထုတ်ပေးလိုက်တယ်။ သူက ၁၀နှစ်သားမှာ Priory of Sion ရဲ့ ဂိုဏ်းတော်ချုပ် အဆင့်ရှိသူ ဖြစ်လာခဲ့တယ်။ ဦးရီးတော်တစ်ယောက်ရဲ့ အုပ်ထိန်းမှုအောက်မှာ အသက် ၂၀ အထိ နေရင်း သင်ယူစရာ ရှိတာတွေကို သင်ယူခဲ့တယ်။ သူကျွမ်းကျင်တဲ့ ပရိယာယ်က အယုံသွင်းပြီးမှ နောက်ကျောကို ဓားနဲ့ ထိုးတဲ့ ပရိယာယ် ဖြစ်ပါတယ်။ သူက တံဆိပ် အတွက် သင်္ကေတရေးဆွဲရာမှာ ကားတိုင်နှစ်ထပ်ကွမ်း double cross ကို ရေးဆွဲ အသုံးပြုခဲ့တယ်။ အဲဒါကြောင့် အင်္ဂလိပ် ဝေါဟာရမှာ double crossရဲ့ ဆိုလိုရင်းက

သူ့လူကိုယ်ဘက်သားလုပ်တာ၊ အယုံသွင်းပြီးမှ လိမ်လည်တာ၊ သစာဖောက်ပြီး ဘက်ပြောင်းတာ စတဲ့ အဓိပာယ်တွေ ကောက်ယူခဲ့ကြတာ ရန်အန်ဂျိုရဲ့ သင်္ကေတက အစပြုခဲ့တာ ဖြစ်ပါတယ်။

သူက ဘေဘီလုံညီအစ်ကိုတော်တို့ရဲ့ ရှေ့ထွက်မင်းသားအဖြစ် အသုံးတော်ခံခဲ့ရာမှာ ဥရောပကွန်ရက်ရဲ့ ဗဟိုချက်အဖြစ် နေရာယူခဲ့ပါတယ်။ သူ့ရဲ့ သမီးတစ်ယောက်က အင်္ဂလန်ဘုရင် စတုတမြောက် ဟင်နရီနဲ့ ၁၄၄၅ခုနှစ်မှာ လက်ထပ်ထိမ်းမြားခဲ့ပါတယ်။ ခရစတိုဖာကိုလံဘတ်စ်နဲ့လည်း ပတ်သက်ခဲ့ပါတယ်။ ပြီးတော့ အမျိုးသမီးစစ်သူကြီး သူရဲကောင်းအဖြစ် နာမည်ကျော်ခဲ့တဲ့ ဂျုံးအော့ဖ် အတ် Joan of Arcနဲ့လည်း ထဲထဲဝင်ဝင် ပတ်သက်ခဲ့ပါတယ်။ ဂျုံးအော့ဖ် အတ်ဆိုတဲ့အမျိုးသမီးငယ်က ပြင်သစ်စစ်တပ်ရဲ့ ခေါင်းဆောင် ဖြစ်ခဲ့ပါတယ်။ သူက ဘာသာရေး ဆိုင်ရာ အမြင်ထူးကို ရရှိခဲ့ရာက လူသူစုဆောင်းပြီး အင်္ဂလိပ်တွေကို တိုက်ထုတ်ခဲ့တယ်။ ပြင်သစ်ထီးနန်းရှင်အဖြစ် သတမမြောက် ချားလ်ကို နန်းတင်ပေးခဲ့သူ ဖြစ်ပါတယ်။ သူ့ကို စုန်းမလို့ စွပ်စွဲပြီး တိုင်မှာ ကြိုးတုပ်၊ အရှင်လတ်လတ် မီးရှို့သတ်တာကို ခံခဲ့ရပါတယ်။

ကျူးကျော်သူ အင်္ဂလိပ်တွေကို တိုက်ထုတ်ပြီး ပြင်သစ်ကို ကယ်တင်ခဲ့သူ သူရဲကောင်းအဖြစ် ရာဇဝင်မှာ စာတင်ခံခဲ့ရသူ ဖြစ်ပါတယ်။

ဒီလို တိုက်ခိုက်နိုင်ဖို့အတွက် ကျောထောက်နောက်ခံပြုပေးခဲ့သူက ရမ်အန်ဂျို ဖြစ်ပါတယ်။

သူ့ရဲ့ လွှတ်တော်မှာ နက္ခတ်အတိုင်ပင်ခံအဖြစ် လုပ်ကိုင်ခဲ့သူက အခုခေတ်အထိ အနက်ဖွင့်လို့ ကောင်းနေကြဆဲရှိတဲ့ ဟောကိန်းတွေကို ရေးပေးခဲ့တဲ့ နော်ထရာဒါမတ်စ်ရဲ့ အဖိုး ဖြစ်ပါတယ်။

ဥရောပမှာ တစ်ကျော့ပြန်ခေတ် ဖြစ်ပေါ်လာအောင် လုပ်ပေးခဲ့သူတွေမှာ ရမ်အန်ဂျိုလည်း ပါဝင်ခဲ့ပါတယ်။ ၁၄မှ ၁၆ရာစုနှစ်များအတွင်းမှာ ရှေးဂရိယာဉ်ကျေးမှု၊ စာပေနဲ့အနုပညာတွေ ပြန်လည်ဖော်ထုတ်ခဲ့ကြပြီး ဥရောပဘာသာတို့ဖြင့် ဘာသာပြန်ဆိုခဲ့ကြပါတယ်။

ဘေဘီလုံညီအစ်ကိုတော်တွေက လူတွေရဲ့ အတွေးအမြင်တွေကို ပြောင်းလဲသွားအောင် တဖြည်းဖြည်း လုပ်ယူခဲ့တယ်။ ရှေးအီဂျစ်၊ ရှေးဂရိတို့ရဲ့ အတွေးအခေါ်တွေ ဥရောပမှာ ပြန်လည်ဆန်းသစ်စေခဲ့တယ်။

သူတို့ပွဲထုတ်ခဲ့သူတစ်ဦးကတော့ မာတင်လူသာ ဖြစ်ပါတယ်။ သူက ရောမ အခြေစိုက် ဗရင်ဂျီဂိုဏ်း(ရိုမင်ကက်သိုလစ်)ကနေ ခွဲထွက်ပြီး ခရစ်ယာန်ဂိုဏ်းသစ် တစ်ခု ထူထောင်ခဲ့တယ်။ ပရိုတက်စတင့်လို့ အမည်တွင်ခဲ့တယ်။ မာတင်လူသာက ဂျာမန်ရှိ ရိုစီခရူစီယန်ဂိုဏ်းမှ ဂိုဏ်းဝင်တစ်ယောက်ဖြစ်ပါတယ်။ သူ ထူထောင်တဲ့ ပရိုတက်စတင့် သာသနာက အင်္ဂလန်မှာ အသုံးပြုဖို့အတွက် ကြိုကြိုတင်တင် လုပ်ခိုင်းထားတာ ဖြစ်ပါတယ်။

အင်္ဂလန်ဘုရင် အဋ္ဌမမြောက် ဟင်နရီက အင်္ဂလန်မှာ ပရိုတက်စတင့်သာသနာ ပြန့်ပွားဖို့ လုပ်ကိုင်ခဲ့တယ်။ ဘာလို့ လုပ်ရတာလဲဆိုတော့ သားရတနာလိုချင်တာက စပါတယ်။ လက်ရှိမိဖုရားက သမီးပဲမွေးတယ်။ ဒီတော့ သူက လက်ရှိမိဖုရားကို ကွာရှင်းပစ်ပြီး နောက်ထပ်အမျိုးသမီးတစ်ယောက်ကို လက်ထပ်ထိမ်မြားပြီး ကံစမ်းကြည့်ချင်တဲ့ ဆန္ဒရှိတော်မူတယ်။

ဒါပေမယ့် ဗရင်ဂျီဂိုဏ်းက လက်ထပ်ပြီးပြီဆိုရင် သေတပန်သက်တဆုံးပဲ။ သေခြင်းတရားက ခွဲမှ ကွဲခွင့်ရှိတယ်။ ကနေ့အထိ အဲဒီအတိုင်း သတ်မှတ်ထားဆဲ ဖြစ်ပါတယ်။ ဒီတော့ လင်မယားကွဲလို့ မရဘူး။ ကွာရှင်းပြတ်စဲခြင်း divorce လုပ်လို့ မရဘူး။ အတူမနေချင်ရင် ဘာသာပြောင်းချင်ရင် ပြောင်း၊ မပြောင်းရင် ခွဲပြီး နေကြရတယ်။ separate လုပ်တယ်လို့ ပြောကြတယ်။ ဘုရင် အဋ္ဌမမြောက် ဟင်နရီက ဗရင်ဂျီဘာသာဝင် ဖြစ်နေတော့ မိဖုရားကို ကွဲဖို့ ပုပ်ရဟန်းမင်းကြီး သတမမြောက် ကလီမင့်က ခွင့်မပြုဘူး။ ပိုခက်နေစေတာက ပုပ်ရဟန်းမင်းကြီးက အဋ္ဌမမြောက် ဟင်နရီကို ယုံကြည်ကိုးကွယ်မှုကို ကာကွယ်ပေးသူ Defender of the Faithဆိုတဲ့ ဘွဲ့ကို ချီးမြှောက်အပ်နှင်းထားတယ်။

အဲဒါက အစဉ်အလာ ဖြစ်နေပြီ။ ဗြိတိသျှ ထီးနန်းရှင်ကို ပေးနေကျ ဘွဲ့ဖြစ်နေတယ်။ ပရိုတက်စတင့်ကို ကာကွယ်ပေးတဲ့ ထီးနန်းရှင်ဆိုလည်း ပုပ်က မတွန့်တိုပဲ ယုံကြည်ကိုးကွယ်မှုကို ကာကွယ်ပေးသူဘွဲ့ကို ချီးမြှောက်ပါတယ်။

လင်မယား ကွာရှင်းခွင့်မရလို့ အဋ္ဌမမြောက် ဟင်နရီက တ႑ူး႑ူး ဖြစ်နေပြီ။ ရာဇအမျက် အပြင်ကို ထွက်နေပြီ။ သူက ပါလီမန်ကို အမိန့်ချမှတ်တယ်။ အင်္ဂလန်မူပိုင် ခရစ်ယာန်ဂိုဏ်းတစ်ခု ထူထောင်ခိုင်းလိုက်တယ်။ အင်္ဂလန်ခရစ်ယာန်ဂိုဏ်း Church of England ဆိုပြီး ပေါ်ပေါက်လာတယ်။ ရောမမြို့က ပုပ်ရဟန်းမင်းကြီးရဲ့ ဩဇာ မညောင်းတဲ့ ခရစ်ယာန်ဂိုဏ်း ဖြစ်ပါတယ်။ ၁၅၃၄ခုနှစ်မှာ ဥပဒေပြဋ္ဌာန်းပြီး သူ့ကိုယ်သူ ဂိုဏ်းတော်ရဲ့ အကြီးအကဲအဖြစ် သတ်မှတ်လိုက်တယ်။ ပြီးတဲ့အခါ မာတင်လူသာရဲ့ ပရိုတက်စတင့်ကို ယူသုံးလိုက်တယ်။ ဒီလိုနဲ့ ဗုဒ္ဓဘာသာမှာ ထေရနဲ့ မဟာယနဆိုပြီး နှစ်မျိုးဖြစ်နေသလိုမျိုး အင်္ဂလန်မှာလည်း ခရစ်ယာန်ဘာသာတစ်ခုတည်းက ဗရင်ဂျီ(ရိုမင် ကက်သိုလစ်)နဲ့ ပရိုတက်စတင့်ဆိုပြီး နှစ်မျိုး အပြိုင်တည်ရှိနေတယ်။

အဋ္ဌမမြောက် ဟင်နရီရဲ့ ရာဇအမျက်က အငြိုးကြီးမားတယ်။ သူက အင်္ဂလန်မှာ ဗရင်ဂျီတွေကို လိုက်လံသုတ်သင်ပစ်တယ်။ ဘုရင်စနစ်က သက်ဦးဆံပိုင်စနစ်ဆိုတော့ လုပ်သမျှ တင့်တယ်နေပါတယ်။ မြန်မာ့ရာဇဝင်မှာလည်း အနော်ရထာမင်းက မင်းလောင်း ပေါ်တယ်။ ပခက်ထဲမှာလို့ အဟောထွက်တော့ ရှိရှိသမျှ ကလေးသူငယ်တွေ အကုန် သုတ်သင်ခဲ့တယ်။ လူမှန်းမသိတတ်သေးတဲ့ ကလေးများစွာ အသက်ဆုံးရှုံးခဲ့ရပြီး တကယ့် မင်းလောင်းဖြစ်သူ ကျန်စစ်သားက မသေဘဲ ကျန်နေခဲ့တယ်။ ခုတ်ရာတခြား ရှရာတခြား၊ ဝါးလုံးရှည်နဲ့ သိမ်းကျုံးပြီး ရမ်းပေမယ့် တင့်တယ်ပါတယ်။ ရာဇဝင်ဆရာအတော်များများက သူ့ကို အမွှန်းတင်ပြီး ရေးကြတာ များပါတယ်။

အင်္ဂလန်မှာလည်း အယူဝါဒ ပြ နာကြောင့် သုတ်သင်မှုတွေ အကြိမ်ကြိမ် ဖြစ်ပွားခဲ့တာ တွေ့ရတယ်။

အဋ္ဌမမြောက် ဟင်နရီက သားရတနာတစ်ပါး ထွန်းကားတယ်။ တစ်ဦးတည်း သောသားဖြစ်သူ အက်ဒွပ်က ဖခင်အ ိုက်အရာကို ဆက်ခံတယ်။ ဒါပေမယ့် သူက သက်တော် မရှည်လိုက်ဘူး။ သက်တော် ၁၅နှစ်မှာ လူ့ပြည်ငြီးလို့ နတ်ပြည်စံတော်မူတယ်။ ဒီအခါ မှူးကြီးမတ်ရာတွေက ပြင်သစ်မှ မင်းသမီးတစ်ပါးဖြစ်တဲ့ လေဒီဂျိန်းဂရေးကို နန်းတင်လိုက်ကြတယ်။ အဋ္ဌမမြောက် ဟင်နရီရဲ့ သမီးတော် မာရီက လူသူစုဆောင်းပြီး ထကြွတယ်။ လေဒီဂျိန်းဂရေးနန်းသက် ၆ရက်အရမှာ မာရီက ထီးနန်းကို သိမ်းပိုက်လိုက်တယ်။ ဒါကြောင့် လေဒီဂျန်းဂရေးကို '၆ရက်ဘုရင်မ' လို့ ရာဇဝင်ဆရာတွေက စာတင်ကြတယ်။

မာရီက ဘုရင်မ ပထမမြောက်မာရီအဖြစ် နန်းတက်တယ်။ သူက ဗရင်ဂျီဂိုဏ်းကို အခိုင်အမာ စွဲမြဲမြဲစွာ ယုံတဲ့သူ။ ဘာပြောကောင်းမလဲ သူ့ဖခမည်းတော် မြေတောင် မြောက်ပေးခဲ့တဲ့ ပ ိုတက်စတင့်တွေကို သတ်ဖြတ်သုတ်သင်ပစ်တယ်။ 'သွေးစွန်းသော မာရီ' 'bloody Mary' လို့ ရာဇဝင်မှာ စာတင်ခံရတယ်။

မာရီကွယ်လွန်တော့ အဋ္ဌမမြောက် ဟင်နရီရဲ့ ဒုတိယမြောက်မိဖုရားက မွေးတဲ့ အဲလစ်ဇဘက်က အိမ်နိမ့်စံဘဝမှ ထီးနန်းကို ရယူလိုက်တယ်။ ပထမမြောက် အဲလစ်ဇဘက်အဖြစ် နန်းတက်တယ်။ သူက အင်္ဂလန်ခရစ်ယာန်ဂိုဏ်းကို လိုလားတယ်။


'သွေးစွန်းသောမာရီ' 'bloody Mary'

ဒီတော့ ဘာပြောကောင်းမလဲ ဗရင်ဂျီတွေကို သတ်ဖြတ်သုတ်သင်တော့တာပဲ။

သူကလည်း ခေသူ မဟုတ်ပါဘူး။ သွေးစွန်းသောအဲလစ်ဇဘက်လို့ ရာဇဝင်ဆရာတွေ စာတင်ကြရသူ ဖြစ်သွားပါတယ်။

ဘေဘီလုံ ညီအစ်ကိုတော်တို့က အမြင်သစ်တွေ ဖြစ်ထွန်းစေဖို့အတွက် ိုစီခ ူစီယန်ဂိုဏ်းမှ ဖရန်စစ်ဘေကွန်ကို ပွဲထုတ်ခဲ့တယ်။ သူက ခေတ်သိပ်ဖြစ်ပေါ်လာစေမယ့် အတွေးအခေါ်တွေကို မျိုးစေ့ချပေးခဲ့တယ်။ ထင်ရှားတဲ့ အဘိဓမ္မာကျမ်းတစ်ဆူကိုလည်း ရေးသားပြုစုခဲ့တယ်။ သူက ဘုရင်မ ပထမမြောက် အဲလစ်ဇဘက်နဲ့ တိတ်တိတ်ပုန်းချစ်သူ ရောဘတ်ဒုတလီတို့ တိတ်တိတ်ပုန်းညားကြရာက မွေးဖွားလာခဲ့သူ ဖြစ်ပါတယ်။ ဒီတော့ နဂါးသွေးပါတဲ့ ပုတ်သင် ိုတစ်ယောက် ဖြစ်ပါတယ်။

ဖရန်စစ်ဘေကွန်က မှော်ဆရာ ဂျွန်ဒီးနဲ့ ပေါင်းပြီး ဥရောပမှာ သူလျှိုကွန်ရက်တစ်ခု ထူထောင်ခဲ့တယ်။ အဲဒီကွန်ရက်က နောင်တစ်ချိန်မှာ ဗြိတိသျှ ထောက်လှမ်းရေး ဖြစ်လာခဲ့တယ်။ အထက်မှာ ဆိုခဲ့တဲ့အတိုင်း ဗြိတိသျှထောက်လှမ်းရေးက အမေရိကန်ရဲ့ ထောက်လှမ်းရေးအဖွဲ့ဖြစ်တဲ့ စီအိုင်အေကို ပုံလောင်းပေးခဲ့တယ်။ ဒီကိစ္စမှာ ဖရီးမေဆင် ပါဝင်ပတ်သက်တယ်လို့ ယူဆကြတယ်။ ဘာလို့လဲဆိုတော့ အမေရိကန်ရဲ့ ၃၃ယောက်မြောက် သမ္မတလက်ထက်မှာ စီအိုင်အေကို ဖွဲ့စည်းပေးခဲ့လို့ ဖြစ်ပါတယ်။ ဖရီးမေဆင်ရဲ့ ၃၃ ဒဂရီမူအရ ၃၃ယောက်မြောက် သမ္မတဖြစ်သူ ထ ူးမင်းလက်ထက်မှာ ဖွဲ့ပေးခဲ့တာလို့ ဆိုကြပါတယ်။ ထ ူးမင်းက ဂျပန်မှာ အနုမြူဗုံးကြဲချဖို့ အမိန့်ပေးခဲ့သူ ဖြစ်ပါတယ်။ ဒီကနေ့အထိ ကမ္ဘာပေါ်မှာ အနုမြူဗုံး သုံးဖူးသူဆိုလို့ ရှားရှားပါးပါး သူတစ်ယောက်ပဲ ရှိပါသေးတယ်။

ဂျွန်ဒီးက ိုစီက ူစီယန်ဂိုဏ်းမှာ ဂိုဏ်းတော်ချုပ် အဆင့်ရှိသူ ဖြစ်ပါတယ်။ ဘုရင်မရဲ့ အတိုင်ပင်ခံ ဗေဒင်ကဝိလည်း ဖြစ်ပါတယ်။ သူက ထောက်လှမ်းရေးတာဝန်ကိုလည်း ထမ်းဆောင်ပါတယ်။ သူက အိန်ဂျယ်တွေနဲ့ ဆက်သွယ်နိုင်တယ်လို့ ပြောပါတယ်။

ဒီးက အစီရင်ခံစာမှာ ၀၀၇ လို့ လက်မှတ်ထိုးပါတယ်။ ၂၀ရာစုမှာ အကျော်ကြားဆုံး သူလျှို ုပ်ရှင်ကားတွဲ ဖြစ်တဲ့ ဂျိန်းစဘွန်းရဲ့ နံပါတ်ကလည်း ၀၀၇ ဖြစ်ပါတယ်။ ဒီးနဲ့ဘွန်း နံပါတ်လာတူနေတာ တိုက်ဆိုင်မှု မဟုတ်ပါဘူး။ တမင်တူအောင် ရွေးပြီးပေးထားတာ ဖြစ်ပါတယ်။ သူလျှိုဘွန်း ဝတ္ထုတွေရေးတဲ့ စာရေးဆရာ Ian Fleming က ဗြိတိသျှထောက်လှမ်းရေးမှာ လုပ်ကိုင်ဖူးသူဖြစ်ပြီး သူက ဝတ္ထုရေးတဲ့အခါ ဒီးရဲ့ နံပါတ်ကို သူ့ဇာတ်ကောင်မှာ ယူသုံးလိုက်တာ ဖြစ်ပါတယ်။

ဒီးက ဥရောပတစ်ခွင်ကို ပြဲပြဲစင်အောင် ခရီးသွားတယ်။ သူလျှိုကွန်ရက်ကို လိုက်လံထူထောင်တယ်။ ရွှေထီးရွှေနန်းတွေကိုလည်း ဝင်ထွက်သွားလာခဲ့တယ်။ ပရာမြို့တော်ကို ရောက်တော့ ပြည့်ရှင် ုဒေါ့ဖ် ဖူးမျှော်တဲ့အခါ ဒီးက သူရထားတဲ့ ကျမ်းလက်ရေးမူတစ်ခုကို ထုတ်ပြခဲ့တယ်။ အဲဒီလက်ရေးမူကျမ်းက ဗွိုင်နစ်လက်ရေးမူ Voynich manuscriptလို့ ကျော်ကြားလာမယ့် ကျမ်းတစ်ဆူ ဖြစ်ပါတယ်။

# ဗွိုင်နစ်လက်ရေးမူကျမ်း

အဲဒီကျမ်းက လက်ရေးမူကျမ်းဖြစ်ပြီး ပုံတွေကို အရောင်နဲ့ ဆွဲပြပေးထားတယ်။ ဘေဘီလုံညီအစ်ကိုတို့ရဲ့ နက်နဲတဲ့သိပ်ပညာတွေကို သိခွင့်ရခဲ့ပြီး သူတို့ဆီက ခွင့်ပြုချက်ဖြင့် ရေးသားခဲ့တယ်လို့ ယူဆကြတယ်။ အဲဒီလိုမျိုး လီယိုနာဒို ဒါဗင်စီကလည်း ရခဲ့ဖူးပါတယ်။ သူက ပုံကြမ်းတွေရေးဆွဲပြီး တင်ပြခဲ့တာမှာ ရဟတ်ယာဉ်ပုံတောင် ပါပါတယ်။ အခုခေတ် ရဟတ်ယာဉ်တွေရဲ့ အခြေခံသဘောတရားနဲ့ အလုပ်လုပ်ပုံက ဒါဗင်စီရဲ့ ရဟတ်ယာဉ်ရဲ့ အခြေခံသဘောတရားတွေ၊ အလုပ်လုပ်ပုံတွေနဲ့ အတူတူ ဖြစ်နေပါတယ်။

အခုပြောပြနေတဲ့ကျမ်းကို ဘယ်သူဘယ်ဝါရေးတယ်ဆိုတာ မသိကြရဘူး။ လက်ပြောင်းလက်လွှဲတာတွေ အကြိမ်ကြိမ်ဖြစ်ခဲ့ပြီး ၁၉၁၂ခုနှစ်မှာ အမေရိကန်မှ စာအုပ်အဟောင်း ရောင်းဝယ်သူ ဗွိုင်နစ်ဆိုသူရဲ့ လက်ထဲကို ရောက်ရှိခဲ့ရာက ဗွိုင်နစ် လက်ရေးမူကျမ်းလို့ အမည်တွင်ခဲ့ပါတယ်။


ဒီကျမ်းကို ရေးတဲ့သူ ဘယ်သူလဲဆိုတာကို အဖြစ်နိုင်ဆုံးလူကို လက် ညှိုးထိုးပြပါဆိုရင်တော့ ရောဂျာဘေကွန်ကို လက် ညှိုးထိုးပြရပါမယ်။ ခုနကပြောတဲ့ ဖရန်စစ်ဘေကွန် မဟုတ်ပါဘူး။ အတွေးအမြင်သစ်တွေ ဖော်ထုတ်ပေးခဲ့သူနှစ်ယောက်က နာမည်လာတူနေကြတယ်။

ဒီကျမ်းကို ဒီးက ဘိုဟီးမီးယားပြည့်ရှင် ရူဒေါ့ဖ်ထံမှာ ရွှေ ၆၆၄၂ အောင်စဖြင့် ရောင်းချခဲ့ပါတယ်။ ၂၀၀၅ခုနှစ်က ကမ္ဘာ့ရွှေဈေးနဲ့ အမေရိကန်ဒေါ်လာ ပေါက်ဈေးတို့ဖြင့် တွက်ချက်မယ်ဆိုပါက ဒေါ်လာ ၃၀ ၈၀၀ ကျသင့်ပါတယ်။

ဘာများ ထူးခြားလို့ ဒီလို ဈေးကြီးပေးဝယ်ရတာလဲ။

ရေးထားတဲ့ အက္ခရာတွေက ကမ္ဘာပေါ်မှာ ဘယ်နိုင်ငံမှာမှ မရှိတဲ့ အက္ခရာတွေ ဖြစ်နေလို့ ဘာရေးထားမှန်း မသိကြရဘူး။ ဒါပေမယ့် ပုံတွေပါနေတော့ ခန့်မှန်းလို့ရတာတွေတော့ ရှိပါတယ်။ မိုက်ခရိုစကုပ်၊ တယ်လီစကုပ်၊ ကား၊ ရေငုပ်သင်္ဘော၊ လေယာဉ်ပျံ စတာတွေ ဖော်ပြထားတယ်။ ကမ္ဘာက မပြားဘူး။ လုံးနေတဲ့ပုံနဲ့ ဖော်ပြထားတယ်။

'ကမ္ဘာ့ ပဟေဠိအဆန်းဆုံး လက်ရေးမူကျမ်း' အဖြစ် သတ်မှတ်ထားကြပါတယ်။



တစ်ယောက်ယောက်က ရေးမူအဖြစ် လုပ်ကြံဖန်တီးထားတာ ဟုတ် မဟုတ်ဆိုတာကိုလည်း ကာဗွန်



ုက္ခဗေဒအပိုင်းမှ ဖြန့်ထုတ်ရန်အပိုင်းပါရှိသည့် စာမျက်နှာကို တွေ့ရပုံ



သက်တမ်းဖော်နည်းနဲ့ စစ်ဆေးကြည့်ခဲ့တာမှာ မင်ရော စက္ကူပါ ၁၄၀၄နဲ့ ၁၄၃၈ ခုနှစ်အတွင်း မှာ ဖြစ်မယ်လို့ သိရပါတယ်။ စက္ကူပုရပိုက်အဖြစ် ရေးသားပြုစုခဲ့တာ ဖြစ်ပြီး လက်ပြောင်း လက်လွှဲလုပ်ကြရာက တစ်ယောက်ယောက် စာအုပ်အဖြစ် ချုပ်ခဲ့တယ်လို့ ယူဆကြပါတယ်။ အခု ရှားပါးစာအုပ်နဲ့ လက်ရေးမူစာကြည့်တိုက်၊ ယေးလ်တကသိုလ်ရဲ့ လက်ထဲမှာ ရောက်ရှိနေတယ်လို့ သိရပါတယ်။ မိတ္တူပုံကူးယူပြီး စာအုပ်အဖြစ်လည်း ထုတ်ဝေခဲ့ကြ ပါတယ်။

အခုလက်ရှိမှာ စာရွက်မစုံတော့ဘူး။ မူရင်းက ပုရပိုက် စက္ကူလိပ်ပေါင်း ၁၇လိပ် ရှိပြီး တစ်လိပ်မှာ ၁၆မျက်နှာစီပါပါတယ်။ ဒီတော့ စာမျက်နှာ စုစုပေါင်း ၂၇၂မျက်နှာ ရှိရမယ်လို့ ခန့်မှန်းပါတယ်။ အခု ချုပ်ထားတဲ့ အစီအစဉ်ကလည်း စာရွက်ထပ်တာ မှားယွင်း နေတယ်လို့ လေ့လာသူတွေက သုံးသပ်ကြပါတယ်။

ဘာတွေ ရေးထားမှန်း မသိကြရပေမယ့် စာရေးတဲ့စနစ်က အခု ဒီစာအုပ်မှာ သုံးထားတဲ့စနစ်အတိုင်း ဝဲမှယာ၊ ထက်မှအောက် ရေးထားတယ်လို့ ကောက်ချက်ချ ကြပါတယ်။ မြေကမ္ဘာမှာ စာရေးကြသူတွေ သုံးသလိုမျိုး ပုဒ်ဖြတ်၊ ပုဒ်ရပ်တွေ မတွေ့



ရဘူး။ အခြားဂြိုဟ်ကမ္ဘာက စာဖြစ်မယ်ဆိုတာ သေချာနေတယ်။ ဘာလို့လဲဆိုတော့ စကြဝဠာအကြောင်းကို ပုံတွေ ဆွဲပြထားတာ ပုံတစ်ပုံက နက်ဗျူလတစ်ခုရဲ့ ပုံ ဖြစ်နေတယ်။ Andromeda nebula လို့ အခုအခါမှာ အဆုံးအဖြတ်ပြုကြတယ်။ ဟိုတစ်ချိန်တုန်းက တော့ ဘာကို ဆွဲပြထားမှန်းတောင် မသိခဲ့ကြရပါဘူး။

ဘာမှန်းညာမှန်း သိသွားကြပြီး အင်ဒိုမီဒါနက်ဗျူလလို့ ပြောနိုင်တဲ့အခါ အံ့သြ မိကြရတာက ဆွဲပြထားတဲ့ပုံက ကမ္ဘာပေါ်ကနေ လှမ်းကြည့်ရင် တွေ့ရတဲ့ ႕ထောင့် မဟုတ်ဘူး ဖြစ်နေတယ်။ တခြားစကြဝဠာကနေ လှမ်းကြည့်ရင် တွေ့ရမယ့် ႕ထောင့် ဖြစ်နေတယ်။

ဒီတော့ ကမ္ဘာပေါ်မှာ မရှိတဲ့ အက္ခရာစာလုံးတွေနဲ့ ရေးထားတာဟာ အခြား ဂြိုဟ်ကမ္ဘာက စာဖြစ်မယ်လို့ ကောက်ချက်ချကြတာ သဘာဝကျပါတယ်။

စာတွေကို ရေးထားတာမှာ ညာဘက်မှာ မာဂျင်ချန်ထားတာ တွေ့ရတယ်။ တစ်နည်းပြောရရင် စာရေးတဲ့စနစ်၊ မာဂျင်ထားပုံတွေက မြေကမ္ဘာရဲ့ စနစ်ကို ကျင့်သုံး ထားတယ်။ ဒီတော့ မြေကမ္ဘာပေါ်က လူတစ်ဦးဦး၊ ဒါမှ မဟုတ် လူတစ်စုက အခြား ဂြိုဟ်ကမ္ဘာက စာတွေကို တာဝန်ယူပြီး ရေးပေးခဲ့တာ ဖြစ်မယ်လို့ ကောက်ချက်ချကြပါတယ်။ အများစုကတော့ ဘုန်းတော်ကြီးရောဂျာဘေကွန်က ရေးခဲ့တယ်လို့ ယူဆကြပါတယ်။

လက်ရေးစာလုံးပေါင်း ၁၇၀ ၀၀၀ ပါရှိတယ်။ တစ်လုံးနဲ့တစ်လုံးကြားမှာ နေရာ သေးသေးကလေးချန်ပြီးရေးထားလို့ အခုလို ရေတွက်နိုင်တာ ဖြစ်ပါတယ်။

အပိုင်း ၆ ပိုင်းပါရှိပြီး နောက်ဆုံးအပိုင်းကလွဲရင် ကျန်တဲ့အပိုင်း ၅ပိုင်းစလုံးရဲ့ စာမျက်နှာတိုင်းမှာ အရောင်နဲ့ ရေးဆွဲထားတဲ့ပုံတွေ ပါရှိပါတယ်။ ပုံတွေပါလို့ နည်းနည်း ပါးပါး တီးမိခေါက်မိပြီး တအံ့တသြ ဖြစ်ကုန်ကြရတယ်။ အဲဒီလို ဖြစ်အောင် တမင်ရည် ရွယ်ပြီး ပုံတွေထည့်ပြီး လှွတ်လိုက်သလားလို့ စဉ်းစားစရာ ဖြစ်နေပါတယ်။ 'နားများ ရှိသူတို့အတွက်သာ' ဆိုတဲ့ ဂန္ဓာရီဆိုိုးစကားကို သတိရမိစေပါတယ်။ ကြားနိုင်တဲ့ နား ရှိတဲ့သူမှသာလျှင် ကြားသိနိုင်လိမ့်မယ်။

တစ်ပိုင်းက အပင်ငယ်ကလေးတွေအကြောင်းကို ဖော်ပြထားတယ်။ အပင်ပုံ တစ်ပုံနှစ်ပုံ ဖော်ပြပြီး စာတွေရေးထားတယ်။ ဒါပေမယ့် ႕ုက္ခဗေဒကျွမ်းကျင်သူတွေ လက် မှိုင်ချကြရတယ်။ ကမ္ဘာပေါ်မှာ တစ်ခါမှ မတွေ့ဖူးသေးတဲ့ အပင်တွေချည်း ဖြစ်နေတယ်။

တစ်ပိုင်းက နက္ခတဗေဒ။ စက်ဝိုင်းပုံကို အခြေခံပြီး နေတွေ (နေတစ်စင်းထဲ မဟုတ်ပါ)၊ လတွေ၊ ကြယ်တွေရဲ့ ပုံတွေ ပါတယ်။ ဆယ့်နှစ်ရာသီခွင်လိုပုံမျိုးလည်း ပါတာ ကြောင့် နက္ခတဗေဒသက်သက်မဟုတ်ဘဲ နက္ခတ်ဗေဒင် ဖြစ်မယ်လို့ ခန့်မှန်းကြပါတယ်။ ပုံတစ်ခုမှာ မြေကမ္ဘာက သုံးစွဲတဲ့ နက္ခတ်ပုံတွေ တွေ့ရတယ်။ ဥပမာ မိန်ရာသီရဲ့ ငါးနှစ်ကောင် ႕ပ်ပုံကို တွေ့ရတယ်။ ပြိ ရာသီရဲ့ နွားလားပုံကို တွေ့ရတယ်။ ဓနုရာသီရဲ့ လေးစွဲယောက်ျားမှုဆိုးပုံကို တွေ့ရတယ်။ ပြီးတော့ မိန်းမဖြစ်ဟန်တူသူတွေက လက်ချင်း ချိတ်ပြီး ခ႕ပတ်ခွေနေတဲ့ လမ်းကြောင်းမှာ နေရာယူထားတဲ့ပုံ ပါတယ်။ စုစုပေါင်း

အယောက် ၃၀ ဖြစ်ပါတယ်။


အမျိုးသမီးပုံ အများစုက အမျိုးသမီးလို့ ခန့်မှန်းနိုင်ကြတာက ကိုယ်ခန္ဓာ အပေါ်ပိုင်းမှာ အဝတ်ဗလာဖြစ်နေကြတာမို့ ရင်သားအလုတွေ ပေါ်နေတာကြောင့် ဖြစ်ပါတယ်။ အမျိုးသမီးတိုင်းမှာ ကြယ်တစ်ပွင့်စီ ရှိနေကြတယ်။ လက်ထဲမှာ ကိုင်တဲ့သူ ရှိသလို ကြိုးမျှင်ဖြင့် ကြယ်ကို ချိတ်ဆက်ထားသူတွေလည်း ရှိပါတယ်။ လက်လိုလို အတံတစ်ခု ထွက်ပြီး ကြယ်နဲ့ ထိနေတာလည်း ပါပါတယ်။ နောက်ဆုံး စာမျက်နှာ ၂ခု ပါမလာတော့ဘူး။ တချို့စာမျက်နှာတွေက ဘေးကို ဖြန့်ဖို့ အပိုင်းတစ်ပိုင်း အပိုပါတယ်။

ဇီဝဗေဒအပိုင်းတစ်ပိုင်း ပါတယ်။ စာတွေကျပ်နေအောင် ရေးထားပြီး ပုံလည်း ဆွဲပြထားတယ်။ ရေအိုင်ငယ်ထဲမှာ အမျိုးသမီးတစ်သိုက် ရောက်ရှိနေပုံကို စာမျက်နှာတိုင်းမှာ လိုလို ပါရှိပါတယ်။ ခုနက အမျိုးသမီးတွေလိုပဲ အမျိုးသမီးမှန်း သိသာနေစေပါတယ်။

ပိုက်ပြွန်နဲ့ အလားသဏ္ဌာန်တူတဲ့အရာတွေက လာဆက်သွယ်ထားပြီး တချို့က ကိုယ်ခန္ဓာရဲ့ အင်္ဂါအစိတ်အပိုင်းနဲ့ ဆင်ဆင်တူနေတာကို တွေ့ကြရတယ်။ တချို့အမျိုးသမီးတွေက ခေါင်းမှာ သရဖူဆောင်းထားတယ်။

စကြဝဠာဗေဒ ကောစမောလော်ဂျီကလည်း အပိုင်းတစ်ပိုင်းအဖြစ် ပါဝင်ပါတယ်။ ပုံအများစုက စက်ဝိုင်းပုံ၊ ဝဲသြဂပုံတွေ ဖြစ်နေတာ တွေ့ကြရတယ်။ ဖြန့်ထုတ်ပြီး ကြည့်ရမယ့် စာရွက်ခေါက်တွေ စာမျက်နှာတိုင်းမှာ ပါတယ်။ စာမျက်နှာတစ်ခုမှာဆိုရင် အကုန်ဖြန့်ထုတ်လိုက်တဲ့အခါ စာမျက်နှာ ၆ မျက်နှာစာ ဖြစ်သွားတာ တွေ့ရတယ်။ ပုံတစ်ပုံမှာ ကျွန်းနဲ့ အလားသဏ္ဌာန်တူတဲ့ပုံ ၉ခုပါပြီး တာ ိုးတွေနဲ့ ဆက်သွယ်ထားတာကို ဖော်ပြပေးထားတယ်။ မြေပုံလို ဖြစ်နေပြီး ရဲတိုက်တွေ၊ မီးတောင်လိုလိုဟာတွေလည်း ပါတယ်။

ဆေးဘက်ဆိုင်ရာ အပိုင်းကတော့ အပင်ရဲ့ အစိတ်အပိုင်းတွေကို စာအ ႇန်း ထိုးပြထားတယ်။ စာပိုဒ်တွေလည်း ပါတယ်။



စကြဝဠာဗေဒအပိုင်းမှ ဖြန့်ထုတ်ရန်အပိုင်းပါရှိသည့် စာမျက်နှာကို တွေ့ရပုံ

ဖော်စပ်နည်း အပိုင်းလည်း ပါတယ်။ စာပိုဒ်အတိုတွေ အများကြီးပါတယ်။

ကျမ်းတစ်စောင်လုံးမှာ ပုံတွေ ဖော်ပြထားတာမှာ တချို့ပုံတွေက အင်မတိအင်မတန် အားကောင်းတဲ့ တယ်လီစကုပ် မှန်ပြောင်းကြီးတွေနဲ့ ကြည့်မှ မြင်ရမယ့် ပုံတွေ ဖြစ်နေတယ်။ တချို့ပုံတွေက အနုကြည့် မှန်ဘီလူး မိုက်ခရိုစကုပ် အကောင်းစားနဲ့ ကြည့်မှ မြင်နိုင်တဲ့ပုံမျိုးတွေ ဖြစ်နေတယ်။

လက်ရေးမူကျမ်းက ပဟေဋိဖြစ်ရတဲ့အပြင် ဒီလက်ရေးမူကျမ်း ဘယ်က ပေါ်လာသလဲဆိုတာကလည်း တိတိကျကျ မသိကြရဘူး။ ဒီကျမ်းရဲ့ သမိုင်းမှာ အဆက်ပြတ်နေတာတွေ ရှိနေလို့ နောက်ကြောင်း ပြန်လိုက်ဖို့ အခက်တွေ့ကြရတယ်။

၁၇ရာစုတုန်းက ပရာမြို့တော်နေ အင်္ဂရတ်သမားတစ်ဦးဆီကို လက်ရေးမူကြမ်း ရောက်ရှိသွားခဲ့ဖူးတယ်။ သူ့နာမည်က ဂျော့ဘဲရ်ှဖြစ်ပြီး အင်္ဂရတ်ဝှက်ကျမ်းတစ်ခုအဖြစ် ပဟေဋိကို အဖြေညှိကြည့်ခဲ့ဖူးတယ်။ ခေါင်းချုပ်ရတာကလွဲလို့ ဘာအဖြေမှ မရခဲ့ဘူး။ ဒါနဲ့ စာအုပ်စင်မှာ ချောင်ထိုးထားလိုက်တယ်။

သူ့ဆီမှာ ဝှက်ကျမ်းတစ်ဆူရှိနေတာကို ဝှက်စာတတ်ကျွမ်းတဲ့သူ ကာချာက သိသွားပြီး နမူနာကြည့်ချင်တယ်လို့ လှမ်းတောင်းတာကြောင့် စာရွက်တစ်ချို့ကို လှမ်းတောင်းတဲ့ ရောမက ကာချာဆီကို ပေးလိုက်တယ်။ ကာချာက ရှေးအီဂျစ်ပုံစာကို ကျွမ်းကျင်သူ ဖြစ်ပါတယ်။ ဒီကျမ်းကိုတော့ သူလည်း လက်မှိုင်ချခဲ့ရတယ်။

ဂျော့ဘဲရ်ှ ကွယ်လွန်တဲ့အခါ သူ့သူငယ်ချင်း ပါမောက္ခချုပ်တစ်ယောက်ဆီကို လက်ရေးမူကျမ်း ရောက်ရှိသွားတယ်။

ဒီနောက်ပိုင်း လက်ရေးမူကြမ်း ဘယ်ကို ရောက်သွားခဲ့တယ်ဆိုတာ မသိကြရဘူး။ နှစ်ပေါင်း ၂၀၀လောက် ကြာပြီးချိန်ကျမှ ပြန်ပေါ်လာခဲ့ပါတယ်။

၁၈၇၀ခုနှစ်မှာ အီတလီစစ်တပ်က မြို့ကလေးတစ်မြို့ကို သိမ်းတယ်။ စာကြည့်တိုက်မှာ ရှိတဲ့ စာအုပ်တွေကိုပါ သိမ်းလေ့ရှိတာကြောင့် စာကြည့်တိုက်တွေက စာအုပ်တွေကို အိမ်တွေဆီ သယ်ပြီး သိမ်းထားကြရတယ်။ အဲဒီလို အိမ်ကို သယ်ပြီး သိမ်းထားတဲ့အထဲမှာ လက်ရေးမူကြမ်းလည်း ပါနေတယ်။ ဒီသာပါမောက္ခတစ်ဦးဖြစ်သူ ကော်လီဂီယို ရိုမန်နိုရဲ့ အိမ်က စာကြည့်တိုက်ထဲကို ရောက်သွားပြီး ချောင်ထိုးခံထားရပြန်ပါတယ်။

တစ်ရက်မှာတော့ ရိုမန်နိုက ဘိုင်ကျလို့ သူ့စာအုပ်စင်က စာအုပ်တွေ ထုတ်ရောင်းပစ်တယ်။ ဒါမျိုးက ကျွန်တော့်လို့ စာရေးဆရာမျိုးအဖို့ လုပ်နေကျအလုပ်ပါ။ ဒီသာပါမောက္ခတောင် ဒီလိုလုပ်ရတယ်ဆိုတော့ အားတက်မိပါရဲ့။

ရိုမန်နိုက ပိုလန်–လစ်သူနီယမ်–အမေရိကန်ကပြား စာအုပ်အဟောင်း ရောင်းဝယ်သူ ဝဲလ်ဖရစ်ဗွိုင်နစ်ကို သူ့အိမ်ခေါ်ပြီး တိုးတိုးတိတ်တိတ် ကြိတ်ရောင်းပါတယ်။ ဘိုင်ကျလို့ စာအုပ်ရောင်းရတာကို လူသိမခံချင်လို့ ဖြစ်ပါတယ်။ သူက ရှားပါးလက်ရေးမူ စုစုပေါင်း ၃၀ကို ရောင်းတဲ့အထဲမှာ ဘာဘာသာနဲ့ ရေးထားမှန်း မသိရတဲ့ လက်ရေးမူကြမ်းလည်း ပါပါတယ်။

ဒီလိုနဲ့ ဗွိုင်နစ်ရဲ့ လက်ထဲကို ရောက်ရှိသွားပါတယ်။ သူသေတော့ သူ့ဇနီး မုဆိုးမက အမွေရတဲ့အထဲမှာ ဒီလက်ရေးမူကြမ်း ပါပါတယ်။ ၁၉၆၀ခုနှစ်မှာ သူသေတော့ အရင်းနှီးဆုံး သူငယ်ချင်းဆီကို ရောက်သွားတယ်။

သူက စာအုပ်အဟောင်း ဝယ်ရောင်းလုပ်သူ ဟန်ကရာအပ်စ်ကို ရောင်းလိုက်တယ်။ ဟန်ကရာအပ်စ် လက်ထဲမှာ ရောင်းမထွက်ဘဲ တလည်လည်နဲ့ ဖြစ်နေရာက သူက ဘာစိတ်ကူးပေါက်တယ် မသိရဘူး။ ယေးလ်တကသိုလ် စာကြည့်တိုက်ကို ၁၉၆၉ခုနှစ်မှာ လှူဒါန်းလိုက်တယ်။

စဉ်းစားကြည့်မယ်ဆိုရင် ဒီလက်ရေးမူကျမ်းက ပျက်စီးပျောက်ပျက်သွားသင့်ပါတယ်။ စာကြည့်တိုက်ကောင်းကောင်းတစ်ခု၊ ဒါမှ မဟုတ် မော်ကွန်းတိုက် ကောင်းကောင်းတစ်ခုမှာ ကျကျနန သိမ်းထားပေးတာကြောင့် မပျောက်မပျက် ဆက်ရှိနေတာက သဘာဝကျတယ်။ အခုဟာက ဟိုလူ့အိမ်ကိုရောက်လိုက် ဒီလူ့အိမ်ကို ရောက်လိုက်နဲ့ ခရီးလှည့်ခဲ့တယ်။ စစ်ဘေးဒဏ်လည်း ကြုံခဲ့တယ်။ ဘာစာတွေမှန်းလည်း မသိကြရပေမယ့် သိမ်းထားဖြစ်ခဲ့ကြတယ်။ နောက်ဆုံးမှာ စိတ်ချရတဲ့နေရာဖြစ်တဲ့ ယေးတကသိုလ် စာကြည့်တိုက်ကို ရောက်သွားတယ်။ ကမ္ဘာတည်သရွေ့ တည်တံ့နေဦးမယ့် သဘော ရှိပါတယ်။

ရှေးတ ုတ်ကျမ်းတွေထဲမှာလည်း မပျက်မစီးတဲ့ ကျမ်းတစ်ဆူ ရှိတယ်။ တူဗေဒင်အဖြစ် ဗေဒင်နယ်ပယ်မှာ သုံးစွဲကြတဲ့ ယိကျင်းကျမ်း ဖြစ်ပါတယ်။ ဘုရင်က ရှိသမျှကျမ်း မီးပုံ ို့ရမယ်လို့ အမိန့်ထုတ်ပြီး ရမ်းကားတယ်။ အိမ်မှာ ဘာကျမ်းရှိနေနေ သေဒဏ်လို့တောင် အမိန့်ထုတ်ပြီး ရှိရှိသမျှ ကျမ်းတွေ လာရောက်အပ်နှံခိုင်းတယ်။ ပြီးတဲ့အခါ မီးတင် ို့ပြီး ဖျက်ဆီးပစ်ခဲ့တယ်။ ဒီလိုလုပ်ပေမယ့် ယိကျင်းကျမ်းက ရန်သူမျိုး ငါးပါးထဲက မီးနဲ့မင်းဆိုတဲ့ ရန်၂ပါးက လွတ်ခဲ့ပါတယ်။ ကမ္ဘာတည်သရွေ့ တည်တံ့နေဦးမယ့် သဘော ရှိပါတယ်။

ဗွိုင်နစ်လက်ရေးမူကြမ်းကို ဝှက်စာတစ်ခုအဖြစ် သဘောထားပြီး ဖတ်နိုင်အောင် ကြိုးစားခဲ့ကြတယ်။ ၂၀ရာစုမှာ ဝှက်စာဖော်ဖို့ ကြိုးစားမှုအများဆုံး ပြုခဲ့တဲ့ စာမူအဖြစ် စံချိန်တင်ခဲ့တယ်။ အမေရိကန်အာကာသဂျေင်စီ (ဝါ) နာဆာမှ ဝှက်စာကျွမ်းကျင်သူအဖွဲ့က ၁၉၅၀ခုနှစ်ကျော်မှာ ကြိုးစားကြည့်ခဲ့ကြတယ်။ နာဆာမှာ ဒီလို ဝှက်စာကျွမ်းကျင်သူတွေ ထားရှိရတာ အာကာသထဲမှာ တခြားကမ္ဘာက အသံလွှင့်ချက်ဖြစ်ဖြစ်၊ သင်္ကေတတွေဖြစ်ဖြစ်၊ အချက်ပြတာဖြစ်ဖြစ် ကြုံရရင် အဖြေသိချင်လို့ ဖြစ်ပါတယ်။

ပထမကမ္ဘာစစ်နဲ့ ဒုတိယကမ္ဘာစစ်အတွင်းမှာ ရန်သူဘက်က ဝှက်စာတွေ ဖော်ပေးခဲ့ဖူးတဲ့ ဝှက်စာကျွမ်းကျင်သူတွေလည်း အကြိမ်ကြိမ် ကြိုးစားကြည့်ခဲ့ကြဖူးပါတယ်။

အီဂျစ်အ ုပ်စာ၊ ဆူမာရီးယန်းစာ စတဲ့ ရှေးစာတွေကို အထူးကျွမ်းကျင်သူတွေကလည်း စိတ်ဝင်တစားဖြင့် ဖော်ကြည့်ခဲ့ဖူးပါတယ်။

ပါမောက္ခတစ်ယောက်ကတော့ စာပိုဒ်တစ်ပိုဒ်ကို ဖော်လို့ရခဲ့တယ်လို့ ကြေညာခဲ့ဖူးပါတယ်။ သူ ဘာသာပြန်ကြည့်တာကို တင်ပြခဲ့ပါတယ်။

''ကြေးမုံခွက်ထဲ ကြယ်တစ်ပွင့်ကို ငါတွေ့၏။ ခ ု ပက်ကျိုပုံဖြစ်၏။ ပီဂါဆပ်စ်ရဲ့ ချက်မနှင့် အန်ဒ ိုမီဒါ၏ ခါးပန်းကြိုးတို့ကြား၊ ကာစီယိုပီယာ၏ ဦးခေါင်းတွင် ဖြစ်၏။''

# နာမည်ကြီးသူသာ ကြားနေစေ

ဖရန်စစ်ဘေကွန်အကြောင်းကို ရေးရင် ရှိတ်စပီးယားပြဇာတ်တွေအကြောင်းကိုပါ ရေးမှ ပြည့်စုံမှာမို့ ရေးသာရေးလိုက်ရတယ်။ ကျွန်တော် ရှိတ်စပီးယားပြဇာတ်တွေနဲ့ အကျွမ်းတဝင် မရှိဘူးဆိုတာ ဝန်ခံပါတယ်။ ``ရိုမီယိုနဲ့ ဂျူးလီယက်''ကိုတောင် ``ပ်ရှင်''အဖြစ် သမ္ဗတ``မှာ ကြည့်ဖူးတာလောက်ပဲ ရှိပါတယ်။

ရှိတ်စပီးယားရေးသားခဲ့တဲ့ ပြဇာတ်တွေ အကုန်လုံး မဟုတ်ရင်တောင် အများစုကို ရေးပေးခဲ့သူက ဖရန်စစ်ဘေကွန် ဖြစ်နေတယ်လို့ သိရတယ်။

သူက နာမည်ကြီးသူသာကြားစေဆိုတဲ့ စကားအတိုင်း ပြဇာတ်တွေထဲမှာ ဝှက်စာတွေထည့်ပြီး ရေးခဲ့တယ်လို့ ဆိုပါတယ်။ မသိသူကျော်သွား သိသူဖော်စားဖို့ ရေးထားခဲ့တာလို့ ဆိုပါတယ်။ ဘာလို့ ဒီလို ထည့်ရေးရသလဲဆိုတော့ ဖရီးမေဆင်ဂိုဏ်းရဲ့ တာဝန်တစ်ရပ်အနေဖြင့် ရေးခဲ့တာလို့ သိရပါတယ်။

သူက ဖရီးမေဆင်ရဲ့ အဆင့်မြင့်ပုဂ္ဂိုလ်တစ်ဦးဖြစ်တာကြောင့် ၃၃ ဒီဂရီကို အသုံးပြုခဲ့ပါတယ်။ ရှိတ်စပီးယားရဲ့ ပြဇာတ်တစ်ပုဒ်ဖြစ်တဲ့ *Henry The Fourth* ရဲ့ ပထမပိုင်းမှာ ပါတဲ့စာမျက်နှာတွေထဲက စာမျက်နှာတစ်ခုမှာ Francis ဆိုတဲ့ သူ့အမည်ကို ၃၃ကြိမ်တိတိပါအောင် ရေးထားပါတယ်။

ပြီးတော့ စာရွက်မှာ ရေစာအဖြစ် နှင်းဆီ၊ ကားတိုင်နဲ့ စပျစ်ခိုင်ပုံကို ဖော်ပြခဲ့တယ်လို့ ဆိုပါတယ်။ အဲဒီပုံက ``ရိုစီခရူစီယန်''ကို ရည်ညွှန်းပါတယ်။ တချို့ရေစာတွေမှာတော့ တားရော့ဒ်ကတ်က ပုံတွေကို သုံးစွဲထားပါတယ်။ သူနဲ့ သက်ဆိုင်တဲ့ ကတ်တွေဖြစ်တဲ့ နံပါတ် ၂၁၊ ၅၆နဲ့ ၇၈ တို့ရဲ့ ကတ်ပုံတွေ သုံးစွဲခဲ့ပါတယ်။

နန်းတွင်းဇာတ်ဝင်ခန်းတွေကို အသေးစိတ်ခြယ်မှုန်းနိုင်ဖို့ဆိုတာ ရှိတ်စပီးယားလို အလွှာမျိုးအနေဖြင့် မသိနိုင်ပါဘူး။ နန်းတွင်းမှာ တစ်သက်လုံးနေလာတဲ့သူမျိုးမှသာ ရေးနိုင်တာမျိုး ဖြစ်နေပါတယ်။ ဒါကြောင့် ဘယ်သူရေးပေးတာ ဖြစ်နိုင်သလဲလို့ ဆန်းစစ်ကြည့်ကြရာက ဖရန့်စစ်ဘေကွန်ကို တွေ့သွားခဲ့ကြတာ ဖြစ်ပါတယ်။ တချို့ပြဇာတ်တွေကို ဘုရင်မ အဲလစ်ဇဘက်က ရေးပေးခဲ့တာဖြစ်မယ်လို့လည်း ခန့်မှန်းကြပါတယ်။

ဘေကွန်က ဝှက်စာရေးတဲ့အတတ်ပညာကို ကျွမ်းကျင်သူ ဖြစ်တာကြောင့် သူရေးပေးခဲ့တယ်လို့ ယူဆကြရတဲ့ ပြဇာတ်တွေကို အခုအခါမှာ ဝှက်စာတွေ ပြန်ဖော်ကြည့်ခဲ့ကြပါတယ်။ ဒီအခါမှာ ဖရန်စစ်ဘေကွန်နဲ့ ပတ်သက်နေတဲ့ အချင်းအရာတွေကို တစ်ခုပြီးတစ်ခု ဖော်ထုတ်နိုင်ခဲ့ကြတယ်။ အဲဒါကြောင့် ရှိတ်စပီးယားရဲ့ ပြဇာတ်တွေကို ရှိတ်စပီးယားကရေးတာ မဟုတ်ဘူး။ ဘေကွန်ရေးတာဖြစ်မယ်လို့ ကောက်ချက်ချကြရတာ ဖြစ်ပါတယ်။

ဘေကွန်က သူရေးတာကို သူနာမည်မခံလိုတာကြောင့် တခြားသူတစ်ယောက်ကို နာမည်ခံခိုင်းတာမှာ ဘာလို့ ရှိတ်စပီးယားကို ရွေးခဲ့ရတာလဲ။

POINTZ.
Where hast been, Hal?
PRINCE.
With three or four loggerheads amongst three or fourscore hogsheads. I have sounded the very base-string of humility.Sirrah, I am sworn brother to a leash of drawers; and can call them all by their Christian names, as, Tom, Dick, and **Francis**. They take it already upon their salvation, that though I be but Prince of Wales, yet I am the king of courtesy; and tell me flatly I am no proud Jack, like Falstaff, but a corinthian, a lad of mettle, a good boy,—by the Lord, so they call me;—and, when I am King
of England, I shall command all the good lads in Eastcheap. They call drinking deep, dying scarlet; and, when you breathe in your watering, they cry hem! and bid you play it off. To conclude, I am so good a proficient in one quarter of an hour, that I can drink with any tinker in his own language during my life. I tell thee, Ned, thou hast lost much honour, that thou wert not with me in this action. But, sweet Ned,—to sweeten which name of Ned, I give thee this pennyworth of sugar, clapp'd even now into my hand by an under-skinker; one that never spake other English in his life than Eight shillings and sixpence, and You are welcome; with this shrill addition, Anon, anon, sir! Score a pint of bastard in the Half-moon,—or so. But, Ned, to drive away the time till Falstaff come, I pr'ythee, do thou stand in some by-room, while I question my puny drawer to what end he gave me the sugar; and do thou never leave calling **Francis**! that his tale to me may be nothing but Anon. Step aside, and I'll show thee a precedent.
[Exit Pointz.]
POINTZ. [Within.] **Francis**!
PRINCE. Thou art perfect.


The First Part of Henry the Fourth, with the Life and Death of HENRY Sirnamed HOTSPVRRE.

POINTZ. [Within.] **Francis**!
[Enter **Francis**.]
FRAN. Anon, anon, sir.—Look down into the Pomegranate, Ralph.
PRINCE. Come hither, **Francis**.
My lord?
PRINCE. How long hast thou to serve, **Francis**?
FRAN. Forsooth, five years, and as much as to—
POINTZ. [within.] **Francis**!
FRAN. Anon, anon, sir.
PRINCE. Five year! by'r Lady, a long lease for the clinking of pewter. But, **Francis**, darest thou be so valiant as to play the coward with thy indenture and show it a fair pair of heels and run from it?
FRAN. O Lord, sir, I'll be sworn upon all the books in England, I could find in my heart—
POINTZ. [within.] **Francis**!
FRAN. Anon, anon, sir.
PRINCE. How old art thou, **Francis**?
FRAN. Let me see,—about Michaelmas next I shall be—
POINTZ. [within.] **Francis**!
FRAN. Anon, sir.—Pray you, stay a

little, my lord.
PRINCE. Nay, but hark you, **Francis**: for the sugar thou gavest me, 'twas a pennyworth, was't not?
FRAN. O Lord, sir, I would it had been two!
PRINCE. I will give thee for it a thousand pound: ask me when thou wilt, and thou shalt have it.
POINTZ. [within.] **Francis**!
FRAN. Anon, anon.
PRINCE. Anon, **Francis**? No, **Francis**; but to-morrow, **Francis**; or, **Francis**, a Thursday; or, indeed, **Francis**, when thou wilt. But, **Francis**,—
FRAN. My lord?
PRINCE. —wilt thou rob this leathern-jerkin, crystal-button,nott-pated, agate-ring, puke-stocking, caddis-garter,smooth-tongue, Spanish-pouch,—
FRAN. O Lord, sir, who do you mean?
PRINCE. Why, then, your brown bastard is your only drink; for, look you, **Francis**, your white canvas doublet will sully: in Barbary, sir, it cannot come to so much.
FRAN. What, sir?
POINTZ. [within.] **Francis**!
PRINCE. Away, you rogue! dost thou not hear them call?
[Here they both call him; **Francis** stands amazed, not knowing which way to go.]
[Enter Vintner.]
VINT. What, stand'st thou still, and hear'st such a calling? Look to the guests within. [Exit rancis.]—My lord, old Sir John,
with half-a-dozen more, are at the door: shall I let them in?
PRINCE. Let them alone awhile, and then open the door.
[Exit Vintner.]
Pointz!
[Re-enter Pointz.]
POINTZ. Anon, anon, sir.
PRINCE. Sirrah, Falstaff and the rest of the thieves are at the door: shall we be merry?
POINTZ. As merry as crickets, my lad. But hark ye; what cunning match have you made with this jest of the drawer? Come, what's the issue?
PRINCE. I am now of all humours that have showed themselves humours since the old days of goodman Adam to the pupil age of this present twelve o'clock at midnight.—What's o'clock, **Francis**?
FRAN. [Within.] Anon, anon, sir.
PRINCE. That ever this fellow should have fewer words than a parrot, and yet the son of a woman! His industry is up-stairs and down-stairs; his eloquence the parcel of a reckoning. I am not yet of Percy's mind, the Hotspur of the North; he that kills me some six or seven dozen of Scots at a breakfast, washes his hands, and says to his wife,Fie upon this quiet life! I want work. O my sweet Harry, says she,how many hast thou kill'd to-day? Give my roan horse a drench, says he; and answers, Some fourteen, an hour after,—a trifle, a trifle. I pr'ythee, call in Falstaff: I'll play Percy, and that damn'd brawn shall play Dame Mortimer his wife. Rivo! says the drunkard. Call in ribs, call in tallow.
[Enter Falstaff, Gadshill, Bardolph, and Peto; followed by
**Francis** with wine.]

ရှိတ်စပီးယားက စထရပ်ဖို့ဒ်မှာ ကြီးပြင်းခဲ့တယ်။ အရပ်ထဲမှာ သူ့ကို ဘတ် Bard လို့ သိကြတယ်။ အဲဒီ Bard ဝေါဟာရဲ့ အဓိပ္ပာယ်က အမဲလိုက်လို့ရလာတဲ့ သားကောင်ရဲ့ အသားကို ကင်ခါနီးမှာ အပေါ်ကနေ ဝက်ဆားနယ်ခြောက်အပြားနဲ့ အုပ်တဲ့ ဓလေ့ ရှိပြီး အဲဒီလို တင်လိုက်တဲ့အပြားကို 'ဘတ် Bard'လို့ ခေါ်ကြတယ်။ ဝက်ဆားနယ် ခြောက်အပြားကိုတော့ 'ဘေကွန်Bacon' လို့ ခေါ်ကြတယ်။ ဒီတော့ ဘတ်ဆိုတာက ဘေကွန် ဖြစ်နေတယ်။

အနောက်နိုင်ငံတွေမှာ နောက်ကွယ်ကနေ အမည်မခံဘဲ စာရေးပေးတဲ့သူကို တစ္ဆေစာရေးဆရာ ghost writer လို့ ခေါ်ကြတယ်။ ကျွန်တော်တို့ဆီမှာတော့ နောက်မှာ ထွက်နေတဲ့ အရိပ်နဲ့ တင်စားပြီး ရှဲဒိုး shadow လို့ ဘိုလို ခေါ်ကြတယ်။

ဘေကွန်က ဘာလို့ ရှိတ်စပီးယားရဲ့ ရှဲဒိုး လုပ်ရတာလဲ။ ဘေကွန်ရဲ့ တာဝန် က အရှည်သဖြင့် တည်တံ့နေဦးမယ့် စာ(ပြဇာတ်)ထဲမှာ ဝှက်စာထည့်ပေးဖို့ ဖြစ်ပါတယ်။ သူက ဂုဏ်သရေရှိ နန်းတွင်းသား ဖြစ်နေတယ်။ ဖက်ခွက်စားအလုပ်ဖြစ်တဲ့ ပြဇာတ်ရေး တာမျိုးက မသင့်မြတ်တဲ့အလုပ်ဖြစ်နေတယ်။ ဒီတော့ သူက နာမည်ခံခိုင်းပြီး ရှဲဒိုးလုပ်ခဲ့တယ် လို့ ယူဆကြပါတယ်။

ရှိတ်စပီးယား ကြီးပြင်းခဲ့ရတဲ့ စထရပ်ဖို့ဒ်မြို့ကလေးမှာ ရှိတ်စပီးယားရေးတဲ့ စာအဆင့်အတန်းလောက်ကို ရေးတတ်အောင် သင်ပေးနိုင်တဲ့ကျောင်း မရှိဘူး။ သူ့မိဘ တွေကလည်း စာတတ်ပေတတ်ဖြစ်ဖို့နေနေသာသာ စာကို မဖတ်တတ် မရေးတတ်ကြသူ တွေ ဖြစ်ပါတယ်။

လောကအကြောင်းကို နှောကြေနေတဲ့သူက ရေးမှ ရမယ့် ပြဇာတ်မျိုးတွေ ဖြစ်နေတယ်။ ဒေသန္တရဗဟုသုတတွေလည်း ကြွယ်ဝဖို့ လိုတယ်။ ဒီအတွက် ရှိတ်စပီးယားက ခရီးသွားလာတာခဲ့တာတွေလည်း မရှိဘူး။ အကိုးအကားပြုပြီး ရေးတယ်လို့ ဆိုရအောင် ကလည်း သူ့မှာ အသုံးပြုတဲ့စာကြည့်တိုက် မရှိဘူး။ ရှိရင်လည်း သုံးတတ်မယ့် အဆင့် မှာ မရှိဘူး။ ပြီးတော့ ဘာသာခြားစကားတွေဖြစ်တဲ့ စပိန်၊ ပြင်သစ်၊ အီတာလျံ၊ ဒတ်ချ်၊ ပြီးတော့ ဂန္ထဝင်လက်တင်၊ ဂန္ထဝင်ဂရိစာတွေ သူ မသိနိုင်ဘူး။

သူ့ရဲ့ အနီးကပ်သူငယ်ချင်း ဘင်ဂျွန်ဆင်က

"သူမတတ်တာ လက်တင်၊ သူမသိတာ ဂရိ"

လို့ ပြောဖူးတယ်။

အဲဒီ ဘာသာစကားတွေကို ဘေကွန်က တတ်ကျွမ်းတယ်။

ရှိတ်စပီးယားရဲ့ သမီး ဂျူဒတ်က အသက် ၂၇နှစ် ရောက်တာတောင် ကိုယ့် နာမည်ကို မရေးတတ်သေးဘူး။ ဒါကြောင့် ထိုးမြဲလက်မှတ်ကို ကြက်ခြေခတ်နေရတယ်။

စကားကြွယ်ကြွယ်ဖြင့် ပြဇာတ်လှလှတွေ ရေးတဲ့သူရဲ့ သမီးက ဒီလို ဖြစ်နေစရာ အကြောင်း မရှိပါဘူး။

ရှိတ်စပီးယားရဲ့ လက်ရေးမူနဲ့ ထိုးမြဲလက်မှတ်လို့ သေချာတာ ၆ခု ရှိတယ်။



*၃ပုံ စလုံးက ရှိတ်စပီးယားပုံဆိုပြီး ဆွဲထားကြတာတွေ ဖြစ်ပါတယ်။*

၃ခုက သူ့သေတမ်းစာ ဖြစ်ပါတယ်။ သူ့လက်ရေးလက်သားက ကလောင်တံကိုင်နေကျလူ ရေးတဲ့ လက်ရေးလက်သားမျိုး မဟုတ်တာကို တွေ့ကြရတယ်။ တစ်ယောက်ယောက်က သူ့လက်ကို အုပ်ကိုင်ပြီး လိုက်ရေးပေးထားတာမျိုး ဖြစ်နေတယ်။

အဲဒီခေတ်က အဆင့်ရှိတဲ့သူတွေက ပန်းချီဆရာကို ခေါ်ပြီး ပုံတူပန်းချီကား ရေးဆွဲကြလေ့ရှိတယ်။ ရှိတ်စပီးယားမှာ ပုံတူဆေးရေးပန်းချီကား တစ်ချပ်မှ မကျန်ခဲ့ဘူး။ သူသေပြီးတဲ့နောက်ပိုင်းမှာ သူ့ပုံကို ဖော်ပြဖို့ ဖြစ်လာတော့မှ မှန်းဆပြီး ရေးခဲ့ကြတဲ့ ပုံတူပန်းချီကားပဲ ရှိပါတယ်။ သူကွယ်လွန်ပြီးမှ ရေးဆွဲခဲ့ကြတာ ဖြစ်ပါတယ်။ သူ့ပုံတူတွေက ၂ပုံကို သူ့ပုံလို့ အများသဘောတူ လက်ခံထားကြပါတယ်။ တစ်ခုက First Folio (၁၆၂၃) စာအုပ်မျက်နှာဖုံးမှာ ဖော်ပြခဲ့တဲ့ပုံ ဖြစ်ပါတယ်။ နောက်တစ်ပုံက သူနေထိုင်ခဲ့တဲ့ စထရပ်ဖို့ဒ်မြို့မှာ အမှတ်တရအဖြစ် ထားရှိတဲ့ ုပ်တု ဖြစ်ပါတယ်။ ကျန်တဲ့ပုံတွေကို ရှိတ်စပီးယားပုံ မဟုတ်ဘူးလို့ သတ်မှတ်ထားကြပါတယ်။

ဘေဘီလုံညီအစ်ကိုတွေက သူတို့ ပြောချင်တာတွေကို လူတွေဆီကျယ်ကျယ် ပြန့်ပြန့်ရောက်ဖို့အတွက် မီဒီယာကို သုံးခဲ့ကြတာလို့ သုံးသပ်ကြပါတယ်။

ဘေကွန်နဲ့ ဝေဖန်ရေးကဗျာဆရာ ဒီဗားတို့က စုန်းမ ပြဇာတ်တစ်ပုဒ်ကို ရေးခဲ့ကြပြီး မက်ဘက်သ် Macbeth လို့ အမည်ပေးခဲ့ကြပါတယ်။ မက်ဘက်သ်က ကြေကွဲစရာ ဇာတ်လမ်းအဖြစ် တင်ဆက်ထားတဲ့ ပြဇာတ်ဖြစ်ပါတယ်။ ပါဝင်ကပြကြမယ့် သူတွေက ပြဇာတ် ုထဲမှာ ပြဇာတ်အမည်ကို မပြောရဲကြဘူး။ မတတ်သာလို့ ပြောရရင် စကော့တလန် ပြဇာတ်လို့ လွှဲပြီး ပြောကြတယ်။ အဲဒီအမည်က ကျိန်စာသင့်နေတာ ကြောင့် အမည်ကို ပြောမိ ုနဲ့ ခိုက်တတ်တယ်လို့ ယုံကြည်ကြတယ်။ ဘယ်လောက်အထိ ကြောက်ကြရသလဲ ဆိုတော့ ပြဇာတ်ထဲမှာပါတဲ့ စကားစာသားကိုတောင် မပြောဝံ့ကြဘူး။ ကပြနေစဉ်မှာသာ ဇာတ်ဝင်ခန်းအရ ပြောဆိုကြတယ်။ ပြဇာတ် ုအပြင်မှာသာ ပြောဝံ့ဆိုဝံ့ကြ တယ်။

ရောင်ရမ်းပြီး ပြောမိရင် ုအပြင်ကို အမြန်ဆုံး ထွက်ရတယ်။ကိုယ့်ခြေထောက်

ပေါ်မှာ ညာရစ် ၃ခါ ပတ်ချာလှည့်ရတယ်။ ပြီးရင် စက်ဆုပ်ရွံရှာတဲ့ အမှုအရာ အပြည့် ထည့်ပြီး မာန်ပါပါဖြင့် ထွီကနဲ တွံထွေးထွေးပြီး ဆဲဆိုရတယ်။

ဘာလို့ မကောင်းတဲ့အစွမ်းတွေကို မက်ဘက်သ်ပြဇာတ်က ပြသရတာလဲ။ တစ်ချက်က ပြဇာတ်မှာ သုံးထားတဲ့ သီချင်းက မကောင်းဆိုးဝါးတွေကို ဆင့်ခေါ်တဲ့ ကျိန်စာရဲ့ စကားလုံးတွေ ထည့်ပြီး စပ်ထားတယ်လို့ ဆိုပါတယ်။ နောက်တစ်ချက်က ဇာတ်လမ်းမှာပါတဲ့ စုန်းတွေနေရာမှာ တကယ့်စုန်းတွေခေါ်ပြီး ကပြတင်ဆက်တာမျိုးတွေ လုပ်ခဲ့ဖူးတယ်လို့ ဆိုပါတယ်။ ပြဇာတ်မှာ ဇာတ်ကောင် မက်ဘက်သ်ရဲ့နေရာမှာ သ ုပ် ဆောင်ရသူက ပြဇာတ်စတင်တင်ဆက်ပြီး ရက်ပိုင်းအကြာမှာ အကြောင်းကြောင်းကြောင့် သေဆုံးသွားခဲ့တာတွေ ရှိခဲ့ဖူးလို့လည်း အခုလို အယူသည်းကြရတာ ဖြစ်ပါတယ်။ အဲဒီ ပြဇာတ်ကို လန်လို တစ်ခါမှ ဖတ်မကြည့်ခဲ့ဖူးတာကို ဝန်ခံပါတယ်။ ကြားရတာနဲ့တင် ကြောက်ဖို့ လုံလောက်နေပါပြီ။

ပြဇာတ်မှာ ပါတဲ့ ဒိုင်လော့တစ်ခွန်းကို ကောက်နုတ်တင်ပြထားတာ ဖတ်ဖူးပါ တယ်။ အခုထိ မှတ်မိနေပါသေးတယ်။

''တရားသဖြင့်လုပ်ရင် မတရားရာကျတယ်။ မတရားသဖြင့်လုပ်ရင် တရားရာ ကျတယ်။''

# လျှက်ဖက်လိုသူများ

ဗိုစီခ္ဓစီယန်ဂိုဏ်းမှာ ဂိုဏ်းတော်ချုပ်အဆင့်ရှိတဲ့ ဘေကွန် ထမ်းဆောင်ခဲ့တဲ့ တာဝန်တွေထဲမှာ တစ်ခုက ခေတ်နဲ့ဆီလျော်စွာ လုပ်ကိုင်ဆောင်ရွက်မယ့် ဖရီးမေဆင် ဂိုဏ်းကို ပြန်လည်ထူထောင်ပေးခဲ့တာ ဖြစ်ပါတယ်။

ရှိပြီးသား တမ်ပလာလက်ဟောင်းတွေ ဂိုဏ်းဝင်တွေအပေါ် အခြေပြုပြီး လုပ်ကိုင် ဆောင်ရွက်ခဲ့တာမှာ လျင်မြန်စွာ ကြီးထွားသွားခဲ့ပါတယ်။

၁၇၁၇ခုနှစ် ဇွန်လ ၂၄ရက်မှာ The Grand Lodge of England ကို ကွန်ရက် ဗဟိုချက်အဖြစ် ထူထောင်ခဲ့ပါတယ်။ အဲဒီကွန်ရက်က တမ်ပလာတွေအတွက် နေ့ထူးနေ့မြတ်တစ်ခုဖြစ်တဲ့ 'စိန့်ဂျွန်နေ့' ဖြစ်ပါတယ်။ နောက်ထပ် ခြောက်နှစ်အကြာမှာ အိုင်ယာလန်အတွက် ဌာနခွဲကို ဖွင့်လှစ်ထားရှိခဲ့ပါတယ်။ ပြင်သစ်မှာလည်း ခြေကုပ် ရယူခဲ့ပါတယ်။ ဒီတစ်ခါ ပြန်လည်ထူထောင်လိုက်တဲ့ ဖရီးမေဆင်က အထက်တန်းလွှာကို ထိုးဖောက်စည်းရုံးခဲ့ကြတယ်။ တိုင်းသိပြည်သိ ပုဂ္ဂိုလ်တွေ ဂိုဏ်းဝင်အဖြစ်ကို ရောက် ရှိခဲ့ပါတယ်။

ဘာဖြစ်လို့ ဖရီးမေဆင်ကို ပြန်လည်ထူထောင်ပြီး လှုပ်ရှားခဲ့ရသလဲဆိုတာကို ကျွမ်းကျင်သူတွေက သုံးသပ်ကြည့်တဲ့အခါ လူတွေက ဘာသာရေးကို စိတ်ကုန်နေကြတဲ့ အပြင် ကြောက်လန့်နေကြတယ်။ ခရစ်ယာန်ဘာသာ တစ်ခုတည်း ဖြစ်ပေမယ့် ဗရင်ဂျီနဲ့ ပရိုတက်စတင့်ဆိုပြီး ဂိုဏ်းခွဲကြောင့် ခရစ်ယာန်အချင်းချင်း သတ်ဖြတ်ခဲ့ကြတာ ဥရောပ တစ်ခွင်မှာ သွေးချောင်းစီးခဲ့တယ်။ ဒီတော့ အစဉ်အလာကြီးမားတဲ့ ဖရီးမေဆင်ကို လူတွေ ဝင်ကြတာ သဘာဝကျပါတယ်။

တကယ်တော့ ဗရင်ဂျီနဲ့ ပရိုတက်စတင့်ဆိုပြီး နှစ်ဖက်ကနေ တောခြောက်ပြီး ဖရီးမေဆင်ဆီကို မောင်းသွင်းလိုက်တာကို ခံလိုက်ကြရတာ ဖြစ်ပါတယ်။

အဲဒီအချိန်မှာပဲ ဘေကွန်က သိပ်ပညာဆိုတာ လူတွေကြားထဲရောက်အောင် တွန်းပို့ပေးလိုက်ပါတယ်။ ခါတိုင်းနဲ့ မတူတဲ့ အမြင်သစ်ဖြင့် လောကကို ကြည့်ရှုကြတယ်။ 'သိပ်နည်းကျ' ဆိုတဲ့ စကားလုံးကို သုံးလာကြတယ်။

ဒီလို သိပ်ဆန်ချင်သူတွေအတွက် တော်ဝင်အသင်းတော် Royal Society ကို ဖွဲ့ပေးထားလိုက်တယ်။ ဒီအသင်းကို လူတိုင်း ဝင်ခွင့်မပေးဘူး။ လက်ရွေးစင် ရွေးချယ် ထားတဲ့သူတွေနဲ့ ဖွဲ့စည်းထားတယ်။ ဖရီးမေဆင်နဲ့ ဗိုစီခ္ဓစီယန်တို့ရဲ့ ထိပ်တန်းကလူတွေပဲ ပါကြရတယ်။ သူတို့က လပြည့်ညတိုင်း တွေ့ဆုံကြတယ်။ ဒါကြောင့် သူတို့အသင်းကို လအသင်း Lunar Society လို့ တိုးတိုးတိတ်တိတ် အမည်ပေးထားလိုက်ကြတယ်။

အသင်းဝင်တစ်ယောက်က ဘင်ဂျာမင် ဖရန့်ကလင် ဖြစ်ပါတယ်။ သူက အမေရိကန်ကို ထူထောင်ရာမှာ ဦးဆောင်ဦးရွက်ပြုခဲ့သူ ဖြစ်ပါတယ်။ ဖရီးမေဆင်နဲ့ ဗိုစီခ္ဓစီ ယန်တို့မှာ ထိပ်တန်းအဆင့် ရှိသူလည်း ဖြစ်ပါတယ်။ ဖရီးမေဆင်က ကြိုးကိုင်ခဲ့တဲ့

ပြင်သစ်တော်လှန်ရေးမှာလည်း အနီးကပ် ကြီးကြပ်မှု ပေးခဲ့သူ ဖြစ်ပါတယ်။

အသင်းဝင်နောက်တစ်ယောက်က လူဆိုတာ မျောက်ကဆင်းသက်လာတယ်ဆိုတာကို တင်ပြခဲ့တဲ့ ချားစ်ဒါဝင်ရဲ့အဖိုး အီရာမတ်စ် ဒါဝင် ဖြစ်ပါတယ်။

ဤမျှလောက် ဖော်ပြလိုက်ရင် တော်ဝင်အသင်းဟာ ထိပ်ထိပ်ကြဲတွေရဲ့ အသင်းဆိုတာ ရိပ်စားမိလောက်ပြီ ထင်ပါတယ်။

ဘေီလုံ လက်အောက်ခံ အဖွဲ့အစည်းတွေက မျက်နှာမပြောင်းပေမယ့် မျက်နှာဖုံးအသစ်နဲ့ မျက်နှာစာတွေဖွင့်ပြီးကြိုးကိုင်ခဲ့ပါတယ်။ ဒီလိုကြိုးကိုင်တာမှာ ဗဟိုချက်က အင်္ဂလန်ဖြစ်ပါတယ်။ တိတိကျကျ ပြောရရင် လန်ဒန်မြို့ ဖြစ်ပါတယ်။

အမေရိကန်က ကမ္ဘာမှာ လူစွာကြီး ဖြစ်နေတယ်။ အင်အားကြီးနိုင်ငံတစ်ခုဖြစ်နေတယ်။ သူက ဆင်လိုဖြစ်နေချိန်မှာ ဆင်ဦးစီးက လန်ဒန်မြို့ကနေ ချွန်းအုပ်ပေးနေတာ ဖြစ်ပါတယ်။

အမေရိကဆိုတဲ့နေရာ ရှိတာကို ဥရောပက လူတွေ သိကုန်ကြတာ ကိုလံဘတ်က အမေရိကတိုက်ကို ပြန်လည်တွေ့ရှိခဲ့ရာက သိသွားကြတယ်လို့ သမိုင်း စာမျက်နှာတွေမှာ ဖော်ပြထားပါတယ်။ ဥရောပနဲ့ အမေရိကတို့က ကြားမှာ အတလန်တိတ် ဆိုတဲ့ သမုဒ္ဒရာတစ်စင်းခြားနေတယ်။ လေယာဉ်ပျံမပေါ်သေးတဲ့ ရွက်သင်္ဘောခေတ်မှာ ဒီဘက်ကနေဟိုဘက်၊ ဟိုဘက်ကနေ ဒီဘက် ရောက်ဖို့ဆိုတာ လှိုင်းနဲ့လေနဲ့ မလွယ်ဘူးလို့ ထင်စရာရှိတယ်။ ဟိုမိုစာပီယန်ကနေ လူဖြစ်လာကြသူတွေအတွက်တော့ ဟုတ်ပါလိမ့်မယ်။ နဂါးတွေအတွက်ကတော့ ကူးသန်းသွားလာဖို့ ခက်မယ်မထင်ပါဘူး။

သာဓက တစ်ခုကို ပြောပြပါမယ်။ စကော့တလန်က အီဒင်ဘတ်မြို့နဲ့ မလှမ်းမကမ်းနေရာတစ်ခုမှာ နဂါးကျောင်း အဆောက်အဦတစ်ခုရှိတယ်။ အမည်က ႏိုစ်လင်ချက်ပယ် Rosslyn Chapel လို့ ခေါ်ဝေါ်ကြပါတယ်။

ကောင်းကင်ကနေ ငုံ့ကြည့်ရင် ကားတိုင်ပုံသဏ္ဌာန်တစ်ခုအဖြစ် မြင်ရတယ်။ ကျောင်းထဲကို ဝင်ကြည့်လိုက်ရင် အင်မတန်လက်ရာမြောက်တဲ့ ကျောက်ဆစ်လက်ရာတွေကို တွေ့ရမယ်။ အနုစိပ် ထုဆစ်ထားတယ်။ ချောမွတ်နေအောင် ထုဆစ်ထားတယ်။ စိန့်ကလဲယား–စင်ကလဲယား မိသားစုက လှူဒါန်းဆောက်လုပ်ခဲ့တာ ဖြစ်ပြီး ၁၄၄၆ခုနှစ်မှာ ပန္နက်ချပြီး စဆောက်ခဲ့တာ ၁၄၈၀ခုနှစ်ကျော်လောက်မှာ ပြီးစီးသွားခဲ့တယ်။ မျက်နှာကြက်ကို ကျောက်ဆစ်ပန်းပုလက်ရာတွေနဲ့ အလှဆင်ထားတာမှာ နှံစားပြောင်းနဲ့ ကန္တရဆူးပင် ႐ုပ်တုတွေပါတယ်။ အဲဒီအချိန် ၁၄၈၀ခုနှစ်တုန်းက ဥရောပမှာ အဲဒီအပင်တွေ မရှိသေးဘူး။ မြင်ဖူးဖို့နေနေသာသာ ရှိမှန်းတောင် မသိကြသေးဘူး။ အဲဒီအပင်တွေက အမေရိကမှာပဲရှိတယ်။ ကိုလံဘတ်က အမေရိကကို မသွားရသေးခင်မှာ ဘယ်လိုလုပ်ပြီး အမေရိကမှာပဲရှိတဲ့ အပင်ရဲ့ ႐ုပ်တုတွေကို ထုဆစ်နိုင်ခဲ့တာလဲ။ ကိုလံဘတ်က ၁၄၉၂ခုနှစ်ကျမှ အမေရိကကို တွေ့ခဲ့တာ ဖြစ်ပါတယ်။ ဒီအထောက်အထားက နဂါးတွေအနေဖြင့် အမေရိကမှာဘာပင်တွေ ရှိတယ်ဆိုတာကို အပ်ကျမတ်ကျ သိထားလို့သာ နဂါးကျောင်းမှာ ထုဆစ်

နိုင်းနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒီတော့ နဂါးတွေဖြစ်တဲ့ ဘောဘီလုံညီအစ်ကိုတော်တွေက သိထားပြီးသား ဖြစ်နေပြီး ကိုလံဘတ်က လူတွေကြားမှာ တရားဝင်သိတဲ့သူအဖြစ် အမေရိကကို တွေ့ရှိပေးခဲ့တာ ဖြစ်ပါတယ်။

ဒါမှ လူတွေကို အမေရိကမှာ သွားနေအောင် ပို့ပေးရမယ့် အစီအစဉ်ကို စတင်နိုင်မှာ ဖြစ်ပါတယ်။

ပင်လယ်ရေကြောင်းသွားလာမှုကိုလည်း တမ်ပလာတွေက ထမ်းဆောင်ပေးခဲ့ရတယ်။ အဲဒီကိစမှာ ထင်ရှားသူက မင်းသားဟင်နရီ ဖြစ်ပါတယ်။ သူက ပြင်သစ်မှာ တမ်ပလာတွေကို နှိပ်ကွပ်သုတ်သင်စဉ်က ပေါ်တူဂီကို ထွက်ပြေးခဲ့တဲ့ တမ်ပလာတွေရဲ့ အဆက်အနွယ် တမ်ပလာတစ်ဦး ဖြစ်ပါတယ်။ သူ့ကို ရေကြောင်းပြ (ဝါ) နဲဗီဂိတ်တာအဖြစ် ဘောဘီလုံညီအစ်ကိုတို့က ရွေးချယ်ခဲ့ပါတယ်။ သူ့ကို မြေပုံကားချပ်တွေ ထုတ်ပေးပြီး လေ့လာစေခဲ့ပါတယ်။ ကောင်းကင်မှ ကြယ်တာရာနက္ခတ်ကို ကြည့်ပြီး ပင်လယ်ထဲ ဘယ်လို ခရီးသွားရတယ် ဆိုတာကအစ လက်ထပ်သင်ပေးခဲ့ပါတယ်။ သူက အမေရိကတိုက် တည်ရှိတာကို သိထားသူ ဖြစ်ပေမယ့် လက်တွေ့ခရီးမထွက်ဖြစ်ခဲ့ဘဲ ကိုလံဘတ်က ခရီးထွက်ဖြစ်ခဲ့တာကြောင့် အမေရိကကို တွေ့ရှိသူအဖြစ် မှတ်တမ်းတင်ခံရပါတယ်။

တူရကီအော်တမန်ရေတပ်မှူး ပင်ရီစ်ကိုလည်း ဘောဘီလုံညီအစ်ကိုတို့က မြေပုံတွေ ထုတ်ပေးခဲ့ပါတယ်။ သူက အန္တာတိကတိုက်ကို သိခွင့်ရခဲ့တယ်။ သူကိုယ်တိုင် မြေပုံရေးဆွဲခဲ့တယ်။ အန္တာတိကတိုက် တည်ရှိတာကို တရားဝင်သိတာထက် နှစ်ပေါင်း ၃၀၀ စောပါတယ်။ သူ့ကိုမေးတော့ သူက ရှေးမြေပုံတွေ ရလို့ ကူးဆွဲထားတာလို့ အမှန်အတိုင်း ပြောပြပါတယ်။ ဒါပေမယ့် သူပြောတာကို ယုံတဲ့သူ နည်းတယ်။ နောက်နှစ်ပေါင်း ၃၀၀လောက်ကြာပြီးမှ သူ့မြေပုံက အတိအကျ မှန်ကန်နေတာ အတည်ပြုပေးနိုင်ခဲ့တယ်။

မင်းသားဟင်နရီရဲ့ ကပတိန်တစ်ယောက်က ကိုလံဘတ်ရဲ့ ယောက္ခမ ဖြစ်ပါတယ်။ ယောက္ခမက မင်းသားဟင်နရီဆီမှ သိရတာကို သားမက်ဖြစ်သူ ကိုလံဘတ်ကို ပြောပြခဲ့တာကြောင့် ကိုလံဘတ်က အမေရိကကို အရှာထွက်ခဲ့တာလို့ ယူဆကြပါတယ်။ သူက အိန္ဒိယကို သွားမယ်လို့ ပြောပြီး ကမ်းကခွာခဲ့ပေမယ့် တကယ့် ရည်ရွယ်ရင်းက အမေရိက ဖြစ်ပါလိမ့်မယ်။

သမိုင်းစာမျက်နှာတွေမှာတော့ ကိုလံဘတ်က အိန္ဒိယသို့ ဦးတည်  သွားခဲ့ရာ၌ လမ်းမှားပြီး အမေရိကသို့ ရောက်ရှိသွားသည်လို့ ရေးကြပါတယ်။

မင်းသားဟင်နရီ အနားမှာ ကပတိန်အဖြစ် အမှုထမ်းနေသူရဲ့ သားမက်က လမ်းမှားပြီး ရောက်ချင်ရာရောက်သွားဖို့ အကြောင်း မရှိလောက်ပါဘူး။

အမေရိကကို ဥရောပမှ လူတွေပို့တယ်။ ကျေနပ်လောက်တဲ့ အရေအတွက် ရောက်ရှိချိန်မှာ ပြောင်ကျကျ အုပ်ချုပ်ရာက နောက်ကွယ်မှ ကြိုးကိုင်တဲ့ အုပ်ချုပ်ရေးကို

ပြောင်းလဲဖို့အတွက် ဖရီးမေဆင်တွေကို စေလွှတ်တယ်။ ဒီအခါမှာ ဘင်ဂျာမင် ဖရန့်ကလင် အင်္ဂလန်ကနေ အမေရိကကို ရောက်သွားတယ်။ ဖရီးမေဆင်တွေ အသင့်ဖြစ်တဲ့အခါ ပြောင်းလဲမှုအတွက် ခြေလှမ်းစလိုက်တယ်။ လွတ်လပ်ရေးစစ်ပွဲ စတင်လိုက်ပါတယ်။

ဒီတော့ စလုံးရေစ ကတည်းက ကြိုးကိုင်ခြယ်လှယ်မယ့်နေရာမှာ ဖရီးမေဆင်တွေ ရောက်နေနှင့်ပါပြီ။ သူတို့က အင်္ဂလန် ဌာနချုပ်မှ အမိန့်တော်မြတ်တွေအတိုင်း ထမ်းရွက်ကြပါတယ်။

အတလန်တိတ်အသစ် *The New Atlantis* ဆိုတဲ့ အယူအဆတွေလည်း ပေါ်လာတယ်။ ရေအောက်မြုပ်သွားတဲ့ အတလန်တိတ်တိုက်မှ ကြွင်းကျန်ခဲ့သူတွေက အတလန်တိတ်အသစ်အဖြစ် အမေရိကမှာ ပြန်လည် ပေါ်ထွန်းလာတယ်ဆိုပြီး လူတွေ မျက်စိလည်အောင် လုပ်လိုက်တယ်။

ဖရန့်ကလင်က ပင်စလာဗင်နီယာပြည်နယ်မှ ဖီလာဒဲဖီးယားမှာ အခြေချပြီး လုပ်ကိုင်တယ်။ ၁၇၃၄ခုနှစ်မှာ ဖရီးမေဆင်ဌာနခွဲကို ဖီလာဒဲဖီးယားမှာ ထူထောင်လိုက်တယ်။

အင်္ဂလိပ်ရဲ့ ကိုလိုနီလက်အောက်ခံအဖြစ်မှ လွတ်လပ်ရေးရဖို့အတွက် တော်လှန်ရေးစစ်ပွဲ ဆင်နွှဲဖို့ စနစ်တကျ ပြင်ဆင်မှုတွေ စတင်ခဲ့တာ ဖြစ်ပါတယ်။

၁၇၅၁ခုနှစ်မှာ ပင်စလာဗင်နီယာပြည်နယ် ံးအဆောက်အဦမှာ ထားရှိဖို့ဆိုပြီး ကြေးခေါင်းလောင်းတစ်ခုကို အင်္ဂလန်ကနေ မှာယူတယ်။ နှုတ်ခမ်းသားပတ်လည်အလျားက ၁၂ပေ ရှိပါတယ်။ နှုတ်ခမ်းသားအောက်ခြေကနေ ထိပ်အထိအမြင့်က ၃ ပေရှိပါတယ်။ အလေးချိန်က ၂၀၈၀ပေါင် စီးပါတယ်။ ၁၇၅၂ခုနှစ် စက်တင်ဘာ လဆန်းပိုင်းမှာ ရောက်ရှိလာပါတယ်။ ဒီခေါင်းလောင်းကို လေဘာတီ ခေါင်းလောင်းလို့ အမည်ပေးထားပါတယ်။ လေဘာတီဆိုတာ လွတ်လပ်ရေးလို့ အဓိပ္ပာယ် ရပါတယ်။ ဒီအမည်ကို ၁၈၃၉ခုနှစ်ကျမှ တရားဝင် သုံးစွဲခေါ်ဝေါ်ခဲ့ကြပါတယ်။ ခေါင်းလောင်းပတ်ပတ်လည် နဖူးစည်း စာတန်း ထိုးတာမှာ


*Proclaim LIBERTY throughout all the Land unto all the Inhabitants thereof Lev. XXV X*

လို့ ရေးထိုးထားပါတယ်။ အဲဒီစာသားမှာ လေဘာတီဆိုတဲ့ စာလုံးတစ်ခုတည်းကို စာလုံးကြီးနဲ့ ဖော်ပြထားပါတယ်။

လွတ်လပ်ရေးအတွက် တော်လှန်ရေးစစ်ပွဲ အပြည့်အဝ စတိုက်ဖြစ်ခဲ့တာက ၁၇၇၅ ခုနှစ်ဖြစ်ပါတယ်။ ၂၃နှစ်စောပြီး စတင်ပြင်ဆင်ခဲ့တာ တွေ့ရတယ်။ လေဘာတီ ခေါင်းလောင်းကို ဖီလာဒဲဖီးယားမှာ သွန်းလောင်းရင်လည်း ရပေမယ့် လန်ဒန်မြို့မှ တကူးတက မှာကြားခဲ့တာဟာ ဖရီးမေဆင်ရဲ့ အစီအရင်တွေ ထည့်ပေးဖို့အတွက်လို့ ယူဆကြပါတယ်။

ခေါင်းလောင်းက အစမ်းထိုးကြည့်စဉ်မှာပဲ အက်ကြောင်းလိုက်လာတယ်။ ဒါနဲ့

ဖရန့်ကလင်




ဖီလာဒဲဖီးယားမှာ ပြန်သွန်းလောင်းကြရတယ်။ ရလာတဲ့ ခေါင်းလောင်းကို ထိုးကြည့်တော့ အသံမသာဘူး။ ဒါနဲ့ နောက်ထပ်တစ်ကြိမ် ပြန်သွန်းလောင်းကြရတယ်။ ဒီတော့မှ အဆင်ပြေသွားပြီး ုံးအဆောက်အဦရဲ့ မျှော်စင်မှာ တင်ထားလိုက်ကြတယ်။

၁၈၃၅ခုနှစ်မှာ ခေါင်းလောင်းမှာ အကွဲကြောင်းတစ်ခု ဖြစ်ပေါ်ခဲ့ပြန်ပါတယ်။ ပြန်သွန်းလောင်းခြင်း မပြုတော့ဘဲ ဖာထေးပြုပြင်ခဲ့တယ်လို့ သိရပါတယ်။

ဖရန့်ကလင်နဲ့ လေဘာတီခေါင်းလောင်းဟာ တွဲလုံးတစ်ခုလို ရှိနေခဲ့ပါတယ်။ ဒေါ်လာဝက်အကြွေစေ့ကို သွန်းလောင်းခဲ့ရာမှာ သူ့ပုံကို မျက်နှာစာဘက်မှာ ထားပြီး နောက်ကျောဘက်မှာ လေဘာတီခေါင်းလောင်းပုံကို ဖော်ပြခဲ့ကြပါတယ်။

၁၇၇၅ခုနှစ်မှာ တော်လှန်ရေး စတင်ခဲ့တယ်။ အနိုင်အ ုံးက ဆုံးဖြတ်ပြီးသား ဖြစ်နေတဲ့ စစ်ပွဲကို ဆင်နွှဲကြတယ်။ ပြင်သစ်ဖရီးမေဆင်ဂိုဏ်းမှ လက်နက်အကူအညီ ပံ့ပိုးပေးတယ်။ လန်ဒန်မှ ဖရီးမေဆင်ဂိုဏ်းက ဗြိတိသျှတပ်တွေကို ညံ့တဲ့တပ်တွေ ရွေးလွှတ်ခဲ့တယ်။ ဗြိတိသျှ ကြည်းတပ်နဲ့ ရေတပ်တို့က မယုံနိုင်စရာကောင်းအောင် အသုံးမကျ ဖြစ်ခဲ့ရတယ်လို့ မှတ်ချက်ချခဲ့ကြပါတယ်။

ဘောဘီလုံညီအစ်ကိုတွေက ထီးနန်းတွေ စစ်စရိတ်ထောင်းအောင်လုပ်ပြီး သူတို့ အပေါ်အစဉ်မှီခိုနေရအောင် လုပ်နေကျ ရှိတဲ့အတိုင်း ပြင်သစ်နဲ့ ဗြိတိသျှတို့ကို စစ်တိုက်ခိုင်းထားခဲ့တာကြောင့် ဗြိတိသျှက စစ်စရိတ်ထောင်းနေလို့ အခွန်တိုးကောက်ပါတယ်။ အဲဒီစစ်ပွဲက ခုနစ်နှစ်ကြာစစ်ပွဲလို့ သမိုင်းတင်ခံရပါတယ်။ စစ်မီးတောက်လောင်အောင် မီးမွှေးပေးခဲ့သူက ဖရီးမေဆင်ဂိုဏ်းသားတစ်ဦးဖြစ်သူ ဂျော့ဝါရှင်တန် ဖြစ်ပါတယ်။ သူက ဗြိတိသျှ ကိုလိုနီ စစ်တပ်မှာ ခေါင်းဆောင်တစ်ဦးအဖြစ် လုပ်ကိုင်နေခဲ့တာမှာ အိုဟိုင်းအိုမှာ တပ်စွဲထားတဲ့ ပြင်သစ်တပ်ဖွဲ့ကို တိုက်ခိုက်ပြီး တစ်ယောက်မကျန် သတ်ပစ်လိုက်တယ်။

ကိုလိုနီနယ်ပယ်ဖြစ်တဲ့ အမေရိကမှာ ဗြိတိသျှ အစိုးရက အခွန်တိုးကောက်စေပြီး တော်လှန်ရေးစတင်ဖို့ ခြေလှမ်းတွေကို သွက်သွက်လှမ်းလိုက်ကြတယ်။

အဲဒီအချိန်မှာ ကိုလိုနီနယ်ပယ်က ၁၃ခုတိတိ ရှိနေတာကလည်း ၁၃ဂဏန်း ကြိုက်တဲ့ ဘေဘီလုံညီအစ်ကိုတော်တို့က တမင် ၁၃ဂဏန်းဖြစ်အောင် လုပ်ထားတာလား ဆိုတာ စဉ်းစားစရာ ဖြစ်နေပါတယ်။

ဒီလို အခွန်တိုးတာကို မကျေမနပ်ဖြင့် ဆန့်ကျင်မှုတွေ ကိုလိုနီနယ်ပယ်မှာ ဖြစ်ပွားအောင် သွေးထိုးလှုံ့ဆော်ခဲ့တယ်။

အဲဒီလို လက်ဝါးနှစ်ဖက်ကို အချိန်ကိုက် လှုပ်အောင်လုပ်ပြီး လက်ခုပ်သံ ထွက်ပေါ်အောင် ဘေဘီလုံညီအစ်ကိုတော်တွေက လုပ်ခဲ့ကြတယ်။

ဆန့်ကျင်သူပုန်ထမှုတွေကို ဦးဆောင်ကြသူတွေဟာ ဖရီးမေဆင်ဂိုဏ်းသားတွေ ဖြစ်နေကြတာကို တွေ့ကြရတယ်။


ဗြိတိသျှပါလီမန်က အခွန်တိုးကောက်ဖို့ ဥပဒေတွေ ပြဋ္ဌာန်းတယ်။ သတင်းစာ၊ လက်ကမ်းကြော်ငြာ၊ ဖဲထုပ်ပါမကျန် အခွန်ဆောင်ခိုင်းတဲ့ ဥပဒေကို ပြဋ္ဌာန်းတယ်။ ဒီလို အခွန်ကောက်တာကို ဆန့်ကျင်ဖို့အတွက် မြေအောက်အဖွဲ့အစည်းတစ်ခုကို 'လေဘာတီ၏ သားများ'လို့ အမည်ပေးပြီး ဖွဲ့စည်းလိုက်တယ်။ အခွန်တော် တံဆိပ်ခေါင်းရောင်းသူ မှန်သမျှကို အကြမ်းဖက်တိုက်ခိုက်မယ်လို့ ခြိမ်းခြောက်တယ်။ ရောင်းဝံ့သူ မရှိဘူး။ တရားရုံးကို မီးရှို့ပစ်တာ၊ တရားသူကြီးအိမ်ကို လုယက်ဖျက်စီးတာတွေလည်း လုပ်တယ်။

ဒီလောက် အပူနဲ့ ရေက မဆူနိုင်ဘူး။ ဒီတော့ နောက်ထပ်ခြေလှမ်းတစ်လှမ်း ကို လှမ်းလိုက်တယ်။ ဘေဘီလုံညီအစ်ကိုက ထိန်းချုပ်ထားတဲ့ ဗြိတိသျှအရှေ့အိန္ဒိယကုမဏီ ရဲ့ လက်ဖက်ခြောက်တွေကို တင်သွင်းခွန်မပေးဘဲ ချခွင့်ပြုတဲ့ လက်ဖက်ဥပဒေကို ပြဋ္ဌာန်း ပေးလိုက်တယ်။ ကုမဏီက ပိုလျှံနေတဲ့ လက်ဖက်ခြောက်တွေ လာချတယ်။ လူတွေ စီးပွားပျက်ကုန်ကြတယ်။

မခံမရပ်နိုင်ဖြစ်ကုန်ကြလို့ လက်ဖက်သင်္ဘောတစ်စီးကို တိုက်ခိုက်စီးနင်းပြီး သင်္ဘောပေါ်က လက်ဖက်ခြောက်တွေ ရေထဲပစ်ချတဲ့ ဖြစ်ရပ် ဖြစ်ပွားခဲ့တယ်။ ဘောစတွန် ဆိပ်ကမ်းမှာ ဖြစ်ပွားခဲ့တာကြောင့် ဘောစတွန်လက်ဖက်ရည်ပွဲလို့ အမည်တွင်သွားတယ်။ ဗြိတိသျှတို့က ဆုံးရှုံးသွားတဲ့ လက်ဖက်ခြောက်ကုန်စည်တွေအတွက် အလျော်မရမချင်း ဆိပ်ကမ်းကို ဖွင့်မပေးဘူးဆိုပြီး ဘောစတွန်ဆိပ်ကမ်းကို ဥပဒေပြဋ္ဌာန်းချက်ဖြင့် ပိတ်ထား လိုက်တယ်။

ဒီလိုလှုပ်ရှားမှုတွေရဲ့ အူတိုင်နေရာမှာ ဖရီးမေဆင်ဂိုဏ်းဝင်တွေ နေရာယူထား ကြတယ်။ အမေရိကန်လွတ်လပ်ရေးကြေညာစာတမ်းကို လက်မှတ်ရေးထိုးကြတဲ့အခါ လက်မှတ်ရေးထိုးသူ ၅၆ယောက်မှာ ၅၀က ဖရီးမေဆင်တွေ ဖြစ်ပါတယ်။

ဖရန့်ကလင်က လူထုကို စည်းရုံးခဲ့တာမှာ သူ့သတင်းစာ ပင်စလာဗင်နီယာ ဂေဇက်မှာ ကာတွန်းပုံကို အသုံးပြုခဲ့ပါတယ်။ ပေါင်းရင်ပေါင်း၊ မပေါင်းရင်သေဆိုတဲ့




စကားရပ်ဖြင့် စည်း ုံးခဲ့ပါတယ်။ သုံးစွဲတဲ့ ကာတွန်းပုံက မြွေပုံ ဖြစ်နေပါတယ်။ ဧပိုင်းတိတိ ပြတ်နေတဲ့ မြွေပုံဖြင့် သူဆိုချင်တဲ့ စကားရပ်ကို ထိထိမိမိ သ ုပ်ဖော်ပေးနိုင်ခဲ့လို့ လူတွေ သဘောကျကုန်ကြပါတယ်။ ဘာလို့ မြွေပုံကိုမှ သုံးရတာလလဲလို့တော့ မမေး ဖြစ်ခဲ့ကြပါဘူး။

၁၇၈၃ခုနှစ် စက်တင်ဘာလ ၃ရက်မှာ အမေရိကန်ပြည်ထောင်စုဆိုတဲ့အမည်ဖြင့် ပြည်နယ် ၁၃ခုပါဝင်တဲ့ နိုင်ငံ ပေါ်ပေါက်လာခဲ့ပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေလည်း ထွက်ပေါ်လာခဲ့ပါတယ်။

# တက်နေဝန်း

ဖွဲ့စည်းပုံဥပဒေမူကြမ်းက လွတ်လပ်ရေးခါတော်မီ ဖုတ်ပူမီးတိုက် ရေးထားတာ မျိုး မဟုတ်ဘူး။ ဟာကွက်တွေ ဂယ်ပေါက်တွေ ရှိနေတာကို မျက်စိလျှမ်းပြီး မမြင်ကြရ အောင် သေသေချာချာ ရေးထားတယ်။

ဥပဒေမူကြမ်းတစ်ခုကို တင်တဲ့အခါ ကွန်ဂရက်က သဘောတူလိုက်ပေမယ့် သမ္မတက ဗီတိုအာဏာနဲ့ ပယ်ချနိုင်တယ်။ အဲဒီပယ်ချလိုက်ရင် အောက်ဥပဒေပြုလွှတ်ႏုနဲ့ ဆီနိတ်တို့မှာ ပြန်တင်ပြရတယ်။ အဲဒီနှစ်နေရာစလုံးမှာ အမတ်ဦးရေစုစုပေါင်းရဲ့ အနည်းဆုံး သုံးပုံနှစ်ပုံက သဘောတူမှ သမ္မတက ဗီတိုဖြင့် ပယ်ချတာကို ပယ်ဖျက်ပြီး ဥပဒေမူကြမ်းကို အတည်ပြုခွင့် ရှိတယ်။

ဒီတော့ စဉ်းစားကြည့်မယ်ဆိုရင် သမ္မတနဲ့ အမတ် ၃ပုံ၁ပုံသာသာကို ရထားရင် တက်လာမယ့် ဥပဒေကြမ်းတွေကို အတည်မပြုနိုင်အောင် တားထားလို့ ရနေစေတယ်။

နိုင်ငံသုံးငွေစက္ကူနဲ့ ဒင်္ဂါးတွေ ပုံနှိပ်သွန်းလောင်းထုတ်ဝေမှုနဲ့ ပတ်သက်လို့ ပြဋ္ဌာန်းထားတာမှာ ကွန်ဂရက်မှာ ဒီကိစ္စနဲ့ပတ်သက်လို့ ဩဇာအာဏာရှိသင့်တယ်လို့ ဖော်ပြထားပါတယ်။ ကွန်ဂရက်ကသာလျှင် ပုံနှိပ်သွန်းလောင်းရမယ်လို့ မပါဘူး။ နောက် တစ်ချက်ပြဋ္ဌာန်းထားတာက မည်သည့်ပြည်နယ်မှ ပိုက်ဆံဒင်္ဂါး မထုတ်ရဘူးလို့ တားမြစ် ထားပါတယ်။ အကြွေးပေးဆပ်ရမှာ ရွှေဒင်္ဂါးငွေဒင်္ဂါးတို့ဖြင့်သာ ပေးဆပ်ရမယ်လို့လည်း ပြဋ္ဌာန်းထားပါတယ်။ ဒါပေမယ့် ငွေစက္ကူက တရားမဝင်ဘူးလို့ ပြောမထားပါဘူး။

မာရီလင်းပြည်နယ်မှ မြေဧရိယာတစ်ခုကို ဖဲ့ထုတ်ထားလိုက်ပြီး အဲဒီမြေဧရိယာ ကို ဒီစတြိတ်တစ်ခုအဖြစ် သီးခြားတည်ရှိစေပါတယ်။ အဲဒီ ဒီစတြိတ်အမည်က ကိုလံဘီယာ ဖြစ်ပြီး ပြည်ထောင်စုရဲ့ မြို့တော် ဝါရှင်တန်ဒီစီ တည်ရှိပါတယ်။ အဲဒီ ဒီစတြိတ်ထဲမှာ ပုဂ္ဂလိကပိုင် ဗဟိုဘဏ်ဖြစ်တဲ့ ပြည်ထောင်စုအရန်ငွေFederal Reserve ရှိပါတယ်။ အဲဒီကနေ နိုင်ငံသုံးငွေစက္ကူ ထုတ်ဝေပါတယ်။

တည်ရှိရာနေရာက ဒီစတြိတ်ဖြစ်နေတာကြောင့် ဥပဒေတွေမှာ ပြည်နယ်လို့ ပြဋ္ဌာန်းထားသမျှတွေဟာ အကျုံးမဝင်ပါဘူး။ ဒီစတြိတ်လို့ပါ ထည့်ပြောမှ အကျုံးဝင်ပါလိမ့် မယ်။ နားလှည့်ပါးလှည့်လုပ်ထားတာလို့ ဆိုရပါမယ်။

ပထမဆုံး သမ္မတက ဂျော့ဝါရှင်တန် ဖြစ်ပါတယ်။ သူထိုင်တဲ့ မဟော်ဂနီသား ထိုင်ခုံရဲ့ ကျောမှီမှာ နေပုံပါတယ်။ တက်နေဝန်း ဖြစ်ပါတယ်။ သူ့ရဲ့ ကျမ်းသစာကျိန်ဆိုပွဲကို ဖရီးမေဆင် အထက်ပိုင်းကလူတွေ တက်ရောက်ချီးမြှင့်ခဲ့ပါတယ်။ အခမ်းအနားကျင်းပပုံ ကလည်း ဖရီးမေဆင်ရဲ့ အခမ်းအနားကျင်းပပုံအတိုင်း ကျင်းပခဲ့ကြပါတယ်။

ဂျော့ဝါရှင်တန်က ဗြိတိသျှ နန်းသွေး မျိုးဆက်တစ်ဦးဖြစ်ပါတယ်။ အမေရိကန် သမ္မတအများစုကလည်း ဗြိတိသျှ နန်းသွေး မျိုးဆက်တွေ ဖြစ်နေကြတာကို တွေ့ကြရတယ်။ အဲဒါကြောင့် အမေရိကန်ကို လန်ဒန်ကနေ ကြိုးကိုင်ခြယ်လှယ်တယ်လို့ ယူဆကြရတာ





**ထက်နေဝန်းပလ္လင်**



ဖြစ်ပါတယ်။ ပြောင်ကိုလိုနီပြုထားရာက နောက်ကွယ်ကနေ တိတ်တိတ်ပုန်း ကြိုးကိုင်တဲ့ ပုံစံကို ပြောင်းလဲလိုက်တာဖြစ်ပြီး အပြောင်းအလဲကိစ္စကို ဖရီးမေဆင်တွေက ပိပိရိရိ တာဝန်ယူ လုပ်ဆောင်ခဲ့ကြတာ ဖြစ်တယ်လို့ ယူဆကြပါတယ်။

## မညီးမှောင်တဲ့နေဟာဓစ်ခင်း

ဟစ်တလာနှင့် နာဇီအကြောင်း ရေးသားကြတဲ့ သူတွေ အများကြီးရှိတယ်။ နာဇီဆိုတဲ့ အယူဝါဒ ပေါ်ပေါက်လာစေမယ့် စာတွေကို ရေးသားပေးခဲ့သူတွေလည်း ရှိတယ်။ တမင်ရည်ရွယ်ပြီး ရေးဖြစ်ခဲ့ကြတာလား။ ဒါမှမဟုတ် ဟစ်တလာက သူ့ဘာသာသူ ဖတ်ကြည့်ပြီး တလွဲဆံပင်ကောင်းလိုက်တာလား ဆိုတာကိုတော့ တပ်အပ်သေချာ ပြော မပြနိုင်ကြဘူး။

ဂျာမနီက နက်နဲတဲ့လောကီပညာတွေ၊ အယူဝါဒတွေအတွက် ရေခံမြေခံ ကောင်းခဲ့တဲ့တိုင်းပြည် ဖြစ်ပါတယ်။ အဲဒီ လောကီပညာတွေ၊ အယူဝါဒတွေကနေ နာဇီလို့ အမည်တပ်ခံရတဲ့ အယူဝါဒ ပေါ်ပေါက်လာခဲ့ပါတယ်။

ဟစ်တလာက နာဇီဝါဒကို ဖန်တီးခဲ့သူ မဟုတ်ပါဘူး။ ပေါ်ပေါက်လာတဲ့ နာဇီဝါဒကို ကျင့်သုံးသူသာ ဖြစ်ပါတယ်။

၁၉ရာစုရဲ့ ဟစ်တလာအကြိုကာလမှာ အယူဝါဒသစ်ကို မြေတောင်မြှောက်ပေး မယ့်သူတစ်ဦး ပေါ်ထွန်းခဲ့ပါတယ်။ အဲဒီလူက ဂျာမနီမှာ ကျော်ကြားတဲ့ ဂီတပြဇာတ်ရေး ဆရာ ရောဘတ်ဝဂ္ဂနာ ဖြစ်ပါတယ်။

သူက လူ့ဘောင်ကို သခင်ပြုမယ့် မျိုးနွယ်တို့ ကျူးကျော်ရောက်ရှိလာတဲ့ တီးလုံးတီးကွက်ကို ရေးစပ်သီကုံးခဲ့ပါတယ်။ နောက်ထပ်တီးလုံးတီးကွက်တစ်ခုကတော့ ဂျာမန်တွေက စူပါမင်းတွေရဲ့ ဦးဆောင်မှုဖြင့် ရေးတုန်းက မိစ္ဆာနတ်နှစ်ပါးဖြစ်ကြတဲ့ ဝိုတန်နဲ့ သောတို့လို ကမ္ဘာဇာတ်ခုံပေါ်မှာ တက်ကကြမယ်ဆိုတဲ့ သဘောသဘာဝကို ဖော်ကျူးတဲ့ တီးလုံးတီးကွက် ဖြစ်ပါတယ်။

ဟစ်တလာက ပြောခဲ့ဖူးပါတယ်။ ဂျာမနီကို နားလည်ချင်ရင် ရောဘတ်ဝဂ္ဂနာကို နားလည်ကြည့်ဖို့ လိုတယ်တဲ့။

ဝဂ္ဂနာက တမ်ပလာတစ်ဦးဖြစ်ပါတယ်။ သူ့ပြဇာတ်တစ်ပုဒ်မှာ တမ်ပလာတို့ရဲ့ အချက်အချာ နေရာတစ်ခု ဖြစ်တဲ့ ရမ်–လီ–ရှာတိုနားက ရွာကလေးမှာ ဇာတ်တည်ထားပါ တယ်။ ဒီတော့ သူက ရှေ့ပြေးနိမိတ်အဖြစ် ခုနကပြောတဲ့ တီးလုံးတီးကွက်တွေကို သီကုံးခဲ့တာဟာ တာဝန်ပေးချက်အရ သီကုံးတာ လားလို့ စဉ်းစားစရာ ဖြစ်နေပါတယ်။ နောင်တစ်ချိန်မှာ ကြိုဟ်မွေမယ့် ခေါင်းဆောင်တစ် ယောက်လာတော့မယ်လို့ လူတွေရဲ့ စိတ်ထဲ ကြိုသိနေအောင် ရှေ့ပြေးနိမိတ်ပြုပေးခဲ့ပုံ ရပါတယ်။

ကြိုဟ်မွေမယ့် ခေါင်းဆောင် ဟစ်တလာကို ၁၈၈၉ခုနှစ်မှာ မွေးဖွားခဲ့ပါတယ်။ သြစတြီးယားနဲ့ ဂျာမနီနယ်ခြားဒေသမှာ ဖြစ်ပါတယ်။

ဒါပေမယ့် သံသယဝင်စရာကောင်းတဲ့တစ်ချက်က ဟစ်တလာကို ဘဏ္ဍာရေး အထောက်အပံ့ပေးကြတဲ့သူ မြို့စားနှစ်ယောက်နဲ့ မြို့စားကတော်တစ်ယောက်တို့က ဗြိတိသျှမှ ဝိတိုရိယဘုရင်မကြီးရဲ့ မြေးတော်မင်းသားအဲလ်ဘတ်နဲ့ ဝမ်းကွဲတော်စပ်သူတွေ

ဖြစ်နေကြတယ်။ ဒီတော့ ဟစ်တလာက ဗြိတိသျှနန်းစဉ်နဲ့ တစ်နည်းတစ်ဖုံ ပတ်သက်နေမယ်လို့ ယူဆကြတယ်။ ဟစ်တလာနဲ့ အဲလ်ဘတ်တို့က အသက် အစိတ်ကွာတယ်။ ဒါပေမယ့် ဟစ်တလာက အဲလ်ဘတ်ဖြစ်နေနိုင်တယ်။ ဒါကြောင့် ဝမ်းကွဲတွေက ထောက်ပံ့ကြတာလို့ ဆိုကြတယ်။

အဲလ်ဘတ်က သူ့သက်တမ်းတစ်လျှောက်မှာ ကောလာဟလ အပြောခံရတာတွေ ကြုံခဲ့ရတယ်။ ပထမဆုံး နာမည်ပျက်စရာကြုံတာက ရဲတွေက လိင်တူဆက်ဆံတဲ့ မိန်းမလျာတွေအတွက် ဖွင့်ထားတဲ့ ဆောင်ကြာမြိုင်ကို ဝင်ဖမ်းပြီး စစ်ဆေးတဲ့အခါ လာကြတဲ့ ဖောက်သည်မိန်းမလျာတွေထဲမှာ အဲလ်ဘတ်လည်းပါတယ်လို့ တရားခံချာတိတ်တွေက ဖြောင့်ချက်ပေးတယ်။ ဒီသတင်းက ချက်ချင်းပျံ့နှံ့သွားတယ်။

နောက်ထပ်ကောလာဟလတစ်ခုက ပြည့်တန်ဆာမတွေကို ချိန်းတွေ့ပြီး သတ်ဖြတ်တဲ့ လူသတ်သမားတစ်ယောက် ရှိခဲ့ဖူးတယ်။ 'ဂျက်သည်ရစ်ပါ'ဆိုပြီး နာမည်ကြီးတယ်။ ရဲက ဖမ်းလို့ မမိခဲ့ဘူး။ အဲဒီတရားခံက ရွှေနန်းတော်က နန်းတွင်းသားတော်ဝင်မျိုးနွယ်ဖြစ်နေလို့ ရဲက မဖမ်းဝံ့တာလို့ သတင်းတွေ ထွက်ပေါ်ခဲ့တယ်။ နောက်တော့ တရားခံက အဲလ်ဘတ်ဖြစ်မယ်လို့ ကောလာဟလ စကားဝိုင်းမှာ ကောက်ချက်ချခဲ့ကြတယ်။

အဲလ်ဘတ်က တုပ်ကွေးဖြစ်လို့ လူတွေ သေကြတဲ့နှစ်မှာ တုပ်ကွေးမိခဲ့ရာက ၁၈၉၂ခုနှစ် ဇန်နဝါရီလမှာ အဆုပ်ရောင်ရောဂါနဲ့ ကွယ်လွန်ခဲ့တယ်။ ထူးဆန်းတာက သူသေတဲ့အခါ ပြုနေကျရှိတဲ့ အသုဘ အခမ်းအနားကို မကျင်းပခဲ့ဘူး။ ဘုရားကျောင်းမှာ အခေါင်းတလားနဲ့ အလောင်းထားတာမျိုးကို မလုပ်ခဲ့ကြဘူး။ သူ့အလောင်းကို မပုပ်မသိုးအောင် ဆေးစီရင်ခိုင်းတာလည်း မရှိခဲ့ဘူး။

ဒီတော့ အဲလ်ဘတ် သေတယ်လို့ ရွှေနန်းတော်က လုပ်ကြံပြီးပြောတာ ဖြစ်မယ်။ သူ့ကို ဂျာမနီက ဆွေမျိုးရင်းချာတွေဆီကို ပို့လိုက်ပြီ။ သူက စိတ်ဇလူသတ်သမားဖြစ်နေခဲ့တာမှာ ထိန်းမနိုင်သိမ်းမရတွေ ဖြစ်လာလို့ အခုလို လုပ်ရတာ စသဖြင့် ကောလာဟလတွေ ထွက်ပေါ်ခဲ့ပါတယ်။

အဲလ်ဘတ်နဲ့ ဟစ်တလာ အသက် ၂၅နှစ်ကွာတယ်။ တကယ်လို့ ဟစ်တလာက အဲလ်ဘတ်ဖြစ်နေခဲ့ရင် တရားဝင်အသက်ထက် ကြီးနေရမယ်။ ဒီကိစနဲ့ ပတ်သက်လို့ ဟစ်တလာနဲ့ နီးနီးကပ်ကပ်နေကြသူတို့က သူ့အသက်ထက်အိုစာနေတယ်လို့ မှတ်ချက်ပြုခဲ့တာတွေ ရှိပါတယ်။ သူ့ရဲ့ တရားမဝင်ကြင်ဖော် အီဗာဘရန်ကအစ မှတ်ချက်ပြုခဲ့ဖူးပါတယ်။

ဟစ်တလာက ကမ္ဘာကို စနစ်သစ်နဲ့ အုပ်စိုးဖို့ ရည်ရွယ်ခဲ့သူလို့ ဆိုရမယ်။ သူက တကယ်ထလုပ်ခဲ့သူ ဖြစ်ပါတယ်။ ဟစ်တလာလို စိတ်ကူးမျိုးတွေရှိနေတဲ့သူတွေ ရှိကြတယ်။ သူတို့က ကမ္ဘာနဲ့ ချီနေတဲ့ ဆောင်ရွက်မှုတွေကို လုပ်ချင်ကြတယ်။

မာစတာလို့ ခေါ်တဲ့ ဆရာသခင်တွေနဲ့ အဆက်အသွယ်မပြတ်ရရှိခဲ့ပြီး သူတို့ထံမှ သိရတာတွေကို စာအုပ်တွေ ရေးကြတယ်။ တီဗီမှာ ချယ်နယ်ရွေးပြီး ုပ်သံကို ဖမ်းသလို

မျိုး ဆရာသခင်နဲ့ အဆက်အသွယ် ထူထောင်ပြီး ချယ်နယ် ဖမ်းထားနိုင်စွမ်း ရှိတယ်လို့ ဆိုတယ်။ ကမ္ဘာသူကမ္ဘာသားတွေအတွက် သိစေချင်တာတွေကို ပြောပြတာကို ချယ်နယ်ဖွင့်နားထောင်ပြီး ပြန်ရေးတယ်ဆိုတဲ့ ကျမ်းတွေလည်း ရှိတယ်။

ဒီလောက်တောင် စွမ်းဆောင်နိုင်နေ တတ်သိနေတဲ့ မာစတာက ဘာဖြစ်လို့ တစ်ကမ္ဘာလုံးမှာမှ ဒီတစ်ယောက်တည်းနဲ့ပဲ ချယ်နယ်ဖွင့်ပြီး ကျမ်းကြီးကျမ်းခိုင်တွေကို ပေးရတာလဲဆိုတာတော့ အမေးသာ ရှိတယ်။ အဖြေမရှိဘူး။ အင်တာနက်ခေတ်မှာ ဝက်ဘ်ဆိုက်ဘာလို့ မတင်ရတာလဲဆိုတာလည်း အမေးသာရှိတယ်။ အဖြေမရှိဘူး။

အင်္ဂလိပ်ဝတ္ထု လာလတံ့မျိုးနွယ် *The Coming Race* ကို ရေးတဲ့သူကတော့ ဟစ်တလာလို တကယ်ထမလုပ်ခဲ့ဘူး။ စိတ်ကူးတွေကို စာအုပ်အဖြစ်ဖြင့်သာ သွန်ထုတ်ခဲ့ပါတယ်။ ဟစ်တလာလို လူမျိုးတွေ စိတ်ကူးဖြန့်ကျက်လို့ ကောင်းအောင် ရေးခဲ့ပါတယ်။

အဲဒီဝတ္ထုထဲမှာ မြေကြီးထဲမှာ မြေအောင်းနဂါးတွေလို နေထိုင်ကြတဲ့ လူ့ဘောင်တစ်ခု ရှိတယ်။ သူတို့က တန်ခိုးစွမ်းအားတစ်ခုကို တွေ့သွားသိသွားကြတယ်။ ဒီအခါမှာ စိတ်တန်ခိုးရရှိပြီး ထူးဆန်းအံ့ဖွယ်တွေ လုပ်ပြနိုင်သွားကြတယ်။ ဒီတော့ စူပါမင်းတွေဖြစ်ကုန်ကြတယ်။ မြေအောက်နေ စူပါမင်းတွေက တစ်ရက်မှာ မြေပေါ်ကို တက်လာတယ်။ ကမ္ဘာကြီးကို စိုးမိုးလိုက်ကြတယ်။ အဲဒီလို စိတ်ကူးအယူအဆများကို နာဇီအယူဝါဒီတွေက ယုံကြည်ကြတယ်။

ကမ္ဘာသစ်အတွက် အ ႆဦးကို ရောက်ပြီ။ မြေအောက်ကစူပါမင်းတွေ၊ လူမရှိသူမရှိနေရာမှာ နေထိုင်ကြတဲ့ မာစတာတွေက ဘာတွေလုပ်ရမယ်ဆိုတာ ပြောပြနေကြပြီ စသဖြင့် ပြောဆိုယူဆပြီး အသင်းတွေ ထူထောင်ကြတယ်။ ဂိုဏ်းတွေ ထူထောင်ကြတယ်။

ဂီတပြဇာတ်ရေးဆရာ ရောဘတ်ဝဂ္ဂနာရဲ့ သားမက်ဖြစ်သူ စတီးဝပ်ချိန်ဘာလင်က '၁၉ရာစု၏ အခြေခံအုတ်မြစ်များ' ကို ရေးတယ်။ ထူထူထဲထဲ ကျမ်းတစ်အုပ်လို့ ဆိုရမယ်။ စာမျက်နှာ ၁၂၀၀ ရှိတယ်။ အုပ်ရေ ၂သိန်းခွဲ ရောင်းရတယ်။

သူ့မှာ စိတ်ဂယောက်ဂယက် မကြာခဏဖြစ်တဲ့ စိတ်အခြေအနေရှိတယ်။ သူက စာရေးတဲ့အခါ ဓာတ်စီးပြီးရေးတယ်လို့ ဆိုကြတယ်။ နတ်ပူးလို့ ကတုန်ကယင်ဖြစ်ရင်း ရေးတယ်လို့ သူက ပြောပြခဲ့ပါတယ်။ စာရေးနေချိန်မှာ သူ့ပင်ကိုယ်စိတ် မရှိတော့ဘူး။ အလိုအလျောက်ရေးသွားတာပါလို့ သူ့ရဲ့ အတ္တပတိမှာ ရေးသားခဲ့ပါတယ်။

သူ တင်ပြတဲ့ ဆိုလိုရင်းက ရှင်းပါတယ်။ အာယန်းမျိုးနွယ်ကနေ လူ့ယဉ်ကျေးမှု အဖွဲ့အစည်းတွေ အားလုံး ပေါ်ပေါက်လာတယ်။ ဂျူးတွေက အာယန်းသွေးဆက်ကို ညစ်ညမ်းအောင်လုပ်တဲ့ ရန်သူတွေ။

ဟစ်တလာက ချိန်ဘာလင်ဟာ သာမန်လူတစ်ယောက် မဟုတ်ဘူး။တမန်တော်လို့ သတ်မှတ်တယ်။ ဘုရင် ဒုတိယမြောက် ကိုင်ဇာဝဲလ်ဟမ်ကလည်း ချိန်ဘာလင်ကို အထင်တကြီး ရှိပါတယ်။ ချိန်ဘာလင်က အကြံပေးတိုက်တွန်းတာကြောင့် ၁၉၁၄ခုနှစ်မှာ ဘုရင်က စစ်တိုက်ဖြစ်ခဲ့တယ်။ စစ်ပြီးချိန်မှာ ဘုရင်က နန်းစွန့်ရတော့မှ ချိန်ဘာလင်က

သူ့ကို ကြိုးကိုင်ခြယ်လှယ်သွားတာပါလားလို့ အသိဖြစ်ပေါ်ပြီး နောင်တတွေ ရတယ်။

ဝဲလ်ဟာမ်က ဂန္ထာရီကို အထူးတလည် စိတ်ဝင်စားတယ်။ တန်ခိုးတွေကို မက်မောတယ်။ သူ့မှာ လောကီပညာနဲ့ ဂန္ထာရီဆိုင်ရာ ကျမ်းတွေ စုဆောင်းထားတာ ရှိတယ်။ ဂျာမန်လျှို့ဝှက်အသင်းတွေက ထုတ်တဲ့ စာအုပ်တွေလည်း သူ့မှာ ရှိတယ်။ အဲဒါတွေ ဖတ်ပြီး စိတ်ပေါက်လို့ စစ်ထတိုက်ရာက ပထမကမ္ဘာစစ် ဖြစ်ပွားခဲ့ရတယ်။ အကြံပေး ချိန်ဘာလင်က စိတ်ဂယောက်ဂယက်ဖြစ်တာ ပိုပိုဆိုးလာရာက လူနဲ့ စိတ်နဲ့ မကပ်တော့လို့ ဘီးတပ်ကုလားထိုင်ပေါ်က ဒုက္ခိတအဖြစ်ကို ရောက်သွားတယ်။ ၁၉၂၇ ခုနှစ်မှာ ကွယ်လွန်သွားခဲ့ပါတယ်။

သူသေသွားခဲ့ပေမယ့် သူ့အယူဝါဒ သြဇာက ကျန်ရစ်ခဲ့တယ်။ ဟစ်တလာအပေါ် လွှမ်းမိုးတယ်။ ဒီတော့ နောက်ထပ် ကမ္ဘာစစ်တစ်ခု ဖြစ်ပွားစေခဲ့ရပြန်ပါတယ်။

နောင်တစ်ချိန်မှာ ဟစ်တလာလို့ ကမ္ဘာသိ ဖြစ်လာမယ့် ပုဂ္ဂိုလ်၊ တိုင်းမ်မဂ္ဂဇင်းက တစ်နှစ်တာရဲ့လူ Man Of The Yearလို့ ၁၉၃၈ခုနှစ်အတွက် သတ်မှတ်ခံရမယ့်သူ အဖြစ်ကို ရောက်လာမယ့်လူငယ်ကလေးက (သူက မင်းသားအဲလ်ဘတ် မဟုတ်ခဲ့ဘူး ဆိုရင်ပေါ့) စာဖတ်သန်တယ်။ ကျောင်းစာကိုတော့ သူ စိတ်အားထက်သန်မှု မရှိဘူး။ သူ စိတ်အားထက်သန်တာက ပန်းချီပန်းပုဆရာ ဖြစ်ချင်တာ။ ဒါကြောင့် သူနေထိုင်ရာ ဂျာမန်–ဩစတြီးယားနယ်ခြားဒေသကို စွန့်ခွာပြီး ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့ကို သူ သွားရောက်နေထိုင်ခဲ့တယ်။ အဲဒီရောက်တော့ သူတကယ်လုပ်ဖြစ်သွားတာက ပန်းချီပန်းပု မဟုတ်ပြန်ဘူး။ စာကြည့်တိုက်မှာ စာတွေ သွားဖတ်ဖြစ်ခဲ့တယ်။ အရှေ့တိုင်းရဲ့ ဗေဒင်၊ နက္ခတ်၊ ဂမ္ဘီရ၊ ဂန္ထာရီ၊ အယူဝါဒ စတာတွေကို သူ ဖတ်ဖြစ်ခဲ့တယ်။ မဒမ်ဗလာဗက်စကီး နဲ့ ချိန်ဘာလင်တို့ရဲ့ စာတွေကို ရောမွှေပြီး အယူဝါဒတစ်ခုကို သူတွေ့သွားတယ်။ သူက နာဇီအယူဝါဒလို့ အမည်တပ်ပေးလိုက်တယ်။

မဒမ်ဗလာဗက်စကီးက ဆရာသခင်တွေနဲ့ ချယ်နယ်ဖွင့်ပြီး ဆက်သွယ်ရာမှ သိလာခဲ့ရတာတွေကို ကျမ်းတွေ ရေးခဲ့ပါတယ်။ ဟစ်တလာကလည်း မမြင်ရတဲ့ ဆရာသခင်တွေဆီက အမိန့်တွေ ညွှန်ကြားချက်တွေ ရတယ်လို့ ယူဆတယ်။ သူက စိတ်တန်ခိုးရအောင် လုပ်ခဲ့တယ်။ အဲဒီ စိတ်တန်ခိုးနဲ့ ရှေ့ဆက်လျှောက်ရင်း ဟစ်တလာအဖြစ် အထွတ်အထိတ်ကို သူ ရောက်သွားတယ်။

စိတ်တန်ခိုးဆိုတာက ကောင်းကောင်းဆိုးဆိုး အတူတူပဲ။ နှစ်ခုစလုံးက ဒုက္ခပေးတာချည်းပဲ။ မယုံမရှိနဲ့။ ခင်ဗျား တကယ်မရသေးလို့ ကောင်းတဲ့စိတ်တန်ခိုးကတော့ ဟန်ကျမယ်လို့ ထင်နေတယ်။ တကယ်ရရင် တကယ်သိသွားမယ်။ ဒုက္ခလှလှကလေးတွေ ချည်း ပေးနေတော့တာကို လက်တွေ့သိသွားမယ်။

ဟစ်တလာရလိုက်တဲ့ တန်ခိုးက လူတွေကို ဟောပြောတဲ့အခါ သံမှုန်ကလေး တွေကို သံလိုက်ခဲတတ်နဲ့ ဆွဲငင်ဖမ်းစားလိုက်သလိုမျိုး အစွမ်းရှိတယ်။ လူတွေရှေ့က စင်မြင့်မှာ သူ မတ်တတ်ရပ်လိုက်တဲ့အခါ ပရိသတ်က သံမှုန်ကလေးတွေဖြစ်သွားတယ်။

အလိုလို သိမ်ငယ်သွားတယ်။ ဟစ်တလာက အလိုလို သံလိုက်တုံးကြီး ဖြစ်သွားတယ်။ အသေဆွဲငင်ခြင်း fatal attraction လို့ ခေါ်တဲ့ တန်ခိုးတစ်မျိုး ဖြစ်ပါတယ်။ သူက မိန့်ခွန်းပြောနေချိန်မှာ သူ့ဆီကနေ တုန်လှိုင်းတွေ ထွက်နေတယ်။ ပရိသတ်ကို ိုက်ခတ်နေတယ်။ ဒီအချိန်မှာ သူ့အတွက် အသက်ပေးဖို့ ဝန်မလေးကြတော့ဘူး။ ဟစ်တလာ အတွက်ဆို သေချင်သေပါစေ ဆိုတာမျိုး ဖြစ်ကုန်ကြတယ်။

စလေအညာက ပုလွေဆရာက ပုလွေကလေး မှုတ်လိုက်တဲ့အခါ ပုလွေသံမှာ ကလေးတွေ ယစ်မူးပြီး သူ့နောက်ကို ကောက်ကောက်ပါအောင် လိုက်သွားကြသလိုမျိုး ဟစ်တလာရဲ့ နောက်ကို ကောက်ကောက်ပါအောင် လိုက်ကုန်ကြတယ်။

ဟစ်တလာနဲ့ နီးနီးကပ်ကပ်နေခဲ့ရတဲ့ လက်ထောက်တစ်ယောက်ဖြစ်တဲ့ ဟာမင် ရောစ်ရှန်နင်က ဟစ်တလာ မိန့်ခွန်းပြောပုံကို ရေးခဲ့ဖူးတယ်။

"သူ့ကို ဓာတ်စီးတဲ့သူလို့ မထင်ဘဲ မနေနိုင်အောင် ကျွန်တော်တို့ ဖြစ်နေခဲ့ကြရတယ်။ ဓာတ်စီးတဲ့သူက သာမန်အချိန်မှာ သူလိုငါလိုပဲ။ ဓာတ်လည်းစီးလိုက်ရော သူက သူများတကာထက် သာတဲ့ စွမ်းရည်တွေ ရှိနေတော့တယ်။ တစ်မူထူးတဲ့ ပါဝါတွေ သူ့မှာ ရှိနေတယ်။ သူ့ပင်ကိုယ် မရှိတော့ဘူး။ ဝင်ပူးပြီး စီးခံထားရတယ်။ အဲဒီလို စီးထားတာက ပြန်လည်းထွက်သွားရော သာမညောင်ည ပြန်ဖြစ်သွားတယ်။ ဟစ်တလာကလည်း အဲဒီအတိုင်း ဖြစ်နေတယ်။ သူကို ပြင်ပကနေ ဝင်ပူးပြီး စီးထားလိုက်တယ်။ သူ့ ပင်ကိုယ် ပျောက်သွားတယ်။ ဟစ်တလာဆိုတဲ့သူအဖြစ် သူက အသုံးတော်ခံရတယ်။ ိုးိုးပုံမှန်နဲ့ တစ်မူထူးတဲ့တန်ခိုးတို့ ရောမွှေထားသလို ဖြစ်နေတယ်။ အထဲမှာ ပါဝါတွေ ကိန်းအောင်းနေတဲ့ လူတစ်ယောက်အဖြစ်ကို သူရောက်နေတယ်။"

ဟစ်တလာက အိပ်မက်ဆိုးထဲမှာ နေနေရတာကိုလည်း သူက ဆက်လက် တင်ပြခဲ့တယ်။ ဟစ်တလာက သူ့ကို ပြောပြခဲ့ဖူးတယ်။

" လူတွေကို အုပ်ချုပ်စီမံပုံရဲ့ အနာဂတ်က ဘယ်လိုရှိမယ်ထင်သလဲ ရဲဘော်။ ငါပြောပြမယ်။ အပေါ်မှာ သခင်ကြီးတွေ ရှိမယ်။ အဲဒါက အထက်လွှာအဖြစ် တည်ရှိပြီး သူ့အောက်မှာ အဆင့်ဆင့် ရှိနေမယ်။ အဲဒီအဆင့်ဆင့်ရဲ့ အောက်မှာမှ လူသာမန်တွေ ရှိမယ်။ အညတြနောက်လိုက်တွေ၊ အခိုင်းခံတွေ၊ အလုပ်လုပ်ပေးရမယ့်သူတွေ ရှိမယ်။ ပြီးမှ သူတို့ရဲ့ အောက်မှာ တိုင်းတစ်ပါးသားတွေ ရှိမယ်။ သူတို့က ကျွန်တွေ။ အဲဒါတွေ အားလုံးရဲ့ အပေါ်မှာ ချုပ်ကိုင်ပေးမယ့်သူ တစ်ယောက်ရှိနေတယ်။ အဲဒီတစ်ယောက်က အခု ရောက်နေပြီ။ သူ့ကို ငါတွေ့တွေ့ နေရတယ်။ သူက သတိပြောင်မြောက်တယ်။ ရဲဝံ့တယ်။ ပြီးတော့ ရက်စက်တယ်။ သူ့ကို ငါကြောက်နေရတယ်။"

ဟစ်တလာက ဩစတြီးယားကနေ ဂျာမနီကို ပြန်လာတယ်။ နိုင်ငံရေးပါတီ တစ်ခုဖြစ်တဲ့ ဂျာမန်လုပ်သားပါတီကို သူ ဝင်တယ်။ အဲဒီ ဂျာမန်လုပ်သားပါတီက မျက်ကန်းမျိုးချစ်တွေ။ ပြီးတော့ ဂျူးဆန့်ကျင်ရေးသမားတွေရဲ့ ပါတီ ဖြစ်နေတယ်။

# ကုဏ္ဍလီနီ

လာလတံမျိုးနွယ်ဝတ္ထုထဲမှာ မြေအောက်ကမ္ဘာမှာ နေထိုင်ကြသူတွေက တန်ခိုးပါဝါတစ်ခုကို ရသွားကြောင်း ရှေ့မှာ ဖော်ပြခဲ့ပါတယ်။ အဲဒီ ပါဝါကို ဝတ္ထုထဲမှာ ဗီရေးလို့ အမည်ပေးထားတယ်။ ဗီရေးက သွေးထဲကိုရောက်သွားတဲ့အခါ လူကို နိုးဆွပေးတယ်။ လူမှာ နဂိုကတည်းက ရှိနှင့်ပြီးသား တန်ခိုးပါဝါတွေ နိုးကုန်ပြီး လူက စူပါလူသားအဖြစ်ကို ရောက်ရှိသွားတယ်။ အဲဒီ ဗီရေးဆိုတာက ဘာကို ပြောတာလဲ။

ရှေ့မှာ တင်ပြခဲ့ဖူးတဲ့ ပတ်ခွေနေတဲ့မြွေလို့ အဓိပ္ပာယ်ရတဲ့ ကုဏ္ဍလီနီရဲ့ စွမ်းအင်မျိုးကို ပြောတာ ဖြစ်ပါတယ်။ အဲဒီလို စွမ်းအင်ဆိုင်ရာ နိုးကြားမှု ရှိရင် သာမန်အားဖြင့်လုပ်ဖို့ မဖြစ်နိုင်တာတွေကို သတ္တဝါက လုပ်လို့ရသွားတယ်။ နဂါးက လူပုံပန်းသဏ္ဌာန်ကိုလွှင့်ထုတ်တာမှာ အခုကိစ္စကို သုံးစွဲထားတယ်။

နာဇီအယူဝါဒရဲ့ ကျင့်စဉ်မှာ ဗီရေးနိုးကြားဖို့ ကျင့်ရတဲ့ လေ့ကျင့်ခန်းတွေ ပါတယ်။ ၁၉၃၉ခုနှစ်မှာ ဂျာမနီကနေ ထွက်ပြေးလာတဲ့ ဒုံးပျံကျွမ်းကျင်သူ ဝီလီလေးက သူသိသမျှတွေကို ပြန်ပြောပြခဲ့တာမှာ ဗီရေးကို အထူးပြုတဲ့အသင်း ထူထောင်ထားကြောင်း ပြောပြခဲ့တယ်။ နာဇီအယူဝါဒီတွေက စူပါလူသားဖြစ်အောင် ဗီရေးကို အသုံးချဖို့ ကြိုးစားနေကြတယ်လို့ သူက ဆိုပါတယ်။

ဒီအတွက် ဂူဠာရီကျင့်စဉ်တွေ ကျင့်ပေးလိုက်ရင် သွေးထဲမှာ အိပ်ပျော်နေတဲ့ ဗီရေးက နိုးသွားပြီး စူပါလူသားဖြစ်သွားမယ်လို့ ယုံကြည်ကြတယ်။ ဗီရေးအထူးပြုအသင်းမှ ထင်ရှားသူနာဇီအယူဝါဒီတစ်ဦးက ဟင်းမလား ဖြစ်ပါတယ်။

ဗီရေးအထူးပြုအသင်းက တိဗက်မှ ဆရာသခင်တွေနဲ့ ချယ်နယ်ဖွင့်ပြီး ဆက်သွယ်ကြတယ်။ အဲဒီဆရာသခင်တွေထဲမှာ တစ်ယောက်ကို အကြောက်ဘုရင် လို့ အမည်ပေးထားကြတယ်။

အဲဒီလို ချယ်နယ်ဖွင့်ပြီး ဆက်သွယ်တာနဲ့ ပတ်သက်လို့ ရေးကြတာတွေထဲမှာ တစ်ခုက တိဘက်လို လူသူမရှိမသိနိုင်တဲ့နေရာမျိုးဆီနဲ့ ဆက်သွယ်တာမဟုတ်ဘဲ ဂြိုဟ်သားကို ဆက်သွယ်တာ ဖြစ်နေတယ်။ ကျွန်တော်တို့ နေထိုင်တဲ့ နေစကြဝဠာမဟုတ်ဘဲ တခြား နေစကြဝဠာဆီမှ ရောက်လာကြသူတွေဆီမှ ထုတ်လွှင့်ချက်ကို ဖမ်းယူတာ ဖြစ်နေတယ်။

ပြီ ရာသီ ့ပ် ရှိတဲ့ နက္ခတ်ဆီမှ လာတာဖြစ်ပြီး မြေကမ္ဘာနဲ့ အလင်းနှစ်သန်းပေါင်း ၆ဂနှစ်ဝေးတယ်။ အဲဒီနေစကြဝဠာမှာ သက်ရှိတွေ နေထိုင်ကြတဲ့ ဂြိုဟ်နှစ်ခုရှိတယ်။ အဲဒီနေစကြဝဠာကို အယ်လ်ဒီဘာရမ်လို့ အမည်ပေးထားကြတယ်။ အဲဒီဂြိုဟ်နှစ်ခုပါဝင်တဲ့ အင်ပါယာရဲ့ အမည်က စူမာရမ်လို့ ခေါ်တယ်။

စူမာရမ်အင်ပါယာမှာ သခင်မျိုးနွယ်နဲ့ လက်အောက်ခံမျိုးနွယ်တွေ ရှိကြတယ်။ သခင်မျိုးနွယ်ကို အလင်းသခင်တွေလို့ ခေါ်ကြတယ်။ လွန်ခဲ့တဲ့ နှစ်သန်းပေါင်း ၅၀၀

ကျော်က အယ်လ်ဒီဘာရမ်ရဲ့ နေက ပေါက်ကွဲမှုတွေ ပိုမိုပြင်းထန်ပြီး အရွယ်အစား ပိုကြီးလာတယ်။ ဒီတော့ အပူတွေ ပိုမိုထုတ်လွှတ်တယ်။ လက်အောက်ခံမျိုးနွယ်တွေက ရာသီဥတုရဲ့ သက်ရောက်မှုကို ခံယူရတဲ့ ကိုယ်ခန္ဓာမျိုး ရှိကြတာကြောင့် ပူလွန်းလို့ မနေနိုင်ကြတော့ဘူး။ ဒီတော့ အပူလွှတ်ရာကို ရွှေ့ပြောင်းကြရတယ်။

ဒီလို ရွှေ့ပြောင်းကြတာမှာ အလင်းသခင်တွေနဲ့အတူ ကျွန်တော်တို့ နေစကြဝဠာ ဆီ ရောက်လာတဲ့ အဖွဲ့တွေလည်း ရှိတယ်။ သူတို့က မာလိုနာဆိုတဲ့ ဂြိုဟ်ကို ရောက် လာကြတယ်။ မာလိုနာဂြိုဟ်ကို ၊ ရှားတွေက မာဒက်၊ မာဒပ် စသဖြင့် ခေါ်ဝေါ်ကြတယ်။ ရောမတွေကတော့ ဖေတွန်လို့ ခေါ်ကြတယ်။

အဲဒီဂြိုဟ်က မားစ်(အင်္ဂါ)ဂြိုဟ်နဲ့ ဂျူပီတာ(ကြာသပတေး)ဂြိုဟ်တို့ကြားမှာ တည် ရှိတယ်။ တစ်နည်းပြောရရင် ရှေ့ပိုင်းမှာ ဖော်ပြခဲ့တဲ့ မဟာစည်းကြိုးလက်ကောက်ထဲမှာ ရှိနေတာ ဖြစ်ပါတယ်။ ဆူမာရီးယန်းတွေရဲ့ တင်ပြချက်နဲ့ နှိုင်းယှဉ်ပြီး စဉ်းစားကြည့်ရင် တီယာမတ်နဲ့ သဘောသဘာဝချင်း တူနေတယ်။

အဲဒီဂြိုဟ်သားတွေက မြေကမ္ဘာကို ကူးလာကြပြီး ဆူမာရီးယန်း လူ့ယဉ်ကျေးမှု တစ်ရပ်ကို ထူထောင်ခဲ့တယ်လို့ ဗီရေးအသင်းသားတွေက ယူဆထားကြတယ်။

နောက်ထပ် ဂြိုဟ်သား အယူအဆတစ်ခုကတော့ ဂြိုဟ်သူဂြိုဟ်သားတွေ သက်ဆင်းခဲ့ကြတဲ့နေရာကို ဟိုက်ပါဘိုရီးယားလို့ အမည်ပေးထားကြတယ်။ မြောက်ဝင်ိုးစွန်း မှာ တည်ရှိတဲ့နေရာဖြစ်တာကြောင့် သူတို့မှာ နေဝင်တယ်ဆိုတာ မရှိဘူး။

တစ်ချိန်မှာတော့ ဟိုက်ပါဘိုရီးယားက ရေအောက်ကို မြုပ်သွားတယ်။ ဒီတော့ မမြုပ်ခင်မှာ ဂြိုဟ်သူဂြိုဟ်သားတွေ နေရာပြောင်းရွှေ့ခဲ့ကြရတယ်။ ဟိမဝန္တာတောင်ခြေမှာ ကြီးမားတဲ့ လိုဏ်ခေါင်းကြီးတစ်ခု ရှိနေတာကို အသုံးပြုပြီး တိုင်းပြည်တစ်ခု တည်လိုက်ကြ တယ်။ အာဟာတာလို့ အမည်ပေးလိုက်ကြတယ်။ မြို့တော်ကိုတော့ ရှမ်ဘဲလားလို့ အမည် ပေးလိုက်ကြတယ်။

ဟစ်တလာက မြေအောက်တိုင်းပြည် ရှိနေတယ်ဆိုတာကို ယုံကြည်တယ်။ မြေအောက်တိုင်းပြည်ကို သွားနိုင်ခဲ့ရင် အဲဒီက သခင်မျိုးနွယ်နဲ့ ဆက်သွယ်နိုင်မယ်လို့ သူ မျှော်လင့်ထားတယ်။

အဲဒီလို ကမ္ဘာ့သခင်မျိုးနွယ်ဆိုတဲ့ မျှော်လင့်ချက်ထားရှိတဲ့သူတွေ ပါဝင်တဲ့ ဂျာမန်လုပ်သားပါတီကို စာရေးဆရာတစ်ယောက် ရောက်လာပြီး အဖွဲ့ဝင်အဖြစ် ခံယူတယ်။ သူက ဟစ်တလာနဲ့ ဆုံမိတဲ့အခါ ဟစ်တလာဟာ ကယ်တင်ရှင်တစ်ဦး ဖြစ်လာမယ်လို့ ယုံကြည်မိတယ်။ စာရေးဆရာအမည်က ဒိုင်ဒရစ်ချ် အက်ကရက် ဖြစ်ပါတယ်။ သူက ဟစ်တလာရဲ့ အနီးကပ် အကြံပေးဖြစ်လာတယ်။ သူက လောကီပညာတွေကို တီးမိခေါက်မိ ရှိသူဖြစ်လို့ ဟစ်တလ ဟာ အက်ကရက်ရဲ့ ပံ့ပိုးမှုကြောင့် တောက်ပြောင်လာတယ်။ တန်ခိုးပါဝါ ရှိသူ ဖြစ်လာခဲ့တယ်။ နောက်လိုက်တွေ တိုးပွားခဲ့ပါတယ်။

ဗီရေးအထူးပြုအသင်းမှ ထင်ရှားသူနာဇီအယူဝါဒီတစ်ဦးဖြစ်သူ ဟင်းမလားက

ဂန္ဓာရီနယ်ပယ်ကို လေ့လာကျင့်သုံးပါတယ်။ သူက နာမည်ဆိုးဖြင့် ကျော်ကြားတဲ့ အက်စ်အက်စ်အဖွဲ့ရဲ့ အကြီးအကဲ ဖြစ်ပါတယ်။ သူက ''ကျောက်တုံးကလေးတွေကို အထူးတလည် စိတ်ဝင်တစား ရှိပါတယ်။ ''ကျောက်တုံးကလေးတွေပေါ်မှာ သင်္ကေတ ကလေးတွေပါပြီး ကျောက်တုံးသင်္ကေတတွေကနေတစ်ဆင့် အနာဂတ်ကို ဟောပြောကြပါ တယ်။

ဟင်းမလားက စကြာတံဆိပ်အပြင် ကြောက်မက်ဖွယ်ရာ အက်စ်အက်စ်အဖွဲ့ ရဲ့ တံဆိပ်ကိုလည်း ရေးဆွဲပေးခဲ့ပါတယ်။ ''ကျောက်တုံးသင်္ကေတကနေ အက်စ်နှစ်ထပ်ကွမ်း ပုံအဖြစ် မိုးကြိုးသွားနှစ်ခု ဘေးချင်းယှဉ်ပြီး နေရာပေးထားတဲ့ပုံ ဖြစ်ပါတယ်။

အက်စ်အက်စ်အဖွဲ့က သွေးကြီးတယ်။ မျိုးိုးအရ ဂျာမန်သွေးစစ်စစ်တွေကိုပဲ ဝင်ခွင့်ပြုတယ်။ သင်တန်းပေးတာမှာ ဂန္ဓာရီပညာရပ် အခြေခံတွေကိုပါ သင်ပေးတယ်။ ထိပ်ဆုံးမှာ ရှိတဲ့ ဦးစီးအဖွဲ့ကို အဖွဲ့ဝင် ၁၃ ယောက်နဲ့ ဖွဲ့စည်းတယ်။ လောကီပညာရပ် မျိုးစုံကို လက်တွေ့လေ့လာတယ်။ သုံးစွဲကြည့်တယ်။

မူရင်းစကြာတံဆိပ်က ညာရစ်ဖြစ်ပြီး နေရဲ့ သင်္ကေတ ဖြစ်ပါတယ်။ ဖန်ဆင်းခြင်း ကို ရည်ညွှန်းပြီး အပေါင်းလက္ခဏာ သဘောသဘာဝ ရှိပါတယ်။ အဲဒါကို ပြောင်းပြန်လုပ်ပြီး ဘယ်ရစ်စကြာအဖြစ် သုံးစွဲခဲ့တယ်။ အပြုကနေ အဖျက်ဖြစ်အောင် လုပ်လိုက်တာ ဖြစ်ပြီး တိုက်ခိုက်ချေမှုန်းဖျက်ဆီးဖို့ ရည်ရွယ်ချက်ကို ဖော်ပြနေတာ ဖြစ်ပါတယ်။

ဟစ်တလာတို့က လောကီပညာတွေကို လိုက်စားတဲ့အခါ သူတို့လို တခြားသူ တွေ ခရီးပေါက်နိုင်တဲ့အပြင် သူတို့ကို ကျော်တက်သွားနိုင်တာကို သဘောမကင်း ဖြစ်မိကြလို့ ဂျာမနီမှာ လောကီကျမ်းတွေ၊ ဂန္ဓာရီကျမ်းတွေ၊ ဂမ္ဘီရကျမ်းတွေ အစရှိတာတွေကို ပိတ်ပင် လိုက်တယ်။ ဘာလင်မြို့မှာ ဗေဒင်ဟောတာကို ပိတ်ပင်လိုက်တယ်။ လျှို့ဝှက်ဂိုဏ်းတွေ အားလုံးကို ဖျက်သိမ်းခိုင်းတယ်။ ဗေဒင်ဆရာတွေကို တိုက်ခိုက်သတ်ဖြတ်တယ်။ ကျမ်း ပုံနှိပ်ခွင့်လည်း မပြုတော့ဘူး။ အကြောင်းမသိသူတွေအဖို့ နာဇီတွေက ဒီလိုဟာမျိုးတွေကို ဆန့်ကျင်မုန်းတီးတဲ့သူတွေလို အထင်ရောက်သွားစေတာမို့ သူတို့ ကျင့်သုံးနေတာကို မရိပ်မိ စေတော့ဘူး။ တစ်ချက်ခုတ် နှစ်ချက်ပြတ် စီမံချက်လို့ ဆိုရပါမယ်။

သူတို့က လူဖြန့်ပြီး မြေအောက်လူ့အဖွဲ့အစည်းကို တိတ်တဆိတ် လိုက်ရှာကြ တယ်။ နေရာစုံကို ခြေစကြာဖြန့်ပြီး သူတို့ လိုက်ရှာခဲ့ကြတယ်။ တိဗက်က ဘုန်းတော်ကြီး တွေကို ကိုးကွယ်ချင် လို့ပါ ဆိုပြီး ဘာလင်ကို ပင့်ဖိတ်ပြီး သီတင်းသုံးခိုင်းထားတဲ့အထိ နေရာအနှံ့ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ခဲ့ကြတယ်။

# ခေါင်းပွကမ္ဘာ

နာဇီအယူဝါဒမှာ မြေကမ္ဘာက အလုံးပြည့် မဟုတ်ဘူး။ အထဲမှာ ခေါင်းပွလို့ ယူဆကြတယ်။ ဝင်ိုးစွန်းကနေ ဝင်လို့ရနိုင်တယ်။ အဲဒီအပေါက်ကို လိုက်ရှာတဲ့သူတွေလည်း အန္တာတိကမှာ ရှိနေတယ်။ ရှိနေတယ်ဆိုတာ အခုအထိ ရှိနေတာကို ဆိုလိုပါတယ်။ တကယ်လို့များ ခေါင်းပွရှိနေခဲ့ရင် အထဲမှာ နေထိုင်နေတဲ့သူတွေ ရှိနေနိုင်တယ်။ သူတို့က လူတွေလည်း ဖြစ်ချင်ဖြစ်မယ်။ ဒါမှမဟုတ် အခြားသတ္တဝါတွေလည်း ဖြစ်နေနိုင်တယ်။

ဒီအယူအဆကို အခြေခံပြီး ပြင်သစ်စာရေးဆရာ ဂျူဘန်းက သိပ္ပံစိတ်ကူးယဉ်ဝတ္ထုတစ်ပုဒ် ရေးခဲ့ဖူးတယ်။ သူက ကမ္ဘာတစ်ပတ် ရက် ၈၀၊ မြေကမ္ဘာမှ လဆီသို့၊ ပင်လယ်ရေအောက်လောက စတဲ့ စိတ်ကူးယဉ်ခရီးသွားဝတ္ထုတွေ ရေးသားခဲ့သူ ဖြစ်ပါတယ်။ စုစုပေါင်း ၅၅ အုပ်ရေးခဲ့တာမှာ 'ကမ္ဘာအတွင်းပိုင်းသို့ ခရီးနှင်ခြင်း'လည်း တစ်အုပ်အပါအဝင် ဖြစ်ပါတယ်။ သူ့ဝတ္ထုတွေက အာသာခရစတီးရဲ့ သည်းထိတ်ရင်ဖို စုံထောက်ဝတ္ထုတွေပြီးရင် ဘာသာအပြန်ခံရဆုံး ဖြစ်ပါတယ်။

သူငယ်စဉ်ကတည်းက စွန့်စွန့်စားစား ခရီးသွားရတာကို ဝါသနာပါတယ်။ ကျောင်းနေအရွယ်မှာ အိန္ဒိယကို သွားမယ့် သင်္ဘောကို ခိုးစီးဖို့ လုပ်တာမှာ မိသွားတယ်။ ဒီအတွက် သူ့အဖေက ိုက်နှက်ပြီး ဆုံးမတယ်။ သူက

''အခုကစလို့ နောက်နောင်မှာ စိတ်ကူးနဲ့ပဲ ခရီးထွက်တော့မယ်။''

လို့ ငိုကြီးချက်မနဲ့ ပြန်ပြောခဲ့တယ်။

သူက ရွှေအ ဦးဂိုဏ်းမှာလည်း အဆင့်အမြင့်အထိ ရောက်ခဲ့တယ်။ အရှေ့တိုင်းတမ်ပလာဂိုဏ်းမှာလည်း အဆင့်အမြင့်အထိ ရောက်ခဲ့တယ်။ သီအိုဆိုဖီနဲ့လည်း ပတ်သက်ခဲ့တယ်။ ဒီတော့ သူက စိတ်ကူးနဲ့ သွားလိုက်တဲ့ သိပ္ပံစွန့်စားခန်း ခရီးသွားဝတ္ထုတွေက နောင်တစ်ချိန်ဖြစ်လာမယ့်ဟာတွေကို ကြိုသိပြီး ရေးထားတဲ့အတိုင်း ဖြစ်နေတာကို တကယ်ဖြစ်ကြုံကြတော့မှ တအံ့တသြဖြင့် သိကြရတယ်။ သူရေးခဲ့တာက ၁၈၆၀ခုနှစ်ကျော်က ဖြစ်ပါတယ်။ သီပေါမင်းပါတော်မူတဲ့ နှစ်ထက် နှစ်ပေါင်း ၂၀လောက်စောတယ်။

'၂၀ရာစု ပါရီမြို့'ဆိုတဲ့ ဝတ္ထုကလည်း တကယ်ဖြစ်လာတာနဲ့ တထေရာတည်းဖြစ်နေတယ်။ အခေါ်သညာတွေသာ လွဲတယ်။ ကျန်တာအားလုံး အတူတူပဲ။ သူ့ဝတ္ထုထဲမှာ လေအေးပေးစက်နဲ့ နေကြတာ၊ ကားတွေနဲ့ သွားလာကြတာ၊ လျှပ်စစ်ဓာတ်သုံးတာ၊ တီဗီကြည့်တာ အကုန်ပါတယ်။ ယုတ်စွအဆုံး အင်တာနက်လို့ဟာမျိုးတောင် ပါတယ်။ အံ့ရော။ အံ့ရော။

သူရေးခဲ့တဲ့ကာလမှာ မဖြစ်နိုင်တာတွေကို လျှောက်ရေးနေတယ်လို့ ထင်ခဲ့ကြရတယ်။ ၂၀ရာစုကျမှ သူရေးခဲ့တာတွေက အနာဂတ်ဟောကိန်း အမှန်တွေပါလားလို့ သိကြရတယ်။

ရမ်းသန်းပြီး ရေးလိုက်တာ ကြက်ကန်းဆန်အိုးတိုးသွားတယ်လို့ ထင်နေရင်

နောက်ထပ်သာဓကေ တစ်ခုကို ပြောပြမယ်။

'ကမ္ဘာမှ လဆီကို သွားတဲ့ခရီး'ဆိုတဲ့ ဝတ္ထုက အမေရိကန်က စေလွှတ်တဲ့ အပိုလို အာကာသခရီးစဉ်နဲ့ တထေရာတည်း သွားတူနေတယ်။ သူက နှစ်ပေါင်း ၁၀၀ စောပြီး ရေးခဲ့တာ ဖြစ်ပါတယ်။ သူရေးတဲ့အချိန်က အာကာသယာဉ် မဆိုထားနဲ့ လေယာဉ်ပျံ ဆိုတာတောင် မရှိသေးဘူး။

အမေရိကန်နိုင်ငံ ဖလော်ရီဒါမှာ ရှိတဲ့ မြေပြင်စခန်းကနေ ဒုံးပျံနဲ့ တင်လွှတ်တာ၊ အာကာသယာဉ်ပေါ်မှာ လူ ၃ယောက် ပါသွားတာ၊ ပြန်အဆင်းမှာ ရေထဲကို ဆင်းကြတာ စတာတွေဟာ သူရေးခဲ့တဲ့ ဝတ္ထုအတိုင်း ဖြစ်နေတယ်။

လကို လူရောက်ဖို့ သွားတဲ့ အာကာသခရီးစဉ်ကို အမေရိကန်က အဦးဆုံး လုပ်နိုင်မယ်ဆိုတာလည်း မှန်ကန်နေတယ်။


အပိုလို ၈ အာကာသယာဉ်မှာလည်း အံ့ကိုက်ဖြစ်နေတာတွေ ရှိနေတယ်။

သူက လွှတ်တင်မယ့်နေရာကို မြောက်လတ္တီကျွတ် ၂၇ဒီဂရီ ၇မိနစ်၊ အနောက် လောင်ဂျီတွတ် ၈၂ဒီဂရီ ၉မိနစ်လို့ အတိအကျ ရေးထားတယ်။

တကယ်လွှတ်တင်ဖြစ်တဲ့နေရာက မြောက်လတ္တီကျွတ် ၂၈ဒီဂရီ ၂၇မိနစ်၊ အနောက်လောင်ဂျီတွတ် ၈၀ဒီဂရီ ၃၆မိနစ်။

အဲဒီနေရာနှစ်ခုကို အဖြောင့်တိုင်းရင် ၁၃၂မိုင်ပဲ ဝေးတယ်။

သူ့အာကာသယာဉ်ကို အလူမီနီယံနဲ့ တည်ဆောက်ထားပြီး စုစုပေါင်းကိုယ်ထည် အလေးချိန်က ၁၉ ၂၅၀ပေါင်လို့ ဖော်ပြထားတယ်။ တကယ့်အာကာသယာဉ် အပိုလို ၈







လက်တွေ့နှင့် စိတ်ကူး

ယာပုံမှာ အပိုလို ၁၁ ကမ္ဘာသို့ ပြန်လာစဉ် တွေ့ရပုံဖြစ်ပြီး ဝဲဘက်ပုံမှာ ဂျူဘန်းတင်ပြခဲ့သည့်ပုံ

က ပေါင်ချိန် ၂၆ ၂၇၅ပေါင် ရှိပါတယ်။

အာကာသယာဉ်လွှတ်တင်ဖို့အတွက် မြေပြင်စခန်းအဖြစ် အသုံးပြုဖို့ နေရာ ၁၂ နေရာ ရွေးချယ်တယ်လို့ ဂျူဘန်းက ရေးခဲ့တယ်။

တကယ့်လက်တွေ့မှာ နေရာ ခုနစ်ခုပဲ ရွေးဖြစ်တယ်။ အဲဒီ ခုနစ်နေရာစလုံးက ဂျူဘန်းရဲ့ ဝတ္ထုထဲက နေရာ ၁၂နေရာထဲမှာ ပါနေတယ်။

အဲဒီလို ကိန်းဂဏန်းတွေ တိတိကျကျနဲ့ ရေးနိုင်တာ၊ ဘယ်နိုင်ငံ ဘယ်နေရာက လွှတ်တင်မယ်ဆိုတာ စတဲ့ အချက်အလက်တွေကို ရေးနိုင်တာဟာ စိတ်ကူးယဉ်ပြီး ရေးတာ ထက် နောင်တစ်ချိန်မှာ လုပ်ဖို့ ချမှတ်ထားတဲ့ အစီအစဉ်ကို ကျော်ပြုပြီး ဝတ္ထုအဖြစ် ရေးထားတာလို့ ကောက်ချက်ချကြရပါတယ်။ တစ်နည်းပြောရရင် ဘေဘီလုံညီအစ်ကို တော်တို့ရဲ့ ခေတ်များစွာအတွက် အလုပ်မဟာရဲ့ လုပ်ငန်းစဉ်တစ်ခုကို ရေးခဲ့တာလို့ ယူဆကြရပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက အမေရိကန် ဖလော်ရီဒါကနေ အာကာသ ခရီးစဉ် ထွက်ဖို့ ချမှတ်ထားပြီးသား ဖြစ်နေပါတယ်။

ဂျူဘန်းက အင်တာနက်ကအစ ကြိုသိနေနိုင်တာဟာ သူ့ကို နောင်လုပ်ကိုင် မယ့် လုပ်ငန်းစဉ်တွေ ပြောပြပြီး ဝတ္ထုရေးခိုင်းခဲ့တာ ဖြစ်မယ်လို့ ယူဆကြပါတယ်။ လူတွေကို ဘယ်လို နေထိုင်ခိုင်းမယ်။ ဘယ်လို ခရီးစဉ်တွေကို စေလွှတ်ခိုင်းမယ် စတာတွေကို အသေးစိတ် သူ့ကို အသိပေးခဲ့ပုံရပါတယ်။ ဒါကြောင့်လည်း သူက ဝတ္ထုတွေမှာ အပ်ကျမတ်ကျ မှန်နေအောင် ရေးနိုင်ခဲ့တာ ဖြစ်ပါလိမ့်မယ်။

ဒီတော့ 'ကမ္ဘာအတွင်းပိုင်းသို့ ခရီးနှင်ခြင်း' ဝတ္ထုကိုလည်း စိတ်ကူးယဉ်ပြီး ရေးချင်ရာလျှောက်ရေးထားတာလို့ ယူဆဖို့ မသင့်ဘူး။ ကျော်ုနဲ့ အချက်အလက်တွေက သူ့ကို အသိပေးထားတာတွေ ဖြစ်ကောင်းဖြစ်နေနိုင်တယ်။ ကမ္ဘာကြီးရဲ့ အတွင်းပိုင်းကို ခရီးသွားတယ်ဆိုတာကို မဖြစ်နိုင်လောက်ဘူးလို့ လျှော့တွက်ဖို့ မသင့်ဘူး။

ကမ္ဘာကြီးက ခေါင်းပွ ဖြစ်နေနိုင်တယ်။ ပြီးတော့ မြေအောက်ကမ္ဘာလည်း ရှိနေနိုင်တယ်။

ဘူမိဗေဒသိပံအရ ပြောဆိုနေကြတာတွေက ရမ်းပြောနေကြတာတွေ ဖြစ်ပါ တယ်။ သူတို့က ဘယ်လောက်နက်နက်အထိ တူးကြည့်ဖူးလို့လဲ။ အခုအချိန်အထိ အနက်ဆုံးစံချိန်က ုရှားတို့ရဲ့ Soviet Kola Superdeep Borehole projectမှာ တူးခဲ့တဲ့စံချိန် ၇ ၂မိုင် ဖြစ်ပါတယ်။ နည်းနည်းပါးပါးလောက် တူးကြည့်ပြီး ဒီမြေအလွှာတွေ မှာတော့ ဒီလိုရှိနေတယ်။ ဒီတော့ ကမ္ဘာ့အူတိုင်မှာ ဘယ်လို ရှိနေမယ်ဆိုပြီး မှန်းဆပြောဆို နေကြတာတွေ ဖြစ်ပါတယ်။ မှန်းဆပြောပေမယ့် တကယ်ပဲ ကိုယ်တိုင်သွားကြည့်ထားသလို ရေးသားပြောဆိုနေကြတယ်။ လူညီပြီး ဤကို ကျွဲဖတ်နေကြတယ်။ တရားသေကြီး ပြောနေ ကြတယ်။ မြေငလျင်လှုပ်ပုံအရ အူတိုင်နေရာမှာ ဘယ်လို ရှိလိမ့်မယ်ဆိုပြီး တွက်ဆ ပြောဆိုနေကြတောတွေ ဖြစ်ပါတယ်။

ရှေးသူဟောင်းတွေက ကမ္ဘာမပြားဘူး။ လုံးတယ်ဆိုတာ သိကြတယ်။ သူတို့က တရားသေသမားတွေ မဟုတ်ဘူး။ 'အမှန်တရား'နဲ့ 'အမြင်တရား'ဆိုပြီး နှစ်မျိုးခွဲပြီး ပြောခဲ့ကြတယ်။ လူသာမန်တွေက မြင်တာကိုပဲ ယုံကြတယ်။ ဒီတော့ အမြင်တရားနဲ့ နေကြတယ်။ ဒီလူတွေအတွက် ကမ္ဘာကြီးက ပြားနေတယ်လို့ ပြောပေးတယ်။ အတွင်းစည်းမှာ ရောက်နေကြသူတွေအတွက်တော့ ကမ္ဘာကြီးက လုံးတယ်။ နေစကြဝဠာက ဒီလို။ နေကို ကမ္ဘာက ပတ်နေတယ်လို့ သင်ပြပေးခဲ့ကြတယ်။ သာမန်လူတွေကိုတော့ ကမ္ဘာကို ဗဟိုမှာထားပြီး အမြင်တရားဖြင့် ဂြိုဟ်သွားဂြိုဟ်လာတွေကို ပြောပြခဲ့တယ်။ ဒီတော့ နေကပါ ကမ္ဘာကို ပတ်နေရရှာတယ်။ အဲဒီလိုပြောမှ လက်ခံမယ့်သူတွေမို့ အဲဒီလိုပဲ ပြောကြရမှာပဲ။ အဲဒီလို လူတွေကို ကမ္ဘာ့အတွင်းပိုင်းမှာ ခေါင်းပွကြီး။ မြေအောက်ကမ္ဘာ ရှိတယ်လို့ ပြောမှာ မဟုတ်တာ သေချာတယ်။

ခင်ဗျားကရော အဲဒီလို လူတွေထဲကပဲလား။
ကျွန်တော် ထပ်ပြောလိုက်ပါဦးမယ်။
*ဒီစာအုပ်မှာ ခင်ဗျား သိထားတွေလည်း ပါတယ်။*
*ခင်ဗျား သိထားသလို မဟုတ်တာတွေလည်း ပါတယ်။*
*ကမ္ဘာပေါ်မှာ တကယ်ဖြစ်နေတာတွေက*
*မယုံနိုင်စရာတွေချည်း ဖြစ်နေနိုင်တယ်။*

အခုစာမျက်နှာအထိ ဖတ်ပြီးမှတော့ တစ်တက်စားလည်း ကြက်သွန်၊ နှစ်တက်စားလည်း ကြက်သွန်။ ဆက်သာ ဖတ်လိုက်ပါတော့. . . .

# ခေါင်းပွအယူအဆ

ဂြိုဟ်တစ်ခုရယ်လို့ စတင်ဖြစ်တည်တဲ့အခါ ပူလောင်လွန်းလို့ အရည်နဲ့ အငွေ့ အခြေအနေမှာ ရှိနေတယ်။ နောက်တစ်ချက်က ဝင်ရိုးပေါ်မှာ လည်နေတယ်။ ဒီတော့ ဗဟိုခွာအားဖြစ်ပေါ်နေတယ် အဝတ်လျှော်စက်ရဲ့ အဝတ်ညှစ်စက်ထဲမှာ ရေစိုနေတဲ့ အဝတ်တွေထည့်လှည့်လိုက်ရင် အဝတ်တွေက အလယ်မှာ မစုဘူး။ ဘေးပတ်ပတ်လည်ကို ပြေးကပ်ကြတယ်။ အူတိုင်နေရာမှာ လွတ်ကျန်ခဲ့တယ်။ ကမ္ဘာကလည်း လည်ပြီး လုံးနေတဲ့ အရည်ဘဝမှာကတည်းက ဗဟိုခွာအားကြောင့် အလယ်နေရာမှာ လွတ်ကျန်နေဖို့ပဲ ရှိပါတယ်။ အပူချိန်ကျဆင်းပြီး အေးခဲသွားတဲ့အခါ မိုင်၈၀၀ အနက်လောက်အထိ မြေလွှာကျောက်လွှာတွေ ရှိနေမယ်။ မိုင် ၈၀၀ ဟိုဘက်မှာ ခေါင်းပွ ဖြစ်နေမယ်လို့ တွေးကြည့်နိုင်ပါတယ်။

ကမ္ဘာမြေဆွဲအားဆိုတာ ကမ္ဘာရဲ့ ဒြပ်ထုနဲ့ တိုက်ရိုက်အချိုးကျနေတယ်။ တကယ်လို့ ကမ္ဘာက ခေါင်းပွ မဟုတ်ဘဲ အသားပြည့်ဖြစ်နေရင် အခုထက် ဒြပ်ထု အများကြီး ပိုကြီးမယ်။ အခုထက် ဒြပ်ဆွဲအား (ဝါ) မြေဆွဲအား ပိုများလိမ့်မယ်။ ကမ္ဘာက ခေါင်းပွဖြစ်လို့ ဒြပ်ဆွဲအားက ရှိတယ်ဆိုရုံကလေး ရှိနေရတာ ဖြစ်ပါတယ်။

ခင်ဗျား ခြေထောက်ကို မဖို့ ဘယ်လောက်များ အားစိုက်ရလို့လဲ။ ခုန်လိုက်ဖို့ ဘယ်လောက်များ အပန်းကြီးလို့လဲ။ တကယ်သာ ကမ္ဘာက အသားပြည့်ဆိုရင် မနည်းမနော ဒြပ်ထုကြီး ဖြစ်နေပြီး ခင်ဗျားကို ဒြပ်ဆွဲအား ကြီးကြီးမားမားနဲ့ ဆွဲထားလိမ့်မယ်။ ထိုင်ပြီးရင် ထဖို့ မစဉ်းစားနဲ့တော့။ လဲကျပြီးရင် ပြန်ထဖို့ စိတ်မကူးနဲ့တော့။

ကမ္ဘာ့အသားပြည့်ဒြပ်ထုအရွယ်အစားနဲ့စဉ်းစားရင် သက်ရောက်နေတဲ့ ဒြပ်ဆွဲအားက နည်းနေတယ်ဆိုတာ သိပ္ပံဆရာတွေ သိကြပေမယ့် သူတို့ မဖြေရှင်းနိုင်နေတာကြောင့် အသာနှုတ်ဆိတ်နေကြတာ ဖြစ်ပါတယ်။

ဒြပ်ဆွဲအား ပမာဏက စဉ်းစားကြည့်မယ့် အရာနှစ်ခုရဲ့ ဒြပ်ထုတွေရဲ့ မြှောက်လဒ်ကို ကြားအကွာအဝေးနှစ်ထပ်နဲ့ စားရင် ရလာမယ့် ပမာဏလို့ သူတို့က ပုံသေနည်းဖြင့် တွက်ထုတ်လိုက်တယ်။ အကွာအဝေးကို နှုတ်ခမ်းသားကနေ စမတိုင်းရဘူး။ ဗဟိုချက်ကနေ တိုင်းရမယ်လို့ ဆိုပါတယ်။



ဗဟိုချက်က ကမ္ဘာလုံးကြီးရဲ့ စက်လုံး ဗဟိုချက်မှာ မရှိဘူး။ မိုင်၈၀၀ အသားထုရဲ့ အလယ်နေရာမှာ ရှိတယ်။ တစ်နည်းပြောရရင် မြေပြင်ကနေ အောက်ဖက် မိုင် ၄၀၀ မှာ ရှိနေတယ်။ ဒီတော့ အပြင်မျက်နှာပြင်မှာ ရှိနေတဲ့အရာတွေကို အထဲဆီသို့ ဆွဲငင်ပြီး အတွင်းသားရဲ့ မျက်နှာပြင်မှာ ရှိနေတဲ့အရာတွေကို အပြင်ဘက်ဆီကို ဆွဲနေပါတယ်။

အခေါင်းပွက အလုံပိတ်မဟုတ်ဘူး။ အပေါက်ပါတယ်။ အပေါက်က ဘယ်နေရာမှာ ဖြစ်နေနိုင်သလဲဆိုတော့ ဝင်ိုးစွန်းဒေသတွေမှာ ဖြစ်နိုင်တယ်။ ကမ္ဘာလည်တဲ့အခါ အဲဒီနေရာတွေက ဝင်ိုးပြုရာနေရာနဲ့ အနီးကပ်ဆုံး ဖြစ်နေလို့ ဗဟိုခွာအား အနည်းဆုံးဖြစ်နေတယ်။ ဒီတော့ အပေါက်အဖြစ် ကျန်နေရစ်နိုင်တယ်လို့ ယူဆကြပါတယ်။ နောက်ထပ်ဖြစ်နိုင်ချေတစ်ခုက မြေလွှာတွေ ရွေ့လျားရာက တောင်တွေအဖြစ် မို့မောက်ကုန်တယ်။ ချိုင့်တဲ့နေရာတွေက ချိုင့်ကုန်တယ်။ အဲဒီလို ရွေ့လျားရင်း မိုင်၈၀၀ အသားထုမှာ အက်ကြောင်းဖြစ်ပြီး ပေါက်နေတာတွေလည်း ရှိနိုင်တယ်။

လတီကျွတ် ၇၀ ကနေ ၇၅ လောက်မှာ ကမ္ဘာက ထိပ်ချိုင့်နေတယ်။ ပန်းသီးထိပ်လို ချိုင့်နေတယ်။ တောင်မှာရော မြောက်မှာပါ ချိုင့်နေတယ်။ ပြေပြေကလေးအတွင်းကို ဝင်သွားတာကြောင့် အဲဒီ ပြေပြေကလေးအတိုင်း ဝင်သွားရင် ကမ္ဘာအတွင်းပိုင်းကို ရောက်သွားမယ်။ ကမ္ဘာအလုံးပေါ်မှာ မတ်တတ်ရပ်နေတဲ့သူအဖို့ အလုံးပေါ်မှာ ရပ်နေရသလို မခံစားရဘူး။ အပြားပေါ်ရပ်နေတဲ့အတိုင်း ဖြစ်နေတယ်။ အလားတူပင် ပြေပြေကလေးအတိုင်း ဝင်သွားသူအဖို့ မသိသာဘူး။ ကမ္ဘာအပြင်ဘက် မျက်နှာပြင်မှာပဲ သူ သွားနေတယ်လို့ ထင်မှတ်မှားနေစေတယ်။ တကယ်တော့ သူက အတွင်းကို ရောက်နေပြီ။

တောင်ဝင်ိုးစွန်းနဲ့ မြောက်ဝင်ိုးစွန်းတို့မှာ ရှိနေကြတဲ့အပေါက်တွေက ကန့်လန့်ဖြတ်အလျား မိုင် ၁၄၀၀ ရှိမယ်လို့ ခန့်မှန်းထားကြတယ်။ အဲဒီနေရာမှာ သံလိုက်စက်ကွင်းက ကရွတ်ခွေလို ကွင်းပုံနဲ့တည်ရှိနေတယ်။ သံလိုက်အိမ်မြှောင်က ပုံမှန်အလုပ်မလုပ်တော့ဘူး။ ဒီတော့ သံလိုက်ဝင်ိုးစွန်းကို ရောက်ပြီလို့ ယူဆကြတယ်။

ပထဝီအရ ဝင်ိုးစွန်းနဲ့ သံလိုက်ဝင်ိုးစွန်းတို့ တစ်ထပ်တည်း မကျတာဟာ သံလိုက်စက်ကွင်းက ကွင်းပုံနဲ့ တည်ရှိနေလို့ ဖြစ်ရမယ်လို့ ကမ္ဘာခေါင်းပွ အယူအဆရှိသူတွေက ကောက်ချက်ချပါတယ်။

နောက်ထပ် ထူးဆန်းတာတစ်ခုက ဝင်ိုးစွန်းမှာ ရှိနေတဲ့ ရေခဲတုံးကြီးတွေက ရေချိုဖြစ်နေတယ်။ ဘေးပတ်ဝန်းကျင် ပတ်ပတ်လည်မှာက သမုဒ္ဒရာရေငန်တွေပဲ ရှိတယ်။ ဒီတော့ အတွင်းမျက်နှာပြင် ပြေပြေကလေးတစ်လျှောက် စီးထွက်လာတဲ့ ရေချိုတွေ ခဲနေတာ ဖြစ်နေနိုင်တယ်လို့ အဖြေထုတ်ကြည့်ကြတယ်။

နောက်တစ်ချက်က ခုနကပြောတဲ့ သံလိုက်ဝင်ိုးစွန်းရဲ့ ဟိုမှာဘက်ကို ရောက်တဲ့အခါ ပိုအေးသွားရမယ့်အစား နွေးလာတာကို တွေ့ကြရတယ်။ အဲဒါ အပေါက်ကနေ အပူတွေ ထွက်နေလို့ဖြစ်ရမယ်လို့ ကောက်ချက်ချကြတယ်။

နောက်တစ်ချက်က ဝင်ိုးစွန်းဒေသမှာ နေထိုင်ကြတဲ့ ကတိုးကောင်အပါအဝင် တိရစ္ဆာန်တွေနဲ့ ငှက်တွေက ဆောင်းကာလမှာ မြောက်စူးစူးဆီကို ရွှေ့ပြောင်းသွားကြတယ်။

နောက်တစ်ချက်က ရေခဲတုံးတွေထဲမှာ အပင်တွေ တွေ့ရတယ်။ ဘယ်လိုက ဘယ်လို ရေခဲတုံးကြီးထဲမှာ အပင်က ရောက်နေရတာလဲ။ ရေခဲမှာ ပေါက်ရောက်တဲ့အပင်မျိုး

မဟုတ်ဘူး။

သံလိုက်ဝင်ရိုးစွန်းကို ကျော်ပြီး ကမ္ဘာအတွင်းပိုင်း နူတ်ခမ်းသားဆီကို ရောက်ဖူးသူတွေ ရှိပါတယ်။ ၁၉၄၇ခုနှစ်မှာ အမေရိကန်ရေတပ်မှ နောက်တန်းဗိုလ်ချုပ်ကြီး ရစ်ချတ် အီး ဘတ်Rear Admiral Richard E. Byrd က လေယာဉ်ဖြင့် ပျံသန်းသွား လာခဲ့ဖူးပါတယ်။ သူက ၁၉၅၆ခုနှစ်မှာ တောင်ဝင်ရိုးစွန်းရဲ့ သံလိုက်ဝင်ရိုးစွန်း ဟိုမှာဘက်ကို လေယာဉ်ပျံဖြင့် သွားခဲ့ဖူးပါသေးတယ်။

သူ့အတွေ့အကြုံကို လေယာဉ်ပေါ်ကနေ ဆက်သွယ်ရေးစက်ဖြင့် ဆက်သွယ်ပြောပြခဲ့ပါတယ်။ သူနဲ့အတူ လိုက်ပါသူတွေကပါ တိုက်ရိုက်အသံလွှင့် ပြောကြားပေးခဲ့ကြပါတယ်။ ဆိုချင်တာက နောက်တန်းဗိုလ်ချုပ်ကြီး တစ်ယောက်တည်း မျက်စိမှောက်မှားပြီး တွေ့တာမဟုတ်ဘူး။ လေယာဉ်ပေါ်မှာ ပါလာတဲ့ တစ်ဖွဲ့လုံးက တွေ့ကြရတာ ဖြစ်ပါတယ်။ ကောင်းကင်မှာ နှစ်သက်ကြည်နူးမိရတဲ့ မြေပြင်ကို တွေ့ရတယ်။ မြောက်ဝင်ရိုးစွန်းမှာ ရေခဲတွေချည်း တွေ့နေရာက ရေခဲမရှိတဲ့နေရာကို သူတို့ တွေ့ကြရတယ်။ ရေကန်ရှိတယ်။ တောင်တန်းလည်း ရှိတယ်။ တောင်ပေါ်မှာ သစ်ပင်တွေကို တွေ့ရတယ်။ ရောမ အကောင်ကြီးတွေလည်း တွေ့ရတယ်။ သူတို့တွေ့ရတဲ့ မြေပြင်က မြေပုံထဲမှာ ပြမထားဘူး။

သူတို့အဖွဲ့ တိုက်ရိုက်အသံလွှင့်တာ တစ်ကြိမ်ပဲ လွှင့်လိုက်ရတယ်။ နားထောင်ဖြစ်တဲ့သူက လူနည်းစု ဖြစ်နေတယ်။ အဲဒီနောက်ပိုင်းမှာ သူ့ကို နူတ်လုံစွာဖြင့် နေထိုင်ဖို့ သတိပေးခံရတယ်။ တောင်ဝင်ရိုးစွန်း ခရီးစဉ်အပြီး တစ်နှစ်မပြည့်ခင်မှာ နောက်တန်းဗိုလ်ချုပ်ကြီး ရစ်ချတ် အီး ဘတ် ကွယ်လွန်အနိစ္စရောက်သွားခဲ့ပါတယ်။

နောက် ၂နှစ်အကြာမှာ ပန်းကန်ပြားပျံ *Flying Saucers* လို့ အမည်ရတဲ့ မဂ္ဂဇင်းက နောက်တန်း ဗိုလ်ချုပ်ကြီး ရစ်ချတ် အီး ဘတ်ရဲ့ အသံလွှင့်ချက်ကို အပြည့်အစုံ ဖော်ပြထားတဲ့ ဆောင်းပါးကို ထည့်တယ်။ မဂ္ဂဇင်းရဲ့ အယ်ဒီတာ ရေးပမ်မာက ပုံနှိပ်စက်ကို အပ်ပြီး ပုံနှိပ်ခိုင်းတယ်။ ပုံနှိပ်စက်နေ သယ်လာတဲ့ ထရပ်ကားပေါ်မှာ မဂ္ဂဇင်းတွေ ပါမလာဘူး။ တခြားစာအုပ်တွေ မဂ္ဂဇင်းတွေပဲ ပါလာတယ်။ အယ်ဒီတာ ရေးပမ်မာက ပုံနှိပ်စက်ကို ဖုန်းဆက်မေးတော့ သူတို့က ပေးပို့တဲ့ စာရင်းကို ပြန်စစ်ကြည့်တယ်။ အဲဒီ လထုတ် ပန်းကန်ပြားပျံမဂ္ဂဇင်းတွေက ပေးပို့တဲ့အထဲမှာ မပါတာကို သိရတယ်။ ဒီတော့ ရေးပမ်မာက ပုံမနှိပ်ရသေးလို့ မပါတာလားဆိုတာ တစ်ချက်ကြည့်ခိုင်းတော့ ပုံမနှိပ်ရသေးကြောင်း သိရတယ်။ သူက အမြန်ဆုံးပြီးအောင် ပုံနှိပ်ပြီး ထွက်ရက်အမီ ပို့ပေးဖို့ ပြောတော့ ပုံနှိပ်စက်မှာ ပလိတ်ပြားတွေက သုံးမရအောင် ပျက်စီးနေတာတွေ့ရကြောင်း အကြောင်းပြန်တယ်။ ရေးပမ်မာ ကြောက်စိတ်ဝင်ပြီး လက်လျှော့လိုက်ရပါတော့တယ်။


## ပန်းကန်ပြားပျံ

ဘောဘီလုံ ညီအစ်ကိုတော်တို့ရဲ့ ခေတ်များစွာအတွက် အလုပ်မဟာ လုပ်ငန်း အစီအစဉ်တွေထဲမှာ နာဇီကိစက ဖြစ်စေချင်သလို ဖြစ်မလာဘူးလို့ သုံးသပ်ကြပါတယ်။ ချွတ်ချော်မှားယွင်းမှုတွေ အနည်းနဲ့အများ ရှိနေတယ်။

တစ်ဖက်မှာ နယ်ပယ်တွေကို သိမ်းပိုက်ပြီး လူတွေကို အနိုင်ကျင့် ကျွန်ပြုနေချိန် တခြားမျက်နှာစာတစ်ခုမှာ လောကီပညာပိုင်းဆိုင်ရာတွေက အောက်လမ်းတွေချည်း ဖြစ်ကုန်တာကြောင့် အလွဲလွဲအချော်ချော် ဖြစ်ကုန်ရတယ်လို့ သုံးသပ်ကြတယ်။

သိပ်ဘက်မှာတော့ တစ်ဟုန်ထိုး တိုးတက်ခဲ့ပါတယ်။ ဒုံးပျံနည်းပညာ ဖွံ့ဖြိုး တိုးတက်ခဲ့တယ်။ ဒီအချက်က နောင်တစ်ချိန်မှာ လုပ်ဆောင်မယ့် ဖလော်ရီဒါ အာကာသ စီမံကိန်းအတွက် အများကြီး အထောက်အကူပြုစေခဲ့ပါတယ်။

နောက်ထပ် အံ့သြစရာကောင်းတာက နဂါးတွေရဲ့ စီးတော်ယာဉ်လို့ ဆိုရမယ့် ပန်းကန်ပြားပျံ နည်းပညာကို နာဇီတွေရဲ့ ဗီရေးအထူးပြုအသင်းက ရရှိခဲ့တာ ဖြစ်ပါတယ်။ အဲဒီပန်းကန်ပြားပျံတွေက အမေရိကန်လေသူရဲတွေက ဖိုးဖိုက်တာ Foo Fighterလို့ အမည်ပေးခဲ့ကြတယ်။ ပန်းကန်ပြားပျံတွေကို အမည်မသိပျံသန်းသောအရာ Unindentified Flying Objectလို့ တရားဝင် အမည်ပေးထားတယ်။ အတိုကောက် ယူအက်ဖ်အို UFOလို့ ခေါ်ကြတယ်။ တချို့က ယူအက်ဖ်အိုလို့ အက္ခရာတစ်လုံးချင်း အသံထွက်ကြပြီး တချို့က စာလုံးပေါင်းပြီး 'ယူဖိုး'လို့ ဖတ်ကြတယ်။ ဂျာမန်တွေရဲ့ ပန်းကန်ပြားပျံက စစ်အတွင်းမှာတွေ့ရတာဖြစ်လို့ တိုက်လေယာဉ်အဖြစ် သတ်မှတ်ကြတယ်။ ဒါကြောင့် ယူဖိုးဖိုက်တာလို့ ခေါ်ကြရာက နောက်တော့ ဖိုးဖိုက်တာလို့ အမည်တွင်သွား တယ်။ ဂျာမန်တွေ ပေးထားတဲ့အမည်က ဗီရေးVril ဖြစ်ပါတယ်။ မော်ဒယ်အမျိုးမျိုး





ထုတ်လုပ်ခဲ့ကြတာမှာ Vril-1 Vril-2 Vril-7စသဖြင့် အမည်ပေးခဲ့ပါတယ်။

ဒီကိစ္စနဲ့ပတ်သက်လို့ လေ့လာစူးစမ်းသူတွေ ရှိတယ်။ ယုံတဲ့သူကလည်း ခိုင်ခိုင်မာမာ ယုံကြည်တယ်။ မယုံတဲ့သူကလည်း အလကားလိုက်ဖွတာပါလို့ ယူဆကြတယ်။ မှတ်တမ်းတင်ဗီဒီယို *UFO - The Secrets Of The Third Reich* ထွက်လာခဲ့တယ်။ ပြသချိန် ၁နာရီနီးပါး ကြာမြင့်ပြီး အထောက်အထားခိုင်ခိုင်လုံလုံဖြင့် တင်ပြထားတာကို တွေ့ရတယ်။

ယုံဖို့ခက်နေရတဲ့အထိ အဲဒီပန်းကန်ပြားပျံမှာ သုံးစွဲတဲ့နည်းပညာက ဂြိုဟ်သားတွေဆီက ရထားတဲ့ နည်းပညာလို့ တင်ပြလာကြတဲ့အခါ ပွဲပိုဆူသွားခဲ့တယ်။

ဗီရေးအဖွဲ့က သူ့နိုင်ငံမှာရှိတဲ့ ပစ္စည်းတွေနဲ့ အတတ်နိုင်ဆုံးကြိုးစားပြီး တည်ဆောက်ခဲ့တယ်။ ဒါပေမယ့် အချောထည်ထုတ်နိုင်တဲ့ အဆင့်အထိ ရောက်မလာခင်မှာ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားလို့ လုပ်ငန်းရပ်သွားခဲ့တယ်။

အမေရိကန်လေသူရဲတွေက ကောင်းကင်မှာ ဖိုးဖိုက်တာကို ရင်ဆိုင်တွေ့ခဲ့ကြတယ်။ မီးခိုးရောင်သန်းတဲ့ အစိမ်းရောင်မှိုင်းမှိုင်း ကိုယ်ထည်ရှိတဲ့ ပန်းကန်ပြားပျံက လေယာဉ်နားမှာ ရစ်သီရစ်သီ လုပ်နေတာကို ကြုံခဲ့ကြရတယ်။ လေထဲ ရပ်ထားတဲ့ အခါမျိုးလည်း ရှိတယ်လို့ ပြောပြကြတယ်။ တချို့ကတော့ နီလိမ္မော်ရောင် တောက်တောက်ကိုယ်ထည်ရှိတဲ့ ဖိုးဖိုက်တာကို တွေ့ခဲ့ကြရတယ်။

ပိုစိတ်ဝင်စားစရာကောင်းတာက စစ်ကြီးပြီးသွားချိန်မှာ အချောသတ်လုပ်ကိုင်မှုတွေကို အမေရိကန်တွေက လုပ်ခဲ့တယ်ဆိုတဲ့ သတင်း ဖြစ်ပါတယ်။

ဖိုးဖိုက်တာတွေရဲ့ ဇာတ်လမ်းအစက ၁၉၃၈ခုနှစ်မှာ စတင်ခဲ့တယ်။ အဲဒီနှစ်မှာ အန္တာတိကတိုက်ကို ဂျာမန်လေ့လာရှာဖွေရေးအဖွဲ့ စေလွှတ်ခဲ့တယ်။ လေယာဉ်တင်သင်္ဘော ရှာဝါဘင်လန်းနဲ့ သွားခဲ့ကြတယ်။ စတုရန်းကီလိုမီတာ ၆သိန်းလောက်ရှိတဲ့ ရေခဲကင်းမဲ့နေတဲ့ မြေဧရိယာကို ဂျာမန်ပိုင်နယ်မြေဖြစ်ကြောင်း ကြေညာခဲ့ကြတယ်။ စစ်စခန်းပါ တည်ဆောက်ပြီး တပ်စွဲထားခဲ့ကြတယ်။

၁၉၄၇ခုနှစ်မှာ ရှေ့မှာတင်ပြခဲ့တဲ့ နောက်တန်း ဗိုလ်ချုပ်ကြီး ရစ်ချတ် အီးဘတ်တို့အဖွဲ့ကို အမေရိကန်ရေတပ်က အထူးတာဝန်အဖြစ် အန္တာတိကတိုက်ကို စေလွှတ်ခဲ့တယ်။ နောက်ပါစစ်သည်အင်အား လေးထောင်ထည့်ပေးလိုက်တယ်။ အပြည့်အစုံပါတဲ့ လေယာဉ်တင်သင်္ဘောတစ်စီးလည်း ပေးလိုက်တယ်။ ရှစ်ပတ်အကြာမှာ အထိနာပြီး တပ်ပြန်ဆုတ်ခဲ့ရတယ်။ ဘာတွေ ဖြစ်လာမှန်း လူထုမသိရအောင် သတင်းမှောင်ချထားလိုက်ကြတယ်။

ဘတ်က အချိန်အတော်ကြာပြီးမှ တစ်စွန်းတစ်စ ထုတ်ဖော်ပြောကြားခဲ့တယ်။ အဲဒီမှာ နာဇီအက်စ်အက်စ်တပ်လို့ ယူဆရတဲ့ တပ်နဲ့ တိုက်ခိုက်ခဲ့ရတယ်။ ရန်သူသုံးစွဲတဲ့ လေယာဉ်တွေက အဆင့်မြင့်နည်းပညာတွေ သုံးထားတယ်။ အန္တာတိကတိုက်မှာ ခေတ်ရှေ့ပြေးတဲ့ လူ့အဖွဲ့အစည်းရှိနေပုံရတယ်လို့ သူက ပြောပြခဲ့ပါတယ်။

ဟုတ်သော်ရှိ မဟုတ်သော်ရှိ စိတ်ဝင်စားဖို့ ကောင်းတာတော့ အမှန်ပဲ။

စစ်ကြီး မပြီးခင်မှာ နာဇီတွေကြားထဲမှာ ဗြိတိသျှနဲ့ အမေရိကန်တို့ရဲ့ သူလျှိုတွေ ရောက်လာကြတယ်။ သူတို့က စစ်ရေးအချက်အလက်တွေ ထောက်လှမ်းဖို့ မဟုတ်ဘူး။ ကျွမ်းကျင်သူပညာရှင်တွေကို အချိန်မီ ခေါ်ထုတ်ဖို့တာဝန်ဖြင့် ရောက်လာကြတာ ဖြစ်ပါတယ်။ တကယ်တိုက်ခိုက်သတ်ဖြတ်မယ့် မဟာမိတ်တပ်တွေနဲ့ ရုရှားတပ်တွေ ရောက်မလာခင်မှာ ကျွမ်းကျင်သူ အတတ်ပညာရှင်တွေ၊ အင်ဂျင်နီယာတွေ၊ ဆေးပညာရှင်တွေ အစရှိသူတွေကို တိတ်တဆိတ် ခေါ်ထုတ်ခဲ့ကြတယ်။ အဲဒီ အရေးပေါ်စီမံချက်ကို Project Paperdip လို့ အမည်ပေးခဲ့ပါတယ်။

အပြင်ဖက်ကို ရောက်ရှိတဲ့အခါ တောင်အမေရိကနဲ့ အမေရိကန်တို့ဆီ ပို့ပေးလိုက်ကြတယ်။ အဲဒီလူတွေနဲ့ နာဇီတွေ လုပ်လက်စရှိတဲ့ စီမံကိန်းတွေကို ဆက်လုပ်ခဲ့ကြတယ်။

နုရင်ဘတ် စစ်ခုံရုံးမှာ ရုံးတင်စစ်ဆေးခံရပြီး သေဒဏ်ထိသူတွေက လူထုကျေနပ်အောင် ပြပြီ လုပ်ပြခဲ့ကြတာသာ ဖြစ်ပါတယ်။ အဆင့်မြင့်နည်းပညာရပ်တစ်ခုခုကို ဖြစ်ဖြစ်မြောက်မြောက် တတ်ကျွမ်းတဲ့သူ တစ်ယောက်မှ မပါခဲ့ဘူး။ တကယ်တတ် တကယ်သိ တကယ်ကျွမ်းတဲ့သူတွေက သူတို့ လုပ်လက်စ ရှိတဲ့အလုပ်တွေကို ဆက်လုပ်နေကြပြီ။ သူတို့ဆီ လူထုအာရုံမရောက်စေဖို့ နုရင်ဘတ်မှာ အစစ်ခံရသူတွေက ထိုးကျွေးခံရတဲ့ နယ်စားရုပ်ကလေးတွေ ဖြစ်ပါတယ်။

အဲဒီလို အတတ်ပညာရှင်တွေကို ခေါ်ထုတ်ခဲ့ပေမယ့် ပန်းကန်ပြားပျံအတတ်ပညာရှင်ကိုတော့ မရလိုက်ဘူး။ နားစွန်နားဖျား ကြားသိတာတွေနဲ့ ကြိုးစားလုပ်ကိုင်ပေမယ့် မအောင်မြင်သေးဘူးလို့ သိရပါတယ်။

# အသံထွက်ဘာသာစကား

သင်္ကေတအ ုပ်ကလေးတွေက စကားတွေ အများကြီးပြောနေကြတယ်။ ဒါပေမယ့် ဘာသံမှ မကြားရဘူး။ နားများရှိမှ ကြားရမယ့်စကားကို သူတို့ ပြောနေကြတယ်။

ဘေဘီလုံညီအစ်ကိုတော်တွေက သူတို့လက်ရာခြေရာတွေကို သင်္ကေတတွေနဲ့ ပြသနေကြတယ်။

အရာရာဟာ တစ်ကနေ မွေးဖွားပေါ်ပေါက်လာတယ်လို့ ဆိုိုးစကားရှိတယ်။ ဒီတော့ ဘေဘီလုံညီအစ်ကိုတော်တွေက သူတို့ ချုပ်ကိုင်ထားတဲ့ ငွေစက္ကူဖြစ်တဲ့ ဒေါ်လာတန်တွေထဲမှာ တစ်ဒေါ်လာတန်ကို သူတို့ရဲ့ သင်္ကေတတွေ ဖော်ပြဖို့ ရွေးချယ်သုံးစွဲခဲ့တယ်။

အမေရိကန်မှာ ဖရီးမေဆင်တွေ ကြီးစိုးနေလို့ ဖရီးမေဆင်တွေက ဒေါ်လာတန်တွေမှာ အစီအရင်အဖြစ် ပုံတွေ စာတွေထည့်တယ်လို့ ဆိုကြပါတယ်။ တကယ်တော့ ဖရီးမေဆင်ဆိုတာ တမ်ပလာကနေ သက်ဆင်းလာတာပါ။ တမ်ပလာဆိုတာကလည်း ဘေဘီလုံရဲ့ အစေအပါးတွေ ဖြစ်ပါတယ်။ ဒီတော့ တစ်ဒေါ်လာတန်မှာ ပါတဲ့ အချင်းအရာတွေအတွက် အမိန့်ချမှတ်သူဟာ ဘေဘီလုံညီအစ်ကိုတော်တွေလို့ ယူဆရမှာ ဖြစ်ပါတယ်။ ဖရီးမေဆင်တွေက အမိန့်ကို အကောင်အထည်ဖော်ခဲ့ကြရသူတွေ ဖြစ်ပါတယ်။

တစ်ဒေါ်လာတန်မှာ ပေါ်ပေါ်ထင်ထင်ကြီးတွေ လုပ်ထားတယ်။ တစ်ဒေါ်လာတန်ရဲ့ ကျောဘက်မှာ ပိရမစ်ပုံပါတယ်။ ပိရမစ်အခြေမှာ စာတန်းကလေး ပါတယ်။





**MDCCLXXVI**

ဆိုပြီးပါတယ်။ ရောမလို ဂဏန်းတန်ဖိုး တစ်ခုကိုရေးပြထားတာ ဖြစ်ပါတယ်။ ၁၇၇၆ လို့ ရေးထားတာဖြစ်ပါတယ်။ ခုနှစ်ကို ရေးထားတာလို့ ယူဆရအောင်ကလည်း ၁၇၇၆ခုနှစ်မှာ လွတ်လပ်ရေးရတာမျိုးလို ထူးထူးခြားခြား မဖြစ်ခဲ့ဘူး။ အဲဒီ၁၇၇၆ ဘယ်က ရောက်လာသလဲဆိုတော့ ဘေဘီလုံတွေရဲ့ သင်္ချာအရ ရောက်လာတဲ့ ကိန်းဂဏန်း ဖြစ်ပါတယ်။

ဘေဘီလုံ လောကီပညာရဲ့ ဂုဏ္ဍာရီသင်္ချာက ၆ဝကို အခြေခံပြီး တြိဂံမှာ ခုဂဏန်း၊ ဆယ်ဂဏန်း၊ ရာဂဏန်း၊ ထောင်ဂဏန်း စသဖြင့် နေရာချရတယ်။

အဲဒီတော့ ၁၇၇၆ရဲ့ မူရင်းတန်ဖိုးကို ဘေဘီလုံသင်္ချာနည်းအရ တွက်ထုတ်ကြည့်ရင် ၆၆၆ ဖြစ်နေတာကို တွေ့ရတယ်။ အဲဒီ ၆သုံးထပ်ကွမ်း ကိန်းဂဏန်းဟာ ဘေဘီလုံ သင်္ချာမှာ အင်မတန် အရေးပါတဲ့ဂဏန်းဖြစ်တယ်။ ဘယ်လိုတွက်ရတယ်ဆိုတာကို ပုံနှင့်တကွ ဖော်ပြပေးထားပါတယ်။




၁၇၇၆ရဲ့ မူရင်းဂဏန်းက ခြောက်ရာ၊ ခြောက်ဆယ်နဲ့ ခြောက် ၆၆၆ ဖြစ်နေတာ တွေ့ရပါတယ်။

ငွေစက္ကူဆိုင်ရာ ပြဋ္ဌာန်းသတ်မှတ်ချက်အရ ဒေါ်လာပေါ်မှာ ဘုရင်းကို ယုံတယ်လို့ အဓိပ္ပာယ်ရတဲ့ "In God We Trust" ဆိုတဲ့ စာတမ်းကို မပျက်မကွက် ဖော်ပြ ကြရတယ်။ ဘေဘီလုံတွေက ဘုရားတရား ကြည် ိုစေချင်လို့ ဒီလို ရေးခိုင်းရတာလား။ မဟုတ်ပါဘူး။ ဒေါ်လာတွေ ိုက်နှိပ်ထုတ်ဝေခွင့်က သူတို့ရဲ့ လက်ထဲမှာ



ရှိတဲ့ ပုဂ္ဂလိကပိုင်ဗဟိုဘဏ် Federal Reserveရဲ့ လက်ထဲမှာ ရှိနေတယ်။ ဒီလို လက်ထဲရောက်အောင်လည်း သူတို့ စီမံဆောင်ရွက်ခဲ့ကြပြီး သူတို့လို ဒေါ်လာ ိုက်နှိပ်ခွင့် ယူတဲ့ သမ္မတတွေကို သူ့လူ ဖြစ်နေရင်တောင် ချမ်းသာမပေးဘဲ စာရင်းရှင်းပစ်ခဲ့ကြတာကို တွေ့ကြရတယ်။ သမ္မတ လင်ကွန်း စာရင်းရှင်းခံရတာကို ရှေ့မှာ ရေးခဲ့ပြီးပါပြီ။ သူက အမေရိကန်ပြည်ထောင်စု မပြိုကွဲစေရေးအတွက် ပြည်တွင်းစစ်ဖြင့် တားဆီးပေးခဲ့သူ ဖြစ်ပေမယ့် သူက ကျောစိမ်း Greenbackလို့ ခေါ်တဲ့ ကျောဖက်မှာ အစိမ်းရောင်သုံးထားတဲ့ ငွေစက္ကူတွေကို စိတ်ကြိုက် ိုက်နှိပ်ခဲ့တယ်။ သမ္မတကနေဒီကလည်း ငွေစက္ကူ ိုက်နှိပ်ခဲ့တယ်။ အနီရောင် အမှတ်အသားတံဆိပ်ပါတဲ့ ဒေါ်လာတွေကို သူ ိုက်နှိပ်ထုတ်ဝေခဲ့တယ်။ ၁၉၆၃ခုနှစ်မှာ အစိုးရရဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ငွေစက္ကူ ိုက်နှိပ်ထုတ်ဝေရန် အမိန့်စာအမှတ်–၁၁၁၁၀ကို ကနေဒီက လက်မှတ်ရေးထိုးပေးခဲ့တယ်။ သူ ိုက်ခိုင်းတဲ့ ငွေစက္ကူကို United States Noteလို့ အမည်ပေးခဲ့တယ်။ လက်ရှိစနစ်က အစိုးရက ငွေစက္ကူ ိုက်ခိုင်းရင် ပုဂ္ဂလိကပိုင်ဗဟိုဘဏ် Federal Reserveမှာ အကြွေးတင်တယ်။ တစ်သိန်းဖိုး ိုက်ခိုင်းရင် တစ်သိန်းအကြွေးတင်တယ်။ အဲဒီလို အသားလွတ်ကြီး အကြွေးတင်ရတာကြောင့် အစိုးရအဆက်ဆက် အကြွေးမကင်းနိုင်အောင် ဖြစ်နေကြရတယ်။ ပုဂ္ဂလိကပိုင်ဗဟိုဘဏ် Federal Reserve က ငွေစက္ကူ ိုက်နှိပ်ခွင့်ရှိတာကြောင့် စက္ကူတွေ စက်ပေါ်တင်ပြီး တသောသော ိုက်လိုက် ုပဲ။ ဘာမှ ရှိဖို့ မလိုဘူး။ အဲဒီလို ိုက်လို့ ကုန်ကျတဲ့ စက္ကူ မှင်၊ ိုက်နှိပ်ခ စတာတွေကိုလည်း အစိုးရက ကျခံရတယ်။ ကဲ့ . ဒီထက်ကောင်းတဲ့ ပုံနှိပ်လုပ်ငန်း ကမ္ဘာမှာ ရှိပါဦးမလား။ ိုက်သမျှ ငွေဖြစ်၊ ဘာဆိုဘာမှလည်း မကုန်ကျ။

ကနေဒီက အင်မတန်ကောင်းတဲ့ ပုံနှိပ်လုပ်ငန်းကို ကိုယ်တိုင်လုပ်ခဲ့ပါတယ်။ သူလည်း ငွေစက္ကူ ိုက်နှိပ်မိတဲ့ လင်ကွန်းလိုပဲ လုပ်ကြံခံရပြီး ကွယ်လွန်အနိစ္စရောက်ခဲ့တာကို တွေ့ရတယ်။ အမိန့်စာအမှတ်–၁၁၁၁၀ကို လက်မှတ်ထိုးတဲ့ ၁၉၆၃ခုနှစ်မှာပဲ လုပ်ကြံခံရတာ ဖြစ်ပါတယ်၊

ဒီတော့ "In God We Trust"ဆိုတာကို တိုက် ိုက်အဓိပ္ပာယ် ကောက်ဖို့ မသင့်ဘူး။ ၁၇၆၆ဆိုတဲ့ ကိန်းဂဏန်းလိုပဲ မူရင်းဆိုလိုချက်ကို ဖော်ထုတ်ပြီး သဘောပေါက်ရမှာ ဖြစ်ပါတယ်။ အဓိပ္ပာယ်က ဒီလိုပါတဲ့။

"In God We Trust"မှာ ပါတဲ့အက္ခရာတွေကို စာပြန်စီကြည့်ရမှာ ဖြစ်ပါတယ်။ အဲဒီလို စာပြန်စီပြီး အဓိပ္ပာယ်တွေ ဖော်တာဟာလည်း လောကီပညာတစ်မျိုးဖြစ်ပြီး စာလုံးဝေါဟာရအရ ဓာတ်ဆင်ဓာတ် ိုက်တဲ့ ပညာရပ် ဖြစ်ပါတယ်။ စကားလုံးတစ်လုံးမှာ ပါတဲ့ အက္ခရာတွေကို နေရာပြောင်းပေးပြီး နောက်ထပ် ဘာစာလုံးတွေ ရနိုင်သလဲ၊ အဲဒီစာလုံးရဲ့ အဓိပ္ပာယ်တွေအရ ဓာတ်သက်ရောက်မှု ရှိတယ်လို့ ယူဆတဲ့ပညာရပ် ဖြစ်ပါတယ်။ မြန်မာလည်း ရှိပါတယ်။ အခြောက်မ ုပ်ရင် အချုပ်မရောက်ဘူး ဆိုတာမျိုး ဖြစ်ပါတယ်၊ ဖမ်းဆီးခံရပြီး အချုပ်ထဲ မရောက်ရလေအောင် ယတြာချေထားတဲ့ လက်ဖက်စို











အုခုလို ခေါက်ပြီး
ကြည့်လိုက်ကြတဲ့အခါ .. .
ပင်တာဂွန် စစ်ဌာနချုပ်
မီးလောင်နေတာကို တွေ့ကြရတယ်။















အခုလို ခေါက်ပြီး
ကြည့်လိုက်ကြတဲ့အခါ .. .
ကမ္ဘာ့ကုန်သွယ်အဆောက်အဦ
မီးလောင်နေတာကို တွေ့ကြရတယ်။










က ခြောက်သွားချိန်မှာ မသိမ်းဘဲ ထားလိုက်ပါ။ အဲဒါဆိုရင် အချုပ်ထဲ ရောက်ရမယ့် အဖြစ်ကနေ လွတ်ကင်းနေမယ်လို့ ပြောပါတယ်။ အင်္ဂလိပ်စာမှာတော့ စကားလုံးမှာ ပါတဲ့အက္ခရာတွေကို နေရာပြောင်းပြီး အဓိပ္ပာယ်အသစ် ဖော်ယူပါတယ်။ ဝဏ္ဏပြောင်းပညာလို့ ခေါ်ပါတယ်။ ဝဏ္ဏဆိုတာ ကကြီးကနေ အ အထိ အက္ခရာတွေကို ဆိုလိုပါတယ်။ အင်္ဂလိပ်စာမှာတော့ အေကနေ ဇက်အထိ ဖြစ်ပါတယ်။

စကားရပ်တစ်ခုမှာလည်း ပါဝင်နေတဲ့ အက္ခရာ (ဝါ) ဝဏ္ဏတွေကို နေရာပြောင်းပြီး နောက်ထပ် စကားရပ်တစ်ခု ပြောင်းလဲရောက်ရှိစေနိုင်ပါတယ်။ အဲဒီလို ရလာတဲ့ အဓိပ္ပာယ်က ဝှက်ထားတဲ့ အဓိပ္ပာယ်လို့ ကောက်ယူပါတယ်။ ဘာလို့လဲဆိုတော့ နဂိုက ရေးသားသူက သူပြောချင်တဲ့ စကားရပ်ကို အရင်ရေးပြီးမှ နောက်တစ်မျိုး အဓိပ္ပာယ် ထွက်အောင် ပြင်ရေးလိုက်ပြီး သူပြောလိုရင်းကို ဝှက်ထားတာဖြစ်ပါတယ်။

အဲဒီပညာရပ်နဲ့ In God We Trust ကို အဓိပ္ပာယ်ဖော်လိုက်တဲ့အခါ Trusted Owing လို့ အဓိပ္ပာယ် ရပါတယ်။ လက်ဝယ်ပိုင်ဆိုင်တာကို ယုံတယ်လို့ ဆိုလိုပါတယ်။ ငွေစက္ကူနဲ့ ပတ်သက်လာရင် ကိုယ်လက်ထဲပိုင်မှ စိတ်ချရတယ်ဆိုတဲ့ ဘောဘီလုံတို့ရဲ့ ခံယူချက်ကို အတိအလင်း ဖော်ပြထားတာ ဖြစ်ပါတယ်။ သူတို့က ဘုရားရဲ့ ဘဏ်လုပ်ငန်းရှင်များ God's Bankers လို့ ခံယူထားကြတယ်။

၉၁၁ လို့ အမည်တွင်တဲ့ လူစီးလေယာဉ်ပျံတွေနဲ့ အကြမ်းဖက်တိုက်ခိုက်မှုက ၉လပိုင်း ၁၁ ရက်မှာ ဖြစ်ပွားခဲ့တယ်။ စစ်ဌာနချုပ်ဖြစ်တဲ့ ပင်တဂွန်တိုက်ခိုက်ခံရတယ်။ အဲဒီဖြစ်ရပ်ကို ဒေါ်လာ ၂၀တန်မှာ ဖော်ပြထားတာကို ဖော်ထုတ်တွေ့ရှိခဲ့ကြတယ်။ ခရီးစဉ် အမှတ် ၇၇ ကို ပျံသန်းတဲ့ လေယာဉ် ဘိုးရင်း ၇၅၇ ဝင်တိုက်ပြီး မီးထလောင်နေတဲ့ ပုံနဲ့ ဆင်ဆင်တူနေတာကို တွေ့ကြရတယ်။

နောက်တစ်မျိုး ခေါက်ကြည့်ပြန်တော့ ဖော်ပြထားတဲ့ သမ္မတပုံကို အကြောင်း ပြုပြီး ဂျက်ဆင်ငွေလို့ ဗန်းစကားမှာ ပြောကြတဲ့၂၀ တန်ဒေါ်လာမှာ မိုးထိတိုက်တာဖြစ်တဲ့ နယူယောက် ကမ္ဘာ့ကုန်သွယ်အဆောက်အဦကို လူစီးလေယာဉ်တိုက်ပြီးချိန် မီးထလောင်

နေတဲ့ ပုံကို တွေ့ကြရတယ်။

အခု စာရေးနေချိန်အထိ အဖြေဖော်ထုတ်လို့ မရသေးတဲ့ ပဟေဠိက ခုနကလို ခေါက်ချိုးလိုက်တဲ့အခါ ထင်ကျန်ခဲ့တဲ့ ခေါက်ိုးရာတွေက အိမ်ဖြူတော်ပုံကို ပစ်မှတ်ဗဟိုချက် အဖြစ် အရာထင်နေတာ ဖြစ်ပါတယ်။ ပြီးတော့ ဒေါ်လာတန်ပေါ်က အက္ခရာတွေကို ခေါက်ိုးရာတွေက ဖြတ်သန်းတာမှာ အီးE နဲ့ အေA ကို အပေါ်ဖက်မှာ တစ်ကြိမ်၊ အောက်ဖက်မှာ တစ်ကြိမ် ဖြတ်သန်းပါတယ်။ အဲဒီ EA EAက ဘာကိုဆိုလိုတာလဲ ဆိုတာ ဖော်ထုတ်နိုင်ဖို့ ကြိုးစားနေကြပါတယ်။

# မီးတုတ်၊ ပီရမစ်၊ မျက်လုံး

ဘောဘီလုံတွေရဲ့ သင်္ကေတတစ်ခုက မီးထွန်းထားတဲ့ မီးတုတ် ဖြစ်ပါတယ်။ နေရဲ့ ပညာမီး၊ ဂျူးတန်ဆောင်သင်္ကေတအဖြစ် သတ်မှတ်ထားပါတယ်။ ဉာဏ်အလင်းကို ဆိုလိုပါတယ်။ ဉာဏ်အလင်းရထားတဲ့ အဆင့်မှာ ရှိတဲ့သူတို့ကို ထွန်းတောက်နေတဲ့ မီးတုတ်လို့ တင်စားပြီး ပြောပါတယ်။

ရှေးဒဏ္ဍာရီတွေမှာ ထွန်းတောက်နေတဲ့ မီးတုတ် သယ်ဆောင်လာတာကို သင်္ကေတအဖြစ် ဖော်ပြကြပါတယ်။ အိန္ဒိယတွေအကြောင်း ရေးထားတဲ့ကျမ်းတစ်ခု ဖြစ်တဲ့ ဟေဘာ့ုးကျမ်းတစ်ဆူမှာ လူတွေအတွက် မီး(ပညာ)ကို ကင်းစောင့်သူအိန္ဒိယ နှစ်ပါးက ယူဆောင်လာပေးကြောင်း ဖော်ပြထားပါတယ်။

ဂရိဒဏ္ဍာရီမှာလည်း ပရီမီသီယပ်စ် Prometheus က နဂါးသိုက်ရှိရာ ကော့ကေးစပ်တောင်တန်းမှ ဆင်းလာပြီး လူတွေအတွက် မီးကို ပေးတယ်လို့ ဆိုပါတယ်။ ပရီမီသီယပ်စ်က ကိုယ်ခန္ဓာကြီးမားတဲ့ ဘီလူးမျိုးနွယ်ဝင်ဖြစ်ပါတယ်။

နယူးယောက်မြို့က ရှော့ခ်ဖဲလာစင်တာမှာ ပရီမီသီယပ်ပ်ရဲ့ ရုပ်တုကို ထားရှိပါတယ်။ နေရဲ့ သတ္တုဖြစ်တဲ့ ရွှေနဲ့ လုပ်ထားပါတယ်။ လက်ထဲမှာ မီးထွန်းထားတဲ့ မီးတုတ်ကို ကိုင်ထားပါတယ်။

နယူးယောက်မြို့မှာ နောက်ထပ်ထင်ရှားတဲ့ မီးထွန်းထားတဲ့မီးတုတ်ကို ရုပ်တု ကတော့ ပြင်သစ်မှ ပေးပို့ထားတဲ့ လေဘာတီ ရုပ်တု ဖြစ်ပါတယ်။ လွတ်မြောက်ရာနယ်မြေကို ထင်ဟပ်ပေးနေတယ်လို့ ဆိုကြတယ်။ ဒီစကားလောက် အမှန်နဲ့ ဝေးတဲ့စကား ရှိမယ် မထင်ဘူး။ လက်ထဲကိုင်ထားတဲ့ ပိုက်ဆံကအစ ပြုသမျှနေရတဲ့မြေ ဖြစ်ပါတယ်။ ဘောဘီလုံ တွေက ကြီးကြီးမားမား ရုပ်တုကြီးဖြင့် အသိပေးထားတာ ဖြစ်ပါလိမ့်မယ်။

ဒီမြေက ငါတို့လက်အောက်မှာ ရှိတယ်။ ဒီအချက်ကို သိစေချင်လို့ ငါတို့ရဲ့ 'နင်ခါဆတ်'ကို ရုပ်တုကြီးလုပ်ပြီး ပြပေးထားတယ်။ နင်တို့က ဒုံးဝေးလွန်းလို့ မြင်သာအောင် မနည်းကြိုးစားပြီး အကြီးကြီး လုပ်ပြီး ပြထားရတယ်။''

လို့ နားများရှိခဲ့ရင် ကြားနိုင်ပါလိမ့်မယ်။

အုပ်ချုပ်စိုးမိုးတာမှာ ပေါ်ပေါ်ထင်ထင်လုပ်တဲ့ အောဗတ် overt စနစ်ကို မသုံးကြတော့ဘူး။ နောက်ကွယ်က ကြိုးကိုင်တဲ့ တိတ်တိတ်ပုန်း ကိုဗတ် covert စနစ်ကိုပဲ သုံးကြတော့တယ်။ မြင်အောင် အတော်ကြိုးစားပြီး ကြည့်တာတောင် လက်ဆုပ်လက်ကိုင် ပြနိုင်လောက်အောင် မမြင်နိုင်ဘူး။

ပြည်သူ့အချစ်တော်မင်းသမီးဒိုင်ယာနာ သေရတာ ယာဉ်မတော်တဆ ဖြစ်တာ လို့ပဲ ပြောရမယ်။ ဘောဘီလုံတွေရဲ့ လက်ချက်လို့ ပြောဖို့ရာ လက်ဆုပ်လက်ကိုင် ပြနိုင် လောက်တဲ့ သက်သေအထောက်အထား မရှိဘူး။ သူယာဉ်တိုက်မှု ဖြစ်မယ့် နေရာမှာ စောင့်ကြည့်ကင်မရာ ရှိတယ်။ ယာဉ်သွားယာဉ်လာတွေကို မှတ်တမ်းယူပေးနေတဲ့ ယာဉ်

စည်းကမ်းထိန်းသိမ်းရေး ကင်မရာ ဖြစ်ပါတယ်။ အခင်းဖြစ်ပွားမယ့်နေ့မှာ ကင်မရာကို ခလုတ်ပိတ်ထားမိတယ်။ ဒီတော့ ကင်မရာကနေ ဘာမှတ်တမ်းမှတ်ရာမှ မရရှိခဲ့ဘူး။

သမ္မတကနေဒီ လုပ်ကြံခံရတယ်။ လိုက်လံစုံစမ်းကြည့်လို့ သိရတဲ့ အချက်အလက်တွေအရ သိရတာက အမေရိကန်နဲ့ ရန်ဖက်နိုင်ငံဖြစ်တဲ့ ကျူးဘားနိုင်ငံရဲ့ အကြီးအကဲ ကတ်စထ ိုရဲ့ ပယောဂမကင်းဘူးလို့ လူထုကို အသိပေးခဲ့တယ်။ သူ လုပ်ကြံခံရတာ ငွေစကျူ ိုက်နိုပ်တာနဲ့ ဘာမှမပတ်သက်ပါဘူး။ ဒီလိုပဲ ပြောရလိမ့်မယ်။

၁၉၆၃ခုနှစ်မှာ ကနေဒီလုပ်ကြံခံရပြီးတဲ့အခါ အထိမ်းအမှတ်အဖြစ် ထွန်းထားတဲ့ မီးတုတ်တစ်ခုကို စီမံထားရှိပေးခဲ့တာ ကနေ့အထိပါပဲ။ ပြီးတော့ သူ လုပ်ကြံခံရတဲ့ ဒဲလ်လပ်စ်မြို့မှာ ကျောက်တိုင်တစ်ခု ထူခဲ့တယ်။ ကနေဒီ သေနတ်ထိမှန်နဲ့ နေရာနဲ့ မလှမ်းမကမ်းမှာ ဖြစ်ပါတယ်။ အဲဒီကျောက်တိုင်ထိပ်မှာ မီးတုတ်ပုံ ရှိနေပါတယ်။

ဝေလမင်းသမီး ဒိုင်ယာနာ ကွယ်လွန်ခဲ့တဲ့ ပွန့်ဒီအယ်လမာ Pont de L'Alma ဥမင်လိုဏ်ခေါင်း အပေါ်ဖက်မှာ အထိမ်းအမှတ် လုပ်ပေးခဲ့တယ်။ အဲဒီမှာ သူ့ကို ချစ်မြတ်နိုးတဲ့သူတွေက ပန်းတွေ လာထားကြတယ်။ အဲဒီအထိမ်းအမှတ်မှာ မီးတုတ်ကိုင်ထားတဲ့ လေဘာတီ ုပ်တု နှစ်ခုကို ထားပေးထားတယ်။

ဘေဘီလုံတွေက ပိရမစ်ပုံကိုလည်း သင်္ကေတပြုကြတယ်။ သူတို့ရဲ့ ပိရမစ်က ထိပ်ချွန်ပိုင်း မပါဘူး။ အဆောက်အဦတစ်ခုမှာ အရေးပါတဲ့ ကျောက်တုံး နှစ်ခုရှိတယ်။ တစ်ခုက ထောင့်ကျောက်တုံး။ နံရံနှစ်ခု ဆက်တဲ့ဆီမှာ ထားရတဲ့ ကျောက်တုံးဖြစ်ပါတယ်။ အဲဒီကျောက်တုံးက တခြားကျောက်တုံးတွေထက် ထူးခြားတယ်။ ဒါကြောင့် တန်ခိုးရှိတယ်လို့ ယူဆကြပါတယ်။ cornerstone ကော်နာစတုံးလို့ ခေါ်ပြီး အခမ်းအနားဖြင့် သွင်းနံ့လေ့ရှိပါတယ်။ နောက်ထပ်ကျောက်တုံးကတော့ ခုနကပြောတဲ့ ထိပ်ချွန်ပိုင်းမှာ ထားရှိတဲ့ ကျောက်တုံးဖြစ်ပါတယ်။ ဦးထုပ်ဆောင်းပေးထားတဲ့ ကျောက်တုံးဖြစ်လို့ ကက်စတုံး




capstone လို့ ခေါ်ပါတယ်။ ဘေဘီလုံတွေရဲ့ ပိရမစ်သင်္ကေတမှာ ကက်စတုံးကို ချန်ပြီး ဆွဲလေ့ရှိပါတယ်။ ဘာကြောင့် ချန်ရသလဲဆိုတာတော့ ကျွန်တော် မသိပါဘူး။ သိတဲ့သူလည်း အတော်ရှားပါလိမ့်မယ်။ သူတို့ ဘာလို့ မီးတုတ်ကို သုံးရတာလဲဆိုတာကို သိသူ အတော်ရှားသလို အခုကိစ္စမှာလည်း အမှန်အတိုင်း သိသူ အတော်ရှားပါတယ်။ ထင်ရာပြောပြီး သိတယ်လို့ ပြောသူတော့ များပါတယ်။



အမေရိကန်တစ်ဒေါ်လာတန် မှာ ထိပ်ချွန်မဲ့ ပိရမတ်ကို ထည့်ဆွဲ ခိုင်းထားတာ တွေ့ရပါတယ်။ ပြီးမှ အပေါ်မှာ မျက်လုံးတစ်လုံးကို တြိဂံပုံ ဘောင်ခတ်ပြီး ဖော်ပြပေးထားပါတယ်။ ၊ တ်တရက် ကြည့်လိုက်ရင် အောက်က ပိရမစ်နဲ့ အံကိုက်ဖြစ်အောင် တြိဂံပုံထဲ ထည့်ပေးထားတယ်လို့ ဒီဇိုင်းသဘောတရားအရ ထင်ကြရပါတယ်။ ဟုတ်ပါလေစ။

အဲဒီမျက်လုံးက 'အရာရာကို မြင်နိုင်တဲ့မျက်လုံး' *All Seeing Eye* လို့ ပြောကြပါတယ်။

ဒီတော့ ဒီမျက်လုံးအကြောင်း အမျိုးမျိုး ပြောကြတယ်။ တချို့က ရှေးအီဂျစ်အယူဝါဒကို လက်ကိုင်ပြုပြီး ပြောကြတယ်။ နေနတ်မင်း ဟိုရပ်စ်ရဲ့ မျက်လုံး ဖြစ်မယ်တဲ့။ ဟိုရပ်စ်ဆိုတာက ဘေဘီလုံကို ထူထောင်ခဲ့သူ ဘုရင်နင်ရော့ဒ်နဲ့ သူ့မိဖုရား ဆီမီရာမစ်တို့ရဲ့သားဖြစ်သူ နိနပ်စ် (ခေါ်) တာမွတ်ဇ်ကို ရှေးအီဂျစ်တွေက ခေါ်ဝေါ်တဲ့အမည် ဖြစ်ပါတယ်။

တချို့က နတ်ဆိုး လူစီဖာရဲ့မျက်လုံး၊ တချို့က ဆက်တန်နတ်မိစ္ဆာရဲ့မျက်လုံး စသဖြင့်ပြောကြပါတယ်။

တချို့က တတိယမျက်လုံးလို့ ဆိုပါတယ်။ လူမှာ ရှိပြီးသားမျက်လုံးနှစ်လုံး ရဲ့ကြား နဖူးပေါ်မှာ နောက်ထပ်မျက်လုံးတစ်လုံး အပိုထပ်ရှိနေသလိုမျိုး အမြင်ထူးရရှိတာကို ဆိုလိုပါတယ်။

တကယ်တော့ ရက်ပ်တိုင်းဖြစ်တဲ့ နဂါးရဲ့မျက်လုံး ဖြစ်ပါတယ်။ ပုံကြီးချဲ့ပြီး ကြည့်တဲ့အခါ မျက်လုံးဝန်းကျင်မှာ ရှိတဲ့ အရေပြားက ရက်ပ်တိုင်းမျက်လုံးဖြစ်မှန်း သိသာနေပါတယ်။ ဖရီးမေဆင်မှာ ၃၃ဒီဂရီအဆင့်ရှိပြီး မျုးမတ်အမည်းမျိုးနွယ်ဝင် သမ္မတ ဖရန့်ကလင် ၊ စဘဲ့က ၁၉၃၃ခုနှစ်ကစလို့ ဒေါ်လာပေါ်မှာ ဒီမျက်လုံးကို သုံးစေခဲ့တာ ဖြစ်ပါတယ်။

အမေရိကန် ကိုလိုနီဘဝမှ လွတ်မြောက်အောင် တော်လှန်ရေးဆင်နွှဲခဲ့ကြပြီး လွတ်လပ်ရေး ရရှိချိန်မှာ နယ်ပယ် ၁၃ခု ပါဝင်ဖွဲ့စည်းထားပါတယ်။ အဲဒီလို ၁၃ ဖြစ်နေရတာ တိုက်ဆိုင်မှု မဟုတ်ပါဘူး။ ဘေဘီလုံတွေက ၁၃ကို ၁၃လို့ မ ူမြင်ဘူး။ ၁၂ အပေါင်း ၁ လို့ ူမြင်ပါတယ်။ ၁၂ ကို ၁ဒါဇင်လို့ သတ်မှတ်ကြတာ၊ တစ်နေ့တာကို ၁၂နာရီနဲ့ နှစ်ကျော့တိုင်းတာမှု ပြုတာ၊ ၁ ပေမှာ ၁၂ လက်မရှိတာတွေဟာ ၁၂ဂဏန်းက




အထွတ်အမြတ်ထားတဲ့ ကိန်းဂဏန်း ဖြစ်နေလို့ အခုလို ၁၂ကို သုံးထားတာပါ။ ၁ ဂဏန်းက ၁ကနေ အရာရာ မွေးဖွားလာတယ်ဆိုတဲ့ တရားဓမ္မအရ အရေးပါတဲ့ဂဏန်း ဖြစ်ပါတယ်။ အဲဒီလို နယ်ပယ် ၁၃ခု ရှိနေတာကို အကြောင်းပြုပြီး နိုင်ငံတော်တံဆိပ်ကို မှာ ၁၃တွေ လှိုင်လှိုင်ပါအောင် ရေးဆွဲခဲ့ကြတယ်။ ဘယ်နားကြည့်ကြည့် ၁၃တွေကို တွေ့နေရတယ်။ နိုင်ငံတော်တံဆိပ်ရဲ့ ထူးခြားချက်က အများတကာလို တစ်ဖက်တည်း မဟုတ်ဘဲ ရှေ့နဲ့နောက်ဆိုပြီး မျက်နှာ နှစ်ခု ပါရှိတာ ဖြစ်ပါတယ်။ ဒီလို ရှေ့နောက် နှစ်ဖက်ပါနေတော့ တံဆိပ်ကို ပုံနှိပ်ရင်ဖြစ်ဖြစ်၊ နံရံမှာ ချိတ်ရင်ဖြစ်ဖြစ် တစ်ဖက်ကိုပဲ မြင်ရတယ်။ ဘာလို့ ကျောဖက်ကို အပင်ပန်းခံပြီး ဆွဲထားရတာလဲလို့ မေးစရာ ရှိနေပါတယ်။ ကျွန်တော်တို့နေထိုင်ကျင်လည်နေတာက အလျား၊ အနံနဲ့ အမြင့်ဆိုပြီး အတိုင်းအတာ ၃ ခုပဲ ရှိတာမို့ တာ၃တာ လောကအဖြစ် ကျင်လည်နေတာ ဖြစ်ပါတယ်။ အဲဒီတာ၃တာ ကို နောက်တထပ် တာ၁တာ တိုးပြီး စတုတတာပါတဲ့ တာ၄တာ လောကမှာ ကျင်လည်ကြ သူတွေအဖို့ ကြည့်လိုက်တဲ့အခါ ရှေ့ကိုရော နောက်ကိုပါ တစ်ပြိုင်တည်း မြင်ရပါတယ်။ အကြောင်းမသိရင် တိုးလျှိုပေါက် မြင်ရသလို ဖြစ်နေတယ်။ တကယ်တော့ ရှေ့မျက်နှာစာ နဲ့ နောက်ကျောတို့ကို တစ်ပြိုင်နက်တည်း မြင်နေရတာသာ ဖြစ်ပါတယ်။ ဒီတော့ အခု ပြောနေတဲ့တံဆိပ်က တာ၃တာအမြင့်အတွက် မဟုတ်ဘူး။ တာ၄တာမှာ ကျင်လည်နိုင်သူ တွေအတွက် ဖြစ်နေတယ်။ တစ်နည်းပြောရရင် ရက်ပ်တိုင်းနဂါးတွေဖြစ်ပါတယ်။

ရှေ့နဲ့ကျော မျက်နှာ နှစ်ဘက်စလုံးမှာ ၁၃ခု ဖြစ်နေတာတွေကို တွေ့နိုင်ပါတယ်။ လင်းယုန်ရဲ့ အပေါ်ဖက်မှာ ကြယ်၁၃ပွင့်၊ လင်းယုန်ငှက်ရဲရဲ့ ညယာဘက်လက်သည်းထဲမှာ ရှိတဲ့အကိုင်းအခက်မှာ အရွက်က ၁၃ရွက်၊ ဘယ်ရီသီးက ၁၃လုံး၊ ဝဲဘက်မှာ မြား ၁၃ ချောင်း။

E Pluribus Unum ဆိုတဲ့ စကားရပ်မှာ အက္ခရာ စုစုပေါင်း ၁၃လုံးပါတယ်။ Annuit Coeptis ဆိုတဲ့ စကားရပ်မှာလည်း အက္ခရာ ၁၃လုံးပါတယ်။

ပိရမစ်ကို ကြည့်လိုက်ရင် အလွှာ ၁၃လွှာ ရှိတယ်။ စီထားတဲ့ ကျောက်တုံးက ၇၂ တုံး ရှိတယ်။ ၇၂ကလည်း ဘေဘီလုံဂမ္ဘီရမှာ ထူးခြားကိန်းဂဏန်းတစ်ခု ဖြစ်ပါတယ်။

လင်းယုန်ငှက်က ဖီးနစ်လို့ခေါ်တဲ့ ငှက်အထူးအဆန်းကို လင်းယုန်ပုံ ဖြစ်အောင် ရေးဆွဲထားတာ ဖြစ်ပါတယ်။ ဖီးနစ်က သေတဲ့အခါ မီးပုံအရင်လုပ်တယ်။ မီးပုံထဲ ဝင်ပြီး



မီးမြိုက်ခံပြီး သေတယ်။ မီးသေပြီး ပြာပုံသာကျန်တဲ့အချိန်ကျမှ တစ်ဖန်ပြန် ရှင်ပြီး ထပျံတဲ့ ငှက် ဖြစ်ပါတယ်။ နေမျိုးနွယ်ငှက်လို့ ယူဆထားကြပါ တယ်။ မိုးကြိုးငှက်လို့လည်း ခေါ်ကြ ပါတယ်။ ဦးခေါင်းနှစ်လုံးဖြင့် ဖီးနစ်ကို ရေးဆွဲတာမျိုးလည်း ရှိပါတယ်။

ဖီးနစ်ကနေ လင်းယုန်ဖြစ် လာခဲ့ပြီးတဲ့နောက်မှာ လင်းယုန်ကို တံဆိပ်တွေမှာ သုံးစွဲဖော်ပြတာကို တွေ့ ရပါတယ်။ နာဇီတွေကလည်း လင်းယုန် ကို သုံးကြပါတယ်။

ပိရမစ်အပေါ်နဲ့ အောက်မှာ ဖော်ပြထားတဲ့ လက်တင်စာနဲ့ ရေးထား တဲ့ စကားရပ်တွေက ဘာကို ပြောချင် တာလဲဆိုတော့ ကမ္ဘာ့အစီအမံသစ် ရောက်ရှိလို့ လာပါပြီတဲ့။

ဘေဘီလုံတွေရဲ့ စကားတွေ အများကြီးပြောပြနေတဲ့ သင်္ကေတတွေထဲမှာ ထိပ်ချွန်ကျောက်တိုင်နဲ့ အမိုးခုံးတွေလည်း ပါပါတယ်။ ဒီနှစ်ခုက တွဲလုံးအဖြစ် သုံးကြတယ်။

ကျောက်တိုင်က ဖိုလိင်အင်္ဂါကို ဆိုလိုပြီး အမိုးခုံးက မိခင်ရင်သားကို ဆိုလိုပါတယ်။ပုရိလင်္ဂပုံစံဖြစ်တဲ့ ကျောက်တိုင်နဲ့ ဣတ္ထိလင်္ဂပုံစံဖြစ်တဲ့ အမိုးခုံးတို့ကို မလှမ်းမကမ်းမှာ အတူထားခြင်းဖြင့် အဖိုနဲ့ အမ၊ ယင်နဲ့ ယန် တို့ နှစ်ပါးညီနေစေပါတယ်။

အိမ်ဖြူတော်မှာ ဘဲဥပုံ ံးခန်း ရှိပါတယ်။ သမ္မတ ံးထိုင်တဲ့ ံးခန်းဖြစ်ပါတယ်။ ဘာလို့ လေးထောင့်အခန်းမဖြစ်ဘဲ ဘဲဥပုံ ဖြစ်နေရတာလဲ။ ဣတ္ထိလင်္ဂပုံစံကို ရယူထား တာ ဖြစ်ပါတယ်။ အဲဒီအခန်းကနေ လှမ်းကြည့်လိုက်ရင် အထိမ်းအမှတ်ကျောက်တိုင်ကို လှမ်းမြင်နေရပါတယ်။ ရောမ ကျောက်တိုင်ကြီး ဖြစ်ပါတယ်။ အမြင့်ပေ ၅၅၅ ရှိတယ်။ ကမ္ဘာမှာ အကြီးဆုံးကျောက်တိုင်ကြီး ဖြစ်ပါတယ်။ ၁၈၈၅ခုနှစ်မှာ စိုက်ထူမှု ပြီးစီးခဲ့ပါတယ်။

အိမ်ဖြူတော်တည်ရှိရာ ဝါရှင်တန်မြို့ကို ရှေးမြို့တည်ပညာရပ်ဖြင့် တည် ဆောက်ခဲ့တယ်လို့ သိရပါတယ်။

# မြို့တည်ပညာရပ်

သမ္မတအိမ်ဖြူတော် တည်ရှိရာ ဝါရှင်တန်မြို့ကို ၁၀ စတုရန်းမိုင်ရှိတဲ့ မြေဧရိယာပေါ်မှာ တည်ခဲ့ပါတယ်။ အလယ်နေရာမှာ ကွန်ဂရက် အဆောက်အဦကို တည်ဆောက်ခဲ့ပြီး ကက်ပီတိုဟေး Capitol Hillလို့ အမည်ပေးခဲ့ပါတယ်။ ဒီအမည်က ရောမတို့ရဲ့ အထွတ်အမြတ်ထားရာ နေရာတစ်ခု ဖြစ်တဲ့ ကက်ပီတိုလိုင်းတောင်ကုန်းကို ဆိုလိုပါတယ်။ ရောမမှာ အမြင့်မားဆုံး တောင်ကုန်း ခုနစ်ခုရှိတဲ့အနက် ကက်ပီတိုလိုင်းတောင်ကုန်းကို အယူဝါဒဆိုင်ရာအတွက် အသုံးပြုကြပါတယ်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အော်ဘ ိုက်တာဝန်စတင်ထမ်းဆောင်ပြီး ဥရောပခရီးစဉ်ကို စတင်တဲ့အခါ ကက်ပီတိုလိုင်းတောင်ကုန်းကို အရင်ဦးစွာသွားရောက်ခဲ့တာ တွေ့ရပါတယ်။

ဒီတော့ ကက်ပီတိုဟေးဟာ နိုင်ငံရေးဆိုင်ရာ အဆောက်အဦအဖြစ် အသုံးပြုနေကြပေမယ့် အယူဝါဒဆိုင်ရာ အဆောက်အဦတစ်ခု ဖြစ်နေပါတယ်။ ဘုရားကျောင်းတစ်ခုသဖွယ် တည်ဆောက်ခဲ့တာ ဖြစ်နေပါတယ်။ အမိုးခုံးကြီး ပါရှိပါတယ်။ အမိုးခုံးအောက်ဖက် ကြမ်းပြင်အောက်ခြေမှာ မြုပ်နှံရာ အခန်း ရှိပါတယ်။ ငါးထောင့်ကြယ်ဖြင့်အမှတ်အသားပြုပေးထားတဲ့ ကြမ်းပြင်ရဲ့ အောက်တည့်တည့်မှာ ဖြစ်ပါတယ်။ အခန်းကအလောင်းမရှိတဲ့ အုတ်ဂူသင်္ချိုင်းအလွတ် ဖြစ်နေပါတယ်၊ ဂျော့ဝါရှင်တန် ကွယ်လွန်တဲ့အခါထားရှိဖို့ ရည်ရွယ်ပြီး ဆောက်ခဲ့ပေမယ့် အကြောင်းကြောင်းကြောင့် သူ့အလောင်းကိုမထားဖြစ်တာကြောင့် အလွတ်ဖြစ်နေရတယ်လို့ ဆိုပါတယ်။ ဒါပေမယ့် အထဲမှာ ကနေဒီ၊ လင်ကွန်း၊ မကင်လီ၊ ဂါဖီးလ်၊ ဟာဒင်၊ တပ်ဖ်၊ ဟူးဗား၊ ဝဲလ်ဆင်၊ စတီဗင်၊ မက်အာသာ အစရှိတဲ့သူတွေရဲ့ အလောင်းကို အလောင်းစင်နှင့်တကွ ရှိနေပါတယ်။

အဲဒီလို တည်ဆောက်ထားပုံကို ပုပ်ရဟန်းမင်းကြီး စံမြန်းရာ ဗာတီကင် အဆောက် အဦမှာလည်း တွေ့ရပါတယ်။ စိန့်ပီတာဂူသင်္ချိုင်းလို့ အမည်တွင်ပါတယ်။

Charles L. Westbrook Jr က *The Talisman Of The United States,Signature Of The Invisible Brotherhood*စာအုပ်မှာ ဝါရှင်တန်မြို့ လမ်းအကွက်အကွင်းကို ဖော်ပြပေးထားပါတယ်။

မြို့ရဲ့ လမ်းတွေကို နေရာချတဲ့အခါ ဆောင်းနဲ့နွေ ယဉ်စွန်းချိန်မှာ နံနက်နေထွက်ချိန် နေရှိရာကို ကြည့်တဲ့ လမ်းကြောင်းတွေ ချပေးထားပါတယ်။ ဒီလို ယဉ်စွန်းချိန်မှာ နေကို ကြည့်တဲ့ လမ်းကြောင်းချတာကို ရှေ့မှာတင်ပြခဲ့ပြီးပြီဖြစ်တဲ့ ကျောက်တုံးတွေအစီအရီ ထောင်ပြီး တည်ဆောက်ထားတဲ့ စတုံးသင့်ချ်မှာလည်း တွေ့ရပါတယ်။ ဆောင်းယဉ်စွန်းချိန်က ဒီဇင်ဘာလ ၂၂ ရက် ဝန်းကျင်မှာ ကျရောက်ပါတယ်။ နွေယဉ်စွန်းချိန်က ဇွန်လ ၂၁ရက် ဝန်းကျင်မှာ ကျရောက်ပါတယ်။ ဒေးဗစ်စတားလို့ ခေါ်တဲ့ အစရေးအလံမှ ခြောက်ထောင့်ကြယ်ပုံကို ဖော်ထားတဲ့ လမ်းတွေလည်း ပါရှိပါတယ်။

ကက်ပီတိုဟေး အဆောက်အဦအတွင်းမှာ ရှိတဲ့ လမ်းတွေကိုတော့ ထိပ်ချွန်မဲ့








FEDERAL RESERVE NOTE
THE UNITED STATES OF AMERICA
L 30381990 F
12
L 30381990 F
12
12
12
ONE DOLLAR

ပိရမစ်ပေါ်မှာ ဇီးကွက်ထိုင်နေတဲ့ ကောက်ကြောင်းပုံ ဖော်ထားတယ်။ ဇီးကွက်ကလည်း ဘောဘီလုံတို့အတွက် အရေးပါတဲ့ သင်္ကေတ ဖြစ်ပါတယ်။ ၁ဒေါ်လာတန်မှာ ဇီးကွက်ကို သုံးခါတိတိ ဖော်ပြပေးထားပါတယ်။ မှန်ဘီလူးနဲ့ ကြည့်မှ ထင်ထင်ရှားရှား မြင်ရပါတယ်။

ဝါရှင်တန်မြို့ရဲ့ လမ်းတွေကို ကောက်ကြောင်းတွေ ဆွဲကြည့်တဲ့အခါ ငါးထောင့်ကြယ် သုံးခု ရှိနေတာကိုလည်း တွေ့ကြရတယ်။ ကြယ်တစ်ပွင့်က ကက်ပီတိုဟောကို လည်းကောင်း၊ နောက်ကြယ်တစ်ပွင့်က အိမ်ဖြူတော်ကို လည်းကောင်း၊ ကျန်ရှိတဲ့ ကြယ်ပွင့်က ဝါရှင်တန် အထိမ်းအမှတ်ကျောက်တိုင်ကိုလည်းကောင်း ဦးထိပ်ပန်ဆင်ထားပါတယ်။ အဲဒီလို ကြယ်ပွင့်ကောက်ကြောင်းပေါ်အောင် လမ်းတွေဖော်ပေးထားတာမျိုးကို ရောမမြို့၊ ဂျေ့ဆလင်မြို့၊ လန်ဒန်မြို့၊ ရီနီ–လီ–ရှာတို အစရှိတဲ့ နေရာတွေမှာလည်း တွေ့ကြရပါတယ်။

ဝါရှင်တန်ကနေ ပိုတူမက်မြစ်တစ်ဘက်ကမ်းကို သွားလိုက်ရင် ပင်တဂွန် စစ်ဌာနချုပ် ရှိပါတယ်။ ပင်တဂွန်က အနားငါးခုပါတဲ့ ပဉ္စဂံပုံဖြစ်ပြီး တည်နေရာက ငါးထောင့်ကြယ်ရဲ့ အလယ်နေရာမှာ ဖြစ်ပါတယ်။

အိမ်ဖြူတော်ကို ဦးထိပ်ပန်ဆင်ထားတဲ့ ငါးထောင့်ကြယ်ရဲ့ အလယ်နေရာမှာတော့ ထူးခြားတဲ့ အဆောက်အဦတစ်ခု ရှိနေပါတယ်။ လမ်းလိပ်စာအရ ပြောရရင် အမှတ် ၁၇၃၃၊ ၁၆လမ်း ဖြစ်ပါတယ်။ ရှေးအီဂျစ်ဘုရားကျောင်းပုံမျိုး ဖြစ်နေပြီး စဖင့်ရုပ်လည်း ရှိနေပါတယ်။ တက်နေဝန်းလည်း ရှိပါတယ်။ ဂျော့ဝါရှင်တန်ထိုင်တဲ့ ကုလားထိုင်မှာ တွေ့ရတဲ့ တက်နေဝန်း ဖြစ်ပါတယ်။ အဲဒီအဆောက်အဦးက စကော့တလန်ထုံးဖရီးမေဆင်ရဲ့ ဌာနချုပ် ဖြစ်ပါတယ်။ အဆောက်အဦနောက်ဘက်မှာ ပန်းဥယျာဉ် ရှိပါတယ်။ အဲဒီပန်းခြံမှာ ပထမဆုံး ဖရီမေဆင်သမ္မတအဖြစ် ဂျော့ဝါရှင်တန် ဘိသိတ်ခံခဲ့ပါတယ်။

ထူခြားဆန်းပြားတဲ့ သူ့ရုပ်တုကို အိမ်ဖြူတော်နဲ့ အလှမ်းမဝေးတဲ့ စမစ်ဆိုနီယန်းပြတိုက်မှာ ထားရှိပါတယ်။ အစက ကွန်ဂရက်အဆောက်အဦမှာ ထားရှိခဲ့ပြီး နောက်တော့မှ ပြတိုက်ထဲကို ရွှေ့လိုက်ကြတာ ဖြစ်ပါတယ်။ အဲဒီရုပ်တုကို အီတလီမှ ပန်းပုဆရာထံ မှာကြားပြီး ထုဆစ်ခိုင်းခဲ့ကြတာ ဖြစ်ပါတယ်။ ပန်းပုဆရာ Horatio Greenough က ထုဆစ်ပေးခဲ့ပါတယ်။

၁၈၄၀ခုနှစ်မှာ အီတလီမှ ရုပ်တုရောက်ရှိလာတဲ့အခါ ဝါရှင်တန်ရေတပ်စခန်းမှာ သေတာဖွင့်ခဲ့ကြပါတယ်။ ပွင့်သွားလို့ ရုပ်တုကို မြင်ကြရတဲ့အခါ မြင်ကြသူအားလုံး ပါးစပ်အဟောင်းသား ဖြစ်သွားကြရပါတယ်။

ဗာဂျီးနီးယားပြည်နယ်မှ ဗိုလ်ချုပ်ဟင်နရီဝိုက်စ်က ပြောခဲ့ဖူးပါတယ်။

''ဂျော့ဝါရှင်တန်ကို အင်္ကျီမပါကိုယ်ဗလာဖြင့် မြင်ဖူးရင် ဘယ်သောအခါမှ အသက်ရှင်နေဖို့ အကြောင်းမရှိတော့ဘူး။''

အခု ရုပ်တုမှာ ဝါရှင်တန်က ကုလားထိုင်ပေါ်မှာ ထိုင်နေတယ်။ ညာလက်က အပေါ်ကို မြောက်နေတယ်။ ဘယ်လက်က အောက်ကို ကျနေတယ်။ ကိုယ်ခန္ဓာအပေါ်




ပိုင်းမှာ ဘာအဝတ်အစားမှ မရှိဘူး။ အောက်ပိုင်းကို နံငယ်ပိုင်းနဲ့ကာထားတယ်။ သူထိုင်နေတဲ့မုဒြာ လက်ဟန်က တားရော့ဒ်ကတ်ရဲ့ နံပါတ်၁၅ကတ် နတ်ဆိုးမှာ ဖော်ပြထားတဲ့ ဆိတ်ဦးချိုပါ နတ်ဆိုးရဲ့ ထိုင်ပုံထိုင်နည်းအတိုင်း ဖြစ်နေလို့ ပါးစပ်အဟောင်းသား ဖြစ်ကုန်ကြရတာ ဖြစ်ပါတယ်။

ဝါရှင်တန်မြို့အမည်ကို ရေးတဲ့အခါ ဝါရှင်တန် ဒီစီလို့ ရေးကြတယ်။ ဒီစီက District of Columbia ကို ဆိုလိုပါတယ်။ ကိုလံဘီယာက ဘယ် ပြည်နယ်မှာမှ အကျုံးမဝင်ဘဲ ဒီစတြိတ်တစ်ခုအဖြစ် တည်ရှိနေပါတယ်။ အဲဒါကြောင့် ဥပဒေတွေမှာ ပြည်နယ်ဆိုတဲ့ စကားလုံးဖြင့် ပြဋ္ဌာန်းထားသမျှတွေမှာ ဒီစတြိတ် ဖြစ်နေတာကြောင့် အကျုံးမဝင်ပါဘူး။ ဥပဒေပြဋ္ဌာန်းချက်တွေမှ လွတ်ကင်းနေစေပါတယ်။



ဘေဘီလုံတွေရဲ့ ထူးခြားတဲ့ သင်္ကေတတစ်ခုက နေမည်း(ဝါ)ဘလက် ဆန်း Blacksun ဖြစ်ပါတယ်။ ဒီ သင်္ကေတကို တိုက်ခိုက်မှုဆိုင်ရာ ကိစတွေမှာ ရှေးကတည်းက အသုံးများပါတယ်။ နာဇီတွေလည်း သုံးခဲ့ကြပါတယ်။ နေတိုးအဖွဲ့ကလည်း သုံးခဲ့ပါတယ်။ နေကို အမည်းရောင်ဖြင့် ရေးဆွဲပြီး လည်နေတဲ့ စကြာတစ်ခု အဖြစ် ဆွဲကြပါတယ်။ အဲဒီနေမည်းကနေ စကြာတံဆိပ် ဖြစ်ပေါ်လာခဲ့တာကို တွေ့ရပါတယ်။




၁၂ရာသီခွင်ရဲ့ အလယ်မှာ နေမည်းကို ထားရှိပြီး သုံးစွဲတာမျိုးလည်း ရှိပါတယ်။ လန်ဒန်က ဖိုင်နိုင်ရှယ်သတင်း စာတိုက်ရှိရာ အဆောက်အဦ အဝင်ဝ အပေါ်ဖက်မှာ နေမည်းသင်္ကေတကို ထားရှိပေးထားတာ တွေ့ရပါတယ်။ မည်းနေတဲ့နေရဲ့ မျက်နှာ ပြင်မှာ လူမျက်နှာပုံ တစ်ခု ထည့်ပေးထားပါတယ်။ ဗြိတိန်ရဲ့ ထင်ရှားတဲ့ ခေါင်းဆောင်တစ်ဦး ဖြစ်သူ ဝင်စတန်ချာချီရဲ့ပုံ ဖြစ်နေတာကို တွေ့ကြရပါတယ်။

ယှဉ်ပြိုင်တိုက်ခိုက်အနိုင်ယူရမယ့်ကိစတွေမှာ သင်္ကေတ ပြောင်းပြန်ယူရတယ် ဆိုတဲ့ အယူအဆအရ လုပ်ခဲ့ကြတာလားလို့ တွေးမိပါတယ်။ အီရတ်ကို အမေရိကန် စစ်သည်တွေ စေလွှတ်တဲ့အခါ သူတို့ရဲ့ ယူနီဖောင်းမှာ အင်္ကျီရဲ့ ညာပခုံးနားမှာ အမေရိကန်




အလံပုံကို တပ်ထားပါတယ်။ အဲဒီအလံကို ပြောင်းပြန်တပ်ပေးထားတာကို သတိပြုမိပါတယ်။ ဒီလို ပြောင်းပြန်လုပ်ကြတာကြောင့် လင်းထိန်နေရမယ့်နေက ဓာတ်ပုံရိုက်ဓာတ်ဆင်လုပ်တဲ့အခါ မည်းနက်နေရပါတော့တယ်။

ပြင်သစ်နိုင်ငံ ပါရီမြို့မှာ အောင်မြင်မှုမှတ်ဦးကြီးကြီးမားမား တစ်ခု ရှိပါတယ်။ Arc de Triomphe လို့ အမည်တွင်ပါတယ်။ လမ်းတွေလာဆုံနေလို့ အဝိုင်းတစ်ခုလို ဖြစ်နေပါတယ်။ အသေအချာ လေ့လာကြည့်မယ်ဆိုရင်တော့ ၁၂ရာသီခွင်ကို ကိုယ်စားပြုထားတာကို တွေ့နိုင်ပါတယ်။ လာဆုံတဲ့လမ်းတွေက အဝိုင်းကို အပိုင်း ၁၂ပိုင်း တိတိ ပိုင်းပေးထားပါတယ်။ မှတ်ဦးက နေအဖြစ် အဝိုင်းအလယ်မှာ နေရာယူထားပါတယ်။ မှတ်ဦးမှာ အညတြစစ်သည်ရဲ့ အုတ်ဂူ ရှိတယ်။ မြေမြှုပ်ထားတဲ့အပေါ်မှာ မီးတုတ် တစ်ခုကို ညနေ ၆နာရီခွဲ ရောက်တိုင်း လာထွန်းပေး တဲ့ အစဉ်အလာ ရှိပါတယ်။ တိုက်ပွဲမှာ



ကျဆုံးရတဲ့ အညတြစစ်သည်တွေကို ဂုဏ်ပြုတာ ဖြစ်ပေမယ့် တခြား အဓိပ္ပာယ်တွေလည်း ရှိနေနိုင်ပါတယ်။

ပါရီမှာ နောက်ထပ်ထူးခြားတာ တစ်ခုက ဖန်သားပိရမစ် ဖြစ်ပါတယ်။ Louvre Museum အပြင်ဘက်မှာ တည်ရှိပါတယ်။ ၃၃ကြိမ်မြောက် သမ္မတဖြစ်သူ မီတရောင်း လက်ထက်မှာ



ဘာအကြောင်းပြချက် ရေရေရာရာ မရှိဘဲ တည်ဆောက်ခဲ့တာ ဖြစ်ပါ တယ်။ ၃၃ကြိမ်မြောက်ဟာ ဖရီးမေဆင်တွေရဲ့ ၃၃ ဒီဂရီအရ အရေးပါတဲ့ ကြိမ်ရေဖြစ်နေတာ တစ်ခုကတော့ တိုက်ဆိုင်နေပါတယ်။

၃၃ က အရေးပါတဲ့ ကိန်းဂဏန်း ဖြစ်နေတယ်။ ဒီတော့ ကမ္ဘာ့ကုလသမဂ္ဂရဲ့ တံဆိပ်မှာလည်း ကမ္ဘာလုံးကို ကိုယ်စားပြုတဲ့ စက်ဝိုင်းကို အပိုင်းပေါင်း ၃၃ ပိုင်းတိတိ ပိုင်းပေးထားတယ်။ အောက်ခံအရောင်က အပြာရောင် ဖြစ်ပါတယ်။ ဥရောပယူနီယံရဲ့ တံဆိပ်အရောင်ကလည်း အပြာဖြစ်ပါတယ်။ အိုပက်ဆိုတဲ့ ရေနံအဖွဲ့အလံရဲ့ အောက်ခံ အရောင်ကလည်း အပြာဖြစ်ပါတယ်။ နေတိုးစစ်အဖွဲ့အစည်းရဲ့ အောက်ခံအရောင်ကလည်း အပြာရောင် ဖြစ်ပါတယ်။

မိုးကောင်းကင်ပြာတာ မှန်ပါတယ်။ ပင်လယ်ပြာတာလည်း မှန်ပါတယ်။ ကမ္ဘာလုံးကို အာကာသကနေကြည့်ရင် ပြာတာလည်း မှန်ပါတယ်။ နောက်ထပ် မှန်နေတာ တစ်ချက်က ဖရီးမေဆင်ရဲ့ အရောင်ဒီဂရီကလည်း အပြာရောင် ဖြစ်နေတယ်။

ကုလသမဂ္ဂတံဆိပ်မှာ လောရယ်ခက်ပုံကို သုံးထားတယ်။ လော်ရယ်ပင်က အမြဲစိမ်းလန်းနေတဲ့ ခြံစည်းရိုးပင် ဖြစ်ပါတယ်။ ပုဏ္ဏရိတ်ပင်လိုမျိုး အမြဲစိမ်းနေပါတယ်။ လောရယ်ရွက်ကို သပြေပန်းလိုပဲ အောင်ပန်းအဖြစ် သတ်မှတ်ထားကြပါတယ်။ အဲဒီလို လော်ရယ် ခက်ပါတဲ့ တံဆိပ်တစ်ခုက ဖရီးမေဆင်ရဲ့တံဆိပ် ဖြစ်ပါတယ်။




ရုတ်တရက်ကြည့်လိုက်ရင် ကုလသမဂ္ဂတံဆိပ်က မေဆင်ရဲ့ တံဆိပ်ထဲ လာထည့်ဆွဲထားသလားလို့ ထင်မှတ်မှားကြရ ပါတယ်။

ပြောကြဆိုကြတဲ့အခါ ဖရီးမေဆင်တွေရဲ့ ပယောဂနဲ့ မကင်းဘူးလို့ ပြောဆို နေကြပေမယ့် တကယ်တော့ ဖရီးမေဆင်တွေက ရှေ့ထွက်ကပြနေကြသူတွေသာ ဖြစ်ပါ တယ်။ ဒီလို ထွက်ကခိုင်းထားလိုက်တော့ လူတွေက ဇာတ်ဆရာဘောဘီလုံးကို မသိနိုင်ကြ တော့ဘူး။

ပုံတွေအရသာ ပြောင်းပြန်လှန်ပြီး သင်္ကေတ ပြုနိုင်တာ မဟုတ်ပါဘူး။ စကားလုံး တွေနဲ့လည်း ပြောင်းပြန်လှန်ပြီး ချောက်ကျအောင် သင်္ကေတပြုထားတာတွေ ရှိပါတယ်။

ဒီမိုကရေစီဆိုတာကို အုပ်ချုပ်မှုစနစ်အရ အဓိပ္ပာယ်ဖွင့်ရင် ပြည်သူများက ရွေးကောက်တင်မြှောက်သော ကိုယ်စားလှယ်(အမတ်)များဖြင့် တိုင်းပြည်ကို စီမံအုပ်ချုပ် သောစနစ်လို့ ယေဘုယျအားဖြင့် အဓိပ္ပာယ် ဖွင့်ရင် မှန်မယ်ထင်ပါတယ်။ ဒါပေမယ့်

စကားလုံးတွေမှာ ဘယ်ကနေ သက်ဆင်းလာသလဲဆိုတဲ့ အဓိပ္ပာယ်မူရင်းတွေ ရှိနေပါတယ်။ ဒီမိုကရေစီကို အင်္ဂလိပ်လို စာလုံးပေါင်းရင် Democracyလို့ ပေါင်းပါတယ်။ Demos-ocracy ကနေ Democracyဖြစ်လာတာ ဖြစ်ပါတယ်။ အဲဒီစကားလုံးမှာ အရှေ့ခြမ်းက demos ဆိုတာက mob ကို ဆိုလိုပါတယ်။ လမ်းပေါ်ထွက်ပြီး ဆူပူသောင်းကျန်းနေတဲ့ လူအုပ်ကို ဆိုလိုပါတယ်။ ဆန္ဒပြတယ်လို့ ပြောရင်လည်း ရနိုင်ပါတယ်။ သေချာတာကတော့ ကိုယ့်အိမ်ထဲ အေးအေးလူလူ မနေတာသေချာပါတယ်။ ocracyဆိုတာကတော့ ruleကို ဆိုလိုပါတယ်။ စိုးမိုးတာကို ပြောချင်တာပါ။ ဒီတော့ Demos-ocracy က mob rule ဖြစ်ပါတယ်။ ဆူပူသောင်းကျန်းဆန္ဒပြနေသောလူအုပ်စိုးမိုးမှုလို့ အဓိပ္ပာယ် ရပါတယ်။ အဲဒါကို ပြောင်းပြန်လှန်ပြီး အဓိပ္ပာယ် ဖော်ထားတာ ဖြစ်ပါတယ်။ ပညတ်သွားရာ ဓာတ်သက်ပါပါတယ်။ ဒီမိုကရေစီပြည့်ဝတာနဲ့အမျှ လမ်းပေါ်မှာ လူအုပ်တွေ တွေ့နေရလိမ့်မယ်။

ဒီလို ရေးလိုက်လို့ မကြိုက်ဘူးဆိုရင် လွတ်လပ်စွာ မကြိုက်ခွင့် ရှိပါတယ်။ ကြိုက်တယ်ဆိုရင်လည်း လွတ်လပ်စွာ ကြိုက်ခွင့်ရှိပါတယ်။ ဒါမှ ဒီမိုကရေစီအခွင့်အရေးဆိုတာ ပီပြင်မှာ ဖြစ်ပါတယ်။ မကြိုက်လို့ ပြောဆိုခွင့်ကို လူအုပ်နဲ့ ရန်ရှာရင်တော့ မူရင်းမူလ အဓိပ္ပာယ်သဘောကို သက်ရောက်နေပါလိမ့်မယ်။

ပြောင်းပြန်လှန် အဓိပ္ပာယ်နဲ့ နားလည်သဘောပေါက်ပြီး လုပ်ကိုင်ကြတဲ့အခါ မူရင်းမူလက ပညတ်သွားရာဓာတ်သက်ပါပြီး ကိုယ်ကိုယ်တိုင်က ဒီမိုကရေစီကင်းမဲ့သွားရတဲ့ အဖြစ်အပျက်တွေ အများကြီး ရှိပါတယ်။ မြန်မာ့သမိုင်းမှာရော၊ ကမ္ဘာ့သမိုင်းမှာရော ရှိနေပါတယ်။ ဒီမိုကရေစီဆိုတဲ့ စကားလုံးက မှောက်ထားတဲ့ ဖဲချပ်လိုပဲ။ ဘာမှန်း အမှန်အတိုင်း မမြင်ရဘူး။

# တားရော့ဒ်၊ ဂျစ်ပစီ၊ ယီကျင်း

အခုအခါမှာ ဖဲချပ်အဖြစ် ကစားနေတဲ့ ဖဲထုပ်ထဲက ကတ်တွေရဲ့ မူရင်းမူလက တားရော့ဒ်ကတ်တွေ ဖြစ်ပါတယ်။ တားရော့ဒ်ကတ်မှာ ပညာခန်းတွေ ပါတယ်။ တားရော့ဒ် ကတ်ရဲ့ ပညာခန်းတွေကို ခြေသလုံးအိမ်တိုင်နေကြတဲ့ ဂျစ်ပစီတွေက ရယူထိန်းသိမ်း ထားပါတယ်။ လက္ခဏာဗေဒင်ဆရာကြီး ကိုင်ိုဟာ ဂျစ်ပစီဘုရင်အဖြစ် တင်မြောက်ခံရ ဖူးသူ ဖြစ်ပါတယ်။ ဂျစ်ပစီတွေက တစ်ဖွဲ့နဲ့တစ်ဖွဲ့ ရေခြားမြေခြားဖြစ်နေပေမယ့် သူတို့မှာ ဘုရင် ရှိပါတယ်။ ကိုယ်ပိုင်ပိုင်နက်နယ်မြေမရှိတဲ့ နိုင်ငံမဲ့၊ နယ်နမိတ်မဲ့ လူယဉ်ကျေးမှု အဖွဲ့အစည်းဖြစ်ပြီး သူတို့မှာ ဖွဲ့စည်းအုပ်ချုပ်ပုံ ရှိကြပါတယ်။

ဂျစ်ပစီရဲ့ အစက ရှေးအီဂျစ်က စပါတယ်။ ရှေးအီဂျစ်ခေတ်မှာ အင်မတန် ကြီးမားတဲ့ စာကြည့်တိုက်ကြီးတစ်ခု အဲလက်ဇန်းဒြားမြို့မှာ တည်ရှိပါတယ်။ ဘီစီ ၃ရာစု မှာ ရှိခဲ့တာဖြစ်ပေမယ့် အခုအထိများ မပျက်မစီးဆက်ရှိနေဦးမယ်ဆိုရင် ကမ္ဘာ့အကြီးဆုံး စာကြည့်တိုက် ဖြစ်နေမှာ သေချာပါတယ်။

တတိယမြောက် တော်လမီဘုရင်က အီဂျစ်ကို ရောက်လာသူမှာ စာအုပ်၊ စာရွက်စာတမ်း ပါလာရင် မပျက်မကွက် အပ်နှံဖို့ အမိန့်ချပြီး သိမ်းယူတယ်။ စာကြည့်တိုက် မှာ စာကူးဆရာတွေ အများကြီး ခန့်ထားတယ်။ သိမ်းယူရရှိတဲ့ဟာကို အားချင်းကူးရတယ်။ မနဲ့ မိတ္တူစက်တွေလို့ ဆိုနိုင်ပါတယ်။ ကူးယူပြီးရင် ပိုင်ရှင်လက်ထဲ မူရင်းကို ပြန်လည်း အပ်နှံတယ်။ တကယ်လို့ မူရင်းက ရှားပါးအဖိုးတန်ဖြစ်နေရင်တော့ မူရင်းကို စာကြည့်တိုက် က သိမ်းထားလိုက်ပြီး မိတ္တူကို ပြန်ပေးလိုက်တယ်။ အဲဒီနည်းနဲ့ ရှာဖွေစုဆောင်းတယ်။ တိုင်းတစ်ပါးကို စစ်တိုက်ထွက်ရင်လည်း တွေ့သမျှ စာအုပ်စာတမ်း၊ ပုရပိုက်တွေကို သိမ်းဆည်းပြီး ယူလာပေးကြရတယ်။ ကျူစကျူပုရပိုက်အလိပ်တွေ သန်းချီတဲ့ အရေအတွက် ရှိနေတဲ့အထိ ကြီးမားတဲ့ စာကြည့်တိုက်ကြီး ဖြစ်ပါတယ်။ အဲဒီ စာကြည့်တိုက်ကြီးကို ရောမတွေက မီးိုု့ဖျက်ဆီးပါတယ်။ ဒီအခါမှာ ဘုန်းတော်ကြီးတွေက ရတတ်သမျှ ရယူပြီး ထွက်ပြေးကြတယ်။ အဲဒီလို ပြေးကြတဲ့အထဲမှာ တစ်ဖွဲ့က တားရော့ဒ်အပါအဝင် ကဘာလာ ပညာရပ်ဆိုင်ရာ ပုရပိုက်တွေကို ရလိုက်တယ်။ သူတို့ကိုယ်၌က ဒီပညာရပ်တွေကို လေ့လာ လိုက်စားနေကြသူတွေ ဖြစ်နေကြတယ်။ သူတို့က ပညာကို ရင်မှာပိုက်ပြီး ခြေသလုံးအိမ် တိုင်အဖြစ် နေထိုင်ကြတယ်။ အင်္ဂလန်ကို ရောက်လာကြသူတွေလည်း ရှိတယ်။ အဋ္ဌမမြောက် ဟင်နရီက စာတင်ခဲ့တာမှာ

''တိုင်းနိုင်ငံမဲ့သည့်သူများ ဖြစ်ကြပြီး သူတို့ကိုယ်သူတို့ အီဂျစ်ဟု ဆိုကြ သည်။''

လို့ မှတ်တမ်းရေးသားခဲ့ပါတယ်။

တားရော့ဒ်ကတ်ရဲ့ မူရင်းအသံ ထွက်ကို အီဂျစ်သံနဲ့ ထွက်ရင် တာိုလို့ အသံထွက်ပါတယ်။ တားရော့ဒ်Tarotရဲ့ အဓိပ္ပာယ်ကို အီဂျစ်ဘာသာစကားဖြင့် အနက်ဖွင့်

ရင် တာ Tar က လမ်း ဖြစ်ပြီး ိ ro က တော်ဝင်လို့ အဓိပ္ပာယ် ရပါတယ်။ ဒီတော့ တားရော့ဒ်က တော်ဝင်လမ်းလို့ အနက်ထွက်ပါတယ်။ ပညာစခန်းတွေဆီကို သွားတဲ့ တော်ဝင်လမ်း ဖြစ်ပါတယ်။

တားရော့ဒ်ကတ်မှာ မိုင်နာနဲ့ မေဂျာဆိုပြီး ကတ်နှစ်မျိုးနှစ်စား ပါဝင်ပါတယ်။ မိုင်နာကတ်တွေကို သင်္ကေတအရ အုပ်စုခွဲရင် ဖူးပိမ့်၊ ထောင့်၊ ညင်းဆိုပြီး ၄စု ရှိပါတယ်။ တိတိကျကျ ပြောရရင် ဓားရှည်၊ ခွက်(ပွဲတော်သုံး ဖလား)၊ ၅ထောင့်ကြယ်နဲ့ တောင်ဝှေး (ကျိုင်းတုတ်)တို့ ဖြစ်ပါတယ်။ မေဂျာကတ်တွေကို မဟာလျှို့ဝှက်ချက်လို့ ခေါ်ပါတယ်။ မိုင်နာထက် တစ်ပန်းသာတဲ့ကတ်တွေ ဖြစ်ပါတယ်။ အညာ၊ နိုင်ဖဲ စသဖြင့်လည်း ခေါ်ကြပါတယ်။

မေဂျာတွေထဲမှာ 'ဂျိုကာ'ဆိုတဲ့ ကတ် ပါဝင်ပါတယ်။ အဲဒီဂျိုကာက အခုကစား နေကြတဲ့ ဖဲထုပ်ထဲအထိ ပါလာတဲ့ကတ် ဖြစ်ပါတယ်။

ဂျိုကာက သူ ူးတစ်ယောက်လို နေတယ်။ ူးသလိုလို ပေါသလိုလိုနဲ့ အမှန် အတိုင်းသိစေချင်တာတွေကို ပြောပြတဲ့တာဝန်ကို ထမ်းဆောင်သူ ဖြစ်ပါတယ်။

တားရော့ဒ်ကတ်တွေကို ဖဲချပ်အဖြစ် ပြောင်းပေးပြီး လောင်းကစားကို အလွယ် ဖြင့် ကစားလို့ရအောင် စီမံပေးလိုက်ပါတယ်။ အရောင် နှစ်ရောင်အဖြစ် အုပ်စုခွဲချလိုက်တယ်။ အနီနဲ့ အမည်း ဖြစ်ပြီး နွေနဲ့ဆောင်းကို အသီးသီး ကိုယ်စားပြုပါတယ်။ တိတိကျကျ ပြောရရင် ကမ္ဘာက နေကို ဘယ်မှာမြင်ရသလဲဆိုတာအရ တစ်နှစ်တာကို ပိုင်းခြားထား ပါတယ်။ မြောက်ခြမ်းမှာ နေရောက်ရှိနေတဲ့ကာလနဲ့ တောင်ခြမ်းမှာ နေရောက်ရှိနေတဲ့ ကာလတို့ ဖြစ်ပါတယ်။

ဖူးပိမ့်၊ ထောင့်၊ ညင်းဆိုတဲ့ အတွဲလေးတွဲက ရာသီဥတု ၄ပါးကို ရည် ွန်း ပါတယ်။ နွေဦး၊ နွေ၊ ဆောင်းဦးနဲ့ ဆောင်းတို့ ဖြစ်ပါတယ်။ တစ်တွဲမှာ ဖဲချပ် ၁၃ချပ်စီ ပါပါတယ်။ တစ်နှစ်တာမှာ ကောင်းကင်ကလ ပြည့်လိုက်ကွယ်လိုက်ဖြစ်တဲ့ လပေါင်း ၁၃လ ရှိနေတာကို ရည် ွန်းပါတယ်။ ၁၃ ကိန်းဂဏန်းက ဘေဘီလုံတို့ရဲ့ ကိန်းဂဏန်း ဆိုတာ ထပ်ပြောဖို့ လိုမယ်မထင်တော့ပါဘူး။ ၁၃ချပ် ၄တွဲဆိုတော့ စုစုပေါင်း ဖဲချပ် ၅၂ ချပ် ရှိတယ်။ အဲဒါ တစ်နှစ်တာမှာ ရှိတဲ့ သီတင်းပတ် ၅၂ ပတ် ဖြစ်ပါတယ်။


ကောင်းပြီ။ ဂျိုကာကို ၁ လို့ သတ်မှတ်ပြီး ဖဲချပ်တွေရဲ့ တန်ဖိုးကို ပေါင်းကြည့် လိုက်ပါ။ ကုလားတွေ ဘယ်လိုလုပ်ရမလဲလို့ မမေးပါနဲ့။ ဂျက်ကို ၁၁၊ ကွင်းကို ၁၂နဲ့ ကင်းကို ၁၃ ဆိုပြီး ပေါင်းလိုက်ပါ။ ၃၆၅လို့ အဖြေရရင် ခင်ဗျားတွက်တာ မှန်ပါတယ်။ အဲဒါ တစ်နှစ်တာမှာ ရှိတဲ့ ရက်တွေ ဖြစ်ပါတယ်။

တ ုတ်နဲ့ အိန္ဒိယတို့မှာ စစ်တုရင်ထိုးကြတယ်။ အဖြူအမည်းစတုရန်းကွက်တွေ ဆွဲထားတဲ့ အပြားပေါ်မှာ ကစားကြတယ်။ အဲဒီလို အကွက်အဆင်နဲ့ ကြမ်းခင်ထားတာ ရှေးအီဂျစ်က ဘုရားကျောင်းမှာ တွေ့နိုင်တယ်။ စုစုပေါင်း ၆၄ကွက်တိတိ ခင်းထားတယ်။ နိုင်ငံတကာစစ်တုရင်က အခုအခါမှာ အနောက်တိုင်းရဲ့ ကစားနည်းဖြစ်ပေမယ့် မူရင်းက

အရှေ့တိုင်း ဂန္ဓာရီမှ ဆင်းသက်လာတာ ဖြစ်ပါတယ်။ အုပ်တွေက အနောက်တိုင်း ဟန်ပန်ပြောင်းလဲ သုံးစွဲလိုက်ကြပေမယ့် အခြေခံအချက်အလက်တွေက မပြောင်းလဲပါဘူး။ ဖဲချပ်လိုပဲ မူရင်းမူလကို ပြောင်းလို့ မရဘူး။

စတုရန်းကွက် ၆၄ ကွက်ဟာ တူပေဒင်အဖြစ်လည်း သုံးလို့ရတဲ့ ယီကျင်းခေါ် သင်္ခါရကျမ်းတော်ကြီးမှာ ဖော်ပြထားတဲ့ အကွက် ၆၄ကွက်ကို ကိုယ်စားပြုပါတယ်။ ဘုရင်က ရှိရှိသမျှကျမ်း အကုန်လုံးမီးရှို့လို့ အမိန့်ပြန်တမ်းထုတ်ပြီး မီးရှို့တာကို လွတ်ကင်းခဲ့တဲ့ ကျမ်းတစ်ဆူဖြစ်ကြောင်း ရှေ့မှာ တင်ပြခဲ့ပြီးပါပြီ။ တရုတ်ပညာရှိ ကွန်ဖြူးရှပ်က ယီကျင်းကို စေ့စေ့ငုငု လေ့လာဖို့အတွက် နောက်ထပ် တစ်ဘဝ ထပ်ရချင်တယ်လို့ မှတ်ချက်ပြုခဲ့ရတဲ့ ကျမ်း ဖြစ်ပါတယ်။

ကျမ်းစာအုပ်တွေကို မီးရှို့ပစ်တဲ့ တရုတ်ဘုရင်က ကျင်ရှီဟောင် ဖြစ်ပြီး ဘီစီ ၂၂၀လောက်မှာ စိုးစံခဲ့တဲ့ မင်းတစ်ပါး ဖြစ်ပါတယ်။ သူ့ရဲ့ အတိုင်ပင်ခံအမတ်က အကြံပေးချက်ကို နားယောင်ပြီး လုပ်ခဲ့တာ ဖြစ်ပါတယ်။ အတိုင်ပင်ခံအမတ် လီစီက သူ့ကျောင်းက



လွဲရင် ကျန်တဲ့ပညာရေးဆိုင်ရာ ကျမ်းတွေစာအုပ်တွေကို မီးရှို့ခိုင်းဖို့ အကြံပေးခဲ့ပါတယ်။ အဲဒီလို မရှို့ရင် စာတွေဖတ်ပြီး လူတွေတတ်ကုန်မယ်။ လူတွေ တတ်ကုန်ရင် ဘုရင်ကို ဝေဖန်တာ စလာမယ်။ နောက်တော့ ပုန်ကန်တာတွေ ဖြစ်ပွားစေတယ်လို့ တင်လျှောက်ခဲ့ပါတယ်။ ဘာပြောကောင်းမလဲ။ ကျမ်းစာအုပ်တွေအပါအဝင် ရှိရှိသမျှ ပြာဖြစ်ကုန်တယ်။ ကျင်ထီးနန်းရိပ်အောက်မှာ ရှိတဲ့ ရာဇဝင်ဆရာတွေရေးတဲ့ ရာဇဝင်ကျမ်းတွေကလွဲရင် ရှိရှိသမျှ သမိုင်း၊ ရာဇဝင်ကျမ်းတွေ အကုန်လုံး ပြာဖြစ်ကုန်ကြတယ်။ ဂန္ထဝင်ကဗျာရတုတွေလည်း ပြာဖြစ်ကုန်တယ်။ ခေတ်ကာလ အုပ်ချုပ်ရေးကို သရော်တဲ့ပြဇာတ်တွေလည်း ပြာဖြစ်ကုန်တဲ့အပြင် ပြဇာတ်ရေးသူတွေပါ မြေကြီးအောက်ကို ရောက်သွားကြတယ်။ သူတို့ချည်း မဟုတ်ဘူး။ တစ်နွယ်ငင်တစ်စင်ပါဆိုသလို မိသားစုနဲ့ အစေခံတွေပါ တစ်အိမ်လုံး ရှိသမျှလူ အကုန်လုံး မြေကြီးအောက်ကို ရောက်သွားကြတယ်။ လက်ထဲ စာအုပ်ရှိရင် ချက်ချင်း မီးရှို့ပစ်စေ။ အမိန့်ထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း ၃၀ ကျော်ချိန်မှာ လက်ထဲတွေ့ရင် သေဒဏ်ဆိုပြီး တိုင်းပြည်တစ်ဝှမ်း ကြေညာစာကပ်ပြီး မီးရှို့ခိုင်းတယ်။

အဲဒီလို ပွဲကြမ်းတဲ့ဘုရင်ကို လိမ်ညာဝံ့တဲ့သူက ရှိသေးတယ်။ အဂ္ဂိရတ်ဆရာနှစ်ယောက်က အသက်ရှည်ဆေး ဖော်ပေးမယ်ဆိုပြီး ဘုရင်ကို လိမ်ညာကြတယ်။ လိမ်ညာတာကို သိသွားတဲ့အခါ ဝါးလုံးရှည်နဲ့ ရမ်းတော့တာပဲ။ နန်းမြို့တော်မှာ ရှိရှိသမျှ ဆေးဆရာ၊ အဂ္ဂိရတ်ဆရာ အကုန်လုံး ဖမ်းဆီးပြီး အရှင်လတ်လတ် မြေမြှုပ်သင်္ဂြိုဟ်ပစ်လိုက်တယ်။ ၄၆၀ယောက်ဝန်းကျင် မြေကြီးအောက်ကို ရောက်သွားတယ်။

အဲဒီလို ပွဲကြမ်းခဲ့တာမှာ ယီကျင်းကျမ်းက ရှေးမူရင်းအတိုင်း မဖျက်ဆီးခဲ့ရဘဲ လွတ်ကင်းခဲ့ပါတယ်။

ဒီတော့ ဘေဘီလုံတွေက အင်မတန်ကောင်းတဲ့ပညာရပ်တွေကိုတော့ ချမ်းသာပေးတဲ့အပြင် အရှည်သဖြင့် တည်တံ့အောင် စီမံဆောင်ရွက်ပေးခဲ့တယ်လို့ ဆိုရပါမယ်။

စစ်တုရင်မှာ အဖြူနဲ့ အမည်းက ယင်နဲ့ယန်ကို ဆိုလိုပါတယ်။ ဖြူတာက ကောင်းတယ်။ မည်းတာက မကောင်းဘူးလို့ မယူဆစေလိုပါ။ အဖြူရှိလို့ အမည်းရှိနေရတာ ဖြစ်ပြီး အမည်းရှိလို့ အဖြူဆိုတာ ရှိနေရတာ ဖြစ်ပါတယ်။

တရုတ်ကနေ အိန္ဒိယ၊ အိန္ဒိယကနေ ပါရှန်း၊ ပါရှန်းကနေ အာရပ်တွေက ဥရောပကို ကုန်သွယ်ကူးသန်းရင်း စစ်တုရင်က ဥရောပကို ရောက်ရှိသွားခဲ့တာ ဖြစ်ပါတယ်။ မြန်မာကိုလည်း ရောက်ရှိလာခဲ့ပါတယ်။ မြန်မာထီးနန်းနဲ့ ဆီလျော်အောင် မြန်မာမှုမြန်မာ ဟန်ပြောင်းလဲပြီး မင်းကြီး၊ ဆင်၊ ရထား၊ ခြေသည်၊ မြင်းသည်စသဖြင့် အရုပ်တွေကို ပြောင်းလဲခဲ့ပေမယ့် မူရင်းအတိုင်း အကွက် ၆၄ကွက်နဲ့ပဲ ကစားကြပါတယ်။

# ဝင်ဆာထီးနန်း


၁၉၅၃ခုနှစ် ဇွန်လ ၂ရက်နေ့မှာ ဒုတိယမြောက်အဲလစ်ဇဘက်ဘုရင်မ ဘိသိက်ခံပြီး နန်းတက်ပါတယ်။

လန်ဒန်တာဝါ Tower of Londonမှာ သိမ်းဆည်းပေးထားတဲ့ သရဖူ၊ ကျိုင်းတုတ်၊ ဝတ်ႆုံ၊ ဘုရင်မရဲ့ အဆောင်အယောင်တစ်ခုဖြစ်တဲ့ ရတနာစီခြယ်ထားတဲ့ အော့ဘ်အလုံး ရာဇယဋ္ဌိ(ဖော်ပြထားတဲ့ပုံမှာ ဘုရင်မလက်ထဲ ကိုင်ထားတဲ့ အလုံး) စတာတွေကို ဝက်စ်မင်စတာကျောင်းတိုက် Westminster Abbey ဆီကို ညတွင်းချင်း သယ်ရွှေ့လိုက်ကြတယ်။ ဘုရားကျောင်းကို ရောက်တော့ ဂျေ႑ဆလင်ချိန်ဘာJerusalem Chamber မှာ ထားသိုလိုက်ကြတယ်။

အဲဒီချိန်ဘာမှာ အရေးပါတဲ့ ဖြစ်ရပ်တွေ ဖြစ်ပွားခဲ့ဖူးပါတယ်။ သမ္မာကျမ်းစာကို ဘုရင့်အလိုကျ ဘာသာပြန်ပေးခဲ့ကြတဲ့တာ ဒီချိန်ဘာထဲမှာ ဖြစ်ပါတယ်။ ဆာဘွဲ့ရ ဖရန့်စစ် ဘေကွန်က ဦးစီးပြီး ပြန်ခဲ့တာ ဖြစ်ပါတယ်။ ဘာသာပြန်ကျမ်းရဲ့ မူပိုင်ရှင်က ဗြိတိသျှထီးနန်း ဖြစ်ပါတယ်။ ဂျေ႑ဆလင်ချိန်ဘာကို လက်ဘနွန်က ယူလာတဲ့ သစ်ကတိုးသားနဲ့ အလှဆင်ထားတယ်။ ဘာလို့ ဒီသစ်သားကို သုံးရသလဲဆိုတော့ ဆော်လမွန်ကျောင်းတော်ကို သစ်ကတိုးသားနဲ့ ဆောက်ခဲ့လို့ ဖြစ်ပါတယ်။ ချိန်ဘာထဲမှာ ဆော်လမွန်ဘုရင်ကြီး တရားစီရင်နေပုံကိုလည်း အလှချည်ထိုးဖြင့် သ႑ပ်ဖော်ပေးထားပါတယ်။ ဘုရားကျောင်းရဲ့ ကြမ်းပြင်ကိုတော့ အဖြူအမည်းကွက်တွေနဲ့ ခင်းထားပါတယ်။

ဘိသိတ်ခံ အခမ်းအနား စတင်ချိန်မှာ အဲလစ်ဇဘက်က နန်းတက်ပွဲသုံး ပလ္လင်ထက်မှာ ထိုင်ပြီး နေရာယူရပါတယ်။ ရာဇက္ကနြေအပြည့်ဖြင့် အဲလစ်ဇဘက်ထိုင်နေတဲ့ အောက်ဖက်မှာ ကျောက်တုံးကြီး တစ်တုံး ရှိနေပါတယ်။ နန်းစဉ်ကျောက်တုံး ဖြစ်ပါတယ်။ ကံတရားကျောက်တုံးStone of Destiny လို့ အမည်တွင်တဲ့ ကျောက်တုံးဖြစ်ပြီး စကွန်းကျောက်တုံး Stone of Scone လို့ လည်း အမည်တွင်ပါတယ်။ ဘာလို့လဲဆိုတော့ ၁၂၉၆ခုနှစ်မှာ စကော့တလန်မှာ တည်ရှိတဲ့ စကွန်းကျောင်းတိုက်ကနေ ဒီကျောက်တုံးကြီးကို ပထမမြောက် အဲဒွပ်ဘုရင်က ခိုးသယ်လာခဲ့လို့ ဖြစ်ပါတယ်။ ဒီကျောက်တုံးက သမိုင်းကြောင်း ရှိတယ်။





မူရင်းမူလနေရာက အစရေး ဖြစ်ပါတယ်။ အဲဒီကနေ အီဂျစ်ကို ရောက်တယ်။ အီဂျစ်ကနေ ဖီနစ်ရှန်းတွေက ရေကြောင်းဖြင့် အိုင်ယာလန်ကို သယ်လာခဲ့ကြတယ်။ အဲဒီကနေမှ စကော့တလန်ကို ရောက်တယ်။ နောက်တော့ ဗြိတိသျှနန်းတွင်းကို ရောက်ရှိပြီး ရာဇပလ္လင်အောက်မှာ ထားသိုခဲ့တာ ဖြစ်ပါတယ်။

အဲလစ်ဇဘက်က ကျောက်တုံးပေါ်က ပလ္လင်ပေါ်ထိုင်နေချိန်မှာ ခရစ်ယာန်ဂိုဏ်းချုပ်က မြောက်၊ တောင်၊ အရှေ့နဲ့ အနောက်တို့ကို တစ်လှည့်စီ မျက်နှာမူတယ်။ ဘုရင်မကို ဘုရားသခင်စောင့်ရှောက်စေသားဆိုတဲ့ God save the Queen ကို ကျယ်ကျယ်လောင်လောင် ဆိုလိုက်တယ်။ ဒီစကားရပ်က သမ္မာကျမ်းဟောင်းလာ စကားရပ် ဖြစ်ပါတယ်။ အစရေးရဲ့ ပထမဆုံးဘုရင်ဖြစ်သူ ဆိုလ် နန်းတက်တော့ တိုင်းသူပြည်သားတွေက ဘုရင်ကို ဘုရားသခင်စောင့်ရှောက်စေသားလို့ ဆူညံစွာ အော်ဟစ်ကြပါတယ်။

ဘုရင်မက နန်းတက်ပွဲသုံးပလ္လင်ထက်မှာ ထိုင်နေတယ်။ လက်ထဲမှာ ရှေးအီဂျစ်ခေတ်က မင်းမြောက်တန်ဆာတွေ ဖြစ်တဲ့ ကျိုင်းတုတ်နဲ့ တောင်ဝှေးတို့ကို ကိုင်ထားတယ်။ ကျိုင်းရဲ့ ထိပ်ပေါ်မှာ မော်လ်တာကားတိုင် ရှိပါတယ်။ မော်လ်တာဆိုတာက မြေထဲပင်လယ်ထဲမှာ တည်ရှိတဲ့ကျွန်းဖြစ်ပြီး ဖီနစ်ရှန်း၊ ဂရိစတဲ့မျိုးနွယ်တွေ တစ်ခေတ်ပြီး တစ်ခေတ် သူ့ခေတ်နဲ့သူ နေထိုင်ခဲ့ကြတဲ့ ကျွန်းဖြစ်ပြီး တမ်ပလာတွေလည်း အခြေစိုက်ခဲ့ဖူးပါတယ်။ ကျိုင်းရဲ့ ထိပ်မှာတော့ ချိုးငှက် ရှိပါတယ်။ နောက်တော့ ရာဇဃဋ္ဌအလုံးကိုပါ ကိုင်ပါတယ်။ ရာဇဃဋ္ဌအလုံးပေါ်မှာလည်း မော်လ်တာကားတိုင် ပါရှိပါတယ်။

ဘေဘီလုံက လန်ဒန်ကို ရောက်ရှိအခြေစိုက်နေပြီဖြစ်လို့ ဘုရင်မက ဆီမီရာမစ် Semiramisရဲ့နန်းဆက်ကို ပြန်လည်ထိန်းသိမ်းပေးနေတာ ဖြစ်ပါတယ်။ အဲလစ်ဇဘက်က ဆီဖြင့် လိမ်းသပ်ပြီး ဘိသိတ်မြောက်ပေးခြင်းကို ဆက်လက်ခံယူပါတယ်။ ဒီအလေ့အထက လွန်လေပြီးသော နှစ်ပေါင်းထောင်ချီကတည်းက ရှိနေခဲ့တဲ့ အလေ့အထ ဖြစ်ပါတယ်။ ဆီကို ရောစပ်ထားပုံက ရှေးအီဂျစ်အစဉ်အလာအတိုင်း ဖြစ်ပါတယ်။ ရွှေသားအတိပြီးတဲ့ခွက်ထဲမှာ ဆီကို ထည့်ထားပါတယ်။ ဆီကို ရွှေအတိပြီးသော ခွက်ဖြင့် ထည့်ထားတယ်။ ခွက်က ချိုးငှက်ပုံသဏ္ဌာန် ဖြစ်ပြီး အမ်ပူလာ Ampulla လို့ ခေါ်ပါတယ်။ ဒီလို ဆီဖြင့် လိမ်းသပ်ပြီး ဘိသိက်မြောက်လိုက်တဲ့အတွက် အဲလစ်ဇဘက်ဟာ အင်္ဂလန်ခရစ်ယာန်ဂိုဏ်းရဲ့

ဂိုဏ်းချုပ်အဖြစ်သို့ လည်းကောင်း၊ အင်္ဂလန်ရဲ့ ဘုရင်မအဖြစ်ကိုလည်း ရောက်ရှိသွားပါတယ်။

ဘိသိက်အခမ်းအနားမှာ အသုံးပြုတဲ့ သရဖူက ဘုရင်အက်ဒွပ်လက်ထက်က လုပ်ထားတဲ့ သရဖူ ဖြစ်ပါတယ်။ ၁၀၆၅ခုနှစ်မှ ဝက်မင်စတာကျောင်းရဲ့ မူရင်းအဆောက်အဦကို တည်ဆောက်ပေးခဲ့သူ ဖြစ်ပါတယ်။ နောက်မှ တမ်ပလာတွေရဲ့ လက်အောက်မှာ ရှိတဲ့ တတိယမြောက်ဟင်နရီဘုရင်က ထပ်ဆောက်ပေးခဲ့ပါတယ်။

ဘိသိက်သရဖူမှာ ကားတိုင်ပုံ ၂ခု ပါပါတယ်။ ရတနာ၁၂ပွင့် စီခြယ်ထားပါတယ်။ သမ္မာကျမ်းဟောင်းလာ အဖြစ်အပျက်မှာ အီဂျစ်ကနေ ဟေဘရူးတွေကို အစုလိုက်အပြုံလိုက် ခေါ်ထုတ်ပေးတဲ့ အာရမ်ရဲ့ ရင်ကာမှာ ရတနာ ၁၂ပွင့် စီခြယ်ထားပါတယ်။ အဲဒီမှာ စီခြယ်ထားတဲ့အတိုင်း သရဖူမှာ စီခြယ်ပေးထားတာ ဖြစ်ပါတယ်။

ခရစ်ယာန်ဂိုဏ်းချုပ်ဘုန်းတော်ကြီးက အဲလစ်ဇဘက်ကို လက်ဟန်ဖြင့် ဂါရဝပြုလိုက်တယ်။ သူ့ခရစ်ယာန်ဂိုဏ်းရဲ့ အကြီးအကဲအဖြစ် အသိအမှတ်ပြုပေးလိုက်တာ ဖြစ်ပါတယ်။ ဘုရင်မရဲ့ ယာဘက်လက်ကို ယူပြီး တိုးတိုးသေ နမ်းလိုက်တယ်။ ဆုမွန်ကောင်း တောင်းပေးလိုက်တယ်။

ရာဇဝင်ကို ပြန်ကြည့်ရင် ဝီလျံအော့ဖ် အောရင့်ချ်က ဒတ်ချ်ကနေ ရောက်ရှိလာပြီး ထီးနန်းကို သိမ်းပိုက်လိုက်တယ်။ ၁၇၀၂ခုနှစ်မှာ နတ်ပြည်စံတယ်။ သူနဲ့ မိဖုရား မယ်ရီတို့မှာ နန်းမွေဆက်ခံမယ့်သူ မထွန်းကားခဲ့ဘူး။ ဒီတော့ မယ်ရီရဲ့ညီမ အန်းက ထီးနန်းအိုက်အရာကို ဆက်ခံခဲ့တယ်။ သူက ကလေး ၁၇ ယောက် ထွန်းကားခဲ့ပြီး အကုန်လုံး အဖတ်တင်တယ်။ ဒါပေမယ့် ၁၇၁၄ခုနှစ်မှာ အင်္ဂလန်ထီးနန်းက ဂျာမန်မင်းသွေးရှိသူရဲ့ လက်ထဲကို ရောက်သွားခဲ့တယ်။ ပထမမြောက် ဂျော့ဘုရင်အဖြစ် နန်းတက်တယ်။ သူက အင်္ဂလိပ် စကား မပြောတတ်ဘူး။ သင်ဖို့ကိုလည်း ငြင်းဆန်ခဲ့တယ်။ မိဖုရား ဆိုဖီယာကို အိမ်ထောင်ရေး ဖောက်ပြန်တဲ့အတွက် ထောင် ၃၂နှစ်ချတယ်။ ဖောက်ပြန်တဲ့သူက ပျောက်ချင်းမလှ ပျောက်သွားတယ်။ သူနေထိုင်ရာ ရဲတိုက်ရဲ့ ကြမ်းပြင်ကျောက်ပြားအောက်မှာ ရောက်သွားတယ်လို့ သတင်းတွေ ထွက်ပေါ်ခဲ့ပါတယ်။

၁၇၂၇ခုနှစ်မှာ ဒုတိယမြောက် ဂျော့ဘုရင် နန်းတက်တယ်။ ၁၇၆၀ခုနှစ်မှာ သူက အကြီးအကျယ် ဝမ်းချုပ်တော်မူနေရာက အိမ်သာတက်ရင်း နတ်ပြည်စံတော်မူတယ်။ သူ့မြေးတော်က တတိယမြောက်ဂျော့အဖြစ် နန်းတက်တယ်။ သူ့လက်ထက်မှာ အမေရိကန်ကိုလိုနီက လွတ်လပ်ရေးအတွက် တော်လှန်ရေးဆင်နွှဲခဲ့တယ်။

သူ့နောက်မှာ စတုတမြောက် ဂျော့ဘုရင်၊ စတုတမြောက် ဝီလျံဘုရင်တို့ စိုးစံခဲ့ပြီး ဝိတိုရိယဘုရင်မ လက်ထက်ကို ရောက်ရှိပါတယ်။ သူက ဗြိတိသျှဘုရင်မအဖြစ်ကိုသာမက ဗြိတိသျှ နေမဝင်အင်ပါယာကြီးရဲ့ ဘုရင်မအဖြစ်ဖြင့်ပါ စိုးစံတော်မူခဲ့ပါတယ်။

ကမ္ဘာ့မြေမျက်နှာပြင်ရဲ့ ၄၀ ရာခိုင်နှုန်းကျော်ကို အုပ်စိုးခဲ့တယ်။ လူဦးရေအားဖြင့်ကြည့်ရင် ကမ္ဘာ့လူဦးရေရဲ့ ၅ပုံ၁ပုံကျော်ကို အုပ်စိုးခဲ့ပါတယ်။ ကမ္ဘာ့သမိုင်းမှာ အခုအထိ

အကြီးမားဆုံး အင်ပါယာ ဖြစ်ပါတယ်။

ဝိတိုရိယက ဂျာမန်မင်းမျိုးနွယ်ဝင် မင်းသာအဲလ်ဘတ်နဲ့ လက်ဆက်ထိမ်းမြား ခဲ့ပါတယ်။ သူက ဘိန်းထွက် မူးယစ်ဆေးဝါးကို မကြာခဏ သုံးစွဲသူ ဖြစ်ပါတယ်။ သူ့ရဲ့ သားဦးက ထီးနန်းအမွေကို ဆက်ခံခဲ့ပြီး သတမမြောက်အက်ဒွပ်ဘုရင် ဖြစ်လာခဲ့ပါတယ်။ သူက အင်္ဂလိပ်ဖရီးမေဆင်မှာ ဂိုဏ်းတော်ချုပ်အဆင့်ရှိသူ ဖြစ်ပါတယ်။ သူ့အ ိုက်အရာကို အဌမမြောက်အက်ဒွပ်ဘုရင်က ဆက်ခံခဲ့တယ်။ သူက အမေရိကန်အမျိုးသမီး တစ်ခုလပ်ကို စွဲလမ်းချစ်ခင်တာကြောင့် နန်းစွန့်လိုက်တယ်။ ဆဌမမြောက် ဂျော့ဘုရင်က အ ိုက်အရာ ဆက်ခံတယ်။ ၁၉၅၂ခုနှစ်မှာ နတ်ပြည်စံတော်မူတဲ့အခါ ဒုတိယမြောက် အဲလစ်ဇဘက် ဘုရင်မက အ ိုက်အရာကို ဆက်ခံခဲ့ပါတယ်။

ယခုအခါမှာ အဲလစ်ဇဘက်ဘုရင်မက ကမ္ဘာပေါ်မှာ အကြွယ်ဝဆုံးအမျိုးသမီးလို့ မှတ်တမ်းတင်ခံထားသူ ဖြစ်ပါတယ်။

ရဲတိုက်တွေ၊ နန်းတော်တွေ၊ စံအိမ်ကြီးတွေ အပါအဝင် အဆောက်အဦပေါင်း ၃၀၀ကျော် ပိုင်ဆိုင်ပါတယ်။ သူပိုင်ဆိုင်တဲ့အထဲမှာ ဘတ်ကင်ဟမ်နန်းတော်၊ ဝင်ဆာရဲတိုက်၊ ဒိုင်ယာနာနေထိုင်ခဲ့တဲ့ ကင်စင်တန်နန်းတော်၊ အိမ်ရှေ့စံချားမင်းသားရဲ့ လန်ဒန်စံမြန်းရာ ဖြစ်တဲ့ စိန့်ဂျိန်းနန်းတော်၊ အီဒင်ဘတ်မြို့မှ ဟိုလီ ုဒ်စံအိမ်တော်၊ စကော့တလန်မှ ဘောမိုရယ် ရဲတိုက်၊ ဒိုင်ယာနာနဲ့ ချားတို့ စတွေ့ခဲ့ကြတဲ့ နောဖော့မှ စင်ရင်ဟမ်တို့ ပါဝင်ပါတယ်။ မြေပိုင်ရှင်တစ်ဦးအနေဖြင့် မြေကေလေးသောင်းကျော် ပိုင်ဆိုင်ပါတယ်။ စိုက်ပျိုးမြေအပြင် အိမ်ရာတိုက်တာ တည်ဆောက်ဖို့ အကွက်အကွင်းကောင်းတဲ့မြေတွေလည်း ပါဝင်ပါတယ်။ လန်ဒန်မြို့ရဲ့ ဈေးအကြီးဆုံးမြေကွက်တွေလည်း ပါဝင်ပါတယ်။

မရွှေ့မပြောင်းနိုင်တဲ့ပစ္စည်းဥစ္စာတွေအပြင် အတွင်းပစ္စည်းဥစ္စာတွေလည်း အများ အပြား ပိုင်ဆိုင်ပါတယ်။ နန်းမွေအဖြစ် ရရှိတဲ့ရတနာတွေ၊ ဝယ်ယူထားတဲ့ရတနာတွေ အများအပြား ပိုင်ဆိုင်ပါတယ်။ အဲဒီရတနာတွေထဲမှာ ကိုအီနောစိန်တုံးလည်း အပါအဝင် ဖြစ်ပါတယ်။ ကမ္ဘာ့အကြီးဆုံးစိန်ပွင့်ဖြစ်ပြီး ဝိတိုရိယဘုရင်မကို အရှေ့အိန္ဒိယကုမဏီမှ ဆက်သခဲ့တာ ဖြစ်ပါတယ်။ ကိုအီနောစိန်တုံးကို ၁၈၅၁ခုနှစ်မှာ ပန်ဂျပ်စော်ဘွားကို တိုက်ခိုက် အနိုင်ရခဲ့စဉ်မှာ ရရှိခဲ့တာ ဖြစ်ပါတယ်။ ကူလီနင်စိန်တုံးကတော့ တောင်အာဖရိကမှာ စစ်ပြေငြိမ်းတော့ ဆက်သခဲ့တာ ဖြစ်ပါတယ်။ အာရပ်ရေနံစော်ဘွားတွေထံမှလည်း လက်ဆောင်အဖြစ် ရရှိခဲ့တာတွေ ရှိပါတယ်။ ဘုရင်မရဲ့ စုဆောင်းမှုတွေထဲမှာ ရှေးလက်ရာ ပန်းချီကား ချပ်ရေ ခုနစ်ထောင်ကျော် ရှိပါတယ်။ ရှေးပန်းချီဆရာကြီးတွေရဲ့ လက်ရာ ပန်းချီကားပေါင်း နှစ်သောင်းကျော် ရှိပါတယ်။

ရွှေနန်းတော်ရဲ့ ပိုင်ဆိုင်မှု အဝဝကို အတိအကျ မသိကြရပါဘူး။ ပါလီမန်မှာ လည်း ဒီကိစ္စကို နှာစေးထားပါတယ်။ ဘုရင်မကလည်း ဘယ်သောအခါမှ ထုတ်ဖော် ပြောကြားမှာ မဟုတ်ပါဘူး။ လူထုသိသွားရင် လိုချင်မက်မောမယ့်သူတွေက အများသား မဟုတ်လား။

ဘုရင်မမှာ အားသာချက် တစ်ခုရှိနေတာက အတွင်းသတင်းတွေကို ကြားသိခွင့် ရှိနေတာ ဖြစ်ပါတယ်။ ဒီတော့ စီးပွားရေးအရ ရင်းနှီးမြှုပ်နှံရာမှာ အမှားအယွင်း နည်းပါး စေပါတယ်။ ဝန်ကြီးချုပ်၊ ဝန်ကြီးတွေ၊ အဆင့်မြင့်အရာရှိတွေနဲ့ အမြဲမပြတ် အဆက်အသွယ် ရှိနေပါတယ်။ ဗြိတိသျှ ထောက်လှမ်းရေးထံမှလည်း ကမ္ဘာ့သတင်းတွေကို အတွင်းကျကျ ကြားသိနေရတယ်။ ဒီတော့ အကျိုးရှိမယ်၊ အကျိုးယုတ်မယ်ဆိုတာကို ကောင်းကောင်း သိနေတာကြောင့် သေချာမယ့်ဆီမှာ ရင်းနှီးမြှုပ်နှံပြီး အများဆုံးအကျိုးအမြတ်ကို ဆွတ်ခူး စားသုံးနိုင်နေစေပါတယ်။

ဗြိတိသျှနန်းစဉ်ရဲ့ စီးပွားရေးရှာဖို့ ရင်းနှီးမြှုပ်နှံမှုတွေကို လူမသိရအောင် အမည်ခံ ပေးဖို့အတွက် အင်္ဂလန်ဘဏ် အမည်ခံလီမိတက် Bank of England Nominees Ltdက လုပ်ကိုင်ပေးနေပါတယ်။

သုတေသီ Philip Beresford ရေးသားတဲ့ *The Book Of The British Rich* စာအုပ်မှာ ဖော်ပြချက်အရ သိရတာတွေကတော့ တစ်ချိန်တုန်းက ဇင့်သတ္တုလုပ်ငန်းကို အကြီးအကျယ်လုပ်ကိုင်ခဲ့ပြီး အခုအခါ ကမ္ဘာ့အကြီးဆုံး သတ္တုတွင်း လုပ်ငန်းဖြစ်တဲ့ ရီယို တင်တို Rio Tinto မှာ ဗြိတိသျှ ရွှေနန်းတော်က ရင်းနှီးမြှုပ်နှံမှုတွေ ထည့်ဝင်ထားတယ်။ ဓာတုလုပ်ငန်း ICI၊ ရေနံဓာတုလုပ်ငန်း Royal Dutch Shellနဲ့ လျှပ်စစ်ထည်လုပ်ငန်း General Electric တို့မှာလည်း ထဲထဲဝင်ဝင် ရင်းနှီးမြှုပ်နှံ ထားတယ်။

ရီယို တီတိုရဲ့ ယူရေနီယံအရေးအခင်းက ကမ္ဘာလုံးဆိုင်ရာ တိုးတိုးတိတ် တိတ်ကြိတ်ပြီး ဖြေရှင်းတဲ့ အရေးအခင်းတစ်ခုအဖြစ်ကို ရောက်ရှိခဲ့တယ်။

ရီယိုတင်တိုက မြောက်ပင်လယ်ရေနံတွင်းတွေကိုလည်း လုပ်ကိုင်နေတဲ့ ကုမ ဏီ ဖြစ်ပါတယ်။ ၁၉၇၁ခုနှစ်မှာ ယူရေနီယံဈေးနှုန်းကို ထိန်းချုပ်ဖို့အတွက် အခြားလုပ်ငန်း တူတွေနဲ့ အဖွဲ့ဖွဲ့ပြီး လုပ်ကိုင်ခဲ့တယ်။ ဩစတေးလျမှ ယူရေနီယံထုတ်လုပ်မှုကို လျှော့ ချပြီး အထွက်နည်းအောင် လုပ်ထားလိုက်တယ်။ ဒီအခါမှာ ယူရေနီယံကို ဝယ်ယူလုပ်ကိုင် ရတဲ့ အမေရိကန်ကုမဏီ ဝက်စတင်းဟောက်စ်က အခက်ကြုံတယ်။ တရားံုးကို ဦးတိုက် လျှောက်ထားပြီး တရားစွဲဆိုတယ်။ အမေရိကန်မှ တရားံုးက ရီယိုတင်နိုမှ တာဝန်ရှိသူ အရာရှိတွေကို စစ်ဆေးမေးမြန်းဖို့ ဆင့်ခေါ်တဲ့အခါ ဗြိတိန်မှ ဥပဒေပညာရှင်တွေက တားဆီး ပေးခဲ့တယ်။ အဲဒီအချိန်မှာ ဩစတေးလျဝန်ကြီးချုပ်က မိုင်းတွင်းကိစကို ကိုင်တွယ်တယ်။ တိုင်းပြည်အတွက် ဘာမှ မရရှိဘဲ ကုမဏီတွေကချည်း စားသွားတာကို သူက ပြုပြင်ဖို့ လုပ်တော့ ဘုရင်မက သူ့ရဲ့ ဩဇာပယောဂသုံးစွဲပြီး ဝန်ကြီးချုပ်ကို ရာထူးမှ ဖယ်ရှားပစ် လိုက်တယ်။

နေမဝင်အင်ပါယာကြီး မရှိတော့ပေမယ့် ဘုရင်မ အဲလစ်ဇဘက်အနေဖြင့် ဩဇာညောင်းနေနိုင်တာကို တွေ့ရပါတယ်။

သူရဲ့ ချွေးမဖြစ်သူ ဒိုင်ယာနာ ၁၉၉၇ခုနှစ်၊ ဩဂုတ်လ ၃၁ရက်မှာ ယာဉ်တိုက်မှု

ဖြင့် သေဆုံးရတာဟာ သွေးိုးသားိုး မဟုတ်ဘူးလို့ ယူဆကြတာတွေ ရှိပါတယ်။

၂၀၁၀ခုနှစ် ဖွန်လဆန်းမှာ ယာဉ်တိုက်မှုအား စစ်ဆေးတွေ့ရှိချက်တွေကို တရားသူကြီးက ထုတ်ပြန်ကြေညာပေးခဲ့ပါတယ်။

နောက်ဆုံးနိဂုံးချုပ်ခရီးစဉ်က ရစ်ဇ်ဟိုတယ်က စတင်ခဲ့ပါတယ်။ ညဘက်မှာ ဟိုတယ်နောက်ဖေးပေါက်ကနေ ကားနဲ့ ထွက်ခဲ့ကြတာမှာ ဓာတ်ပုံ အိုက်ခံရတယ်။ ဒိုင်ယာနာ က သူ့ပုံ မပေါ်အောင် မျက်နှာကို ကွယ်ဝှက်ထားတယ်။ သူ့ချစ်သူ ဒိုဒီရဲ့ ကိုယ်ရံတော်က မီးစူးတာကို ရောင်ရမ်းပြီး လက်နဲ့ကာလိုက်တယ်။ သူ့ဘေးမှာ ယာဉ်မောင်း ဟင်နရီပေါက အပြုံးမပျက် ကားကို ဆက်မောင်းနေတယ်။ သူက အရက်တွေ သောက်ထားတယ်လို့ ရဲတွေက ဆိုပါတယ်။

ဖီယက်ကားအဖြူရောင်နဲ့ တိုက်မိတယ်။ နောက်တော့ လိုဏ်ဂူကားလမ်းရဲ့ နံပါတ် ၁၃ တိုင်ကို တိုက်ပြီး ကားက ချာထွက်သွားတယ်။ နံရံကို ဝင်အောင်းတယ်။ ကားက တစ်နာရီကို မိုင် ၆၀ ကျော်ကနေ မိုင်၉၀ အထိ မောင်းလာတယ်လို့ မျက်မြင်သက်သေ ထွက်ဆိုချက်တွေ ရှိပါတယ်။

ဒီဖြစ်ရပ်မှာ သံသယဖြစ်ချင်စရာတွေ ပွန်းတီးနေပါတယ်။ ပထမတစ်ချက်က ဒိုင်ယာနာနဲ့ ဒိုဒီတို့ကို အမြန်ဆုံး သင်္ဂြိုဟ်ဖို့ ဆောင်ရွက်ခဲ့တယ်။ ဒိုင်ယာနာရဲ့ အလောင်းကို ဆေးပညာအရ စစ်ဆေးခွင့် မပြုခဲ့ဘူး။ သူ့အလောင်းထည့်ထားတယ်ဆိုတဲ့ အခေါင်းတလားကိုလည်း ဖွင့်မပြခဲ့ဘူး။ ဒိုင်ယာနာက ုပ်ပျက်ဆင်းပျက် ဖြစ်နေတာကြောင့် မပြတာလို့ အကြောင်းပြပါတယ်။

ယာဉ်မောင်းက အရက်တွေသောက်ထားတယ်ဆိုတဲ့အချက်ကလည်း ရဲရဲ့ စကား ဖြစ်နေတယ်။ သူက ကားကို တစ်နာရီ မိုင် ၁၀၀ နီးပါးမောင်းလာတယ်လို့ ခန့်မှန်းပြောဆိုတာတွေက မှားယွင်းနေတယ်။ မာစီးဒီးအပျက်အစီးကို ကျွမ်းကျင်သူတွေက စစ်ဆေးကြည့်တဲ့အခါ အမြန်နှုန်းက တစ်နာရီကို မိုင် ၆၀ မကျော်ဘူးလို့ အခိုင်အမာ ပြောကြားကြတယ်။

ယာဉ်မောင်းက မူးနေတယ်ဆိုတာရော ဟုတ်ရဲ့လား။ ရစ်ဇ်ဟိုတယ်က စောင့်ကြည့်ိုက်ကူးပင်မရာတွေကရတဲ့ ဗီဒီယိုမှာ သူ မူးနေတာ တစ်ကွက်မှ မတွေ့ရဘူး။ သူက ရစ်ဇ်ဟိုတယ် လုံခြုံရေးဌာနရဲ့ အကြီးအကဲ တစ်ဦးဖြစ်ပြီး ယာဉ်တိုက်မှု မဖြစ်ပွားခင် နှစ်ရက်အလိုကမှ ဆေးစစ်မှု ခံယူထားပြီး ဆေးအောင်ထားတဲ့သူ ဖြစ်နေတယ်။ သူ့အသည်းက အရက်သမားအသည်းရဲ့ လက္ခဏာတွေ ကင်းစင်နေတယ်။

ယာဉ်မောင်း ပေါရဲ့ ဘဏ်စုငွေက များလွန်းနေတယ်။ သူက ရစ်ဇ်ဟိုတယ်ရဲ့ လုံခြုံရေးဌာန အကြီးအကဲအဖြစ်လည်း ထမ်းဆောင်နေသူ ဖြစ်ပါတယ်။ သူက ပြင်သစ် ထောက်လှမ်းရေးအဖွဲ့မှာ လုပ်ကိုင်ခဲ့ဖူးသူ ဖြစ်နေတယ်။

ဒိုဒီရဲ့ ကိုယ်ရံတော်က မသေဘဲ ရှင်ကျန်ခဲ့သူ ဖြစ်ပါတယ်။ သူက ဗြိတိသျှ ထောက်လှမ်းရေးအဖွဲ့မှာ လုပ်ကိုင်ခဲ့ဖူးတယ်။ ဒိုဒီရဲ့ ဖခင် သူကြွယ်ကြီး မိုဟာမက်






ARNAL


DORZEE
BOUZID
GAGLIARDONE
PENNEQUIN
Dr MAILLIEZ
MASSERON?


CHASSERY
PENNEQUIN
MASSERON?


CHASSERY
ARNAL
PENNEQUIN
MASSERON?
BENHAMOU
Off-duty
Fireman





အယ်လ်ဖရတ်ကို စောင့်ကြည့်ဖို့ စေလွှတ်ထားတာလို့ ယူဆကြတယ်။ သူက ကားထိုင်ခုံရဲ့ လုံခြုံရေးခါးပတ်ကို ပတ်ထားခဲ့လို့ မသေရတာလို့ အကြောင်းပြတယ်။ ကားက တိုက်ပြီး ချိန်မှာ ရှေ့ခန်းထိုင်တဲ့သူက လွတ်ပြီး နောက်ခန်းမှာ ပါသူ နှစ်ယောက်က ျပပ်ပျက် ဆင်းပျက်ဖြင့် သေကြတယ်လို့ ထုတ်ပြန်ကြေညာထားတာ သဘာဝ မကျဘူး ဖြစ်နေတယ်။ ကားက တိုက်ပြီးချိန်မှာ သိပ်မပျက်စီးသေးဘူး။ ကားထဲက လူတွေကို ထုတ်ဖို့ဆိုတဲ့ အကြောင်းပြချက်ဖြင့် ဖျက်ဆီးခံရတယ်။ ကားတိုက်ပြီး ငြိမ်သက်နေပြီးကာမှ ပေါက်ကွဲမှု ဖြစ်ပွားခဲ့တယ်လို့ ထွက်ဆိုချက်တွေ ရှိနေတယ်။

နောက်ထပ်ထူးဆန်းနေတာက ရစ်ဇ်ဟိုတယ်ကနေ ဒိုဒီနေတဲ့ဆီကို သွားရင်း လမ်းမှာ အခုလို ဖြစ်ကြုံခဲ့ရတာ ဖြစ်ပါတယ်။ ရစ်ဇ်ဟိုတယ်ကနေ ဒိုဒီနေတဲ့နေရာကို သွားရမယ့်လမ်းက ကားဥမင်လိုဏ်ခေါင်းကနေ သွားစရာမလိုဘူး။ သွားရမယ့်နေရာကို မသွားဘဲ တခြားနေရာဆီကို ဦးတည်ပြီး မောင်းနေတာ ဖြစ်နေတယ်။

တိုင်အမှတ် ၁၃ ကို မတိုက်မိခင်မှာ ဖီယက်အူနိုကားက ဝေါကနဲ ကျော်တက် ရင်း မားစီးဒီးကို ပွတ်တိုက်သွားတယ်။ အဲဒီကားကို အခုအထိ အစအနတောင် ရှာမတွေ့ ဘူး။ အခုကိစ္စမှာ ရဲတွေရော၊ စုံထောက်တွေရော၊ အထူးထောက်လှမ်းရေးတွေရော ခြေချင်း လိမ်နေအောင် ပါဝင်ခဲ့ကြတယ်။ ဒါတောင်မှ ဒီကားကို တွေ့အောင် မရှာနိုင်ခဲ့ကြတာ အံ့သြစရာကောင်းနေတယ်။ မာစီးဒီးကားပေါ်မှာ ဖီယက်ကားရဲ့ ဆေးရာထင်ကျန်ရစ်တယ်။ အဲဒီဖီယက်ကားက ဘေးကနေ လိုက်တိုက်သလို မောင်းနေတာကို တွေ့တဲ့သူ ရှိတယ်။

ဖီယက်ကားကို မောင်းသွားတာ ဓာတ်ပုံဆရာ ပါပါရာဇီ (ဝါ) သတင်းမုဆိုး ဂျိန်းအင်ဒါဆွန်လို့ သတင်းထွက်ပေါ်လာတယ်။ သူ့ကို သတင်းသမားတွေ အနံ့ခံပြီး လိုက်ရှာကြတယ်။ ရဲက သူ့ကို မီးလောင်ကျွမ်းနေတဲ့ ကားထဲမှာ တွေ့ရှိခဲ့ကြတယ်။ မီးငြိမ်းသတ်ပေးရတဲ့ မီးသတ်သမားက အလောင်းကို အနီးကပ် မြင်ခဲ့ရတယ်။ ခေါင်းမှာ သေနတ်ဒဏ်ရာ ရှိနေတာ သူတွေ့ခဲ့ရတယ်လို့ ပြောပါတယ်။

ဒိုင်ယာနာသေရတာ သွေး◌ိုသား◌ို မဟုတ်ဘူးလို့ ယူဆရင် သူ့ကို ဘာကြောင့် သတ်ရတာလဲဆိုတဲ့ အကြောင်းပြချက်ကို စဉ်းစားကြည့်ဖို့ လိုပါလိမ့်မယ်။ ဒီအခါမှာ အများ သူငါ ယူဆကြတာက ရွှေနန်းတော် အရှက်တကွဲ ဖြစ်စရာတွေ တစ်ခုပြီး တစ်ခု လုပ်ကိုင် နေလို့ဆိုတဲ့ အကြောင်းပြချက်ကို စဉ်းစားမိကြတယ်။ ယောကျ်ာမဟောင်းနဲ့ မတည့်ဘူး။ ချားမင်းသားနဲ့ ကွာရှင်းပြီးတဲ့နောက်မှာ သူဌေးတွေနဲ့ တွဲခုတ်တယ်။

တကယ်တော့ ဒိုင်ယာနာရယ်လို့ အမည်ပေးခံရပြီးချိန်မှစလို့ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ မင်းသမီးအဖြစ်ကို ခံယူရရှိမယ်။ ပြီးတဲ့အခါမှာ မင်းသမီးဒိုင်ယာနာအဖြစ်ဖြင့် ပွန့်ဒီအယ်လမာ ဥမင်လိုဏ်ခေါင်းရဲ့ တိုင်အမှတ် ၁၃ မှာ သေကိန်းဆိုက်ဖို့ ရှိတယ်လို့ ပြောလို့ ရပါတယ်။ အာကာသခရီးစဉ်ကိုတောင် နှစ်ပေါင်း ၁၀၀ လောက် စောပြီး ပြောထားလို့ ရနေမှတော့ ဒီကိစ္စလောက်က အသေးအဖွဲပါလို့ ပြောရတော့မှာ ဖြစ်ပါတယ်။

# နိဂုံးမလှတဲ့ မင်းသမီး

ဒိုင်ယာနာကို ၁၉၆၁ခုနှစ် ဇူလိုင်လ ၁ရက်နေ့မှာ ဖွားမြင်ခဲ့တယ်။ ၆နှစ်သမီး အရွယ်မှာ မိဘနှစ်ပါး ကွဲသွားတယ်။ ၉နှစ်သမီးမှာ လင်မယားအဖြစ်မှ တရားဝင် ပြတ်စဲ လိုက်ကြတယ်။ သူ့မိခင်က စက္ကူသူဌေးနဲ့ ထိမ်းမြားလက်ထပ်လိုက်တယ်။ သူ့မှာ သားချင်း အနေဖြင့် မောင်တစ်ယောက်ရှိတယ်။ ညီမနှစ်ယောက် ရှိတယ်။ သူ့အစ်ကိုက သူမမွေးခင် ကတည်းက ကွယ်လွန်ခဲ့ပါတယ်။ မိဘနှစ်ပါးက သားကလေးရဖို့ မျှော်လင့်ချိန်မှာ သူက သမီးအဖြစ် မွေးဖွားလာခဲ့တယ်။ ဒီတော့ မိဘနှစ်ပါးရဲ့ နွေးထွေးမှုကို အပြည့်အဝ မရရှိခဲ့ဘူး လို့ သုံးသပ်ကြတယ်။ သူက တော်ဝင်မျိုးနွယ်တွေကြားမှာ နေထိုင်ကြီးပြင်းခဲ့ရသူဖြစ်လို့ ငယ်စဉ်ကလေးဘဝ ကတည်းက ဘုရင်မကို အနီးကပ် တွေ့ဆုံခွင့်ရခဲ့တယ်။ လက်တွန်း လှည်းထဲနေရတဲ့ အရွယ်ကတည်းက ချားကို သိခဲ့တယ်။

ကျောင်းရက်ရှည်ပိတ်တဲ့ အားလပ်ရက်တွေမှာ ဘုရင်မရဲ့ စံအိမ်တော်မှာ သွား နေခဲ့ရတယ်။ အဲဒီမှာ သူအကြိမ်ကြိမ်ကြည့်ဖြစ်တဲ့ ရုပ်ရှင်ကားက 'ချစ်တီချစ်တီ ဘိုင်းဘိုင်း' ဆိုတဲ့ကား ဖြစ်ပါတယ်။ ဇာတ်လမ်းကို ရေးသူက နောင်တစ်ချိန်မှာ ၀၀၇ ဂျိန်းစဘွန်း ဝတ္ထုတွေကို ရေးတဲ့သူ ဖြစ်ပါတယ်။ ဇာတ်လမ်းက ကလေးတွေကို မုန်းတဲ့ ဘုရင်နဲ့ မိဖုရားတို့က ကလေးတွေကို ဖြားယောင်းသွေးဆောင် ခေါ်ယူပြီး သူတို့ စံမြန်းတဲ့ ရဲတိုက် ထဲမှာ လှောင်အိမ်တွေနဲ့ ထည့်ပြီး ဖမ်းလှောင်ထားတယ်။ ဒီအတွက် ရဲတိုက်ရဲ့ မြေအောက် ထပ်တွေမှာ သေသေချာချာ စီမံထားတယ်။

သူက ဝင်ဆာမိသားစု စံမြန်းတဲ့ ရဲတိုက်တွေကို သွားရမှာ အလိုလို ကြောက် နေမိတာကို ပြောပြဖူးတယ်။ Andrew Morton ရဲ့ *Diana: Her True Story* စာအုပ်ထဲမှာ သူက ဒီလို ပြောပြထားတယ်။

"အဲဒီမှာ လွှမ်းခြုံနေတဲ့ သ ုပ်သကန်က အရမ်းကို တစ်မျိုးကြီး ဖြစ်နေတယ်။ အဲဒီနေရာတွေကို သွားရတော့မယ်ဆိုရင် ကျွန်မ မလိုက်ချင်လို့ ခေါ်တဲ့သူကို အကြောက် အကန်ငြင်းဆန်တယ်။ ုန်းကန် ထိုးကြိတ်ပစ်တဲ့အထိပါပဲ။"

ဒိုင်ယာနာ ၁၃ နှစ်အရမှာ ဖခင်က မှူးမတ်သူရဲကောင်းဘွဲ့ကို ရတယ်။ သူတို့ မျိုး ိုး ရှေးကတည်းက နေလာခဲ့တဲ့အိမ်ကို ပြောင်းရွှေ့နေထိုင်တော့ ဒိုင်ယာနာ လည်း အတူလိုက်ပါပြီး နေထိုင်ခဲ့တယ်။

သူ့ဖခင်က နောက်အိမ်ထောင်ပြုလိုက်တယ်။ မိထွေးကို ဒိုင်ယာနာ အလိုလို နေရင်း မုန်းတီးနေတယ်။ ခုနက တင်ပြခဲ့တဲ့ စာအုပ်ထဲမှာ သူက ပြောပြထားတယ်။

"သူ (မိထွေး)ကို ပြောင်ပြောင်တင်းတင်းပဲ ပြောတယ်။ သူ့အပေါ် ကျွန်မ ဘယ်လိုထင်မြင်တယ်ဆိုတာကို ပြောပစ်လိုက်တယ်။ သူ့ကို အသည်းထဲအူထဲကနေ မုန်းတယ်။ ကျွန်မတို့ရဲ့ အိမ်မှာ ပိုင်စိုးပိုင်နင်းဖြင့် လုပ်ချင်ရာလာလုပ်တယ်။ ဖေဖေ့ပိုက်ဆံ တွေကို သုံးဖြုန်းတယ် စသဖြင့် ကျွန်မ ပြောပြောဆိုဆို လုပ်ခဲ့ပါတယ်။"

သူ့မျိုးိုးရဲ့ အမည်က စပင်ဆာ ဖြစ်ပါတယ်။ ဆွေကြီးမျိုးကြီးပါပဲ။

ချားမင်းသားနဲ့ ဒိုင်ယာနာတို့ ပြန်ဆုံမိကြချိန်မှာ ချားမင်းသားက ဒိုင်ယာနာရဲ့ ညီမ ဆာရာနဲ့ တွဲခုတ်ရာကနေ ဆုံမိခဲ့ကြတာ ဖြစ်ပါတယ်။ အဲဒါ ၁၉ရရခုနှစ်မှာ ဖြစ်ပြီး ဒိုင်ယာနာက အသက် ၁၆ နှစ် ဖြစ်ပါတယ်။

အဲဒီတုန်းက ဘာဆိုဘာမှ မဘာဖြစ်ကြသေးပါဘူး။ နောက် ၃နှစ်ကြာပြီးချိန် ကျမှ ရွှေနန်းတော်က တော်စကောက်ခဲ့တာ ဖြစ်ပါတယ်။ ချားမင်းသားရဲ့ အနှစ် ၂၀ပြည့် မွေးနေ့ပွဲကို ဘတ်ကင်ဟမ်နန်းတော်မှာ ကျင်းပတဲ့အခါ ဒိုင်ယာနာကို နောက်ကွယ်မှ ကြိုးကိုင်ပြီး စီမံပေးကြရသူတွေက ဒိုင်ယာနာကို မွေးနေ့ပွဲ တက်ရောက်ရမယ့်သူတွေ စာရင်းထဲမှာ ထည့်ပေးလိုက်ကြတယ်။ ကပွဲမှာ ချားနဲ့ ဆုံခွင့်ရတယ်။

၁၉၈၀ခုနှစ် ဇူလိုင်လမှာ ချားရဲ့ မိတ်ဆွေရင်းချာဖြစ်သူ ဖီလစ်က ချားမင်းသား သူ့ဆီလာနေချိန်မှာ ဒိုင်ယာနာကို လာနေဖို့ ခေါ်ထားလိုက်တယ်။ အဲဒီမှာ ချားမင်းသားက ဒိုင်ယာနာကို အ ူးအမူး ဖြစ်သွားတယ်။ သူ သွားတဲ့ဆီ အဖော်အဖြစ် လိုက်ပေးဖို့လည်း ပြောတယ်။ စကော့တလန်မှာ ချားမင်းသား သွားနေတော့ ဒိုင်ယာနာ လိုက်ပါသွား ဖြစ်ခဲ့တယ်။ ချားမင်းသားက လက်ထပ်ဖို့ ပြောလာတော့ ဒိုင်ယာနာက ခေါင်းညိတ်ပြ လိုက်တယ်။

ဒိုင်ယာနာက

''ရှင့်ကို ကျွန်မ ချစ်တယ်။''

လို့ ပြောတော့ ချားမင်းသားက

''ဘယ်လိုပဲချစ်ချစ်။''

လို့ ပြန်ပြောပါတယ်။

အဲဒီအချိန်ကာလမှာ ဒိုင်ယာနာက မူကြိုကျောင်းမှာ ကလေးထိန်းအဖြစ် လုပ်ကိုင်နေတယ်။ ဇာတာစန်း တက်လေတော့ သူ လုပ်သမျှ သတင်း ဖြစ်နေတယ်။ မီဒီယာတွေမှာ သူ့အကြောင်းတွေ လှိုင်နေအောင် ပါနေတယ်။ လူထုကလည်း စိတ်ဝင်တစား ရှိကြတယ်။ အဲဒီမှာ ဝင်ဆာမိသားစုနဲ့ ပတ်သက်တဲ့ အိပ်မက်ဆိုး စတင်တော့တာပဲ။

ချားက ဒိုင်ယာနာကို ပါးစပ်ဖျားက ချစ်တာ ဖြစ်နေတယ်။ ကိုယ်ကာယဆန[ အရ ချစ်တာ ဖြစ်နေတယ်။ ချား တကယ်ချစ်နေတာက ကင်မီလာ ဖြစ်နေတယ်။ ဒီလို ချစ်နေကြတာကို လက်မထပ်ခင်မှာ ဒိုင်ယာနာ သိခဲ့ရတယ်။ အိမ်ထောင်သက်ရလာတာနဲ့ အမျှ အိပ်မက်ဆိုးက ပိုပီပြင်လာတယ်။

ဝင်ဆာမိသားစုက ဒိုင်ယာနာကို အထင်မကြီးဘူး။ သူ့ကို လက်ထပ်ခိုင်းတာက နန်းဆက်မှာ စပင်ဆာသွေးနှောချင်လို့ ဖြစ်ပါတယ်။ ဒီတော့ ဒိုင်ယာနာက ကလေးတွေ မွေးပေး ုသက်သက်ပဲ။ ဒီထက်ပိုပြီး လူရာ မဝင်စေချင်ဘူး။ ဒါပေမယ့် ဖြစ်နေတာက ဒိုင်ယာနာက သတင်းမျက်နှာစာမှာ ရောက်နေတယ်။

ချားမှာ ချစ်သူအဖြစ် ကင်မီလာ ရှိနေတာကြောင့် ဒိုင်ယာနာက လက်မထပ်

ခင်မှာ ရှောင်ဖို့ စိတ်ကူးရပေမယ့် လူတိုင်းက ဒီကိစ သေချာနေပြီလို့ သတ်မှတ်ထားကြလို့ ပြီးနေပြီ။

နောက်ဆုတ်ဖို့ နောက်ကျသွားခဲ့ပြီ။ ၁၉၈၁ခုနှစ် ဇူလိုင်လ ၂၉ရက်မှာ သူတို့ လက်ထပ်ထိမ်းမြားလိုက်ကြတယ်။

မင်္ဂလာဆောင်မယ့်နေ့ နံနက်မှာ သူခံစားမိပုံကို ဒိုင်ယာနာက ပြောပြခဲ့တယ်။

''သားသတ်သမားရဲ့ လက်ထဲကို ရောက်နေတဲ့ သိုးလို ခံစားရတယ်။ ဒီအိမ်ထောင်ရေးက အဆင်ပြေမှာ မဟုတ်ဘူးဆိုတာ ကျွန်မ အသေအချာ သိနေတယ်။ ဒါပေမယ့် ကျွန်မ ဘာမှ လုပ်လို့ မရဘူး။''

ဟန်းနီးမွန်းခရီးရဲ့ ပထမညကို မောင့်ဘက်တန်မိသားစုပိုင် စံအိမ်တော်မှာ အိပ်စက်ခြင်းဖြင့် ကုန်လွန်စေခဲ့တယ်။ ပြီးမှ ဂရိမှာ ဖိမ်ခံရွက်လှေစီးခရီးကို ထွက်ခဲ့ကြတယ်။ သားဦးကို ကိုယ်ဝန်လွယ်လိုက်ချိန်ကစလို့ ဝင်ဆာမိသားစုရဲ့ လိုဘ ပြည့်သွားပြီလို့ ဆိုရပါမယ်။ ချားမင်းသားက ပိုလိုကစားတယ်။ သူ့ရဲ့ ကစားပွဲအစီအစဉ်တွေနဲ့ အဆင်ပြေမယ့် အချိန်မှာ မွေးဖို့ ဒိုင်ယာနာကို ၫွှန်ကြားချက်ပေးတယ်။ ရက်စေ့လစေ့ ဖြစ်ချိန်မှာ မွေးရမယ့်ရက်ကို ရွေးပေးတယ်။

၁၉၈၂ခုနှစ် ဇွန်လ ၂၁ရက်နေ့မှာ သားတော်ဝီလျံကို ဖွားမြင်ခဲ့ပါတယ်။

အဲဒီရက်မှာ မွေးဖို့အတွက် မွေးရက်ကို နောက်ဆုတ်ခဲ့ရတယ်။ ဒီအတွက် ဆေးဝါးအကူအညီ သုံးစွဲခဲ့ရတယ်လို့ ဆိုပါတယ်။ ဖခင်ဖြစ်သူရဲ့ ပိုလိုကစားပွဲ အစီအစဉ်တွေနဲ့ အဆင်ပြေမယ့်ရက်ဆိုတာ ဟုတ်ပါလေစ။

အဲဒီရက်က နွေယဉ်စွန်းချိန် ဆိုက်ရောက်တဲ့နေ့ ဖြစ်ပါတယ်။ နေက အီကွေတာနဲ့ အဝေးဆုံး ရောက်ရှိတဲ့ရက် ဖြစ်ပါတယ်။ တစ်နည်းပြောရရင် တစ်နေ့တာမှာ နေ့တာ အရှည်ဆုံးရက် ဖြစ်ပါတယ်။ နက္ခတ်ဗေဒင်ပညာအရ အရေးပါတဲ့နေ့ရက် ဖြစ်နေတယ်။ နန်းမွေကို ဆက်ခံရမယ့် သားကြီးသြရသကို စိတ်ကြိုက်ရက်ရွေးပြီး မွေးစေခဲ့တာလို့ ယူဆရပါတယ်။

ဘုရင်မနဲ့ သူ့ရဲ့မယ်တော်တို့က ဝတ်စားဆင်ယင်တာကအစ နက္ခတ်ဗေဒင်ပညာအလိုနဲ့ ကိုက်ညီစွာ ဝတ်စားဆင်ယင်ကြတယ်။ သူ့နေ့သူ့ရက်နဲ့ သူ့အရောင် သတ်မှတ်ချက်တွေ ရှိတဲ့အတိုင်း အတိအကျ ဝတ်စားဆင်ယင်ကြတယ်။

နေ့တာအရှည်ဆုံးရက်ကို ရွေးတာဟာ ရာသီခွင်တွေ ဂြိုဟ်သွားဂြိုဟ်လာတွေနဲ့ မသက်ဆိုင်ပါဘူး။ နေရဲ့ ပါဝါအများဆုံးသက်ရောက်မှု ရှိတဲ့ရက်၊ နေ့တာအရှည်ဆုံးဖြစ်တဲ့ရက်ကို ရွေးလိုက်တာလို့ သုံးသပ်ကြပါတယ်။ သူတို့က နေမျိုးနွယ်တွေလို့ ခံယူထားကြလို့ ဖြစ်ချင်ဖြစ်မယ်။ ဒါမှ မဟုတ်ရင် နဂါးတွေမှာ နေနဲ့ပတ်သက်တဲ့ အယူဝါဒအရ နေကို အလေးထားဖို့ လိုအပ်လို့ ဖြစ်ချင်ဖြစ်ပါလိမ့်မယ်။

ကလေးရဲ့ အမည်အပြည့်အစုံက ဝီလျံ အာသာ ဖီလစ် လူးဝစ် ဖြစ်ပါတယ်။ ဝီလျံက ဝီလျံ အော့ဖ် အောရင့်ချ်အမည်မှ ယူထားတာ ဖြစ်ပါတယ်။ အာသာက ဘုရင်

အာသာကို ရည်ညွှန်းပါတယ်။ ဗီလစ်က အဖိုးရဲ့ အမည်မှ ယူထားတာ ဖြစ်ပါတယ်။ လူးဝစ်က လူးဝစ်မောင့်ဘက်တန်မှ ယူထားတာ ဖြစ်ပါတယ်။ ရှေ့မှာ တင်ပြခဲ့တာ မှတ်မိဦးမယ် ထင်ပါတယ်။ ချားတို့ ဇနီးမောင်နှံရဲ့ ပျားရည်ဆမ်းခရီးစဉ်အစည တစ်နည်းပြောရရင် မင်္ဂလာဦးညကို မောင့်ဘက်တန်မိသားစုရဲ့ စံအိမ်မှာ ကုန်လွန်စေခဲ့တာ အကြောင်းမဲ့မဖြစ်တန်ရာလို့ ဆိုရပါမယ်။

၁၉၈၄ခုနှစ် စက်တင်ဘာလမှာ ဒိုင်ယာနာက ဒုတိယသားတော် ဟယ်ရီကို မွေးဖွားခဲ့ပါတယ်။ ဒီလို မွေးပေးလိုက်တဲ့အတွက် ဝင်ဆာနန်းတော်ရဲ့ လိုဘ လုံးဝပြည့်မြောက်သွားတယ်လို့ ဆိုရပါမယ်။

အခြေအနေတွေက ရုတ်ချည်း ပြောင်းလဲကုန်တယ်။ ဒိုင်ယာနာ ရှိနေဖို့ မလိုတော့ဘူးဆိုတဲ့ အချိုးမျိုးတွေ စချိုးလာပါတယ်။

၁၉၉၂ခုနှစ်မှာ ချားနဲ့ ဒိုင်ယာနာ ကွဲသွားကြတယ်။ ၁၉၉၆ခုနှစ် ဩဂုတ်လ ၂၈ရက်နေ့မှာ အကြင်လင်မယားအဖြစ်မှ တရားဝင် ပြတ်စဲလိုက်ကြပါတယ်။ နောက်တစ်နှစ်အကြာမှာ ဒိုင်ယာနာ ရုတ်တရက် ကွယ်လွန်အနိစ ရောက်ခဲ့ပါတယ်။

ဒိုင်ယာနာ အမျိုးသားတစ်ဦးဦး (အများစုက သူဌေးတွေချည်းပါပဲ)နဲ့ တွဲခုတ်တဲ့ဓာတ်ပုံတွေ မီဒီယာမှာ ဖော်ပြခံရတယ်။ သူသွားလေရာကို လိုက်ချောင်းပြီး ဓာတ်ပုံရိုက်၊ ဗီဒီယိုရိုက် လိုက်လုပ်တဲ့သူတွေထဲမှာ မီဒီယာက ကင်မရာဆရာတွေ၊ ပါပါရာဇီလို့ခေါ်တဲ့ သတင်းမုဆိုးတွေ(သူတို့က ရလာတဲ့ဓာတ်ပုံကို ဈေးကြီးကြီး ပြန်ရောင်းစားပြီး စီးပွားရှာကြသူတွေဖြစ်ပြီး စာနယ်ဇင်းကျင့်ဝတ် မရှိသလောက်ပါပဲ) အပြင် ထောက်လှမ်းရေးအဖွဲ့ဝင်တွေလည်း ပါနေပါတယ်။ ဒိုင်ယာနာ အသရေ ဖျက်နွမ်းအောင် လုပ်ပေးနေကြတယ်။ ဒါပေမယ့် ရလဒ်က ပြောင်းပြန်ဖြစ်နေတယ်။ လူထုက ရှေးရိုးမဆန်တော့ဘူး။ ကိန်းကြီးခန်းကြီး နိုင်တာကို မကြိုက်ကြတော့ဘူး။ ပြီးတော့ ချစ်စရာကောင်းတဲ့ ဒိုင်ယာနာကို သနားမိကြတာလည်း ပါတယ်။ ဒီတော့ ဒိုင်ယာနာ ကဲတာကို ထောက်ခံကြတယ်။ ဒါမှ လူထုမင်းသမီးဆိုပြီး ဩဘာပေးကုန်ကြတယ်။

၁၉၉၂ခုနှစ်မှာ အဆိုးဝါးဆုံး ထိုးနှက်ချက် တစ်ခုဖြင့် တိုက်ခိုက်လိုက်တယ်။ အဲဒါမျိုးက မြန်မာပြည်မှာလည်း ဖြစ်ဖူးပါတယ်။ အဆိုတော်နဲ့ အဆိုတော်မင်းသမီးတို့ ဖုန်းပြောကြတာကို လူထုကြား ချပေးလိုက်တာ၊ မင်းသမီးနဲ့ ဇာတ်ရုံမင်းသမီးတို့ ပြောကြဆိုကြတာကို လူထုကြား ချပေးလိုက်တာ၊ မင်းသား ဖုန်းပြောတာကို လူအများ သိအောင်ချပေးလိုက်တာ အကြိမ်ကြိမ် ဖြစ်ခဲ့ဖူးပါတယ်။

ဒိုင်ယာနာက အမျိုးသားမိတ်ဆွေနဲ့ ဖုန်းဖြင့် ပြောဆိုတာတွေကို လူထုကြားချပေးလိုက်ပါတယ်။ ကားအရောင်းသမား ဂျိန်းဂီဘေးလ်နဲ့ အတွင်းရေးကိစတွေ အတင်းတုပ်တာတွေ၊ ရင်ဖွင့်တာတွေကို လူတွေ သိကုန်ကြတယ်။

အသရေ ဖျက်နွမ်းစေတာ မှန်ပေမယ့် လူထုက ဒိုင်ယာတာကို ခါတိုင်းထက်ပိုသဘောကျကုန်ကြတယ်။

မသေခင် ရက်ပိုင်းအလိုမှာ အီတလီမှာ ထားရှိတဲ့ ဒိုဒီရဲ့ ဖိမ်ခံရွက်လှေ ဂျိုနီကယ်ပေါ်မှာ ဒိုင်ယာနာ သွားနေခဲ့တယ်။ ဒိုင်ယာနာရဲ့ အဝတ်အစားတွေ ချုပ်ပေးဖူးတဲ့ အီတလီ ဖက်ရှင်ဒီဇိုင်နာ ဂီယန်နီနီ ဗာဆေးအသတ်ခံရတဲ့ သတင်းကို ဒိုင်ယာနာ ကြားသိတယ်။ ဗာဆေးက မီယာမီဘိချ်မှာ နေထိုင်စဉ် ၁၉၉၇ခုနှစ် ဇူလိုင်လ ၁၅ရက် နံနက်မှာ လမ်းလျှောက်ထွက်နေကျ ရှိတဲ့အတိုင်း လမ်းလျှောက်ထွက်ပြီး အိမ်ပြန်အရောက် အိမ်အဝမှာ သေနတ်ဖြင့် ပစ်ခံရပြီး ပွဲချင်းပြီး သေဆုံးခဲ့ပါတယ်။

နောက်တစ်နေ့ နံနက်ခင်းမှာ ဒိုင်ယာနာက တစ်ကိုယ်တည်းရေရွတ်ရင်း ဒိုဒီရဲ့ ကိုယ်ရံတော်ကို ပြောတယ်။

''အဲဒီလိုမျိုး ငါ့ကို သူတို့လုပ်မယ်လို့ မထင်ဘူးလား။''

လို့ ပြောခဲ့ပါတယ်။

# ဒိုဒီရဲ့ ဖခင်

ဒိုင်ယာနာနဲ့အတူ သေပွဲဝင်ခဲ့တဲ့ ဒိုဒီရဲ့ ဖခင် အယ်ဖရတ်က ကျိကျိတက် ချမ်းသာတဲ့ သူကြွယ်တစ်ဦး ဖြစ်ပါတယ်။ သူ့ဘဝဇာတ်ကြောင်းကို ပြောပြတာမှာ သူက အီဂျစ်နိုင်ငံမှ သူဌေးတစ်ဦးရဲ့ သားလို့ ဆိုပါတယ်။ ဒီအချက်ကို သုတေသီတွေက နောက်ကြောင်းပြန်လိုက်ကြည့်ကြတဲ့အခါ တက်တက်စင် လွဲနေတာကို သိလိုက်ကြရတယ်။ ဒီတော့ ဖခင်ဆီကရတဲ့ငွေနဲ့ ဟာရော့ဒ်ကုန်တိုက်ကြီးကို ဝယ်တယ်လို့ သူပြောတာကလည်း မမှန်နိုင်တော့ဘူး။

သူ့ကို ၁၉၂၉ခုနှစ် ဇန်နဝါရီလမှာ အီဂျစ်နိုင်ငံ အဲလက်ဇန်းဒြားမြို့မှာ မွေးဖွားခဲ့ပါတယ်။ ဖခင်က သူဌေးသူကြွယ် မဟုတ်ပါဘူး။ ကျောင်းစစ်ဆေးသူတစ်ဦးမျှသာ ဖြစ်ပါတယ်။ သူက လမ်းပေါ်မှာ အအေးလိုက်ရောင်းတဲ့သူအဖြစ် ဝင်ငွေရှာခဲ့ပါတယ်။ နောက်တော့ တစ်အိမ်တက်ဆင်း စင်းဂါးအပ်ချုပ်စက်တွေ လိုက်ရောင်းခဲ့ပါတယ်။

ကမ္ဘာ့အကြီးဆုံး လက်နက်ပွဲစား ကာ့ရှိုဂီနဲ့ သိတဲ့သူက သူ့ကို ခေါ်သွားပြီး ကာ့ရှိုဂီနဲ့ ချိတ်ဆက်ပေးလိုက်တယ်။ အဲဒီမှာ သူ့ဘဝ အပြောင်းအလဲတွေ ဖြစ်သွားခဲ့ပါတယ်။

ကာ့ရှိုဂီက ဆော်ဒီအာရေဗျစော်ဘွားအပါးမှာ နေပြီး ကျန်းမာရေးစောင့်ရှောက်ပေးရတဲ့ သမားတော်ရဲ့ သား ဖြစ်ပါတယ်။ အယ်ဖရတ်က ကိုယ်ဒူးကိုယ်ချွန်ပြီး တက်လာရတဲ့သူဆိုတော့ ကာ့ရှိုဂီမိသားစုအပေါ် တစ်သက်လုံး အမှီသဟဲပြုနေဖို့ စိတ်ကူးမရှိဘူး။ သူက စီးပွားရေးလောကမှာ အဆက်အသွယ်တွေရလာပြီး ကော်မရှင်တွေလည်း ရလာချိန်မှာ တစ်စင်ထောင်ပြီး ဆက်လုပ်ခဲ့သူ ဖြစ်ပါတယ်။

သူ ချမ်းသာလာတာ မှန်ပေမယ့် လန်ဒန်မှ အထင်ကရ ကုန်တိုက်ကြီးဖြစ်တဲ့ ဟာရော့ဒ်ကုန်တိုက်ကြီးကို ဝယ်နိုင်လောက်တဲ့ ငွေအင်အား သူ့မှာ မရှိဘူး။ သူက မူဆလင် ဘာသာဝင်ဖြစ်လို့ သူ့ကို ငွေကြေးကျောထောက်နောက်ခံပြုသူတွေကလည်း မူဆလင်ဘာသာဝင်တွေ ဖြစ်ကြပါတယ်။ ဒီတော့ သူက ကုန်တိုက်ကြီးကို သူ့အမည်ခံပြီး ဝယ်ဖို့အတွက် ငွေထုတ်ပေးမယ့်သူကို ရှာဖွေတဲ့အခါ ဘရူနိုင်းစော်ဘွားက ငွေထုတ်ပေးခဲ့ပါတယ်။ ဘရူနိုင်းစော်ဘွားက ကမ္ဘာ့အချမ်းသာဆုံးစာရင်းဝင်သူ ဖြစ်ပါတယ်။ ကုန်တိုက်ကိုသာမက လန်ဒန်မှ ဂုဏ်အဆင့်အတန်းရှိတဲ့ ဟိုတယ်တွေကိုလည်း ဘရူနိုင်းစော်ဘွား ဝယ်ဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။ စာဗွိုင်ဟိုတယ်နဲ့ ဒေါ်ချက်စတာဟိုတယ်တို့ကို ဝယ်ဖြစ်ခဲ့ကြပါတယ်။ သူက သူ့ကိုယ်သူ တိုင်ကွန်း (ဝါ) သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်မှာ ထိပ်ထိပ်ကြဲဖြစ်သူအဖြစ် ဟန်တစ်လုံးဖြင့် နေထိုင်သူ ဖြစ်ပါတယ်။ တကယ်တော့ သူက လက်တို့လက်တောင်း လုပ်ရသူ အဆင့်မျှသာ ဖြစ်ပါတယ်။ ငွေရှင်ကြေးရှင်တွေကိုယ်စား ရှေ့ထွက်ပြီး ဟုပ်ပြစားနေသူ ဖြစ်ပါတယ်။

ဒီလိုပြောလိုက်လို့ အယ်ဖရတ်ကို လျှော့တော့ မတွက်လိုက်ပါနဲ့။ ကျားကြီး

ခြေရာကြီး၊ ဆင်သွားလမ်းဖြစ်ဆိုတဲ့စကားတွေအတိုင်း ကမ္ဘာ့အကြီးဆုံးလက်နက်ပွဲစား၊ ကမ္ဘာ့အချမ်းသာဆုံးစော်ဘွား စတဲ့သူတွေနဲ့ ပတ်သက်နေတဲ့သူဆိုတော့ လက်တိုလက်တောင်း အဆင့်ဖြစ်ပေမယ့် သူ့မှာ ကျည်ကာမားစီးဒီးတွေ အများကြီး ရှိတယ်။ ပေါင် ၃၄ ၅သန်းတန်တဲ့ စီကောစကီ ရဟတ်ယာဉ် တစ်စီးရှိတယ်။ ပေါင် ၁၅သန်း တန်တဲ့ ဇိမ်ခံရွက်လှေ ဂျိုနီကယ်လည်း ရှိတယ်။ ပေါင်၁၃သန်းတန်တဲ့ ဂဖ်စထရင်းဂျက်လေယာဉ် လည်း ရှိတယ်။ စကော့တလန်မှာ သူပိုင်ဆိုင်တဲ့ ရဲတိုက်တွေ ရှိတယ်။ မြေကေ ငါးသောင်းကျော် ရှိတယ်။ နယူးယောက်၊ ဂျီနီဗာ၊ ဒူဘိုင်း၊ လန်ဒန်၊ လော့စ်အိန်ဂျယ်လိစ် အစရှိတဲ့ မြို့ကြီးတွေမှာ ဈေးကြီးအိမ်ရာတွေကို ပိုင်ဆိုင်ထားပါတယ်။ အိမ်မှုကိစတွေ ထမ်းဆောင်ဖို့ ဝန်ထမ်းတွေ အပြည့်အဝ ခန့်ပြီး ထားထားတဲ့ အိမ်ရာတွေ ဖြစ်ပါတယ်။

သူက ကာ့ဂိုဂီနဲ့လည်း စိုတဲ့လက် မခြောက်အောင် လုပ်ထားသူဆိုတော့ လက်နက်ပွဲစားအဖြစ်လည်း ဆက်လက်လုပ်ကိုင်လျက် ရှိပါတယ်။ တရားဝင်ရော တရားမဝင်တာရော လုပ်ကိုင်ပါတယ်။

သူက သူပိုင်တဲ့ ဟိုတယ်တွေမှာ လုံခြုံစေရေးကို အကြောင်းပြပြီး စီစီတီဗီတွေ တပ်ဆင်ထားတဲ့အပြင် ပြောဆိုတာတွေကို အသံခိုးဖမ်းတာကိုပါ နေ့ညမပြတ် လုပ်ဆောင်နေတယ်လို့ ဆိုကြပါတယ်။

သူက ဘောဘီလုံရဲ့ အစေအပါးတွေ ခိုင်းတာကို ရှေ့ထွက်ပြီး လုပ်ကိုင်ပေး နေရသူလို့ သုံးသပ်ကြပါတယ်။ ခိုင်းတာကို လုပ်ပေးနေသရွေ့ သူဌေးပဲ။ လုပ်မပေးရင် တော့ ခွေးဖြစ်တဲ့အပြင် အသတ်ပါခံရမှာ ဖြစ်ပါတယ်။

သူက ဘောဘီလုံရဲ့ အစေအပါးတွေ ခိုင်းတာကို ရှေ့ထွက်ပြီး လုပ်ကိုင်ပေး နေရသူလို့ သုံးသပ်ကြပါတယ်။ ခိုင်းတာကို လုပ်ပေးနေသရွေ့ သူဌေးပဲ။ လုပ်မပေးရင် တော့ ခွေးဖြစ်တဲ့အပြင် အသတ်ပါခံရမှာ ဖြစ်ပါတယ်။သူက ဘောဘီလုံရဲ့ အစေအပါးတွေ ခိုင်းတာကို ရှေ့ထွက်ပြီး လုပ်ကိုင်ပေး နေရသူလို့ သုံးသပ်ကြပါတယ်။ ခိုင်းတာကို လုပ်ပေးနေသရွေ့ သူဌေးပဲ။ လုပ်မပေးရင် တော့ ခွေးဖြစ်တဲ့အပြင် အသတ်ပါခံရမှာ ဖြစ်ပါတယ်။

အယ်ဖရက်က လိင်စီးပိုးမှုတွေကိုလည်း ကျူးလွန်တတ်သူလို့ အနံ့ထွက်ပါတယ်။ စွပ်စွဲမှုတွေ ပေါ်ပေါက်နေပေမယ့် တရားဆိုစွဲခံရတာတော့ မရှိသေးပါဘူး။ ဆမ်မစ်သာဂျိန်းဆိုတဲ့ ၁၇နှစ်အရွယ် မိန်းကလေးက ဟာရော့ဒ်ကုန်တိုက်မှာ ဝင်ရောက်လုပ်ကိုင်ခဲ့တယ်။ တစ်ရက်မှာ အယ်ဖရက်က မတော်မတရားလုပ်ဖို့ ကြိုးစားတာကို ကြုံရတယ်။ ဒီတော့ သူက အထက်လူကြီးကို သွားတိုင်တယ်။ ဒီအခါ အထက်လူကြီးက

''နောက်တစ်ယောက်ကို ထပ်ကြံပြန်ပြီ။''

လို့ မှတ်ချက်ပြုတယ်။ နောက်တော့ အဲဖရက်ကို အထက်လူကြီးက အကျိုးအကြောင်း သတင်းပေးပို့တယ်။ ဒီအခါ အဲဖရက်က ဂျိန်းကို ခေါ်တွေ့ပြီး ဆုံးမတယ်။ သူ ဆုံးမတာက လိင်စီးပိုးတာ ဖြစ်နေတယ်။ ဒီတော့ ဂျိန်းက နီးရာ ရဲစခန်းမှာ တိုင်တန်း

ပြီး အမှုဖွင့်တယ်။

ရဲကို ဂျိန်းက ဘယ်လို အရေးယူပေးမလဲဆိုတာမေးတော့ ရဲက လောလော ဆယ် ဘာမှ အရေးမယူသေးဘူးလို့ အဖြေပေးတယ်။ တစ်ဆက်တည်းမှာပဲ ရဲက

''မင်းလို လာတိုင်တာ အမှုတွေ ထပ်ပြီး စီလိုက်ရင် သုံးလေးလက်မလောက် ထူမယ်ထင်တယ်။ လာတိုင်တာ မင်းတစ်ယောက်တည်းလို့ မမှတ်ပါနဲ့။ အရေးယူဖို့ဆိုတာ သက်သေအထောက်အထား ခိုင်လုံဖို့ လိုတယ်။ စကားအားဖြင့် စွပ်စွဲတာလောက်ကတော့ အမှုဖွင့်ပေးထားတာပဲ ရှိလိမ့်မယ်။''

လို့ ရှင်းပြပါသတဲ့။

အယ်ဖရက်က ဒိုင်ယာနာရဲ့ ဖခင် စပင်ဆာနဲ့လည်း အကျွမ်းတဝင်ရှိတဲ့အပြင် ငွေရေးကြေးရေးမှအစ ကူညီပေးဖူးပါတယ်။ ဒိုင်ယာနာရဲ့ မိထွေးကိုလည်း စောင့်ရှောက် ပေးပါတယ်။ ဟာ္ဝိဒ်ရဲ့ ဒါ္ဝိက်တာအဖွဲ့မှာ နေရာတစ်နေရာ ပေးထားပါတယ်။

သူ့သား ဒိုဒီနဲ့ ဒိုင်ယာနာတို့ နီးစပ်စေဖို့ကိုလည်း သူ ဖန်တီးပေးခဲ့တာ ဖြစ်ပါ တယ်။ ဒိုင်ယာနာဈေးလာဝယ်တာတွေ့ရင် သူ့ဆီ ချက်ချင်းအကြောင်းကြားဖို့ မှာထား တယ်။ ဒိုင်ယာနာ လာဝယ်တဲ့အခါ သူက တာဝန်အရ လှည့်ပတ်ကြည့်႕ရင်း တိုက်ဆိုင်မှု ကြောင့် တွေ့တဲ့ပုံနဲ့ ဒိုင်ယာနာကို တွေ့တယ်။ ဖက်ကင်းတလဲ ဧည့်ခံတယ်။ ရင်းနှီးမှု ရအောင် လုပ်တယ်။ ခရစ်စမတ်မှာ 'အန်ကယ်မိုဟာမက်ရဲ့ လက်ဆောင်'ဆိုပြီ ကား တစ်စီးတိုက်အပြည့် လက်ဆောင်ပစ္စည်းတွေ ပို့ပေးတယ်။

၁၉၉၇ခုနှစ် ဇွန်လ ၃ရက်မှာ ပြင်သစ်နိုင်ငံတောင်ပိုင်း၊ ပင်လယ်ကမ်းခြေမြို့ ဖြစ်တဲ့ စန်ထရော့မြို့မှာ ရှိတဲ့ သူ့ရဲ့ အပန်းဖြေစံအိမ်မှာ နွေရာသီအပန်းခြေခရီး အဖြစ် ဒိုင်ယာနာကို ဖိတ်ကြားပြီး ဧည့်ခံပေးခဲ့တယ်။ တစ်ပတ်သာသာအကြာ ဇွန်လ၁၁ရက်မှာ သူက အလုပ်ပင်ပင်ပန်းပန်း လုပ်ထားတာကြောင့် အပန်းဖြေခရီး တစ်ခု ထွက်ဖို့ စီစဉ်နေ တာမှာ ဒိုင်ယာနာ အတူလိုက်ခဲ့ဖို့ ဖိတ်ခေါ်တော့ ဒိုင်ယာနာက သဘောတူခဲ့တယ်။ ဒီအခါမှာ သူက ပေါင် ၁၅သန်းပေးရတဲ့ ဇိမ်ခံရွက်လှေ ဂျိုနီကယ်ကို ချက်ချင်းဝယ်ပြီး ဇိမ်ခံရွက်လှေစီး အပျော်ခရီးကို ဒိုင်ယာနာနဲ့အတူ ထွက်ခဲ့တယ်။ အဲဒီ ရွက်လှေစီးခရီးမှာ သားဖြစ်သူ ဒိုဒီနဲ့ ဒိုင်ယာနာတို့ အချစ်ဇာတ်လမ်း စတင်ဖူးပွင့်ဝေဆာခဲ့တာ ဖြစ်ပါတယ်။

ဇာတ်လမ်းက အမျှင်မပြတ်တော့ဘူး။ ဇူလိုင်လ ၁၁ရက်မှာ စန်ထရော့မြို့ ပင်လယ်ကမ်းခြေ အပန်းဖြေစံအိမ်ကို ဒိုင်ယာနာက သားကြီးဝီလျံ၊ သားငယ်ဟယ်ရီတို့နဲ့ အတူ ရောက်ရှိလာပါတယ်။ အဲဒီစံအိမ်က စည်းစိမ်အပြည့်ရှိအောင် လုပ်ပေးထားတဲ့ အိမ်ဖြစ်ပါတယ်။ အိပ်ခန်း ရှစ်ခန်းပါတယ်။ ခြံဝန်းအကျယ်က ၁၀ဧက ရှိတယ်။

ဒိုင်ယာနာရှိရာကို ဒိုဒီမလာအားဘူး။ သူက ပါရီမြို့မှာ အမေရိကန်မော်ဒယ် ကဲလီဖစ်ရှာနဲ့ တွဲခုတ်နေချိန် ဖြစ်နေတယ်။ သူက ဖခင်ရဲ့ လက်တိုလက်တောင်းခိုင်းတာ တွေကို တာဝန်ကျေပွန်စွာ လုပ်ကိုင်ပေးနေတဲ့ သားတစ်ယောက် ဖြစ်ပါတယ်။ ဖခင်ဆီမှ ပိုက်ဆံနဲ့ ဗြိတိသျှမှာ ုပ်ရှင်တစ်ကား ို်က်တာ ပေါက်သွားတယ်။ ကားအမည်က

*Chariots Of Fire* ဖြစ်ပါတယ်။ ဒိုဒီက စုတ်ရောလာဘ်ရော ဝင်တဲ့သူလို့ ဆိုရမယ်။ သူက မြှာလည်းပွေတယ်။ အသုံးအဖြုံးလည်း ကြီးတယ်။ သူကြွေးဝယ်ကတ်နဲ့ သုံးတာ တစ်လကို ဒေါ်လာ ငါးသောင်းကျော်တဲ့လတွေ ရှိတယ်။ သူ့ခြေသူ့လက် လုပ်ခွင့် မရထားဘူး။ ဖခင်ကို အသိပေးတိုင်ပင်ပြီး ဖခင်ရဲ့ ဆုံးဖြတ်ချက်တွေအရ သူ လုပ်ကိုင် ရတယ်။ သူက ဖခင်စကားကို မြေဝယ်မကျ နားထောင်တတ်သူ ဖြစ်ပါတယ်။

သူက ကယ်လီဖစ်ရှာနဲ့ စေ့စပ်ထားတာ ရှစ်လရှိပြီ။ ဇိမ်ခံရွက်လှေ ဂျိုနီကယ် ပေါ်မှာ အတူဇိမ်ခံအပန်းဖြေခရီးထွက်ကြဖို့လည်း အစီအစဉ် ဆွဲထားပြီးပြီ။ ဇူလိုင်လ ၁၄ရက် ညနေမှာ ဖခင်ဆီက ဖုန်းဝင်လာတယ်။ ဒိုင်ယာနာ အပန်းဖြေနေတဲ့ စန့်ထရော့မြို့ အပန်းဖြေစံအိမ်ကို အမြန်ဆုံးသွားပြီး ဒိုင်ယာနာနဲ့အတူနေပေးဖို့ ဖခင်က ခိုင်းတယ်။ သူက ဖုန်းချပြီးတာနဲ့ စန့်ထရော့မြို့ကို တန်းသွားတော့တာပဲ။

ကယ်လီဖစ်ရှာက အင်တာဗျူးတစ်ခုမှာ ပြောပြခဲ့ဖူးတယ်။

''သူ(ဒိုဒီ)က ပြောတယ်။ သူ လန်ဒန်ကို သွားရမယ်။ ညနေကျရင် ပြင်သစ်ကို ပြန်လာမယ်။ ပြီးရင် စန့်ထရော့မြို့ကို ကျွန်မတို့အတူ သွားကြမယ်။ ညနေရောက်တဲ့ အထိ သူ့ဆီက ဖုန်းမလာဘူး။ ဒါနဲ့ သူ့ မိုဘိုင်းဖုန်းကို ကျွန်မ ဖုန်းလှမ်းခေါ်လိုက်တယ်။ ကျွန်မက 'ဟော့ ဒိုဒီ နင်အခု ဘယ်မှာလဲ'လို့ မေးတော့ သူက လန်ဒန်မှာလို့ ပြန်ဖြေတယ်။ 'အိုကေ။ နင့်အခန်းကို နောက်တော့မှ ငါဖုန်းထပ်ခေါ်လိုက်မယ်။'လို့ ကျွန်မက ပြော လိုက်တယ်။ သူက ''ဟင့်အင်း။ ငါ့ဆီ ထပ်မခေါ်နဲ့။'လို့ တားတယ်။ ဒီတော့ ကျွန်မက သိလိုက်တယ်။ ဒါကြောင့် သူ့ကို ထပ်မေးလိုက်တယ်။ 'ဒိုဒီ နင်အခု ဘယ်မှာလဲ'။ ဒီတော့မှ သူက အမှန်အတိုင်း ပြောတယ်။ ပြင်သစ်တောင်ပိုင်းကို သူရောက်နေတယ်တဲ့။ သူ့အဖေက တစ်ယောက်တည်း သွားရမယ်။ ကျွန်မကို ခေါ်မလာရဘူးဆိုလို့ သူ ထားခဲ့တာ လို့ ရှင်းပြတယ်။ အခုတော့ သူ ဘယ်သူ့ဆီသွားတယ်ဆိုတာ ကျွန်မ သိပါပြီ။''

နောက်နှစ်ရက်အကြာမှာ ဒိုဒီက ကိုယ်ပိုင်လေယာဉ်ကို ပါရီမြို့မှ ကယ်လီကို ခေါ်ဖို့ လွှတ်လိုက်တယ်။ စန့်ထရော့မြို့ကို လိုက်လာနိုင်အောင် စီစဉ်ပေးတာ ဖြစ်ပါတယ်။ ဒါပေမယ့် ကယ်လီကို တခြား ဘုတ်တစ်စီးပေါ်မှာ တင်ထားလိုက်တယ်။

''ကျွန်မက ရေလယ်က ဘုတ်ပေါ်မှာ ရောက်နေတော့ ဘာမှ လုပ်လို့ မရဘူး။ သူကတော့ ဒိုင်ယာနာနဲ့ အတူအိပ်နေတယ်။''

လို့ ကယ်လီက သူ့အဖြစ်အပျက်ကို ပြောပြပါတယ်။

ဇူလိုင်လ ၃၁ ရက်မှာ ဒိုင်ယာနာက စန့်ထရော့မြို့ကို နောက်တစ်ခေါက် ထပ်လာလည်တယ်။ ဒီတစ်ခါတော့ ကလေးတွေ မပါလာတော့ဘူး။ တစ်ယောက်တည်း ရောက်လာတယ်။

ကယ်လီက အမေရိကန်ကို ရောက်နေပြီ။ လော့အိန်ဂျယ်လိစ်မြို့မှာ ဒိုဒီနဲ့ လက်ထပ်မင်္ဂလာပွဲကျင်းပဖို့အတွက် ကြိုတင်စီစဉ်စရာ ရှိတာတွေကို လုပ်ကိုင်နေတယ်။ မင်္ဂလာဆောင်ပွဲကို ဩဂုတ်လ ၉ရက်မှာ ကျင်းပဖို့ ရက်ရွေးထားပြီးပြီ။

ဩဂုတ်လ ၉ ရက်ရောက်ဖို့ ၂ရက် အလိုမှာ ကမ္ဘာ့မီဒီယာတွေမှာ ဒိုဒီနဲ့ ဒိုင်ယာနာတို့ရဲ့ အချစ်သတင်းတွေ ပလူပျံသွားတယ်။ ကယ်လီရဲ့ သူငယ်ချင်းက သတင်း စာထဲတွေ့ပြီး ကယ်လီဆီကို ဖုန်းဆက်အသိပေးတယ်။

''ကျွန်မ သူရှိမယ်ထင်တဲ့ လန်ဒန်ကို ဖုန်းခေါ်တယ်။ သူ ရောက်လာရမယ့် ရက်ကို ရောက်နေပြီ။ သဘက်ခါဆို မင်္ဂလာဆောင်ရတော့မယ် မဟုတ်လား။ သူ့ရဲ့ သီးသန့်ဖုန်းတွေကိုလည်း ဆက်တယ်။ ကိုင်မယ့်သူ မရှိဘူး။ ဒါနဲ့ သူ့ရဲ့ ကိုယ်ရေးအတွင်း ရေးမှူး အမျိုးသမီးဆီကို ဆက်တယ်။ ဒိုဒီနဲ့ ပြောချင်လို့ လိုင်းထိုးပေးဖို့ ပြောပေမယ့် ဖုန်းချပစ်လိုက်တယ်။ ကျွန်မက ထပ်ဆက်တော့ သူ့အဖေ လာကိုင်တယ်။ အန်ကယ် မိုဟာမက်က ကျွန်မကို ကြိမ်းမောင်းတယ်။ ဘယ်တော့မှ ဖုန်းထပ်မခေါ်ဖို့ ပြောတယ်။ ကျွန်မက မခံမရပ်နိုင်အောင် ဖြစ်သွားတယ်။ 'ကျွန်မက ရှင့်သားနဲ့ လက်ထပ်မယ့်သူပါ။ ဘာလို့ ဒီလို ပြောရတာလဲ'လို့ မေးလိုက်တယ်။ သူက ဘာတစ်ခွန်းမှ ပြန်မပြောဘဲ ဖုန်းချလိုက်တယ်။ ကျွန်မက ထပ်ဆက်တော့ ကိုယ်ရေးအတွင်းရေးမှူးက ဖုန်းဖြေတယ်။ ဒီကို ထပ်မဆက်ပါနဲ့တော့။ ဖုန်းလိုင်း ထိုးပေးမှာ မဟုတ်ဘူးဆိုတာကို ပြောတယ်။ ဆိုးလိုက်တဲ့အဖြစ်။''

လို့ ကယ်လီက အင်တာဗျူးမှာ အဖြစ်သနစ်စုံကို ပြန်ပြောပြခဲ့ပါတယ်။

ဒိုင်ယာနာက ဖုန်းပြောဆိုတာ ပေါက်ကြားပြီးကတည်းက သူနေထိုင်တဲ့နေရာကို အသံခိုးဖမ်းတဲ့ မိုက်ခရိုဖုန်း မရှိတာ သေချာအောင် ပိုက်စိပ်တိုက် ရှာခိုင်းထားတယ်။

အခုသူက အသံခိုးဖမ်းတာကို အသည်းအသန်လုပ်တဲ့သူနဲ့မှ ပတ်သက်မိနေ တယ်။ အယ်ဖရက်က သူ့အိမ်တွေ အကုန်လုံးမှာ အသံခိုးဖမ်းနိုင်အောင် လုပ်ထားတယ်။ ဗီဒီယို ခိုးရိုက်ဖို့လည်း စီမံထားတယ်။ မမြင်ရအောင် ဝှက်ထားတဲ့ကင်မရာတွေ တပ်ဆင် ထားတယ်။ ဒိုင်ယာနာအနေဖြင့် ဒိုဒီနဲ့ အချစ်နယ်ကျွံတာကို အသံအားဖြင့် လည်းကောင်း၊ ရုပ်သံအားဖြင့်လည်းကောင်း အချိန်မရွေး အရိုက်ခံရမယ့် အန္တရာယ် ရှိနေတယ်။

ဒါပေမယ့် ဒိုင်ယာနာက အဲဖရက်က သူ့ကို ပြ နာမရှာဘူးဆိုတာ ယုံကြည် စိတ်ချထားတယ်။

ကယ်လီကို ဒိုဒီက အသံခိုးဖမ်းတာ နေရာတိုင်းမှာ ရှိနေတယ်ဆိုတာ သတိပေး ထားတယ်။ တစ်ခါတော့ ကယ်လီက ဒိုင်ယာနာကိစကို မေးတော့ ဒိုဒီက

''ဖုန်းထဲမှာ မမေးရဘူး။ အယ်လ်အေ (လော့အိန်ဂျယ်လိစ်)ကို ရောက်တော့မှ မေး။''

လို့ ကယ်လီကို ဆူတယ်။ သတိထားဖို့ ပြောထားလျက်နဲ့ မလိုက်နာလို့ ဆူတာ ဖြစ်ပါတယ်။

# လုံခြုံရေး

ဒိုင်ယာနာရဲ့ မိတ်ဆွေရင်းချာတစ်ဦးဖြစ်သူ ဟင်နရီပေါ်တာက အယ်ဖရက်တို့နဲ့ ထဲထဲဝင်ဝင် ပတ်သက်နေတာကို သူ စိုးရိမ်မကင်း ဖြစ်နေရတယ်လို့ ဒိုင်ယာနာကို သတိပေးခဲ့တယ်။ သူ့စကားကို ဒိုင်ယာနာက အလေးအနက်မထားဘူး။ ဒိုဒီနဲ့အတူ အယ်ဖရက်ရဲ့ စံအိမ်တော်ကြီးတစ်ခုမှာ သွားနေကြတယ်။ အဲဒီစံအိမ်တော်ကြီးမှာ ကိုယ်တစ်ပိုင်း ဝတ်လစ်စလစ် ဖြစ်နေတဲ့ ရှေးဂရိနတ်သမီး ပုံတုတွေ ရှိနေတယ်။

ဩဂုတ်လ ၂၁ရက်မှာ ဟင်နရီပေါ်တာ တားတဲ့ကြားက ဒိုင်ယာနာက စန်ထရော့ကို နောက်တစ်ခေါက် ထပ်သွားခဲ့ပြန်ပါတယ်။ ဒိုဒီနဲ့အတူ အပန်းဖြေထွက်ခဲ့တာ ဖြစ်ပါတယ်။ ဒီနေရာမှာ ဒိုင်ယာနာက ဒိုဒီကို အဖူးအမူး ဖြစ်နေရတာ သွေးိုးသားိုးမှ ဟုတ်ရဲ့လား။ ပြုစားခံရသလားလို့ သံသယ ဝင်ဖို့တောင် ကောင်းနေတယ်။ ဟိုမုန်းထကြွမှု တွေဖြစ်စေတဲ့ ဆေးများ ခတ်ခံရသလားလို့ တွေးကြည့်မိတယ်။ ဒါမှမဟုတ် ဒိုဒီက မြှာပွေသူဖြစ်လို့ မိန်းမကျွမ်းကျင်တာကြောင့် ဒိုင်ယာနာက တန်းတန်းစွဲ ဖြစ်နေရတာလား ဆိုတာ စဉ်းစားစရာ ဖြစ်နေတယ်။

ဒီအချိန်ကာလမှာ ဒိုင်ယာနာ သွားလာသမျှတွေက မီဒီယာလောကကို ပေါက်ကြားနေခဲ့တယ်။ အဲဒါကို ဒိုင်ယာနာက သတိမမူမိဘူး။ ဒိုင်ယာနာ–ဒိုဒီ အချစ်ရေးကိစ္စက ဟိုးလေးတကျော် ဖြစ်လာတယ်။

ဒိုင်ယာနဲ့ ဒိုဒီတို့မှာ တူတာတွေ ရှိနေတယ်။ နှစ်ယောက်စလုံးမှာ ကွယ်ဝတဲ့ ဖခင် ရှိနေကြတယ်။ အဲဒီဖခင်က လက်ပွန်းတတီး မနေတဲ့သူ ဖြစ်နေတယ်။ မိဘနှစ်ပါး လင်မယားကွဲတာလည်း လာတူနေတယ်။ အမေက အိမ်ပေါ်က ဆင်းသွားတာလည်း တူနေတယ်။ ဆွစ်ဇာလန်မှာ ကျောင်းတက်ဖူးကြတာလည်း တူနေတယ်။

သူတို့နှစ်ယောက် တစ်တွဲတွဲ ဖြစ်နေကြတော့ များမကြာခင်မှာ စေ့စပ်ကြတော့ မှာလားဆိုတဲ့ မေးခွန်းက အသံထွက်လာတယ်။ ဘာသာခြားကို ဒိုင်ယာနာက လက်ထပ်ဝံ့ မှာလားဆိုတာကလည်း နောက်ဆက်တွဲ မေးခွန်း ဖြစ်နေတယ်။

မီဒီယာသမားတွေအဖို့တော့ ဖော်ပြစရာသတင်းတွေ ဆက်တိုက်လိုလို ရနေကြတယ်။ ဘယ်ရောက်နေကြတယ်ဆိုတာကလည်း သတင်းပေါက်ကြားနေတော့ လိုက်ရတာ လွယ်နေစေတယ်။

ဩဂုတ်လ ၃၀ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁နာရီခွဲမှာ အယ်ဖရက်ရဲ့ ကိုယ်ပိုင် လေယာဉ် ဂဖ်စထရင်းနဲ့ စန်ထရော့ကနေ ပါရီကို သူတို့ ကူးကြတယ်။ ဒိုင်ယာနာကို လန်ဒန်ကို ခရီးမဆက်ခင် ဒိုဒီရဲ့ တိုက်ခန်းမှာ တစ်ညနေဖို့ စီစဉ်ထားတယ်။ အဲဒီတိုက်ခန်းကနေ လှမ်းကြည့်လိုက်ရင် အောင်မြင်ခြင်းမုခ်ဦးကြီးကို လှမ်းမြင်နေရတယ်။ ဒိုင်ယာနာက လန်ဒန်ကို ပြန်ရောက်တဲ့အခါ သားတွေနဲ့ တွေ့ဖို့လည်း ချိန်းထားတယ်။

မွန်းလွဲ ၃နာရီ ၂၀မိနစ်မှာ လေယာဉ်က ပါရီမြို့မှ လေယာဉ်ကွင်းကို ဆင်းသက်

လိုက်တယ်။ ခေတ်ပုံရိုက်မယ့် သတင်းမုဆိုး (ဝါ) ပါပါရာဇီ အယောက် ၂၀လောက်က အသင့်စောင့်နေကြတယ်။ ပါပါရာဇီ paparazzi ဆိုတာ အီတလီဝေါဟာရ ဖြစ်ပါတယ်။ ပုစဉ်းရင်ကွဲလို တစီစီ အော်နေတတ်တဲ့ အင်းဆက်လို့ အဓိပ္ပာယ် ရပါတယ်။

ဒိုင်ယာနာတို့အတွက် မာစီးဒီးကား အသင့်စောင့်နေတယ်။ သူတို့ မာစီးဒီးနဲ့ ထွက်လာကြတဲ့အခါ နောက်မှာ အစိမ်းရောင် ရိန့်ချ်ရိုဗာတစ်စီး လိုက်ပါလာတယ်။ လုံခြုံရေး လိုက်စောင့်ရှောက်ပေးတဲ့ကား ဖြစ်ပါတယ်။

ဒိုင်ယာနာတို့ ကားပေါ်မှာတော့ သက်စောင့်ကိုယ်ရံတော်တစ်ဦး လိုက်ပါလာပါတယ်။ သူ့နာမည်က ထရီဗာရီ ဂျုံး ဖြစ်ပါတယ်။ အသက်က ၂၉နှစ်။ အရင်တုန်းက ဗြိတိသျှ အထက်တန်းစားတပ်မှာ စစ်မှုထမ်းဖူးတယ်။ လေထီးတပ်ရင်းမှာ ဖြစ်ပါတယ်။ လေထီးတပ်ဖွဲ့ဝင်တွေကို အက်စ်အေအက်စ်ဆိုတဲ့ အထူးတပ်ဖွဲ့ကို လေ့ကျင့်ပေးထားသလို မျိုး လေ့ကျင့်ပေးထားပါတယ်။

ရိန့်ချ်ရိုဗာမှာ ကားမောင်းသူက ရစ်ဇ်ဟိုတယ် လုံခြုံရေးဌာနရဲ့ အကြီးအကဲဖြစ်သူ ဟင်နရီပေါ ဖြစ်ပါတယ်။ သူနဲ့အတူ သက်စောင့်ကိုယ်ရံတော် ကက်စ်ဝင်းဖီး လိုက်ပါလာပါတယ်။ သူတို့က လေဆိပ်ကနေ ဝင်ဆာမြို့စားရဲ့ စံအိမ်တော်ကို သွားကြပါတယ်။

သတမမြောက် အက်ဒွပ်ဘုရင်က အမေရိကန်သူ တစ်ခုလပ်အမျိုးသမီးကို လက်ထပ်လိုတဲ့အခါ ရွှေနန်းတော်က ခွင့်မပြုတာကြောင့် သူက နန်းစွန့်လိုက်ရပြီး အခု ဒိုင်ယာနာတို့ သွားမယ့် စံအိမ်မှာ အိမ်နိမ့်စံခဲ့ဖူးပါတယ်။

အခု အဲဒီအိမ်ကို အယ်ဖရက်က အပြီးအပိုင် ဝယ်ထားပါတယ်။ ဒိုဒီနဲ့ ဒိုင်ယာနာ တို့ လက်ထပ်ကြတဲ့အခါ အဲဒီအိမ်ကို လက်ဖွဲ့အဖြစ် ပေးမယ်လို့ အယ်ဖရက်က ကတိပေး ထားပါတယ်။

အခု လေဆိပ်ကနေ အဲဒီအိမ်ကို တန်းသွားလိုက်ကြတာကြောင့် သတင်း လောကမှာ တစ်မျိုးတစ်မည် သဘောပေါက်သွားစေပါတယ်။ သူတို့က လက်ဖွဲ့မယ့်အိမ်ကို ဝင်ကြည့်ကြတယ်လို့ ပြောစရာအကွက် ရသွားစေပါတယ်။

ဒိုင်ယာနာတို့က ခပ်ကြာကြာ မနေဖြစ်ဘူး။ ဆယ်မိနစ်ပဲနေပြီး ပြန်ထွက်လာကြ တာ ကို ပါပါရာဇီတွေ တွေ့ကြရတယ်။ အဲဒီကနေ သူတို့ ရစ်ဇ်ဟိုတယ်ကို သွားကြတယ်။ ရစ်ဇ်ဟိုတယ်ကို မွန်းလွဲ ၄နာရီ ၂၀မှာ ရောက်သွားကြတယ်။

အဲဒီအချိန်မှာ ဒိုင်ယာနာနဲ့ ဒိုဒီတို့က နောက်နာရီပိုင်းအကြာမှာ မ႑မလှ သေပွဲဝင်ရတော့မယ်ဆိုတာကို ဘယ်လို မသိနိုင်ပါဘူး။

ဒီတော့ သူက လုံခြုံရေးတောင်းခံဖို့ သတိမရခဲ့ဘူး။ လေဆိပ်ကနေစလို့ အယ်ဖရက်စီစဉ်ပေးထားတဲ့ လုံခြုံရေးနဲ့ပဲ တောက်လျှောက်နေခဲ့ပါတယ်။ ပါရီမှာ လိုအပ်မယ်ထင်ရင် လုံခြုံရေး တောင်းခံလို့ရတယ်။ French High Protection Police Security Service (SPHP) ဆိုတာ ရှိတယ်။ သူက အရမ်းအရေးပါတဲ့ ပုဂ္ဂိုလ် Very Important Person(VIP) တစ်ဦးအဖြစ် သတ်မှတ်ခံရသူအနေဖြင့်

ပါရီမြို့ကို ရောက်တဲ့အခါ လုံခြုံရေး တောင်းခံနိုင်တယ်။ အဲဒီရဲတပ်ဖွဲ့က အကူအညီ တောင်းခံမှာသာ လုံခြုံရေးကို တာဝန်ယူပေးတယ်။ မတောင်းခံရင် ဘာမှ လာမလုပ်ဘူး။

ဒိုင်ယာနာအနေဖြင့် တောင်းခံခွင့်ရှိပေမယ့် သူက လာနေကျဖြစ်နေတော့ မပူပန်တာလည်း ပါလိမ့်မယ်။ အယ်ဖရက် စီစဉ်ပေးထားတဲ့ လုံခြုံရေးတွေနဲ့ပဲ သူ နေပါတယ်။

ပါရီမြို့ကို အဆိုတော် မက်ဒိုးနား လာရောက်စဉ်က လုံခြုံရေး တောင်းခံခဲ့တယ်။ သူစီးတဲ့ကားရှေ့မှာ ရဲကားတစ်စီး၊ နောက်မှာ ရဲကားတစ်စီး ရှေ့နောက်ခြံရံပြီး လိုက်ပါပေးခဲ့တယ်။ အဲဒါအပြင် လိုအပ်ရင် လမ်းရှင်းပေးဖို့နဲ့ လမ်းတောင်းပေးဖို့အတွက် ရှေ့မှာ ရဲမော်တော်ဆိုင်ကယ် နှစ်စီးနဲ့ နောက်မှာ နှစ်စီးစီ လိုက်ပါပေးတယ်။

ရဲကားမောင်းတဲ့သူတွေက အရေးကြုံရင် ဘာလုပ်ရမယ်ဆိုတာ အကွက်စေ့နေအောင် လေ့ကျင့်ပေးထားတဲ့သူတွေ ဖြစ်ပါတယ်။ သူတို့ တာဝန်ကျေပွန်ဖို့အတွက် အသက်နဲ့လဲပြီး ကာကွယ်ပေးဖို့လည်း ဝန်မလေးဘူး။ ပစ်ခတ်ဖို့ လက်နက်လည်း သူတို့မှာ ပါတယ်။

ဒိုင်ယာနာ လာလာနေတာကို သိလို့ SPHPက လုံခြုံရေးယူပေးလိုကြောင်း ကမ်းလှမ်းခဲ့ပါသေးတယ်။ ဒိုဒီက မလိုဘူးလို့ ငြင်းဆန်ခဲ့တယ်လို့ သိရပါတယ်။

ဒီအခါမှာ တာဝန်ကျ ရဲအရာရှိက

"ငါတို့ကားတွေ မသုံးချင်ရင် ငါတို့လူ နှစ်ယောက်ကို ခေါ်သွားလို့ရတယ်။"

လို့ ပြောတာကိုလည်း ဒိုဒီက ခေါင်းမာမာနဲ့ အားမနာစတမ်း ငြင်းပယ်ခဲ့ပါတယ်။ သူက သူ့ဖခင်စီစဉ်ပေးထားတဲ့ လုံခြုံရေးတွေကိုပဲ ယုံကြည်စိတ်ချစွာဖြင့် အားကိုးတယ်။

ရစ်ဇ်ဟိုတယ်ရောက်တော့ ဆုsuitလို့ခေါ်တွင်တဲ့ အခန်းကြီးဆီကို တန်းတက်သွားကြတယ်။ ဧည့်ခန်း၊ အိပ်ခန်း အစရှိသဖြင့် လူနေတိုက်ခန်းအတိုင်း လုပ်ပေးထားတဲ့ အခန်းကြီး ဖြစ်ပါတယ်။ ဒိုဒီက ဖခင်ပိုင်တဲ့ ဟိုတယ်ဆိုတော့ အခမဲ့တည်းခွင့်ရပါတယ်။ ရစ်ဇ်ဟိုတယ်ရဲ့ ငှားရမ်းခနှုန်းထားအရဆိုရင် တစ်ရက်ကို ဒေါ်လာ ခြောက်ထောင် ကျသင့်ပါတယ်။

ဒိုင်ယာနာက ဒေလီးမေးလ် သတင်းစာတိုက်မှ သူမိတ်ဆွေတစ်ဦးဆီကို ဖုန်းဆက်ပါတယ်။ လာမယ့် နိုဝင်ဘာလကျရင် လူထုမြင်ကွင်းမှ အနားယူတော့မယ်လို့ ပြောပါတယ်။ ဒိုင်ယာနာရဲ့ လေသံက အရမ်းကို ပျော်ရွှင်နေတယ်လို့ အဆိုပါပုဂ္ဂိုလ်က ပြန်လည်ပြောကြားခဲ့ပါတယ်။


သူတို့ စုံတွဲက ညစာစားဖို့အတွက် ချက်ဇ်ဘင်နွိုက် Chez Benoit စားတော်ဆက်မှာ ညစာစားဖို့ ကြိုမှာထားလိုက်ကြတယ်။

ဒီနေရာမှာ ကျွန်တော်ညံ့တာတစ်ခုကို ကြားဖြတ်ပြီး ပြောချင်ပါတယ်။ ကျွန်တော် ပြင်သစ်စကား မတတ်ပါဘူး။ ပြင်သစ် အသံထွက်တွေကို မသိပါဘူး။ Jeanဆိုရင် ယွန်းလို့ အသံထွက်ရတယ် ဆိုတာလောက်ပဲ သိပါတယ်။ ဒီတော့ မှန်းဆပြီး အသံထွက်တွေကို ရေးသားဖော်ပြနေတာဖြစ်ကြောင်း ဝန်ခံအပ်ပါတယ်။

သူတို့က ချက်ဖ်ဘင်န်္ဂိုက်စားတော်ဆက်မှာ ညစာကို ၈နာရီ ၄၅မှာ လာစားကြမယ်လို့ ကြိုမှာထားပါတယ်။ စားသောက်ပြီးရင် ဒိုဒီရဲ့ တိုက်ခန်းမှာ ညအိပ်ကြမှာ ဖြစ်ပါတယ်။

ရစ်ဇ်ဟိုတယ်က ပလေ့စ် ဗင်ဒွန်Place Vendomeလို့ အမည်ပေးထားတဲ့ နေရာမှာ တည်ဆောက်ထားတာ ဖြစ်ပါတယ်။ ပလေ့စ် ဗင်ဒွန်မှာ ရတနာဆိုင်ရှိတယ်။ ဒိုဒီက ရတနာဆိုင်ကို ညနေ ၆နာရီခွဲမှာ ရောက်လာတယ်။ ကျော်မျက်ရတနာရောင်းချသူဆီမှာ ဒိုင်ယာနာအတွက် စိန်လက်စွပ် တစ်ကွင်း လာဝယ်တယ်။ အဲဒီလက်စွပ်ကို ဆိုင်ကနေ တာဝန်ယူပြီး ရစ်ဇ်ဟိုတယ်ဆီ အရောက်ပို့ပေးရတယ်။

ဒီနေရာမှာ ရှေ့မဆက်ခင် သူတို့ရောက်နေတဲ့ ရစ်ဇ်ဟိုတယ်The Ritz Hotel၊ ပြီးတော့ ပလေ့ဒီလာ ကွန်ကော့Place de la Concordeဆိုတဲ့နေရာရယ်၊ ယာဉ်တိုက်မှု ဖြစ်ပွားတဲ့ ပွန့် ဒီ အယ်လမာ Pont de L'Alma လိုဏ်ခေါင်းတည်နေရာရယ်၊ ဒိုဒီရဲ့ တိုက်ခန်း Dodi's flat တည်နေရာတို့ကို မြေပုံမှာ ဖော်ပြပေးထားတာကို တစ်ချက်လောက် လေ့လာကြည့်ထားစေလိုပါတယ်။ ဒီလို ကြည့်ထားမှ ရှေ့ဆက်ဖတ်တဲ့အခါ စိတ်ထဲ ကွက်ကွက်ကွင်းကွင်း မြင်မှာ ဖြစ်တဲ့အပြင် အရသာလည်း ပိုရှိသွားမှာ ဖြစ်ပါတယ်။ ရစ်ဇ်ဟိုတယ်ကနေ ဒိုဒီတိုက်ခန်းကို သွားဖို့အတွက် ကွန်ကော့Place de la Concorde ဆိုတဲ့နေရာကနေ ယာဉ်တိုက်မှု ဖြစ်ပွားတဲ့ ပွန့် ဒီ အယ်လမာ Pont de L'Alma လိုဏ်ခေါင်းကို သွားဖို့ မလိုအပ်ဘူးဆိုတာကိုလည်း ဂရုပြုမိစေလိုပါတယ်။



# နိဂုံးခရီး

ဒိုင်ယာနာတို့ စုံတွဲက ညနေ ၇နာရီသာသာလောက်မှာ ရစ်ဇ်ဟိုတယ်က ထွက်လာခဲ့ကြတယ်။ ကျည်ကာမာစီးဒီးကားနဲ့ ဖြစ်ပါတယ်။ ဒိုဒီရဲ့ တိုက်ခန်းဆီကို သွားကြတယ်။ ချန့် အဲလီစီ Champs Elysees လမ်းအတိုင်း မောင်းသွားတယ်။ ဒိုဒီရဲ့ တိုက်ခန်းက အောင်မြင်ခြင်းမုခ်ဦး ဘေးနားမှာ တည်ရှိပါတယ်။

တိုက်ခန်းကိုသွားတဲ့ခရီးမှာ လုံခြုံရေးက ရိန့်ချ်ိုဗာ နှစ်စီး ဖြစ်သွားပြီ။ သက်စောင့်ကိုယ်ရံတော်တွေ ကား ၂စီးစာဖြစ်အောင် အားထပ်ဖြည့်ထားတယ်။

အခုလို ညနေခင်းမှာ အားဖြည့်ပေးပေမယ့် ကားတိုက်တဲ့အချိန်မှာတော့ လုံခြုံရေး ပါမလာတာက သို့လောသို့လော တွေးစရာ ဖြစ်စေခဲ့ပါတယ်။

တိုက်ခန်းကို ရောက်တော့ ၇နာရီ ၁၅မိနစ် ရှိပြီ။ အဲဒီမှာ ပါပါရာဇီတစ်သိုက်က ဓာတ်ပုံိုက်ဖို့ အမုန်းစောင့်နေကြတယ်။ ပါပါရာဇီ ၆ယောက်တောင် ရှိနေတယ်။ ပါလာတဲ့ လုံခြုံရေးတွေက အင်အားသုံးပြီး နှင်ထုတ်လိုက်ကြတယ်။

ဒိုင်ယာနာနဲ့ ဒိုဒီတို့က စားသောက်ဆိုင်မှာ စားသောက်ဖို့ကို ရင်လေးမိကြတယ်။ ဆိုင်မှာက အကာအကွယ်လုပ်ပေးဖို့ မဖြစ်နိုင်ဘူး။ အဲဒီကို ပါပါရာဇီတွေ ရောက်လာရင် တားဆီးဖို့ မဖြစ်နိုင်ဘူး။

သူတို့ သွားတဲ့နေရာတွေက သတင်းပေါက်ကြားပေးနေတော့ ပါပါရာဇီတွေက အရင်ရောက်နှင့်နေကြတာ ဖြစ်ပုံရပါတယ်။

သူတို့ စုံတွဲက စားသောက်ဆိုင်မှာ မစားတော့ဘဲ ရစ်ဇ်ဟိုတယ်မှာပဲ စိတ်အေး လက်အေးဖြင့် စားသောက်ဖို့ ဆုံးဖြတ်လိုက်ကြတယ်။

သူတို့ ရစ်ဇ်ဟိုတယ်ကို ပြန်လာကြတဲ့အခါ လာလမ်းအတိုင်း ပြန်လာခဲ့ကြတယ်။ ရစ်ဇ်ဟိုတယ်ကို ကိုယ်ရံတော် နှစ်ယောက် ခြံရံပြီး ဝင်ကြတယ်။ အဲဒါကို စီစီတီဗီနဲ့ ိုက်ထားတာကို လူထုကြည့်ဖို့ ထုတ်ပေးခဲ့တယ်။ သူတို့ ရစ်ဇ်ဟိုတယ်ကို ရောက်ရှိချိန်က ညဦးပိုင်း ၉နာရီ ၄၇ မိနစ်လို့ ဗီဒီယိုက မှတ်တမ်းတင်ပေးထားတယ်။

ဒိုင်ယာနာရဲ့ နောက်ဆုံး ၃နာရီ စတင်ပါတယ်။ ဒိုဒီရဲ့ နောက်ဆုံး ၃နာရီ လည်း ဖြစ်ပါတယ်။

သူတို့ စေ့စပ်တဲ့အကြောင်းကို ကြေညာလိမ့်မယ်လို့ သတင်းတွေ ထွက်ပေါ် လာတာကြောင့် ဟိုတယ်အပြင်ဘက်မှာ ပါပါရာဇီတွေ အုပ်သင်းဖွဲ့ပြီး ရောက်နေကြတယ်။ ဟိုတယ်လုံခြုံရေးက အထဲကို ဝင်ခွင့်မပေးလို့ အပြင်မှာ ကင်မရာ အသင့်ကိုင်ပြီး စောင့် နေကြတယ်။ ပါပါရာဇီတွေအပြင် ဒိုင်ယာနာရောက်နေတယ်ဆိုလို့ လာကြည့်ကြသူတွေ လည်း ရှိနေတယ်။ တချို့ဆိုရင် နေ့ခင်းကတည်းက ထမင်းမေ့ဟင်းမေ့ စောင့်နေကြတာ ဖြစ်ပါတယ်။

ဒိုဒီက အင်္ဂလန်မှာ ရောက်ရှိနေတဲ့ ဖခင်ဆီ ဖုန်းခေါ်ပြီး ဖုန်းပြောတယ်။

ပြီးတဲ့အခါမှာ ရစ်ဖ်ဟိုတယ်က ထွက်ခွာဖို့ လုပ်ပါတယ်။

အပြင်မှာ စောင့်နေတဲ့သူတွေ များနေတယ်။ ဒီတော့ လှည့်စားဖို့ အစီအစဉ်တစ်ခုကို လုပ်လိုက်ကြတယ်။ ဘယ်သူက လုပ်ခိုင်းလိုက်တယ်ဆိုတာတော့ လက်သည်မပေါ်ဘူး။

ဘယ်လို လုပ်လိုက်သလဲဆိုတော့ သူတို့ စီးနေတဲ့ မာစီးဒီးကားကို ဟိုတယ်ရှေ့ဖက်ထွက်ပေါက်မှာ နေရာယူခိုင်းလိုက်တယ်။ လုံခြုံရေးလိုက်ပါတဲ့ ရိန့်ချ်ိုဗာကားကိုပါ အတူနေရာယူခိုင်းလိုက်တယ်။

ပါပါရာဇီတွေက ကားထိုးလိုက်တာ တွေ့တဲ့အခါ ဒိုင်ယာနာနဲ့ ဒိုဒီတို့ထွက်လာကြတော့မယ်လို့ နားလည်လိုက်ကြတယ်။ ဓာတ်ပုံအမိအရ ိုက်နိုင်ဖို့ အသင့်နေရာယူလိုက်ကြတယ်။

အဲဒီလို ရစ်ဖ်ဟိုတယ်ရှေ့ပေါက်မှာ ကားတွေကို အယောင်ပြထားချိန်မှာ ရစ်ဖ်ဟိုတယ်နောက်ဖေးပေါက်မှာ မာစီးဒီးတစ်စီးက ဒိုင်ယာနာတို့အတွက် အသင့်စောင့်နေပါတယ်။ ဒီကားက ချန့် အဲလီစီလမ်းကနေ ဒိုဒီရဲ့ တိုက်ခန်းကို မောင်းပို့ပေးမှာ ဖြစ်ပါတယ်။

ရစ်ဖ်ဟိုတယ်ရဲ့ လုံခြုံရေးအကြီးအကဲဖြစ်သူ အသက် ၄၁နှစ်ရှိပြီဖြစ်တဲ့ ဟင်နရီပေါ်ရဲ့ လက်ကိုင်ဖုန်းကို ဒိုဒီက သူ့ရဲ့ လက်ကိုင်ဖုန်းနဲ့ ဖုန်းဆက်ပြီး ဟိုတယ်ကို ပြန်လာဖို့ ခေါ်လိုက်တယ်။

သူက ၇နာရီမှာ ဂျူတီချိန်ပြီးလို့ ဟိုတယ်မှာ မရှိဘူး။ ဒိုဒီခေါ်လို့ ပြန်ရောက်လာတော့ ည ၁၀ နာရီဖြစ်နေပြီ။ ၇နာရီနဲ့ ၁၀နာရီကြား ၃နာရီလုံးလုံး ဘယ်ရောက်နေသလဲဆိုတာ မသိကြရဘူး။

ဒိုဒီက ပေါ်ရောက်လာတော့ ပြောပြတယ်။ အင်္ဂလန်က ဖခင် အယ်ဖရက်ဆီကိုဖုန်းဆက်တော့ ဒီကနေ ပြန်တဲ့အခါ ဟင်နရီပေါ်ကို ကားမောင်းခိုင်းဖို့ နာမည်တပ်ပြီး အသေအချာ မှာထားတယ်ဆိုတာ ပြောပြတယ်။

ပေါ်က လုံခြုံရေး အကြီးအကဲ ဖြစ်ပေမယ့် အယ်ဖရက်ရဲ့ အမိန့်ကို မငြင်းဆန်ဘူး။ ကားမောင်းပေးပါတယ်။

အခု အစီအစဉ်မှာ လုံခြုံရေးရိန့်ချ်ိုဗာကား လိုက်ပါခြင်း မရှိဘူး။ တစ်နည်းပြောရရင် လုံခြုံရေးက လျော့တိလျော့ရဲ ဖြစ်နေတယ်။

သမ္မတကနေဒီ လုပ်ကြံခံရစဉ်ကလည်း သူစီးတဲ့ကားဘေးမှာ ကိုယ်ရံတော်တွေ မတ်တတ်ရပ်ပြီး လိုက်ပါနေကျဖြစ်ပါလျက် ပါမလာခဲ့ဘူး။ ပစ်ကွင်းရှင်းနေအောင် ကြိုရှင်းပေးထားသလို ဖြစ်နေတယ်။ သူ့နောက်က ကားမှာတော့ လုံခြုံရေး ၄ယောက် မတ်တတ်ရပ်ပြီး လိုက်ပါလာကြတယ်။ မရောင်ရာဆီလူးနေသလို ဖြစ်နေတယ်။ သမ္မတကို စောင့်ရှောက်ဖို့ အထူးလေ့ကျင့်ပေးထားကြသူတွေက မရောင်ရာဆီလူးတဲ့ အလုပ်ကို လုပ်နေကြတာ စဉ်းစားစရာ ဖြစ်နေတယ်။

လူမည်းခေါင်းတောင် မာတင်လူသာကင်း ပစ်သတ်ခံရစဉ်ကလည်း သူ့ကို

လုံခြုံရေးပေးထားတဲ့ လူမည်း ရဲဝန်ထမ်းကို ပြန်နေကျအချိန်ထက် နာရီအတော်စောပြီး အိမ်ပြန်ခိုင်းခဲ့တယ်။ သူက မပြန်သေးဘူး၊ နေဦးမယ်ဆိုတာကို လက်မခံဘဲ ပြန်ခိုင်းခဲ့တယ်။

ဘောဘီကနေဒီ လုပ်ကြံခံရစဉ်ကလည်း လုံခြုံရေး မရှိသလို ဖြစ်နေခဲ့တယ်။ သူက လော့စ်အိန်ဂျယ်လိစ်မြို့မှ အမ်ဘက်စတာဟိုတယ်မှာ မိန့်ခွန်းပြောတယ်။ မူလ အစီအစဉ်က မိန့်ခွန်းပြောပြီးရင် ပရိသတ်ရှိရာကို စင်ပေါ်က ဆင်းပြီး သွားရမယ်။ ပရိသတ်ကြားက ဖြတ်လျှောက်ပြီး ဟိုတယ် ရှေ့ပေါက်ကနေ အပြင်ကို ထွက်ရမယ်။ ဒါပေမယ့် မိန့်ခွန်းပြောပြီးချိန်မှာ သူ့ရဲ့ အကြံပေးက အစီအစဉ်ကို ႈတ်တရက် ပြောင်း ချလိုက်တယ်။ ဟိုတယ်နောက်ဖေးပေါက်က ထွက်ပြီး ပြန်ဖို့ စီစဉ်ထားကြောင်း ဘောဘီ ကနေဒီကို ပြောတယ်။ ဟိုတယ် ချက်ပြုတ်ခန်းကို ဖြတ်ပြီး ခေါ်သွားတယ်။ အဲဒီမှာ သေနတ်ကိုင်ထားတဲ့ သူတစ်ယောက်နဲ့ ပက်ပင်းတိုးပြီး ပစ်သတ်ခံလိုက်ရတယ်။ သူ့ကို ကာကွယ်ဖို့ထားတဲ့ လုံခြုံရေးက သူ့ကို ပြန်သတ်သွားသလား အောက်မေ့ရတယ်။ လူယုံ သတ်လို့ သေရတဲ့ အဖြစ်မျိုး ဖြစ်နေတယ်။

၁၉၉၅ခုနှစ်မှာ အစရေးဝန်ကြီးချုပ်ရာဘင် အပစ်ခံရစဉ်က အပျော်တမ်း ဗီဒီယို ႈိက်တဲ့သူတစ်ယောက်က အခင်းဖြစ်ပွားပုံကို အစမှ အဆုံးအထိ ႈိက်ကူးထား တာကို တကွက်ချင်း ပြန်ကြည့်ကြတဲ့အခါ ကိုယ်ရံတော်တွေက မပစ်ခင်မှာ ရာဘင်ရဲ့ နောက်ဘက်မှာ သွားစုလိုက်ကြတာကို ထင်ထင်ရှားရှား တွေ့ရတယ်။ ပစ်မယ့်သူနဲ့ ရာဘင်တို့ ကျားနဲ့ဆင် လယ်ပြင်မှာ တွေ့ကြတဲ့အတိုင်း ရှင်းရှင်းကြီး ဖြစ်သွားတယ်။

အခု ဒိုင်ယာနာစီးမယ့်ကားကို နောက်ဆုံးအချိန်ကျမှ ပြောင်းလဲလိုက်ကြတယ်။ ပြီးတော့ နောက်ကလိုက်မယ့် လုံခြုံရေးလည်း မပါတော့ဘူး။ ရှင်းရှင်းကြီး ဖြစ်နေတယ်။

ဒိုင်ယာနာစီးမယ့်ကားကလည်း အခုမှ ကောက်ခါငင်ခါ ငှားလိုက်တဲ့ကား ဖြစ်နေတယ်။ ဟိုတယ်ကို လာတဲ့ဧည့်သည်တွေကို ဖိမ်ခံကား ငှားရမ်းတဲ့လုပ်ငန်းမှ ငှား ရမ်းလိုက်တာ ဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီကားအငှားလုပ်ငန်းကို ပိုင်ဆိုင်သူက မိုဟာမက် အယ်ဖရက် ဖြစ်နေတယ်။

ဒိုင်ယာနာတို့ တစ်နေ့လုံး သုံးခဲ့တဲ့ မာစီးဒီးကားရဲ့ မော်ဒယ်က ၆၀၀ စီးရီး ဖြစ်ပြီး အခုငှားရမ်းလိုက်တာက အက်စ်–၂၈၀ မော်ဒယ်ဖြစ်ပါတယ်။ ဘာကွာသလဲဆိုတော့ အက်စ်–၂၈၀က ပိုပေါ့တယ်။ ကိုယ်ထည်နဲ့ မှန်သားတွေက ကျည်ကာ မဟုတ်ဘူး။ ပြီးတော့ တံခါးမှန်တွေက နေကာမှန်သားအမည်းတွေ မဟုတ်ဘူး။

၁၂နာရီ ၂၀မိနစ်မှာ ရစ်ဟိုတယ် နောက်ဘက်ကနေ ဒိုင်ယာနာတို့ လိုက်ပါတဲ့ မာစီးဒီးကား စတင်ထွက်ခွာပါတယ်။ ပေါက မောင်းတယ်။ သူ့ဘေးမှာ လေထီးတပ်ရင်းမှာ လုပ်ကိုင်ဖူးတဲ့ သက်စောင့် ကိုယ်ရံတော် ထရီဗာရီ ဂျုံး ပါတယ်။ နောက်ခန်းမှာ ဒိုဒီနဲ့ ဒိုင်ယာနာ တို့ ပါလာကြတယ်။

သက်စောင့်ကိုယ်ရံတော် ထရီဗာရီ ဂျုံးက ထိုင်ခုံခါးပတ်ကို ပတ်လေ့မရှိ ဘူး။ သူ့အလုပ်က အချုပ်ခံထားလို့ မဖြစ်တဲ့အလုပ်၊ ခြေလက်အပါအဝင် တစ်ကိုယ်လုံး

လွတ်လပ်နေဖို့လိုတယ်လို့ ခံယူထားသူ ဖြစ်ပါတယ်။

ပါပါရာဇီတွေ မျက်ခြေပြတ်ဖို့ ကားကို တရကြမ်းမောင်းတယ်။ ပလေ ဒီလာ ကွန်ကော့ဒ်ကို အရောက်မှာ မီးနီမိတာကြောင့် ကားကို ရပ်ပြီး မီးစိမ်းအောင် စောင့်ရတယ်။ အဲဒီအချိန်မှာ မော်တော်ဆိုင်ကယ်နဲ့ လိုက်လာတဲ့ ပါပါရာဇီ ရေမွန်ရက်ဒ်က မီလာပြီး ကားဘေးကို ရောက်လာတယ်။ မော်တော်ဆိုင်ကယ်ဆိုတော့ မီးပွိုင့်မှာ ရပ်ထားတဲ့ ကားတွေကြားကနေ မောင်းလာလို့ ရနေတယ်။

ဟင်နရီပေါက မီးစိမ်းအောင် မစောင့်တော့ဘဲ ကားကို မောင်းထွက်ပစ်လိုက်တယ်။ မာစီးဒီးကားက ဝေါကနဲ ထွက်သွားတယ်။ သူမောင်းတဲ့လမ်းမှာက ဥမင်အတိုကလေးတွေ အစီအရီ ရှိနေတယ်။ ကားက ဝေါကနဲ ဥမင်တိုထဲကို ဆင်းချသွားပြီး ဟိုဘက်ကနေ ပြတ်ထွက်လာတယ်။ နောက်ထပ်ဥမင်တစ်ခုကို ရောက်တယ်။ အဲဒီဥမင်အမည်က ပွန့်ဒီအယ်လမာ Pont de L'Alma ဖြစ်ပါတယ်။

အဲဒီဥမင်ကို အဖြတ်မှာ ကားက ထိန်းမနိုင်သိမ်းမရဖြစ်ပြီး ထောက်တိုင်အမှတ် ၁၃ကို ဝင်တိုက်မိခဲ့ပါတယ်။ နောက်ခန်းမှာ ထိုင်နေကြတဲ့ ဒိုင်ယာနာနဲ့ ဒိုဒီတို့ ပွဲချင်းပြီး သေဆုံးသွားကြတယ်။ ပေါလည်း သေတယ်။ လွတ်တာ တစ်ယောက်ပဲ ရှိတယ်။ ကိုယ်ရံတော် ထရီဗာ–ရီစ်–ဂျုံး ဖြစ်ပါတယ်။ ဒိုင်ယာနာတို့က ထိုင်ခုံခါးပတ် မပတ်ထားကြလို့ အဖြစ်ဆိုးကို ကြုံရတယ်လို့ ပြောကြပါတယ်။

ဒါပေမယ့် ပဟေဠိဖြစ်ရတာက ပွန့်ဒီအယ်လမာက ဒိုဒီရဲ့ တိုက်ခန်းကို သွားတဲ့ လမ်းမှာ မရှိဘူး။ သွားချင်တဲ့နေရာနဲ့ ရောက်သွားတဲ့နေရာတို့က တခြားစီ ဖြစ်နေကြတယ်။

ပါပါရာဇီတွေကို ရှောင်ချင်လို့ လမ်းအမှားက သွားတာလို့ ဆိုရအောင်ကလည်း ဒိုဒီရဲ့ တိုက်ခန်းမှာ ပါပါရာဇီတွေ နေ့ညမပြတ် ကင်းစောင့်နေကြတယ်။ ဘယ်လမ်းက မောင်းမောင်း တိုက်ခန်းရှိရာကို ရောက်တဲ့အခါ သူတို့နဲ့ ပက်ပင်းတိုးမှာပဲ။

ဒိုင်ယာနာရဲ့ နိဂုံးခရီးက လမ်းအမှားရဲ့ ဥမင်မှာ အဆုံးသတ်ခဲ့ပါတယ်။

# ဘလက်အောက်

အင်္ဂလိပ်ဝေါဟာရမှာ ဘလက်အောက် blackout ဆိုတဲ့ စကားလုံးက လျှပ်စစ်မီးလာနေလို့ မီးလင်းနေရာက ဓာတ်အားပြတ်တောက်ပြီး မှောင်ကျသွားတာကို ဆိုလိုပါတယ်။ ဒီဝေါဟာရကို လျှပ်စစ်ကဏ္ဍမှာသာမက အခြားနယ်ပယ်တွေကလည်း ယူသုံးကြတယ်။ ဆက်သွယ်ရေး ု တ်တရက် ပြတ်တောက်သွားရင် ဘလက်အောက် ဖြစ်သွားတယ်လို့ ပြောကြပါတယ်။ သတိလစ်သွားတာကိုလည်း ဘလက်အောက် ဖြစ်သွားတယ်လို့ ပြောကြပါတယ်။ ယာဉ်တိုက်မှု ဖြစ်ပွားပြီးချိန်မှာ ဒိုင်ယာနာ ဘလက်အောက် ဖြစ်သွားတာကို မျက်မြင်သက်သေ ပီတယ်က ပြောပြခဲ့ပါတယ်။

“ဘေးဘက်ကနောက်ကြည့်မှန်မှာ ကားတစ်စီးက ရှေ့မီးကြီး တောက်ပြပြီး လမ်းတောင်းတာကို တွေ့လိုက်တယ်။ ကျွန်တော့် ဆိုင်ကယ်ကို ဘေးဘက်ယာဉ်ကြော ပြောင်းပေးပြီး လမ်းပေးလိုက်တယ်။ ကားက ဝေါကနဲ ကျော်တက်သွားတယ်။ နောက်တော့ နားကွဲမတတ် ဆူဆူညံညံ အသံတွေ ကြားလိုက်ရတယ်။ ယာဉ်တိုက်မှု ဖြစ်တာကို တွေ့ရတယ်။ ကားက လမ်းပေါ်မှာ ချာချာလည်နေတယ်။ ကျွန်တော် ဆိုင်ကယ်ကို ရပ်လိုက်တယ်။ ဥမင်လိုဏ်ခေါင်းကို အစက အဆုံးအထိ မြင်နေရတယ်။ ဘာကားမှ မရှိဘူး။ ဘာ ဆိုင်ကယ်မှ မရှိဘူး။ မာစီးဒီး အမိုးက ပြားနေတယ်။ ညာဘက်ကားတံခါးက ဟတယ်ဆို ု ကလေး ဟနေတယ်။ ကားနားကို ပြေးသွားလိုက်တယ်။ အထဲကို ကြည့်လိုက်တော့ အမျိုးသမီးတစ်ယောက် တွေ့တယ်။ သူက နောက်ခုံမှာ ထိုင်နေရာက လွင့်ပစ်လိုက်သလိုဖြစ်ပြီး ရှေ့ခုံတွေ ကြားမှာ ခေါင်းညပ်ထားပုံရတယ်။”

ပီတယ်က သူ တွေ့ကြုံရသမျှကို ပြန်ပြောပြတယ်။ သူက ခေါင်းကို အသာ အယာယူလိုက်ပြီး လက်တင်ပေါ်မှာ ချပေးလိုက်တယ်။ ဒီတော့မှ ဒိုင်ယာနာမှန်း သူ သိသွားတယ်။ မျက်တောင်တွေ လှုပ်နေပေမယ့် မျက်လုံးမပွင့်ဘူး။ သူဒီမှာ ရောက်နေတာ ၁မိနစ်လောက် ရှိနေပြီလို့ သတိရလိုက်ပြီး ရဲကို ဖုံးဆက်လိုက်တယ်။ ဒိုင်ယာနာ ကား တိုက်လို့ ဆိုပြီးပြောတော့ သူတို့က မယုံကြဘူး။ ရယ်နေကြတယ်။ ဒါနဲ့ နီးရာရဲစခန်းကို ဆိုင်ကယ်နဲ့ အမြန်သွားပြီး လူကိုယ်တိုင် သွားပြောတယ်။

ပီတယ်ခမျာ ပြောခွင့်ရဖို့ စောင့်ရတာ ၂၅မိနစ်လောက် ကြာတယ်။ ပြီးတဲ့အခါ သူ့ကို နောက်ဖက်ကို ခေါ်သွားပြီး လက်ထိပ်ခတ်လိုက်တယ်။

သူက ဒေါသတကြီး ပြောဆိုနေမိတယ်။

“ကျွန်တော်က အချိန်တွေ ဖြုန်းနေလို့ ဒေါပွနေတယ်။ သူတို့က ကားတိုက်မှုကို အရေးတောင် မလုပ်ကြဘူး။”

နောက်တော့ သူ့ကို လက်ထိပ်ခတ်ထားရာက ပြန်လွှတ်ပေးလိုက်ကြတယ်။ တခြား ရဲစခန်းကို ခေါ်သွားတယ်။ ထွက်ဆိုချက်စာရွက်ကို လက်မှတ်ထိုးခိုင်းတယ်။ ပီတယ်က စိတ်အရမ်းဆိုးနေတာကြောင့် ဘာတွေဖော်ပြထားသလဲဆိုတာတောင် မကြည့်

တော့ဘဲ လက်မှတ်ထိုးပေးလိုက်တယ်။

နောက်တစ်လကြာတဲ့အထိ သက်ဆိုင်ရာ ခေါ်ယူမေးမြန်းခြင်း မပြုခဲ့ဘူး။ ဒီတော့ တရားဝင်တိုင်တန်းထွက်ဆိုခွင့်ရအောင် ရှေ့နေငှားပြီး ဆောင်ရွက်ခဲ့ရတယ်။

ရဲတွေက ပေါ့ပေါ့တန်တန်ပဲ လုပ်ခဲ့ကြတယ်။ အခင်းဖြစ်ပွားရာကို ရောက်ရှိလာပြီးချိန်မှာ အပြင်လူတွေ မဝင်ရအောင် ချက်ချင်း ဖဲကြိုးဝါတားတာမျိုး မလုပ်ခဲ့ဘူး။

ပါရီမြို့က လမ်းတွေမှာ ယာဉ်သွားယာဉ်လာကို မှတ်တမ်းတင်ဖို့အတွက် ကင်မရာတွေ တပ်ဆင်ထားကြတယ်။ ရဇ် ဟိုတယ်ကနေ ပွန့် ဒီ အယ်လမာအထိ လမ်းတစ်လျှောက်မှာ စောင့်ကြည့်ကင်မရာ ၁၇လုံး ရှိတယ်။ ဥမင်ထဲမှာလည်း ရှိတယ်။ အဲဒီကင်မရာတွေက ခါတိုင်းလို ပုံမှန် အလုပ်လုပ်နေကြမယ်ဆိုရင် ဖြစ်ပျက်သမျှကို တီဗီဖန်သားပြင်ပေါ်မှာ ပြန်ကြည့်ပြီး ဘာတွေ ဖြစ်ခဲ့သလဲဆိုတာ သိနိုင်ကြမယ်။

ကင်မရာတွေကို လျှပ်စစ်ဓာတ်ပေးထားတာက တစ်လုံးစီ ခွဲပြီးပေးထားတယ်။ တစ်လုံးပျက်ပေမယ့် ကျန်အလုံးတွေဆက်ပြီး အလုပ်လုပ်လို့ရတယ်။ ဒီကင်မရာတွေအတွက် လျှပ်စစ်ဓာတ်ပေးတဲ့စနစ်ကလည်း ရဲလက်ထဲမှာပဲ ရှိတယ်။ ကင်မရာတစ်လုံးက ဥမင်အဝင်ဝကို ချိန်ထားတယ်။ အဲဒီ ကင်မရာသာ အလုပ်လုပ်ခဲ့ရင် ဖီယက်အူနိုကားဖြူကို မှတ်တမ်းတင်ထားနိုင်မှာ ဖြစ်ပါတယ်။ ဖြစ်ချင်တော့ ကင်မရာတွေ အကုန်လုံးကို ပိတ်ထားတယ်။ ဒါမှ မဟုတ်ရင် ဘာကြောင့်မှန်း အကြောင်းပြချက် ရေရေရာရာ မရှိဘဲ ဘလက်အောက် ဖြစ်နေကြတယ်။

ကင်မရာကွန်ရက်စနစ်သာ ပျက်တာမဟုတ်ဘူး။ ရဲတွေရဲ့ ကြိုးမဲ့ဆက်သွယ်ရေးစနစ်လည်း ပြတ်တောက်ခဲ့တယ်။ ပါရီမှာ ရဲတွေ ဆက်သွယ်ပြောဆိုကြတာကို ရေဒီယို တစ်လုံးနဲ့ ထိုင်နားထောင်တဲ့သူတွေ ရှိတယ်။ ရေဒီယို အစီအစဉ်နားထောင်သလိုမျိုး အပျင်းပြေဖို့ ထိုင်နားထောင်ကြတာ ဖြစ်ပါတယ်။

ပွန့် ဒီ အယ်လမာနဲ့ အလှမ်းမဝေးတဲ့နေရာမှာ အီဖယ်တာဝါ ရှိတယ်။ အီဖယ်တာဝါအောက်မှာ အပန်းဖြေတဲ့သူတွေ ထိုင်ဖို့ထားတဲ့ ခုံတန်းရှည်မှာ အင်ဒရီဆိုတဲ့သူက သွားထိုင်ပြီး ရဲရေဒီယိုကို နားထောင်လေ့ရှိသူ ဖြစ်ပါတယ်။

သူက နားထောင်နေတာမှာ ညသန်းခေါင်ကျော် ၁၂နာရီနဲ့ မိနစ်၂၀လောက်မှာ အသံတွေ တိတ်သွားတယ်။ ခြသေ့်မှ လင်းယုန်၊ လင်းယုန်မှ ခြသေ့် ရထား ရထား စတဲ့ ပြောဆိုသံတွေ ခေါ်သံတွေအားလုံး တိတ်ဆိတ်သွားတယ်။ ရဲတွေရဲ့ ဆက်သွယ်ရေးစနစ် ဘလက်အောက် ဖြစ်သွားတယ်။

ပြန်လည်းကောင်းသွားရော ပြောနေဆိုနေသံတွေ ညံနေတော့တာပဲ။ တစ်ခုခုတော့ အကြီးအကျယ် ဖြစ်နေပြီလို့ အင်ဒရီ သိလိုက်တယ်။

ရဲဆက်သွယ်ရေး ဘလက်အောက် စဖြစ်ချိန်မှာ ဒိုင်ယာနာ မသေသေးဘူး။ ပြန်ကောင်းတဲ့အချိန်မှာတော့ အရေးပေါ်ဆေးအဖွဲ့ရဲ့ လက်ထဲမှာ သူရောက်ရှိနေပါပြီ။

၁၀ရက်အတွင်းမှာ ရဲအဖွဲ့က ထုတ်ပြန်ကြေညာချက်တွေ ထုတ်ပြန်ပေးတာ

စာမျက်နှာအားဖြင့် ၃၅၀ ရှိတယ်။ အားလုံးက မတော်တဆယာဉ်တိုက်မှုလို့ ဖော်ပြပေးထားတယ်။

လုပ်ကြံသတ်ဖြတ်မှုကို လုပ်တဲ့အခါ လုပ်ကြံမယ့်အဖွဲ့အပြင် အရေးပေါ်ဆေးအဖွဲ့ကိုပါ ကိုယ့်လူတွေနဲ့ အသင့်စီစဉ်ထားရတယ်။ ပစ်မှတ်က မသေသေးရင် အရေးပေါ်ဆေးအဖွဲ့က အခင်းဖြစ်ပွားရာကို သွားရောက်ပြီး ပစ်မှတ်ကို ကိစတုံးပေးရတယ်။ ယုတိယုတာရှိရှိဖြင့် အဆုံးစီရင်ပေးပြီး လက်စသတ်ပေးရတယ်။

ဒိုင်ယာနာက ဒဏ်ရာရထားတယ်။ ဆေးရုံကို အမြန်ဆုံး ပေးပို့ဖို့ လိုအပ်တယ်။ ပြီးတော့ သူက သာမန်အရပ်သား မဟုတ်ဘူး။ ဒိုင်ယာနာ ဖြစ်နေတယ်။ ပိုလို့တောင် ဂရုစိုက်သင့်တယ်။ ဒါပေမယ့် ဆေးရုံရောက်ဖို့ နှောင့်နှေးကြန့်ကြာခဲ့တာကို တွေ့ရတယ်။

ယာဉ်တိုက်မှု ဖြစ်ပွားပြီး တစ်မိနစ်အတွင်းမှာ ဆရာဝန်ဖြစ်သူ ဒေါက်တာမာလိဇ်ဖရက်ဒရစ်က ဥမင်ထဲကို ကားနဲ့ မောင်းဝင်လာတယ်။ သူနဲ့အတူ မိတ်ဆွေဖြစ်သူ မတ်ဘတ် လည်း ပါတယ်။

ခေါင်းကြေနေတဲ့ မာစီးဒီးကို တွေ့တော့ ဆင်းကြည့်ဖို့ ကားကို ရပ်တယ်။ ကားရဲ့ အရေးပေါ်အချက်ပြမီးဝါတွေကို ဖွင့်ထားခဲ့တယ်။ ကားဆီကို ပြေးသွားပြီးကြည့်တော့ နှစ်ယောက်သေပြီး နှစ်ယောက်ရှင်နေတဲ့ အခြေအနေကို တွေ့တယ်။

သူက ပြင်သစ်အာမခံကုမ္ပဏီဖြစ်တဲ့ SOSMedecinမှာ လုပ်ကိုင်နေတဲ့ ဝါရင့်ဆရာဝန် ၁၆၀ယောက်ထဲက တစ်ယောက် ဖြစ်ပါတယ်။ ဆေးရုံက အရေးပေါ်လို့ ခေါ်ရင် ချက်ချင်းသွားရတဲ့သူလည်း ဖြစ်ပါတယ်။ ဒေါက်တာ မာလိဇ်အနေဖြင့် အရေးပေါ်အခြေအနေတွေမှာ အချိန်ကို လုပြီး လုပ်ကိုင်ဖူးသူ ဖြစ်ပါတယ်။ အချိန်ကို လုနိုင်မှ အရေးပေါ်လူနာရဲ့ အသက်ကို လုနိုင်မှာ ဖြစ်ပါတယ်။ ပြီးတော့သူက SAMUလို့ အမည်ရှိတဲ့ ပြင်သစ်အရေးပေါ်လူနာတင်ကားဝန်ဆောင်မှုလုပ်ငန်းမှာလည်း လုပ်ကိုင်ဖူးတယ်။ သူက အရေးပေါ်လူနာ ရှိနေလို့ ဖုန်းဆက်ခေါ်ရင် ရောက်ရာအရပ်က ချက်ချင်းသွားရတဲ့အခါ ဆေးရုံကို သွားရတာမျိုး ရှိသလို အခုလို ယာဉ်တိုက်မှုမျိုး ဖြစ်ပွားတဲ့နေရာမျိုးကိုလည်း သွားရလေ့ရှိတယ်။ ဒီတော့ သူက ကားပေါ်မှာ လူနာကို အောက်ဆီဂျင်ပေးနိုင်ဖို့အတွက် မျက်နှာဖုံးနဲ့တကွ အောက်ဆီဂျင်အိုးကို ဆောင်ထားတယ်။

ဒါပေမယ့် ဒိုင်ယာနာကို အောက်ဆီဂျင်ပေးပြီး ထိန်းထားတာမျိုး သူမလုပ်ခဲ့ဘူး။ ဒါပေမယ့် အခင်းဖြစ်ပွားရာကို ရောက်ရှိနေကြတဲ့သူတွေနဲ့အတူ ဒိုင်ယာနာကို ကားအပြင်ဆွဲထုတ်ပေးဖို့တော့ လုပ်ကိုင်ခဲ့တယ်။

လူနာတင်ကား ရောက်ရှိချိန်မှာ ဒိုင်ယာနာရဲ့ ခြေထောက်တွေက ကားအပြင်ကို ရောက်နေပြီ။

လူနာတင်ကားမှာ လိုက်ပါလာတဲ့ ဆေးအဖွဲ့က လူနာရဲ့ သွေးအမျိုးအစားကို မသိရတာကြောင့် သွေးသွင်းမပေးခဲ့ဘူးလို့ တစ်ညီတစ်ညွတ်တည်း ထွက်ဆိုခဲ့ကြပါတယ်။ အခင်းဖြစ်ပွားတဲ့ ပွန့် ဒီ အယ်လမာဥမင်နဲ့ ဆေးရုံက ၆ ကီလိုမီတာ ဝေးပါတယ်။

မိုင်အားဖြင့် ၃မိုင်ခွဲ မပြည့်ဘူး။

အချိန်က ညသန်းခေါင်ကျော်။ လူသူကင်းမဲ့နေပြီ။ ကားလမ်းမှာလည်း ကားတွေ မရှိသလောက် ဖြစ်နေပြီ။ ဒါပေမယ့် လူနာတင်ကားက ဥမင်က ထွက်ပြီးချိန်မှာ ဆေးအဖွဲ့ ခေါင်းဆောင်က ယာဉ်မောင်းကို တစ်နာရီ ၂၅မိုင်ထက် ပိုမမောင်းဖို့ အမိန့်ပေးလို့ သတ်မှတ် မိုင်နှုန်းဖြင့် မောင်းခဲ့ရတယ်လို့ ယာဉ်မောင်းက ထွက်ဆိုခဲ့ပါတယ်။

ဒီတော့ ဆေး ုရောက်ဖို့ မိနစ် ၄၀ ဝန်းကျင် ကြာမြင့်ခဲ့တာကို တွေ့ကြရတယ်။

လူနာတင်ကားနောက်ကို လိုက်တဲ့ပါပါရာဇီတွေလည်း ရှိတယ်။ ၃မိုင်ခွဲခရီးမှာ လူနာတင်ကားက ၂ခါတောင် ရပ်တယ်။ ၁ခါက ဆေး ုကိုတောင် မြင်နေရပြီလို့ သူက သူ မည်သူမည်ဝါဆိုတာကို အမည်ထုတ်ဖော်ပြောကြားခြင်းမပြုဘဲ ပြောပြခဲ့တယ်။

လူနာတင်ကားက ဆေး ုကို နံနက် ၂နာရီ ၁၀မိနစ်မှာ ရောက်သွားတယ်။ အခင်းဖြစ်ပွားချိန်က ၁၂နာရီ ၂၅လို့ ခန့်မှန်းထားတော့ ဆေး ုရောက်ဖို့ ၁နာရီ ၄၅မိနစ်တောင် ကြာတယ်။ သွေးထွက်သံယိုဖြစ်နေတဲ့ လူနာတစ်ဦးအဖို့ အလာကောင်း ပေမယ့် အခါနှောင်းချေပြီလို့ ရေရွတ်ရပါလိမ့်မယ်။

## ဈျာပန

ပွဲနံ့ ဒီ အယ်လမာကနေ ဆေး ုကို သယ်သွားတဲ့လမ်းမှာ ရှေးအခါက လခါတ်ဆောင်နတ်သမီး ဒိုင်ယာနာကို ရည်စူးပြီး ယဇ်ပူဇော်တဲ့နေရာ ရှိနေပါတယ်။ အဲဒီမြေပေါ်မှာ နောထရာဒိန်းဘုရားကျောင်းကို တည်ဆောက်ထားပါတယ်။ လူနာတင်ကား ၂ခါရပ်ခဲ့တာမှာ ၁ခါက နောထရာဒိန်းဘုရားကျောင်းအနီးမှာ ဖြစ်နိုင်တယ်လို့ ခန့်မှန်းကြပါတယ်။ သူယာဥ်တိုက်မှု ဖြစ်ပွားတဲ့နေရာကလည်း ရှေးအခါက ယဇ်ပူဇော်တဲ့နေရာ ဖြစ်ပါတယ်။ တကယ့် နာမည်ကြီး နေရာတွေထဲမှာ တစ်ခု အပါအဝင်ဖြစ်ပါတယ်။

နောက်ထပ် ထူးခြားချက်တစ်ခုကိုလည်း တွေ့ခဲ့ကြရပါတယ်။ ဒိုင်ယာနာရဲ့ ကိုယ်ခန္ဓာကို သယ်ယူဖို့အတွက် ချားမင်းသားနဲ့ ဒိုင်ယာနာရဲ့ညီမတို့ ပါရီမြို့ကို လိုက်လာခဲ့ကြပါတယ်။ အင်္ဂလန်ကို ပြန်သယ်တဲ့အခါ ဒိုင်ယာနာကို ဝင်ဆာမိသားစုအဖြစ် သတ်မှတ်လိုက်ပြီး အခေါင်းတလားပေါ်မှာ ဝင်ဆာမိသားစုရဲ့ အလံကို ဖုံးလွှမ်းပေးပါတယ်။ နေရဲ့ သင်္ကေတဖြစ်တဲ့ ခြင်္သေ့ပုံပါတဲ့ အလံဖြစ်ပါတယ်။

ဒိုင်ယာနာရဲ့ အခေါင်းတလားငကေ လန်ဒန်မှ ဟမ်မာစမစ်ရင်ခွဲ ုကို ရောက်လာတယ်။ ဝင်ပေါက်ဝကို အရောက်မှာ အထဲကနေ အခေါင်းတလားတစ်ခုကို ထုတ်လာတာနဲ့ တိုက်ဆိုင်တယ်။ အဲဒီအခေါင်းတလားက ဒိုဒီရဲ့ အခေါင်းတလား ဖြစ်နေတယ်။

ဒိုဒီက မွတ်ဆလင်ဘာသာဝင်ဖြစ်လို့ ဘာသာရေးဓလေ့အရ ၂၄နာရီအတွင်းမှာ မြေမြှုပ်ရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ဒိုင်ယာနာရောက်ရှိလာချိန်ကို အချိန်ကိုက်ပြီး သယ်ထုတ်တာကို တွေ့ကြရတယ်။

ဈျာပနအစီအစဥ် ကျင်းပတဲ့အထဲကို ဒိုင်ယာနာရဲ့ မောင် ပါဝင်လာတယ်။ သူက တောင်အာဖရိကနိုင်ငံကနေ အချိန်မီ ပြန်ရောက်လာခဲ့တာ ဖြစ်ပါတယ်။ သူက ဒိုင်ယာနာဈျာပနအတွက် ကြေကွဲမိန့်ခွန်းကို ပြောပါတယ်။ သူပြောသွားတဲ့အထဲမှာ ဒိုင်ယာနာဆိုတဲ့အမည်က ရှေးတုန်းက မုဆိုးဖြစ်ခဲ့တဲ့ နတ်သမီးရဲ့ အမည်ဆိုတာကို ထည့်ပြောသွားပါတယ်။

ဒိုင်ယာနာကို စပင်ဆာမိသားစုရဲ့ မြုပ်နှံနေကျနေရာမှာ မမြုပ်နှံခဲ့ဘူး။ အယ်ထ ုပ် အိမ်ရာခြံဝန်းထဲက ရေကန်အလယ်မှာတည်ရှိတဲ့ လူလုပ်ထားတဲ့ကျွန်းမှာ မြုပ်နှံခဲ့ပါတယ်။ စပင်ဆာမိသားစုရဲ့ မြုပ်နှံနေကျနေရာမှာ မြုပ်နှံရင် လာကြတဲ့သူတွေ များလွန်းမှာ ဖြစ်ပြီး အနီးမှာ ရှိတဲ့ ရွာကို ဒုက္ခပေးရာရောက်မယ်လို့ အကြောင်းပြပါတယ်။ တကယ်တော့ လူတွေလာရင် ရွာက ဒီလူတွေကို မှီပြီး စီးပွားတက်ဖို့ပဲ ရှိပါတယ်။

အဲဒီရေကန်အလယ်မှာ ကျွန်းကလေး လုပ်ထားတယ်။ ကောင်းကင်ကနေ ငုံ့ကြည့်ရင် စက်ဝိုင်းဆန်ဆန် ရေကန်ကြီးကို တွေ့ရပြီး အလယ်မှာ အစက်ကလေး တစ်စက် ဖြစ်နေတာကိုပါ တွေ့ရမှာ ဖြစ်ပါတယ်။ အဲဒီသင်္ကေတက နေရဲ့ သင်္ကေတ ဖြစ်ပါတယ်။

နောက်ထပ် ထူးဆန်းတာ တစ်ခုကို တင်ပြပြီး မြေကမ္ဘာရဲ့ အကြီးမားဆုံး လျှို့ဝှက်ချက်ကို နိဂုံးချုပ်ပါရစေ။

ဒိုင်ယာနာရဲ့ မောင်ဖြစ်သူ စပင်ဆာက ဈာပနအခမ်းအနားအတွက် စီစဉ်နေတဲ့ ရက်ပိုင်းအတွင်း တစ်ရက်မှာ အိပ်မက်မက်တယ်။ အိပ်မက် ထဲမှာ သူ့ကို မည်သူမည်ဝါမှန်း သူမသိတဲ့ သူက စေခိုင်းတယ်။ ရေကန်မှာ အမည်းရောင် ငန်း ၄ကောင်ထားဖို့ စေခိုင်းခဲ့တယ်။

ညဘက် အိပ်မက်မြင်မက်ခဲ့ပြီး မနက်ဖက်မှာ သူက အိပ်မက်ကို ကောင်းကောင်းကြီးသတိရနေတယ်။ ဒါနဲ့ မန်နေဂျာကိုခေါ်ပြီး ရေကန်မှာ ငန်းမည်း လေးကောင် ထားဖို့ ပြောတော့ မန်နေဂျာက တအံ့တသြနဲ့ မေးတယ်။

“ဆရာက ဘယ်လိုလုပ်ပြီး သိတာလဲ။”

စပင်ဆာက နားမလည်းလို့

“ဘာကို ဆိုလိုတာလဲ။ ဘာကို သိတယ်လို့ ပြောနေတာလဲ။”

မေးတော့ မန်နေဂျာက

“ကျွန်တော်တို့ကို ငန်းမည်းလေးကောင် လာပေးသွားတယ်။”

လို့ ပြန်ပြောပါတယ်။ ။